
www.burmeselassic.com




www.burmeselassic.com

www.burmeselassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ




# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်









## အောင်ခြင်း[၈]ပါး ဂါထာတော်

မာရံ ယက္ခံ ဂဇံ စောရံ၊ စိဥ္စမာနဥ္စ သစ္စကံ၊
နာဂံ ဗကံ ဇိနိ ဇိနော၊ ဟောတု မေ ဇယမင်္ဂလံ။

အနက်

**မာရံ** – မာရ်နတ်သားကို လည်းကောင်း၊ **ယက္ခံ**–အာဠာဝကဘီလူးကို လည်းကောင်း၊ **ဂဇံ**–နာဠာဂီရိ ဆင်ကိုလည်းကောင်း၊ **စောရံ**–အင်္ဂုလိမာလခေါ်ကြ သူခိုး,လူဆိုး, ဓားပြကိုလည်းကောင်း၊ **စိဥ္စမာနဥ္စ**–စိဥ္စမာန ခေါ်ဆိုရသော မိန်းမယုတ်ကိုလည်းကောင်း၊ **သစ္စကံ**–သစ္စက ပရိဗိုဇ်ကိုလည်းကောင်း၊ **နာဂံ**–နန္ဒောပနန္ဒခေါ်ကြ ထင်ရှား နဂါးမင်းကို လည်းကောင်း၊ **ဗကံ**–ဗကဗြဟ္မာမင်းကိုလည်းကောင်း...

**ဇိနော** – မြတ်စွာဘုရားသည်၊ **ဇိနိ** – အောင်မြင်တော်မူခဲ့လေပြီ။ (**တဿတေဇေန** – ထိုအောင်တော်မူငြား မြတ်စွာဘုရား တန်ခိုးတော်အားဖြင့်)၊ **မေ**–အကျွန်ုပ်အား၊ **ဇယမင်္ဂလံ** – အောင်ခြင်းမင်္ဂလာသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ယက္ခံ** = ယက်ခံ | **စိဥ္စမာနဥ္စ** = စိန်စမာနင်စ |
| | **သစ္စကံ** = သစ်စကံ |

လောကီပညာရသစုံမဂ္ဂဇင်း

www.burmeseclassic.com


# နက္ခတ္တကျောင်းခြည်

လောကီပညာရသစုံမဂ္ဂဇင်း

နာယကကြီး

ဒေါက်တာ အောင်မိုင်
M.B.B.S (Ygn)
ဒ-ဘ-ဓ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကေလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ထက်ရည်ဆွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

စာတည်းချုပ်
ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း
မမွှေဒေဝ

နယ်လှည့်အယ်ဒီတာ
အောင်ဇေ(LL.B)၊ကိုစိုးထန်း၊
သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ
* ဦးစံတင့်
(ဓတုနိကာယကောဝိဒ၊ဝိနယဓရ၊ ဓမ္မာစရိယ)
* ဦးသန်းအောင်ရွှေ
[ဓမ္မာစရိယ (မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]

ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar),H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း




လိုက်အတွင်း
လောကနာထဟောဓိသတ္တရုပ်ပွား
တည်ရှိသော စေတီတော်မှာ...
စာ-၄၂


ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(ခ)ဦးကျော်မိုးသိန်း(၀၀၇၃၉)
နက္ခတ္တကျောင်းခြည်မဂ္ဂဇင်းတိုက်၊
၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးရိုက်
ဦးကျော်မင်းစိုး(၀၀၄၅၉)၊ စိုးမေတ္တာပုံနှိပ်တိုက်၊
အမှတ် ၁၇/က၊ ၅၆-လမ်း၊ ၂-ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးဖြန့်ချိရေး
နဝါးစာပေ
ရှမ်းတောင်ကြီး ဖြန့်ချိရေး
မီလျံနာစာပေ (တောင်ကြီး)
ဂင်္ဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၇၆ ၃၄၉ ၇၈၅၊ ၀၉ ၆၆ ၈၀၀၄ ၁၉၂။

ကြော်ငြာတာဝန်ခံ
ယဉ်ကျေးဝေ

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ
အမှတ် ၃၇၇
တန်ဖိုး - ၂၀၀၀ကျပ် (ဖြန့်ချိရေး)
[နှစ်ထောင့်သုံးရာကျပ်]
အုပ်ရေ
၁၀၀၀
ဖုန်း- ၀၉ ၇၇၆၃၄၉၇၈၅၊
၀၉ ၆၆၈၀၀၄၁၉၂။



F.1R September, 2017

www.burmeseclassic.com

www.burmeseclassic.com



ဖြင်း၅စီထောင် ပြေးနေတာန်
ထုလုပ်ထားပြီး
ရွှေချဘုရားပလ္လင်တော်ပေါ်တွင်... ➜ စာ-၉

ဖြင်းမျိုးမြို့နယ် ဦးနောင်းကျွန်း ယာထွန်ရာမှ
မြေမှိုင်မြေခွဲကြားမှ
ထွက်ပေါ်လာသည့် ပလားဖြစ်သည်... ➜ စာ-၁၉



## တွေ့ဆုံခြင်းရောင်ခြည်


ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊
ကျန်းမာပါစေ တိုင်းရင်းဆေးခန်း ဆရာဦးသီဟ
(တဆ-၀၃၉၈၀)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော
အသည်းအဆီဖုံးရောဂါ ကာကွယ်
စောင့်ရှောက်နည်းများ [မြောင်းမြ မောင်ယဉ်တင့်] ၁၈၇


## ပညာပေးရောင်ခြည်


အပျိုကြီးပဲ လုပ်တော့မယ် [ရွှေခြံဝင်းမြင့်နိုင်-ဥပဒေဘွဲ့] ၁၅၉


## လက္ခဏာဗေဒရောင်ခြည်


ဩဇာအာဏာအတွက် အမှတ်အသား
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၃၉
အမေးရှိ၍ အဖြေရှိခဲ့ရပါသည် [ဦးသော်ခင်-ဟာသ်ာတ] ၈၇
ခင်ပွန်းကောင်း ရရှိနိုင်သလား ၁၃၇
လက္ခဏာပဟေဠိ အဖြေညီကြစို့ ၁၈၅
သူ ဘယ်လိုလူနဲ့ အိမ်ထောင်ကျတတ်လဲ [သန်းပညာ] ၂၁၆


## လမ်းညွှန်ရောင်ခြည်


အုံ့ဖွယ်ရုံရွာ ဗုဒ္ဓတစ်ထောင် အရှေ့ကျောက်တောင်(၁)
[ရွှေမှော်ဗြေ မောင်ကြည်သိန်း] ၃၃
ပုပ္ပါးတောင်မှ ပလ္လင်ကုန်းတော် ခုနစ်ဌာန ခရီးစဉ်(၃)
[ဇင်ညိုငယ်] ၄၉
ကံပွင့်လိုလျှင် ထီးပွင့်တန်ကို သွားပါ [အောင်ခိုင်လင်း] ၉၇
မြို့ဧယျာတစ်လွှား ထူးခြားဌာနများ(၂)
[မအောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၁၆၁
ရသေ့ရ ရှေးဟောင်းဆံတော်ရှင် စေတီတော်များသို့
ဘုရားဖူးခရီးစဉ်(ကျိုက္ကမီ) [အောင်စ-LL.B] ၂၀၁


## အထူးကဏ္ဍရောင်ခြည်


ဆင်ကြို့ရွှေဥဘုရား ပရိဝုဏ်မှ စိတ်ဝင်စားဖွယ်ရာများ
[အောင်စ-LL.B] ၉
ပေါ်တော်မူ စွယ်တော်မြတ်နှင့် အံတော်မြတ်
တစ်ပြိုင်တည်း ဖူးစေလို [ဝင်းဝင်းသန်းစိုး-ထက်ပြ၊ ပြည်] ၁၁
အသွင်ထူးခြားသည့် လောကနာထဂူဘုရား [ဇင်ညိုငယ်] ၄၁
သာဝကပရိသတ်လေးပါးအား ဂန္ထဓုရ ဝိပဿနာဓုရ
အလင်းရောင်ထွန်းပြောင်စေသော မိုးအိမ်ရှင် မဟာရင်
ဂိုဏ်းချုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စ
မဟာထေရ်ကြီး(၅) [ခင်ခင်ဝင်း-မော်ရဝတီ] ၈၁
သမိုင်းဝင် နမော်ဘုရားစေတီနှင့်
နမောကျောင်းတိုက်တော်ကြီး [သိန်းဇံဝင်း-ဒီပဲယင်း] ၁၀၅
သူမတူအောင် သမိုင်းတွင်ရစ်သော အလှူရှင်
ဦးနာအောက်၏ ဇာတ်ခုံ အနုပညာလက်ရာများနှင့်
တော့နှုပ်စေတီဘုရား သိမ်တန်ဆောင်းများ(၁)
[သီတာဆန်း-မော်လမြိုင်] ၁၂၀

www.burmeselassic.com


## ကိုယ်ဖျော်ရောင်ခြည်

မေတ္တာသုတ်တော်တန်ခိုးနှင့် ကွင်းစောင့်နတ်ကြီး
ကျွေးလိုက်သော ထမင်းတစ်နပ်
[မောင်အောင်ကျော်–အိမ်မဲ] ၂၀၇

သာသနာက ကာကွယ် ဘာအန္တရာယ်မှမဖြစ်
[ဆရာကြီးမင်းဦးအိမ်–ဝေဒနက္ခတ္တပညာရှင်] ၂၄၁

မကြာခဏ အမျှဝေ ရကြပါစေ [စောမိသွင်–ရန်ကုန်] ၂၆၀

ဘီလူးနှင့် စကားပြောခဲ့ရသော ဘုန်းဘုန်း
[ကိုကိုခန့်ချော–ကသာမြေ] ၂၇၃

ချဉ်းကပ်ဆည်းကပ်ခြင်း အတူတူ
[အောင်လှသန်း–မင်းဘူး] ၂၈၅

## ကျင့်စဉ်ရောင်ခြည်

ဝစီဗုစရိုက် နွတ်ပိတ်ကျင့်စဉ် [သုခစုစံ–ကျိုက်လတ်] ၅၂

သုံးဆယ့်တစ်ဘုံ ဝေနေယျ အမျှရကြပါစေ(၂)
[အုံကြွယ်] ၆၅

ငွေကြေးများ စည်ပင်ဝပြောစေမည့်
ငွေကြေးစည်အဆောင် နည်းလမ်းကျင့်စဉ်
[ပိုရှယ်မေ–အင်ငါးခွ၊ သကြားစက်] ၁၄၂

တန်သင်းများပင် ကျိန်လေတော့သည်
[မောင်ကံ–ထံတားရှာ] ၁၆၉

အခက်အခဲ အကျပ်အတည်းမှန်သမျှ
ဂ္ဂုသုတ်ဖြင့် အစိဋ္ဌာန်ဝင်သော် [မောင်ဗဟိန်း–အင်းတော်] ၁၇၆

## အစီအရင်ရောင်ခြည်

သေးရန်ကင်းကွာ ကောင်းကျိုးလိုရာ ပြည့်ဝစေနိုင်သော
အရယ်လက်ဖွဲ့အဆောင် စီရင်နည်း [အေးရွှေ–ဖီးကုန်း] ၇၁

မင်းချစ်ဖို့ [သန်းခေါင်–ပညာရေး] ၁၃၃

မာတင်အစီအရင်အကြောင်း သိကောင်းစရာ
[မြင့်သန်း–သန်လျင်] ၁၆၇

လာဘ်လာဘ အထူးရွှင်လန်းစေသော
ပဋ္ဌာန်းငွေအိုး အစီအရင် [ဦးကိုဦး] ၂၄၀

## အထွေရပ်ရောင်ခြည်

သွပ်ဖမ်းဝိဇ္ဇာ အပိုင်း(၅) [ဦးမင်းဇင်–ရွှေနဝင်း] ၁၁၆

ဘင်ပြာထွက်ရပ်ပေါက် အာယုဒီဃလမ်း
[နေမင်းသူရိယ] ၁၃၅

ဗိဗ္ဗသောတ ဓာတ်လုံးလမ်း
[ပညာစက္ကု မင်းလက်ယာအောင်] ၁၄၀

လက်တွေ့ အဂ္ဂိရတ်လုပ်ရတ်(၃)
[နတ်မျက်စိ–ခမောက်ကြီးမြို့] ၁၄၉

ငြိမ်းမီးနေ ငွေမြဖြစ် [စန္ဒာသိရိရသေ့] ၁၇၅







ဓူယ်တော်မြတ်နှင့် အံတော်မြတ်
ကိန်းဝပ်သော ပုလင်းတော်အတွင်းမှ နံ့သာရည်သည်
အတက်အကျ ရှိသလို အရောင်လည်း ပြောင်းလဲတတ်ကြောင်း... ၈၁–၁

ကံပွင့်လိုပါက
ထီးပွင့်ကန်သို့ အရောက်သွားပါ
ဟူသော စကားကြောင့်... ၈၁–၄





www.burmeselassic.com

www.burmeselassic.com




သူပတွင်အောင် သပိုင်းတွင်ရစ်သော
အလှူရှင်ဦးနာအောက်၏
ကျောင်းရုပ်တုကို... စာ-၁၂၆

ဒီမရည်းရွက်
ငွေမှဲ့ဆေးပယ်ခဲ့ကာ ဝယ့်ထိပါး
ကတ်ထုံးမျှ အိမ်ပြောက်ဖျည်းရှမှဲ့... စာ-၁၇

## ✱ ဂါထာမန္တန်ရောင်ခြည် ✱


မျက်စိနာ မျက်စိကျိန်း ရောဂါများအတွက် ဂါထာတစ်ပုဒ်
[ဦးမြင့်ဆွေ-မြကန်သာ] ၂၃

ကိုယ်တွေ့ ကိုယ်ပျောက်ဂါထာ
[မောင်ခင်သက်လှိုင်-လယ်ဝေး] ၄၆

မှန်တန့်စွာ သိရှိနိုင်ကြစေရန် ဂါထာမန္တန်နှင့် အစီအမံ
[ မိုလ်မင်း-မင်းလှ] ၂၆၇

မဟာဗွိဗိဇ္ဇာမိုရ်ရဲ့ ဘကြီးသာပေးတဲ့ ရွာဝင်ရွာထွက်
ဂါထာတော်နှင့် အခြားဂါထာတော်များ
[ကောင်းမြင့်မြတ်စိန်] ၂၇၇


## ✱ ဆေးနည်းတို့ရောင်ခြည် ✱


ဘဖွေးကြီးရဲ့ ဖဝါးနာ,ဖနောင့်နာ ပျောက်တဲ့လိမ်းဆေး
[ဆရာမြတ်-စစ်ကိုင်း] ၁၀၁

ရေနီတောင်ဗိုလ်ဆရာတော် ဦးပဏ္ဍဝ၏
သည်းခြေပေါင်းစုံ အဆိပ်ဖြေဆေး [ခွန်စိုင်းဝမ်း] ၁၈၂

အကြောလိမ်းဆေး [ကောင်းမြတ်ထွန်း-ဟသ်ာတ] ၂၂၃

ဖူးနာနေသလား ဒီနည်းလေး သုံးကြည့်ပါ
[မောင်အေးကြူ-စီးပွားရေး] ၂၇၂


## ◆ ဆေးဗေဒရောင်ခြည် ◆


ကျောက်တပ်ရောဂါအတွက် ဆေးတစ်လက်
[ပန်းတနော် နောင်လတ်] ၄၅

ဆေးနက်ကျော် ဆေးတော် [ဗုတိကွ-ဟသ်ာတ] ၉၄

မီးယပ်သွေးဆုံး မအောင်သူများအတွက် ဆေးတစ်လက်
[သာဂဒွး-ကသာမြေ] ၁၅၂


## ✱ ဂမ္ဘီရပညာရောင်ခြည် ✱


တောက်ရတဲ့ထန္တေ အမှုပွေ
[အောင်ချစ်ကြည်-ကြို့ပင်ကောက်] ၂၉၇

ဂမ္ဘီရဆန်လှသည့် ပန်းချီကားလား [လင်းနီတာ] ၃၀၁


## ✿ စိတ်စွမ်းအင်ရောင်ခြည် ✿


စိတ်ဆောင်တိုင်းလျှင် ရောက်ပါသည် [ချမ်းသာ] ၂၆၅


## ▲ ထူးခြားသစ်ပင်ရောင်ခြည် ▲


အဆိပ်ပြေပြီး စီးပွားလာဘ်ရွှင် သိဒ္ဓိဝင်သည့် ဝမုန်းစေတီ
[ဆရာဦးသီဟ-တိုင်းရင်းဆေး
ကျန်းမာပါစေတိုင်းရင်းဆေးကုခန်း] ၈၉

www.burmeselassic.com


## ❁ ဗဟုသုတရောင်ခြည် ❁

သူ့အရပ်၊ သူ့ဒေသနှင့် ဓလေ့ဆန်းများ
[ဆရာကြီးဦးမင်းဖြူ ပြောပြသော မှတ်သားဖွယ်ရာများ]
[အေးချမ်းအောင်–ရမည်းသင်း] ၁၉၈

မိုးချုပ်နေဝင် သားစိမ်းငါးစိမ်း သယ်လိုလျှင်
[အေးချမ်းမော်–မင်းလှ] ၂၁၁

## † ထူးခြားပစ္စည်းရောင်ခြည် †

မြင်းမူမြို့မှ ဆေးဖက်ဝင်ရှားပါးပစ္စည်းများ [စံထွန်းသာ] ၁၇

ဖုံ့ဖြူဖွယ် ရေပေါ်ကျောက်စမ်းနှင့် ထူးခြားသော ဝါးနဂါး
[တင်တင်–အဝေးသင်] ၉၁

ထူးခြားသော ရှေးဟောင်းကြေးရုပ်တုများ သိရှိသူ
ပညာရှင်သုတေသီများမှ ဖော်ထုတ်ရေးသားပေးကြပါရန်
[ရှေးဟောင်း သုတေသီ] ၁၄၅

## ⊶ ကိုယ်ခံပညာရောင်ခြည် ⊷

သိုင်းပညာရှင် ဆရာကြီးမင်းယက္ခ(တိုက်ပွဲဝင်သိုင်း)၏
ဘဝအတွေ့အကြုံများ(ဒုတိယပိုင်း) (၁၁)
[ဆရာကြီးမင်းယက္ခ–တိုက်ပွဲဝင်] ၁၉၃

## ▲ ကုထုံးရောင်ခြည် ▲

ဆေးမြင်းခွာ၊ နှမ်းကြီးဆီနှင့် အရိုးကျိုးပေါင်း
ရောဂါကုထုံး [ကိုတင်–မဒေါက်] ၁၁၃

အညောင်းသမားများအတွက် အကြောပြင်နည်းတစ်ကွက်
[စောသိင်းလ] ၁၃၉

## ✳ အမျိုးသမီးအလှရောင်ခြည် ✳

တင်ပွန်းချဉ်ညွှန့် ဆူးတွတ်လွယ်ကူ ပေါ်စိမ့်ဟူသား
[ဆရာ သညာမှူး] ၃၀

## ○ သုတေသနရောင်ခြည် ○

စိတ်ဝင်စားဖွယ်ကောင်းသော တိုးမြဲလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့] ၁၅၇

## ❂ ဖြစ်ချင်းပြီးဆေးပင်ဆေးမြစ်ရောင်ခြည် ❂

နှီချောင်းပိတ်ရောဂါနှင့် ရွှေဖရုံသီးအညှာ
[ကိုထွန်း–မင်းလှ] ၁၅၅

ဦးပဥ္စင်း ဦးလာဘပြောသော အမျိုးသားတို့အတွက်
ရဲယိုရွက်ဆေးနည်း [မင်းရဲထွန်းမြင့်–မြစ်သား] ၁၉၁

## ⊠ တိရစ္ဆာန်ရောင်ခြည် ⊠

တွဲနွား ပန်းပေါက်အနာ [ငွေသိန်း–တိ/ဆေး/က] ၂၀၀

တွဲနွားပျောက် နေ့အလိုက် တည်ရှိရာ အပေါနှင့်
အစီအရင်ပြုလုပ်နည်း [ညိုမင်းထက်–မြန်မာစာ၊ မော်လှူ] ၂၀၅







ထွက်ရပ်ရသေ့ရှင်ကြီးများ တည်ရှိရာ
ခြင်္သေ့(၃၀)ခေတ်နှင့်
ထောင်ထောင်အား ဂျဲဒို ● တ–၁၆၁

[illegible]
[illegible]
[illegible] ● တ–၂၉




www.burmeselassic.com

www.burmeseclassic.com



ဤကဲ့သို့ သပိတ်လွယ် ယပ်ထမ်း တောင်ဝှေး ကိုင်သော ပုံဖြင့် အပူဇော် ခံသော ဆရာတော် ပုံမှာ...

☛ စာ-၇၃



ဆင်ဘိုး စေတီ မှ အရိယာဝံသ ဘိုးဘိုးကြီး ကို ဤသို့...

☛ စာ-၆၃



ဤ ဂမုန်း စေတီ ထားသည့် ဘိုး၏ ပတ်ဝန်းကျင် တွင် မြွေ,ကင်း စသည်တို့ကို...

☛ စာ-၉၀


**ကြည်ညိုခြင်းရောင်ခြည်**

ရသေ့ပုံဟူနှင့် နန်းစဉ် ကိုးကွယ်ခဲ့သော ဘုရားတစ်ဆူ
[လွယ်ကောင်းအောင်] ၁၇၇

**အောင်မြေရောင်ခြည်**

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိခိုးပူဇော် ဂါထာတော်များ(၁၅)[ဆင်ဘိုးလေးဆူ]
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၅၇

**ထီဗေဒရောင်ခြည်**

ထီကံပွင့်ဆုတောင်းပြည့် အစီအရင် [သန်းခေါင်-ပညာရေး] ၁၅၃
၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင်
ထီဆုကြီးများ ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၂၀၆
၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ထီထိုးလိုက ရွေးချယ်ပါ
ဤဂဏန်း [ဆရာရဲထက်-သုတေသီ] ၁၉၀

**စိုက်ပျိုးရေးရောင်ခြည်**

သနပ်ခါးခြံမှ သိရှိခဲ့ရသော ဗဟုသုတများ
[မင်းကျော်ဇံ-ဂန္ဓီရတောင်တန်း] ၁၂၉

**ဗိဇ္ဇာဓရရောင်ခြည်**

ကိုယ်တွေ့ကြုံလို့ ယုံရသည်(၁၀) [နှင်းပုလဲသွေ] ၂၃၁
တျောက်ဂူတောင် မှော်ဂူဖြစ်ရပ်ဆန်း(၁)
[ကနက်သီရိ ဆရာအုန်းရွှေ] ၂၃၃

**အောင်မြင်ကျန်းမာရေးရောင်ခြည်**

ပေဒါကတ်ပေါင်းအောင်မြေမှ အောင်မြင်ရေးကျင့်စဉ်များ
[ဆရာကြီးဦးအောင်မြိုင်-ဥပဒေဘွဲ့] ၇၇
ရိုးသားကြိုးစားသော ရဟန်းတော်လေးတစ်ပါးရဲ့
ထူးခြားဆန်းပြား ကိုယ်တွေ့ဖြစ်ရပ်များနှင့်
တရားအောင်မြင်ရေးနည်းလမ်းများ(၃)
[ကောင်းမြင့်မြတ်စိန်] ၂၂၅

**အင်းစမရောင်ခြည်**

အလိုတော်ပြည့်အင်း [ကောင်းမြတ်ထွန်း-ဟာသံဝတ] ၁၇၃
ဂဏန်းဆယ်ခု သင့်ညူ [ဆရာတီထိ-ရန်မျိုးအောင်] ၂၇၅

**ပုဂ္ဂိုလ်ထူးရောင်ခြည်**

မြစ်သားသိမ်တော်ကျောင်း ဆရာတော် ဦးသံဝရဗုဒ္ဓိအား
ဂါရဝပြု ပူဇော်မှုခရီးစဉ်(၁) [သံသရာခရီးသည်] ၂၉
ကျောက်တံခါးမြို့ မန္တမာရုံကျောင်းမှ ဆုထူးပန်
ဆရာတော် ဦးတေဇ(၄) [ထက်မင်းကျော်စွာ] ၇၃




www.burmeseclassic.com

www.burmeselassic.com

## ❖ ထူးခြားဆန်းကြယ်ရောင်ခြည် ❖

ဗီတ်စာတွေ့ရင် ပြောကြပါ [သီလ–ရေတံခွန်ဓဲတောင်] ၂၀၉
ကျွန်ုပ်နှင့် ထူးဆန်းသော ဓားတစ်လုံး
[တင်အောင်မိုး–သစ်အုပ်] ၂၃၇
သချိုင်းမြေပွဲမှ ထူးထူးခြားခြား ပရလောကသားများ
[မြလွင်အောင်–မင်းဘူး] ၂၈၉
မိန်းကလေး လေးယောက်၊ အရိုပ်ငါးရိုပ်၊
သကြိန်တစ်ညနှင့် အရိပ်တစ္ဆေ [ချို–အမရပူရ] ၂၉၄

## ❑ အမေးအဖြေရောင်ခြည် ❑

ပယောဂ ဆိုတာ ရှိပါသည်၊ သို့သော် ဖယ်ရှားနိုင်ပါသည်
[အဖြူရင့်–ပခုက္ကူ] ၃၀၃

## ✂ နေ့စဉ်သုံး အဖယ်ညွှန်ရောင်ခြည် ✂

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအတွက်
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းဇီ] ၁၁၈
၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအတွင်း
လာဘ်လာဘ ရွှင်လန်းကြပါစေ [ထက်မင်းကျော်စွာ] ၁၈၄
၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်စဉ်] ၂၁၄
၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအတွက်
နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစံ–ကျိုက်လတ်] ၂၅၆

## ✲ မြန်မာ့ရိုးရာပညာရောင်ခြည် ✲

ယခုနှစ်အတွက် သင့်တွင် စုတ်လာဘ် ရှိမရှိ
လက်တွေ့တွက်နည်း [ကောင်းခန့်–သခွတ်မြေ၊ ဝက်လက်] ၁၃၂

## ◆ ကျန်းမာရေး ဆောင်းပါးရောင်ခြည် ◆

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဆေးသုတေသီ] ၃၀၅

## ● ဝတ္ထုတိုများရောင်ခြည် ●


ယနေ့တိုင် မမေ့နိုင်သော ထူးပါမေ့ ထိုတစ္ဆေ
[ဦးအေးရွှေ–ကနောင်] ၂၂၀
ရုတ္တရိုး ဂုဏ်ခံရသောသူ [မေသစ္စာရှင်–ဘုတလင်] ၂၄၇
တွင်းပိုင်ကြီး လုပ်ထားတယ် [ချစ်ဆိုင်] ၂၄၉
အမှုဝေမှ ဝိုရသူ [သွန်းနေနီ] ၂၈၁
အိမ်အထိ လိုက်ပို့သော ပရလောကသား
[ယောနသန်–ဂန့်ဂေါ] ၂၈၇
တားလို့မြင့် မနေရက်ပါ [ဝမ်း–စက်မှုတက္ကသိုလ်] ၂၉၂



မင်းမရေ
ကုန်းတော်
ဟားပါးစပ်
သဏ္ဍာန်
စေနေ
ထောင့်မှ
မြင်ကွင်းကို...
စာ–၅၁



ရေနံ
တောင်ဗီလာ
ဆရာတော်
ဦးပဏ္ဍိစ
၏
သည်းခြေ
ပေါင်းစုံ
အဆိပ်ပြေ
ဆေးတောင့်
ဖြစ်သည်...
စာ–၁၈၂



ဒီရှေးဟောင်းပစ္စည်းတွေက
ထိုင်း–မြန်မာ နယ်စပ် သောင်ရင်းမြစ်ထဲမှာ
ရေချိုးဆင်းရင်း တွေ့ခဲ့ရတာပါ... စာ–



www.burmeselassic.com

www.burmeselassic.com

# ဆင်ကြို့ရွှေဂူဘုရား ပရိဝုဏ်မှ

## စိတ်ဝင်စားဖွယ်ရာများ

အောင်ဇေ (LL,B)



ထူးခြားသော ရှေးဟောင်း ရွှေဘုရားပလ္လင်တော်

ရေစကြိုမြို့ ဆင်ကြို့ရွာရှိ လိုဓာရ သရက္ခန် ရွှေဂူ မြတ်စွာဘုရားကို (၂၁-၃-၂၀၁၇)တွင် ကျွန်ုပ်တို့ မိသားစု ရောက်ရှိပြီး ဘုရားဖူးပြီး နောက် အကျိုးဆောင် အမျိုးသားကြီး တစ်ဦးက ထိုဘုရားပရိဝုဏ်ရှိ အဆောက်အအုံ တစ်ခုအတွင်း ခေတ် အဆက်ဆက် သိမ်းဆည်းထားသည့် ပစ္စည်းများကို လိုက်လံပြသပေးပါ သည်။

**ပထမဆုံး တွေ့မြင်ရသည်မှာ** သစ်သားစည်ရှည်ကြီးများ ဖြစ်သည်။ **"စည်တော်ကြီး၊ စည်တော်လတ်၊ စည်တော်ငယ်"** ဟူ၍ စာတန်းဖြူများ ရေးထိုးထားသည်။

**ဒုတိယ ကြည့်မြင်ခဲ့ရသော ပစ္စည်း** မှာ ရွှေသမင်ဦးချိုများဖြင့် ပြုလုပ်ထား သည့် ထိုင်ခုံဖြစ်သည်။ လက်ရာ မြောက်သော ပန်းပုလက်ရာပင် ဖြစ်ပါ သည်။


**တတိယအနေဖြင့်** ရှေးခေတ် လက်ရာဟု ယူဆရသော ဘုရားပလ္လင် ဖြစ်ပါသည်။ ပလ္လင်ပေါ်တွင် ဗုဒ္ဓရုပ် ပွားတော်တစ်ဆူ ပူဇော်ခံထားသည်။ ပလ္လင်အောက် ကပ်လျက်မှာ မြင်း(၂) ကောင် ပြေးနေဟန် ထုလုပ်ထားသည် မှာ လက်ရာ မြောက်လွန်းလှပါသည်။

ထိုအောက်တွင် ရွှေပိန်းချ လှေကား ထစ်များပုံရှိပြီး အောက်ဆုံးမှာ မည် သည့်သတ္တဝါဟု ကျွန်ုပ် မခွဲခြားတတ် သော သတ္တဝါ(၂)ကောင် ရုပ်တုရှိ သည်။ ထို သတ္တဝါ(၂)ကောင်ကြား တွင် ပန်းပုရုပ်ကြွများရှိသည်။


**စတုတ္ထအနေဖြင့် ကြည့်မြင်ခဲ့ရ သည့် ပစ္စည်းမှာ** ရှေးခေတ်နန်းတွင်းသုံး ကြေးတော်အုပ်များ ဖြစ်ကြသည်။ ရှင်ဘုရင် မိဖုရား၊ မင်းညီမင်းသားတို့၏ ရေတော်တည်ပုံ(ထမင်းစားသောက်)ကို စိတ်ကူးနှင့် တွေးမြင်ခွင့် ရရှိစေပါ သည်။

**ပဉ္စမ ကြည့်မြင်ခဲ့ရသည့် ပစ္စည်းမှာ** ရှေးနန်းတွင်းသုံး ကွမ်းတောင်/ကွမ်း

www.burmeseclassic.com



◆ သစ်သားစည်တော်ကြီးများ



ရှေးသမင်ဦးချိုများနှင့် ပြုလုပ်ထားသည့် ထိုင်ခုံ ◆

အစ်ကြီး)ဟု ယူဆရပါသည်။

ဘုရင်နှင့် မင်းညီမင်းသားများ ကွမ်းစားရာတွင်ပင် မည်မျှခမ်းနားကြောင်းကိုလည်း စိတ်ကူးနှင့် တွေ့မြင် အထင်ကြီးမိပါသေးသည်။

**နောက်ဆုံး၊ ကြည့်မြင်ခဲ့ရသော ပစ္စည်းမှာ** ရှေးအခါက လူအများ စုပေါင်း ထမင်းဟင်းထည့်၍ စားသောက်ကြသော **ဒေါင်းလန်းကြီးပင်** ဖြစ်၏။

'ဒေါင်းလန်းကြီးရဲ့အလယ်... ညီညွတ်ရေးနဲ့... အသက်ရှည်ရှည်... ခင်ခင်မင်မင်... လက်ရည်တစ်ပြင်တည်း...

ရှေးကထက် ပိုချစ်ကြတယ်'

ဟူသော သီချင်းတစ်ပိုဒ်ကိုပင် ချက်ချင်း သတိရမိလိုက်ပါသေးသည်။

မမြင်ဘူးသည်များကို တွေ့မြင်ခွင့်ရခဲ့၍ ဗဟုသုတ ပွားခဲ့ရပါသည်။ ကျေးဇူးလည်း တင်ပါသည်။ ဘုရားဖူးရင်း ဗဟုသုတထူးခဲ့ရခြင်းပေတည်း။

စာဖတ်သူများ ဆင်ကြို့ရွာ ဘုရားသွားဖူးလျှင် ထိုစိတ်ဝင်စားဖွယ်ပစ္စည်းများကိုပါ ကြည့်ရှုလေ့လာကြပါရန် တိုက်တွန်းအပ်ပါသည်။

**စေတနာမှန်လျှင် ကံကောင်းမည်။**

**အောင်ဇေ(LL.B)**



◆ ရှေးခေတ်ဘုရင်များ အသုံးအဆောင် ကွမ်းတောင်ကြီး(ကွမ်းအစ်)



◆ ရှေးဘုရင်များ အသုံးအဆောင် ပွဲတော်အုပ်များ



◆ ရှေးခေတ်အသုံးအဆောင် လူများ စုပေါင်းထမင်းစားသောက်သည့် ဒေါင်းလန်းကြီး



www.burmeseclassic.com


www.burmeselassic.com


ပေါ်တော်မူ

# ရှယ်တော်ပြွတ်နှင့် အံတော်ပြွတ်

တစ်ပြိုင်တည်း ဖူးစေလို

ဝင်းဝင်းသန်းရီ
ထက်မြ-မြည်






◆ မြေကြီးအတွင်း ရှယ်တော်ပြွတ် ပုလင်းပိတ်ထားသော ကျောက်တုံး၊ ရှယ်တော်ပြွတ်နှင့် အံတော်ပြွတ်တို့ ထည့်သွင်း ပူဇော်ထားသော နံ့သာရည်ပုလင်း ◆

ပြည်မြို့နယ် အထက(ခွဲ) လက်ပံသူကျောင်း အထက်တန်းပြ ဆရာမ (၆)ဦး၏ နေ့လည်စာ ထမင်းဝိုင်း လေးသည် စည်ကားပြည့်စုံလှပါသည်။ ဆရာမတစ်ဦးလျှင် ဟင်း(၂) မျိုးစီ၊ (၆)ဦးဆိုတော့ အနည်းဆုံး ဟင်း(၁၂)မျိုးပေါ့။ တစ်ခါတစ်ရံ အဲဒီ့ထက် ပိုပါသေးသည်။

ခင်ရာဆွေမျိုး မြိန်ရာဟင်း ကောင်း ဆိုတိုသကဲ့သို့ ခင်ခင်မင်မင် ညီမရင်းများသဖွယ် စည်းလုံးလှပြီး နေ့လယ်(၁၂း၀၀)နာရီ ထိုးတာနှင့် တစ်ပြိုင်တည်း ချယ်ရီဦးဟု အရေး ပြုတွင်သော အချိန်ကို လေးစား၊

www.burmeseclassic.com





◆ ပြည်တက္ကသိုလ်ကျောင်းသားလေးတစ်ဦး ဖုန်းဖြင့် ရိုက်ကူးထားပုံ

◆ စွယ်တော်မြတ်နှင့်အတူ တွေ့ရှိရာ ဗုဒ္ဓရုပ်ပွားတော်

တိကျ စနစ်ကြီးသော ဒေါ်မိုင်မှ နေ့လယ်စာ စားရန် စတင်နှိုးဆော် ပြင်ဆင်ပါတော့သည်။

ဟင်းမျိုးစုံလင်စွာဖြင့် ထမင်းလက်စုံ၊ ဟင်းလက်စုံ၊ စကားလက်စုံ၊ ပြောကြရင်း မြိန်ရှက်စွာ စားသောက်လေ့ရှိပါသည်။

ဆိုးသော တပည့်လေးများအတွက် အချင်းချင်း တိုင်ပင်ဆွေးနွေးကြသလို တော်သော၊ လိမ္မာသော ကလေးများအကြောင်း၊ သူငယ်ချင်း ဆရာမများအကြောင်း ရပ်ကြောင်းရွာကြောင်း ရောက်တတ်ရာရာ ပြောကြရင်း ဆရာမ ဒေါ်မြင့်မြင့်စန်းမှ…

'ပေါ်တော်မူစွယ်တော်မြတ် ကုန်းသာရွာတွင် ရှိကြောင်း ဖူးကြမလား'

ဆိုပြီး တွေ့ရှိပုံနှင့် ဘုရားသမိုင်းကို ပြည့်ပြည့်စုံစုံ ပြောပြပါတော့သည်။

ဆရာမ စကားဆုံးသည်နှင့် အားလုံးက ဖူးချင်ကြောင်း **"ဘယ်မှာလဲ၊ ဘယ်နေ့သွားကြမလဲ၊ ဘယ်လိုသွားကြမလဲ"** စသည်ဖြင့် မေးခွန်းများစွာ တစ်ယောက်တစ်မျိုး ထမေးကြပါတော့သည်။

ဖူးတွေ့လိုချင်စိတ် များလည်း ကိုယ်စီ တဖွားဖွား ဖြစ်ပေါ်နေကြပါသည်။ ကျောင်းတာဝန်များ၊ စာမေးပွဲကိစ္စများနှင့် မအားကြပါသဖြင့် ချက်ချင်း သွားရောက် မဖူးမြော်နိုင်ကြ၊ ပို့သည့်သူကလည်း မပို့နိုင်သေး၍ ဖြစ်ပါသည်။

ဤသို့နှင့် (၂၀၁၅ ခုနှစ်) ကထိန်ပွဲရာသီချိန်တွင် လက်ပံလှ၊ ထ(ခွဲ)၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော ကထိန်အလှူပွဲကို ပိန်းတောရွာသို့ သွားရောက် ကထိန်ခင်းဖြစ်ကြပါသည်။

ရေငတ်သူ ရေတွင်းထဲကျဆိုသလိုမျိုး ကျွန်မတို့ အလွန်ဖူးတွေ့ချင်နေသော စွယ်တော်မြတ်မှာ ထိုပိန်းတောရွာ၏ အရှေ့ဘက် ကုန်းသာရွာတွင် တည်ရှိကြောင်း၊ ဖူးမြော်ကြရတော့မည်ဖြစ်ကြောင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါသည်။

ရွာခံဆရာမ ဒေါ်ခင်ဌေးကြ... လည်း ဆရာမများ ကထိန်ပွဲ ပြီး... ပြီးချင်း ဖူးမြော်နိုင်ပါရန် အ... အရာရာသူ ကြိုတင်စီစဉ်ထား... ဖြစ်ကြောင်း…

ထို စွယ်တော်မြတ်တည်... စွယ်တော်တိုက်မှာ ဂေါပကလူ... (၄)ဦးစုံမှသာ ဖွင့်၍ ဖူးမြော်... ရကြောင်းပါ ထပ်ဆင့် သိခဲ့... သည်။


ထို ဂေါပလူကြီးမင်းများကိုလည်း... ကထိန်နေ့တွင် နေ့လယ်(၁)... အရောက် ပင့်ဖိတ်ထားမည်... ကြောင်း ဆရာမမှ စီစဉ် စရာရှိ... များကို ကြိုတင်စီစဉ်ပါတော့သ...

ကထိန်ပွဲကြီးကို စည်ကား... မြိုက်စွာ ဆင်နွှဲပြီးစီးချိန်တွင် ကျော... အုပ်ဆရာမကြီးနှင့်တကွ ဆ... ဆရာမများအားလုံး စွယ်တော်... ရှိရာ ကုန်းသာရွာသို့ စိတ်... ပျော်ရွှင်စွာ ချီတက်သွားကြပါ...




www.burmeseclassic.com

www.burmeseclassic.com



▲ စွယ်တော်မြတ် ကျောက်စာတိုင်



▲ စွယ်တော်မြတ် တွေ့ရှိရာ ရေတွင်း

သည်။

ရောက်ရောက်ချင်း အားပါးတရ ...မြော်ကြရပါသည်။ **စွယ်တော်မြတ်ကို ဖန်ပုလင်းငယ်အတွင်း ...တ်တို့ ဖန်ဆင်းအပ်သော နံ့သာ...ည်ထဲတွင် ပူဇော်ထားရှိပြီး ...ပုလင်းကို အံတော်မြတ်ဖြင့် ...ပုလင်းအဝ ကွက်တိ ပိတ်ဆို့ထား ...ပါသည်။**

ထိုပုလင်းတွင်းမှ နံ့သာရည်သည် ...တက်အကျ ရှိသလို အရောင်လည်း ...ပြောင်းတတ်ကြောင်း ကြည်ညိုဖွယ် ...မ်း သိရှိခဲ့ရပါသည်။

ထိုစွယ်တော်မြတ် တူးဖော်ရရှိရာ နေရာ ...ဖြစ်သည့် ရေတွင်းမှ ရေတက်လျှင် ပုလင်း ...တွင်းမှ နံ့သာရည်လည်း တက်ပြီး ရေကျ ...လျှင် နံ့သာရည်လည်း ကျတတ်ကြောင်း ရေတွင်းမှ ရေနှင့် ဆက်စပ်မှုရှိကြောင်းနှင့် ထိုရေတွင်းမှ ရေများသည်လည်း ဆေးဖြစ်ကြောင်း ဂေါပက လူကြီးများဖြစ်သော ဦးဘိုးနီ၊ ဦးတင်ဝင်းတို့မှ ဦးဆောင်ရှင်းပြပါသည်။

ဒူးနာ၊ ခါးနာ၊ မျက်စိနာများအတွက် လိမ်းကျံ မျက်စဉ်းခတ်ခြင်းဖြင့် သက်သာ ပျောက်ကင်းကြောင်း ရောဂါအဆင့် အခြေအနေပေါ် မူတည်၍ လိုသလို သုံးနိုင်ကြောင်းနှင့် ထိုရေများကိုလည်း ဆရာ/ဆရာမများ အသုံးပြုနိုင်ရန် ရေသန့်ဘူးများဖြင့် ထည့်၍ လက်ဆောင်ပေးလိုက်ပါသေးသည်။

ပေါ်တော်မူ စွယ်တော်မြတ် တွေ့ရှိပုံကိုလည်း ကျောက်စာရေးထိုးမှတ်တမ်းတင်ထားရှိပြီး မြေကြီးအတွင်း တူးဖော်စဉ်က စွယ်တော်မြတ်များနှင့် ရုပ်ပွားတော်များကို မပျောက်ပျက် မရွေ့လျားအောင် ဖို၍ ပိတ်ထားခဲ့သော ရှေးအုတ်ခဲကြီးများပါ အတူ လေ့လာတွေ့ရှိခဲ့ပါသည်။

တွေ့ရှိပုံ သမိုင်းကိုလည်း ဂေါပကလူကြီးမင်းများမှ စေ့စေ့စုံစုံ စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ကြပါသည်။

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့နယ်၊ သဲကုန်းအုပ်စု ကုန်းသာရွာတွင် လွန်ခဲ့သော ၁၂၈၉ ခုနှစ်၊ နယုန်လဆုတ် (၃) ရက်နေ့၌ ဘုန်းကြီးကျောင်းသားလေး မောင်လှကွန်းသည် မိခင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သူ့အား စာသင်ကျောင်းမှ ဝယ်နိုင်သော ဖတ်စာစာအုပ်၊ လေ့ကျင့်ခန်းစာအုပ်များ ဝယ်ပေးရန် ပူဆာပါတော့သည်။

မိခင်ဖြစ်သူကလည်း ဝယ်ပေးရန် ပိုက်ဆံက မရှိ၊ ဆင်းရဲနွမ်းပါးလွန်းလှသဖြင့် မဝယ်ပေးနိုင်ဟု ငြင်းဆိုပါသည်။

အကြိမ်ကြိမ် ဝယ်ပေးရန် ပူဆာသော်လည်း မိခင်မှလည်း မဝယ်ပေးနိုင်ကြောင်း အကြိမ်ကြိမ် ငြင်းဆိုခဲ့သည်။

ထိုသို့ ငြင်းဆိုနေသဖြင့် မောင်လှကွန်းလေးက မိခင်အား...

'ဘာမှမပူပါနဲ့... ဟိုတဝယောင်းက မြုပ်နှံထားခဲ့သော အဖိုးအတိုင်းမသိ ထိုက်တန်သော ရတနာများ ကုန်းသာရွာ မြောက်ကျောင်းယောင်းနေရာ၊ သရက်ပင်ကြီး အရှေ့ဘက် ရှားမြုပင်ကြီးအောက် (၃)တောင်အကွာတွင် ရှိကြောင်း တူးဖော်ယူပေးပါ'

ဟု တောင်းဆိုပါတော့သည်။

အကြိမ်ကြိမ် ပူဆာလွန်းမက ပူဆာသောကြောင့် မိခင်ကြီးမှ...

'ငါသည် မိန်းမသားဖြစ်၍ ဘုရားရှိ ကုန်းမြေထက်၌ ရပ်တည်၍ တူးဖော်ခြင်း ငှာမယင့်'

ဟု တွေးဆကာ မိမိတို့ ကိုးကွယ်ဆည်းကပ်ရာ **ကုန်းသာကျောင်း ဆရာတော်ကြီး ဦးသုမန**အား အကြောင်းစုံ လျှောက်ထားပါတော့သည်။

ဆရာတော်ကြီးမှ ရတနာများနှင့် ဘုရားကို မတွေ့ခဲ့သော် ရေတွင်းဖြစ်စေတော့ဟု ဆိုကာ မောင်လှ



▲ စွယ်တော်မြတ် ဓါတကာလှူကြီး ဦးဘိုနီ



▲ စွယ်တော်မြတ် ဓါတကာလှူကြီး ဦးတင်ဝင်း

ကွန်းကလေး၏ စကားကို အကြောင်းပြု၍ တပည့်ဒါယကာများအား တိုင်ပင် ညွှန်ကြားခဲ့ပါသည်။

ဆရာတော်ကြီး၏ တိုက်တွန်းချက်ဖြင့် တူးဖော်ကြရာ အံနက်(၆)တောင်အရောက်တွင် **"မြေပကာများမှာ နံ့သာပေါင်းစုံ မွှေးလှိုင်ထုံ၍ ခြောက်စုံရောင်ခြည်တော် ကွန့်မြူး ဒီသာရပ်မျက်နှာထက် တွေ့ကြုံအထူး မွေးနံ့ကြူဘိ၊ ဆွတ်ခူးမြေကို သိုမှီလေက (၄)ရက်မျှပင် မွေးနံ့ရှင်သည်"**။

လဆုတ်(၉)ရက် ရောက်သည့် ညပင် နားစေနိုင်းရာ မောင်လှကွန်းကပင် **"ဘုရားအနီးကပ် ရောက်ပြီ"**ဟု (၁၀)ရက်နေ့ နံနက်(၉)နာရီ ချိန်ခါဝယ် (၇)တောင်အရောက်တွင် ရတနာကျောက်တွင် ထုအပ်သည့် ဘုရားရုပ်ပွားတော် (၇.၇)လက်မရှိတစ်ဆူ၊ (၃.၅)လက်မရှိ

တစ်ဆူ၊ ရုပ်ပွားတော်နှစ်ဆူ
အလယ်လုံးပတ်(၄)လက်မ၊ အမြ
(၅)လက်မရှိ **ပုလင်းအတွင်
နံ့သာရည်တွင်း၌ သီတင်းသုံ
စံပယ်လျက်ရှိနေပုံကို** လူအမျ
တွေ့ရှိ ဖူးမြော် ဦးခိုက်ခဲ့ကြရပါသည်

ကုန်းသာကျောင်း ဆရာတော
ကြီးသည် ယင်းကျောင်းဝင်းအတွင
ပြည်သူအများကောင်းမှု စွယ်တော
တိုက်၌ ဘုရားရုပ်ပွားတော် နှစ်ဆူ
စွယ်တော်မြတ်၊ အံတော်မြတ်များ
နေ့စဉ် ပူဇော်လာခဲ့ရာ ပုလင်းတွင်
စွယ်တော်မြတ်မှာ တစ်ခါတစ်
ရောင်ခြည်တော်များ ကွန့်မြူးသ
လွန်စွာ ကြည်နူးနှစ်ခြိုက် ကြည်
လှသည်။


သို့နှင့် နှစ်စဉ်နှစ်တိုင်း တန
လပြည့်ကျော် (၁)ရက်၊ (၂)ရ
(၃)ရက် နေ့တိုင်း ခမ်းနား သိ
စွာ ပွဲတော်သဘင် ဆင်နွှဲ ကျ
ပူဇော်ခဲ့သည်မှာ ယနေ့တိုင်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်တော်မူ စွယ်တော်မြတ် လမ်းညွှန်မြေပုံ




ဖြစ်ပါသည်။

စွယ်တော်မြတ် တူးဖော်စဉ် သူများတွေ့ရှိချက်များလည်း အံ့သြ ဖနန်းပြားလှပသည်။ တူးဖော်ခြင်း အမှုကိုပြုလုပ်ရာတွင် မောင်လှကွန်း ကလေး၏ ညွှန်ကြားချက်အတိုင်း သာ တူးဖော်ကြရပါသည်။

ဒီနေ့တော့ တစ်ထွာပဲ တူးပါ၊ တစ်တောင်ပဲ တူးပါ စသည်ဖြင့်ပေါ့။

ဒီနေ့ တစ်ထွာတူးပြီးရင်တော့ အုပ်နံ့ရပါလိမ့်မည်ဟု ပြောလျှင် တကယ်ပင် မကောင်းသော အနံ့ များ ရကြရပါသည်။

ဒီနေ့တော့ တစ်တောင်တူးပါ။ အမွှေးနံ့သာများ ရပါလိမ့်မည်ဟု ဆိုလျှင်လည်း အမှန်တကယ်ပင် အမွှေးနံ့များ ရကြပါသည်။

စွယ်တော်မြတ်များ၊ အံတော် မြတ်များ တူးဖူး ရယူပြီးလျှင် အတူး ခံထားရန် မောင်လှကွန်းလေးမှ ပြောဆိုတောင်းပန်ပါသည်။

သို့ပါသော်လည်း တူးဖော်သူ ဒါယကာများ၊ ရွာသားများသည် အိုး နှုတ်ခမ်းကို တူးမိထိမိသည့် အသံ များ ထွက်ပေါ်နေသဖြင့် သိချင်ဇော၊ တွေ့ချင်ဇော၊ လောဘဇောများဖြင့် မရပ်ဘဲ ဆက်လက် တူးဖော်မိကြရာ အိုးကြီးများမှာ ရေထဲတွင် တဗွမ်း ဗွမ်း၊ တဂွမ်းဂွမ်း မြည်သံများနှင့် အတူ လိမ့်ပါ ရွေ့လျားပျောက်ကွယ် သွားကြောင်း...

မောင်လှကွန်းလေးမှာလည်း အနီး အနား မြေကြီးပေါ်တွင် လိမ့်ကာ လိမ့်ကာ လူးလွန့်ငိုကြွေးရင်း **"ဒီ ဘဝတော့ဖြင့် အသက်(၂၀)ထိ သာ နေရပါတော့မယ်"**ဟု ဝမ်းနည်း ငိုညည်းနေပါတော့သည်။

အမှန်တကယ်ပင် ရောဂါ အထွေ အထူးမရှိဘဲ တဖိန့်ဖိန့် တလိမ့်လိမ့် နှင့် အသက်(၂၀)အရောက်တွင် သေဆုံးသွားရပါတော့သည်။

မောင်လှကွန်းကလေး ညွှန်ကြား သည့်အတိုင်း မလိုက်နာခဲ့၍ အဖိုး ထိုက်တန်လှသော ရတနာများကို လည်း မရရှိလိုက်တော့ မတွေ့မြင်ရ လိုက်တော့ပါ။

မောင်လှကွန်း ဘဝတွင်လည်း သူပြုလုပ်ပေးရမည့် တာဝန်များကို လည်း ပြီးဆုံးကျေပွန်အောင် ဆောင်ရွက်ခြင်း မပြုနိုင်ခဲ့ပါ။

ဘဝသံသရာကြီးတွင် ဘယ် ဘဝရောက်ကာမှ ဆက်လက် ကောင်းမှု ပြုလုပ်ပေးနိုင်မည်ကို တော့ မောင်လှကွန်းလေးနှင့် ပဋ္ဌာန်းဆက်ရှိသူများသာ ပြုနိုင် သိနိုင်ကြပါလိမ့်မည်။

အထက်ပါ စွယ်တော်မြတ်၊ အံတော်မြတ်နှင့် ပေါ်တော်မူ ရုပ်ပွား တော်နှစ်ဆူတို့ကို ဖူးမြော်လိုပါက အောက်ပါအတိုင်း လမ်းညွှန်လိုက်ပါ ရစေ။

**စာကြွင်း**

အထက်ပါ ပုံမှာ စွယ်တော်မြတ် ဘုရားပွဲ ကျင်းပနေစဉ်တွင် လာ ရောက် ဖူးမြော်လည်ပတ်ခဲ့သော ပြည်တက္ကသိုလ် ကျောင်းသားလေး တစ်ဦးမှ ဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးရာမှ ထွက်ပေါ်လာသော ပုံတော်ဖြစ်ပါ သည်။

ထိုပုံတော်ကို သေချာစွာ ဖူးမြော် ပါက ဘုန်းတော်ကြီး တစ်ပါးနှင့် အတူ ဘေးနားတွင် တိုက်ပုံအင်္ကျီ နှင့် လူတစ်ယောက်ကိုပါ တွေ့ရှိရပါ သည်။

တွေ့ရှိသူအများ၏ ထင်မြင်ချက် မှာ ဘုန်းကြီးမှာ မောင်လှကွန်းလေး ၏ ယခင်ဘဝဟောင်းဖြစ်ပြီး တိုက်ပုံ အင်္ကျီနှင့် လူပုံမှာ သူ၏ ကပ္ပိယကြီး ဟု ယူဆကြပါသည်။

**ဝင်းဝင်းသန်းစိုး**
***ထက်ပြ-ပြည်***



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်၊မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ဝမ်း၊လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေမကာ ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-ရ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)




www.burmeseclassic.com

www.burmeseclassic.com



◆ (၂၀)ကျပ်သား၊ (၅)ကျပ်သား၊ (၁)ကျပ်သား ဟင်္သာရုပ်အလေးများ

စံလွင်နွဲ့သာ

မြင်းမူမြို့ မှ

# ဆေးဖက်ဝင် ရှားပါးပစ္စည်းများ

## အစကောင်းခြင်း

မြင်းမူမြို့ ယာဥ်ထိန်းရဲကြပ်ကြီး ကိုမြင့်စိုးထံသို့ ၂၀၀၆ ခုနှစ်က ပထမအကြိမ် ရောက်ရှိရာတွင် အစကောင်းခြင်း နိဒါန်းနိမိတ်ကောင်းနှင့် တွေ့ရလေသည်။

ရွာ လယ်တီကျောင်းတိုက်မှ နံနက် နာရီတွင် စတင် ထွက်ခွာကာ ပြေးဂိတ်တွင် နံနက်စာ ထမင်း လက်ဖက်ရည်တို့ဖြင့် ဝမ်းဖြည့် သည်။ ထို့နောက် မန္တလေးသို့ ဦးစွာ ခွာသော မော်တော်ယာဥ်ဖြင့် ပါခဲ့ကြရာ လင်းအားကြီး အချိန် မြင်းမူသို့ ရောက်ရှိသည်။

လင်း အရုဏ်ကျင်းစ အချိန် လည်း ကိုမြင့်စိုးမှာ တာဝန် ထမ်းဆောင်ရန် သွားရောက်နေရပြီ ဖြစ်ကြောင်း သိရသည်။ သူ၏ ညီ တပည့်ဖြစ်သူ၏ ဈေးဆိုင်တွင်း ခေတ္တ စောင့်ဆိုင်းရစဥ် ဟိုဒီ မျက်စိကစား ကြည့်ရာ ဘုရားစင်အောက်မှ ဓာတ်ပုံ တစ်ပုံကို သတိပြုမိသည်။ ရက်ကန်းစင်တောင်ဆရာတော် ဦးဩဘာသ သက်တော်ထင်ရှားရှိစဥ်က မှတ်တမ်းပုံ ဖြစ်သည်။

လွန်ခဲ့သော နှစ်အတန်ကြာကပင် ရက်ကန်းစင်တောင် ဆရာတော်၏ စောင်တစ်ထည်စီကို မိတ်ဆွေ ကိုအောင်မြိုင် (အောင်ဇ–LL.B)နှင့် အတူ ပူဇော်ခွင့် ရခဲ့သည်။ ထို့နောက် ဆရာတော်၏ဓာတ်လုံး (ပဋ္ဌာန်းရွှေဓာတ်လုံး)ကို သုံးဆောင်ခွင့် ရခဲ့သည်။

ထိုမှ စာတည်းချုပ်က တာဝန်ပေး သဖြင့် ရွှေကျင်နယ်သို့ သွားရောက်လေ့လာရသည့်တွင် ဆရာတော် ဝတ်ဆင်ခဲ့သော သင်းပိုင်စ တစ်ဖြတ်ကို ပူဇော်ခွင့် ရခဲ့သည်။ (ပိုင်ရှင် ဒေါ်တင်တင်အေးက အားလုံး စွန့်လှူသော်လည်း အပင်ရင်းအောက် အသီး မပျောက်စေရန် တစ်ဖြတ်၊ တစ်ဝါးစာမျှသာ ယူဆောင်ခဲ့ခြင်း ဖြစ်သည်။)

ဤသို့လျှင် အကြောင်းဆုံပါများ သဖြင့် ရက်ကန်းစင်တောင်ဆရာတော်၏ မူလရုပ်သွင်ကို ပူဇော်ရန် ဆန္ဒပြင်းပြခဲ့သည်ဖြစ်ရာ ယခုမှပင် ဆန္ဒပြည့်ဝခဲ့ရသည်။ ထူးစွာသော မဟာဆုလာဘ်ကြီးဟု လွန်စွာ တန်ဖိုးထားကာ ဓာတ်ပုံ မိတ္တူ ရိုက်ကူးခဲ့လေသည်။

ပူဇော်သင့်သူကို ပူဇော်ရခြင်းသည် မင်္ဂလာတစ်ပါးမည်လေရာ မင်္ဂလာနှင့်


www.burmeselassic.com

ပြည့်စုံသော နေ့ဦးတွင် ကိုမြင့်စိုး တစ်ယောက် ဆိုင်ကယ်ဖြင့် ရောက်ချလာသည်။

'ဦးပဋ္ဌင်းနဲ့ အစ်ကိုတို့ ရောက်လာတယ်ဆိုလို့ ကျွန်တော် စက်ပိတ်ပြီး လာခဲ့တယ်'

ဟု ဆီးကြိုကာ နေအိမ်သို့ ခေါ်ဆောင်သွားသည်။

ရောက်မဆိုက်ပင် ဇနီးနှင့် သမီးကြီးတို့အား ရေနွေးကြမ်း၊ လက်ဖက်သုပ် ပြင်ဆင်စေကာ သူ စုဆောင်းရရှိထားသော ဂမ္ဘီရပစ္စည်းများကို တစ်ခုချင်း ရှင်းပြသည်။




▲ ထင်ဆိပ်တောင်မှ ကျောက်လုံး

▼ ကျောက်လိပ် နှင့် ဆီ



▼ စပါးကြီးသည်းခြေနှင့် ဝက်ဝံသည်းခြေ



## ရွှေဟောင်း အလေးများ

(၂၀)ကျပ်သားအလေး၊ (၅)ကျပ်သားအလေး၊ (၁)ကျပ်သားအလေး ဟင်္သာရုပ်များဖြင့် ပုံဖော်ထားသည်။ နှစ်ဆယ်ကျပ်သားအလေးမှာ ကိုင်တွယ်ဖန်များသဖြင့် ချောပြောင်ကာ ဟင်္သာထက် ဝမ်းဘဲတစ်ကောင်နှင့် ပို၍တူနေသည်။

ငါးကျပ်သားအလေးမှာ နှုတ်သီးကောကော့ အမောက်ကြော့ကြော့ဖြင့် ဟန်ရေးပြနေသည့် ဟင်္သာရုပ် ဖြစ်သည်။ တစ်ကျပ်သား အလေးမှာ ဟင်္သာငယ်တစ်ကောင်ပင် ဖြစ်သည်။


'ဒီပစ္စည်းတွေကို ငွေနဲ့ ပေးဝယ်ခဲ့တာ မဟုတ်ပါဘူး။ တာတ်လုံးတွေ၊ သိဒ္ဓိမြောက် ဂမ္ဘီရပစ္စည်းတွေနဲ့ လဲလှယ်ယူခဲ့ရတာပါ'

ဟု ပြောပြသည်။

အလေး ဟူသော ပညတ်အတိုင်း ရောက်ရှိ ကျင်လည်ရာ ဘဝ အခြေအနေတွင် လေးလေးနက်နက်၊ တည်တံ့မြဲမြံစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်သည်ဟု သိရသည်။

www.burmeselassic.com

www.burmeseclassic.com



ဦးနောင်ကျုံမှ ရသော ဂြိုဟ်ရှစ်ခွင်ပလား (ဝဲ) သောကြာ ပူး (အလယ်) တနင်္ဂနွေ ဂဠုန် (ယာ) တနင်္လာ ကျား

ဤအရုပ်များ ရရှိသည့်အချိန်မှ စ၍ ...အတွက် အမှန်တကယ် အရေးပါ ...သောအလုပ်၊ ဆုံးဖြတ်ဆောင်ရွက်ချက် ...များ ပြုလုပ်ပြဋ္ဌာန်းနိုင်ခဲ့သည်ဟု ဆို ...သည်။ **(ယင်းတို့အနက် ၅ကျပ် သားအလေးကို ပြန်ခါနီးတွင် ကျွန်တော့်အား လက်ဆောင်ပေးခဲ့ သည်။)**

## ဆင်ခေါင်းတောင် ကျောက်လုံး

တစ်နေ့က ရေတိုင်ကီဆေးတော့ အောက် ခြေမှာရေစိမ်ထားတဲ့ ဒီကျောက်လုံးကို သတိ ရတယ်။ နှစ်ပေါင်း အတော်ကြာပါပြီ။ ဆင် ခေါင်းတောင်ပေါ်က ယူလာတာ။ လုံးဝိုင်းပြီး ကွဲအက်ရာ အပြစ်အနာအဆာ မရှိဘူး။ ဓာတ်သားတချို့ကိန်းတယ်လို့ ယူဆရာယ်။ ထိုက်တန်သူ လှူမယ်လို့ စဉ်းစားနေတုန်း


◄ မဟာစည်ဆရာတော် တောင်ဝေး


▼ ဖြုတ်တပ်၍ရသော ဝက်အူရစ်





www.burmeselassic.com





◆ ကွဲချိုး

ဆောက်ကြီးသား တောင်ဝေး ▶

ဦးသီလာစာရ ကြွလာတယ်ဆိုတော့ တပည့်တော် လှူပါတယ်။ ဦးပဥ္စင်းက ဘုရားစေတီတွေ မွမ်းမံကိုသိလ်ပြုနေတော့ အဓိဋ္ဌာန်ကျောက်ပဲဖြစ်ဖြစ် သုံးနိုင်တာပေါ့'

ဤမျှသာ ပြောသော်လည်း အဂ္ဂိရတ်ထိုးဖက်များဖြစ်ကြရာ တစ်စုံတစ်ရာကို ရည်ရွယ်ကပ်လှူဟန် ရှိသည်။

## လိပ်နှင့်ငါး

မိတ်ဆွေများ လက်ဆောင်ပေးထားခြင်းဖြစ်သည်။ **ကျောက်လိပ်မှာ** သောင်ပြင်ပေါ်တွင် ကုန်းထကာ ပြေးလွှားမည့်ဟန် အားယူနေသည့် ပကတိလိပ်ပုံစံ ခြေ, လက်, ဦးခေါင်း, မျက်လုံး အင်္ဂါစုံလင်သည်။

**ငါးမှာ** လောဟာစပ် သွန်းထားသော ငါးရုပ်ကလေး ဖြစ်သည်။ စည်းစိမ်ဥစ္စာ စည်ပင်တိုးပွားစေသော၊ စိတ်နှလုံး ကြည်လင်ပျော်ရွှင်စေသော အဆောင်များ ဖြစ်သည်။

## စပါးကြီးနှင့် ဝက်ဝံသည်းခြေများ

လွန်ခဲ့သော(၁၇)နှစ်က စတင် သိမ်းဆည်းခဲ့သော စပါးကြီးသည်းခြေနှင့် ဝက်ဝံသည်းခြေတို့ ဖြစ်ကြသည်။ **စပါးကြီးသည်းခြေမှာ** စွယ်စုံရူးနှစ်ခွ၊ ညို့ကြိုးနှင့်သည်းခြေအိတ် အပြည့်အစုံပါဝင်သည်။

**ဝက်ဝံသည်းခြေမှာ** ညာတံ အပါအဝင် သည်းခြေအိတ်မပျက် တစ်စုတစ်စည်းတည်း ရှိသည်။ သူတစ်ပါး မကောင်းမကြံစည်နိုင်၊ ထွက်သွားသူ၊ ခိုးသွားသူများ အမြန်ပြန်လာစေသည်။ တန်ပြန်ကောင်းလှသည်။ ဒေါသထိန်းနိုင်မှ သုံးစွဲကောင်းသည်။

ထိုသည်းခြေ နှစ်ခုစလုံးကို ကျွန်တော့်အား လက်ဆောင်ပေးသော်လည်း စပါးကြီးသည်းခြေမှာ ရှိနှင့်ပြီးဖြစ်၍ ဝက်ဝံသည်းခြေကိုသာ လက်ခံယူခဲ့သည်။

စစ်ကိုင်းတောင် ရောက်၍ မယ်တော်ကြီး ဒေါ်သုမင်္ဂလအား ဤအကြောင်း ပြောပြရာ...

'စပါးကြီးသည်းခြေပေးတယ်ဆိုတာ လာဘ်ဖွင့်ပေးတာ။ မွန့်လေးက လုပ်ငန်းရှင် တစ်ယောက်ဆိုရင် ငါ့ဆီရောက်တိုင်း စပါးကြီးသည်းခြေ တစ်စုံစီ တောင်းသွားပြီး အိပ်ခန်းပတ်လည် ပုလင်းတွေ တန်းစီ သိမ်းထားတယ်။ လာဘ်အလွန်ကောင်းသတဲ့'

ဟု ရှင်းပြသည်။

## ဂြိုဟ်ရှစ်ခွင်ဖလား

မြင်းမူမြို့နယ် ဦးနှောင်းကုန်းယာထွန်ရာမှ မြေစိုင်မြေခဲများအကြ[illegible] ထွက်ပေါ်လာသည့်ဖလား ဖြစ်သ[illegible]

**အဝ အချင်း(၉)လက်မခန့်[illegible] သည်။ ခုနစ်နေ့နံရုပ်များ ထွင်းထု[illegible] ရာ ဂဠုန်, ကျား, ခြင်္သေ့, ဆင်, န[illegible] ကြွက်, ဟိုင်းဆင်, ပူး** စသည်[illegible] တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓ[illegible] စနေ၊ ကြာသပတေး၊ ရာဟု၊ သော[illegible] အစဉ်အတိုင်း ပါရှိသည်။ စေတီ[illegible] များရှိ ဂြိုဟ်တိုင်များ အနေအ[illegible] အတိုင်း စီစဉ်ထားခြင်း ဖြစ်သည်[illegible]


## စလေမဟာစည်ဆရာတော်[illegible]

တောင်ဝေး

စလေ မဟာစည်သာသနာ့[illegible] ဆရာတော် စွန့်လှူသော တော[illegible] ဖြစ်သည်။ လက်ကိုင်ကြေးစက်[illegible] တစ်လက်မခန့်ရှည်သော မူလီ[illegible] စုပ်ထားသည်။ ဖြုတ်၍တပ်[illegible]

ကြေးလုံးအတွင်း ဓာတ်[illegible] ပစ္စည်းများ သိမ်းဆည်းနိုင်[illegible] အတွေးအကြံ ဖုန်ကန် မရိုး[illegible]

www.burmeseclassic.com



ဇော်ချမ်းနက်

များသည် ဤတောင်ဝှေးကိုင်သည်ကို မြင်ရုံမျှဖြင့် ရှောင်လွှဲ ထွက်ပြေးကြရသည်ဟု ဆိုသည်။

## အဘခေါင် ရုပ်တု

'ဆယ်နှစ် ကျော်ပါပြီ၊ ကျွန်တော် စစ်ကိုင်းမှာ တာဝန်ကျတုန်း ဘိုးတော်ကြီး နာမည်ကျော်တဲ့အချိန် စစ်ကိုင်း မီးသွိုင့်ကွေ့မှာ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရတယ်။ သူက ကျွန်တော့်ကို လက်ညှိုးထိုးပြီး...

"မင်း ငါ့ကို မယုံကြည်ဘူး မဟုတ်လား"

လို့ မေးတယ်။ ကျွန်တော်လဲ ပွင့်ပွင့်လင်းလင်းပဲ ပြန်ဖြေတယ်။

"ဟုတ်ပါတယ်၊ မယုံပါဘူး အဘိုး"

ပေါ့။ ဘိုးတော်ကြီးက လက်တစ်ဖက်ကို မြှောက်ပြီး တစ်ခုခု ရွတ်နေတယ်။ ဖြန်းဆို ဖြန့်ထားတဲ့လက်ထဲ ကျောက်ဆစ်ရုပ်တစ်ခု ရောက်လာတယ်။ အဘခေါင်ရုပ်တုဗျ။ ကျွန်တော့်ကို လှမ်းပေးပြီး...

"ရော့...ယုံပြီလား"

တဲ့။ လက်တွေ့ဆိုတော့ ယုံရတာပဲ' ဟု ရှင်းပြကာ ဘုရားစင်တွင် သိမ်းထားသော အဘခေါင်ရုပ်တုကို ပြပေးသည်။ ထို့နောက် ရုပ်တုကို ဦးပဥ္စင်းအား လှူဒါန်းလိုက်သည်။

## ဇီဝိတဒါန တောင်ဝှေး

တစ်တောင်ခန့်ရှိသော ထောက်ကြံ့သားတုတ်ချောင်း ဖြစ်ကာ ထိပ်ကြာဖူးတွင် ဓာတ်လုံး၊ ဓာတ်ပြာများ ထည့်ထားသည်။ အင်းဝတွင် တာဝန်ကျစဉ် လမ်းဖောက်လုပ်ရေးအတွက် မြေရှင်းသော မြေတူးစက်ကြီးများ အကူအညီ ယူရသည်။

တစ်နေရာတွင် ရောက်လာသော စက်ကြီးတိုင်း စက်ထိုး ရပ်သွားသဖြင့် လက်ဖြင့် တူးယက်ကြည့်ရာ မြေအိုးတစ်လုံး တွေ့ရသည်။ အတွင်း၌ ဓာတ်လုံး၊ ဓာတ်ပြာများ ပါရှိသည်။


**ထိုမှရသော ဓာတ်လုံး၊ ဓာတ်ပြာများနှင့် ရွှေပေါ်ကျွန်းဆရာတော်ကြီး(ယခု ပုံနှိပ်ပြီး) မှန်လှူသည့် ဓာတ်လုံးတို့ကို ပေါင်းကာ ထောက်ကြံ့သားတုတ်၏ ကြာဖူးတွင်း ထည့်ထားခြင်း ဖြစ်သည်။**

ကိုမြင့်စိုးမှာ တနင်္ဂနွေသား ဖြစ်ရာ **ဂြိုဟ်ညှပ်နည်းအရ** စနေ၊ တနင်္လာ အမြစ်၊ အညွန့်သိုင်းကာ ထောက်ကြံ့သား တောင်ဝှေးပြုလုပ်ခြင်းဖြစ်သည်။ ဝိဇ္ဇာဓရဆိုင်ရာ ဝေဒနာရှင်များနှင့် ကြုံတွေ့ရသောအခါ မိမိ၏ သီလ၊ စရဏကို တိုင်တည်၍ ဤတောင်ဝှေးဖြင့် တို့ထိ ကုသပေးလျှင် ဝေဒနာများ ပျောက်ကင်း ချမ်းသာကြသည်ဟု ပြောပြသည်။

## သံသေလိပ်ပြာ

'တကယ့်လိပ်ပြာအတိုင်းပဲ။ နှစ်လက်မလောက် ရှိတယ်။ နံရံတန်းမှာ တင်ထားတုန်း အိမ်မြှောင် တစ်ကောင်က လိပ်ပြာအမှတ်နဲ့ သွေးတိုးစမ်း ချဉ်းကပ်လာတယ်။ အနားလဲရောက်ရော ကြောက်လန့်တကြား နောက်ဆုတ်ပြေးတယ်။ အတော် ဝေးဝေးကနေ ငြိမ်ပြီး အကဲခတ်တယ်။ အဲဒီအခါ လိပ်ပြာ အစစ်တစ်ကောင် လာနားတယ်။ အိမ်မြှောင်

www.burmeselassic.com



လာဘ်ကောင်းသည့် တမာနဂါး

ရှာလို့မလာတော့ဘူး။ ဝေခွဲမရ ဖြစ်နေဟန်တူပါရဲ့။

အစ်ကို ရောက်လာမလားလို့ မျှော်ရင်း သိမ်းထားသေးတယ်။ သကြံန်ပြီးတော့မှ ဗောဓိတစ်ထောင်ဆရာတော်ဆီ သွားလှူလိုက်တယ်'

## တမာနဂါး

'အရာတော်နယ်က တမာပင်တစ်ပင်ဟာ တစ်ပင်လုံး နဂါးပျံအတက်ကလေးတွေ ထွက်နေလို့ အမှတ်တရ တစ်ခုလောက် ယူလာခဲ့တယ်။ လက်တွေ့မှာ လာဘ်အလွန်ကောင်းတာ တွေ့ကြုံရလို့ ပြန်ရှာတော့ မရှိတော့ဘူး။ တခြားသူတွေ ယူလို့ကုန်ပြီ'

တမာနဂါးလေးမှာ အရှည် တစ်ညှိုခန့်ရှိကာ နှစ်ကာလကြာသဖြင့် ခြောက်သွေ့ကာ ဖွာထွက်နေပြီ ဖြစ်သည်။

## ကျွဲချိုဖြူ

တစ်တောင်ကျော်ရှည်သော အဖြူရောင်ကျွဲချိုကြီး ဖြစ်သည်။ မွေးစားဖခင် ဦးဘိုးကြွယ် ချန်ရစ်ခဲ့သော အမွေအနှစ်ဖြစ်ကာ အသည်းနှင့်ပတ်သက်သော ရောဂါဝေဒနာ မှန်သမျှအတွက် ရေနှင့် မပျစ်မကျဲ သွေးကာ လက်ဖက်စားဇွန်း တစ်ဇွန်းမျှ သောက်ပေးနိုင်သည်။ နေ့စဉ် တစ်ဇွန်းကျ ရောဂါ အခြေအနေနှင့် ချင့်ချိန်သုံးစွဲရသည်။

ကျွဲချိုဖြူကို မုံရွာ တစ်ဖက်ကမ်း ညောင်ပင်ကြီးရွာရှည်၌ တစ်ကြိမ် တွေ့ခဲ့ဖူးသည်။

ကျွဲချိုဖြူမှာ ရှားပါးသောပစ္စည်း ဖြစ်ကာ 'ခေမာ' ရန်ဓာတ်ဆောင်ပညတ်ရှိလေရာ ဥစ္စာစီးပွားတိုးတက်ရေးအတွက် အဆောင်ကောင်းလည်း ဖြစ်သည်။

ကိုမြင့်စိုးက အရင်းပိုင်း လက်တစ်ဆစ်စာမျှ ဖြတ်တောက်ပေးရာ နှစ်ဦးသား ခွေးတအီးအီးနှင့် လက်ပန်းကျအောင် ဖြတ်ရကာ မရသည့်အဆုံးစို့ဖြင့် ရိုက်ဖြတ်ကာ တစ်စစီ ဖဲ့ယူခဲ့ရလေသည်။

## စောင်ချမ်းနက်

မျက်စိဝေဒနာ မှန်သမျှအတွက် ရေနှင့်သွေးကာ မျက်စဉ်းခတ်ရသည်။ ညောင်းညာကိုက်ခဲမှုများ အတွက်လည်း သွေးလူးပေးနိုင်သည်။ ဗိုဝင်တောင်ကဲ့သို့ အညာဘုရားဈေးများတွင် စောင်ချမ်းနက် ဟူ၍ စာတန်းထိုး ရောင်းချလေ့ရှိသော်လည်း ယင်းတို့မှာ စောင်ချမ်းနက် မဟုတ်ပါ။

**စောင်ချမ်းနက်မှန်လျှင် အတွင်းသားမှာ အနက်ရောင်ရှိသည်။ အပင် နုသည် ရင့်သည်နှင့်မဆိုင် နက်သည်သာ ဖြစ်ကြောင်း ကိုမြင့်စိုးက ပြောပြကာ သူ သိမ်းထားသော စောင်ချမ်းနက် တစ်ညှိုခန့်ကို လက်ဆောင်ပေးသည်။**

မှန်ပါသည်။ ပွဲဈေးများတွင် ရောင်းချသည့် စောင်ချမ်းနက်များမှာ အတွင်းသား နီညိုရောင်ရှိ၍ ယခုတွေ့ရသည်မှာ မည်းနက်နေလေသည်။ တွေ့ရခဲသော ရှားပါးသည့် ဆေးဖက်ဝင်ပစ္စည်းလေး ဖြစ်ပါသည်။

စိတ္တွန်းဘာ

www.burmeseclassic.com

www.burmeselassic.com


ကြော်ငြာဆောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၅)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသား အားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင် ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေကတော့ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟဿမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အား များကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေး ရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြ တယ်။ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) ခေါင်း လွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သ မေ့လေ့ရှိတတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်း ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်း အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်အမြဲ အားအင်နုံးချည့်သလို ခံစား ရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကု
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတော
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

www.burmeselassic.com

မြစ်သားသိမ်တော်ကျောင်းဆရာတော်

# ဦးသံဝရဗုဒ္ဓိ

အား ဂါရဝပြု ပူဇော်မှုခရီး (၁)

သံသရာခရီးသည်

မြစ်သားမြို့ ရွှေသူဌေးရပ်ရှိ သိမ်တော်ကျောင်းမှ သက်တော်ရှည် ဆရာတော် ဦးသံဝရဗုဒ္ဓိသည် ဘုရားစေတီ၌ မီမီမျက်လုံးကို ထုတ်၍ ဒ္ဒါပနာပြု လှူဒါန်းခဲ့သူ ဖြစ်ကြောင်း ကြားသိရသဖြင့် အလွန်ကြည်ညို လေးစားမိသော်လည်း အကြောင်းမသင့်၍ ဖူးမြော်ခွင့် မရချေ။

ဆရာတော် သက်တော် (၅၇)နှစ်၊ သိက္ခာတော် (၃၇)ဝါအရတွင် ရှမ်းပြည်နယ်မြောက်ပိုင်း ဂုတ်ထိပ်တံတားကြီး အရှေ့ဘက်အနီးရှိ ပတ္တမြားစေတီ တည်သောအခါ **လက်ယာဘက်မျက်လုံးကိုဖောက်၍ ဒ္ဒါပနာပြု လှူဒါန်းခဲ့ခြင်း ဖြစ်သည်။** ၁၂၅၀ ပြည့်နှစ်ဖွားဖြစ်၍ ၁၃၀၀ ပြည့်နှစ်ခန့်တွင် လှူဒါန်းခဲ့ခြင်းဖြစ်၏။

## ရောက်ရှိစဉ်က

မြစ်သားမြို့သို့ ရောက်ဖြစ်၍ သိမ်တော်ကျောင်းတိုက်သို့ သွားရောက်ဖူးလာကြည်ညိုသောအခါ ဆရာတော်ဦးသံဝရဗုဒ္ဓိ ခန္ဓာဝန်ချ၍ ဦးသာသနကယ်နှစ်တာ ဆက်ခံကာ ၁၃၆၉ ခုနှစ်၊ ဤသိုလ၌ ပျံလွန်တော်မူသဖြင့် နောက်ရှိဆရာတော် ဦးတေဇောဘာသ၏ တတိယမြောက် ဆရာတော်အဖြစ် တွေ့ရလေသည်။

## သက်တော်ရှည်ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

ပျံလွန်တော်မူပြီးသော သိမ်တော်ဆရာတော် ဦးသံဝရဗုဒ္ဓိ လောင်းလျာ ၁၂၅၀ ပြည့်နှစ်၊ ကဆုန်လဆန်း ရက်၊ သောကြာနေ့တွင် စစ်ကိုင်း ဒေသကြီးရှိ ဆားတောင်ငါးရွာ တွင် ပါဝင်သော ရေကြည်ရွာနေ ခ်+ဒေါ်ဇာငြိမ်းတို့မှ ဖွားမြင်ခဲ့



ဓာတ်ပေါင်းချိန်မှ ဆရာတော်ပုံ



www.burmeselassic.com

www.burmeselassic.com





◀ သိမ်တော်ကျောင်း

◀ မြစ်သားမြို့ သိမ်တော်ကျောင်း အဝင်မုခ်

သည်။

မွေးချင်းငါးဦးအနက် တတိယမြောက်ဖြစ်သည်။ အသက်(၂၀)တွင် ရဟန်းဘောင်သို့ ရောက်သည်။ ရဟန်းဖြစ်သည့် ဌာနနှင့် ဥပဇ္ဈာယ်ဆရာတို့ကို မသိရပေ။

နယ်လှည့်သာသနာပြု၍ ၁၃၀၇ ခုနှစ်တွင် မြစ်သားမြို့ သိမ်တော်ကျောင်းသို့ရောက်ရှိသည်။ ဆရာတော်သည် ပရိသတ်လူများစွာနှင့် နေထိုင်လေ့မရှိ၊ နာမည်ကျော်ကြားခြင်းကို အလိုမရှိသဖြင့် ကျောင်းအဝင်မုခ်ဦးတွင် ကျောင်းတိုက်အမည် ကမ္ပည်းကို ရေးထိုးခွင့်မပြုဘဲ အုတ်တံတိုင်းအနီး၌ **"သိမ်တောင်နိကာယကျောင်း"** ဟူ၍ ဆိုင်းဘုတ်ငယ်လေးသာ စိုက်ထူစေခဲ့သည်။

ထို့ကြောင့် ဆရာတော် လှည့်လည်သီတင်းသုံးခဲ့ရာ အရပ်ဒေသများနှင့် သာသနာပြုလုပ်ငန်းများကို တိကျသေချာစွာ မသိရှိရကြောင်း လက်ရှိဆရာတော်က မိန့်ကြားသည်။

ဆရာတော်သည် ၁၃၀၇ ခုနှစ်မှ ၁၃၆၀ ပြည့်နှစ်အထိ ဤကျောင်းတွင် သီတင်းသုံးရာ၌ နောက်ဆုံး ပျံလွန်တော်မူသည့် အချိန်မှလွဲ၍ တဲကျောင်းလေးဖြင့်သာ သီတင်းသုံးတော်မူခဲ့သည်။

ပျံလွန်တော်မူသည့် နှစ်တွင်မှ ယခုရှိနေသော အုတ်တိုက်ကျောင်း ဘုရားဆောင်အနီး၌ အခန်းငယ်ဖွဲ့၍ သီတင်းသုံးခဲ့သည်။ ဝါးတဲကျောင်းကလေးကား မြေနေရာသာ ရှိတော့သည်။

ဦးတေဇောဘာသ ညွှန်ပြတော်မူသဖြင့် ဆရာတော် ဦးသံဝရဗုဒ္ဓိ ခန္ဓာဝန်ချရာ ခုတင်ကို မှတ်တမ်းပြုဖြစ်သည်။

အိပ်ရာခုတင်ကို ဆရာတော်ရှိစဉ်ကအတိုင်း ခင်းကျင်း ပြင်ဆင်ထားကာ ခုတင်ထက်၌ ဆရာတော်၏ ရုပ်တုကို ဖူးတွေ့ရသည်။ ခြေရင်းစားပွဲပေါ်၌ ဆရာတော်၏ ကြေးရုပ်တုငယ်ရှိ၍ ပန်းများ ကပ်လှူထားသည်။

ခုတင်နံဘေးနံရံတွင် ဓာတ်ပုံအချို့တွေ့ရသည်။ အဘဘိုးဘိုးအောင်၊ အဘအောင်မင်းခေါင်ပုံများနှင့် အတူ

ဆရာတော်၏ ဓာတ်ပုံတွင်...

'သောင်းထိုက်စကြဝဠာ အရိယာ ကျွ
သာသနာပြု အတွင်းရေးမှူးချုပ် ဆရာတော်
ဦးဆရာသမ္မောဓိ'

ဟူ၍ ကမ္ပည်းထိုးထားသည်။

ဆရာတော် ပျံလွန်တော်မူခါနီး ရက်ပိုင်းတွင် ရိုက်ကူးထားသည့် ဓာတ်ပုံကိုလည်း ပုံကြီးချဲ့ထားသည်။ မျက်နှာတော်မှာ ရွှင်ပြုံးနေဟန် ဖြစ် သည်။

ဆရာတော်သည် သက်တော် **(၁၁၁)နှစ်အဝင် ၁၃၆၀ ပြည့်နှစ် ဝါခေါင်လဆန်း (၁)ရက်နေ့တွင် ခန္ဓာဝန်ချတော်မူခြင်းဖြစ်သည်။**

## ထူးခြားသည့်ပုံတော်

ထိုဓာတ်ပုံများအနက် ထူးခြား မြင်ရသည်ကား ဆေးပြင်းလိပ် ကိုင် လျက် ကိုယ်တစောင်း ရိုက်ကူးထား သောပုံတွင် **"ဆရာတော် ဘိုးပေါက် ဆိုင်"** ဟု လည်းကောင်း ကမ္ပည်းထိုး ထား၍ ရန်ကုန်ဓေါက်စေတီ ဘိုးပေါက်ဆိုင်နှင့် ရုပ်ချင်းအလွန်တူ





www.burmeselassic.com

www.burmeselassic.com






◆ ခုတင်ထက်မှ ဆရာတော်
ဦးသံဝရဗုဒ္ဓိရုပ်တု
နံရံမှ ဆရာတော်ပုံနှင့် ကမ္ပည်းစာများ ◆

သည်ဟု ဆိုကြသည်။

ဦးတေဇောဘာသက နံရံရှိ အလှူ ရှင်အမည်စာတန်းကို ညွှန်ပြသည်။ ကမ္ပည်းတွင်ဦးကျော်ဇော+ဒေါ်တင်တင်နှင့် မိသားစုဟု တွေ့ရသည်။)

'အဲဒီ ဦးကျော်ဇောရဲ့ဖခင် ဦးစိုးမြင့်ဆိုတာ ရန်ကုန်ပေါက်စေတီ ဘိုးပေါက်ဆိန်ရဲ့ ဒကာရင်းဗျ။

ဘိုးပေါက်ဆိန် ခန္ဓာဝန်ချပြီး နှစ်ညည်းနည်းအကြာမှာ ဦးစိုးမြင့်မိသားစု အညာပုဂံ ဘုရားဖူးလာရင်း မြစ်သားမြို့ သိမ်တောင်ကျောင်းဝင်းမှာ မြေရာကျယ်လို့ဆိုပြီး လာပြီး စခန်းချတည်းခိုကြတယ်။

ကျောင်းထဲရောက်တော့ ကျောင်းထိုင်ဆရာတော်ကို ခွင့်တောင်းရအောင် ကျောင်းကလေးပေါ် တက်သွားတယ်။

ဆရာတော် ဦးသံဝရဗုဒ္ဓိကို တွေ့တာနဲ့ **(မတွေ့ရတာကြာပြီနော်ဘုရား)**လို့ ပြောပြောဆိုဆို ငိုပါလေရော။

ဆရာတော်ကလဲ ဦးစိုးမြင့်နဲ့ ဘိုးပေါက်ဆိန် လက်တွဲပြီး လုပ်ခဲ့တဲ့ သာသနာပြုလုပ်ငန်းတွေ အကြောင်း ပြောရင်း စကားလက်ဆုံကျနေတာ တစ်နေကုန်ပါရောဗျာ။

ဒီနောက်ပိုင်း ရန်ကုန်ပေါက်စေတီက ဒါယကာတွေလာလှူကြလို့ ဒီကျောင်းကြီးလဲ ဖြစ်လာတယ်။

ဆရာတော် ဦးသံဝရဗုဒ္ဓိ ပျံလွန်တော်မူတော့လဲ ရုပ်ကလာပ်ကို ဂူသွင်းပြီး အပေါ်က ရန်ကုန်ပေါက်စေတီ အတိုင်း အထိမ်းအမှတ်စေတီ တည်ထားကြတယ်။

ဘိုးပေါက်ဆိန်ထွက်ပွဲကို ကျင်းပသလို ဝါခေါင်လဆန်း(၁)ရက်နေ့မှာ ရန်ကုန်ကအဖွဲ့တွေလာပြီး စုစုဝေးဝေး ကျင်းပကြတယ်။

ဆရာတော် ရှိစဉ်ကတော့ ဘိုးပေါက်ဆိန်ရဲ့ လုပ်ငန်း ဖြစ်စဉ်တွေအားလုံး ပြန်ပြောနိုင်

www.burmeseclassic.com





▲ ဆရာတော် ခန္ဓာဝန်ချရာခုတင်

◀ ခုတင်ရှေ့မှ ကြေးရုပ်တု

▼ ဆရာတော် ချခဲ့သည့် (၁၀၈)တောင်

ထေတီပန္နက်ချတိမြစ်



တယ်။ တံပည့်ဒကာတွေက ဘိုးပေါက်ဆိန်
နာပ်ချဉ်းတယ်လို့ ဆိုကြတာပါပဲ။ ဘုန်းကြီး
တော့ ဒါတွေ ဉာဏ်မမီဘူး။ ဒကာက
ပြောပါဆိုလို့သာ ပြောပြရတာပါ'

### သိမှတ်ရသည့်အချို့

ဆရာတော် ဦးသံဝရဗုဒ္ဓိနှင့် ပတ်သက်၍ တချို့တစ်ဝက် သိမှတ်ရသည်မှာ ဆရာတော်သည် ကျောင်းသို့ ရောက်လာသူတိုင်းအား သမ္ဗုဒ္ဓေဂါထာ တစ်ထောင် စုတ်ထားသော လက်ဖြင့် တည်ခင်းလေ့ရှိသည်။ ၄+၅=၉ နဝင်း ကိုက်သဖြင့် လယ်တွင်း(၉)ခရိုင်တွင် ပါဝင်သော မြစ်သားမြို့ဒေသနှင့် နဝင်း ကိုက်ညီကြောင်း မိန့်ကြားလေ့ရှိသည်။

ငယ်စဉ်က လုပ်ရတ်ပညာကို လိုက်စား၍ ဓာတ်ပြာများ စားသုံးဖူးသည်။ ဓာတ်ပြာ ကွမ်းရိုးတစ်တို့စာမျှကို ပျားရည်တစ်ပိဿာတွင် ထည့်မွှေပါက ဆူပွက်လာသည်ဆို၏။ ထိုဓာတ်ပြာကို သီလ သမာဓိရှိသူသာ စားသုံးရန် သင့်သည်။ မရှိသူ စားသုံးက ရူးတတ်သည် ဟုလည်း ဆို၏။

ဆရာတော်သည် ပရိယတ္တိစာပေများအပြင် လုပ်ရတ်ပညာ၊ ဆေးဝါးပညာ၊ ဂါထာမန္တရား၊ ဓာတ်ပညာ၊ ပဋ္ဌာန်းပညာရပ်များ စုံလင်အောင် လိုက်စားဖူးကြောင်းပြောပြလေ့ရှိသည်။

သက်တော် (၁၁၀)ထိ နေရသော်လည်း နား၊ မျက်စိအာရုံများ ချွတ်ယွင်းမှုမရှိ၊ သတိလည်း ယုတ်လျော့မှု မ…
ချေ။ နံနက်တွင် ယာဂု အနည်းငယ်…
ဘုဉ်း၍ နေ့ခင်းတွင် ပဲဟင်း (၁၀)ပွဲ…
ခန့်သာ ဘုဉ်းပေးတတ်သည်။

သို့သော် ခန္ဓာကိုယ်မှာ ပြည်…
ကြည်လင်၍ သုံးနှစ်လျှင် တစ်ကြိမ်…
သာ ရေချိုးတတ်သော်လည်း ကိုယ်…
မှာ သင်းပျံ့လျက် အသားအရေ…
တွဲကျခြင်းမရှိဟု သိရပေသည်။ အ…
တစ်ရာကျော်သည့်အခါ ခြေခင်…
ပြန်နုက်သွားသည် ဆိုပေသည်။

ဆရာတော်က...

www.burmeseclassic.com






▲ လက်ရှိဆရာတော်
ဦးတေဇောဘာသ

◀ ဘိုးပေါက်ဆိန်ကျောင်းမှ ဦးသံဝရဗုဒ္ဓိ

'လောဘဟာ လူမုန်းစေတယ်။ ဒေါသဟာ အသက်တိုစေတယ်။ မောဟကို ဘုရားကြိုက်ဘူး။ အသက်ရှည်ပြီး ရောဂါကင်းချင်တယ်ဆိုရင် လောဘ၊ ဒေါသ၊ မောဟနှင့်။ သတ္တဝါတွေကို မေတ္တာပွားပါ။ သီလစင်ကြယ်ခြင်းသည်လဲ အသက်ရှည်ခြင်း၏ အကြောင်းဖြစ်တယ်'

ဟု မိန့်တော်မူလေ့ရှိသည်။ ဆရာတော်သည် နေ့စဉ် ဘုရားဂုဏ်တော် ပုတီးအောင်ပြည့်အောင် ရွတ်ပွားပူဇော်လေ့ရှိကြောင်း သိရသည်။

## အောင်မြေနင်းဂါထာ

ဆရာတော် ဦးသံဝရဗုဒ္ဓိ၏ အောင်မြေနင်းဂါထာမှာ သက်တော် (၁၁၀)အတွင်း တပည့်များစွာ လက်ခံရယူ ကျင့်သုံးခဲ့သဖြင့် အထူးပင် လူသိများသော ဂါထာဖြစ်ခဲ့သည်။

ထိုအောင်မြေနင်းဂါထာနှင့် ပတ်သက်၍ **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ၊ စာမျက်နှာ (၁၀၃)တွင် ရှင်ကျော်(ဂမ္ဘီရခရီးသည်) ကလည်းကောင်း၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ၊ စာမျက်နှာ(၆၃)တွင် စိုးဟိန်း (မန်းတက္ကသိုလ်)က လည်းကောင်း** အကျယ်တဝင့် ဖော်ပြထားသည်ကို ဖတ်ရှုရသည်။

ထိုဂါထာကို ကျော်အောင်စံထား ဆရာတော်က **"ဂါထာမန္တန် ကျမ်းမြတ်မဟာ"** စာအုပ် စာမျက်နှာ (၄၄၉)၌...

'ဗောဓိပက္ခိယ မဟာပထမံ ဓမ္မစေတီ သာသန အမိန့်ပြန်တမ်း အောင်ထူးဆန်း ဂါထာတော်ကြီး'

ဟု ခေါင်းစဉ်တပ်လျက် အောက်ပါအတိုင်း ဖော်ပြထားသည်။

ရွှေလ ဆက်ဖတ်ပါရန်

**သံသရာခရီးသည်**



www.burmeseclassic.com

www.burmeselassic.com

# ကင်ပွန်းချဉ်ပေါင်

## ခူးဆွတ်လွယ်ကူ ပေါဲစိမ့်ဟူသား



ကင်ပွန်းချဉ်ဆိုသည့်အတိုင်း ကင်ပွန်းရွက်၏ အရသာသည် အချဉ်ဘက် ပါလေသည်။ အကျိုးကို **အခြေပြု ဆေးအဘိဓာန်၌...**

'ပါစက သည်းခြေအားရှိ၍ ဝမ်းမီးတောက်၏။ သလိပ်အုပ်စု မလအထု ပြိုကွဲသဖြင့် ရစ်ချောင်စေ၏။ တစ်ဖန် ချဉ်သောရသသည် သလိပ်အုပ်စု မလအထု ကင်းရှင်းသောကြောင့် နှုတ်မြိန်ကာ အသံကောင်းစေ၏'

ဟု ဖွင့်ဆိုထားသည်ကို လေ့လာတွေ့ရှိရ၏။ ထိုပုံ**ပြ ဆေးအဘိဓာန်စာမျက်နှာ (၂၄၀)တွင်...**

'တောကင်ပွန်းသည် မိန်းမများအတွက် အကောင်းဆုံး ဖြစ်၏။ အမြစ်သည် ကိုယ်ခန္ဓာ နာကျင်ကိုက်ခဲခြင်း၌ ကျေးဇူးပြု၏'

ဟု ဖွင့်ဆိုထားသည်ကိုလည်း တွေ့ရှိရ၏။

စာရေးသူ၏ အိမ်ဝိုင်းထဲတွင် အပေါ်ဆုံးကတော့ ကင်ပွန်းချဉ်ပင်တွေပဲ။ အိမ်စည်းရိုးတစ်လျှောက် စာရေးသူ၏ဇနီး သက်ရွှေက စိတ်ရှည်လက်ရှည် စိုက်ပျိုးထားလေ၏။

စာရေးသူ၏ဇနီး သက်ရွှေသည် ကင်ပွန်းချဉ်ပင်များကို ခူးဆွတ်ရ လွယ်ကူစေရန် မြေပြင်မှ (၄)ပေထက် အရှည်မခံ။ (၄)ပေခန့် မြင့်ရင် ခုတ်ဖြတ်ပေးလေ၏။

ထိုသို့ ခုတ်ဖြတ်ပေးသဖြင့် (၄)ရက်ဆို တစ်ကြိမ် ကင်ပွန်းချဉ်အညွန့်များ ကတ်ကြေးဖြင့် ညှပ်ယူရာ နိုင် မနိုင်။ ဝိုင်းထဲလာသည့်သူတိုင်းကို ကုသိုလ်ဒါန ပြုလုပ်နေလေ၏။

သို့ပါ၍ ဆေးဖက်လည်းဝင် သဒ္ဓါရှင်ကာ ပေးလှူစရာကောင်းသော ကင်ပွန်းချဉ်ကို ''ခူးဆွတ်လွယ်ကူပေါ ဟူသား'' **(၄)ပေထက်ပို၍ အထက်သို့ အတက်မခံဘဲ ခုတ်ဖြတ်ပေးကြစေလိုကြောင်း** စေတနာကောင်း ရေးသားပေးလိုက်ရပါသတည်း။

**မှတ်ချက်။ ။ ကင်ပွန်းချဉ်ကိုင်းများကို နွေရာသီမှာ မခုတ်ဖြတ်ရ။ နွေရာသီတွင် အပင်ခြေ ကျင်း ရေအိုင်အောင် လောင်းပေးပါ။ နွေလည်း အညွန့်တို၊ မိုးလည်း အညွန့်ဝေ ခူးဆွတ်လှူဒါန်းနိုင်ကြ သော။**

ဆရာ သညာမှူး



www.burmeselassic.com

www.burmeselassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အဟုအဝုပ် ကင်းစေတဲ့

စကြာမင်း

အမှတ်တံဆိပ်

မျက်စိကြည်
အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ယ်ကျန်းမာ အသက်တစ်ရာ ကျော်ကြံ ဆိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ ရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" သော အသံရှင်ကြောင့် ရေးလက်စ မူကို အသာချထားပြီး ပြန်လည် ခရီးဦး နှုတ်ဆက်လိုက်သည်။

ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

စာရေးဆရာ ကိုဘုန်းဝေကတော့ အချိန်တွေ့တွေ့ တက်ကြွလန်းဆန်း ရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

ဟဲ... ဟဲ... ဟဲ'

ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး အခု စာရေးဆရာကြီးကို အကူအညီ င်းချင်လို့ဗျ'

ပြောလေ ကိုမျိုးမြင့်'

လို့ဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ ပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ နည်းနည်းလေးကြာကြာ ထိုင်မိတာ င် မျက်ခုံး မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည် ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲ လို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ လဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာ ဘာ'

သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ လေး သုံးဆောင်ပါဦး'


ရှုးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီး တော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေ သူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ် နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့ တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထ လေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေး ရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ ကျန်း မာဘူး ဖြစ်နေခဲ့တာပါဗျာ'

www.burmeselassic.com

www.burmeseclassic.com

## စကြာဩဇာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့၊ ခေါင်းကိုက်ခြင်း၊ မျက်ခုံး၊ မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီမသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်၊ သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူစိုး အပုပ်စိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေက အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး ဝမ်း၊ လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်း တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာ ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်း မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့် ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အ ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြ အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွ အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့် ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမ မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်



မင်းရင်း-မြန့်ချိရေး

စကြာမင်း

တိုင်းရင်းဆေးတိုက်

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သုဓမ္မာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၅၂၂၄၁

www.burmeselassic.com



◆ ပုံတောင်ပုံညာမှ ဖူးမြော်ရသည့် နံရံကပ်ဘုရားပေါင်းများစွာ ဖူးလှည့်ပါ

အံ့ဖွယ်စုံစွာ

ရွှေဖော်မြေ မောင်ကြည်သိန်း

# ဗုဒ္ဓတစ်ထောင် အကောက်တောင် (၁)

'ရေဝတီ၊ တိုင်းဌာနီရှိ မြို့ကြံခင်းအစ အကောက်တောင်ကဟု၊ ရှေးဟောင်း သိုင်းဝင်၊ ရွှေမြင်းတင်နှင့် နံရံကပ်ဘုရား ... ကပ်ပါးဝယ်၊ ရှုခင်းစုံလင်၊ တွေမြင် ... သည်။ ကြည်ညိုဖူးမျှော်၊ တောင်တော် ... ၊ ဦးပွားသိုက်တွင်း၊ နဂါးတွင်းနှင့်၊ ... ရောက်ခွန်း ရှုဖွယ်စုံသည်၊ ရေဝတီ'

*[တေးကဗျာ "ရေဝတီ"]*

... နေ့ရက်က (၂၆-၁-၂၀၁၆) ... တွေ ဝေနေတဲ့ နေ့တစ်နေ့ရဲ့ နံနက်ခင်း ညီအစ်ကိုလို ခင်ရှာတဲ့ ဟသ်ာဆန်စက် မန်နေဂျာ ကိုသက်လွင်(**B.A**) ရောက်လာပါတယ်။

'ကိုကြည်သိန်း အကောက်တောင် ရောက်ဖူးလား'

'ငယ်ဘဝ တက္ကသိုလ်ဝင်တန်း ကျောင်းသားတုန်းက ရန်ကုန်က ည(၁၀)နာရီရထားစီး၊ ပြည်ကို မနက်(၅)နာရီရောက်၊ အစုန်အဆန် တပြည်သူတို့ တော်ဝင်တို့ တိုးအေး သင်္ဘောတွေစီးပြီး မွေးရပ်မြေ တရုတ်မှော်ရွာလေး ပြန်တုန်းက သင်္ဘောပေါ်ကနေပြီး နံရံကပ်ဘုရား တွေ ဖူးမြော်ဖူးတယ်။ တောင်ပေါ် မရောက်ဖူးဘူး'

'မရောက်ဘူးရင် လိုက်ပို့ပေး မယ်။ သွားမယ် မဟုတ်လား'

'သွားချင်နေတာ ကြာပေါ့၊ ပို့မယ် သူ မရှိလို့ ကိုသက်လွင်'

'ကဲ...ဒါဆို ခုပဲသွားမယ်ဗျာ၊



www.burmeselassic.com

www.burmeseclassic.com





[illegible]
[illegible]
[illegible]
[illegible]

ဟိုမှာ ဆန်စက်ကို ပေါ်လာရောင်း တဲ့ ပွဲစားတွေ ရှိတယ်'

ဟွန်ဒါဆိုင်ကယ်လေးက လေကို ခွင်းပြီး ပြေးလွှားနေပြီ။ ကွမ်းညှပ် စင်ရွာ၊ မင်းကွန်း၊ တပ်သာ၊ အိုးထိမ်းကုန်း၊ မယားမန်၊ ချော ခေါ်၊ ထန်းကုန်း၊ ကန်သုံးဆင့် ကြီး၊ ကန်သုံးဆင့်လေး၊ သခွတ် ကုန်း၊ တောဟိုင်ပွဲသသ၊ ရွာတိုင်း၊ ဆင်သေ၊ ဖီးကျွန်း၊ ညောင်စာရေး စတဲ့ ရွာတွေ တရိပ်ရိပ် ဖြတ် ကျော်... ညောင်စာရေးရွာကြီးမှာ တစ်ထောက်နားတော့...

'ဟေး...မောင်ထွေး'

'ဟာ... ဆရာကိုသက်လွင်ပါ လား၊ လာဗျာ... ကျွန်တော် လက် ဖက်ရည် တိုက်ပါ့မယ်'

'နေပါစေကွာ၊ မင်း အလုပ်သွား မှာ မဟုတ်လား'

'ရပါတယ် ဆရာရယ်... ရောက် တုန်းပေါက်တုန်း နားပါဦး၊ အကောက်တောင်ကို ကျွန်တော် လိုက်ပို့ပေးပါမယ်၊ ပွဲထောင် အဆင် သင့်ပါ'

ဆိုင်ထဲရောက်လို့ တစ်အောင့် အကြာ "ထွန်းထွန်းဝင်း" တစ်ယောက် ပေါက်ချလာတယ်။

'ကိုကြည်သိန်း သိလား... သု ဟိုတုန်းက ရပ်ကွက်အုပ်ချုပ်ရေး မှူး၊ ဆန်စက်ပိုင်ရှင် ဘောစိ

'ကျွန်တော် မြင်ဖူးပါတယ် ကိုသက်လွင်စက်မှာ တွေ့ဖူးတ

လက်ဖက်ရည်ဖိုးကို ထွန်းထွ ဝင်းက စိုက်ရှင်းပေးလိုက်တ

'ကျွန်တော် မလိုက်တော့ဘူး မောင်ထွေး ပါနေပြီးသားပဲ'





www.burmeseclassic.com

www.burmeselassic.com

'ကျေးဇူးတင်ပါတယ်ဗျာ'
'ဟုတ်ကဲ့ပါ၊ နေမပူခင် သွားကြ
ပါ'
ရွှေတောင်ကနေ မိုင်(၂၀)ခရီး
(၁)နာရီသာသာနဲ့ ရောက်ခဲ့ပြီ၊ ကမ်း
ကို ကိုထွေးကတစ်စီး၊ စာရေးသူ
ကိုသက်လွင်ရယ်က တစ်စီး...
(၁၅)မိနစ်လောက်နဲ့ မြစ်ဆိပ်ရောက်
ပြီ၊ ကမ်းနဖူးက ရွာလေးအမည်က
တဲ့..."**ရောဦး**"ရွာတဲ့ မှန်းခြေ
(၂၀)ခန့်၊ ရွာကျောင်းလဲ ရှိလား
ရဲ့။
အေးမြကြည်လင်တဲ့ မြစ်ရေပြင်
ရေပန်းရေဖွားများ တဖွားဖွား
ပြီး အကောက်တောင်ဆီ
နေပြီ။ မကြာလှဘူး မိနစ်(၂၀)
နဲ့ ကမ်းကပ်ခဲ့ပြီ။
ခရီးလေးက လမ်းတို့ သာယာ
ဖြူးတယ်။ လမ်းသာတယ်။
တံတားက တစ်ဆင့် ထုံးဘို၊
အကောက်တောင်ခရီးက
ခြေ နံရံကပ်ဘုရားတွေ ဖူးမရ
ပဲ့ထောင် တစ်ခါငှားရမယ်။
လမ်းက (၃၅)မိုင်ခန့် ဝေးတယ်။
ကြောင့် မန်နေဂျာ ကိုသက်လွင်

ကြည်သိန်း... ခု ကျွန်တော်တို့
တဲ့ ခရီးလမ်းကို လူသိများအောင်
ပေးစမ်းပါဗျာ၊ ရွှေနတ်တောင်ဘုရား
ပြီးသွားရင် လမ်းပန်းသာပါတယ်'
ရားပေါ် အတက်အဆင်း
သွားလာနေကြပြီ။ ပြုံးပျော်
ကြတဲ့ မျက်ဝန်း၊ နားနားနေနေ
တန်းလေးတွေကိုင်ပြီး ရော
လှုနဲ့ တောတောင်ကျောက်



ရတနာ့မူဘုရား(၁)
ရွှေမြင်တင်ဘုရားမုံတက်



အုံ့မှုယ်တွေကြား
ရွှေစေတီဘုရား

ကမ်းပါး နံရံကပ်ဘုရားတွေ တစ်ဝ
ကြီး ဖူးမြော်ပြီး သကာလ လိုသော
ဆုတွေ ပန်ခြွေ၊ အောင်မြေမှာနင်း
ပြီး၊ အောင်ခြင်းအလီလီ ရပါစေ
သား...

### အကောက်တောင် သမိုင်းအစ

"သမ္မတီတိသမိုင်း" **ပေါရာ
ဏောဟိ**–ရှေးကတတ်သိ ပညာရှိတို့
သည်၊ **ယံဝစနံ** – အကြင်စကားကို၊
**သမ္မတိ** –ပြောဆိုသမုတ်အပ်၏၊
**ဣတိတသ္မာ**– ထို့ကြောင့်၊ **တံဝစနံ**
–ထိုစကားသည်၊ **သမိုင်း**–သမိုင်း
မည်၏။
မြန်မာနိုင်ငံအလယ်ပိုင်းရှိဟင်္သာတ
ခရိုင် မြောက်ဘက်နယ်ဆုံး၊ ပြည်
ခရိုင် တောင်ဘက်နယ်ဆုံး နယ်စပ်
နှစ်ခုကြား ဧရာဝတီမြစ်ကမ်းဆိပ်၌
ညို့ညို့မှိုင်းမှိုင်း ပင်ကိုင်းပင်စောက်
ပိတောက်ရွှေဝါ မာလာဖူးငုံ ပန်းစုံ


ရောယှက် နှစ်သက်ကြည်နူးဖွယ်
ကောင်းသော ဤအကောက်တောင်
ကြီးသည် ထင်ရှားစွာ တည်ရှိပါ၏။
ထို အကောက်တောင်ကြီး၏
အနောက်ဘက်၌ "**တောင်လတ်**"
နှင့် အနောက်ဘက်၌ ငယ်သော
တောင် "**တောင်ငယ်**"ဟု ခေါ်၍
ထိုတောင် (၃)လုံးသည် အစဉ်အား
ဖြင့် ထင်ရှားစွာ တည်ရှိနေပါသည်။

### သိုက်ပေါင်းစုံရှာ
### တောင်တော်မဟာ

ထိုအကောက်တောင်ကြီး၌ သိုက်
ပေါင်းများစွာ ရတနာရွှေငွေ အထွေ
ထွေသော ဥစ္စာပစ္စည်းတို့များစွာ ရှိ
ကြောင်းကို လည်းကောင်း၊ ပြဒါး
ဝိဇ္ဇာ, သံဝိဇ္ဇာ, အင်းဝိဇ္ဇာ, ဇော်ဂျီ
တပသီတို့ နှစ်သက်မွေ့လျော် သွား
လေ့လာလေ့ရှိကြောင်း ရှေးနှစ်ပေါင်း
များစွာမှသည် ယနေ့တိုင် ပြောဆိုသ
မှု ပြုနေကြပါသည်။

www.burmeselassic.com





▲ အကောက်တောင်ရှိ မူလပထမ ကျောက်ဆွယ်ကြီး
ရှုသက်ဖွယ်ကောင်းသောပုံ
◆ ရတနာပုံမှ ဘုရား(၁) ရှုဖွယ်ကောင်းဘုရား

ဤ အကောက်တောင်ကြီးသည် ရှေးအခါက ရတနာ(၃)ပါးတို့ ရှိရာ ဖြစ်သောကြောင့် "ရတနာပုံ တောင်"ဟု ခေါ်ပါသည်။

အကောက်တောင်ကြီး၏ အရှေ့ ဘက် ခရီး(၂)မိုင်လောက်အကွာ သာယာပြန့်ပြော အုံ့ဩဖွယ်ရာ ညီညွတ်စွာသော ကုန်းပြန့်မြေပြင် ကွက်လပ်ကြီးတစ်ခု ရှိသည်။

ထိုမြေပြင်ကွက်လပ်ကြီးမှာ ယခု အခါ အနီးအနားရွာများက တောင်ယာ ပဲခင်းနှင့် လယ်များ လုပ်ကိုင်စားသောက်ကြသည်။ အချို့နေရာမှာ ချုံနွယ်များ ဖုံးအုပ်နေခြင်း၊ သစ်တော ဝါးတောကြီးများ ဖြစ်လျက် ရှိပါသည်။

ရှေးနှစ်ပေါင်း (၂၀၀၀)ကျော် ကာလ စတုလောကပါလ သာသနာစောင့် နတ်တို့နှင့်တကွ သိကြား၊ ဗြဟ္မာ၊ ဝိဿ၊ ဇော်ဂျီ၊ တပသီတို့ ညီညာဖျဖျ ဝိုင်းဝန်းကြ၍ မြို့ရိုး မြို့တာ မီးကာကျုံးမြောင်း စသော မြို့အင်္ဂါနှင့်ညီညွတ်စွာ ကြက်ပျံမကျ စည်ကားလှသော မြို့ကြီးတစ်မြို့ ရှိခဲ့သည်ဟု ဆိုကြသည်။ ထိုမြို့အမည်ကား "သီရိဘာဂလွန် မြို့"ဟု ခေါ်တွင်ကြောင်း မှတ်သား ရပါသည်။

## သီရိဘာဂလွန်မြို့ကြီး

### စိုးစံအုပ်ချုပ် မင်းလုပ်တော်မူ

သီရိဘာဂလွန်မြို့ကြီးကို အုပ်ချုပ်တော်မူသော **သီရိဘာဂလွန်မင်းကြီးသည်** မင်းကျင့်တရားဆယ်ပါး၊ ဗြဟ္မာ စိုရ်တရားလေးပါး စသော ရာဇဓမ္မနှင့်အညီမင်းပြုတော်မူခဲ့သည်။

မင်းကြီး၏ တောင်နန်းစံမှ ဖွားမြင်သော သားတော်(၃)ပါး ရှိခဲ့သည်။ သားတော်ကြီးမှာ "**မဟာပုဏ္ဏမင်းသား**"၊ သားတော်အလတ်မှာ "**စူဠပုဏ္ဏမင်းသား**"၊ သားတော်ငယ်မှာ "**သံပုဏ္ဏမင်း**"ဟူ၍ သားတော်(၃)ပါး ထွန်းကားခဲ့ပါသည်။

ထိုမင်းကြီး၏ ဘုန်းတန်ခိုးအာ[illegible] ဘော်ကြောင့် သိကြားမင်း ကို[illegible] တိုင် "**ဝဇ္ဇာဟက**"တိမ်ညွန့်[illegible] "**သီဟဝနတ်မြင်း**"နှင့်တကွ "[illegible] **မယပဏ္ဍုမြား**" မင်းမြော[illegible] တန်ဆာ(၅)ပါးတို့ကို ဆက်သ[illegible] သည်။

သီရိဘာဂလွန်မင်းကြီးသည် သ[illegible] တော်ကြီး "**မဟာပုဏ္ဏမင်းသား**"[illegible] သိန္ဓဝနတ်မြင်းပျံကိုပေး၍ အိမ်[illegible] အရာ ပေးသနားတော်မူလေသ[illegible]

"**မဟာပုဏ္ဏမင်းသား**"သ[illegible] နတ် မြင်းကိုစီး၍ မြို့၏ အ[illegible] တောင်၊ မြောက်အားဖြင့် [illegible] တစ်တိုင်မျှလောက် နံနက်တစ်[illegible] ညနေ တစ်ကြိမ် တစ်နေ့နှစ်ကြိ[illegible] မြင်းစိုင်းလေ့ရှိသည်။

သို့ပါသောကြောင့် "**တစ်**[illegible] **မောမော၊ မြင်းစိုင်းကြော**" [illegible] လည်းကောင်း၊ "**ကုန်း**[illegible] **ချော၊ မြင်းစိုင်းကြော**"ဟူ၍ [illegible]



www.burmeselassic.com

www.burmeselassic.com

ကောင်း ယနေ့တိုင် ခေါ်စမှတ် ပြုကြပါသည်။

သူနိုးကြမ်းကြီး ဧသောက်ကြာ

ဒူးဖြတ် သတ်ရာအရပ်

သီရိဘာဂ်လွန်မင်းကြီး လက်ထက် အလွန်တရာဆိုးသွမ်းသော သူခိုးကြမ်းကြီး "ငသောက်ကြာ" ပေါ်ပေါက်ခဲ့ဖူးသည်။

ဘုရင်မင်းမြတ် ရွှေနားတော်ကြားသဖြင့် သူခိုးငသောကြာကို (၃)ကြိမ်ဖမ်း၍ ရောဝတီမြစ်ကမ်းဆိပ်၌ ဒူးဖြတ်သတ်စေဟု မိန့်တော်မူဖူးသည်။

သုံးကြိမ်သုံးခါ ဆိုဆုံးမ၍ လွှတ်ပေးခဲ့သော်လည်း နောက်ဆုံးအနေဖြင့် ဆိုဆုံးမမရ၍ ဒူးဖြတ်သတ်သောအရပ်ကို ယနေ့တိုင် **"သောကြာဒူး"ဆိုသော ရွာငယ်** ရောဝတီကမ်းနဖူးမှာ ယနေ့တိုင် တွေ့နိုင်ပါသည်။

စာရေးသူတို့ တရုတ်မှော်ရွာအနောက်ဘက်ကမ်း **ပေါက်တိုင်၊ ဆိပ်သာ၊ နံကပ်၊ ရေဝင်ကြီး၊ သောကြာဒူးရွာရယ်လို့** ယနေ့တိုင် တွေ့နိုင်ပါသေးသည်။

ဗုဒ္ဓဂယာ ကျောင်းထိုင်ဆရာတော်ကြီး **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဉာဏိန္ဒ ထေ်တော် ဒေါ်ခလေးမ(ခ)ဒေါ်ပုသည် ဤကြခင်းမြို့နယ်၊ နံကပ်ကြီးကျေးရွာဇာတိသူ** ဖြစ်ပါသည်။

သောကြာဒူးအရပ်နှင့် သီရိဘာဂ်လွန်မြို့သို့ ဆက်သွယ်၍ လမ်းကြီးလမ်း



▲ မုံထောင်တပ်မှ ဖူးမ
ရွှေလှည်းတင်ဘုရား



▲ ရောနှီးအလှဆုံး
မုံထောင်ဆိပ်ကမ်းစခန်း

ငယ်အသွယ်သွယ် ဖောက်လုပ်ထားသည်ကို ဘုရင့်ရွှေနားတော် ပေါက်ကြားတော်မူပါသည်။

ထိုအခါ၌ ဤမြို့နေသူ လူအများတွင် အမည်တူ လင်မယား ထင်ရှားစွာရှိပါက မြို့စားရွာစားနှင့်တကွ ဈေးခေါင်းရာထူး ခန့်ထားစေမည်ဟု မောင်းကြေးနင်းခတ်စရာ သောကြာဒူးအရပ်မှ **"လင်ဘိုးခွေး၊ မယားမယ်ခွေး"** ပေါ်ပေါက်ခဲ့ရာ အမိန့်တော်အတိုင်း မြို့စားရွာစားနှင့် ဈေးခေါင်း ရာထူးပေးသနားတော်မူကြောင်း၊ ဘိုးခွေး, မယ်ခွေးသည် ပစ္စည်းဥစ္စာပေါများခြင်း၊ သြဇာအာဏာကြီးမားခြင်းနှင့် ပြည့်စုံကြောင်း မှတ်သားဖူးပါသည်။

အုံ့ဖွယ်ထူးဆန်း ရေမခန်း

သီရိဘာဂ်လွန်မြို့ကြီး မပျက်စီးခင်ကာလ ခရီးတစ်တိုင်ကွာတွင် ကျောက်ပြင်သာ ကျောက်ဖျာကြီးတစ်ခုရှိသည်။ ထိုကျောက်ဖျာကြီး အလယ်၌ အကျယ်တစ်တောင်၊ အနက်တစ်ထွာခန့်မျှ ရှိသော ကျောက်ခွက်တွင်းငယ်တစ်ခု ရှိသည်။

ရေအပြည့်ရှိ၍ ထိုရေသည် ဘေးသို့ လျှံမကျ၊ (၁၂)ရာသီလုံး ခန်းခြောက်မှု မရှိ လူအများ ခပ်၍မကုန်နိုင်။ ထိုတွင်းကို **ကျောက်တွင်းကလေး**ဟု ခေါ်စမှတ် ပြုကြသည်။ အနီးရှိ ရွာငယ်ကို **ကျောက်တွင်းရွာကလေး**ဟု ခေါ်ပါသည်။

ထိုရွာကလေး၏ အရှေ့ဘက်(၁)မိုင် သာသာမှ ဝိဇ္ဇာ,ဇော်ဂျီ,တပသီတို့ ပြုပြင်စီမံထားခဲ့သော ကျောက်ဂူကြီးတစ်ခုရှိသည်။ ထိုဂူကြီးသည် အဝ မြောက်ဘက်သို့ လှည့်၍ တောင်ဘက်ကို ခရီး(၈)မိုင်ခန့် ရှည်လျားသည်။

ထိုဂူကြီးမှ အရှေ့(၁)ဖာလုံခွာသွားသောအခါ ချောင်းကြီးတစ်ခုရှိ



www.burmeselassic.com

www.burmeselassic.com

သည်။ ချောင်းမကြီးဟု ခေါ်သည်။ ချောင်းလက်တက်တို့ ပေါ်များသည်။

ချောင်းမကြီးအတွင်း၌ လက်ပံဖြူပွင့်ကိုစားသော မိကျောင်းတစ်ကောင်ရှိသည်။ ကျောက်မိကျောင်း ဖြစ်သည်။

ချောင်းမကြီးနှင့် ဆက်သွယ်သော ချောင်းလက်တက်ငယ်များ၌ အံ့ဩဖွယ်ရာ **စမ်းကြီး(၉)စမ်း** ရှိသည်။

၁။ ကျောက်တွင်းစမ်း
၂။ ရင်းပင်သာစမ်း
၃။ ချိုးဖြူစမ်း
၄။ သရက်ပင်စမ်း
၅။ ခွေးတောက်ပင်စမ်း၊
၆။ ဆူးပုပ်ပင်စမ်း
၇။ ကွမ်းပင်စမ်း၊
၈။ ဝက်ချောင်းစမ်း၊
၉။ ရေသယောက်စမ်း

ဟူ၍ စမ်း(၉)စမ်းရှိသည်။

ထိုချောင်းကြီးသည် အထက်သို့ ရေဆန်၍ အမြစ်ဆင်းပြီး အတောင်(၂၀)နက်သော ကျောက်ခွက်ကြီးထဲသို့ တဝုန်းဝုန်း၊ တဒိုင်းဒိုင်း၊ တချုံးချုံး အမြဲကျလျက် ရှိသည်။ သို့အတွက် ယင်းနေရာကို "**ချုံးချုံးကျ**"ဟု ယနေ့တိုင် တွေ့နိုင်ပါသည်။ **(မှတ်ချက် ။ ။အချိန်မရ၍ မလေ့လာခဲ့ရပါ။)**

*စာရေးသူ*

## သားတော်(၃)ပါး ဘုရားတည်ပြီ

သီရိဘင်္ဂလွန်မင်းကြီးကို မြတ်စွာဘုရား သရီရဓာတ်တော်(၃)ဆူကို



▲ ပုဍ္ဎာစ်တောင် အကောက်တောင် မုံ့တောင်သပိပ် အဝင်လမ်း

မင်းကြီးအား ပူဇော်ရန် သိကြားမင်း ဆက်သတော်မူလေသည်။

မင်းကြီးသည် သားတော်(၃)ပါးကို တစ်ပါးလျှင် ဓာတ်တော်တစ်ဆူစီ ပေးသနား၍ ဘုရားစေတီ တည်ထား ကိုးကွယ်စေရမည်ဟု အမိန့်တော်မှတ်သည်။

သို့နှင့် **သားတော်ကြီး "မဟာပုဍ္ဎမင်းသား"**သည် **"ရတနာပုဍ္ဎတောင်စွန်း"**၌ ဘုရားတည်ထားရန် စီမံခဲ့သည်။

**"မဟာပုဍ္ဎမင်းသား"သည်** သိန္ဓဝနတ်မြင်းနှင့် ရွှေကို တလေးတင်၍ ရတနာပုဍ္ဎတောင်စွန်း၌ ကျောက်ဖျာလေးချပ်ကို အတွင်း၌ အကာပြု၍ ရွှေအပြည့်ထည့်လျက်- အပေါ်မှ တစ်ချပ်သော ကျောက်ဖျာကို ဖုံးအုပ်ပြီး ဌာပနာ၍ ဘုရားတည်၏ **"ရတနာပုဍ္ဎဘုရား"**ဟု ဘွဲ့တော်ပေးခဲ့၏။ ရွှေကို မြင်းနှင့်တင်၍ ဌာပနာသောကြောင့် **"ရွှေမြင်းတင်ဘုရား"**ဟု အမည်တွင်၏။ **(ပုံတွင်ရှုပါ)**

**ညီအလတ် "စူဠပုဍ္ဎမင်းသား"**သည် ဘုရားမှတောင်ဘက် (၁)ဖာလုံ တောင်စွန်းတစ်ခုပေါ်၌ ဘုရားတည်ရန် စီမံ၏။

ဝိဇ္ဇာဇော်ဂျီတို့မှ မင်းသားကို ဘုရားတည်ရန် ရွှေငွေ အလိုသလောက်ပေးအပ်ရာ "စူဠပုဍ္ဎမင်းသား"သည် ရွှေကို ရထားနှင့်တင်၍ ဌာပနာ၍ ဘုရားတည်၏ ဘွဲ့တော်မှာ **"ရထား ပုဍ္ဎဘုရား"**ဟု တွင်လေ၏။

**ညီအငယ် သံပုဍ္ဎမင်းသားသည်** မြောက်ဘက် (၁)ဖာလုံလောက် တောင်စွန်းတစ်ခုပေါ်၌ ဘုရားတည်ထားရန် စီမံပြန်၏။ ရွှေကို လှည်းနှင့် အပြည့်တင်၍ ဌာပနာပြီး ဘုရားတည်ထားပြန်၏။ ဘွဲ့တော်မှာ **"သကဋ္ဌာပုဍ္ဎဘုရား"**ဟု ဘွဲ့တော်မည်၏။

သို့သော် တောင်,မြောက်ဘုရား (၂)ဆူမှာ မသမာသူများ ဘုရားဖောက် သိုက်တူးသောကြောင့် ပျက်စီးခြင်းသို့ ရောက်ခဲ့ရရှာသည်။

မြောက်ဘက် ဘုရားနေရာကို ထုံးဘိုရွာမှ ဒါယကာကြီး ဦးအောင်မင်းက ထပ်မံ တည်ထားပြန်သော်လည်း တစ်ဖန် သိုက်တူးကြပြန်၍ ပျက်စီးခဲ့ရပြန်သည်။ စာရေးသူ ဖူးတွေ့ခဲ့ရပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ရွှေမော်မြေ မောင်ကြည်သိန်း



www.burmeselassic.com

www.burmeselassic.com




# [illegible]
# အမှတ်အသား


"ခ" လက်ခလယ် အောက်ခြေ ကပ်လျက် စနေဂြိုဟ်ခွင်တွင် သန်လျက်ပုံ မင်္ဂလာအခြံအရံ သင်္ကေတ ရှိခြင်း။

* * *




"ဂ"အသက်လမ်းကြောင်း အဖျားတွင် အပေါ်ထောင်တက်နေသော ရည်မှန်းချက်ထင်ရှားပါရှိပြီး ဦးခေါင်းလမ်းအဖျားနှင့် အသက်လမ်းဖျား ကွာဟနေခြင်း။

* * *




အမျိုးသမီးတစ်ဦးသည် သူမ၏ မိသားစုအတွင်းမှာ ည်းကောင်း၊ သူမ၏အလုပ်အကိုင်တွင် လည်းကောင်း၊ နေထိုင်ရာ ဒေသဝန်းကျင်တွင် လည်းကောင်း၊ ဩဇာ ရှိသူ တစ်နည်းအားဖြင့် ရာဇယုဂ်ရသူဆိုလျှင် က်ဖော်ပြပါ အမှတ်အသားများအနက် အနည်းဆုံး တော့ ရှိဖို့လိုပါသည်။ ထိုအမှတ်အသားမျိုး (၁)ခု င် (၃၀%)၊ (၂)ခုရှိလျှင် (၆၀%)၊ (၃)ခုရှိလျှင်(၉၀%) ယုဂ်ရှိသည်။

"က"လက်ညှိုးလက်ချောင်းထိပ်တွင် **ခရုပတ်ဗွေ** ခြင်း။

* * *




အမျိုးသမီး ဘယ်ဘက်လက်ဖဝါးတွင် ကြည့်ရခြင်း ဖြစ်ပါသည်။

***လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်***


ဆရာကြီးဦးအောင်မြိုင် *(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ




www.burmeselassic.com

www.burmeselassic.com


မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး သမားတော် ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး)၊ ဖခင်ဒေါ်ကျင်သိန်းမိသားစု (သမားအိုဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အင်ဖြေကျော်လေဆေးလျက်ဆား



ဦးစိန်ကောင်း၏

သမားအို အမှတ်တံဆိပ်

ငှက်ဖျားရောဂါသောက်ဆေး

ဝရာ၁ Y၀၀၉၀၇၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးမြန်မပတ်စေရ အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

**ဒေါ်စင်စင်ထွေး၏**

**သမားအို အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ဝရာ၁ Y၀၀၉၀၇၄**

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အမှ,အစပ်၊ အချဉ်,အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

**ဒေါ်ဆေးဆေးစွတ်**

**သမားအို အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ဝ၅၁၂ Y၀၀၉၆၉၆**

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရွှရွှတက်ဖြစ်နေခြင်း၊ တရှီးရှီးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ် ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဒေါ်နှင်းနှင်းကြည်၏**

**သမားအို အမှတ်တံဆိပ် ယားနာသောက်ဆေး ဝရာ၁ Y၀၀၉၀၇၂**

ပိုးမွှားတီရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အမှ,အစပ်,အချို,အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း ယခင်က ဝမ်းကိုက်,သွေးပျက်,ဝမ်းလျှော,အသည်းရောင်နှင့် သည်းခြေ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး,သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကွဲသို့ ရေကြည်ဖုကလေးများဖြစ်ခြင်း ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

**ဦးသန်းဇော်၏**

**သမားအို အမှတ်တံဆိပ် အင်ဖြေကျော်လေဆေးလျက်ဆား ဝရာ၁ Y၀၀၉၀၀၄**

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှော ဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနုံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ် ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ရှည် ဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တ... ၀၂၉၁၇) ဖုန်း–၀၉–၄၉၂၆၆၄၅၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**


**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း ၂၉၆၁၃၀ အဖြိုပြီးရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

**၅၀ နှစ်ပြည့်ရောင်ခြည်မဂ္ဂဇင်း**

www.burmeselassic.com

www.burmeselassic.com



◆ လောကနာထဂူဘုရား

စင်သိုင်ယ်

အသွင်ထူးခြားသည့်

# လောကနာထ ဂူဘုရား

ကနာထ ဂူဘုရားသည် **ရထာလမ်းမကြီး၏ တောင် ဆုံလေကုန်းဘုရားများအစု၏ တောင်အရပ်၊ ယာတစ်ခင်း ခန့်တွင် တည်ရှိသည်။** ခေါ် ဝက်ကြီးအင်းချောင်း၏ ဘက်ကျ၍ **ရှေးဟောင်း ၂၀၁)** ရေးထိုးထားသည်။ ရားဖူး အရောက်ပေါက်နည်းပါး သီးခြားတည်ရှိနေသည့် စေတီ ဖြစ်သည်။ အေဒီ(၁၁)ရာစု ဖြစ်၍ မုခ်ချိုင့်များအတွင်းရှိ ပုံအင်္ဂတေ လက်ရာကြောင့် သည့် တစ်ဆူတည်းသော ဖြစ်လေသည်။ **အတွင်း လောကနာထ (ဘုရားအလောင်း) ဗောဓိသတ္တရုပ် တည်ရှိသောစေတီသည်**ပုဂံညောင်ဦး ဒေသတွင် ဤတစ်ဆူတည်းသာ ရှိသည်။

ပိတ်ပန်းချီဆရာ ကိုကျော်မင်းဆွေ ဦးဆောင်ခေါ်ငင်သွားသဖြင့် ထိုဘုရားသို့ ရောက်ရှိခဲ့ရာ ဘုရားပတ်ဝန်းကျင်နှင့် အဝင်မုခ်ဦးအခြေအထိ ဆူးချုံများ ဖုံးလွှမ်းနေသည်ကို တွေ့ရသည်။


သဘာဝလိုဏ်ဂူသဏ္ဌာန် ပြုလုပ်ထားသဖြင့် လိုဏ်ဂူအတွင်း အလင်းရောင်အားနည်းသည်။ အုတ်ဇာပြတင်းများ ရှိသော်လည်း ပတ်ဝန်းကျင်တွင် ရှင်သန်ပေါက်ရောက်နေသော ဆူးချုံများကြောင့် ပိုမိုမည်းမှောင်နေလေသည်။

လူအဝင်အထွက် နည်းပါးသောကြောင့် ပိုးကောင်၊ မွှားကောင်များ ခိုအောင်းနေနိုင်သဖြင့် ဆူဆူညံညံ အသံပေးကာ အတန်ကြာစောင့်ကြည့်၍ ထူးခြားမှုမရှိသောအခါ အတွင်းသို့ တရွေ့ရွေ့ ဝင်ကြည့်ရသည်။

လိုဏ်နှစ်ထပ် ဂူဘုရားဖြစ်၍ အနောက်လှည့်မုခ် အာရုံခံ ပါရှိသည်။ အုတ်တိုက်မအထက် လေးထောင့်ဂူမုခ်ခံ အရံစေတီလေးဆူ တည်ရှိသည်။ အလယ်တွင် လေးထောင့်အုတ်ခုံခံ၍ ကွမ်းတောင်ပေါက်စေတီ တည်ထားသည်။

အလယ်မဏ္ဍိုင်၏ အရှေ့နှင့် အနောက်ဘက်တို့တွင် ဗုဒ္ဓဆင်းတုတော်တစ်ဆူစီ ပူဇော်ထားကာ တောင်

www.burmeselassic.com




▲ အနုစိတ်ကနုတ်ပါသော အုတ်ဇာပြတင်း




အတွင်းမှ လောကနာထပုံတော် ▶

▼ ပိတ်ဆို့နေသော

မြေအောက်လှိုဏ်အဝင်ဝ





▼ မုခ်ဦးတံခါး ရာမသီလုံးများ

www.burmeselassic.com

www.burmeselassic.com





▲ တောင်အထပ်ထပ်နှင့် လိုက်ဂူသကျွာန်

◀ စိုင်းပေါင်နှင့် တိုင်ပုံးတစ်လျှောက် ခြယ်လှယ်မှုများ

▼ မာန်ပါလှသော ထိပ်ထောင့်ဘီလူးရုပ်



ခြောက်ဘက်တို့တွင် လက်ယာဒူး
အောက်ချထိုင်နေဟန်
ကနာထပုံတော်တစ်ဆူစီ ရှိကြ
သည်။ လက်ဝဲလက်ကို ရင်ညွှန့်
ထားကာ လက်ယာလက်အား
လှန်၍ တင်ထားသည်။

ရင်းကျန်ရှိသော အုတ်အရာပေါ်
အသစ်မွမ်းမံထားခြင်းဖြစ်သည်။

ရာစုကာလတွင် တည်ဆောက်
စေတီဖြစ်ရာ **မြောက်ပိုင်း
ဒါနှင့် ထေရဝါဒဗုဒ္ဓအယူအဆ
များ ပေါင်းစပ်ပါဝင်နေသည့် စေတီ
ဖြစ်သည်။**

ခင်က ဤဘုရားအတွင်း၌ (၁၁)
လက်ရာ ပိတ်ပန်းချီကားတစ်ချပ်
သည်ဟုဆိုသော်လည်း ယခု
တွင် မတွေ့ရှိရတော့ပေ။

လှိုဏ်တံကဲများမှာ ပြောင်မြောက်
သော ပန်းတော့လက်ရာများ ဖြစ်
သည်။ ခြူးပန်း ခြူးနွယ်များ၊
နတ်ရုပ်များဖြင့်အထူးတလည်တန်ဆာ
ဆင်ထားသည်။ ရာမလက်ညှိုး၊ စိုင်
ပေါင်စသည်တို့တွင် ပန်းခက်များကို
အနုစိတ် ခြယ်လှယ်ထားသည်။

မုခ်တံကဲအစွန်း၊ တိုင်ထောင့်များရှိ
ဖောင်းကြွဘီလူးရုပ်တုများမှာ မာန်
ပါလှလေသည်။ မုခ်တံကဲအထက်တွင်
တောင်အထပ်ထပ်နှင့် ဂူဝသဏ္ဍာန်
တို့ကို အင်္ဂတေဖြင့် သွန်းလုပ်ထား
လေသည်။

ပုဂံဘုရားဦးတစ်ပိုက်တွင် ဤသို့
အင်္ဂတေဖြင့် သရုပ်ဖော်ထားသည့်
စေတီ ဤတစ်ဆူတည်းသာရှိသည်ဟု
သိရှိရသည်။

တိုက်မကြီး၏ အရှေ့တောင်ထောင့်
တွင် **လူတစ်ကိုယ်စာဝင်နိုင်သော
လိုဏ်ဥမင်တစ်ခု** တွေ့ရှိရသည်။
အတွင်းသို့ တဖြည်းဖြည်း နိမ့်ဆင်း
သွားကာ မြေပြိုပိတ်ဆို့နေသည်ကို
တွေ့ရသည်။ မည်သည့်အရပ်သို့တိုင်
ပေါက်ရောက်သည်ကို မသိရှိရချေ။

လောကနာထ ဂူဘုရားသည်
ထေရဝါဒသာသနာခေတ်ဦး ကိုးကွယ်
ယုံကြည်မှု အခြေအနေကို ဖော်ပြ

www.burmeselassic.com

သည့် အနုစိတ်ပန်းတော့လက်ရာများ တည်ရှိသည့် ရှားပါးသော စေတီဖြစ်၍ နိုင်ငံခြားဧည့်သည်များနှင့် သုတေသီများသာ လာရောက်လေ့ရှိကြောင်း သိရသည်။

ထူးခြားသော အယူအဆနှင့် ခမ်းနားသော အနုလက်ရာများဖြစ်လေရာ အချိန်ယူ၍ သွားရောက်လေ့လာသင့်သောနေရာပင် ဖြစ်လေသည်။

**ဇင်ညိုငယ်**




လောကနာထဂူဘုရား တည်ရာလမ်းညွှန်

အထူးလမ်းညွှန်ချက်

ဤဘုရားအတွင်း စံပယ်တော်မူသော လောကနာထ ဗောဓိသတ္တ၏ ပုံဟန်သည် ရှေးမြန်မာမှု အနုပညာနယ်ပယ်၌ နတ်သိကြားများ၏ ကကြိုး၊ ကကွက်၊ ကဟန်အနေအထားများကို ပုံစံပြညွှန်းဆိုသော **လလိတခေပမုဒြာ**ပုံဟန် ဖြစ်လေသည်။

"**လလိတခေပ**" မုဒြာပုံဟန်ဖြင့် စံပယ်တော်မူသော ဗောဓိသတ္တ ပဉ္စကဗုဒ္ဓ ဗုဒ္ဓရုပ်ပွားတော်များအား သဒ္ဓါ တရားထက်သန်စွာ ပူဇော်ကြည်ညိုခြင်းဖြင့် အသိဉာဏ်ပညာ ပွင့်လင်းခြင်း၊ ရာထူးအလုပ်အကိုင် တိုးတက်မြင့်မားခြင်း ဘေးဒုက္ခဆင်းရဲမှုအပေါင်းမှ လွတ်မြောက်ခြင်းစသည့် အကျိုးများ ခံစားရရှိစေနိုင်ကြောင်း သိရှိရပေသည်။

စာမျက်နှာ (၄၅)မှ အဆက်

သွားတိုင်း ကိုယ်မပါနိုင်တာတွေ ရှိခဲ့တယ်။ အဲဒီလိုရှိနေတဲ့တစ်ည အိပ်မက်မက်သလိုသံဃာတော် အရှင်သူမြတ်တစ်ပါး ကောင်းကင်မှာ ရပ်နေတာ ဖူးရတုန်း နားထဲမှာ စကားသံကို ပီပီသသ ကြားရတယ်။ ကြားရတဲ့စကားသံက 'ကျောက်ကပ်ရောဂါ ပျောက်တဲ့ဆေးနည်း' ဆိုပြီး အောက်ပါဆေးနည်း ပေးခဲ့တာပါ။

ကျောက်ကပ်ရောဂါ ပျောက်သောနည်း

အလေ့ကျပေါက်သော "ပိန်ရိုးအနက်ပင်"၏ ပွင့်ပါးကို ရေစင်စင်ဆေးပါ။ ပင်စည်ရိုး ခြောက်လက်မအရှည်ရှိသော ပိန်ရိုးအနက်ပင်ဖြစ်လျှင် သကြားနှစ်ကျပ်ခွဲသားနှင့် အိုးသန့်သန့်တွင် ရေသန့်ဖလားအငယ်တစ်လုံး ရေပါရော၍ သုံးပုံတစ်ပုံ ရေကျန်သည်အထိ ကျိုချက်ပါ။

ဆေးရည်သုံးပုံတစ်ပုံအကျန်ကို နောက်ထပ် သုံးပုံတစ်ပုံကျန်သည်အထိ ထပ်မံကျိုချက်ပါ။ သုံးကြိမ်သုံးခါကျိုချက်ပြီးသားဆေးရည်၏ အရသာမှာ ဖန်ချိုချိုဖြစ်သည်။

သုံးရက်ဆက်တိုက် တစ်နေ့သုံးခွက်သောက်သည်နှင့် ရောဂါမှာ သိသိသာသာ သက်သာလာပါလိမ့်မည်။ ရောဂါနုလျှင် (၁၀)ရက်ထက်ပိုမသောက်ရပါ။ ရောဂါရင့်သော်အလွန်ဆုံး(၁)လ အထိဆက်တိုက်သောက်ခြင်းဖြင့် "ကျောက်ကပ်ရောဂါ" ပျောက်ကင်းမည်ဖြစ်ပါသည်။

**"ကျောက်ကပ်ရောဂါ ပျောက်သောနည်း" ပေးသော ဦးစိုးမောင်ကို ရောဂါဝေဒနာရှင်များကိုယ်စား များစွာ ကျေးဇူးတင်ပါသည်။**

**ပန်းတနော်နောင်လတ်**


**နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတိုက်နှင့် ဆက်သွယ် နိုင်သော ဖုန်းနံပါတ်များ...**

**၀၉-၇၇၆၃၄၉၇**

**၀၉-၈၆၈၀၀၄၃**




www.burmeselassic.com

www.burmeselassic.com

ပန်းတနော်နော်လော်

# ကျောက်ကပ်ရောဂါဆေးထွက်

ဆေးတစ်လက်

မြေစာရင်းဝန်ထမ်း ဦးကျော်ကျော်မိုး ဘက်စုံသားဖွားဆရာမ ဒေါ်မြင့်မြင့်စိုး သားကြီး စမင်းသန့်နိုင်၊ သားငယ် ကျော်ဘုန်းခန့်မိသားစုတို့၏ **"ရဟန်းခံ ရှင်ပြုအလှူမင်္ဂလာပွဲကြီး"**၏ အကြိုနေ့မှာ ၁၃၇၈–ခုနှစ်၊ တန်ခူး လဆန်း (၂)ရက်၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ (၈)ရက် စနေနေ့ဖြစ်သည်။

ထိုအလှူမင်္ဂလာပွဲကြီးတွင် စာရေးသူလည်း ဒုလ္လဘရဟန်းတစ်ပါးအဖြစ် ပါဝင်ခဲ့သည်။

အလှူမင်္ဂလာပွဲကြီးကို ပန်းတနော်မြို့နယ်၊ ဇရပ်လှကြီး ကျေးရွာ၊ ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်း၌ စည်ကားစွာကျင်းပခဲ့ပြီး ဝိပဿနာအလုပ်ပေးစခန်းနှင့် တရားအလှူကိုပါ ဦးကျော်ကျော်မိုး၊ ဒေါ်မြင့်မြင့်စိုးတို့မိသားစုက စေတနာသဒ္ဓါတရား ဖြူစင်စွာ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော သုံးနှစ်မှစသော သံဃာတော်(၁၀၀)ဝန်းကျင် အလှူမင်္ဂလာသဘင်တွင် ပါဝင်ဒုလ္လဘရဟန်းခံခဲ့ကြသော စာရေးသူနှင့် မိတ်ဆွေများတွင် **အသက်(၈၂)နှစ် ရှိပြီဖြစ်သော "ဦးစိုးမောင်"**လည်း ပါဝင်သည်။

'ဦးကျော်ကျော်မိုးတို့အလှူက ဒါသာမအကြိမ်နော် ဆရာ'

'ဦးစိုးမောင်သိပြီးသားပဲ။ ကျန်ခဲ့တဲ့သုံးနှစ်ရဲ့အလှူ့ရှင်က "ဆရာမ ဒေါ်မြင့်မြင့်သန်း"နဲ့ သူ့မောင်လေး "ဦးမောင်မောင်သန်း"တို့အလှူ။

သူတို့မောင်နှမရဲ့ ညီမ "ဒေါ်ဖြူဖြူသန်း"နဲ့ သူ့ခင်ပွန်း "အငြိမ်းစားလက်ထောက်ပညာရေးမှူးဆရာဦးသန်းထွန်း"တို့လည်း အလှူ့ရှင်ဖြစ်တယ်။ ဒီနှစ်



သကြိမ်မှာ ပထမအကြိမ်လှူတဲ့ အလှူ့ရှင်က ဦးကျော်ကျော်မိုးတို့ မိသားစု'

အလှူက အလှူကြီး။ ထို့ကြောင့် တစ်ရက်ကြိုပြီး ရဟန်းလောင်းများကို နံနက်ပိုင်းတွင် ရှင်ဖြစ်ပေးပြီး ညနေချိန်၌ "ခဏ္ဍာသိမ်တော်ကြီး"အတွင်း၌ ရဟန်းခံပေးခဲ့ခြင်းဖြစ်သည်။

ရဟန်းဖြစ်ပြီးစ စာရေးသူတို့က အားလပ်ချိန်ရနေသေးခိုက် စကားဝိုင်းဖွဲ့ခဲ့ခြင်းဖြစ်သည်။

ပူပူလောလောရထားသော ရဟန်းဘွဲ့ကို စာရေးသူတို့မခေါ်။

'ဦးစိုးမောင် ခင်ဗျားတို့ဆီမှာ (၇) ရက်တရားစခန်းပွဲ ဒီနှစ် လုပ်ဖြစ်ဦးမလား'

'လုပ်ဖြစ်မှာပေါ့ ဦးဝင်းကြည်ရဲ့။ ဘယ်အပျက်ခံမလဲ'

'တရားဟော ဓမ္မကထိကက ကျန်းမာရေးမကောင်းလို့ မလာနိုင်ဘူးကြားထားလို့'

'အရင်ကတော့ ကျန်းမာရေးမကောင်းတာ အမှန်ပဲ'

'ဘာမကောင်းတာလဲ'

'ကျောက်ကပ်'

ထိုအခါ ဦးစောလှအောင်က...

'ဆေးမျိုးစုံပေါ်နေသလို ရောဂါမျိုးစုံဖြစ်နေတာပဲဗျာ။ ကျောက်ကပ်ရောဂါက ကြောက်စရာ သိပ်ကောင်းတယ်'

ဟု ပြောလိုက်ရာ ဦးစိုးမောင်က...

'ဦးစောလှအောင်ပြောတာ မှန်ပါတယ်။ ဒါပေမယ့် အခု ကျောက်ကပ်ရောဂါဖြစ်ရင် ကြောက်စရာမလိုတော့ဘူး။ ဆေးနည်းကောင်းရပြီ။ ဒီဆေးကြောင့် ဓမ္မကထိကဆရာတော် ပြန်ကျန်းမာလာတာ'

ဆိုပြီး ပြောခဲ့သည်။

ဦးဝင်းကြည်ကလည်း...

'ဟုတ်လား၊ ဘာဆေးလဲ၊ ဆေးနည်း၊ ဘယ်ကရတနာလဲ'

ဟု မေးရာ ဦးစိုးမောင်က...

'ကျောက်ကပ်ရောဂါ ပျောက်တဲ့ဆေး၊ ဆေးနည်းကို အိပ်မက်ထဲက အသံတော်က ပေးတာ'

ဆိုသောအခါ စာရေးသူ စိတ်ဝင်စားခဲ့သည်။

'အိပ်မက်ထဲက အသံတော်က ဘယ်လိုပေးတာလဲ ဦးစိုးမောင်'

'ဓမ္မကထိကဆရာတော်က တရားအလုပ်ကို ရှုပ်ရှုပ်ရှုံ့ရှုံ့ ကြိုးစားအားထုတ်နေတယ်။ ဒါပေမယ့် ကျောက်ကပ်ရောဂါကြောင့် စိတ်


စာမျက်နှာ(၇၇)သို့

www.burmeseclassic.com



မောင်ခင်သောက်ကြိုင်
(လယ်ဝေး)

ကိုယ်တွေ့

# ကိုယ်ပျောက်ဂါထ

ကျွန်တော်သည် လွန်ခဲ့သော ၁၉၆၀ ပြည့်နှစ်က အကြောင်းကိစ္စတစ်ခုနှင့် အထက်တကောင်း ဘုရားကြီးသို့ ရောက်ခဲ့ဖူးပါသည်။

တကောင်းဘုရားကြီးမှာ လျှောင်ဒဏ်ကြောင့် တောင်ကုန်းကြီးကဲ့သို့ ဖြစ်နေပါသည်။ တကောင်းဒေသကား...

'မြန်မာအစ တကောင်းက ပြောကြစဉ် အလာ၊ သာကီဝင် မင်းဆင်းရောက်ခြင်း မင်း အတိရာဇာ'

ဟူသော ယခင်က တတိယတန်း ဒေါင်းဖတ်စာ အတိုင်းပင် မြန်မာနိုင်ငံကို စတင်သော သမိုင်းဝင်ဒေသ တစ်ခုဖြစ်ပါသည်။

သမိုင်းဆရာများ လေ့လာ သုတေသန ပြုရန်လည်း နေရာများစွာရှိသော ဒေသတစ်ခု ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့တွင် မန္တလေးမြို့ရှိ ဆတ်တော...
ခေါ် ရဲအတတ်သင်သိပ္ပံက ဥပဒေနည်းပြ ...
အုန်းမောင်၊ ရဲအငြိမ်းစားတိုက်ပိုင် ဦးထွန်းလှအော...
ပုပ္ပါးတောင်ကလပ်နေ မန္တန်ဝိဇ္ဇာ ဦးမောင်ကြီး၏ တ...
ရွှေဘိုအောင်ခေါ် တောင်တန်းသာသနာပြု ရွှေ...
ဆရာကြည်လည်း ပါဝင်ကြပါသည်။

ထိုသို့ ရောက်ရှိစဉ် တကောင်းဘုရားကြီး ...



www.burmeseclassic.com

www.burmeselassic.com

…ဝန်းကျင် ချုံတွေကြားမှ ဗုဒ္ဓရုပ်ပွားတော်များ ဖော်ယူ…ဆောင်၍ အာရုံခံကလေး၏ အတွင်း၌ ရောင်တော်…ကြပါသည်။ စုစုပေါင်း **အဆူလေးဆယ်ခန့်ရှိပြီး** …အားဖြင့် ငါးရက်ကျော်ခန့် ကြာပါသည်။

ရွှေဒေါင်းဆရာကြည်သည် အလုပ်လုပ်ရင်း ပါးစပ်မှ …စွိစွိ လုပ်နေသဖြင့် "ဘာကို ပွစိပွစိလုပ်နေတာလဲ ဆရာရဲ့"ဟု ကျွန်တော်ကမေးရာ…

'အဆိပ်ရှိတဲ့ အကောင်တွေ မတွေ့အောင် ဖယ်နေရတာပ ကိုယ့်လူရာ'

ဟု ရွှေဘိုလေသံနှင့် ပြောပါသည်။

'ဘယ်လိုဖယ်တာလဲ ဆရာရဲ့'

ဟု မေးသောအခါ…

'သူတို့ကိုလဲ ကိုယ်က မတွေ့ရအောင်၊ ကိုယ့်ကိုလဲ သူတို့က မတွေ့ရအောင် ကိုယ်ပျောက်မျက်ကွယ်မန္တန်ကို လေးလေး စားစား ရွတ်နေတာပလေ၊ အန္တရာယ်ကင်း တာပ'

ဟု ဆရာကြည်က ပြောရင်း ကိုယ်ပျောက်မျက်ကွယ် …ဂါထာမန္တရားတွေ များစွာရှိသည့်အနက် ဗုဒ္ဓ၏ ခန္ဓသုတ် …ပရိတ်တော်ဟာ လွန်စွာ အစွမ်းထက်လှကြောင်း …ဆရာကြည်က အတွေ့အကြုံများကို မှတည်၍ ပြောပြ…သဖြင့် ကျွန်တော်၏ ငယ်ရွယ်ခန့်အခါက အတွေ့အကြုံ…တစ်ခုကို ပြန်ပြောင်းသတိရနေပါသည်။

လွန်ခဲ့သော ၁၃၁၃ ခုနှစ်ခန့်က ဖြစ်ပါသည်။ …ကျွန်တော်နှင့် ကိုရင်ထွန်းကြည် ခေါ် ရှင်ဝိလာသတို့ **မိတ္ထီလာမြို့မှ မြောက်ဘက်သို့ (၁၂)မိုင် ဝေးကွာသော နာမည်ကျော်ခံပူး ကုထုံးဆေးကျမ်းထွက်သော ခံပူးရွာသို့** ခြေကျင်သွားရသော(ထိုစဉ်က …ကားမရှိ)အခါ ဖြစ်ပါသည်။

ကျွန်တော်တို့သည် မိတ္ထီလာကန် မြောက်ထိပ်ရှိ …ဝါးတစ်တောင်ရှိသော ရှမ်းဘုန်းကြီးကျောင်းအနီး …ဇရပ်သို့ ခေတ္တဝင်နားကြရာ ထိုဇရပ်ပေါ်တွင် စက္ခု…နှစ်ကွင်း အလင်းမရသူ မြွေအလမ္ပာယ် ဆရာပေါင်း…ဦးကျောက်လုံးဆိုသူနှင့် တွေ့ရပါသည်။

ဆရာကြီးဦးကျောက်လုံးမှာ ပုပ္ပါးဇာတိဖြစ်ပြီး အရွယ်…ကောင်းစဉ်က ပုပ္ပါး၊ ညောင်ဦး၊ မိတ္ထီလာ၊ သာစည်နှင့် မလှိုင် နယ်တစ်ကြောတွင် အလမ္ပာယ်ပြ၍ အသက်မွေးဝမ်းကျောင်းပြုသူ ဖြစ်ပါသည်။

သို့ဖြစ်၍ နှစ်ပေါင်းများစွာ မြွေအမှုတ်ခံရသဖြင့် အရွယ်ကြီးရင့်သောအခါ စက္ခုနှစ်ကွင်း အလင်းမရတော့ မြေးငယ်ကလေး အဖော်ပြုကာ ရှမ်းဘုန်းကြီးကျောင်း ကပ်၍ စားနေရသူ ဖြစ်ပါသည်။

ထိုဆရာကြီးက ကျွန်တော်တို့အား "ဘယ်သွားကြမှာလဲ"မေးသဖြင့် ခံပူးသို့ သွားရန်ဖြစ်ကြောင်း ပြောသောအခါ ကာလကြီးက မကောင်းကြောင်း၊ ခိုးသား ဓားပြဆူသည့်အပြင် သူပုန်သူကန်များကလည်း ပေါ်လှကြောင်း ဒါကြောင့် ကိုယ်ပျောက်ကိုယ်ကွယ် ဂါထာလေး ယူသွားကြရန်ပြောပြီး အောက်ပါ **နွားမသားဝှက်ဂါထာ**ကို နှုတ်တိုက်ချပေးပါသည်။

---

နွားမသားဝှက်ဂါထာ

---

'ဥုံ ဓါဏောစေ ဂုဏာဝန့်၊ ဝနေဂါဝေါ ဥဂုံအေဝ၊ အာရက္ခ နွံ မံပိယံ'

ဖြစ်ပါသည်။ ထိုအချိန်က မိတ္ထီလာ မြောက်ဘက်တွင် ရဲဘော်ဖြူ အာဠာဝက ဦးစီးသောအဖွဲ့ ဆရာထီ၏ လဲဗီးအဖွဲ့နှင့် ဖေလှကြီးဦးစီးသော ဓားပြအဖွဲ့တို့ မကြာခဏ တိုက်ပွဲဖြစ်သောကာလ ဖြစ်ပါသည်။

ကျွန်တော်တို့သည် မိတ္ထီလာမှ ခံပူးရွာအထိ နှုတ်တိုက် ရွတ်ဆိုလာခဲ့ပါသည်။ လမ်းတွင် နယ်မြေရှင်းထွက်လာသော ပုလိပ်အဖွဲ့နှင့်လည်း ကောင်း၊ ခရီးသွားများအား တိုက်ခိုက်လုယူရန် စောင့်နေသော ဓားပြအဖွဲ့နှင့် လည်းကောင်း တွေ့ဆုံခဲ့သော်လည်း တစ်စုံတစ်ရာ မေးမြန်းခြင်းမရှိဘဲ ညနေတွင် ခံပူးသို့ ချောမောစွာ ရောက်ရှိခဲ့ပါသည်။

ထို့ကြောင့် လမ်းခရီးအန္တရာယ် လုံခြုံစေရန်၊ ယုံယုံကြည်ကြည်နှင့် ရွတ်ပွားကြပါရန် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ တစ်ဆင့် မျှဝေလိုက်ပါသည်။

***အားလုံး အန္တရာယ်ကင်းကြပါစေ။***

**မောင်ခင်သက်လှိုင်(လယ်ဝေး)**



www.burmeselassic.com

www.burmeselassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ

အမှတ်တံဆိပ်

တစဝတ (စာနယ်ဇင်း) ၀၂၁/၀၆၁၄




မှတ်ပုံတင် ၁၁၁၆ (ဖိုင်) ၀၁၂၄၇၃ လိုင်စင် ၁၁၇၈ (ကုန်)

"ကိုမင်းကျော်ပါလား .... မတွေ့တာကြာပြီ"

"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို .. စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ ... ကံကောင်းတာပဲဗျို့"

"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"

"တခြားတော့မဟုတ်ပါဘူး .... ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ ... သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် ... ဆေးလမ်းညွှန်ပေးဖို့ပါ"

"ကိုမင်းကျော်သွေးတိုးက ... ဘယ်အဆင့်မှာရှိနေပြီလဲ"

"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် ... နိုင်ငံတကာဆေးတွေသောက်တာ ... တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ ..."

"မပေါ့နဲ့ကိုမင်းကျော် ... သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ ...

"ဒါဆို ... ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"

ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ... အခုလဲ ကျွန်တော့်မိတ်ဆွေ ... တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် ... ဆရာမဒေါ်ဝင်းဝင်းဇော် ...က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများစွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း ... သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် ... သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"

"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို ... ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ ... ကံကောင်းပြီးရင် ... ကံကောင်းတာပဲဗျို့"

"ဒါနဲ့တစ်ခုလောက်မေးမယ် ... ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး ... အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"

"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ ... အသိမိတ်ဆွေ တစ်ယောက်ကစား ချင်တာစား ... ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက ..."

"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖန် များရင် ... မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး ... ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ ... အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ ... ရောဂါမတိုးချင်သာနေမယ် ... သက်သာပျောက်ကင်းမှာ မဟုတ်ဘူး ... အပ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...

"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"

"ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် ... အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ ... အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ ... ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် ... သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ ... နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် ... ထပ်ပြောလိုက်မယ် ... **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် .. အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ .....**"

ပင်ရင်း **'ဝင်း'** ဆေးတိုက်

ဖုန်း — ၀၁ ၅၉၀၅၇၇

ဖြန့်ချိရေး — အောင်သိဒ္ဓိဆေးဆိုင်

၃/၁၁၁/ဝေဇယန္တာအိမ်ယာ

၈/တောင်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း — ၀၉ ၇၃၁၃၃၄၀၀၊ ၀၉ ၅၀၉၈၀၃၃၊ ၀၉ [illegible]၂၆၁၁

www.burmeselassic.com

www.burmeseclassic.com

ပုပ္ပါးတောင်မှ

# ပလ္လင်ကုန်းတော် ခုနစ်ရှာ

ခရီးစဉ် (၃)

စင်သိုက်

## ယခင်လမှ အဆက်


### နွားမသေကုန်းတော် [၅]

ရွှေစည်တိုင်မှ ပြန်လာကာ ပုပ္ပါးရွာ အရှေ့ဘက်ရှိ နွားမသေကုန်းသို့ သွားရောက်ခဲ့သည်။ ကုန်းထက်တွင် သစ်ပင်ချုံနွယ်များ ပေါက်ရောက်ခြင်း မရှိချေ။ ကြုံလိုသော မြက်ပင်အချို့ကို ကြိုကြားတွေ့ရသည်။ **နွားစာမြက်များပင်လျှင် မပေါက်ရောက်သဖြင့် နွားမသေကုန်းဟု ခေါ်သည်ဆိုသည်။**



▲ နွားမသေကုန်း တောင်ဘက်မြင်ကွင်း

▼ နွားမသေကုန်း အနောက်ဘက်မြင်ကွင်း



မြေသားနည်း၍ ကျောက်တုံးကျောက်ခဲများ ဖုံးလွှမ်းနေသော ကျောက်တောင်ဖြစ်သည်။ ထိုနေရာရှိ ကျောက်တုံးကျောက်ခဲများသည် သေဆုံးပျက်စီးနေသော နွား၏ အရိုးအဆစ်များသဏ္ဍာန် ဖြစ်ပေါ်နေသည်။ အချို့မှာ ကျောက်ပေါက်များ ဖြစ်ကြသည်။ ထူးခြားသော ပုံသဏ္ဍာန် အမျိုးမျိုးရှိသည့် ကျောက်တုံးများကိုလည်း တွေ့မြင်နိုင်သည်။

ဤခရီးတွင် ဦးတင်ဝင်း၏ မြေးငယ်များသည်း လိုက်ပါလာကြရာ ပုံစံဆန်းသွယ် ကျောက်တုံးများအား ကောက်ယူကြည့်ရှုခြင်းဖြင့် အားရပျော်ရွှင်နေကြသည်။ **လှေ, ခွေးရုပ်, ကြောင်မိသားစု, ခရုသင်း, အရိုးခေါင်း, ဆေးတံ** စသည်ဖြင့် အချိန်ရသော ရုပ်ပုံအစုံ တွေ့ရှိနိုင်ပါသည်။

သဘာဝ ပန်းတမော့ဆရာ၏ ကျောက်ဆစ်လက်ရာများ ဖြစ်ကြသည်။ ယင်းတို့အနက် တစ်ဖက်သို့ ထိုးထွင်း ပေါက်ရောက်နေသည့် ကျောက်ပေါက်များကို အောင်မြင် ပေါက်မြောက်စေသည့် အဆောင်အဖြစ် အသုံးပြုနိုင်သည်။ အချို့မှာ **သံဓာတ်ပါ၍ အဂ္ဂိရတ်ကိစ္စများတွင်** အသုံးပြုလေ့ ရှိကြသည်ဟု သိရသည်။

ပညတ်နိမိတ်အရ ဤကုန်းကို **“နွားမသေကုန်း”**ဟု ခေါ်ရိုး ရှိကြသည်။ နွားသည် လူတို့အတွက် အခြေအရံ ပေါများခြင်း၊ စည်းစိမ်ဥစ္စာ ဖွံ့ဖြိုးခြင်း၏ သင်္ကေတဖြစ်ရာ **စည်းစိမ်ဥစ္စာ အခြေအရံ တည့်တံ့ပေါများရေး အတွက် ကောင်းမွန်သော နိမိတ်ဖြစ်သည်။**



www.burmeseclassic.com

www.burmeseclassic.com



▲ နွားမသေကုန်းမှ မြင်ရသည့် ပုပ္ပါးလွင်ပြင်



▲ နွားမသေကုန်းမှ ကျောက်တုံးကျောက်ခဲများ



▼ ကြောင်မီးသားရုပ်ကျောက်



▼ ရွှေလှေ(သို့မဟုတ်)မြွေခေါင်း

ထို့ကြောင့် အထက်ပါ အကျိုးဆက်ကို ရည်မှန်းကာ နှစ်သက်ရာ ကျောက်ဆစ်သဘာဝအရုပ်ကို ရွေးချယ်၍ အဆောင်ပြုနိုင်ပေသည်။

## မင်းမရေကုန်းတော် [၆]

နွားမသေကုန်းမှ ပြန်လာရာ နေရောင်ရှိသေးသဖြင့် မင်းမရေကုန်းတော်သို့ ခရီးဆက်ကြသည်။ ပုပ္ပါးမြို့၏ အရှေ့မြောက်ယွန်းယွန်းတွင် ရှိသော တောင်တန်းပေါ်၌ တည်ရှိသည်။

အတက်ခရီး မတ်စောက်၍ လှေကားထစ်များ ပြုပြင်ထားခြင်း မရှိသဖြင့် အနည်းငယ် ခက်ခဲသော လမ်းကလေးဖြစ်သည်။ **မင်းမဟာဂီရိနတ်မောင်နှမအား ကွန်းမဆောက်မီ ဤကုန်းထက်၌ ခေတ္တ ထားရှိခဲ့**

▼ မင်းမရေကုန်း



**သည်ဟု ဆိုသည်။** ၁၂၉၄ ခုနှစ်တွင် ရသေ့ကြီးဦးခန္တီက မင်းမရေကုန်းတွင် စေတီတစ်ဆူ တည်ဆောက်ပူဇော်ခဲ့သည်ဟု သိရသည်။

ကုန်းတော်တည်ရာ တောင်ထက်သို့ ရောက်သောအခါ ဦးခန္တီ တည်ခဲ့သည့် စေတီကို အာရုံခံတန်ဆောင်း နှင့်အတူ မြင်တွေ့ရသည်။ စေတ[illegible] ကျောက်တုံးကြီးတစ်ခု အ[illegible] ရှစ်မျက်နှာ နေ့နံရုပ်များ ပြု[illegible] ဖောင်းနှစ်ဆင့်စေတီ တည်ထား[illegible]

စေတီတည် ကျောက်တုံးမှာ [illegible] သို့ ဦးလှည့်နေသော ဖား[illegible]တစ်ကော[illegible] ဆင်တူသည်။ ရာ[illegible]ထောင့်မှ ကြည့်[illegible]





www.burmeseclassic.com


www.burmeselassic.com



▲ မင်းမရေကုန်းမှ
စေတီနှင့် တန်ဆောင်း




▲ မင်းမရေကုန်းတော်
ဟားပါးစပ်သဏ္ဌာန် စနေထောင့်မြင်ကွင်း



▲ မင်းမရေကုန်းတော် ဟားနောက်ကျော
သဏ္ဌာန် ရာဟုထောင့်မြင်ကွင်း

▼ တောင်ခြေလမ်းမှ
အကြောပြေဆေး ငစိုင်ရင်အရွက်



▼ တောင်ခြေလမ်းမှ
အကြောပြေဆေး ငစိုင်ရင်ပင်



အခါကျောကုန်းကို တွေ့ရ၍ စနေထောင့်တွင် ပါးစပ်ဟာနေပုံကို မြင်နိုင်သည်။ အမြဲသော နိမိတ်ကို ဆောင်ပါသည်။ လောကီအသိုင်းအဝိုင်းအတွင်း များပြားလှသည့် သောက အပူမီးများမှ လွတ်ကင်းအေးငြိမ်းခြင်းကို ခံစားရစေသည်။ မင်းမရေကုန်း ဟူသော အစည်ပညတ်နှင့် ပတ်သက်၍ ရှင်းလင်းချက်များ မတွေ့ရပေ။ မင်းကေရာဇ်များ ရေတွက်ခြင်း၊ အမှတ်ထားခြင်း မရှိဟု အဓိပ္ပာယ်ရသဖြင့် **အမှုကိစ္စ ရင်ဆိုင်ဖြေရှင်းရခြင်း၊ အပြစ်တစ်စုံတစ်ရာခံယူရခြင်းတို့မှ သက်သာလျော့ပါးစေရန် အဓိဋ္ဌာန်ပြုဆုပန်လေ့ ရှိကြ**သည်ဟု မှတ်သားရသည်။

## တောင်ခြေလမ်းမှ

## အကြောပြေဆေး [၇]

မင်းမရေကုန်းမှ ပြန်လည်ဆင်းသက်ခဲ့ရာ လမ်းနံဘေး ကုန်းစောင်းတွင် တွယ်ကပ်ပေါက်နေသည့် ရွက်နုဝေသော အပင်တစ်ပင်ကို တွေ့ရသည်။ **ငစိုင်ရင်ဖြစ်သည်။ အမြစ်အား တူးဆွ၍ ချိုးဖဲ့ကြည့်သောအခါ သင်းပျံ့သော ရနံ့ကို ရှူရှိုက်ရသည်။**

ရေဖြင့် သွေးလိမ်းပေးခြင်းဖြင့် အကြောအခြင်များ ပြေလျော့စေသည်ဟု သိရသည်။ ဆေးအဘိဓာန်တွင် **"ငစိုရှင်"**ဟု ရေး၏။ **လေဆေး၊ ငန်းဆေး၊ ကျောက်ဆေး၊ မီးယပ်ဆေး**များတွင် အသုံးဝင်သည်ဟု ဖော်ပြထားလေသည်။


ရွှေလ ဆက်ဖတ်ပါရန်

ဇော်ညိုငယ်

www.burmeselassic.com

# ဝစီဒုစရိုက် နှုတ်ပိတ်ကျင့်ဝတ်

သုခစစ်
(ကျိုက်လတ်)



'ဝစီဘေဒ ထိတိုင်းရှ'
'စကားနှောက် တရားပါ'
'ပညတ်သွားရာ တတ်သက်ပါ'
'နှုတ်သရန်းလျှင် ဒုတ်ထမ်းရမည်' (ဒုတ်=ဒုက္ခ)

အစရှိသည်ဖြင့် နှုတ်ထွက်စကားနှင့်ပတ်သက်၍ ပညာရှိ သူတော်စင်တို့၏ ဩဝါဒ အဆိုအမိန့်များကို စာဖတ်သူများ သိရှိကြပြီး ဖြစ်ပါလိမ့်မည်။

ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးသည် ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ် ထွန်းသောကြောင့် မကောင်းသော စကား၊ မင်္ဂလာမရှိသောစကား၊ နိမိတ်မကောင်းသော စကားများကို မပြောဆိုကြရန်နှင့် ထိုသို့ ပြောဆိုတတ်သူများကိုလည်း ကိုယ်ပေါင်းစိတ်ခွာ ခပ်ကင်းကင်းနေထိုင်ကြရန် အထူးပင် လိုအပ်လှပါသည်။

သို့မှသာ မကောင်းသော အတိတ်နိမိတ်များမှ သယ်ဆောင်လာမည့် အနိဋ္ဌ ကံကြမ္မာများ၊ ဆိုးရွား၍ မလိုလားအပ်သော အဖြစ်အပျက်များကို ပယ်ရှောင် ဖယ်ကွင်းနိုင်မည်ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်သည် **ရွှေပေါ်**



www.burmeselassic.com

www.burmeselassic.com

**ကျွန်းဆရာတော်ကြီး၏ တပည့် ရင်းဖြစ်သော အငြိမ်းစား ကျောင်း ဆရာကြီးဦးလှစိန် (ကျိုက်လတ်) ထံမှ ရှားရှားပါးပါး မမွှဒါန ရရှိ ထားသော** ရွှေပေါ်ကျွန်းဆရာတော် ကြီး၏ ဝစီဒုစရိုက် နှုတ်ပိတ်ကျင့်စဉ် ကို စာဖတ်ပရိသတ်ကြီး သိရှိ နား လည် ကျင့်ကြံအားထုတ်နိုင်ရန် အတွက် စေတနာရှေ့ထား ရေးသား ဖော်ပြပေးလိုက်ပါသည်။

ဓေယျသိဒ္ဓိ မမ္မညာဏိက ဆရာတော်

စေတော်ဝင်ကျောင်း

[ရွှေပေါ်ကျွန်း၊ မလှိုင်မြို့နယ်]

ဝစီဒုစရိုက် နှုတ်ပိတ်ကျင့်စဉ်များ ကိုကျင့်ဆောင်ကြပါရန် ဆရာတော် ဩဝါဒပေးလိုက်ပါသည်။

ကျင့်ဆောင်ရန်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

၁။ ဘုရား တပည့်တော်သည် မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ယနေ့ကစ၍ (၂၇) ရက်တိုင်အောင် ရှောင်ကြဉ်ပါ မည်ဘုရား...။

၂။ ဘုရားတပည့်တော်သည် ယုတ် ယုတ်မာမာ ဆဲရေးတိုင်းထွာ ပြောဆိုခြင်းမှ ယနေ့ကစ၍ (၂၇) ရက်တိုင်အောင် ရှောင်ကြဉ်ပါ မည်ဘုရား...။

၃။ ဘုရားတပည့်တော်သည် သင့် တင့်ညီညွတ်နေသူတို့ကို ကွဲပြား အောင် ကုန်းတိုက်သောစကား တို့ကို ပြောဆိုခြင်းမှ ယနေ့က စ၍ (၂၇)ရက်တိုင်အောင် ရှောင် ကြဉ်ပါမည်ဘုရား...။

၄။ ဘုရားတပည့်တော်သည် အနှစ် ကင်းသော အဖျင်းအသော စကားများကို ပြောဆိုခြင်းမှ ယနေ့ကစ၍(၂၇)ရက်တိုင်အောင် ရှောင်ကြဉ်ပါမည်ဘုရား...။

၅။ ဘုရားတပည့်တော်သည် ကုန်း သတ္တဝါတို့၏ အသွေးအသား များကို စားသောက်ခြင်းမှ ယနေ့ ကစ၍ (၂၇)ရက်တိုင်အောင် ရှောင်ကြဉ်ပါမည်ဘုရား...။

**အမျှ**
**ပေးဝေရာတွင်**
**အာရုံဒွါရ**
**ထိရောက်စေရန်**
**ထပ်ကာထပ်ကာ**
**ပေးဝေပါ**
**မိမိတို့ကလည်း...**

ဆောက်တည်ရာ၌ ဆရာသမား အထံတော်၌ ဖြစ်စေ၊ ဆင်းတုတော်၊ စေတီတော်တို့၏ ရှေ့တော်၌ ဖြစ်စေ ဆောက်တည်နိုင်ကြပါသည်။

ဤသို့အားဖြင့် ပထမအကြိမ် (၂၇)ရက်၊ ဒုတိယအကြိမ်(၂၇)ရက်၊ တတိယအကြိမ်(၂၇)ရက်၊ စတုတ္ထ အကြိမ်(၂၇)ရက်အားဖြင့် (၄)ကြိမ် စလုံး ဆောက်တည်နိုင်လျှင် (၄) ကြိမ်စလုံးကိုပင် ဆက်၍ ဆက်၍ ဆောက်တည်သွားပါ။

အကယ်၍ (၄)ကြိမ်စလုံး မဆောက်တည်နိုင်လျှင် တစ်ကြိမ် ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ၊ သုံးကြိမ် ဖြစ်စေ ခွဲခြား၍ ဆောက်တည်နိုင်ပါ သည်။

တစ်ကြိမ်နှင့် တစ်ကြိမ် ကြားကို နှစ်ရက်တန်သည်၊ သုံးရက်တန် သည် ရပ်နားထားလိုပါက ထားနိုင် ပါသည်။

မိမိတို့အာမိဋ္ဌာန်ထားသော ရက်များ

အတွင်း၌ အောက်ပါအတိုင်း

မေတ္တာဘာဝနာ ပွားများရမည်

ဖြစ်ပါသည်။

၁။ **အရှေ့မျက်နှာ**အရပ်၌ နေထိုင် ကြကုန်သော ခပ်သိမ်းသော ရုပ်နာမ်ရှင် အပေါင်းတို့သည် ကိုယ်စိတ်ကိုယ်င ချမ်းသာသုခ ရရှိကြပါစေ... ချမ်းသာသုခ ရရှိကြပါစေ...။

၂။ **အနောက်မျက်နှာ** အရပ်၌ နေထိုင်ကြကုန်သော ခပ်သိမ်း သော ရုပ်နာမ်ရှင်အပေါင်းတို့ သည် ကိုယ်စိတ်ကိုယ်င ချမ်းသာ သုခ ရရှိကြပါစေ... ချမ်းသာ သုခရရှိကြပါစေ...။

၃။ **တောင်မျက်နှာ**အရပ်၌ နေထိုင် ကြကုန်သော ခပ်သိမ်းသော ရုပ်နာမ်ရှင် အပေါင်းတို့သည် ကိုယ်စိတ်ကိုယ်င ချမ်းသာသုခ ရရှိကြပါစေ... ချမ်းသာသုခ ရရှိကြပါစေ...။

၄။ **မြောက်မျက်နှာ**အရပ်၌ နေထိုင် ကြကုန်သော ခပ်သိမ်းသော ရုပ်နာမ်ရှင် အပေါင်းတို့သည် ကိုယ်စိတ်ကိုယ်င ချမ်းသာသုခ ရရှိကြပါစေ... ချမ်းသာသုခ ရရှိကြပါစေ...။



www.burmeselassic.com

www.burmeselassic.com

၅။ **အရှေ့တောင်ထောင့်** အရပ်၌ နေထိုင်ကြကုန်သော ခပ်သိမ်းသော ရုပ်နာမ်ရှင်အပေါင်းတို့သည် ကိုယ်စီကိုယ်င ချမ်းသာသုခ ရရှိကြပါစေ...ချမ်းသာသုခ ရရှိကြပါစေ...။

၆။ **အနောက်မြောက်ထောင့်** အရပ်၌ နေထိုင်ကြကုန်သော ခပ်သိမ်းသော ရုပ်နာမ်ရှင်အပေါင်းတို့သည် ကိုယ်စီကိုယ်င ချမ်းသာသုခ ရရှိကြပါစေ... ချမ်းသာသုခ ရရှိကြပါစေ...။

၇။ **အရှေ့မြောက်ထောင့်** အရပ်၌ နေထိုင်ကြကုန်သော ခပ်သိမ်းသော ရုပ်နာမ်ရှင် အပေါင်းတို့သည် ကိုယ်စီကိုယ်င ချမ်းသာသုခ ရရှိကြပါစေ... ချမ်းသာသုခ ရရှိကြပါစေ...။

၈။ **အနောက်တောင်ထောင့်** အရပ်၌ နေထိုင်ကြကုန်သော ခပ်သိမ်းသော ရုပ်နာမ်ရှင်အပေါင်းတို့သည် ကိုယ်စီကိုယ်င ချမ်းသာသုခ ရရှိကြပါစေ... ချမ်းသာသုခ ရရှိကြပါစေ...။

၉။ **အောက်မျက်နှာအရပ်၌** နေထိုင်ကြကုန်သော ခပ်သိမ်းသော ရုပ်နာမ်ရှင်အပေါင်းတို့သည် ကိုယ်စီကိုယ်င ချမ်းသာသုခ ရရှိကြပါစေ... ချမ်းသာသုခ ရရှိကြပါစေ...။

၁၀။ **အထက်မျက်နှာ အရပ်၌** နေထိုင်ကြကုန်သော ခပ်သိမ်းသော ရုပ်နာမ်ရှင်အပေါင်းတို့သည် ကိုယ်စီကိုယ်င ချမ်းသာသုခ ရရှိကြပါစေ...ချမ်းသာ



သုခ ရရှိကြပါစေ...။

မိမိတို့ အဓိဋ္ဌာန် ဆောက်တည်ထားသော ရက်အရေအတွက် စေ့တိုင်း စေ့တိုင်း ကုန်းသတ္တဝါ အလှူတ် ဆွမ်းတော်(၂)ပွဲ၊ သစ်သီးပွဲ(၁)ပွဲနှင့် ရေတော်(၃)ဖလားတို့ကို ဆက်ကပ် လှူဒါန်းကြပါ။

အဓိဋ္ဌာန် ကျင့်ဆောင်ခဲ့သော ကောင်းမှုကုသိုလ်၏ အကျိုးအဖို့ကိုလည်းကောင်း၊ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ် လှူဒါန်းရသော ကုသိုလ်၏ အကျိုးအဖို့ကို လည်းကောင်း ကုသိုလ် အမျှပေးဝေပေ့ပါ။

**အမျှပေးဝေရာ၌ အာရုံခံ၍ ထိရောက်စေရန် ထပ်ကာထပ်ကာ ပေးဝေပါ။ မိမိတို့ကလည်း သူတော်ကောင်းတို့ ပြုလုပ်ဆည်းပူးကြသော ကောင်းမှုကုသိုလ်တို့ကို သာဓုအနုမောဒနာ ခေါ်ဆိုကြပါ။**

ဤစရဏဓမ္မကျင့်စဉ်ကို မပြတ်မနေ ကြိုးစား အားထုတ်ကြပါ။ သံသရာထွက်ရပ်လမ်း ကြမြန်းလိုသူတိုင်း အများနှင့် လက်ဆောင်ထိုး၍မရပါ၊ တရားနှင့် လက်ဆောင်ထိုးမှ ရပါသည်။ တရားကို လိုက်စား ကျင့်ကြံရာ၌ လျှားလိုက်၍ မရပါ။ အဓိဋ္ဌာန်ဖြင့် ပြင်းပြင်းထန်ထန် ကြိုး စား၍ ယူမှ ရနိုင်ပါသည်။

တစ်နည်း မှတ်သားရန်မှာ **ကာယကံ အိတ်ပေါက်၊ ဝစီကံ,က အချိန်တိုင်းမြောက်၊ မနောကံက တထိန်ထိန်တောက်** နေကြပါသည်။

**ထိုစကား၏ အဓိပ္ပါယ်မှာ** ကာယကံအိတ်ပေါက်နှင့် တရား ကောက်ထည့်၍ မရနိုင်။ ထို့ကြောင့် အိတ်ပေါက်နှင့် ဖားကောက်လို့ မ နိုင်ဟု အဆိုရှိခဲ့ပါသည်။

**ဝစီကံ အချိန်တိုင်းမြောက် ဆို ရာမှာလည်း** အများအားဖြင့် ဝစီ နှင့်ပတ်သက်၍ အမှားများတတ် သည်။ ထို့ကြောင့် ဝစီဘေဒ ထိတိုး ရှ၊ ဝစီဂေဇက် နေ့တိုင်း တက်တ ပါသည်။

သို့အတွက် ဆင်းရဲခြင်းကို ဖြ ပေါ်စေတတ်သော ကာယ ဝစီကံတို့ကို သီလပိုင်းဆိုင်ရာဖြ စောင့်ရှောက်ပြီး မေတ္တာဘာဝ ပွားများပေးကြပါရန် ဆရာတော် ဩဝါဒပေးလိုက်ပါသည်။ ဓမ္မမိတ် ဖြစ်ကြကုန်သော သာဝကအပေါ တို့...။

ဆရာတော်
စေတော်ဝင်ကျောင်
ရွှေပေါက်ကံ

*ကောင်းမှု အကြောင်းပြု တော် ဆု ပြည့်ပါစေ။*

**သုခစုစ်(ကျိုက်လတ်**

www.burmeselassic.com

www.burmeselassic.com

# အသိကျ အလုပို ဆီး,ဝမ်း မှန်စေလိုလျှင်

(ကြော်ငြာဆောင်းပါး)

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ ပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် သအောင် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း ပေါ့၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ ကလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက ကတော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ထွက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ဒီ အတုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. .။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ



www.burmeseclassic.com

www.burmeselassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အစလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ် ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူ လာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူ အပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေ ချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေ မွဲခြောက် အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေး မသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုး များ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက် ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အ နာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့် ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ ဝင်းတိပ်၊ ဝက် မှည့်ခြောက်ထွက်ခြင်း၊ သွေးကြောထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မ အပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အစလွန်ခြ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အ ကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသေ အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက် စေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာ ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေး ဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မ သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းန ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်း တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသ**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိ ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန် တဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆ

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉ ၇



www.burmeselassic.com

www.burmeselassic.com

# စစ်ကိုင်းတောင်ခွင် သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ရှိခိုးပူဇော် ဂါထာတော်များ ( ၅၅ )

အောင်မြေမြတ်
(စစ်ကိုင်းတောင်)





◆ ဦးမင်းကိုးဆယ်ဘုရားမှ ဆင်ဘိုးစေတီအား ရှုမြင်ရပုံ

◆ ဆင်ဘိုးစေတီတော်အား တန်ဆောင်းဆောင်မှ ရှုမြင်ရပုံ

◆ ဆင်ဘိုးစေတီတော်၏ အင်္ဂါဆောင်မှ အဓိဋ္ဌာန်အောင် သာလာယံ



ဆင်ဘိုးလေးဆူ

နမောတဿ ဘဂဝတော အရဟ
တော သမ္မာသမ္ဗုဒ္ဓဿ။

[၃-ကြိမ် ရွတ်ပါ။]

ဒုတိယမင်းခေါင် ရာဇေန၊
ဟာပုညေန မာပိတံ။
ဆင်ဘိုးတိနာမ စေတိယံ၊
ဝန္ဒာမိ ဝိသုတံ။

မြန်မာပြန်

**အဟံ**–"..."နာမသမုတ် အကျွန်ုပ်

**မဟာပုညေန** – ဘုန်းကံကြီးမား ကျော်ကြားသော၊

**ဒုတိယမင်းခေါင်ရာဇေန**–ဒုတိယ မင်းခေါင် အမည်ဆောင်သော အင်းဝ မင်းဘုရင်သည်၊

**မာပိတံ**–တည်ထားတော် မူအပ် သော၊

**ဝိသုတံ** – နိုင်ငံတစ်လွှားကျော် ကြားလှသည့်၊

**ဆင်ဘိုးတိနာမယံစေတိယံ**–ဆင် ဘိုးဟု တွင်အမည်ရှိသော အကြင်စေတီ မြတ်သည်၊

**အတ္ထိ** –အများမျက်မြင် အထင် အရှား ရှိပါပေ၏၊

**တံ** –ထိုဆင်ဘိုးစေတီတော်မြတ်ကို၊

**ဝန္ဒာမိ** – ကြည်ညိုသမှု အာရုံပြု၍ ရှိခိုးပူဇော်ပါ၏ဘုရား။


ဘုရားတည်နှစ်

သက္ကရာဇ် ၈၄၂ ခုနှစ်။


ဘုရားဒါယကာ

သီရိသုဓမ္မရာဇာအဓိပတိ ဒုတိယ

www.burmeselassic.com



▲ ဆင်ဘိုမြေစေတီ၏ ပလ္လင်တော် ပတ်ပတ်လည်မှ ဆင်ဖြူတော် ရုပ်ကြွများဖြင့် တန်ဆာဆင်ထားပုံ



▲ ဆင်ဘိုမြေစေတီတော်၏ အထိမ်းအမှတ် ဆင်ဖြူတော်ပုံရုပ်ကြွင်း

မင်းခေါင်။

### တည်နေရာ

အရိယာဝံသချောင်အနီး စစ်ကိုင်းတောင်။

### ပွဲတော်ရက်

တပေါင်းလဆန်း(၈)ရက်။

### အောင်မြေ

စေတီတော်၏ အရှေ့ဘက်လိုဏ် အတွင်း။

### အစောင့်အရှောက်

အရိယဝံသ ဘိုးဘိုးကြီး။

ဘုရားဒါယကာ ဒုတိယမင်းခေါင်မှာ ပြည်စုန်မင်းသီဟသူရ၏ သားတော်ဖြစ်သည်။ အိမ်ရှေ့မင်းဘဝဖြင့် အိမ်နိမ့်(၃၃)နှစ် နေခဲ့ရသူလည်း ဖြစ်လေ၏။

အင်းဝရွှေနန်းတော်၌ ဒုတိယမင်းခေါင် နန်းတက်လျှင် **"သီရိသုဓမ္မရာဇာဓိပတိ"**ဘွဲ့ခံ၏။

ဒုတိယမင်းခေါင်ကား ပထမအင်းဝခေတ် မင်းဆက်(၁၇)ဆက်၌ မြင်းစီးအဲမောင်းလှံရေး (၃၇)ချင်းပညာ အထူးကျွမ်းကျင်သော သူရဲကောင်းမင်းတစ်ပါး ဖြစ်လေသည်။

စနေမင်း,တနင်္ဂနွေမင်းနှင့် ဟံသာဝတီမင်းတိုင်အောင် မင်း(၃)ဆက် အမှုတော်ထမ်းခဲ့သော အင်ရုံဝန်ကြီးက မင်းခေါင်၏ မြင်းရေး(၃၇)ချင်း ကစားပုံကို လောကဗျူဟာကျမ်းတွင် ရေးခဲ့လေ၏။

မုံရွေးဇေတဝန် ဆရာတော်ကြီး အရှင်အာဒိစ္စဝံသနှင့် ဝက်မစွတ်မြို့စားနဝဒေးတို့က လည်းကောင်း၊ ဝန်ကြီးမဟာဓမ္မသင်္ကြံတို့ကလည်း လူးတားလင်္ကာတို့ဖြင့် မှတ်တမ်းတင်ခဲ့လေ၏။

အင်းဝနန်းစံ သက်တမ်းတစ်လျှောက်၌ လေးအတတ်၊ ဓားရေးအတတ်၊ မြင်းစီး လှံရေး အစရှိသော အဋ္ဌရသပညာစွမ်းများဖြင့် စွမ်းဆောင်နိုင်သူမင်းတစ်ပါး ဖြစ်လေတော့သည်။

သာသနာ့ရေး ကိစ္စများ၌ မင်းမဖြစ်မီကပင် ဘုရားပုထိုးစေတီတည်ရန်အတွက် အုတ်ကျောက်များကို စုဆောင်းထားခဲ့ပြီး၊ မင်းဖြစ်လျှင်ဖြစ်ခြင်း ဦးစွာစေတီပုထိုးများ တည်ထားလေသည်။

မြင်းရေးပညာတွင် မြင်းပြေးစဉ်ရပ်၍စီးခြင်း၊ ခြေတစ်ဖက်ရပ်၍စီးခြင်း၊ အလျားမှောက်ခံစီးခြင်း၊ ခြေကိုဦးစောက်ပြောင်းပြန်စီးခြင်း၊ တန်ခွန်လွှားစီးခြင်း၊ အသူရာနတ်မင်းဟန်စီးခြင်း၊ မြင်းလည်ပင်းကို ခရုပတ်စီးခြင်း၊ မျောက်မြေစမ်းဟန်၊ ဘီလူးဖမ်းဟန်မှ စ၍ ယနေ့ခေတ် ဆပ်[...] ပညာရှင်များကဲ့သို့ စွမ်းစွမ်း[...] ကျွမ်းကျင်လှကြောင်း ဖော်ပြ[...] လေ၏။

ပညာရှိများကို မြတ်နိုး၏။ ချီးမြှော[...] လေ့ရှိ၏။

စဉ်းစားချင့်ချိန် ပြောဆိုရာ၌ ဉာ[...] ပဋိဘာန် လျင်မြန်၏။

ထူးခြားသော အချက်တစ်[...] **"မိဖုရားကြီး အတုလသီရိဓမ္မဒေ[...]** မှ ဖွားမြင်သော သားတော်ကြီး "**မ[...]** **သီဟသူရ"**အား အထူးချစ်မြ[...] တော်မူ၍ ခုနစ်နှစ်အရွယ်[...] အိမ်ရှေ့အရာ ပေးခဲ့လေသည်။

သားတော် (၁၅)နှစ်သား[...] လျှင် **"မဟာသီဟသူရ"**ဘွဲ့ဖြ[...] ဘုရင်အဖြစ် တင်မြှောက်၍ [...] အတူ မင်းပြိုင်ပြုခဲ့လေ၏။

နန်းတော် သီးသန့်မဆော[...] တစ်နန်းတည်း နှစ်ပါးအတူ စိုးစံ[...] ၏။ အင်းဝမင်းဆက်တွင် ထူးခြာ[...] အခြင်းအရာ ဖြစ်ခဲ့ရလေသည်။

ပညာဉာဏ်ရည်ဖြင့် ကျော်[...] သော ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်[...] သည်။


▲ ရှင်ဥတ္တမကျော်၊
▲ ရှင်မဟာသီလဝံသ၊
▲ ရှင်မဟာရဋ္ဌသာရ။





www.burmeselassic.com

www.burmeselassic.com





▲ ဆင်ဘိုစေတီတော်၏ မွေ့သတင်းကျွမ်းရာ အဆောင်တော်

◀ ဆင်ဘိုစေတီတော်မြတ်အား ထိန်းသိမ်းစောင့်ရှောက်တော်မူကြသော "အရှေ့မှန်ကျောင်းတော်"

▲ ရှင်အုန်းညို

တို့မှာ ယနေ့ခေတ်တိုင်အောင် ...နှာပြုရသော စာပေအတတ်ပညာ ...ကြီးများ ဖြစ်ခဲ့ကြလေသည်။

...ဆိုအရှင် ရှင်မဟာရဋ္ဌသာရနှင့် ...မဟာသီလဝံသ အရှင်နှစ်ပါးတို့က ...ကွန်းတစ်စောင်စီ ရေးသားခဲ့ရာ "...လာစေတီတော်ကြီး"၏ ဘွဲ့ ...ကို အစွဲပြု၍ "**မင်္ဂလာစေတီ ...ကွန်း**"ဟူ၍ အမည်တွင်ခဲ့လေ ...သည်။

...မဟာသီလဝံသ၏ မော်ကွန်းမှာ ...(၁၂)ပိုဒ်အထိ ရေးသားထားခဲ့ ...ရှင်မဟာရဋ္ဌသာရ၏ မော်ကွန်းကား ...အပေါင်း (၄၈)ထိ ရှိခဲ့လေ၏။

စေတီတော်များ

၁။ ထံတားဦးမင်္ဂလာစေတီ၊
၂။ အင်းဝရွှေစေတီ၊
၃။ စစ်ကိုင်း ဆင်ဘိုး ၄ဆူ၊
၄။ စစ်ကိုင်းဆင်ဖြင်စေတီ

...တို့မှာ လူသိများ၍ "ဂမ္ဘီရနွယ်ဝင်" ...သော စေတီထူးများ ဖြစ်လေ ...သည်။

...တားဦးမင်္ဂလာစေတီ တည်ဆောက်သောအခါ ပြီးစလွယ် မဟုတ် ကိုယ်တိုင်ပင် ဝင်ရောက် ကြပ်မတ် တည်ဆောက်ခဲ့လေ၏။

စေတီတော် ပြီးစီးသောအခါ မင်္ဂလာစေတီတော်၏ အရှေ့၊ အနောက်နှင့် တောင်ဘက် တာ (၁၀၀)အတွင်း "**ဘေးမဲ့တော**" သတ်မှတ်ခဲ့လေ၏။

တောရိုင်းသားကောင်၊ ကျေးငှက်၊ ရေနေသတ္တဝါများကိုသာမက အပြစ်သင့်၍ ခိုအောင်းသော ရာဇဝတ်သားများကိုပါ ဘေးမဲ့တောအတွင်း၌ အပြစ်မယူခဲ့ဟု ဆိုပါသည်။

ထူးခြားသော တိုက်ဆိုင်မှုတစ်ခုမှာ ဒုတိယမင်းခေါင်နှင့်အတူ မင်းပြိုင်ဖြစ်သော ဘုရင်လေး မဟာသီဟသူရတို့မှာ တစ်နန်းတည်း မင်းပြိုင် နန်းစံခဲ့ကြသလို နတ်ရွာစံကြသောအခါ တစ်လမျှသာအတွင်း ဖြစ်ကြလေသည်။

မဟာသီဟသူရကား တပေါင်းလပြည့်ကျော်(၁)ရက်နေ့ အနိစ္စရောက်ခဲ့၍ ဒုတိယမင်းခေါင်မှာ သက္ကရာဇ် ၈၀၃ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၅)ရက် ဖြစ်လေ၏။

**ဦးကုလား၏ ရာဇဝင်ချုပ်နှင့် မှန်နန်း ရာဇဝင်တို့၌ မင်းနှစ်ပါး အနိစ္စရောက် တော်မူလိုသော် အင်းဝတော်ပြည်လုံး ဆွားများသော၏၊ မြို့၏အရှေ့အရပ်၌ ကြယ်တံခွန်ထွက်၏ စနေကြယ်တံခွန်ပြ၏ ဟူ၍ မှတ်ချက်ပြုထားလေသည်။**

စစ်ကိုင်းမြို့၏ အနောက်တာတွင်လည်း စေတီတစ်ဆူ တည်ထားခဲ့၏။ ဒုတိယမင်းခေါင်ကမိမိ၏ အဘိုးအဘေးများအား စကားအမှားဖြင့် ပြောဆိုမိ၍ ဆွံ့အရောဂါ ရရှိခဲ့သောကြောင့် ပညာရှိများ၏ အကြံပြုချက်ဖြင့် ၈၅၃ ခုနှစ်တွင် အပြစ်ဝန်ချ၍ စေတီတစ်ဆူ တည်ခဲ့လေ၏။

"**အဘယစေတီ**"ဟူ၍ ကျော်ကြားသော စေတီတော် ဖြစ်ပါသည်။ (ဖော်ပြပြီး) အဘယစေတီ တည်ဆောက်ပြီးမှသာ ဆွံ့အရောဂါ ပျောက်ကင်းချမ်းသာခဲ့ရလေသည်။

ကျောင်းတော်ကြီးကိုလည်း တည်ဆောက်၍ သိမ်တိုက်နှင့်တကွ သီတင်းသုံးတော်မူသော ဆရာတော်အား "**ကေတုဇေတ္တဲ့ တံဆိပ်တော်**"ကပ်လှူတော်မူပါသည်။


စေတီ၏ နယ်လေးရပ်ကိုလည်း ဘေးမဲ့ပြု၍ ကျောက်စာတိုက် စိုက်ခဲ့လေသည်။

တစ်နေ့သောအခါ အင်းဝဘုရင် ဒုတိယမင်းခေါင်သည် စစ်ကိုင်းတောင် ရိုးနေ အရိယဝံသဆရာတော်ကြီးအား



www.burmeselassic.com

www.burmeselassic.com



▲ ဆင်ဘိုးစေတီ၏ ပန္နယ်သုံးဆင့်မှ အပြင်အဆင်များကို အနီးကပ်မြင်ရပုံ



▲ ဆင်ဘိုးစေတီ အရှေ့မြောက်ထောင့် အရပ်မှ သမ်းနားလှသော နဂါးရုံဘုရား



▲ ဆင်ဘိုးစေတီတော်၏ ဆောင်ဖြူး… အာရုံခံ

လာရောက်ဖူးမြော်၍ ဩဝါဒ နာယူလေ၏။

ဘုရင်မင်းမြတ် စီးနင်းလာသော **"ဆင်မယဉ်သာ"**အား အရိယဝံသ ချောင်၏ ဗောဓိပင်အနားအရိပ်တွင် ထားရှိခဲ့လေသည်။

ထိုအခိုက် ဘုရင်မင်းခေါင်၏ စီးတော်ဆင်မယဉ်သာသည် ဗောဓိပင် အရွက်အခက်များအား ချိုးဖဲ့ စားသောက်လေ၏။

**စားသောက်နေသဲ့ အဖော်မှာပင် ဆင်တော်သည် ပြင်းထန်စွာ အော်မြည်၍ ဗောဓိပင်၏ အရှေ့နေရာတွင် လဲပြိုကျသွားလေ၏။ ဆင်တော်သည် အသေကောင်ကဲ့သို့ အသက်မရှူဘဲ ငြိမ်သက်နေလေတော့သည်။**

မှူးမတ်ဗိုလ်ပါ အပေါင်းတို့က နည်းမျိုးစုံဖြင့် ပြုစုဖေးမကြသော်လည်း လုံးဝ လှုပ်ရှားလာခြင်း မရှိတော့။

ဖြစ်ပျက်ပုံ အခြေအနေများကို အရိယဝံသ ဆရာတော်ကြီးနှင့်တကွ ဘုရင်မင်းခေါင်ထံ လျှောက်တင်ကြရလေ၏။

အရိယဝံသ ဆရာတော်ကြီးကိုယ်တိုင် ကြွရောက်ကြည့်ရှုတော်မူပါသည်။ ဆရာတော်ကြီးက **"ဗောဓိပင်ရုက္ခစိုးကြီး"**အား ဖိတ်ခေါ်၍ မေတ္တာပို့ခြင်း ပြုလေ၏။

အရိယဝံသ ဆရာတော်ကြီး၏ သီလ,သမာဓိ,သစ္စာတော်တို့ကို အလေးထားကြည်ညိုသောကြောင့် ရုက္ခစိုးကြီးက ခွင့်လွှတ်ပါသော်လည်း ဆင်မယဉ်သာမှာ အသက်ရှူလာသော်ငြား ရပ်တည်ခြင်း မပြုနိုင်။

သို့အတွက် ဆရာတော်ကြီးကသစ္စာပြုကာ မေတ္တာရေစင်ဖြင့် သွန်းဖျန်းပေးသောအခါ တစ်ခဏအတွင်းမှာပင် ပြန်လည်လှုပ်ရှား ရပ်တည်နိုင်ခဲ့လေသည်။

ဒုတိယမင်းခေါင်က မိမိ၏ စီးတော်ဆင် (ဆင်ဖြူတော်)၏ တန်ဖိုးနှင့်ညီသော အသပြာဝတ္ထုတို့ဖြင့် ဆက်ကပ်လှူဒါန်းလေ၏။

ဆရာတော်ကြီးက ငွေကြေးအလှူကို လက်မခံသောကြောင့် ဆင်တော်နှင့်ညီမျှသော အကုန်အကျငွေဖြင့် ဆင်ဘိုးစေတီ(၄)ဆူကို ဝမ်းမြောက်ဝမ်းသာ တည်တော်မူပါ၏။

ဆင်တော် ပြန်လည်အသက်ဝင်လာသောနေရာတွင်လည်း အမှတ်တရ အဖြစ် စေတီတစ်ဆူ တည်ပါသည်။

**"ဆင်ရှင်ဘုရား"**ဟူ၍ ယနေ့…
တည်ရှိလေသည်။

လေးဆူသော **"ဆင်ဘိုး…
တော်"**များကို တည်ထားပူ…
နောက် ရေစက်ချ၊ အနေကဇ…
ဆင်ယင်သောအခါ **အရိယ…
ဗောဓိပင်ရုက္ခစိုးကြီးအား** …
ထား၍ အမျှပေးဝေခြင်း ပြု…
ပါသည်။

ဆင်ရှင်စေတီမှ ရေဝတီမြစ်…
ဖြူဆိပ်တိုင်အောင် မြစ်ဆိပ်…
အဖြစ် ကျောက်ဖျာခင်းခဲ့လေ…


မြစ်ကမ်းအနီး ဇရပ်ဖြူကြီးကို…
တည်ဆောက်လှူဒါန်းလေ၏။ …
ကမ်းကိုလည်း "ဇရပ်ဖြူဆိပ်…
ယနေ့တိုင် အမည်တွင်လျက် ရှိ…
ဇရပ်ဖြူကြီးမှာ ငှက်လှေများ…
သည်များ နားခိုပြုပြင်ဖာထေး…
ဌာနအဖြစ် တည်ရှိသော…
**"လှေကုဇရပ်ဖြူ"**ဟုလည်း …
တွင်ခဲ့လေ၏။

ယနေ့အချိန်ကာလတွင် …
မြို့ မလွန်ဆန်လှူအသင်း…
များ လှူဒါန်းရာဌာနအဖြ…
ဇရပ်ကြီး ဖြစ်နေလေပြီ။




www.burmeselassic.com

www.burmeselassic.com



▲ ဆင်ဘိုးစေတီတော်၏ မုခ်လှေကားအဝင်မှ ထပ်ပြူတော်များ



ဆင်ဘိုးစေတီတော်မြတ်ကြီး၏ သမိုင်းကျောက်စာ ▶

ယခင်နှစ် ၂၀၁၅ ခုနှစ်က အတိတ်နိမိတ်ကောင်းဖြင့် ရောက်ရှိလာခဲ့ကြသော မြွေကြီးများ၏ နားခိုရာ ရှင်ဖြူလှစေတီ မုခ်ဦးအနီး တည်ရှိသောကြောင့်လည်း လွန်စွာ စည်ကားလှပေတော့၏။

## ဆင်ရှင်စေတီတော်

ဤစေတီတော်မှာ ဗောဓိပင်ရက္ခစိုးကြီး၏ အရှေ့မြောက်ဘက် ဟံသာဂီရိတောင်ခြေတွင် ကိုက်ငါးဆယ်မျှသာ တည်ရှိပါသည်။

ဆင်ဖြူတော် အသက်ပြန်လည်ဝင်ခဲ့ခြင်းကြောင့် "**ဆင်ရှင်ဘုရား**"ဘွဲ့တော်ဖြင့် အမှတ်တရ တည်ထားခဲ့ခြင်းဖြစ်လေ၏။ လက်ရှိစေတီမှာ စေတီပျက်အား ပြန်လည် ထပ်ပိုးတည်ထားခြင်း ဖြစ်ပါသည်။ ယခုအလှူရှင်မှာ နန်းဦးမြို့သစ်မှ ဦးညို၊ ဒေါ်ခင်သိန်းမိသားစုဖြစ်လေ၏။

## ဆင်ဘိုးစေတီ(၁)

ဤစေတီတော်မြတ်ကား စစ်ကိုင်းတောင်၏ သမိုင်းဝင်တောင်တော် အမှတ်(၁၈)ဖြစ်ပါသည်၊ တောင်တော်ကိုလည်း "**ဟံသာဂီရိတောင်**"ဟု အမည်တွင်ပါသည်။ မြတ်စွာဘုရားရှင်၏ ရွှေဟသ်ာမင်းဘဝက လှည့်လည် နားခိုသော တောင်တော်များဖြစ်ခဲ့လေ၏။

ဟံသာဂီရိတောင်ထိပ်တွင် "**ဆင်ဘိုးစေတီ**"ဘွဲ့အမည်ဖြင့် တည်ရှိပါသည်။ ယခုအခါ ဟံသာဂီရိ ဆရာတော်ကြီး အရှင်နန္ဒဝံသ(သီရိပဝရဓမ္မာစရိယ) အရှင်သူမြတ်က မူလဆင်ဘိုးစေတီတော်အား ထပ်ပိုးပြုပြင်မွမ်းမံထားတော်မူပါသည်။

ဟံသာဂီရိ တောင်တော်ကြီးအား ပုဂံနေပြည်တော်မှ ရဟန်းတော်ရှင်ပညာဇောတိ၏ လောကီလောကုတ္တရာ လုပ်ငန်းအဝဝ အောင်မြင်ပေါက်မြောက်ခဲ့ရာ အောင်မြေဖြစ်လေသည်။

ထို့အတူ အရိယဝံသဆရာတော်ကြီး၏ အောင်မြေအဖြစ် သိကြားမင်းကိုယ်တိုင်က ဆင်းကြွပူဇော်ခဲ့ရသော အောင်မြေဌာနမှန် ဖြစ်လေ၏။

## ဆင်ဘိုးစေတီ(၂)

စစ်ကိုင်းတောင်၏ သမိုင်းဝင်တောင်တော် အမှတ်(၂၀) ဖြစ်ပါသည်။ တောင်တော်၏အမည်မှာ"**မြတောင်**" ဟု ခေါ်တွင်ခဲ့လေ၏။

မြတောင်ထိပ်တွင် တည်ထားခဲ့လေရာ၊ ဟံသာဂီရိတောင်၏ အနောက်ဘက်၌ရှိသော တောင်တော်ကြီး ဖြစ်ပါသည်။

**နှစ်ပေါင်း (၅၃၀)ကျော်ပြီ** ဖြစ်၍ သဘာဝ ဥပဒ်ဘေးကြောင့် ပြိုကျပျက်စီးခဲ့ရလေ၏။ **စစ်ကိုင်းတောင်ရိုး ဝိပဿနာ ဂန္ဓာရုံဆရာတော်ကြီး အရှင်ဣန္ဒာဘာသ အရှင်သူမြတ်ကြီး**မှ သက္ကရာဇ် ၁၂၈၈ခုနှစ်တွင် အသစ်ထပ်မံ ပြုပြင် တည်ထားလေသည်။

မူလ ဆင်ဘိုးစေတီတော်အပျက်မှ ရရှိသော ကျောက်သေတ္တာကြီးနှင့်အတူ ဓာတ်တော်မွေတော်များဖြင့် ဖြည့်စွက်၍ အသစ်ပြန်လည် တည်ထားလေ၏။

စေတီတော်၏ မူလပုံစံကိုလည်း ပြင်ဆင်လိုက်ပါသည်။ ထို့အတူ ဆင်ဘိုးစေတီတော်ကြီး ပြီးစီးအောင်မြင်သောအခါ မူလဘွဲ့တော်ကို မသုံးတော့မူ၍ ဥမင်လိုဏ်ပေါက် ကိုးဆယ် ပါဝင်သည့်အတွက် "**ဥမင်သုံးဆယ်ဘုရား**"နှင့် ဆင်တူသောကြောင့် "**ဥမင်ကိုးဆယ်**" စေတီတော်အဖြစ် ထင်ရှားလှပေသည်။

ဥမင်ကိုးဆယ် ဘုရားပွဲတော်ကို နှစ်စဉ် ဝါဆိုလဆန်း (၈)ရက်နေ့တိုင်း ဆွမ်းကြီးကပ်လှူလျက် ရှိပေလေ၏။

www.burmeselassic.com



ရွှေဟင်္သာတံခွန်တိုင်မှ နတ်မင်းကြီးလေးပါးရုပ်



ရွှေဟင်္သာမင်း အထိမ်းအမှတ်တံခွန်တိုင်အား ''ဉမင်ကိုးဆယ်ဆင်ဘိုး''စေတီ နောက်ခံဖြင့် တွေ့မြင်ရပုံ



ပယောင်းသားကဲ့သို့ ကျောက်ကျက် ရုပ်တုတော်ကို သပ္ပါယ်စွာ ဖူးမြင်ရပုံ

*[သီးသန့် ရေးသားဖော်ပြပြီး]*

ဆင်ဘိုး(၄)ဆူအနက် ထူးခြားဆန်းပြားသောပုံဟန်ဖြင့် တင့်တယ်လှပါသည်။

ဆင်ဘိုးစေတီ(၃)

ဤစေတီတော်မှာ အရိယဝံသချောင်ကြီး၏ တောင်ဘက်တွင် တည်ရှိပါသည်။ ဤတောင်တော်ကား ဟံသာဂီရိတောင်ကြီး၏ အနောက်မြောက်စွန်းလည်း ဖြစ်လေ၏။

အရိယဝံသ ဆရာတော်ကြီး၏ **''သိကြားကျစေတီ''** တည်ရှိရာဌာန၏ တောင်ဘက်တွင် တည်ရှိနေလေသည်။

သဘာဝ ရာသီဥတုနှင့် ငလျင်ဘေးတို့ကြောင့် ပျက်စီးပြိုကျခဲ့ရလေ၏။

နောင်သောအခါ **''အဂ္ဂမဟာပဏ္ဍိတ မဟာသီဝဆရာတော်ကြီး''**က အသစ်မွမ်းမံ တည်ထားခဲ့ပြီး **''မဟာအတုလမုနိ''**ဟူသော ဘွဲ့တော်အသစ်ဖြင့် ပူဇော်ခဲ့လေသည်။

သက္ကရာဇ် ၁၃၁၈ ခုနှစ်တွင် ပြင်းထန်သော စစ်ကိုင်းငလျင်ကြီး လှုပ်ခတ်သောကြောင့် စေတီတော်ကြီး၏ ခေါင်းလောင်းတော်အလယ်မှ ထက်ပိုင်းပြတ် ပြိုကျသွားလေတော့သည်။

ယနေ့ ၁၃၇၈ ခုနှစ် ရောက်ရှိလာခဲ့သည့်တိုင်အောင် ပြန်လည်ပြုပြင်မည့် အလှူရှင် သာသနာ့ဒါယကာ မပေါ်ပေါက်သေးပါ။ ကျွန်ုပ်၏ မွေးသက္ကရာဇ် ၁၃၀၀ ပြည့်နှစ် စာတန်းပါမှန်ဦးကြီးကိုသာ တွေ့မြင်နိုင်ကြလေ၏။

ဆင်ဘိုးစေတီ(၄)

ဤစေတီတော်ကား ယခု ခေါင်းစီးပြထားသည့် ဆင်ဘိုးစေတီတော် ဖြစ်ပါသည်။ ဆင်ဘိုးစေတီ(၄)ဆူတို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၊ ဒုတိယမင်းခေါင်က တည်ထားခဲ့ခြင်း ဖြစ်လေ၏။

ဟံသာဂီရိတောင်ကြီး၏ အလယ်ဗဟိုချက် တောင်ထိပ်လည်း ဖြစ်လေ၏။ တစ်နည်းအားဖြင့် စစ်ကိုင်းတောင်တန်းကြီးအား မြင်ကွင်းကျယ် ပန်းချီကားသဖွယ် အားရပါးရ မြင်တွေ့နိုင်ကြပါသည်။

အရှေ့ဘက်သို့ ရှုမျှော်ကြည့်ပါလျှင် မြောက်ဘက်အရပ်မှ စီးဆင်းလာသော မြစ်မင်းဧရာဝတီကိုလည်း စစ်ကိုင်း... အား ငွေ့ဖက်ထားလေဟန် မိခ... တစ်ဦး၏မေတ္တာဖြင့် ခံစားနိုင်... လိမ့်မည်။

**သမိုင်းဝင် ''အမှတ်–၁၈''**တော... တော်၏ အလယ်ဗဟိုလည်းဖြစ်... တောင်၏ တောင်ဘက်တောင်... တွင် တည်ရှိနေသည်မှာ နှစ်ပေါ... (၅၃၀)ပင် ကျော်လွန်ခဲ့လေပြီ။

နှစ်ကာလနှင့်အမျှ ဖြစ်ပျက်... ထုံးအတိုင်း ပြိုကျပျက်စီးခဲ့ရလေ...

ယခု တောင်တော်ကြီးမှာ ... ဘီလူးမင်း၏ ဇေတဝန်စေတီတော်... တည်ရှိရာ ဝတ်ရုံတောင်နှင့် တစ်... တစ်စပ်တည်း နီးကပ်စွာ ဆက်... ပေါင်းစည်းနေသောကြောင့် အ... သော သုတေသီများက ဝတ်ရုံ... အဖြစ်သာ မှတ်ယူကြလေ၏။

ခေတ်အဆက်ဆက် ''အရှေ့... ကျောင်းဆရာတော်များမှ ပြုပြင်... သိမ်း စောင့်ရှောက်ခဲ့ကြပါသော်... စစ်ကိုင်းငလျင်ပြတ် ရွှေ... လှုပ်ရှားခါယမ်းခြင်းကို မက... နိုင်ကြပါ။



www.burmeselassic.com

www.burmeselassic.com






◆ သီတဂူဆရာတော်ကြီး၏ သဿမှူစေတီတော်အား ဆင်ဘိုစေတီမှ မှုမြင်ရပုံ

အရိယဝံသဘိုးဘိုးကြီး ▶

◆ အရိယဝံသ ရုပ်ထုံကျောင်းကို တွေ့မြင်ရပုံ



ဤသို့အားဖြင့် ပြင်လိုက် ပျက်လိုက် ...သရာစက်ဝန်းတွင် မြင်မကောင်းစွာ ...ခဲ့ရလေ၏။

သက္ကရာဇ် ၁၃၆၇ ခုနှစ်တွင် ...သစ်တောရေးဝန်ကြီး ဗိုလ်မှူးချုပ် ...အောင်၊ ဇနီး ဒေါ်ခင်ဌေးမြင့်တို့ ... အမှူးထား၍ သစ်တောဝန်ထမ်း ...နှင့် သစ်လုပ်ငန်းရှင်များ၏ စုပေါင်း ...သိုလ်ဖြင့် (၈–၅–၂၀၀၆)ခုနှစ် ...တွင် တည်ဆောက်ခဲ့ကြလေ၏။

...ဖြင့် ၁၃၆၈ ခုနှစ်၊ တပေါင်း ...န်(၉)ရက်၊ စနေနေ့တွင် ရွှေထီး ...တင်ပွဲကြီးကို အောင်မြင်စွာ ...သင်နိုင်ခဲ့ကြလေသည်။

## ပိုဟာန်အနေအထား

...လက်ရာ မူလဟန် မဟုတ်သော်လည်း ယနေ့ခေတ် ပိသုကာ ပညာရှင်ကြီးများ၏ ခေတ်မီလက်ရာများဖြင့် အစားထိုး ပူဇော်ထားခြင်းကြောင့် ခမ်းနားတင့်တယ်လှပေသည်။

ဉာဏ်တော်အမြင့်မှာ (၆၃)ပေဟု သိရှိရလေ၏။

အုတ်ပလ္လင်အမြင့် (၁၂)ပေ၏ အထက်ရင်ပြင်တော်သို့ ဆင်ဖြူတော် (၂)စီး ဝဲယာရံလျက် မုခ်ဦးလှေကားမှ တက်ရောက်ပါက အရှေ့ဘက်သို့ မျက်နှာတော်ပြုထားသော အာရုံခံကို မြင်တွေ့နိုင်ကြလေ၏။

ဤအာရုံခံ၏ ရွှေပလ္လင်တော်ထက်မှ ရုပ်ပွားတော်မှာ ရှားပါးလှသော စကျင်ကျောက်သားဖြစ်လေရာ ဖယောင်းသား ကျောက်မျက်ဖြစ်ပါသည်။ နေရာတော်မှာလည်း **အရိယဝံသ** ဆရာတော်ကြီး၏ **“အောင်မြေဌာန”** အဖြစ် ကျော်ကြားခဲ့သော နေရာမြတ်ဖြစ်လေ၏။

စေတီတော်၏ ရွှေဖောင်းရစ်များကို မူလစေတီတော်အတိုင်း ဆယ်ရစ် ထပ်ဆင့်၍ ဘုရင်၏ ရွှေဦးသျှောင်ပုံ ထီးတော်ကြီးဖြင့် အထွတ်တင်ပူဇော်ထားပါသည်။ ထူးခြားချက်(၄)ချက် ရှိနေပါသည်။

၁။ မိမိ၏ စိတ်ဆန္ဒရင်း မဟုတ်ဘဲ ယွင်းသွေစွာ ပြုကျင့်မှုဖြင့် တင်ခဲ့သော အပြစ်ကြွေးကို ပြေလျော့စေခြင်း။
၂။ စိုးရိမ်ကြောင့်ကြစိတ်တို့အား ပယ်ဖျောက်စေနိုင်ခြင်း။
၃။ သီလ,သစ္စာဖြင့် ဆုတောင်းပါက ကျန်းမာချမ်းသာစေခြင်း။
၄။ အရိယဝံသ ဘိုးဘိုးကြီးအား သစ်သီး,ပန်း,ရေချမ်းတို့ဖြင့် ဒါနပြုပြီး ဆုပန်ပါက အခွင့်အရေးကောင်းများ ရရှိနိုင်ကြပါကြောင်း မေတ္တာမျှဝေလိုက်ရပါသည်။

***ကျန်းမာချမ်းသာ အဝေရာ ဘေးမဲ့ အေးမြချမ်းသာကြပါစေ...***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeselassic.com

www.burmeselassic.com

ကြော်ငြာဆောင်းပါး

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြားဝေိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နှန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်တောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

သမားအို

လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၉ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့်လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး ... ... ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ... သည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်း... များ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေ... များ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်... ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသ...

သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ ,တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနုချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

သမားအို နှလုံးရောဂါနှင့် ဉာဏ်တောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃...*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေး... ကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ... ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊ ... အားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး...** သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်း... ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်... ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျော... ကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲ... အခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ ... ကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေး... ကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (... ၀၂၉၁၇) ဖုန်း–၀၉–၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်...**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရနိုင်ပါ...




www.burmeselassic.com

www.burmeselassic.com

# သုံးဆယ့်တစ်ဘုံ ဝေနေယျ အမျှရပါစေ (၂)

အုံကြွယ်



◆ စိန်ရောင်ခြည်အဆောက်နှင့် ကျောင်း

**ယခင်လမှ အဆက်**

ဒေါ်ဝင်းဝင်းက သူ့ရင်ထဲမှာ ရှိနေသော ဘဝင်မကျသည့်ကိစ္စကို အားတမ်း လျှောက်ထားခဲ့သည်။ ဆရာတော်က သဘောကျစွာ ဟားဟား ရယ်ရင်း အမိန့်ရှိပြန်သည်။

ဒကာမကြီးက ကြံကြံဖန်ဖန် ...ပြီး မေးတတ်တာပဲ။ ဒီအတွေးမျိုး ...တော်တော် လူများက မတွေးမိကြ ... နက်နက်နဲနဲတွေးပြီး မေးလျှောက် ...မို့ ဦးပဥ္စင်းကလဲ ဗဟုသုတ ...သားသမျှ ဖြေရတာပေါ့လေ။

အခုက ဦးပဥ္စင်း ရှင်းပြခဲ့တဲ့ အထဲ ...ဒီသုံးဆယ့်ခုနစ်မင်း နတ်တွေဟာ ...က်အဆင့်နတ်တွေ ဖြစ်ပြီး စတု ...ရာဇ်နတ်မျိုးနွယ် ဒါမှမဟုတ် ...အပါးတွေလို့ ပြောခဲ့တယ်နော်။

...င်း...ဒီတော့ နတ်ဘုံခြောက်ထပ် ...တ်များရဲ့ သက်တမ်းကို ဗောဒီ ...Boardမှာ ရေးပြီး ရှင်းပြမယ် ...

... ဆိုကာ ရေးသားရှင်းပြတော်မူခဲ့ ...

* *

| နတ်ဘုံအမည် | နတ်တို့၏သက်တမ်း | လူ့သက်တမ်းအရ |
|---|---|---|
| စတုမဟာရာဇ် | နှစ်ပေါင်း - ၅၀၀ | နှစ်ပေါင်း - (၉)သန်း |
| တာဝတိံသာ | နှစ်ပေါင်း - ၁၀၀၀ | နှစ်ပေါင်း - (၃)ကုဋေ (၆)သန်း |
| ယာမာ | နှစ်ပေါင်း - ၂၀၀၀ | နှစ်ပေါင်း - (၁၄)ကုဋေ (၄)သန်း |
| တုသိတာ | နှစ်ပေါင်း - ၄၀၀၀ | နှစ်ပေါင်း - (၅၇)ကုဋေ (၆)သန်း |
| နိမ္မာနရတိ | နှစ်ပေါင်း - ၈၀၀၀ | နှစ်ပေါင်း - (၂၃၀)ကုဋေ (၄)သန်း |
| ပရနိမ္မိတဝသဝတ္တီ | နှစ်ပေါင်း - ၁၆၀၀၀ | နှစ်ပေါင်း - (၉၂၁)ကုဋေ (၆)သန်း |

'ဒီဇယားလေးကို ကြည့်ရင် နတ်ပြည်(၆)ထပ်ရဲ့ သက်တမ်းကို အလွယ်တကူ သိနိုင်ပါတယ်။ အနိမ့်ဆုံး နတ်ဘုံဖြစ်တဲ့ စတုမဟာရာဇ် နတ်ဘုံမှာတောင် သူတို့နတ်သက် တစ်နှစ်ဆိုတဲ့ ကာလဟာ ဦးပဥ္စင်းတို့ရဲ့ လူ့ပြည်မှာ နှစ်ပေါင်း(၁၈၀၀၀) ရှိနေတယ်လေ။

www.burmeselassic.com





▲ သိကြားမင်းနှင့် နတ်များ ဗြဟ္မာမင်းနှင့် ဗြဟ္မာများရုပ်တု

◀ ဆေးတီအနီရောင်သင်ရှု၍

ဝသုန္ဓရေမြေစောင့်နတ်နှင့် ဘီလူးများ

ဒီတော့ သူတို့ဆီက တစ်ရက်က လူ့ဌာနမှာ အနှစ်(၅၀)လောက်နဲ့ ညီနေတာကို တွေ့ရလိမ့်မယ်။ ဒါကြောင့် သုံးဆယ့်ခုနစ်မင်းနတ်တွေဟာ စတုမဟာရာဇ်အနွယ်တွေ ဆိုခဲ့ရင် ဒကာမကြီးပြောတဲ့ လူတို့ရဲ့ နှစ်တစ်ထောင်သက်တမ်းဟာ သူတို့ အနေနဲ့တော့ ရက်(၂၀)လောက်ပဲ ရှိဦးမှာပေါ့။

သူတို့တွေဟာ စတုမဟာရာဇ် အနွယ်တွေ မဟုတ်ဘဲ ဘုမ္မစိုးအနွယ်တွေ ဆိုရင်လဲ သူတို့ရဲ့ သက်တမ်းအရ ဘယ်လောက်မှ ကြာမှာ မဟုတ်သေးဘူးလို့ ခန့်မှန်းလို့ ရနိုင်ပါတယ်နော်။

ဒါကြောင့် နတ်ကိစ္စတွေကို ရှုပ်ရှုပ်ထွေးထွေး တွေးမနေဘဲ ရင်ထဲက ဖျောက်ပြီး ရတနာသုံးပါးကို ဦးထိပ်ထားကာ စိတ်ရှင်းရှင်းနေပါလို့ ဦးပဥ္စင်းက လမ်းညွှန်အကြံပြုပါရစေနော်။ ကဲ...ဒီလောက်ဆိုရင် ရှင်းပြီထင်ပါရဲ့ဗျာ။ ဘာများ မေးမြန်းလျှောက်ထားစရာများ ရှိပါသေးလဲ ဒကာမကြီးတို့'

'တပည့်တော်မတို့ရဲ့ သံသယဘဝင်မကျမှုများ မြူမျှ မကျန်အောင် ရှင်းသွားပါပြီဘုရား။ ဘာမှလဲ မေးမြန်းလျှောက်ထားစရာ မရှိတော့ပါဘူး ဘုရား'

ညီအစ်မနှစ်ဦးက ပြိုင်တူဖြေဆိုကြသည်။

'ကဲ... ဒကာမကြီးတို့က မေးလျှောက်စရာ မရှိတော့ရင် ဦးပဥ္စင်းကပဲ ဆက်ပြီး ပြောရဦးမှာပေါ့။ ဦးပဥ္စင်းတို့ရဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သတ္တဝါအများကို နတ်,သိကြား, ဘီလူး,နဂါး စတဲ့ နတ်မင်းများက စောင့်ရှောက်နိုင်ဖို့အတွက် **"အာဋာနာဋိယသုတ်တော်"**ကို ဟောကြားတော်မူခဲ့တယ်။

ဒါကြောင့် သူတို့ရဲ့ အစောင့်အရှောက်ကို ခံနိုင်ဖို့ ဒီပရိတ်တော်ကြီးကို အမြဲရွတ်ပွားပူဇော်ပါ။ ဒီလို ရွတ်ဆိုပူဇော်ရင် အောက်အဆင့်နတ်များသာမက အထက်အဆင့် နတ်ကြီးများက ပါ မနေသာတော့ဘဲ စောင့်ရှောက်မှာ မလွဲပါဘူး။ ဒကာမကြီးများ ဖမ်း...
...တော်ကို ရကြရဲ့လားဗျာ'

ဆရာတော်က မေးလာ...
ဒေါ်စုစုတို့ ညီအစ်မက ပွင့်လင်း...
သားစွာပဲ ဖြေဆိုကြသည်။

'ဒီပရိတ်တော်ကိုတော့ ...
ဘုရား၊ တရားတော်က ရှည်လွန်း...
ကြောင့် နေ့အလိုက် အလှည့်ကျ...
သောကြာနေ့တိုင်းနဲ့ ခရီးမထွက်...
အခါများမှာတော့ စာအုပ်ကြည့်...
ရွတ်ဖတ်ပူဇော်မှုတော့ ပြုပါ...
ဘုရား'

'ဦးပဥ္စင်းကလဲ ဒီလိုပဲ ဖြစ်မယ်...
မေးတာပါ။ ဒီပရိတ်တော်ကြီးကို အ...
မရရင်လဲ ဟောဒီအပိုင်းလေးတော့ ...
ရွတ်ဆိုကြဗျ'

ဟု ဆိုကာ ဆရာတော် ဦးညာ...
ရွတ်ဆိုပေးခဲ့ပါသည်။

▲ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊
သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အ,ရောဂေန သုခေန ...
▲ ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊





www.burmeselassic.com

www.burmeseclassic.com



◆ ကိုကြီးကျော်ရုပ်ထုနန်းဆောင်



◆ မြင်းဖြူရှင် နတ်နန်း



◆ ကိုးမြို့ရှင်နှင့် ပုလဲသည်နန်းဆောင်

သန္တိ ဒေဝါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အ,ရောဂေန သုခေန စ။
▲ ပစ္ဆိမသို့ ဒိသာဘာဂေ၊
သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အ,ရောဂေန သုခေန စ။
▲ ဥတ္တရသို့ ဒိသာဘာဂေ၊
သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊
အ,ရောဂေန သုခေန စ။
▲ ပုရတ္ထိမေန ဓတရဋ္ဌော၊
ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊
ကုဝေရော ဥတ္တရံ ဒိသံ။
▲ စတ္တာရော တေ မဟာရာဇာ၊
လောကပါလာ ယသဿိနော။
တေပိ အမှေ နုရက္ခန္တု၊
အ,ရောဂေန သုခေန စ။
▲ အာကာသဋ္ဌာ စ ဘုမ္မဋ္ဌာ၊
ဒေဝါ နာဂါ မဟိဒ္ဓိကာ၊
တေပိ အမှေ နုရက္ခန္တု၊
အ,ရောဂေန သုခေန စ။

**အဓိပ္ပာယ်အကျဉ်းကတော့...**

"မြင်းဆိုင်တောင် အရှေ့ဘက်တွင်နေသော ဂန္ဓဗ္ဗနတ်များ၊ တောင်ဘက်မှာနေသော ဂုမ္ဘဏ်နတ်များ၊ အနောက်အရပ်နေ နဂါးနတ်များ၊ မြောက်ဘက်နေသော နတ်ဘီလူးများ အားလုံးက လည်းကောင်း...

ဓတရဋ္ဌနတ်မင်းကြီး၊ ဝိရူဠှကနတ်မင်းကြီး၊ ဝိရူပက္ခနတ်မင်းကြီး၊ ကုဝေရနတ်မင်းကြီး စသည့် လောကပါလနတ်မင်းကြီးလေးပါးတို့က လည်းကောင်း...

တန်ခိုးကြီးသည့် ဘုမ္မစိုးနတ်၊ အာကာသစိုးနတ်များကလည်းကောင်း အကျွန်ုပ်တို့ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာအောင် စောင့်ရှောက်တော်မူကြပါ"

လို့ တိုင်တည်လျှောက်ထား ဆုတောင်းတာမို့ နတ်မင်းများကလဲ ဘုရားမွေစက် မနေသာဘဲ စောင့်ရှောက်ကြမှာ မလွဲသေချာပါပဲ။

ဒါကတော့ ပရိတ်ကြီး(၁၁)သုတ်လာ "**အာဋာနာဋိယ ပရိတ်တော်**" မှာပါတဲ့ ထက်မြက်လှစွာသော ဂါထာစာပိုဒ်လေးမို့ တန်ဖိုးက ကြီးလှပါတယ်။

ဦးပဥ္စင်းကတော့ ဒီဂါထာလေးနဲ့ နတ်,ဘီလူး,နဂါး စတဲ့ ပုဂ္ဂိုလ်များရဲ့ စောင့်ရှောက်မှုခံ အကူအညီ ရယူခဲ့သလို သူတို့အတွက်လဲ တတ်စွမ်းသမျှ မေတ္တာပို့ ဆုတောင်းပေးတယ်။

ပြုသမျှ ကုသိုလ်အဝဝတို့ကိုလဲ ရကြပါစေဆိုပြီး အမျှပေးဝေပါတယ်။ ဒကာမကြီးတို့ကိုလဲ မေတ္တာပို့ ဆုတောင်း အမျှဝေကြပါလို့ မှာပါရစေနော်'

'မှန်ပါ့ဘုရား... နေ့စဉ် ဝတ္တရားမပျက် ဆောင်ရွက်လျက် ရှိပါတယ်ဘုရား'

'အေး... ဦးပဥ္စင်းကလဲ သာဓုခေါ်ပါတယ်။ ဒီနေရာမှာ ဦးပဥ္စင်း ဆောင်ရွက်လေ့ရှိတဲ့ သုံးဆယ့်တစ်ဘုံမှာ ကျင်လည်ကျက်သော သတ္တဝါဝေနေယျတို့အတွက် အမျှပေးဝေ ပုတီးစိပ်ကျင့်စဉ်လေးတစ်ခုကို ပြောပြချီးမြှင့်ချင်တယ်'

'တင်ပါ့ဘုရား... တပည့်တော်မကလဲ ပုတီးသမား ဖြစ်တာကြောင့် အမျှဝေ ပုတီးစိပ်နည်းဆိုတော့ ပိုပြီး

www.burmeselassic.com



ပုပ္ပါးမယ်တော်နှင့်
မင်းကြီးမင်းလေးနန်း



အမေကျွန်းရုပ်တုနှင့် နန်း




အမေရေယဉ်ရုပ်တုနှင့် နန်းဆောင်

စိတ်ဝင်စား ရလိုပါတယ်ဘုရား၊ တပည့်တော်တို့ကို မျှဝေလမ်းညွှန်ပေးဖို့ ပန်ကြားပါတယ်ဘုရား'

လစဉ် တရားရိပ်သာများသို့ ဝင်ကာ တရားထိုင် ပုတီးစိပ်လေ့ရှိသူ ဒေါ်စုစုက စိတ်ဝင်စားစွာ ဆန္ဒပြုခဲ့ပါသည်။

'အဓိဋ္ဌာန်ကာလ ရက်သတ်မှတ်မှုကတော့ (၃၁)ဘုံမှာရှိတဲ့ ဝေနေယျအများသူငါတို့အတွက် ရည်စူးတာမို့ (၃၁)ရက် သတ်မှတ်တယ်။ ဘုံတစ်ဘုံကို တစ်ရက်နှုန်း ရည်စူး ပုတီးစိပ်အမျှဝေတာမို့ (၃၁)ရက် သတ်မှတ်တာပါ။

အဲဒီလို (၃၁)ရက် သတ်မှတ်ပုတီးစိပ်ရာမှာ အဓိဋ္ဌာန် စတင်တဲ့ ရက်ကို မြန်မာလရဲ့ ရက်စုံလဖြစ်တဲ့ လပြည့်နေ့မှာ စရမှာဖြစ်ပြီး... နောက်လဖြစ်တဲ့ ရက်မစုံလရဲ့ လပြည့်နေ့ကို အဓိဋ္ဌာန်နောက်ဆုံးရက်အဖြစ် သတ်မှတ်ပါတယ်။

ဥပမာအားဖြင့် **"ကဆုန်လပြည့်နေ့ကစပြီး နယုန်လပြည့်နေ့မှာ အဆုံးသတ်"**တာမျိုးပေါ့။ ရက်စုံလတွေဖြစ်တဲ့ **"ကဆုန်, ဝါဆို, တော်သလင်း, တန်ဆောင်မုန်း, ပြာသို, တပေါင်း"** စတဲ့ လတွေရဲ့ လပြည့်နေ့များမှာ အဓိဋ္ဌာန်ကို စတင်မှသာ (၃၁)ရက်ပြည့်တဲ့ အဓိဋ္ဌာန်နောက်ဆုံးနေ့ဟာလဲ လပြည့်နေ့ဖြစ်မှာပါ။

အခြား ရက်မစုံလရဲ့ လပြည့်နေ့မှာ စ,ရင်တော့ အဓိဋ္ဌာန်ပြီးတဲ့နေ့ဟာ နောက်လရဲ့ လပြည့်နေ့မှာ (၃၀)ရက်သာ ရှိသေးလို့ လပြည့်ကျော်(၁)ရက်နေ့မှ (၃၁)ရက် ဖြစ်သွားပါလိမ့်မယ်။

လပြည့်နေ့ (၂)ရက်နေ့ အဓိဋ္ဌာန် မကိုက်တော့ပါဘူး။ ဒီ ရက် သတ်မှတ်နည်းကတော့ ဦးပဉ္ဇင်းရဲ့ ကိုယ်ပိုင်သတ်မှတ်ချက်ပါ။ ပြည့်ပြည့်ဝဝ အမျှရပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ အခြားရက်တွေ သတ်မှတ်လို့ မရဘူးလားလို့ မေးရင်တော့ ရပါတယ်လို့ပဲ ဖြေရမှာပါ။

ဘယ်နေရာမှာ အဓိဋ္ဌာန်ဝင်ရမှာလဲဆိုရင်တော့ တန်ခိုးကြီးဘုရားစေတီမှာဖြစ်စေ၊ အိမ်က ဘုရားစင်ရှေ့မှာပဲဖြစ်စေ ဘယ်နေရာဖြစ်ဖြစ် ရပါတယ်၊ အရေးကြီးတာက သတ်မှတ်တဲ့

နဲ့ အချိန်တိကျဖို့ပါပဲ။ နေ့နေ့

ကိုယ်အဆင်ပြေတဲ့ အချိန်နဲ့

မပျက်ကွက်ဖို့က အဓိကလို့

စေ။

နေရာနဲ့အချိန် သတ်မှတ်ပြီ

ဒီ(၃၁)ရက် အဓိဋ္ဌာန်မှာ ရွတ်ပွား

ပုတီးစိပ်ရမယ့် ဂါထာနဲ့ နေ့အ

ဆုတောင်း အမျှဝေပုံတွေကို

ဦးပဉ္ဇင်းက လွယ်ကူရှင်းလင်း

ဇယားလေးတွေနဲ့ ရှင်းပြပါမယ်

### ပုတီးစိပ်ရန်ဂါထာနှင့်

### ပုတီးစိပ်နည်း

၁။ ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ *[ပုတီးတ*

၂။ ဓမ္မော မေ သရဏံ အညံနတ္ထိ

ဓမ္မံ သရဏံ ဂစ္ဆာမိ။ *[ပုတီးတ*

၃။ သံဃော မေ သရဏံ အညံနတ္ထိ

သံဃံ သရဏံ ဂစ္ဆာမိ။ *[ပုတီး*

၄။ နတ္ထိမေသရဏံ အညံ၊ ဗုဒ္ဓေါ မေ

ဧတံ သရဏံ ဥပေမိ၊ ယထိ

*[*

၅။ နတ္ထိမေသရဏံ အညံ၊ ဓမ္မောမေ



www.burmeselassic.com

တော် သရဏံ ဥပေမိ၊ မယိကာဠိ နဝဋ္ဌတိ၊
*[ပုတီးတစ်လုံးချ]*
၆။ နတ္ထိမေ သရဏံအညံ သံဃော မေ သရဏံဝရံ၊
တော် သရဏံ ဥပေမိ၊ မယိကာဠိ နဝဋ္ဌတိ၊
*[ပုတီးတစ်လုံးချ]*
၇။ ဗုဒ္ဓဂုဏော အနန္တော *[ပုတီးတစ်လုံးချ]*
၈။ ဓမ္မဂုဏော အနန္တော *[ပုတီးတစ်လုံးချ]*
၉။ သံဃဂုဏော အနန္တော *[ပုတီးတစ်လုံးချ]*
၁၀။ မာတာပိတုဂုဏော အနန္တော
*[ပုတီးတစ်လုံးချ]*
၁၁။ အာစရိယဂုဏော အနန္တော
*[ပုတီးတစ်လုံးချ]*
၁၂။ ဗုဒ္ဓေါ ဗောဓေယျံ *[ပုတီးတစ်လုံးချ]*
၁၃။ ဓမ္မော ဒေသေယျံ *[ပုတီးတစ်လုံးချ]*
၁၄။ မုတ္တော မောစေယျံ *[ပုတီးတစ်လုံးချ]*
၁၅။ တိဏ္ဏော တာရေယျံ *[ပုတီးတစ်လုံးချ]*
၁၆။ အနိစ္စ *[ပုတီးတစ်လုံးချ]*
၁၇။ ဒုက္ခ *[ပုတီးတစ်လုံးချ]*
၁၈။ အနတ္တ *[ပုတီးတစ်လုံးချ]*

အဲဒီ ရွတ်ဆိုပုတီးစိပ်ရန် ဂါထာမှာ (၁၈)ပုဒ်ရှိလို့ ဂါထာတစ်ပိုဒ်ဆုံးရင် ပုတီး(၁၈)လုံး စိပ်ပြီးဖြစ်မယ်။ ဂါထာ (၆)ကြိမ် ပြီးရင်တော့ (၁၀၈)လုံး ပုတီးတစ်ပတ် ရပါတယ်။

အဓိဋ္ဌာန်ကာလ (၃၁)ရက်အတွင်း နေ့စဉ် ပုတီး(၉)ပတ် စိပ်ရပါမယ်။ နေ့အလိုက် ရည်စူးရည်မှန်း အမျှပေး ရန်အတွက် ဇယားလေးနဲ့ပဲ ဖော်ပြ လိုက်ပါဦးမယ်။

* * * ——————→

ဇယားကိုကြည့်ပြီး ပုတီးစိပ် အမျှ ပေးရမယ့်(၃၁)ဘုံကို သိရှိနိုင်မှာ ဖြစ်သလို အမျှဝေပုံ၊ ဆုတောင်းပုံကိုလဲ သိရှိ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဘုံတစ်ဘုံအတွက် ရည်မှန်း ပုတီးစိပ် ပြီးတိုင်း "မှတ်ချက်" အကွက်လေး မှာ "နေ့စွဲ"နဲ့ "ပြီးစီးကြောင်း" ရေးမှတ်ထားခြင်းဖြင့် မှားစရာလဲ မရှိ နိုင်တော့ ဘူးပေါ့။

ဒီအဓိဋ္ဌာန်ကို ကျင့်ကြံဆောင်ရွက် ခြင်းဖြင့် သတ္တဝါတွေအပေါ် မေတ္တာ စိတ် ဖြန့်ကြက်ထားတာမို့ မိမိကိုယ် ရော ရည်စူးပုဂ္ဂိုလ်များပါ အေးချမ်းမှု

## သုံးဆယ့်တစ်ဘုံနှင့် အမျှဝေ ဆုတောင်း အဓိဋ္ဌာန်ဇယား

| အဓိဋ္ဌာန်ရက် | ရည်စူးရန်ဘုံဌာန | အမျှဝေပုံ | ဆုတောင်းပုံ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ငရဲဘုံ | ကျွန်ုပ်ပြုသမျှ ကုသိုလ်အဝဝနှင့် ရတနာသုံးပါး၊ အနန္တောအနန္တ ငါးပါးတို့၏ တန်ခိုးတော်၊ မေတ္တာတော်တို့ကို ခံယူကာ ရည်စူးသည့် (......)ဘုံသားများ အမျှရ၍ သာဓုခေါ်ဆိုနိုင်ကြပါစေ။(အမျှ...အမျှ...အမျှ... ယူတော်မူကြပါကုန်လော့)*[၃-ကြိမ်]* | ရည်စူးသည့် (......)ဘုံသားများ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။ လိုအင်ဆန္ဒများလည်း ပြည့်ဝကြပါစေ။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့် သူတော်ကောင်းတရားများ နာကြား ကျင့်ကြံအားထုတ်နိုင်ကြပါစေ။ နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတို့နှင့် ရောက်နိုင်ကြပါစေ။ | နေ့စဉ် ရည်စူးရာ ဘုံဌာနအတွက် အဓိဋ္ဌာန်ပုတီးစိပ် အမျှဝေ ဆုတောင်းပြီးတိုင်း ဤမှတ်ချက်ကွက်တွင် "ရက်စွဲ"နှင့် "ပြီးစီး"ဟု ရေးမှတ်ရန် ဖြစ်သည်။ |
| ၂ | တိရစ္ဆာန်ဘုံ | | | |
| ၃ | ပြိတ္တာဘုံ | | | |
| ၄ | အသုရကာယ်ဘုံ | | | |
| ၅ | လူ့ဘုံ | | | |
| ၆ | စတုမဟာရာဇ်ဘုံ | | | |
| ၇ | တာဝတိံသာနတ်ဘုံ | | | |
| ၈ | ယာမာနတ်ဘုံ | | | |
| ၉ | တုသိတာနတ်ဘုံ | | | |
| ၁၀ | နိမ္မာနရတိနတ်ဘုံ | | | |
| ၁၁ | ပရနိမ္မိတဝသဝတ္တီဘုံ | | | |
| ၁၂ | ပါရိသဇ္ဇာဗြဟ္မာဘုံ | | | |
| ၁၃ | ပုရောဟိတာဗြဟ္မာဘုံ | | | |
| ၁၄ | မဟာဗြဟ္မာဘုံ | | | |
| ၁၅ | ပရိတ္တာဘာဗြဟ္မာဘုံ | | | |
| ၁၆ | အပ္ပမာဏာဘာဗြဟ္မာဘုံ | | | |
| ၁၇ | အာဘဿရာဗြဟ္မာဘုံ | | | |
| ၁၈ | ပရိတ္တသုဘာဗြဟ္မာဘုံ | | | |
| ၁၉ | အပ္ပမာဏသုဘာဗြဟ္မာဘုံ | | | |
| ၂၀ | သုဘကိဏှာဗြဟ္မာဘုံ | | | |
| ၂၁ | ဝေဟပ္ဖလာဗြဟ္မာဘုံ | | | |
| ၂၂ | အသညသတ္တာဗြဟ္မာဘုံ | | | |
| ၂၃ | အဝိဟာဗြဟ္မာဘုံ | | | |
| ၂၄ | အတပ္ပါဗြဟ္မာဘုံ | | | |
| ၂၅ | သုဒဿာဗြဟ္မာဘုံ | | | |
| ၂၆ | သုဒဿီဗြဟ္မာဘုံ | | | |
| ၂၇ | အကနိဋ္ဌာဗြဟ္မာဘုံ | | | |
| ၂၈ | အာကာသာနဉ္စာယတနဘုံ | | | |
| ၂၉ | ဝိညာဏဉ္စာယတနဘုံ | | | |
| ၃၀ | အာကိဉ္စညာယတနဘုံ | | | |
| ၃၁ | နေဝသညာနာသညာယတနဘုံ | | | |

www.burmeseclassic.com

www.burmeseclassic.com



▲ ပဲခူးမယ်တော်ရုပ်တုနန်းဆောင်



▲ အမိမယ်တော် မြနန်းနွယ်ရုပ်တုနှင့် နန်း

▼ မယ်ဆိမ်း မယ်သိမ် သိုက်နန်းဆောင်



ကို ရရှိမှာ မလွဲပါဘူး။ မေတ္တာသဘော ကို အအေးဓာတ်မို့ အပူမှန်သမျှ ကင်းရှင်းစေရပြီလေ။ ရတနာသုံးပါးနဲ့

အနန္တောအနန္တငါးပါးတို့ရဲ့ ဂုဏ်ကျေးဇူး ကြောင့်လဲ အန္တရာယ်ဟူသမျှ ကင်းပ ပြီး ကောင်းကျိုးလိုရာ ဆန္ဒတွေ ရစေ

နိုင်တာပေါ့။

ဒါကြောင့် ငါ,သူတစ်ပါး ကောင်း ကျိုးချမ်းသာ ရစေမယ့် (၃၁)ဘုံ အ ဝေဆုတောင်း အဓိဋ္ဌာန်ကို အခါသင့် အခွင့်သင့်တဲ့ အချိန်များ မဖြစ်မနေ ဆောင်ရွက်ကြပါလို့ ဦး က ဒကာမကြီးတို့ကို တိုက်တွန်း လိုက်ပါတယ်နော်'

`စိန်ရောင်ခြည်ကျောင်းတိုက် တော် ဦးဉာဏ၏ လမ်းညွှန်ပြ စကားကို နာကြားပြီးနောက် ဒေါ် နှင့် ဒေါ်ဝင်းဝင်း ညီအစ်မနှ သာဓုသုံးကြိမ် ခေါ်ဆိုလျက် ရှိ ကန်တော့လိုက်ကြပါတော့သည်

အံ့ကြွယ်



www.burmeseclassic.com

www.burmeselassic.com

ဘေးရန်ကင်းကွာ ကောင်းကျိုးလိုရာ ပြည့်ဝစေနိုင်သော

# အရဟံ လက်ဖွဲ့အဆောင်

စီရင်နည်း

ဤလောက၌ သတ္တဝါတိုင်းသည် ချမ်းသာသုခကို အလိုရှိကြကုန်သည် ဖြစ်ကြပေသည်။ ဆင်းရဲကို မည်သည့် သတ္တဝါမျှ အလိုရှိကြမည် မဟုတ်ကြ ချေ။ သို့သော် တကယ့်လက်တွေ့တွင် ကား ဖြစ်ချင်တိုင်း မဖြစ်ကြရပါပေ။ ဖြစ်ချင်တာက တခြား၊ ဖြစ်လာရသည် က တခြား ဖြစ်တတ်ကြပေသည်။

ဤသည်တို့မှာ လောက၏ အကြောင်းတရားများသာ ဖြစ်ကြပေ ၏။ အကောင်းနှင့် အဆိုးသည် ထာဝရ ယှဉ်တွဲနေသော တရားဖြစ်သည်နှင့် အညီ တစ်ခါတစ်ရံ၌ အကောင်းကို မျှော်မှန်းကြသော်လည်း အဆိုးဆုံး ဘက်သို့ ဦးတည်ရောက်ရှိသွားတတ် ကြပေသည်။

ထိုသို့ အဆိုးဆုံးဘက်သို့ ရောက်ရှိ ကြသည့်အခါများ၌ အရာရာကို ဆုံးရှုံး သွားကာ ခြေကုန်လက်ပန်း ကျသွားတတ် ကြပေသည်။ ဘဝကို ရေစုန်မျှောလိုက် တတ်ကြပေသည်။

စာရေးသူ ယခုတင်ပြမည့် နည်းလေးမှာ ထိုကဲ့သို့ ဖြစ်နေရသူများ အတွက် အရာရာကို စွန့်လွှတ်ဆုံးရှုံး လိုက်ရသဖြင့် ခြေကုန်လက်ပန်း ကျရောမလို၊ ဘဝကို ရေစုန်မျှောစရာ ဆိုတဲ့ အခက်အခဲအမျိုးမျိုး၊ ဒုက္ခ အမျိုးမျိုးတို့မှ လွန်ဆန်ထမြောက်ပြီး ဘေးရန်ကင်းကွာ ကောင်းကျိုးလိုရာ ပြည့်ဝစေနိုင်သော **"အရဟံလက်ဖွဲ့ အဆောင်"** ပြုလုပ်နည်းလေးပင် ဖြစ်ပါသည်။

စာရေးသူကိုယ်တိုင် အသုံးပြုခဲ့ သော ထူးခြားမှုရှိသည့် နည်းလေးဖြစ် သဖြင့် တစ်ဆင့် ပြန်လည် တင်ပြလိုက် ရသည်။

## ပြုလုပ်ရန်မှာ...

ပထမ ရွှေပြား၊ ငွေပြား၊ ကြေးပြား တစ်ခုခုနှင့် ရေးရန်အတွက် ကညစ် (သို့မဟုတ်)ခဲတံ ရှိရပါမည်။ ထို့နောက် အောက်၌ တင်ပြမည့် လုပ်ထုံးအချိန် ရွေးနည်းထဲမှ မိမိ နှစ်သက်ရာ အချိန် တစ်ခုခုတွင် ဦးစွာ ရေမိုးချိုး ကိုယ်ကို သန့်စင်၊ အမွှေးနံ့သာများ လိမ်းကျံ၍ ဘုရားရှေ့၌ မိမိတတ်နိုင်သည့် ငါးပါး၊ ရှစ်ပါး၊ ကိုးပါးသီလ တစ်ခုခု ယူရပါ မည်။


ထို့နောက် မိမိရေးမည့် ကညစ် (သို့မဟုတ်)ခဲတံအား...

"ဥုံ ဗလဝေဝေလဗ၊ နမဗဓ၊ ကယမထ၊ သမလဝ၊ သဓမထ"

ဂါထာ (၇)အုပ် စုတ်ပါ။

ပြီးသည်နှင့် ၂၄ ပစ္စည်းနှင့် စည်းသား၍ မိမိရေးမည့် ရွှေပြား၊ ငွေပြား၊ ကြေးပြား တစ်ခုခုတွင် "အရဟံ"ကို ပုံပါအတိုင်း လက်ယာ ဘက် "ရ" မှ စပြီး တစ်ကြောင်းတည်း လက်ဝဲဘက်သို့ "အ" အထိ ရေးဆွဲရ ပါမည်။

* * *




ထိုသို့ ရေးနေစဉ်အတွင်း စည်း အတွင်း အခြားသူ မဝင်ရ၊ စကား မပြောရ၊ ချောင်းမဆိုးရ၊ တံတွေးမမျို ရပါ။ ပြီးပါက အောက်ပါ...

"ဥုံ...ဘိက္ခု မန္တန် မှိုင်းဆရာမှိုင်း"

ဂါထာဖြင့် (၃၇)အုပ် စုတ်ပါ။ ထို့နောက် လိပ်ပြီး ဆောင်ထားပါ။

မိမိ၏ လိုအပ်ချက်၊ ရည်မှန်းချက် များ အောင်မြင်ရမည်ဖြစ်ကြောင်း ယုံကြည်မှု အပြည့်ထားပါ။ ကာန်မုချ ဘေးရန်ကင်းကွာ ကောင်းကျိုးလိုရာ ဆန္ဒအပေါင်းနှင့်ပြည့်စုံမည်ဖြစ်ပါသည်။

## လုပ်ထုံးအချိန်ရွေးနည်း

| | |
|---|---|
| ၁။ တနင်္ဂနွေနေ့၌ | →နံနက်(၄)နာရီအချိန် |
| ၂။ တနင်္လာနေ့၌ | →နေဝန်းပေါ်ချိန် |
| ၃။ အင်္ဂါနေ့၌ | →နေ့တစ်ချက်တီးအချိန် |
| ၄။ ဗုဒ္ဓဟူးနေ့၌ | →နေ့နှစ်ချက်တီးအချိန် |
| ၅။ ကြာသပတေးနေ့၌ | →မွန်းလွဲပြီးချိန် |
| ၆။ သောကြာနေ့၌ | →ညနေ(၃)ချက်တီးအချိန် |
| ၇။ စနေနေ့၌ | →နွားရိုင်းသွင်းချိန် |

## သိဒ္ဓိပိုင်းဆိုင်ရာ

| | |
|---|---|
| ၁။ တနင်္ဂနွေနေ့၌ | → ရာဇသဗ္ဗကုတ္တိယနှင့် လာဘသိဒ္ဓိ |
| ၂။ တနင်္လာနေ့၌ | → အနုပိယ၊ လာဘ၊ ဈေးခေါ်လာဘ်ခေါ် |
| ၃။ အင်္ဂါနေ့၌ | → ကာယအပြီးအစီး။ အန္တိမဆာယာ |
| ၄။ ဗုဒ္ဓဟူးနေ့၌ | → ကာယအပြီးအစီး။ အလွဲ၊ အကာ၊ လာဘ်လာဘ |
| ၅။ ကြာသပတေးနေ့၌ | → အလွဲ၊ အဖယ်၊ ရှိန်းဆာယာ |
| ၆။ သောကြာနေ့၌ | → အလွဲ၊ အကာ၊ အမှောင့်ပယောဂ |
| ၇။ စနေနေ့၌ | → ကာယ၊ ပီယ၊ အန္တိမ ဆာယာ၊ လာဘ် |

***ကောင်းကျိုးလိုရာ ဆန္ဒအပေါင်းနှင့် ပြည့်ဝကြပါစေ။***

**ဒေါ်ရွှေ(စီးကုန်း)**



www.burmeseclassic.com

www.burmeselassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့် )
ဆီးပူသောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅




www.burmeselassic.com

www.burmeselassic.com

ယခင်လမှ အဆက်

စုဆောင်းရေးသမျှ

ကျောက်တံခါးမြို့ မဥ္ဇိမာရုံကျောင်းမှ

# ဆုတ္ထူးပန်ဆရာတော် ဦးကောသလ (၄)

လက်မြင်းကျော်စွာ

ရွှေဘုန်းတိုးစေတီမှ ပြန်လာ၍ ...ကျောက်တံခါးမြို့တွင်းရှိ ဆရာတော် ...ကောသလကို သိမီလိုက်သည့် ရဟန်း ...လူသာဝကအချို့ထံ စုံစမ်းမေးမြန်း ...လည်း ဆရာတော်၏ ထေရုပ္ပတ္တိ ...ချဉ်းမျှကိုပင်လျှင် မှတ်သားခွင့် ...ခဲ့ပေ။

ဒေါ်ရွှဟုန်က မြို့လယ်သိမ်ကျောင်း ...တွင်း၌ ဖိုရုံရှိခဲ့ကြောင်းနှင့် ရသေ့ ...နှင့်အတူ ဖိုဆွဲနေသည့် သူ၏ ...ပုံကိုလည်း ထုတ်ပြပေးသည်။

ဆရာတော် တောထွက်စဉ် ရိုက်ကူး ...သည့် သပိတ်လွယ် ယပ်ထမ်း ...င်ဝှေးကိုင်ထားသည့် ဓာတ်ပုံကို ... တွေ့ရသည်။

...နှစ်သည် နက္ခတ္တရောင်ခြည် ... နယ်လှည့်အယ်ဒီတာအဖြစ် ...နှစ် နှစ်ခုစာမျှ နေရာဒေသအနှံ့ ...သွားလာခဲ့ရာတွင် ရဟန်းထူးဟု ...ကြားသော ဆရာတော်ကြီးများ ...များစွာ ကြည်ညိုဖူးတွေ့ခဲ့ရ ...

...သော် ဤကဲ့သို့ သပိတ်လွယ်၊ ...၏ တောင်ဝှေးကိုင်သောပုံဖြင့် ...ခံယူသော ဆရာတော် သုံးပါး ... သတိပြုမိသည်။

...ဆုံး မြင်တွေ့ဖူးသည်ကား **...သာနဲ့ဆရာတော် ဦးဝိစာရ** ...ကြည်ညိုဖွယ်ကောင်းသော ...တော်ဟု မိန့်ကြားခဲ့သော ဆရာ ...သည့်အပြင် (အဂ္ဂမဟာ ...ဆဋ္ဌသီဂီတိပုစ္ဆက) မဟာစည် ...တော်ကြီး ရဟန်းငယ်ဘဝ တရား ...ဆိုက နည်းခံခဲ့ဖူးသော သထုံ



ဆရာတော်ဦးကောသလတောထွက်စဉ်



www.burmeselassic.com

www.burmeselassic.com


ခရိုင်၊ ဘီးလင်းမြို့နယ် **ရွှေရောင်ပြ တောရဆရာတော် ဦးအာလောက ခေါ် ဘုန်းတော်ကြီး ဦးအုံးနိုင်ဖြစ်** သည်။ ဆရာတော်က ထိုပုံနှင့် စပ်လျဉ်း၍ အထူးအထွေ မိန့်ကြားခြင်း မရှိဟု သိရ၏။

ဒုတိယဖူးတွေ့ရသည်ကား စွန်းလွန်းဆရာတော်ကြီး ဦးကဝိနှင့် အတိတ်ဘဝက ကျေးညီနောင် ဖြစ်ခဲ့ဖူးသည်ဆိုသော မြင်းခြံမြို့ **သတိပဋ္ဌာန် ကျောင်းဆရာတော် ဦးဇောတိကဘိဝံသ** ဖြစ်၏။

၎င်းဆရာတော်ကမူ **“ဒီလိုပုံက ဖော်ဘိကျွူပုံလို့ခေါ်တယ်။ သံဃာတိုင်းအရိုက်မခံနိုင်ဘူး”**ဟု မိန့်တော်မူကြောင်းကို ဆရာတော်၏ ထေရုပ္ပတ္တိစာအုပ်တွင် ဖော်ပြထားလေသည်။

တတိယအကြိမ်အဖြစ် ဖူးတွေ့ရသည်ကား ကျောက်တံခါးမြို့လယ်ကျောင်းခေါ် မဇ္ဈိမာရုံကျောင်းဆရာတော် ဦးကေသရပင် ဖြစ်လေသည်။ ၎င်းဆရာတော်သည်လည်း ထူးထူးထွေထွေ မိန့်ကြားခြင်းမရှိဟု သိရလေသည်။

ထို့အပြင် ဘုရားအနေကဇာတင်ပူဇော်နေပုံ၊ တရားဟောပလ္လင်ထက်ဩဝါဒပေးနေပုံနှင့် ဆွမ်းခံကြွပုံများကိုလည်း ပြန်လည် ရိုက်ကူးတင်ပြလိုက်ပါသည်။



ကျောက်တံခါးမြို့တွင်၊ ဆွမ်းခံကြွစဉ်

---

ဝန်ချတောင်းပန်သူ

---

ကျောက်တံခါးမြို့၊ ကွင်းမြောက်ရပ်ကွက်နေ အသက်(၇၀)ကျော် အဘိုးအိုတစ်ဦးက သူသိသမျှ ၎င်းသို့ ပြောပြလေသည်။

‘ဆရာတော် ဦးကေသရ မြို့လယ်(မဇ္ဈိမာရုံ)ကျောင်းထိုင် ၊ မဖြစ်ခင်က ဥတ္တရာရုံကျောင်းမှာ သီတင်းသုံးခဲ့ပြီး ရှေးခေတ် (မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစအချိန်) ဓမ္မာစရိယစာမေးပွဲ အောင်ခဲ့တယ် ဆိုတာလောက်တော့ သိရတယ်။

ကိုးကွယ်ခါစက စာတတ်ဆရာတော်တစ်ပါးအနေနဲ့သာ ကြည်ညိုတာပါ။ သူတစ်ပါးစိတ်အကြံကို သိတယ်။ ကျင့်ကြံအားထုတ်မှုမှာ ပေါက်ရောက်နေပြီလို့ သိရတော့ ကန်တော့ပါရဲ့ စမ်းသပ်ကြည့်ချင်လာတယ်။

ဒါနဲ့ မိတ်ဆွေသုံးယောက်
တစ်နေ့တည်း တစ်ချိန်တည်းမှာ
ဆွမ်းဖိတ်ကျွေးကြတယ်။ ဆ
က တစ်နေ့ရာစီဖြစ်နေတဲ့
စလုံးကို တစ်ပြိုင်နက်တည်း
ဆွမ်းဘုဉ်း တရားဟောပါ
အဲဒီတုန်းက ကက်ဆ
တော့ လေးဦးစလုံး





www.burmeselassic.com

www.burmeselassic.com

တယ်။ ပြန်တိုက်ကြည့်တော့ တစ်ခွေ
တည်းကို မိတ္တူပွားထားသလို တစ်ထပ်
တည်း တူနေကာ ကြုံရတော့မှ အနှုး
အညွတ် တောင်းပန်ရပါတယ်။

လေးဦးစလုံး **"တပည့်တော်တို့အများကို ခွင့်လွှတ်ပါဘုရား"** လို့ အကြောင်းစုံ လျှောက်ပြီး ဝန်ချတောင်းပန်ခဲ့ကြပါတယ်'

## ပူဇော်မှုစာကြွင်း

ကျောက်တံခါးမှ ပြန်လာ၍ ပူဇော်မှုစာစုကို ရေးပြီးလုကာလ ၌ ဦးတင်ကြည်က ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို ရရှိသဖြင့် ညီ ဖြစ်သူ ဦးတင်အေးနှင့် လူကြုံပါးလိုက် သည်ဟု အကြောင်းကြားသည်။

သို့ဖြစ်၍ ရန်ကုန်မြို့ (၂၈)လမ်း၊ အိမ်အမှတ်(၄၁)နေ ဦးတင်အေးကို သွားရောက်တွေ့ဆုံဖြစ်ခဲ့သည်။

## ဦးတင်အေး၏ အတွေ့အကြုံ

ထေရုပ္ပတ္တိစာရွက်ကို ထုတ်ပေးပြီး နောက် ဦးတင်အေးက ဖြည့်စွက်ပြောပြ သည်။

'(၅)နှစ်သားကတည်းကနေ (၁၃) နှစ်သားအထိ လူကြီးတွေက ဆရာ တော်ဆီမှာ မွေးစားသားအဖြစ် ရောင်း နှုန်းညှ အတူနေခဲ့ရတယ်။

အဲဒီတုန်းက ဝါကျွတ်ပြီး တန်ဆောင် မုန်းပြည့်နေ့ရောက်ရင် တစ်မြို့လုံး ရှိတဲ့ သံဃာတွေ အကုန်လုံးကို ကျောင်း ဓမ္မာရုံကိုပင့်ပြီး ကထိန်ပွဲ လုပ်ပါတယ်။

တစ်ဝါတွင်းလုံး အလှူခံရတဲ့ ပစ္စည်း တွေကို သံဃာတွေကို ခွဲဝေလှူဒါန်း တယ်။ ဆရာ အဲဒီဓမ္မာရုံကို ရောက်ဖူး ပြီလား၊ အကျယ်ကြီးနော်' ဟုတ်ပါတယ် အတော်ကြီးကို ကျယ်ဝန်းပါတယ်'

'အဲဒီဓမ္မာရုံကြီးရဲ့ ခေါင်းရင်းဘက် (၄)ပုံ (၃)ပုံလောက်ကို ဂဝယ်ပုံဝိုက်ပြီး ပန်းတွေ အပွင့်ချင်း ထိစပ်နေအောင် ခင်းရတယ်။ အနည်းဆုံး ပြက်နှစ်ပေ လောက်ရှိမယ်။ အဲဒီနေ့မှာ ကျောက် တံခါးဈေးထဲက ပန်းတွေအားလုံး ဝယ် ရတယ်။

တခြား နီးစပ်တဲ့ နေရာတွေကရရင် လဲ ဝယ်တယ်။ အပွင့်တွေကော အောင်သပြေလို အပွင့်မပါတဲ့ အညွန့် တွေကော အကုန်ဝယ်ပြီး အပွင့်နဲ့ အညွန့်တွေကော အကုန်ဝယ်ပြီး အပွင့် နဲ့အညွန့်ပဲ ယူတယ်။ အရွက်တွေ အခက်တွေ ဖယ်ပစ်ရတယ်။

ဘယ့်နှယ်ဗျာ ကျောက်တံခါးဈေးက သေးသေးကလေး။ အခု ဆရာမြင်ခဲ့ တာထက် (၅)ပုံ (၁)ပုံလောက်ပဲ ရှိခဲ့ တယ်။ ဝယ်လို့ရတဲ့ ပန်းတွေက ဓမ္မာရုံ တစ်ခြမ်းတောင် ရမှာမဟုတ်ဘူး။ ဒါပေမယ့် အချိန်တန်ရင် ရင်ပြည့်သွား တာပဲ။

ဓမ္မာရုံရှေ့မှာ ခြင်းကြီးနှစ်လုံး ချထား တယ်။ လာတဲ့ ပရိသတ်တွေက ပန်း တစ်စည်းစ, နှစ်စည်းစ ယူလာပြီး ခြင်း ထဲ ထည့်ကြတယ်။ ကျွန်တော်တို့က အပွင့်တွေ အညွန့်တွေ ခြွေရတယ်။ ဘယ်ကဘယ်လို ရောက်လာတဲ့ ပန်း တွေလဲတော့ မသိဘူး။

ပွဲပြီးရင် ခင်းထားတဲ့ပန်းတွေ စုလိုက် တာ တောင်ကြီးတစ်ခုလိုပဲ။ ပန်းတောင် ကြီးဖြစ်နေတယ်။ ပန်းမွေ့ရာပေါ်မှာ မြို့ပေါ်ရှိသမျှ သံဃာအားလုံးပင့်ပြီး လာသမျှ သံဃာစေ့ငအောင် လှူဒါန်း နိုင်တာ အံ့သြစရာပါ'

'ဆရာတော်က ဓာတ်တော့ "ထိုးတယ်နော်'

'နောက်ပိုင်းမှာ အင်္ဂရုတ်အလုပ်ကို စွန့်လွှတ်လိုက်ပါတယ်။ ဒါပေမယ့် ဆရာတော်က ဝိဇ္ဇာလမ်းလိုက်တာ မဟုတ်ဘူးနော်။ **ဆုကြီးပန် ဘုရားဆုပန် ဆရာတော်ဗျား**'

'ဟုတ်တယ် ရွှေဘုန်းပွင့်ဆရာတော် ဦးအဂ္ဂသီလကလဲ ပြောပါတယ်။ သမ္မာသမ္ဗုဒ္ဓဆုပန် ဆရာတော်တဲ့'

'ဓာတ်ထိုးတဲ့ ဖိုကို သိမ်ထဲမှာ ဆင် ထားတာ။ ကျွန်တော်က ဖိုဆွဲပေးရ တယ်။ အဲဒီ သိမ်ခေါင်းရင်းနားမှာ အုတ်နံရံအပေါက်ကြီးတစ်ခု ရှိတယ်။ ပိတ်လို့မရဘူး။ တစ်နည်းနည်းနဲ့ ပြန် ပျက်သွားတာပဲ။ ဘုမ္မိရုတ်တွေ ဝင် ထွက်တဲ့ တံခါးပေါက်တဲ့။

အရင်ဆရာတော် ဦးပဏ္ဍိလက် ထက်က ကာယသိဒ္ဓိဆေး ထိုးပေးထား တဲ့ ကိုရင်ကြီးက သူ မြင်ဖူးတယ်လို့ ပြောတယ်။ အင်မတန်ချော အင်မတန် လှတယ်။ ခေတ်မိန်းကလေးတွေလို အိတ်ကလေးတစ်လုံးလဲ လွယ်ထား သတဲ့။

ဟိုတုန်းက သိမ်ထဲကို အမျိုးသမီး တွေ မဝင်ရဘူးလို့ ဆရာတော် တားမြစ် ထားတာ။ ဘယ်မိန်းမမှ မဝင်ရဲဘူး။ ကိုရင်ကြီးက သိမ်ထဲမှာကို တွေ့တာ တဲ့။ အခု ကျွန်တော် ပြောတာတွေက အပိုမပါဘူး။ လိုတာလဲမရှိဘူး။ အတိ အကျပါဗျာ'

ဦးတင်အေးထံမှ ပြန်လာပြီးနောက် ပူဇော်မှုစာစုတွင် လိုအပ်နေသည့် ထေရုပ္ပတ္တိကွက်လပ်ကို ဖြည့်ဆည်းပေး လိုက်ပါသည်။

## ဆရာတော် ဦးကေသရ၏

## ထေရုပ္ပတ္တိ

ဆရာတော်လောင်းလျာ သတို့သား



www.burmeselassic.com

www.burmeselassic.com

ကို ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဖလေးကျေးရွာနေ ဦးဘိုးသာ၊ ဒေါ်ဖွား မယ်တို့မှ **၁၂၈၀ ပြည့်နှစ်၊ ဝါဆိုလ ပြည့်၊ တနင်္လာနေ့**တွင် မွေးဖွားခဲ့ သည်။ မွေးချင်းအဖြစ် အစ်မ ဒေါ်လှလှ ဟူ၍ မောင်နှမနှစ်ဦးသာ ထွန်းကား သည်။

၁၃၀၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့ တွင် ဖလေးရွာ အုန်းနဲ့ကျောင်းဆရာ တော်ကို ဥပဇ္ဈာယ်ပြုကာ ဦးသောင်း ရန်၊ ဒေါ်ဖွားသင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘောင်သို့ ရောက်ရှိသည်။

ရဟန်းဖြစ်ပြီးနောက် ပဲခူးမြို့ ထော်ဝိဘုရားကြီးကျောင်းတွင် စာဝါ သင်ယူပြီး စစ်အတွင်းကာလတွင် ကျောက်တံခါးမြို့ အရှေ့မြောက်ပွန်း ယွန်းရှိ ဥတ္တရာရုံကျောင်းသို့ ကြွရောက် ခဲ့သည်။

ထိုကျောင်း၌ပင် ၁၃၀၇ ခုနှစ်၊ ပထမ ငယ်တန်း၊ ၁၃၀၈ ခုနှစ်တွင် ပထမ လတ်တန်းကို ဖြေဆိုအောင်မြင်သည်။ ၁၃၁၁ ခုနှစ်တွင် မွန်ပြည်နယ်(ထိုစဉ် က တနင်္သာရီတိုင်း) မုဒုံမြို့ **(ဂျိုးဂျိုးကျ တောရသည် ၁၃၁၄ ခုနှစ်တွင် ပရိယတ္တိစာသင်တိုက်အဖြစ် စတင် ပြောင်းလဲခဲ့သည်။)**

ဂျိုးဂျိုးကျ စာသင်တိုက်တွင် တစ်ဝါ သီတင်းသုံးပြီးနောက် ဥတ္တရာရုံကျောင်း သို့ ပြန်လာကာ ဆရာတော် ဦးသုမန ထံ စာဝါသင်ယူလျက် ၁၃၁၅ ခုနှစ်တွင် ဓမ္မာစရိယစာမေးပွဲ အောင်မြင်ကာ **သီရိပဝရဓမ္မာစရိယဘွဲ့တော်** ရရှိခဲ့ သည်။

ထိုကျောင်းတွင် စာချဆရာတော် အဖြစ် (၁၂)နှစ်တာ စာဝါပို့ချပြီးနောက် ၁၃၂၆ ခုနှစ်တွင် ကျောင်းထိုင်လစ်လပ် နေသော မဇ္ဈိမာရုံကျောင်းကို လွှဲအပ် သဖြင့် မဇ္ဈိမာရုံဆရာတော် ဖြစ်လာ



◆ သိပ္ပိကာမ ဒေါ်ရှမာန်

သည်။

ဓမ္မာစရိယစာမေးပွဲ အောင်မြင်ပြီး ချိန်မှ စတင်ကာ ပဋိပတ္တိလုပ်ငန်းကို တွဲဖက်ကြိုးစားကာ မဇ္ဈိမာရုံဆရာတော် ဖြစ်လာသောအခါ ပဋိပတ်အလုပ်ကို သာ ဇောက်ချ၍ အားထုတ်တော်မူ သည်။

ပါဝချိန်များတွင် တောတောင်များ သို့ လှည့်လည်ကာ တောရဆောက် တည်၍ ဝေနေယျများကို ချေချွတ် ဟောကြားတော်မူသည်။

ရေနီမြို့ အနောက်ဘက်၌ ရှိသော ချိပ်ကပ်တောင်တွင် စတင် အားထုတ် ကာ ပျံတော်မူခါနီး တစ်နှစ်ခန့်အလို တွင် ထိုတောင်သို့ပင် တက်ရောက်၍ အားထုတ်ခဲ့ရာ ဆရာတော်၏ တောရ ဆောက်တည်မှုတွင် **အစနိဒါန်းနှင့် အဆုံးနိဂုံးတောရ** ဖြစ်လာခဲ့သည်။

ဆရာတော်သည် သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် စေတီ ပေါင်း(၃၂)ဆူ၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း (၃၅)ဆောင်တို့ကို တည် ဆောက်လှူဒါန်းခဲ့သည်။

ဆရာတော် ဦးကေသ[illegible] သက်တော်(၇၂)နှစ်၊ ဝါတော်[illegible] တိုင်အောင် ကျောင်းကန်[illegible] တည်ဆောက် မွမ်းမံလှူဒါန်[illegible] ကျွတ်တမ်းဝင်ချိန်တန်သည့် မြ[illegible] မမြင်အပ်သော ဝေနေယျများ[illegible] အား တရားဟောကြား ချေချွတ်[illegible] မူခြင်း ပြုပြီးနောက် **၁၃၅၁ [illegible] သီတင်းကျွတ်လဆန်း (၂)ရ[illegible] တွင် တစ်ဘဝတာ ပါရမီ ဖြည့်[illegible] တော်မူခြင်းကို ရုပ်သိမ်း၍ [illegible] ငြိမ်းတော်မူလေသည်။**

**[ဤမှတ်တမ်းတွင် အင်အား[illegible] ဖြင့် ကူညီပေးကြသည့် မိ[illegible] အားလုံးကို လှိုက်လှဲစွာ ကျေး[illegible] ရှိပါသည်။]**

*သမုတိ ပရမတ် သိယာ[illegible] ဦးတင်လျက်...*

ထက်မင်းကျော်[illegible]



www.burmeselassic.com

www.burmeselassic.com

# ဗေဒါခတ်ပေါင်းအောင်မြေ

မှ အောင်မြင်ရေးကျင့်စဉ်များ

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ



◆ ဗေဒါခတ်ပေါင်းအောင်မြေဆရာတော်၏ လမ်းညွှန်ဩဝါဒများကို ကျွန်ုပ်၏ မိသားစုဝင်များ နာကြားမှတ်သားနေကြစဉ်

(၁၄-၁-၁၉၉၉)တွင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း နယ်လှည့်အယ်ဒီတာတာဝန်ဖြင့် ဗေဒါခတ်ပေါင်းအောင်မြေသို့ ပထမဆုံးအကြိမ်အဖြစ် ကျွန်ုပ် ရောက်ရှိခဲ့ဖူးပါသည်။

ထိုစဉ်ကာလက ရန်ကုန်မြို့တွင် ကျွန်ုပ် လက္ခဏာဗေဒင် ဟောခန်း ဖွင့်နိုင်သေးပါ။ မိသားစု အတည်တကျနေထိုင်နိုင်ရန် ကိုယ်ပိုင်အိမ် မရှိသေးဘဲ အိမ်ငှားဘဝဖြင့် ဟိုပြောင်းဒီပြောင်းသာ ဖြစ်နေပါသေးသည်။ ကိုယ်ပိုင်ယာဉ်ကားကတော့ အလွန်ဝေးပါသေးသည်။

ထိုစဉ်က **ဗေဒါခတ်ပေါင်းအောင်မြေဆရာတော် ဘုန်းဗေဒါဘွဲ့ စစ်ကိုင်းဒေသတွင် ထင်ရှားကျော်ကြားလျက်ရှိသော ခတ်ပေါင်းစေတီကျောင်းတိုက် ဆရာတော်မှ** ကျွန်ုပ်၏ ဘဝတိုးတက်ရေးအတွက် လမ်းညွှန်ဩဝါဒများ သွန်သင် ဟောပြောပေးခဲ့ပါသည်။

(၆)လခန့်ကြာသောအခါ ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်း အိုလံပစ်ဈေးရာတွင် ကျွန်ုပ်၏ လက္ခဏာဗေဒင်ဟောခန်း စတင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ထိုစဉ်က အငှားအိမ်၊ အငှားဆိုင်သာ ဖြစ်သည်။ ထိုမှစ၍ ၂၀၀၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၃)လမ်း၊ မြေညီထပ် တိုက်ခန်းတစ်ခန်းအား ငှားရမ်းပြီး ဆိုင်ခန်း ဖွင့်လှစ်နိုင်ခဲ့သည်။

၂၀၀၇ ခုနှစ်တွင်မူ ယခုလက်ရှိနေရာ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဦးဝိစာရလမ်း(၃၄)ရပ်ကွက်တွင် ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ဟောခန်း ဖွင့်လှစ်နိုင်ခဲ့သည်။

ဆရာတော်၏ ကျေးဇူးကား ကျွန်ုပ်အပေါ် ကြီးမားပါသည်။ ဆရာတော်၏ လမ်းညွှန်ဩဝါဒများကို လိုက်နာကြိုးစားခဲ့သဖြင့်သာ ကျွန်ုပ် အောင်မြင်တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း ယုံကြည်ပါသည်။

ကျွန်ုပ်၏ သင်ဆရာတစ်ပါးဟု သတ်မှတ်ထားပါသည်။ အထက်အညာဒေသသို့ ကျွန်ုပ်ရောက်သည့်အခါတိုင်းလည်း ဆရာတော်ထံ အဖူးအမြော် ရောက်ရှိမြဲ၊ လမ်းညွှန်ဩဝါဒခံယူမြဲ ဖြစ်ပါသည်။

(၁၀-၃-၂၀၁၇)မှ (၂၃-၃-၂၀၁၇) အထိ မြန်မာနိုင်ငံအထက်ပိုင်းသို့ ကျွန်ုပ်တို့ မိသားစုဝင်များ၏ ဘုရားဖူးခရီးစဉ်တွင် (၁၈-၃-၂၀၁၇)မှာ စစ်ကိုင်းမြို့၌ တစ်ထောင့်ရပ်နားကြပါသည်။

လက္ခဏာဗေဒင် ဟောခန်းဖွင့်လှစ်လုပ်ကိုင်နေကြပြီဖြစ်သော ကျွန်ုပ်၏ သားသမီးဖြစ်ကြသည့် ဆရာမဒေါ်အေးလာဘ်ချမ်း၊ ဆရာဦးပိုင်ဇေအောင်နှင့် ဆရာမဒေါ်နှင်းသူဇာဦး၊ ဆရာမဒေါ်အေးမြတ်ချိုတို့အား ကျွန်ုပ်ကဲ့သို့ လုပ်ငန်းတွင် အောင်မြင်တိုးတက်မှုရရှိစေရန် ဗေဒါခတ်ပေါင်းအောင်မြေဆရာတော် သီတင်းသုံးရာ ခတ်ပေါင်းစေတီ ကျောင်းတိုက်သို့ ခေါ်ဆောင်သွားကာ ဆရာတော်အား ဖူးမြော်ကန်တော့၍ လမ်းညွှန်ဩဝါဒ

www.burmeselassic.com



များ ခံယူစေခဲ့ပါသည်။

ဆရာတော် သွန်သင်ညွှန်ပြသြဝါဒများကို အချို့က ဟန်းဖုန်းဖြင့် အသံဖမ်းယူကြပြီး အချို့က စာရွက်ဖြင့် လိုက်ရေးမှတ်သားခဲ့ကြသည်။ ထိုလမ်းညွှန်သြဝါဒများမှ စာဖတ်သူများအတွက်ပါ အကျိုးထူးရရှိစေနိုင်သော အချက်အချို့ကို မျှဝေပေးပါမည်။

'အကြားအာတ်,အမြင်ဓာတ်တွေ ပိုမိုပွင့်လင်းဖို့အတွက်ဆိုရင် သစ္စာကတိနဲ့ ဆောင်ရွက်ပါ။ နေ့စဉ် မနက်စောစော အိပ်ရာထချိန် မျက်နှာသစ်ပြီးတာနဲ့ အနန္တော အနန္တငါးပါးကို နှုတ်က အသံထွက်ရွတ်ဆိုရင်း ရေသောက်ပါ။ ဉပမာ...

- ❖ ဗုဒ္ဓဂုဏောအနန္တော ရေ(၁)ခွက်သောက်
- ❖ ဓမ္မဂုဏောအနန္တော ရေ(၁)ခွက်သောက်
- ❖ သံဃဂုဏောအနန္တော ရေ(၁)ခွက်သောက်
- ❖ မာတာပိတုဂုဏောအနန္တော ရေ(၁)ခွက်သောက်
- ❖ အာစရိယဂုဏောအနန္တော ရေ(၁)ခွက်သောက်

ရေသောက်ပြီးရင် ဘုရားတပည့်တော်, တပည့်တော်မသည် နေ့စဉ် မနက်တိုင်း မပျက်မကွက် အနန္တောအနန္တငါးပါး ထုံမွမ်းထားသော သောက်ရေကို သောက်သုံးပါသည်။ ဤမှန်သော သစ္စာစကားကြောင့် (အကြားဓာတ်၊ အမြင်ဓာတ်များ လျင်မြန်လွယ်ကူစွာ ပွင့်လင်းပါစေ)၊ (အကြားဓာတ် အမြင်ဓာတ်ရရှိပါစေ) စသဖြင့် ကိုယ်အလိုရှိရာ ရွတ်ဆိုနိုင်ပါတယ်။ နောက်တစ်မျိုးကတော့...

ဘယ်သူမဆို ဘယ်အလုပ်အကိုင်ပဲလုပ်လုပ်၊ နေ့စဉ်မနက်ပိုင်းမှာ နမောတဿ (၉)ခေါက်ရွတ်၊ ဘုရားဂုဏ်တော်ကိုးပါး (၉)ခေါက်ရွတ်၊ အနန္တောအနန္တငါးပါး (၉)ခေါက်ရွတ် တစ်နေ့(၁)ကြိမ် ကတိသစ္စာပြုပြီး ရွတ်ပွားပူဇော်ပါ။ အင်မတန်ကိုမှ အကျိုးထူးပါတယ်။ နောက်ပြီး...

"စိတ္တယမ္ဟိ ပယာတမိ စိတ္တယမ္ဟိ သုဏာမိ အရယံ ဝိတ္တာ"

ဆိုတဲ့ ဂါထာတော်ကို နေ့စဉ်မနက်ပိုင်းမှာပဲ ကိုယ့်သက်ရှေ့ ခေါက်ရေ ရွတ်ပွားပါ။ ဒါမှမဟုတ် ဂါထာတော် တစ်ပုဒ်ဆုံးမှ ပုတီး(၁)လုံးချပြီး (၁၀၈)လုံးပုတီးနဲ့ (၁)ပတ် စိပ်ပေးပါ။ ကတိသစ္စာပြုပြီး မှန်မှန်ဆောင်ရွက်သွားမယ်ဆိုရင် ဘဝမှာ အောင်မြင်တိုးတက်ဖို့ မခက်ခဲပါဘူး'

**စစ်ကိုင်းမြို့ ထူပါရုံလမ်း ဗိုးတန်းရပ်ရှိ ဓာတ်ပေါင်းစေတီကျောင်းတိုက်ဆရာတော်၏ လမ်းညွှန်သြဝါဒများကို** (၁)နာရီခန့်ကြာအောင် နာကြား မှတ်သားခဲ့ကြရပါသည်။

ထို လမ်းညွှန်သြဝါဒများအနက်မှ စာဖတ်သူများ အားလုံးအတွက် အကျိုးရှိနိုင်မည့် လမ်းညွှန်သြဝါဒအချို့ကို မျှဝေဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။ လိုက်နာဆောင်ရွက်ကြည့်ပါ။ ဘဝမှာ တိုးတက်လမ်းများ အလွယ်တကူ ပွင့်လာပါလိမ့်မည်။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီးဦးအောင်မြိုင်**
*(ဉပဒေသွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**


စာ မူ ပို့ လို က...

ဦးစကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉ (မြေညီ)
၂၉-လမ်း (အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-
၀၉-၇၇၆၃၄၉၇
၀၉-၉၆၈၀၀




www.burmeselassic.com

www.burmeselassic.com

ကြော်ငြာဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

ရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၀၃ ၊ ၀၁၀၆၇၂) (တဆဝက(စာနယ်ဇင်း) ၀၀၇/၀၂၁၂) ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် ဖြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး ပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများ ည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများ ကမ် အသည် နှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့ အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ် ၏ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်း ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူ ဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင် ရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက် သဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်း ၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ် ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့် အရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါဝမ်းချုပ် အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင် လာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ လာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေး ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော ကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ် ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို ကျော်ကျော်နိုပ်စက်နေသော အနီးရန်သူသည် B-ပိုး ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာ နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံ သလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေ သော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက် သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝ ကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော် ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်း အောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှု ကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည် လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေ သကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမား တော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေး နေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်း ရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်



www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ။ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရော ကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေ အတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါ ဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေးပါ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှု အရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါ သည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင် ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါ ရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်း ကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သော ရောဂါ များအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာ မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါး လိုက်ပါသည်။

**ဦးအိုက်စံ (...**

ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။


ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၆၉၁၀၉၁၊ ၀၉၇၃၂ ၄၁၀၉၄

ရှမ်းပြည်နယ်ဖြန့်ချိရေး-
အမှတ်(ည/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုး...
ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉၄၇၃ ၂၂၂၁၃။



www.burmeseclassic.com

www.burmeselassic.com



ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အနီးမှ ဆရာတော်ကြီး၏ ဓာတ်ပုံတော်ကြီး ပြင်ဆင်ထားပုံ

သာဝကပဋိသတ်လေးပါးအား ဂန္ထဓုရ ဝိပဿနာဓုရ အလင်းရောင် ထွန်းပြောင်စေသော
မီးအိမ်ရှင် မဟာရင့်ဂိုဏ်းချုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု

ခင်ခင်ဝင်း
(မော္ဂရဝတီ)

# ...ဒ္ဓ အာဒိစ္စမဟာထေရ်ကြီး (၅)

**ယခင်လမှ အဆက်**

ပျံလွန်တော်မူခြင်း

တစ်ဘဝခန္ဓာတော်ကို

[illegible]မြင်ဖူးတွေ့ရသော မှတ်တမ်း

(၁၀-၁-၂၀၁၇)နေ့ နံနက်တွင် ...တော်ကြီး ဆေးရုံတက်နေရာသို့ ...ရောက်ကြည့်ညို သတင်းမေးပြီး ...သည်(၁၂)နာရီမှာ ပြန်လာပါသည်။ ...ရောက်ပြီး မကြာမီမှာပင် ...လာပါသည်။

'အစ်မ (၂)နာရီထိုးရင် ဆရာတော်ကြီးကို ပြန်ကြိုသွားကြတော့မယ်တဲ့၊ ဆရာဝန်ကြီး များနဲ့ တိုင်ပင်ညှိနှိုင်းပြီး ကတိုးကျောင်းမှာပဲ ချမ်းသာစွာ ခေါင်းချုပါစေတော့တဲ့'

ထင်ပေမယ့် မထင်ရဲတော့ သီတင်းက အမှန်ကြားရလေပြီ။ ယူကျုံးမရ ဝမ်းနည်းတသစွာဖြင့် ဆရာတော်ကြီး နောက်ဆုံး သက်ရှိထင်ရှားရှိချိန်ကို ဖူးမြော်ရန်၊ ဆရာတော်ကြီး ဆေးရုံ တက်ရာသို့ အမြန်သွားရသည်။

ဆိုင်ကယ်တက္ကစီကို အမြန်မောင်း နိုင်းမိသည်အထိ စိတ်က လောနေသည်။ စိတ်ကလည်း "မဖြစ်နိုင်ပါစေနဲ့" ဟု အသံထွက် ဆုတောင်းနေမိပါသည်။

ဆရာတော်ကြီး အသက်(၁၀၀)ပြည့်ပွဲ အထူးပူဇော်ဖို့ ပြင်ဆင်ထားကြသော ဒါယကာ,ဒါယိကာမများ၊ ဆရာတော်ကြီး သီတင်းသုံးရန် တိုက်ကျောင်းကြီးကလည်း ပြီးစီးရန် (၂)လသာ လိုပါတော့သည်။

ဆရာတော်ကြီးက ကြိုတင်သိနေ

www.burmeselassic.com

၍ ထင်သည်။ ကျောင်းတိုက်သစ်ကြီး၏ အလှူရှင်များအား မပြီးသေးသော ကျောင်းတိုက်သစ်ကြီးကို အလှူခံ ရေစက်ချမင်္ဂလာပွဲကို (၂)ကြိမ် ကျင်းပပေးထားသည်။

အလှူရှင်များ ကျေနပ်ဝမ်းသာစေရန် ထိုမပြီးသေးသော ကျောင်းတိုက်သစ်ကြီးပေါ်တွင် ကျိန်းစက်ပြတော်မူခဲ့သည်။

ဆိုင်ကယ်စီးလာရင်း ကျွန်မအတွေးများက ဆရာတော်ကြီး၏ မေတ္တာ,စေတနာ ကြီးမားပုံများ ရင်ထဲ စူးနစ်ဝင်ရောက်လာပါသည်။

ဆရာတော်ကြီးရှိရာ ဆေးရုံ အခန်းအမှတ်(၂၁၂)ထဲသို့ တိုးဝင်သွားကြည့်သည်။ နောက်ဆုံးများ ဖြစ်လေမလားဟု ဖူးမြော်ကန်တော့ ဆုတောင်းဖြစ်သည်။ ဆရာတော်ကြီး ပြန်ကျန်းမာသွားပါစေပေါ့။

'ဆေးရုံမှာဆို တစ်ခုခု ဖြစ်ရင် လုပ်ပေးနိုင်တယ်လေ။ ကျောင်းမှာဆိုတော့ ဘာမှ မလုပ်တတ်၊ ခက်နေမှာပေါ့'

'ပြန်မကြွသွားကြပါနဲ့လား'

'ဆေးရုံအုပ်ကြီး ဘယ်မှာလဲ၊ သွားတွေ့မယ်'

တစ်ယောက်တစ်ပေါက် ပြောကြရင်းနှင့် ဒါယကာ အရင်းများ ပျာယာခတ် ပြေးလွှားနေကြသည်။

ထိုအခါ ဦးပဥ္စင်းလေးတစ်ပါးက...

'ဆေးပညာ ဘယ်လောက်နားလည်လို့လဲ'

ဟု မိန့်သည်။ အားလုံး ငြိမ်သွားကြသည်။ ကိုယ်တိုင်လည်း ပျာယာခတ်သည့် အထဲမှာပါသည်။ ထောင့်တစ်ထောင့်မှာ ကပ်ရင်း ဆရာတော်ကြီးကို ကြည့်ရှုကြည်ညိုနေသည်။

ထိုနေ့ မွန်းလွဲ(၂)နာရီမှာ ကတိုးမဟာရင်ကျောင်းသို့ ပြန်ကြွသွားသည်။ မှတ်တမ်းဓာတ်ပုံပေါင်းများစွာ ရိုက်၍ မှတ်တမ်းပြုထားပါသည်။

ဆရာတော်ကြီးက ခန္ဓာကိုယ်ကြီး၏ မမြဲသော အနိစ္စတရားများကို တပည့်များ သံဝေဂရအောင် ကိုယ်တွေ့ပြသွားလေသည်။

**(၁၁–၁၀၂၀၁၇)ရက်နေ့** နံနက် (၆)နာရီတွင် ကတိုးမဟာရင် ဆရာတော်ကြီး ဘဒ္ဒန္တအရှင်အာဒိစ္စ တင်[...] ခန္ဓာကို ရုပ်သိမ်းတော်မူပြီဖြစ်[...] ဖုန်းဝင်လာပါတော့သည်။



▲ ကတိုးမဟာရင်ကျောင်းတိုက်မှာ ထားရှိ ပူဇော်ထားသော ဆရာတော် ဦးအာဒိစ္စ၏ ရုပ်ကလာပ်တော်

▼ နတ်သမီးရထားဖြင့် ပင့်ဆောင်လာစဉ်



---


အာဠ္ဌမဈာပန

သာဓုကီဠနမဟာသဘင်

---

ရပ်ဝေးရပ်နီး ဒါယကာ,ဒါယိ[...] တပည့်အပေါင်းတို့အား ဖူး[...] နောက်ဆုံးအဖြစ် လာရောက်[...]

www.burmeselassic.com



▲ စိန်ကတ္တီပါသင်္ကန်းလှူဒါန်းစဉ်

▼ ရှေ့ဆုံးမှ ဆရာတော်ကြီး၏ ဘွဲ့တံဆိပ်တော်များ ကိုင်ဆောင်ကြသည်



…နေ့ (၁၀)ရက်တိုင်တိုင် အထူးထူး …သော ပန်းအလှများ ပြင်ဆင်မွမ်းမံ …ထားသည်။ ဆရာတော်ကြီးများ …ည်း တရားပွဲများဖြင့် ကုသိုလ် …ပြုကြပါသည်။ နေ့စဉ် ပရိသတ်များ …မွေးညှော်ခံကြပါသည်။

(၂၂-၁-၂၀၁၇) ရက်နေ့တွင် …ရှာပန သာဓုကီဠနမဟာသဘင် …င်မည် ဖြစ်သည့်အတွက်

**(၂၁-၁-၂၀၁၇)နေ့တွင်** အကြိုနေ့ အဖြစ် သွားရောက်ပူဇော်ဖြစ်သည်။

မှတ်တမ်းဓာတ်ပုံများရိုက်၍ ဆရာတော်ကြီးအား တဝကြီး ပူဇော်နေမိပါသည်။

**(၂၂-၁-၂၀၁၇)** အန္တိမစျာပန သာဓုကီဠနမဟာသဘင်နေ့... ဆရာတော်ကြီး၏ ကတိုးမဟာရင်ကျောင်းတိုက်ဝင်းကြီးတစ်ခုလုံး လူပရိသတ်တို့ ပြည့်ကျပ်နေပါသည်။

ကြွရောက်လာသူများအား ကျွေးမွေးညှော်ခံပြီးချိန်ဖြစ်သည့် မွန်းတည့် (၁၂)နာရီတိတိမှာ အခမ်းအနား စတင်ပါသည်။

အခမ်းအနားမှူး ဆရာတော်ကြီးက အန္တိမစျာပန သာဓုကီဠနမဟာသဘင် ဆင်ယင်ကျင်းပရန် အချိန်ကျရောက်ပြီ ဖြစ်ပါသောကြောင့် လာရောက်ပူဇော်ကြသော ဒါယကာ,ဒါယိကာမများ ခန်းမထဲသို့ ဝင်၍... မရလျှင် မိမိတို့ ဝင်ရောက်ရာ နေရာမှာထိုင်၍ ဆရာတော်၏ဂုဏ်ကို ပူဇော်ကြပါရန် မေတ္တာရပ်ခံပြောကြားပါသည်။

ကျောင်းမြေလွတ် နေရာများမှာ ခင်းကျင်းထားပေးသော အခင်းများပေါ် အပြည့်ထိုင်၍ ကြည်ညိုကြပါသည်။

ဒုတိယဂိုဏ်းချုပ် ဆရာတော်က မွန်တာသာဖြင့် ရှစ်ပါးသီလ ပေးသည်။ သာသနာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်သာသနာရေးအဖွဲ့မှ တာဝန်ရှိသူများက စိန်ကတ္တီပါသင်္ကန်းကို ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား လှူဒါန်းပေးကြသည်။

သံဃာတော် အရှင်မြတ်များက မေတ္တာသုတ်ကို ညီညာဖြိုဖြို ရွတ်ဆိုတော်မူသည်။ လှူဖွယ်များကို သံဃာတော်အရှင်မြတ်များအား လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က သံဝေဂဉာဏ် ပွားများကြောင်း သဝဏ်လွှာကို ကိုယ်စားဆရာတော်ကြီးတစ်ပါးက ဖတ်ကြားပါသည်။

မဟာရင်ဂိုဏ်းအဖွဲ့ ဓမ္မသံဝေဇနီ အတူ နှမြောတသဝမ်းနည်းရပါ



www.burmeselassic.com


www.burmeselassic.com

ကြောင်း သဝဏ်လွှာကို ဖတ်ကြားပါသည်။

ထို့နောက် မွန်ပြည်နယ်အစိုးရ မွန်ဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး အဖွဲ့မှ ဝမ်းနည်းကြောင်း သဝဏ်လွှာကို ဖတ်ကြားပါသည်။

ဈာပန ကျင်းပရေးကော်မတီက အလှူရှင်များကိုယ်စား ရေစက်ချ အမျှဝေခြင်းကိစ္စများ ဆောင်ရွက်ကြပါသည်။

ဆရာတော်ကြီးအား တပည့်များက ကာယကံ,ဝစီကံ,မနောကံ အပြစ်များ ရှိပါက ခွင့်လွှတ်ကျေအေးပေးပါရန်... တပည့်များအပေါ် မေတ္တာ,ကရုဏာ ပွားများ၍ အပြစ်အနေအထားမှ သည်းခံ ခွင့်လွှတ်ပေးတော်မူပါမည့် အကြောင်းများကို တိုင်ပေး၍ ကြွရောက်လာကြသော တပည့်ပရိသတ်များက လိုက်ဆိုတောင်းပန်ကန်တော့ကြပါသည်။



• (၂၂-၁-၂၀၀၇) ဈာပနသဘင် စတင်ကြောင်း ကြေညာစဉ်

• အပြစ်များ ခွင့်လွှတ်ပေးပါရန် တောင်းပန်ခြင်း



## ဥတုဇရုပ်ကလာပ်တော်ကို လောင်တိုက်သို့ ပင့်တော်မူခြင်း

ဆရာတော်ကြီးတစ်ပါးက **"ဥတုဇ ရုပ်ကလာပ်တော် လောင်တိုက်သို့ ကြွရောက်တော်မူပါမည့်အကြောင်း"** လျှောက်ထားခြင်းနှင့်အတူ ဆရာတော်ကြီး၏ ဂုဏ်တော်များကို ဖော်ထုတ်လျှောက်ထားခြင်း...

အကျော်, ကရမက်, နှံ့သာဖြူ, နှံ့သာနီ,စန္ဒကူး အထူးထူးသော အမွှေးနံ့သာတို့ဖြင့် အန္တိမဈာပန ပူဇော်ခြင်းကို...

"လူ့,နတ်တို့ ပူဇော်ခြင်းပြုလုပ်ရာ နံ့သာထင်းပုံပေါ်သို့ ပူဇော်ရန် တပည့် သံဃာများ၊ ဒါယကာများ လက်ဆင့်ကမ်း၍ သဒ္ဓါစုံညီ ပင့်ဆောင်သွားပါအံ့ဘုရား...

ဖွဲသဒ္ဓါ နီးနီးထထဖြင့် တလွင့်လွင့် တလူလူ ဖန်ဆင်းအပ်သော ပန်းရထားပေါ်သို့ လေးမြတ်ကော်ရော် ဂုဏ်ရည်မျှော်လျက် အံ့နှစ်နံ့သာတို့ဖြင့် ပူဇော်ခြင်းကို တစ်ဘဝနိဂုံး အဆုံးသို့ လက်ခံတော်မူပါ...လက်ခံတော်မူပါ...လက်ခံတော်မူပါ... အရှင်မြတ်ကြီးဘုရား"

ဟု လျှောက်ထားတောင်းပန်ပါသည်။

ထို့နောက် ဆရာတော်ကြီးက လက်ခံလိုက်ပြီ ဖြစ်သည့်အတွက် နတ်ပန်းရထားဖြင့် ပင့်ဆော အစီအစဉ်မှာ...

နတ်မင်းများ၊ ဆရာတော် တော်၊ ဆရာတော်၏ဘွဲ့တံဆိ များ ရှေ့ဆုံးမှ ကိုင်၍ ဆရာ ၏ ရုပ်ကလာပ်တော် နတ်ပ နောက်မှာ တပည့်သာဝ လှိုင်းကြီးက လူးလွန့်ရွေ့လျား ကြပါသည်။

မှတ်တမ်းဓာတ်ပုံရိုက်



www.burmeselassic.com

www.burmeselassic.com



▲ နတ်ပန်းရထားပေါ်မှဆရာတော်ရုပ်ကလာပ်

▼ နေပူပူမှာထိုင်လျက် တရားနာပူဇော်နေသော ပရိသတ်



…လိုင်းကြီး မျောရာသို့ လိုက်ပါပို့…င်ဖြစ်ပါသည်။ ကွင်းပြင်ကျယ်…ရာပန သာစုကီဠနမဟာသဘင်…ဆင်းပုံ လောင်မြိုက်ရာသို့ မပို့…င်မီ ကွင်းလယ်မှာ ဆရာတော်၏…လာပ် ပန်းရထားကို ရပ်၍…ပရိသတ်လေးပါး နှစ်သောင်း… ထိုင်၍ ဆရာတော်ကြီးများ…ကြားရာ စင်မြင့်သို့ မျက်နှာမူ… တရားနာပါသည်။

ချစ်ချစ်တောက်ပူသော နေပူဒဏ်ကို ပါလာသော ယောဂီတဘက်များ ခေါင်းအုပ်လျက် ပူမှန်းမသိ ဆရာတော်ကြီး နတ်ပန်းရထားကို ပူဇော်ကြပါသည်။

တရားနာခြင်းကိစ္စများ ပြီးသွားသော အခါ ဆရာတော်ကြီး၏ ပန်းရထားကို နံ့သာထင်းပုံပေါ်သို့ ပို့ဆောင်၍ မြောက်အိုး မီးရှူးမီးပန်းများ ကျယ်လောင်လှပစွာ ဖောက်ခြင်းဖြင့် မီးစတင်ပူဇော်ကြပါသည်။

ညနေ (၄း၃၀)နာရီမှာ ပရိသတ်များထဲမှ တစ်ယောက်ဖြစ်သော စာရေးသူမှာလည်း နီးရာ ကားတစ်စီးပေါ် ထိုင်လိုက်မိစဉ် မုဒုံသို့ ပြန်မည့်ကားဖြစ်နေသဖြင့် မော်လမြိုင်သို့ အဆင်ပြေစွာ ပြန်ရောက်ခဲ့ပါတော့သည်။

**(၂၃-၁-၂၀၁၇)** ကြားရသော သတင်းကား ဆရာတော်ကြီး၏ ဦးခေါင်းတော်နှင့် လက်ချောင်းတော် အရိုးအဆစ်များ မီးမလောင်ခြင်း၊ မီးမကျွမ်းဘဲ မွှေးရနံ့ ဖြစ်နေခြင်းဟု ကြားသိရပါသည်။

ကြွင်းကျန်သော အရိုးဓာတ်တော်များကို ဆရာတော်ကြီး၏ မွေးရပ်မြေ ဘီလူးကျွန်းသို့ တစ်ပုံ၊ ကတိုးမဟာရင်ကျောင်းကတစ်ပုံ၊ ယိုးဒယား(ထိုင်း) နိုင်ငံက ကြွရောက်လာသော သံဃာတော်အရှင်မြတ်များနှင့် ဒါယကာ တပည့်များက တစ်ပုံ ပင့်ဆောင်သွားကြပါသည်၊ **(ကျန်ရစ်သော အရိုးတော်ဓာတ် သုံးပုံကို ပင့်ဆောင်ကြ၏။)**


ဆရာတော်ကြီး ဘဒ္ဒန္တ အာဒိစ္စမဟာထေရ်အား တပည့်များအားလုံးနှင့်အတူ တပည့်ပရိသတ် တစ်ဦးအနေနှင့် ဆရာတော်ကြီးအား ဒုတိယအကြိမ်မြောက် စာပေဖြင့် ပူဇော်ရင်းပူပန်သောက လွမ်းတလျလျ ဖြစ်နေကြသော မွန် မဟာရင် တပည့်များကို ဖြေသိမ့်အပ်ပါသည်။

ပထမအကြိမ် စာရေးသူ ဆရာတော်ကြီးအား စာပေဖြင့် ပူဇော်ခြင်းမှာ အမြင့်ဆုံးဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်း အလှူခံတော်မူသော **အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စမထေရ် ဂုဏပူဇာစာစောင်တွင် "သာသနာ၏ သားကောင်းတစ်**



www.burmeselassic.com

www.burmeselassic.com



▲ ကွင်းပြင်ထဲလို့ ပင်ဆောင်လာစဉ်

▼ ဓမ္မာ ဆရာတော်ကြီးကို လာဖူးကြသော ပုဂ္ဂိုလ်များ



ထူးခြားသော ဝိသေသများ
အနည်းငယ် ပြည့်စုံစွာ တင်
လိုက်ရပါသည်။

မဟာရင်ဂိုဏ်း သာသန
ကို ပြီးပြည့်စုံစွာ တင်ပြရပါလျှင်
စာအုပ်ထူ ကြီးများ အတွဲလိုက်
ဖြစ်သွားနိုင်ပါ သည်။

သို့မို့ကြောင့် နက္ခတ္တရောင်
ခြည်မဂ္ဂဇင်း စာချစ်သူများ
အား ဤမျှသာ ကျဉ်းနှစ်ကြ
ရန် ပန်ကြားရင်း ကသိုလ်
ပူဇော်လိုက်ရပါသတည်း။

မွန်–မြန်မာ, ထိုင်း
နိုင်ငံရပ်ခြား သာဝကပေ
လေးပါး ဖြေသိမ့်နိုင်ပါ
သတည်း။

## ခင်ခင်ဝင်း(မောရဝတီ)

ကျမ်းကိုး

၁။ ဓမ္မယုတ္တိကနိကာယ
(မဟာရင်) ဂိုဏ်း
မဟာရင် ဆရာတော်ကြီး
ထေရုပ္ပတ္တိအကျဉ်း (
ဝေဒဂူ)

၂။ မဟာရင်ဂိုဏ်းလုံး ဆိုင်
ရေးဖြေစာမေးပွဲနှင့် ရာ
မဂ္ဂဇင်း (၁၉၉၉ ခုနှစ်

၃။ သာသနာ၏ သား
တစ်ယောက်၊ ကျော
ကောင်းတစ်ပွင့်(သို့မဟုတ်)
ကတိုးမဟာရင်ဆရာ

**ယောက်၊ ကျောက်ကောင်းတစ်ပွင့် (သို့မဟုတ်) ကတိုးမဟာရင်ဆရာတော် ဘဒ္ဒန္တအာဒိစ္စမဟာထေရ်မြတ်ကြီး**''ဟူသော ခေါင်းစဉ်ဖြင့် ရေးသား ပူဇော်ခဲ့ပါသည်။

ထိုစဉ်က စာမျက်နှာ(၆)မျက်နှာခန့်သာ ရေးသားခဲ့ရသဖြင့် မောင်ကျန် တစ်တို့ အမြည်းသဘောမျှသာ ရေးသားခဲ့ရပါသည်။

ယခုတော့, နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာချစ်သူများအား မဟာရင် ဂိုဏ်းနှင့် မဟာရင်ဂိုဏ်းချုပ်ကြီးများ၏

ဘဒ္ဒန္တအာဒိစ္စမဟာထေရ်မြတ်
**(ခင်ခင်ဝင်း–မောရဝတီ၊ ၂
ခုနှစ်၊ ဂုဏပူဇာစာစောင်)**

၄။ အန္တိမဈာပန သာဓုကီဠ
သဘင်သို့ ကိုယ်တိုင် သွား
ပူဇော်ခြင်း၊



www.burmeselassic.com

www.burmeselassic.com

# [illegible]




'အချစ်ရေး၊ အိမ်ထောင်ရေးမှာ သောကကင်းကင်း နေရပါ့မလား'

ဒီမေးခွန်းရဲ့အဖြေကို လက္ခဏာကြည့်ပြီး ဆုံးဖြတ်ပြီး အဖြေပေးခဲ့မိပါတယ်။

ကြည့်ပါ...

❖ **နှလုံးလမ်းကြောင်း (A.A)သည် ကြိုးသဏ္ဌာန် ဖွာလန်ကြပြီး နှလုံးလမ်းကြောင်းထိပ်ကို ကန့်လန့်ဖြတ်မျဉ်းတစ်ကြောင်း (C.C)က ပိတ်ထားပါတယ်။**

ဒါကတော့...

အချစ်ရေးမှာ ခွေးရေ့လွှမ်းရေ့အခက်အခဲကြုံရ၊ အဆင်ပြေမှု မရတတ်တဲ့ သင်္ကေတပါ။

❖ **ဉာဏ်လမ်းက အင်္ဂါဖို ဂြိုဟ်ခုံက စ,ထားတယ်။(B.B)**

ဒါကတော့...

သဘောထား မတိုက်ဆိုင်မှုတွေ၊ အယူအဆ ကွဲလွဲမှုတွေ၊ နားလည်မှု လွဲခြင်းတွေ ဖြစ်စေတတ်တယ်။

တကျက်ကျက် ရန်ဖြစ်နေရတတ်တဲ့အတွက် အိမ်ထောင်ရေးသောကတွေ ကြုံရတတ်တဲ့ သဘောပါပဲ။

ကဲ...ဒါဆိုရင် ရှင်းလောက်ပါပြီ။

*ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ*

ဦးသော်ခင် (ဟင်္သာတ)

www.burmeselassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်–၃/၂၀၀၄၊
တဆထလ (၁၂၅၁)]



မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"** ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။

အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှီးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူခန္ဓာကိုယ် ရင်၏ အတွင်းသားမြွှာနှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးရူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သီတနဲ့ဥဏှ ဝိရောဓိပ...
ကြောင့် ဖြစ်လာရခြင်းပါ။ အ...
အဆိမ့် အဆီးအစေးများ...
အစာအာဟာရများ လွန်ကျ...
စားသုံးခြင်း၊ အရက်အမျိုး...
ဆေးလိပ်၊ စီးကရက်တို့ သော...
သုံးခြင်း၊ စိုးရိမ် ပူပန်မှုများ...
ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်...
ရှားမှုနည်းခြင်း၊ နေပူ မီး...
ရေချိုးခြင်း၊ ပန်ကာလေ...
အေးစက်တို့တွင် နေထိုင်...
ခြင်း စတဲ့ အကြောင်းအချက်...
ဟာ နှလုံးရောဂါ ဖြစ်ပွား...
ခြင်းရဲ့ အဓိကအချက်များ ...
တယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်း...
ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လို...
တွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေး...
ကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူ...
အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်း...
လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း...
နည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှ...
အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း ...
ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ...
ငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး...
လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်း...
ပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ...
မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ ...
တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်...
ပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာ...
ကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်–(၁၉၂)၊ ဇေယျာ(၇)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာ...
ရန်ကုန်မြို့။ ဖုန်း- ၀၉ ၈၆၃၅၂၂၆၊ ၀၉ ၂၅၀၀၁...

**မြောင်းမြ မောင်ယဉ်တင့်**



www.burmeselassic.com

www.burmeselassic.com

၂၀၁၇ ခုနှစ်၊ မေလထုတ် နဂါးဗုဏ္ဏ ရောင်ခြည်မဂ္ဂဇင်း၊ စာမျက်နှာ(၁၅၈) တွင် ဆောင်းပါးရှင် ပွင့်ဆန်း(ပုပ္ပါး) ရေးသားထားသည့် "မြွေဆိပ်နိုင် ဂမုန်း သိကြားသူများ ဖြေကြားပေး ပါရန်" ဆောင်းပါးကို ဖတ်မိပြီး၊ ဂမုန်း စေတီအကြောင်း ဆောင်းပါးပြန်ကြား ရေးရန် အကြောင်းဖန်လာပြီ ဖြစ်ပါ သည်။

ဂမုန်းစေတီကို စာရေးသူ၏ အိမ် နှင့် မိတ်များဖြစ်သည့် တိုင်းရင်းဆေး ဆရာကြီးဦးဝင်းလေးနှင့် တိုင်းရင်းဆေး ဆရာမကြီးဒေါ်လှသိန်းတို့က အမြတ် တနိုး တန်ဖိုးထားကာ အိမ်ခေါင်းရင်း တွင် စိုက်ပျိုးခဲ့သည်မှာ နှစ်ပေါင်း(၂၀) ကျော်ရှိနေပြီ ဖြစ်ပါသည်။

ဂမုန်းစေတီ စာရေးသူတို့အိမ် ရောက်ရှိသည်လာသည်မှာ စာရေးသူ နှင့် ဆရာကြီးဦးဝင်းလေးနှင့် ရင်းနှီးခင်မင်ရင်းနှီးသော တိုင်းရင်း ဆေးဆရာကြီး ဦးကောင်းထူးက...

'ဂမုန်းပင်အမျိုးမျိုး စိုက်ပျိုးထားရင် ဘင်္ဂိုရိုဂမုန်း ဘီလူးဂမုန်း နန်းထိုင်ဂမုန်းတွေ ဆိုတာတတ်တယ်၊ အဲဒီဂမုန်းတွေက သိဒ္ဓိပြင်း လို့ တွက် အကြောင်းမသင့်ရင် ခိုက်တတ် တယ်၊ အဲဒီအခိုက်တွေ ပြေပျောက်အောင် ဂမုန်းအချုပ်ဖြစ်တဲ့ ဂမုန်းစေတီ စိုက်ထားရ တယ်၊ အဲဒီဂမုန်းစေတီ စိုက်ထားရင် အခိုက် အမြီး အန္တရာယ်ရန်စွယ်အမျိုးမျိုး ကင်းရှင်း တယ်'

ဟု ပြောကာ မကြာမီရက်အတွင်း ဂမုန်းစေတီတစ်အိုး လက်ဆောင်ပေးခဲ့ သည်။ ဂမုန်းစေတီလက်ဆောင်ပေး သည့်နေ့တွင် ဆရာကြီးဦးကောင်းထူး

'အဲဒီဂမုန်းစေတီက စီးပွားလာဘ်ရှင် သိဒ္ဓိ ရှိပြီး ဆေးဖက်လဲ ဝင်တယ်။ မြွေဆိပ် ဖြေဆိပ်လဲ နိုင်တယ်'

အဆိပ်ပြေပြီး

# စီးပွားလာဘ်ရှင်

သိဒ္ဓိဝင်သည့်

# ဂမုန်းစေတီ

ဆရာဦးသိဟ (တိုင်းရင်းဆေး)
ကျန်းမာပါစေတိုင်းရင်းဆေးကုခန်း



ဂမုန်းစေတီ အပွင့်နှင့် ဥများ

ဟု ပြောကြားခဲ့ပါသည်။

ဂမုန်းစေတီ၏ စေတီသဏ္ဌာန် ဥကြီးများမှာ မြေအောက်တွင် ဥခြင်း မဟုတ်ဘဲ၊ ပင်စည်ဖြစ်လာပြီး တန်ရှက်

www.burmeselassic.com

ချင်း ကွာကျလျက်၊ မြေပြင်ပေါ်တွင် စေတီပုံသဏ္ဌာန် ဖြစ်ပေါ်လာခြင်းဖြစ်၍ ဂမ္ဘီရဆန်သည့် ဆန်းကြယ်မှု တစ်ခုပင် ဖြစ်သည်။

**စေတီသဏ္ဌာန် မှလည်ပင်ကြီး၏ အောက်ခြေ အပင်သစ်မှ တပို့တွဲလမှစ၍ ရိုးတံနှင့် အဖူးများ ထွက်လာပြီး အပွင့်များ ပွင့်ပါသည်။ ရိုးတံမှာ တစ်ပေမှ နှစ်ပေခန့်ထိ ရှိပါသည်။ အပွင့်မှာ အဝါရောင်ဖြစ်သည်။ တစ်လကျော် နှစ်လထိ မညှိုးနွမ်းဘဲ အပင်တွင် ရှိနေတတ်သည်။**

**တစ်ခါတစ်ရံ အပွင့်ကြွေပြီး လေးထောင့်သဏ္ဌာန် အသီးများ သီးတတ်ပါသည်။ ဂမုန်းစေတီပွင့်သည့်လတွင် လာဘ်လာဘ အလှူငွေများပါသည်။**

ဆရာကြီးဦးကောင်းထူး ပြောကြားခဲ့သည့် မြွေဆိပ်၊ ကင်းဆိပ်နိုင်သည်ကို ကိုယ်တိုင်အဆိပ်နှင့် ပတ်သက်၍ မကြုံတွေ့ဘူး၍ စမ်းသပ်ခြင်း မပြုလုပ်ခဲ့ပါ။ ဂမုန်းစေတီဆိုသည့် ပညတ်ကြောင့်ပင် ကျော်လွှားခြင်းလည်း မပြုလုပ်ရဲ၍ မပြုလုပ်ခဲ့ပါ။

တစ်ခုထူးခြားသည်မှာ ဂမုန်းစေတီထားသည့် အိုး၏ ပတ်ဝန်းကျင်တွင် မြွေ၊ ကင်းစသည့်အဆိပ်ရှိသော သတ္တဝါများ တစ်ခါမှ မတွေ့ရခြင်းပင် ဖြစ်ပါသည်။

ဥသဏ္ဌာန် ဂမုန်းစေတီကို နုတ်ယူပြီးထားလျှင် ဥအတွင်း အသားများမရှိဘဲ ပိန်ရှုံ့သွားတတ်ပါသည်။ မြေကြီးနှင့် အမြဲထိတွေ့နေမှ စိုစိုပြည်ပြည် တင်းတင်းရင်းရင်း ရှိပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း(၂၀)ခန့်မှစ၍ ဂမုန်းစေတီ စိုက်ပျိုးထားပြီး အဘက်ဘက်မှ စနစ်တကျ ကြိုးစားခဲ့ခြင်းကြောင့် စာရေးသူတို့၏ မိသားစုမှာ လုပ်ငန်းများ အောင်မြင်ကာ နှစ်ထပ်တိုက်နှင့် တင့်တင့်တယ်တယ် နေထိုင်နိုင်ခဲ့ကြပါသည်။

စီးပွားလာဘ်ရွှင် သိဒ္ဓိဝင် ဂမုန်းစေတီ စိုက်ပျိုးပြီး ကိုယ်တိုင်လည်း ကြိုးစားမည်ဆိုလျှင် တစ်ဆင့်ထက် တစ်ဆင့် တိုးတက် မြင့်မားလာမှာ ဖြစ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်း မှီတင်းနေထိုင်ကြသည့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ၊ ဂမုန်းဝါသနာရှင်များ၊ ဂမုန်းအမျိုးမျိုး စိုက်ပျိုးကြမည်ဆိုလျှင် အန္တရာယ်ရန်စွယ်ကင်းကာ၊ မိသားစုအားလုံး အပြုံးဝေစ[illegible] ဂမုန်းတို့၏အချုပ်၊ ဂမုန်းစေတီ[illegible] (တစ်အိုး) ရှာဖွေ စိုက်ပျိုးထား[illegible] မေတ္တာစေတနာထား၍ တင်ပြလိုက်ရပေသည်။



▲ ဂမုန်းစေတီ ဥကြီးများ

**ဆရာဦးသီဟ(*တိုင်းရင်*[illegible]**
**ကျန်းမာပါစေတိုင်းရင်း**[illegible]





www.burmeselassic.com

www.burmeselassic.com



◀ ထူးဆန်းသော ပါးနှာဂါး

တင်တင် (အဝေးသင်)

အံ့ဩဖွယ် ရေပေါ်ကျောက်စမ်းနှင့် ထူးခြားသော

# ပါးနှာဂါး

...ကျင့်စဉ်စရဏာများကို ...အားထုတ်ရှုံသာမက ...ဒါယကာ,ဒါယိကာမများကို ...ဝိပဿနာတရားကို ဟော ...ဩဝါဒပေးလျက် ရှိတော် **...ရွှေဟင်္သာတောရထွက် ...ဘဒ္ဒန္တ ကေသရာဘိဝံသ ...တုန်မြို့၊ မင်္ဂလာဒုံမြို့ ...သိမ်းကျွန်းကြီး စံပြ ကျေးရွာရှိ မြရတနာ ဓမ္မရိပ်သာ ကျောင်း၏ ပဓာန မဟာနာယက ဆရာတော် ဖြစ်သည်။**

ဆရာတော်သည် ညောင်တုန်း ရွှေဟင်္သာတောရ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတွင်လည်း အလှူကြီးအတန်းကြီးကို ပေးတော်မူခဲ့သည်။

မြရတနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ ကေသရာဘိဝံသသည် လောကုတ္တရာအလုပ်ကိုသာ ကြိုးစားအားထုတ်သည် မဟုတ်ချေ။ လောကီဒုက္ခအမျိုးမျိုးတို့ကို ကြုံတွေ့နေရသော တပည့်အပေါင်းတို့ကိုလည်း ထိုဒုက္ခဘေးအမျိုးမျိုးတို့မှ မေတ္တာတရားဆေးဖြင့် ကယ်တင်ပေးလျက်ရှိသည်။

ထိုကဲ့သို့ ကယ်တင်ပေးသည့်

www.burmeselassic.com

အတွက်ကြောင့် ဒုက္ခအမျိုးမျိုးတို့မှ လွတ်မြောက်ချမ်းသာရာကို ရရှိသွားကြသူများမှာလည်း မနည်းတော့ပေ။

တစ်နေ့သ၌ ဆရာတော်ဘဒ္ဒန္တကေသရာဘိဝံသ၏ မြရတနာ ဓမ္မရိပ်သာကျောင်းတွင် သိမ်တော်ကြီး အုတ်မြစ်ချပွဲ ရှိသောကြောင့် ထိုမင်္ဂလာအခမ်းအနားသို့ တက်ရောက် ဖြစ်ခဲ့သည်။


ထိုအခါ ဆရာတော်နှင့်အတူ ကျောင်းဒါယိကာမကြီး ဒေါ်ဝိုင်းကိုလည်းခင်မင်ခွင့်ရရှိပါသည်။ ဒေါ်ဝိုင်းနှင့် ရင်းနှီးခွင့်ရပြီးနောက် ဆရာတော်က ထူးခြားဖြစ်စဉ်များကို မိန့်ကြားပေးပါတော့သည်။

'ဦးပဥ္စင်းဆီမှာ ဂမ္ဘီရပစ္စည်းဆန်း (၂)ခု ရောက်ရှိနေလို့ပါ။ အဲဒါကို စာရေးဆရာတွေက လာလာကြည့်ပြီး စာရေးဖို့ ခွင့်တောင်းကြတယ်။ ဒါပေမယ့် ဦးပဥ္စင်းက ခွင့်မပြုဘူး။

အခုတော့ ဦးပဥ္စင်းစိတ်ထဲမှာ စာရေးခွင့်ပြုချင်လာမိတယ်။ ဒကာလာတဲ့အချိန်နဲ့လဲ တိုက်ဆိုင်နေပါတယ်။ ဒါကြောင့် ဒကာ စာရေးထည့်ပေတော့။ ဂမ္ဘီရပစ္စည်းနှစ်ခုကတော့ အံ့သြဖွယ်ရာ **ရေပေါ်ကျောက်စမ်းနဲ့ ထူးခြားတဲ့ ဝါးနဂါး**တို့ပါပဲ။ ကဲ... ဟိုမှာ သွားကြည့်ပေတော့'

ကျွန်ုပ်လည်း တစ်သက်နှင့်တစ်ကိုယ် မတွေ့ဘူး၊ မမြင်ဘူးသော ရေပေါ်ကျောက်စမ်းကို အရင်သွားကြည့်မိသည်။

ကျောက်စမ်းမှာ အုန်းသီးလုံး



▲ ထူးဆန်းသော ဝါးနဂါး

လောက်ရှိမည်။ မှန်ပုံးထဲတွင် ထည့်ထားရာ ရေပေါ်တွင် သူ့အလိုလို ပေါ်နေသည်။

ထို့နောက် ဝါးနဂါးကို သွား၍ ကြည့်ရှု လေ့လာရပြန်သည်။ ဝါးနဂါးမှာ တကကယ့်ကို နဂါးဦးခေါင်းပုံစံဖြင့် ထူးခြားလှပေသည်။

ဝါးဆစ်များမှာ (၆)ဆစ်ရှိပြီး ဦးခေါင်းပိုင်းမှာ ကွေး၍ နေသည်။ ဝါးနဂါး၏ ဦးခေါင်းပိုင်းမှာ မျက်လုံးနှစ်လုံးက အထင်ရှားရှိနေသည်။

အားပါးတရ လေ့လာပြီးသော အခါ ဂမ္ဘီရပစ္စည်းနှစ်ခုကို မှ...
တင်ဓာတ်ပုံများ ရိုက်ယူရသ...
သောအခါ ကျောင်းဒါယိကာ...
ဒေါ်ဝိုင်းမှ ရှင်းလင်းပြပါတော...

'ရေပေါ်ကျောက်စမ်းကို စ...
တောနက်ကြီးထဲမှာတဲ့ ဆ...
တောနက်ထဲမှာ ပိုင်းခွဲ...
အဲသလို ပိုင်းခွဲကြစဉ် ကျေ...
တစ်တုံးက အစစကွဲထွက်ပြီ...
(၂)ပိုင်လောက်ခရီးကို လွင့်...
တဲ့။

ဒါနဲ့ လွင့်စဉ်သွားပဲ့ ကျော...



www.burmeselassic.com

www.burmeselassic.com

ကို လိုက်ကြည့်ရှာဖွေ ယူဆောင်ခဲ့ကြတယ်။ အမျိုးမျိုး စမ်းသပ်ကြည့်တော့မှ ရေပေါ်မှာ ကျောက်စမ်းတုံးကြီးက သူ့အလိုလိုပေါ်နေလို့ အားလုံး အံ့သြကြတယ်တဲ့။

ရေပေါ်ကျောက်စမ်းတုံးကြီး ပိုင်ရှင်က ထိန်းသိမ်းစောင့်ရှောက်လာရင်းနဲ့ တစ်ညတော့ အိပ်မက်ဆန်းကို မြင်မက်လာပါတော့တယ်။ အိပ်မက်ထဲမှာ "ဒီအံ့သြဖွယ်ရာ ရေပေါ်ကျောက်စမ်း မြရတနာ ဓမ္မရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသထံ ပို့ပေးလိုက်ပါ"လို့ လာပြောကြားခဲ့တယ်တဲ့။

ဒါကြောင့်မို့ ဒီကျောင်းနဲ့ ဒီဆရာတော်ကို အိပ်မက်ထဲကအတိုင်း မရမက ရှာဖွေပြီးတော့ လာရောက် လှူဒါန်းသွားကြခြင်း ဖြစ်ပါတယ်။ ထူးခြားပုံတွေက ခုနက ရေထဲက ထုတ်လိုက်တာနဲ့ သူ့အလိုလို ရေပေါ်ကျောက်စမ်းက လှုပ်ရှားနေတယ်' ဂမ္ဘီရဝါးနဂါးကတော့ ကျောင်း ကြီးရဲ့ စနေထောင့်ကို အုတ် တိုင်းခတ်ဖို့အတွက် မြေကြီးကို ဖော်စဉ်မှာ မြေအောက်ကနေ အလိုလို ထွက်ပေါ်လာတာ ကြောင့် ရရှိလာပါတယ်။

အဲဒီ စနေထောင့်မြေနေရာကလဲ ဆန်းတယ် ဆရာ။ ထိုနေရာကို တံတိုင်းခတ်ဖို့အတွက် မြေကြီး ဖော်ခဲ့ကြရင် နောက်နေ့ကျတော့ အလိုလို မြေကြီးတွေက ကျင်းထဲ ပြန်ဖို့ပြီးသား ဖြစ်နေတယ်။

ကြောင့် မြေကြီးတွေကို ပြန်ပြီး ဖော်ကြရတယ်။ ထိုအခါမှာလဲ နေ့ကျတော့ မြေကြီးတွေက ထဲကို ပြန်ရောက်နေကြ၊ ပြန်



ပြီး ဖို့ပြီးသား ဖြစ်ကြနေကြပြန်တယ်။

တစ်ကြိမ်တစ်ခါလဲ မဟုတ်ဘဲ အကြိမ်ကြိမ်အခါခါ ဖြစ်လာတာကြောင့် ဘယ်သူမှ ဆက်ပြီး မတူးရဲကြတော့ဘူး။ အုတ်တံတိုင်း မခတ်ရဲကြတော့ဘူး။

နောက်ဆုံးတော့ မြရတနာဓမ္မရိပ်သာကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တကေသရာဘိဝံသက ဆိုင်ရာပိုင်ရာတွေကို မေတ္တာရပ်ခံတယ်။ ဘုမ္မိရတ်ပိုင်းဆိုင်ရာ ပုဂ္ဂိုလ်တွေ၊ အစောင့်အရှောက် ပုဂ္ဂိုလ်တွေကို အထူး မေတ္တာပို့သပေးတယ်။

ပြီးမှ စနေထောင့်ကို အုတ်တံတိုင်းခတ်ဖို့အတွက် မြေတူးစေခဲ့တယ်။ အဲသလို မြေမတူးဖော်ခင် (၃)ရက်လောက် ဆရာတော်ကြီး က မေတ္တာဓာတ်တွေကို ပို့လွှတ်စဉ် အချိန်ကပေါ့။

ကျွန်မမှာ (၃)ရက်လောက် ဆက်တိုက် အိပ်မက်ဆိုးတွေကို မြင်မက်လာခဲ့ရတယ်။ ကျွန်မရဲ့ အိပ်မက်ထဲမှ မြွေကြီးတွေက အကြီးကြီးပဲ။ မြွေကြီးတွေက ကျောင်းဝင်းထဲရှိ လေထဲမှာ ပျံဝဲနေလိုက်ကြတာ။ ကျောင်းဝင်း နေရာအနှံ့အပြားမှာ မြွေကြီးတွေကို ပုံစံအမျိုးမျိုးနဲ့ တွေ့ရှိနေရတယ်။

(၃)ညလုံးလုံးမှာ မြွေကြီးတွေကို မြင်မက်ပြီးတဲ့နောက်မှာ မြေကြီးကို တူးဖော်ရင်းနဲ့ ဂမ္ဘီရဝါးနဂါးက ထွက်ပေါ်လာတော့တာပါပဲ။

ဝါးနဂါးရရှိပြီးတော့လဲ အိပ်မက်ဆန်းတွေကို ထပ်မက်တယ်။ အိပ်မက်ထဲမှာ ဝါးနဂါးက စကားတွေ လာပြောကြားလို့ပေါ့။

ဝါးနဂါးက သူဟာ ရိုးရိုးနဂါးမျိုး မဟုတ်တဲ့အကြောင်း၊ စိတ္တရ နာဂ နဂါးမျိုးဖြစ်တဲ့အကြောင်း အိပ်မက်ဆန်းတွေကို ထပ်ပေးပြန်ပါတော့တယ်။

အဲသလို ဂမ္ဘီရပစ္စည်းတွေ တစ်ခုပြီး တစ်ခု ရောက်ရောက်လာ ပြီးတဲ့နောက်ပိုင်းမှာ ကျောင်းထဲကို အလှူဒါယကာ၊ အလှူဒါယိကာမတွေ တစ်ယောက်ပြီး တစ်ယောက် ရောက်ရောက်လို့ လာကြတာ မနည်းတော့ဘူး။

သို့ပါ၍ မြရတနာဓမ္မရိပ်သာကျောင်းသို့ သွားရောက်၍ ဂမ္ဘီရပစ္စည်းများကို လေ့လာလိုကြပါက **ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သယ်နီးကျွန်းကြီး စံပြကျေးရွာမှ တစ်ဆင့် ဆိုင်ကယ် ကယ်ရီများကို စီးသွားပါက အလွယ်တကူ ရောက်ရှိနိုင်ကြပါကြောင်း** လမ်းညွှန် ဖော်ပြ ရေးသားလိုက်ရပါပေသည်။

**တင်တင်(အဝေးသင်)**

www.burmeselassic.com

# ဆေးနက်ကျော် ဆေးတော်



ဗဟိကျ
(ဟာသာဗာ)

ဤနက်ကျော်ဆေးတော်ကို **ဆရာတော် ဦးခမ္မသာမိမှ** ဆေးဖော်နည်းနှင့် ဆေးအညွှန်းတို့ကို ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။

ဆရာတော်က...

'ငါ ပုပ္ပါးက သူငယ်ချင်းဦးသီလာစာရ မှာလို့ သွားခဲ့တယ်။ ဦးသီလာစာရနဲ့ တွေ့ပြီး (၁၀) ရက်လောက်ကြာတော့ ဖြူးမြို့ဘက်ကို ဦးသီလာစာရရဲ့ အမျိုးအဆွေ ဒါယကာတွေ ပင့်ဖိတ်လို့ သွားခဲ့ကြတယ်။

အဲဒီကိုရောက်တော့ ပယောဂ ဖြစ်နေတဲ့ အသက်(၃၀)လောက်ရှိတဲ့ မိန်းကလေး တစ်ယောက်ကို တွေ့ပြီး ဦးသီလာစာရက ကုသပေးတယ်။ (၃)နှစ်လောက်က ဖြစ်နေတဲ့ ပယောဂဟာ ဆေးတစ်ခွက်တိုက်လိုက်ရုံနဲ့ ပျောက်သွားတာ တွေ့ရတယ်။

အဲဒီတော့ ငါက ဦးသီလာစာရကို အဲဒီဆေးတော်အကြောင်း မေးလိုက်တယ်။ ဦးသီလာစာရက ဒီဆေးက နက်ကျော်ဆေးတော်ဖြစ်တဲ့ အကြောင်း ပြောပြတယ်။

ဒီတော့ ငါက ဆေးနည်းနဲ့ ဆေးအစွမ်းအာနိသင်တို့က ဘယ်လိုလဲ၊ ငါ အလိုရှိကြောင်းပြောတော့ ဦးသီလာစာရက ဆေးဖော်နည်းနဲ့ ဆေးအသုံးပြုပုံတွေကို ပြောပြတယ်။

သူ့မှာ လက်ရှိ ရှိနေတဲ့ ဆေးထဲက ဆေးနည်းနည်းကိုလဲ ပေးလိုက်တယ်'

ဟု ပြောကာ...

ကျွန်တော်အား ဆေးဖော်နည်း ဆေးသုံးပုံတို့ကို အောက်ဖော်ပြပါအတိုင်း ပြောပြ အမိန့်ရှိခဲ့သည့်အတိုင်း သုတေသီများအား ပြန်လည် လက်ဆင့်ကမ်း ရေးသား ဖော်ပြလိုက်ပါသည်။

---

နက်ကျော်ဆေးတော်

---

**ဆေးအမည်များမှာ...**

ဂမုန်းဥများ၊ ဂမုန်းအရွက်များ၊ ဂမုန်းအပွင့်များ၊ ဂမုန်းအသီးများဖြစ်ပါသည်။

မည်သည့်ဂမုန်းဟူ၍ မညွှန်းပါ။ မည်သည့်ဂမုန်းကိုမဆို ထည့်၍ ဖော်စပ်နိုင်ပါသည်။

ဂမုန်းအပင်ပေါင်း (၁၂၀)ပြည့်ရမည်ဖြစ်ပါသည်။

**ပြုလုပ်ဆောင်ရွက်ပုံ...**

ရက်ရာဇာကြုံသော လဆန်း တစ်ရက် အရုဏ်တက်ချိန်တွင် သီလခံယူ ဘုရားရှိခိုး မေတ္တာပို့ခြင်းကိစ္စတို့ကို ပြုပြီး သရဏဂုံ(၃)ပါး ပုတီး(၉)ပတ် စိပ်ရပါသည်။

ပြီးလျှင် ဘုရားတွင် ဆွမ်း,ပန်း,ရေချမ်း,ဆီမီးတို့ကို လှူဒါန်းရပါသည်။

ထို့နောက် တောပိုင်တောင်ပိုင် ဆေးဝိဇ္ဇာတို့ကို ရည်ရွယ်၍ အုန်း၊ ငှက်ပျော၊ လက်ဖက်တို့ဖြင့် ပွဲတစ်ပွဲ ပေးရပါသည်။

ထိုသို့ပြီး၍ နံနက်လင်းချိန်တွင် ဂမုန်းအရှာထွက်ရပါသည်။ တစ်နေ့လျှင် ဂမုန်းပေါင်း(၈)မျိုး ရအောင်စုပြီး ဖြစ်ရပါမည်။


ဤသို့ဖြင့် (၁၅)ရက် ဆက်တိုက် ဂမုန်း(၈)မျိုးစီရအောင် စုရပါသည်။ (၁၅)ရက်ပြည့်သောအခါ ဂမုန်းပေါင်း (၁၂၀) ပြည့်ပါတော့သည်။

**မှတ်ချက်။ ။ ရရှိလာသော ဂမုန်းများကို ဆေးမကြိတ်မီအချိန်တွင် ပြင်ထားသော ပွဲအနီးတွင် ထား၍ ရပါသည်။**


ရရှိလာပြီးသော ဂမုန်းများကို စင်ကြယ်စွာ ဆေးကြောပြီးလျှင် ယင်း ဂမုန်းအားလုံးကို ကျောက်ပျဉ်ကြီးကြီး တွင် ကျောက်တုံးတစ်တုံးဖြင့် ကြိတ်ရမည်ဖြစ်ပါသည်။

ကြိတ်သောအခါတွင် ကျောက်ပျဉ်၌ **စ–ဓ–ဗ–ဝ** နှင့် **တ–ဋ–ဃ–ဆ** ချ၍ ကြိတ်ရပါသည်။ ကြိတ်သော ကျောက်တုံးတွင်လည်း "**စ–ဓ–ဗ–ဝ**"နှင့် **က–ဋ–ဃ–ဆ**ကိုလည်း ချရသည်။

***




ကျောက်ပျဉ်




ကြိတ်ရန် ကျောက်တုံး

ကြိတ်သောအခါ ဂမုန်းအား တစ်ခါတည်းကြိတ်၍ မဖြစ်

www.burmeselassic.com

www.burmeselassic.com

ခွဲ၍ ကြိတ်ရပါသည်။ ကြိတ်တိုင်း စ-ခ-ဗ-ဝ စမကို ချ၍ ကြိတ်ရပါသည်။

**ကြိတ်သောအခါတွင်...**

'ဦ ရက္ခဒေဝါ ဝိယုဒ္ဓိ ပြဿဓာ ယဟာသိဒ္ဓိ သဗ္ဗသိဒ္ဓိ ဣဋ္ဌိတသိဒ္ဓိ ဖယိဖယိ ဒေဟု ဒေဟု သွားဟ သိဒ္ဓိကပ်'

ဟု အမြဲ ရွတ်ဆို၍ အစွမ်းထက်သော ဆေးတော်ဖြစ်ပါစေဟု စိတ်အာရုံတည်၍ ကြိတ်ရပါသည်။

ပြီးလျှင် လိုသလောက် အတောင့်များ ပြု၍ အထက်ပါ ဂါထာမန္တန်နှင့် (၁၀၈)အုပ်စုတ်မန်း၍ ဆောင်ကာ အသုံးပြုနိုင်ပါသည်။

**မှတ်ချက်။ ။ ဆေးကြိတ်သောနေရာမှာ ဘုရားတွင်လည်းကောင်း၊ သိမ်တွင်လည်းကောင်း သန့်ရှင်းစွာ ကြိတ်ရပါသည်။**

နှက်ကျော့်ဆေးတော်ကို ကောင်းစွာ ရိုသေစွာ ဆောင်လျှင် စုန်းတိုက်၊ နတ်တိုက် အောက်လမ်းတိုက် ဟူသမျှ ကင်းပါသည်။ ချစ်ခင်သူ ပေါပါသည်။

---

**နှက်ကျော့်ဆေးတော် အညွှန်း**

- **ဆောတောင်သွားလျှင်** ကိုယ်မှာ သိမ်းသွားပါက ဘေးကင်း၏။
- **သွားနာသွားကိုက်သော်** ကြိတ်၍ သွားမှာ သိပ်ပါက သွားပိုးများသေ၍ သွားနာ သွားကိုက်ပျောက်၏။
- **မျက်စိနာလျှင်** ဆေးကို ရေသန့်နှင့် သွေး၍ ကွင်းရ၏။ ဝမ်းကို လည်း ခတ်ပေးရ၏။
- **အကျိတ်အဖုနှင့် ပယောဂဖြစ်လျှင်** သုရားရေနှင့်သွေး၍လိမ်းပါ ပျောက်၏။
- **(လူ၊ ကျွဲ၊ နွား၊ မြင်း၊ ဝက်၊ ဆိတ်) နှိုးဆို့သော်** ရေသန့်နှင့် သွေးပြီး မှာ သုတ်လိမ်းပေးရ၏။
- **ကလေးများ အစွဲရှိခြင်း အမျိုးမျိုးကြောင့်** လန့်ခြင်း၊ ငိုခြင်းဖြစ်ပါက ဆေးတော်ကို ငရုတ်ကောင်းစေ့ခန့် (၉)လုံးပြု၍ လည်တွင် ဆွဲပေးရ၏။
- **ပယောဂနှင့် အအောင့်အတက်အတွက်** ဆေးတော်ကို သွေး၍ မျက်စဉ်းခတ်ပေးရ၏။
- **မြွေကိုက်ခံရသော်** ငရုတ်ကောင်း (၇)လုံးခန့်တိုက်ရ၏။ ငယ်ထိပ်ကို ခွဲ၍ ဆေးတော်သိပ်ရ၏။ ကိုက်သောနေရာတွင်လည်း သိပ်ပေးရ၏။ မျက်စဉ်းပြု၍လည်း ခတ်ပေးရ၏။ **(တောထုတ်စရာမလို၊ ပွဲပြင်စရာ မလိုပါ)**
- **ဖုတ်ဝင်သော်** ကျောက်ပျဉ်တွင် ဆေးတော်ကို (၇)ပတ်လှည့်သွေးပြီး တိုက်ပေးရ၏။
- **သားမဖွားနိုင်သော်** သောက်ရေအိုးဖြင့် သွေး၍ တိုက်ရ၏။ သွေးပြီးသားရေနှင့် တောက်ပေးရ၏။ မဖွားသေးသော် ဘယ်ခြေမတွင် ဆေးတော်ကို အဝတ်နှင့် စီးပေးရ၏။ မီးဖွားလျှင် ချက်ချင်း ဖြေပေးရ၏။
- **ဆောင်လိုသူများ** ငရုတ်ကောင်းစေ့ခန့် (၉)လုံးကို ကြုတ်နှင့် ဆောင်ရ၏။

အခြားဉာဏ်ရှိသလို သုံးနိုင်၏။

ဤတွင် **ဆေးနက်ကျော့်ဆေးတော်** ဖော်နည်းနှင့်အညွှန်းကို ဆရာတော်၏ မှတ်တမ်းမူရင်းအတိုင်း တင်ပြပြီးပါပြီ၊ အလိုရှိသော သုတေသီများ အသုံးပြုနိုင်ကြပါစေ။

**(နည်းပေးသော ပျံလွန်တော်မူပြီးသော သက်တော်ရှည်ဆရာတော်ကြီး ဦးဓမ္မသာမိအား ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့အပ်ပါသည်။)**

***အားလုံး ကျန်းမာချမ်းသာ အရာရာ အဆင်ပြေကြပါစေ။***

ဗုတိကျွ(ဟသံ့ာတ)

စာမူပို့လိုက...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တဗေဒင်ဝိဇ္ဇာဂျာနယ်
အမှတ် ၂၀၉ (မြေညီ)
၂၉-လမ်း (အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-
၀၉-၇၇၆၃၄၉၇၈၅
၀၉-၉၆၈၀၀၄၁၈၂

www.burmeselassic.com





နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆထလတိုး (၁၃၁၂)

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယည်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယည်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယည်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယည်တင့် ညွှန်ပြပေးပါဦး "




" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ ... အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူ ကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်... မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်... ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်း... မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ ... အင်ကုန်ခမ်းစိတ်မရှွင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယည်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမော... နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေ... တယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရ... မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာ... ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီး... အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်... တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကို... မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါ... က ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ... ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်း... သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်... မျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေး...

ပိုင်ရှင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်...**

အမှတ်-(၅၂/၃၅၆)ပေဖာဗိုလ်ယမ်းကြီး မြောက်ဥက္ကလာပမြို့နယ်

ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၁၀၇၉၊ ၀၉-၅၁၀၈၆၃၂

**မြောင်းမြ တောင်ယဉ်တင့်**





www.burmeselassic.com

www.burmeseclassic.com

# ကံပွင့်လိုလျှင်

## ထီးပွင့်ကန်သို့သွားပါ

အောင်နိုင်လင်း

### အခန်း[ ၁ ]

ထူးခြား ဆန်းကြယ်သော အကြောင်းအရာများမှာ နေ့စဉ်ဖြစ်ပေါ် နေသော အကြောင်းမျိုးများ မဟုတ်ကြပေ။ အခါအခွင့်သင့်မှ တစ်ခါတစ်ရံ ဖြစ်ပေါ်လာခြင်းမျိုးဖြစ်၏။

**ဥပမာ** ။ ။ ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီတော်များမှာ ရောင်ခြည်တော် လွှတ်ခြင်းအပါအဝင်၊ အခြားသော ထူးခြားဆန်းကြယ်မှုများမှာ အစဉ် အမြဲ ဖြစ်ပေါ်နေသည်မျိုး မဟုတ်ပေ။

တစ်ခါတစ်ရံ၌ တစ်ကြိမ်တစ်ခါသာ ဖြစ်ပေါ်လာလေ့ရှိသဖြင့် ကြုံကြိုက်သူ များနှင့် ထိုက်သူတို့သာ ဖူးတွေ့ရတတ် သည်။

ဗုဒ္ဓရုပ်ပွားတော်၊ စေတီတော်များမှ ရောင်ခြည်တော် လွှတ်ခြင်းမျိုးသာမက အခြားသော ထူးခြားဆန်းကြယ်မှု များ လည်း ဖြစ်ပေါ်တတ်သည်။

ထို့ပြင် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ စသော ရတနာသုံးပါးနှင့် သက်ဆိုင်သော အကြောင်းအရာများလည်း တစ်ကြိမ် တစ်ခါ ဖြစ်ပေါ်လေ့ရှိသည်။

ထိုအကြောင်း အရာအပြင် အခြား သော ဂမ္ဘီရနှင့် သက်ဆိုင်သော ထူးခြား ဆန်းကြယ်မှုများလည်း ပေါ်ပေါက်လာ တတ်သည်။


ထိုကဲ့သို့သော ဂမ္ဘီရဆန်သော အကြောင်းအရာတို့မှာ ကြာရှည်မြင် တွေ့ရလေ့မရှိဘဲ အခိုက်အတန့်မျှသာ ပေါ်ပေါက်လာလေ့ရှိပြီး ကြုံကြိုက်သူ သာ တွေ့မြင်ခွင့်ရတတ်သည်။

ယခုရေးလိုသော အကြောင်းမှာ လှိုင်ကော်မြို့နယ်အတွင်း ငွေတောင် ဆည်ရှိသော နေရာနှင့် မဝေးလှသော အတွင်းရှိသော **"ထီးပွင့်ကန်"** အကြောင်းဖြစ်သည်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့ တွင်ရှိသော ထူးခြားသော ကန်ပင်ဖြစ် သည်။ **"ကံပွင့်လိုပါက ထီးပွင့်ကန် ကို အရောက်သွားပါ"**ဟူသော စကား ကြောင့်ပင် အရောက်သွားခဲ့ခြင်း ဖြစ် သည်။



ထီးပွင့်ကန်



ငွေတောင်ဆည်

ငွေတောင်ပြည့် ဒွေးမယ်နော်တို့ ညီအစ်မခုနစ်ဖော်တို့ အကြောင်းနှင့် ဆက်စပ်မှု ရှိနေသည်ဟုလည်း ဒေသ ခံ အချို့က ပြောပြကြသည်။


လွိုင်ကော်မြို့မှ ငွေတောင်ဆည်၊ ငွေတောင်ဆည်မှ ဆက်သွားပါက ခရီးမဝေးလှသော နေရာမှာရှိသည်။ ရေကန်က သဘာဝ တူးဖော်ထားသော သောက်ရေကန်ဖြစ်သည်။

www.burmeselassic.com



▲ ထူးခြားစွာ ဖြစ်ပေါ်နေသော ထီးမှိုင်

▼ ထူးခြားစွာ ဖြစ်ပေါ်နေသော ထီးမှိုင်





www.burmeselassic.com

www.burmeselassic.com





▲ ဒွေးမယ်နော် နတ်နန်း

◀ ရက္ခစိုးနတ်နန်း

ကျေးလက်တောရွာတို့ မြင်ကွင်း
ဝိုင်း ကန်ဝန်းကျင်မှာ စေတီရှိသည်။ ကျောင်းရှိသည်။ နတ်စင်နတ်ကွန်း ရှိသည်။ အရိပ်ကောင်းသော ပင်ရိပ်များလည်း ရှိသည်။

ကန်က အတော်ကျယ်သည်။ ဝန်းကျင်တစ်နေရာမှာတော့ ရက္ခစိုး နန်းတို့ အသေအချာ ဆောက် ပေးထားသည်။

**တာင်ပြည် ဒွေးမယ်နော်တို့ ညီ တော်တို့နှင့် သက်ဆိုင်သော ဖြစ်သောကြောင့် ယင်းတို့နှင့် ဆိုင်သော ရုပ်တုများကိုလည်း ချော မြှုပ်ပေးထားသည်။**

နေရာသည် သိုက်နှင့်ပတ်သက် နေရာတစ်ခု ဖြစ်သောကြောင့် ချုပ်ဘိုးဘိုးကြီးနန်းလည်း ရှိ

ဒွေးမယ်နော်နှင့် ညီအစ်မများ ရုပ်တု ပဝါဆက်သခြင်း၊ ပုတီးနှင့် အဆောင်ပစ္စည်းများ၊ ပန်းနှင့် သာများ၊ ကန်တော့ပွဲများ တင်ပြီး လိုရာဆုတောင်းပါက အလိုရှိသည့် အတိုင်း ပြည့်ဝခဲ့သော သာဓကများ လည်းရှိကြသည်။

ဒေသခံများ သာမကဘဲ ရပ်ဝေး ရပ်နီးမှာပင် တကူးတက လာရောက် ကြကာ ကန်တော့ပွဲနှင့် ပဝါဖြူ,ပဝါ အစိမ်းများ ဆက်၍ ဆုတောင်းသမှု ပြုခဲ့ကြသည်ကိုလည်း မြင်တွေ့ခဲ့ရ သည်။

ထိုအကြောင်းအရာတို့မှာ ဒွေးမယ် နော်တို့နှင့် သက်ဆိုင်သည်၊ မသက် ဆိုင်သည်ထက် ထိုနေရာ၌ရှိသော သိုက်ချုပ်ပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာ ဘုမ္မိရုက္ခပုဂ္ဂိုလ်တို့မှ ကူညီစောင့်ရှောက် မှုပေးခြင်းကြောင့် အလိုရှိသော ကိစ္စများ ပြည့်စုံခြင်းမျိုးလည်း ဖြစ်နိုင် ပေသည်။

လွန်ခဲ့သော အနှစ်(၂၀)ကျော် ကာလ နယ်လှည့်အယ်ဒီတာအဖြစ် ဆောင်ရွက်နေစဉ်က ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးနှင့် တွေ့ရသည်။ ယင်း နှင့် သက်ဆိုင်သော အကြောင်းများကို ရေးသားခဲ့သဖြင့် ယင်းနှင့် အေးအေး ဆေးဆေးပင် တွေ့ရသည်။

**တောင်သုံးလုံးမှ အဘိုးသံ**ပင် ဖြစ်သည်။ သူက ပြောဖူးသည်။

'နေရာတစ်ခုမှာ ထူးခြားတာ တစ်ခုခုပေါ် လာအောင် ဖြစ်ဖြစ်၊ လူပုဂ္ဂိုလ်,ရဟန်းပုဂ္ဂိုလ် တွေနဲ့ပတ်သက်ပြီး သာမန်ထက်ပိုပြီး ထူးခြား တာတွေ ပေါ်လာပြီဆိုရင် သာမန်မဟုတ်ဘူး။ အဲဒီ အဲဒီနေရာ၊ အဲဒီဒေသမှာရှိတဲ့ နတ်တွေ မမြင်ရတဲ့ ပုဂ္ဂိုလ်တွေက ဝိုင်းပြီး ဆောင်ရွက် ပေးကြတာ ဖြစ်တယ်။

ဘာကြောင့်လဲဆိုတော့ သူတို့ရှိနေတဲ့ အရပ်ဒေသတွေကို သာသနာရေး၊ ဘာသာ ရေး ကိစ္စတွေ တိုးပွားလာပြီး စည်ကား လာစေချင်လို့ပဲ'

ထိုအချိန်က တောင်သုံးလုံးမှာ အဘိုးသံကို အကြောင်းပြုပြီး လူစည် ကားစ ပြုနေသော အချိန်လည်း ဖြစ် သည်။

ထိုသို့ တစ်မဟုတ်ချင်း စည်ကား လာခြင်းမှာ သူတစ်ဦးတည်း စွမ်းဆောင် မှုကြောင့် မဟုတ်ဘဲ မြင်အပ်,မမြင် အပ်သော နတ်များနှင့် ပရလောက သားများက ဝိုင်းဝန်းကူညီပေးကြ၍ ဖြစ်ကြောင်း သွယ်ဝိုက်၍ ပြောပြခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ထိုစကားကို တိုက်ဆိုင်မှုရှိတိုင်း သတိရနေမိသည်။



www.burmeselassic.com

www.burmeselassic.com

## အခန်း [ ၂ ]

ထီးပွင့်ကန်မှာ သဘာဝအလျောက် ဆန်းကြယ်နေမှုမျိုးဖြစ်သည်။ ရေအောက်မှ **နဂါးပွက်အိုင်**ကဲ့သို့ ပွက်တက်လာသော သဲနုန်းမြေများက ရေပေါ်သို့ တက်လာကာ တောင်ပို့သဖွယ် ဖြစ်လာသည်။

တောင်ပို့ထိပ်မှာ တဖြည်းဖြည်း လျှောကျသွားသော သဲနုန်းမြေနုသားတို့မှာ ထီးသဖွယ် ဖြစ်လာခြင်းဖြစ်သည်။

**(နဂါးပွက်အိုင်ကို အပေါ်မှစီးကြည့်ပါက ထိုကဲ့သို့ ပုံသဏ္ဌာန်အတိုင်းပင် မြင်တွေ့ရပေမည်။)**

**အပေါ်မှ စီးကြည့်ပါက ထီးတစ်လက်ဖွင့်ထားသည်နှင့် တူလှပေကြောင်း၊ ဓာတ်ပုံမှတ်တမ်းကို ကြည့်ပါက သိနိုင်ပေသည်။ အောက်မှ တက်နေသော သဲမှုန်ကလည်း ထိပ်ပိုင်းတွင် အဆက်မပြတ် တက်နေသည်။**

ကျွန်တော် ရောက်ခဲ့စဉ်က ထီးပွင့်အကြီးတစ်ခုနှင့် အသေးတစ်ခုကို တွေ့ခဲ့ရသည်။ ထိုအချိန်က ကျွန်တော်အပါအဝင်လာရောက် ကြည့်ရှုသူများဖြင့် အတော်စည်ကားနေသည်။

သို့သော် ကန်ထဲမှာ ဖြစ်ပေါ်နေသော ထီးပွင့်မှာ အစဉ်သဖြင့် ဖြစ်ပေါ်နေခြင်းမျိုး မဟုတ်သဖြင့် တာဝန်ယူစောင့်ရှောက်ပေးမည့်သူတော့ မတွေ့ခဲ့ရပေ။

အကယ်၍ မိုးရာသီ ရောက်လာ၍ မိုးရွာသွန်းမှုများလျှင်တော့ ပေါ်နေသော ထီးပွင့်မှာ ပျောက်ကွယ်သွားကြပေလိမ့်မည်။

ယခု နွေရာသီမှာတော့ ထီးပွင့်မှာ မကြာခဏ ဖြစ်ပေါ်လာလေ့ရှိကြောင်း ဒေသခံအချို့က ပြောပြသည်။

လှိုင်ကော်မြို့ရောက်လျှင် သီရိမင်္ဂလာတောင်မှ တောင်ကွဲစေတီသို့ ရောက်အောင်သွားသည်။ ငွေတောင်ဆည်သို့ သွားရောက်လေ့လာကြသည်။

ထိုနေရာများ ရောက်ပါက ထူးထူးခြားခြား ဖြစ်ပေါ်နေသော ထီးပွင့်ကန်သို့ သွားရောက် ကြည့်ရှုလေ့လာသင့်ပါကြောင်း လမ်းညွှန် ရေးသားလိုက်ပေ၏။

ကံပွင့်လိုသဖြင့် ထီးပွင့်ကန်သို့ သွားရောက်သည်ပဲ ဖြစ်ဖြစ်၊ ဗဟုသုတအနေဖြင့် လေ့လာလို၍ပဲဖြစ်ဖြစ် ထိုကန်,ထိုနေရာသို့ ရောက်ပါက သတိထား ဆင်ခြင်စရာများလည်း ရှိသည်။

ဒွေးမယ်နော်နှင့် ညီမခုနစ်ဖော်တို့ ဒေသဖြစ်သဖြင့် စည်းကမ်းမဲ့ အလေးအပေါ့သွားခြင်း၊ မဆင်မခြင် ပြောဆိုနေထိုင်ခြင်း၊ ကြမ်းတမ်းသော စကားပြောဆိုခြင်း၊ မိန်းမ,ယောကျ်ားတို့ မဖွယ်မရာ ပြုလုပ်ခြင်းမျိုး ရှောင်ကြဉ်သင့်ကြပေသည်။

ထိုကန်တွင် သိုက်ချုပ်ဘိုးတော်ကြီးနှင့် ဒွေးမယ်တော်နန်းရှိသည်။ ရုပ်တုများလည်း ရှိသည်။

ထိုရုပ်တုများအား ကန်တော့ပွဲပေးခြင်း၊ ပန်းအမွှေးနံ့သာလှူခြင်း၊ ပဝါ, ပုတီး စသော အသုံးအဆောင် ပစ္စည်းများဆက်သ၍ အလိုရှိသော ဆုတောင်းပါက ရရှိစေနိုင်ပါသဖြင့် ကြုံကြိုက်ပါက ဝင်ရောက်လေ့လာသင့်သော နေရာထူးတစ်ခုဖြစ်ပါကြောင်း လမ်းညွှန် ရေးသားလိုက်ရပေသည်။

**အောင်ခိုင်လင်း**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**ဖတ်ရှုလိုသူများသို့...**
စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လပေးဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ငွေယူစနစ်ဖြင့်
တစ်လလျှင် ၂၆၀၀/ကျပ်
(နှစ်ထောင့်ခြောက်ရာကျပ်...
ကျသင့်ပါသည်။
လပေးဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။
**နက္ခတ္တရောင်ခြည်မဂ္ဂ...**
အမှတ် ၂၀၉–မြေညီ
၂၉–လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကု...
ဖုန်း
၀၉–၇၇၆၃၄၉...
၀၉–၄၆၈၀၀...



www.burmeseclassic.com

www.burmeseclassic.com

သရော်မြတ်
(စစ်ကိုင်း)

ဘဒွေးကြီးရဲ့

# ဖဝါးနာ၊ ဖနောင့်နာ

ပျောက်တဲ့ လိမ်းဆေး



တစ်နေ့တော့ ဦးပဍင်းလေး ရှင်ပဏ္ဍဝ ကျွန်တော့်ထံ ထော့နင်းထော့နင်းနဲ့ ရောက်လာပါတယ်။ ကျွန်တော့်အိမ်ကို ဆွမ်းခံမကြွတာ အတော်တောင် ကြာနေပြီ။

'အလို...ငါ့ရှင် တောများထွက်သွားသလားလို့၊ ရောက်လာတော့လဲ ခြေထော့နင်းနဲ့ မြင်းခြံက မြင်းကန်လိုက်လို့လား'

'မဟုတ်ရပါဘူး ဘကြီးအောင်ရာ၊ ခြေဖနောင့်အသားထဲ နင်းလိုက်တိုင်း အရမ်းနာနေလို့ ဆွမ်းခံတောင် မထွက်နိုင်ဘူး။ ဆေးရုံကိုလဲ ပြပြီးပြီ။ မသက်သာသေးလို့ပါ။

ဆရာဦးထွန်းသိန်းကတော့ သူ့အသွားကြီးတုန်းက ခြေဖနောင့်သားထဲ ဆေးထိုးလိုက်တာ (၃)ကြိမ်ထိုးပြီးမှ သက်သာသွားတယ်လို့ ပြောပါရဲ့'

'ဒါဖြင့် အဲလို သွားထိုးလိုက်ပေါ့လေ၊ မြန်မြန်ပျောက်တာပေါ့'

'အာ... ကြောက်လိုက်တာ တော်ကြာနေ ပိုဆိုးလို့ ဟုတ်ပေ့ ဖြစ်နေမယ်'

'အသည်းကြောင်လိုက်လေ့ ငါ့ရှင်မယ်'

ဦးပဍင်းလေး ရှင်ပဏ္ဍဝဟာ အခုဆိုသက်(၄၇)နှစ် ရှိနေပါပြီ။ ခန္ဓာကိုယ်တုတ်ခိုင်လေတော့ ခြေဖနောင့်နာကြတာ ဖြစ်မှာပါ။

စစ်ကိုင်းတောင်ရိုးကနေ မြို့တွင်းကိုနေ့စဉ် ဆွမ်းခံသွားကြရတယ်။ စစ်ကိုင်းမြို့တွင်းကလဲ မဝေးလှဘူးဆိုပေမယ့် နှင်းတွေပဲကျကျ၊ မိုးပဲရွာရွာ တစ်နေ့တစ်မှာ အသွားနဲ့အပြန် (၅)မိုင်ပျပျတော့ ခြေဖလာ လှမ်းကြွ ဆွမ်းခံကြွရတာပဲလေ။

စစ်ကိုင်းတောင်ရိုးပျော် ကိုယ်တော်ကြီးငယ်မဟူ ခြေဖဝါးနာ ဖြစ်တတ်ကြပါတယ်။ ကျွန်တော့်ထက် အသက်အစိတ်၊သုံးဆယ် ငယ်ရွယ်တဲ့ ရဟန်းပျိုတွေ ဖြစ်တာကတစ်မျိုး၊ ကိုယ့်အိမ်နဲ့ သူ့တို့ကျောင်းက ဟိုဘက်ဒီဘက် ကပ်လျက်ကလေး ဆိုတော့ မိဘနဲ့ သားသမီးလို ဖြစ်နေကြတာ။

'ကဲ... ငါ့ရှင် ခြေဖဝါး ပြစမ်းပါဦး၊ ကြည့်...ကြည့်ရအောင်'

ဆိုပြီး ဦးပဍင်းလေး ခြေဖဝါးကို စစ်ကြည့်ပါတယ်။ ခြေဖဝါး ဆိုပေမယ့်လဲ ခြေဖနောင့်သားက နည်းနည်းဖောင်းနေသလိုတော့ ရှိသား။

လက်နဲ့စမ်းကြည့်တော့ ဘာအကျိတ်မှ မတွေ့ရပါဘူး။ အဲဒီလို ကိုင်တွယ်ကြည့်တယ်။ လက်နဲ့ အသာအယာ ဖိကြည့်တယ်။ သိပ်တော့ မနာဘူးတဲ့။

'ကပါ မတ်တတ်ရပ်ပြီး ခြေဖနောင့်နဲ့ အားပြုကြည့်စမ်းပါ'

ဆိုတော့ တော်တော်နာပါသတဲ့။ လမ်းလျှောက်ဖို့ ခက်မှာပါပဲ။။

'ထားလိုက်ပါ၊ တပည့်တော်ရဲ့ ဘဒွေးကြီး ဆေးနည်းနဲ့ ဆေးဖော်ပြီး စည်းထားလိုက်ရင် ပျောက်ပါတယ်။ တစ်ပတ် ဆယ်ရက်တော့ ငြိမ်ငြိမ်နေဖို့ လိုတယ်'

'အဲဒီဆေးက ဖော်ပြီးသား ရှိလို့လား ဘကြီးအောင်'

'ဘယ်ရှိရမလဲ၊ အဲဒီဆေးက ဖော်စပ်ထားပြီး (၆)လလောက်သာ ထားလို့ ရတာလေ။ ဖော်စပ်နည်း စနစ်ကျရင်တော့ တစ်နှစ်ကျော်အောင် အထားခံတယ်'

'ဒီလိုဖြင့်ရင် ရေခဲသေတ္တာထဲ



www.burmeseclassic.com

www.burmeselassic.com

ထားရင်ကော ဘယ်နှယ်လဲ ဘကြီးအောင်'

'အဲ... ဒါတော့ မဆိုးလှောက်ဘူး ငါ့ရှင်ရေ'

'ဒါဖြင့် ကျုပ်ကို အဲဒီဆေး ဖော်ပေးဗျာ၊ ဆေးနည်းလဲပေးပေါ့'

ဆိုတော့ ကျွန်တော်က အောက်ပါအတိုင်း ပြောပြလိုက်ပါတော့တယ်။

၁။ ဂျင်း(ချင်း)စိမ်း လတ်လတ်ဆတ်ဆတ် (၂၅)ကျပ်သား

၂။ မိဿလင်ဥ လတ်လတ်ဆတ်ဆတ် (၂၅) ကျပ်သား

၃။ အရက်ဦးရည် အာတာပုလင်းတစ်လုံးစာ။

အဲဒီ ဆေးသုံးမျိုးရရင် အဆင်ပြေပြီ။ ဆေးဖော်နည်းကတော့ မခက်ဘူး။

▲ဂျင်း(ချင်း)စိမ်းကို သန့်စင်နေအောင် ဆေးထားရမယ်။

▲မိဿလင်ဥကိုလဲ သန့်နေအောင် ဆေးထားရမယ်။

▲ဆေးတစ်မျိုးချင်းကို ငရုတ်ဆုံ သန့်သန့်မှာ ထည့်ပြီး ညက်ညက်ကြေအောင် ထောင်းရမယ်။ ပြီးရင် ကြွေပန်းကန်ထဲ လောင်းထည့်ထား။

ဆေးတစ်မျိုးချင်း ထောင်းပြီးတဲ့အခါ ဆေးတစ်မျိုး (၂၇)ကျပ်သားစီ ချိန်၊ ပြီး ခွက်တစ်ခုထဲ ပေါင်းထည့်ရမယ်။ ဒါဆို ဆေး(၂)ဆပေါင်း (၅၄)ကျပ်သား ဖြစ်သွားတာပေါ့။

အဲဒီဆေးရည်နဲ့ဆတူ အရက်ပြင်းဦးရည် ပေါင်းစပ်ပြီး ဖန်ပုလင်းထဲလောင်း။ အဝတ်ပါးနဲ့ အဝကို စည်းထားလိုက်ရုံပဲ။ ဒါဆို နေပြ,လပြဖို့ပဲလိုတော့တယ်။

'**နေပြ,လပြဆိုတာက** ဘာတုန်း ဘကြီးအောင်ရဲ့'

'ငါ့ရှင်ကလဲ တယ်ထုံတာကိုး၊ အဲဒီဖန်ဘူးကို အဝမှာ အဝတ်ပါးနဲ့ ပိတ်စည်းပြီး အမြင့်တစ်နေရာရာမှာ တင်ပြီးထားရတာ။ နေပူတဲ့အခါ နေရောင်ရအောင်၊ လသာတဲ့အခါ လရောင်ရအောင် နေပြ,လပြတာပေါ့ ငါ့ရှင်ရယ်'

'ဒါဆို လိမ်းလို့ ရပြီလား'

'မရသေးဘူးလေ၊ (၇)ရက်တော့ နေပြ,လပြ ထားရဦးမှာပေါ့'

'အင်းပါလေ ဆေးလိမ်းရုံပဲ မဟုတ်လား'

'လိမ်းရုံတော့ ဘယ်ဖြစ်မလဲ၊ ပတ်တီးစလေးကို (ခြေဖနောင့်လုံအောင်) သုံးထပ်ခေါက်ပြီး ဆေးရည်,ဆေးနှစ်ထည့်၊ နာတဲ့နေရာပေါ်အုပ်တင်၊ အပေါ်ကနေ ပတ်တီးစည်းပြီး ငြိမ်ငြိမ်နေ၊ စာဖတ် စာလိုက်ပေါ့'

'ဒါများ လွယ်လွယ်လေးကို ဇာချဲ့နေသေးတယ်'

'ဆရာလုပ်မှတော့ ဆရာနဲ့တူအောင် တိတိကျကျ စနစ်ရှိရှိ လမ်းညွှန်ရတာပေါ့'

'ဘကြီးအောင် ပြောတဲ့ ဆေးနည်းထဲက **ချင်းတို့၊ မိဿလင်တို့** ဆိုတာတွေက မိုးဇာဈေးထဲ ပေါမှပေါ ဆိုပေမယ့် အရက်ဦးရည် ရှာရခက်တယ်နော်'

'မခက်ပါဘူး ငါ့ရှင်ရယ်၊ ဦးမိုးညိုကြီးရှိနေတဲ့ဟာပဲ။ တစ်ပိုင်းဖိုးလောက်ကန်တော့လိုက်ရင် ပြီးပြီပေါ့နော်'

ဒီလိုနဲ့ပဲ ချင်းစိမ်းနဲ့မိဿလင်ဆေးကြီး ဖော်စပ်ပြီးခဲ့ကြပါတယ်။ "ချင်းစိမ်းနဲ့ မိဿလင် သူကြွင်မှကိုယ်ကြွင်" ဆိုသလို လူနာက အနာကို မချစ်သလို အနာကလဲ လူ့ခန္ဓာက ခွာသွားတော့တာပေါ့။

ဒီဆေးရည် စည်းပြီး အရှင်ပဏ္ဍဝဟာ (၂)ပတ်လောက် ကြာတဲ့အခါ ဆွမ်းခံထွက်တော့တာပါပဲ။ ဘုန်းတော်ကြီးကတောင် အံ့သြနေပါတယ်။

ဘဒွေးကြီး ပြောတာကတော့...

ဒီဆေးရည်ဟာ ခါးဆစ်နာတာ ခြေဆစ်,လက်ဆစ်နာတာ၊ အကြောတင်တာတို့၊ အကြောညပ်တာတို့ အာရုံကြော ခိုက်မိလို့ ထုံတာ,ကျဉ်တာတွေကိုပါ သက်သာပျောက်ကင်းချမ်းသာခြင်း ဖြစ်စေပါသတဲ့။

**ဖက်ရိုးကျိုးပေါင်းတက်တာ၊ အရိုးအတက်ထွက်တာတောင်** ပျောက်စေပါတယ်။

❋ စိတ်ရှည်လက်ရှည် ဆေးလိမ်းဆေးစည်းဖို့တော့ လိုတာပေါ့။

❋ နေ့စဉ် ရေမိုးချိုးပြီးတိုင်း ဆေးစည်းရပါမယ်။

❋ နေ့ပိုင်း နေ့လယ်(၁၂းဝဝ)နာရီအတွင်း ရေချိုးရင် ဦးခေါင်းလောင်းပြီးချိုးပါ။

❋ မွန်းတိမ်းမှ ရေချိုးရင်တော့ ဦးခေါင်းကို ရေမလောင်းဘဲ ဒူးအထက်ရေများများလောင်းပြီး ရေချိုးရမယ်လို့ အမှာစကား ရှိပါတယ်။

ဘေးထွက်ဆိုးကျိုး ဘာမှ မရှိ ... ဗမာ့ဆေးနည်းစင်စစ် ဖြစ်ပါတယ်။ ဆေးဖက်တွေလဲ ရှားပါးခြင်း ... ဈေးကြီးခြင်းမရှိပါ။

ကျွန်တော်တို့ အညာသား ... အစဉ်အမြဲ လက်ဆင့်ကမ်း အသုံး ... နေဆဲ ဆေးစွမ်းကောင်းတစ် ... ဖြစ်သလို ဘဒွေးကြီးရဲ့ ဆေးနည်း ... ခင်ဗျား။

***အနာရောဂါ အဝေးရာ ဘယာ ... ငြိမ်းအေးကြပါစေ။***

**ဆရာမြတ်**
***(စစ်ကိုင်း)***

www.burmeselassic.com

(ကြော်ငြာဆောင်းပါး)

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်
# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာ့ကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံ့ခဲနေတယ် ဆရာ။ ဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံ့နေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံး လေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် ကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ခေါ်တဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက မလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ ဝမ်းအပေါ်သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဘူး ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေတာ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်းပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးတော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲ ပြန်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် မူးတာ၊ ခေါင်းအုံ့တာ၊ ဇက်ကြောတက်၊ နောက်ကြော တက်၊ မျက်လုံးမျက်ခွံများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ် ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ ဒါကြောင့် ရှေးတသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာ ပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့ နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလ အညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအမြစ်တွယ် ရာကစလို့ စောစောကပြောခဲ့တဲ့သာ မန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအဖြင့် ကုသ

www.burmeselassic.com

## ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့ . . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကို သုံးစွဲပေးပေါ့ဗျာ"




ကြော်ငြာခွင့်ပြုချက်အမှတ် - တအဝက(စာနယ်ဇင်း)(၁၁၂/၁၂၂)

"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကို လည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းတ တော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်း ကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲ ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ် ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ခြင်း၊ အ အပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ် ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ် ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများ ခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီး ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြော ထွက်ခြင်း၊ သွေးခေတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ် အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါ ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများ ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်တ ပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ် ဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံး ခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသ ပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါ **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ နိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတ အောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင် ဆရာ"

---

ပင်ရင်း - **ကြောမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉ ၇

www.burmeselassic.com

www.burmeselassic.com

သမိုင်းဝင်

# နမောဘုရားစေတီ

နှင့် နမောကျောင်းတိုက်တော်ကြီး

သိန်းဇဝင်
(ဒီပဲယင်း)

### နမောစေတီ တည်ရှိရာ


သမိုင်းဝင် နမောဘုရားစေတီတော်သည့် အရုံစေတီတော်(၁၈)ဆူတွင် **စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၏ တောင်ဘက်စူးစူး ရွှေဘို-ညောင်လှ ကတ္တရာလမ်းဘေးတွင် ကပ်လျက် ဒီပဲယင်းမြို့နယ်အပိုင် နမောကျောင်းတိုက်တော်အတွင်းတွင်** ကြည်ညိုဖွယ်ရာသဏ္ဌာန်ဖြင့် ကိန်းဝပ်စံပယ်လျက်ရှိသည်။ *[ရွှေဘိုမြို့သည် မုံရွာမြို့မှ ကားတော်ကားလမ်းအတိုင်း (၅၅)မိုင်၊ ရွှေဘိုမြို့မှ (၂၅)မိုင်ကွာဝေးပါသည်။]*

### ပါရမီရှင်ထူး ထွက်ပေါ်ရာ

### နမောကျောင်းတိုက်တော်

နမော ကျောင်းတိုက်သည် မြန်မာ့ဒေသနာ ကျမ်းကြီးအပြင် ဓမ္မပဋ္ဌာနသအဋ္ဌကထာနိသျကျမ်း၊ ပဋ္ဌာနဓိပ္ပါယဓမ္မပွတ္တရကထာ ကျမ်းစသည့် ကျမ်းအတော်များများကို ရေးသား စီရင်တော်မူအပ်သော သီးလုံးဆရာတော် ပညာဆည်းပူးသင်ကြားတော်မူခဲ့သည့် ကျောင်းတိုက်ပင် ဖြစ်သည်။


သီးလုံးဆရာတော်သည် ဤကျောင်းတိုက်တော်တွင် ရဟန်းဖြစ်သည့်မှ (၁၃)ဝါတိုင်တိုင် သီတင်းသုံးနေထိုင်တော်မူခဲ့သည်ဟု သိရပါသည်။




နမောဘုရားစေတီတော်

သီးလုံးဆရာတော်သည် ကုန်းဘောင်မင်းဆက် သာယာဝတီမင်းက ဆက်ကပ်လှူဒါန်းသော **"စန္ဒိမာဘိဝံသ သိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"** ဘွဲ့ **တံဆိပ်တော်အပြင်** ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်တို့၏ အဆင့်အဆိုက ကင်းလွတ်စေခြင်းအလို့ငှာ ဂဏဝိမုတ်အမိန့်တော်ကိုပါ ဆက်ကပ် လှူဒါန်းခြင်း ခံယူတော်မူရသည့် မထေရ်

www.burmeselassic.com



ဗုဒ္ဓစေတီတော်



နမောဘုရားစေတီတော်တွင် စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွား

မြတ်ဖြစ်သည်ဟူ၍ မှတ်သားရပါသည်။

ယခုအချိန်တွင် နမောတောင်ကျောင်း၊ နမောမြောက်ကျောင်းနှင့် နမောတရား ကမ္မဋ္ဌာန်းကျောင်းများကို ကျောင်းထိုင်ဆရာတော် အသီးသီးတို့က သီတင်းသုံးလျက်ရှိ၍ နမောကျောင်းတိုက်အား ဂေါစရဂါမ်ရွာ အတော်များများ ကိုးကွယ်လျက်ရှိပေသည်။

## နမောဘုရားစေတီတော်နှင့် နမောကျောင်းတိုက်တော်ကြီး၏ သမိုင်းကြောင်း

တကောင်းပြည်ကြီးကို စတင်တည်ထောင်တော်မူသော အဘိရာဇမင်းကြီး နတ်ရွာစံသောအခါ သားတော်နှစ်ပါးတွင် အကြီးဖြစ်သော ကံရာဇာကြီးသည် ရခိုင်ဓညဝတီပြည်ကြီးကို တည်ထောင်၍ နန်းစံတော်မူသည်။ အငယ်ဖြစ်သော ကံရာဇာငယ်မင်းသားသည် ဖခမည်းတော်၏ အရိုက်အရာကို ဆက်ခံသော တကောင်းပြည်ကြီး၌ပင် စိုးအုပ်စံနေတော်မူသည်။

အခါတစ်ပါး၌ ကံရာဇာမင်း၏ သားတော် မင်းသားငယ်တစ်ပါးသည် နောက်လိုက်ဗိုလ်ပါများစွာဖြင့် တောကစားထွက်လာရာ ယခု ဒီပဲယင်းမြို့ တည်ရှိရာနေရာ၏ အရှေ့တောင်ဘက် မကွာဝေးလှသော နွယ်နီတောရကျောင်းသို့ ရောက်ရှိလာခဲ့သည်။


တောကိုမှီသည့် ထေရ်အရှင်မြတ်လည်း ရောက်ရှိလာသည့် မင်းသားငယ်အား သားအရင်းကဲ့သို့ ချစ်မြတ်နိုးသည်ဖြစ်၍ အဋ္ဌရသ တစ်သ… ရှစ်ရပ်သော အတတ်တို့ကို မေ… စေတနာများဖြင့် သင်ကြားပေး… ရာ ဆရာ၏ မေတ္တာစေတနာ… ကောင်းစွာခံယူမှု၊ တပည့်မင်း… ၏ ဉာဏ်ဝီရိယ ထက်သန်… ကြောင့် လွယ်ကာခဏဖြင့် … တိုင်မြောက်လေတော့သည်။

ထို့နောက် မင်းသားငယ်… စာပေအတတ်ပညာများလည်း … မြောက်၊ နေပြည်တော်မှ ခွာ… မှာလည်း ကာလအတန်ကြ… ဖြစ်သည့်အတွက် နေပြည်… ပြန်လိုကြောင်း ကျေးဇူး… သခင်အား ခွင့်တောင်း… ကာ တကောင်းရွှေပြည်… ပြန်လည် ထွက်ခွာလာခဲ့… သည်။

www.burmeselassic.com



ပြည်တော်မြို့စေတီတော်



နမောဘုရားစေတီအနီးရှိနမောဘုရားသမိုင်းကျောက်စာစေတီ

င်းသားငယ် နေပြည်တော်သို့ ရောက်၍ များမကြာမီ ခမည်း ကုံရာဇာငယ်မင်းလည်း နတ် သေ၏။ ထိုအခါ မင်းသားငယ် ည်းမွေနန်းမွေ **"ဇမ္ဗူဒီပရာဇာ"** ည်ဖြင့် တကောင်းပြည်ကြီး ဆက်လက် မင်းပြုတော်မူ

ချိန်ဝယ် နွယ်နီတောရ ဆရာတော်သည် မိမိပညာ ကြားပေးခဲ့သည့် တပည့်ဘုရင် တွေ့လိုသောဆန္ဒ ဖြစ်ပေါ်လာ ပြစ်၍ တကောင်းပြည်သို့ ကြွ လေ၏။

တွင် ဘုရင်ဖြစ်စ စည်းစိမ် နေသော တပည့်ဘုရင် ဆရာ၏ကျေးဇူးကိုမျှ မထောက် ဘဲ ဆရာရဟန်းကို အတွေ့မခံရုံမ က **"ငါ့မှာ ဆရာမရှိ"** ဟု တံခါးမှူး မှတစ်ဆင့် မချေမငံ ပြန်ကြားလိုက် သည်။

မျှော်လင့်ကြီးစွာ ကြွလာတော်မူ ရှာသည့် ဆရာရဟန်းမှာ မျက်နှာ ပန်းမလှ၊ အရှက်ကြီးစွာရ၍ ပြန်လာ ခဲ့ရလေတော့သည်။

ကျေးဇူးရှင်ဆရာတော် ပြန်ကြွ သွားပြီးနောက် များမကြာမီ ဘုရင် ဇမ္ဗူဒီပရာဇာလည်း မျက်စိနှစ်ကွင်း အလင်းမရ ကွယ်ပသွားသည်။

ထိုသောအခါ ဘုရင်သည် ကြီးစွာ သော စိုးရိမ်ထိတ်လန့်ခြင်းဖြစ်၍ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့အား မေးမြန်း ရာ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့က...

'အရှင်မင်းကြီးအား ယခင်အခါက စာပေအတတ်တို့ကို သင်ကြားပေးသော ဆရာရှိပါလိမ့်မည်။ ထိုဆရာကို ကာယကံ မှု၊ ဝစီကံမှု၊ မနောကံမှု တစ်ခုခုဖြင့် ပြစ်မှားမိကောင်း ပြစ်မှားမိပါလိမ့်မည်။ ထိုအပြစ်တို့မှ ပြေပျောက်စေရန် ဆရာ သခင်အား ဝန်ချတောင်းပန်ပါ။ ထိုသို့ တောင်းပန်ပြီးသည်နှင့် အပြစ်တို့မှ မြူမျှ မကျန် အမှန်ပင် ပြေပျောက်သွားပါလိမ့် မည်ဘုရား'

ဟု လျှောက်တင်ကြလေ၏။

ထိုအခါ ဘုရင်ဇမ္ဗူဒီပရာဇာ လည်း ရှေးဖြစ်ဟောင်းများကို ပြန် ပြောင်းအောက်မေ့ ဆင်ခြင်လိုက် သောအခါ မိမိအား စာပေအတတ် ပညာတို့ကို ကျွမ်းကျင်သည်အထိ ဆုံးခန်းတိုင် တတ်မြောက်အောင် စေတနာမေတ္တာများစွာဖြင့် သင်

www.burmeseclassic.com



▲ ရွှေဦးရာဇာမင်းတည်ထားခဲ့သော စေတီတော်(၃)ဆူ၊ ဗုဒ္ဓစေတီ(ဝဲ)၊ ပြည်တော်ပြန်စေတီ(လယ်)၊ နဝမာစေတီ(ယာ)

▼ နဝမာဘုရားဈေးပွဲတော်တွင် ဆင်ကျွင်းရောင်းချနေသည့် ဈေးဆိုင်များ



ကြားပေးခဲ့သည့် ဆရာရှိခဲ့ဖူးသည်။


ထိုဆရာကို ငါသည် မေ့လျော့ပြစ်မှားမိပေသည်။ ယခုပင်လျှင် ထိုဆရာကို ရှာဖွေ၍ ငါကန်တော့ပါအံ့ဟုဆိုကာ မှူးမတ်တို့ အချို့အား မြို့စောင့်ထားခဲ့ပြီး နောက်လိုက်ဗိုလ်ပါ အများအပြားဖြင့် ယခင်စာပေသင်ကြားခဲ့သည့် နွယ်နီတောရကျောင်းဆီသို့ ခရီးပြင်းနှင်ခဲ့လေတော့သည်။

ဘုရင့်သည် ဆရာတော်ကျောင်းသို့ ရောက်သောအခါ ဆရာရဟန်းအား မတွေ့ရတော့ပေ။ ဘုရင်က အတွေ့မခံရုံမက ပြောဆို လွှတ်လိုက်သည် ဆရာတော်မှာ အရှက်ကြီး တပည့်ဒါယကာများကိုပင် မပြဝံ့တော့ဘဲ အရပ် ရှောင်ရှား ပြောင်းကြွသွား သည်။

ကျောင်းတွင် မတွေ့ ဆရာရဟန်းအား ဘု အားမလျှော့သေးဘဲ တာဗိုလ်ထုနှင့် လူစုပြီး ရှာဖွေသည်။ သို့သော် ရှာဖွေသော်လည်း အချည်း ဖြစ်ခဲ့သည်။

ဘုရင်သည် ဆရာအ ဖူးမြော်ရန် လုံ့လ လ သည့်အတွက် လျက် ပင်ပန်းနွမ်းနယ်

www.burmeselassic.com



နမောဘုရားစေတီတော်ဝင်းထဲရှိ အရံစေတီတော်များ

ဘစ်နေရာ၌ ခေတ္တနားရန် အမိန့်ချသည်။ ညောင်းညာပင်ပန်းလှ၍ နားနေရာဖြစ်သောကြောင့် စခန်းချရာနေရာကို **"ညောင်းလှ"**ဟု သမုတ်သည်။

ကာလ အတန်ကြာသော် ညောင်းလှမှ **"ညောင်ပင်လှ"**၊ ထိုမှတစ်ဖန် ညောင်ပင်လှမှ ယခုအခေါ် **"ညောင်လှ"**ဟု ဖြစ်လာသည်။ ညောင်လှရွာသည် နမောကျောင်းတိုက်၏ တောင်ဘက်(၁)ဖာလုံအကွာတွင် ရှိသည်။ (ယခုအခါတွင် ညောင်လှစံပြကျေးရွာ ဖြစ်နေပြီး စည်ကားဖွံ့ဖြိုးသည့် ရွာကြီးတစ်ရွာ ဖြစ်နေပေပြီ။)

## မျှော်နှစ်ကွင်း အာလင်းပြန်ရခြင်း

ဘုရင်မင်းလည်း ကျေးဇူးရှင်ဆရာတော်ကို မည်သို့ပင် ကြိုးစားရှာဖွေပါသော်လည်း သည်ဘဝတွင် တွေ့ရတော့မည် မဟုတ်သည်ကို သိရှိပြီးနောက် စိတ်မကောင်းကြီးစွာဖြစ်လျက် ဆရာရဟန်း ရှာဖွေမှုအား ရပ်ဆိုင်းလိုက်ရတော့သည်။

'အရှင်မင်းကြီးဘုရား...ဆရာကို ရှာမတွေ့သော်လည်း စိတ်အားလျော့ရန် မဟုတ်ပါဘုရား။ အရှင်မင်းကြီးအား စာပေအတတ်ပညာများ သင်ကြားပေးရာ နေရာမှာ ဆရာ့ကိုယ်စားအမှတ်ထား၍ နမောစေတီတစ်ဆူနှင့် ဗုဒ္ဓစေတီတစ်ဆူ ဟူ၍ နှစ်ဆူနှစ်ဆူအားဖြင့် တည်ထားပူဇော်ပါ ဘုရား။

ရေကန်ကိုဖြင့် အတွင်းရေကန်တစ်လုံး၊ အပြင်ရေကန်တစ်လုံး တူးပြီးသကာလ ထိုရေကန်နှစ်လုံးမှာ ရေကြည်ရေကောင်းတို့ဖြင့် စေတီတော်နှစ်ဆူကို မျက်နှာသစ်တော်ရေ၊ သောက်တော်ရေတို့ကို ကပ်ကာ ဆုမွန်ကောင်းများ တောင်းပါဘုရား။


ထိုဘုရားနှစ်ဆူအား ကပ်လှူပြီးသော မျက်နှာသစ်တော်ရေကျ၊ သောက်တော်ရေကျတို့ဖြင့် အရှင်မင်းကြီး၏ မျက်နှာတော်ကို သစ်တော်မူပါ၊ ကွယ်လေပြီးသော မျက်စိတော်နှစ်ကွင်း အလင်းရ၍ ပြန်မြင်ပါလိမ့်မည်ဘုရား'

ဟု ပညာရှိမှူးမတ်တို့က လျှောက်တင်ကြလေသည်။

ဘုရင်မင်းလည်း ပညာရှိမှူးမတ်တို့ လျှောက်တင်သည့်အတိုင်း ယုံယုံကြည်ကြည်ဖြင့် အတိအကျလိုက်နာ လုပ်ဆောင်ရာ ပထမတွင် အပြင်ရေကန်မှရေဖြင့် မျက်နှာသစ်လိုက်သည့်အခါ လုံးဝကွယ်နေသော မျက်လုံးတို့သည် သိုးသိုးသီသီ မြင်လာရ၏။

ဒုတိယ အတွင်းရေကန်မှ ရေတို့ဖြင့် မျက်နှာသစ်လိုက်ပြန်သောအခါ ပိတ်ပုံးနေသော တိမ်သလာအားလုံး

www.burmeseclassic.com



▲ နမော အတွင်းရေကန် [နမောဘုရားအနီး အရှေ့ဘက်တွင် ရှိသည်။ ယခုဓာတ်ပုံရိုက်ချိန်တွင် ရေကန်အတွင်း နဂါးရုံဘုရား တည်နေသောကြောင့် ကန်ရေကို ခန်းခြောက်ထားသည်။]

ကွာကျလျက် စက္ကူနှစ်ကွင်းလုံးဝ အလင်းရ၍ ပကတိအတိုင်း ပြန်မြင်ရသွားလေသည်။

### နမောစေတီတော်နှင့် နမောကျောင်းတိုက်တော်ကြီးအဖြစ် ပေါ်ပေါက်လာရခြင်း

ဓမ္မာဒီပရာဇာသည် အလွန်တရာမှ ဝမ်းမြောက်တော်မူခြင်းဖြစ်၍ မိမိပြစ်မှားမိခဲ့သည့် ငယ်ဆရာရဟန်း၏ ကျေးဇူးတော်များကို ဆပ်သည့် အနေဖြင့် နမောစေတီဘုရားကို တည်ထားပြီး နမောကျောင်းတိုက်ကြီးကိုလည်း ခမ်းနားကြီးကျယ်စွာ တည်ဆောက် လှူဒါန်းခဲ့သည်။

နေပြည်တော်ပြန်ခါနီးတွင် နမောစေတီနှင့် ဗုဒ္ဓစေတီတို့၏ ကြားကွက်လပ်နေရာတွင် **"ပြည်တော်ပြန်ဘုရား"**ကို အမှတ်တရ တည်ထားပူဇော်သွားခဲ့ရာ စေတီတော်သုံးဆူလုံး ယခုချိန်တိုင် ဖူးတွေ့နိုင်ပါသည်။

ထိုအချိန်မှစ၍ ညောင်လှနမောဘုရားစေတီတော်နှင့် နမောကျောင်းတိုက်ကို သာသနာ့အုတ်မြစ်ချ စတင်တည်ထောင်ခဲ့ရာမှ သာသနာဝင်တွင် နမောသာသနာနှင့် နမောဆရာစဉ်ဆက်တို့သည် ယနေ့တိုင် စည်ပင် ပြန့်ပွားလျက်ရှိပေတော့သည်။

### (၉)နမော

ဤသို့လျှင် ညောင်လှရွာကို အမှီပြု၍ ဖြစ်ပေါ်လာသော **"မူလညောင်လှနမော"**မှ**"သီးလုံးနမော၊ ဆယ်အင်းနမော၊ ဒီပဲယင်း–ပုဗ္ဗာရုံနမော၊ ရေဦး–ခပေါင်းကြိုင်နမော၊ အင်းဝနမော၊ ရွှေဘို–ပိဋကတ်တော်နမော၊ သစ်ဆိမ့်နမော၊ ခက်သင်နမော"**ဟူ၍ အရေအတွက်အားဖြင့် (၉)နမော၊ နမောသာသနာအဖြစ် ပြန့်ပွားသွားလေသည်။

မြန်မာအစ တကောင်းကဟု ဆိုရိုးပြုသကဲ့သို့ သာသနာအစ နမောက ဟူ၍လည်း ဆိုရိုးစကား ရှိသည်ကို မှတ်သားရဖူးပါသည်။

### မျက်မှောက်ကာလ နမောဘုရား ဆွမ်းလောင်းပွဲတော်နှင့် နမောဘုရားဈေးပွဲတော်

#### နမောဘုရားဆွမ်းလောင်းပွဲတော်

ရှေး အစဉ်အဆက်ကတည်းက ကျင်းပလာသည့် နမောဘုရား ဆွမ်းလောင်းပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် (၁၀)ရက်နေ့တွင် ကျင်းပပြုလုပ်ပါသည်။ နယ်တစ်ခွင်၌ နမော(၁၀)ရက်ပွဲ ထင်ရှားကျော်ကြားသည်။

ညောင်လှ၊ နွားဘဲလှ၊ ညောင် ဈေးရပ်ကွက်၊ လက်ယက်ကုန်း ခတွင်း၊ ညောင်ကြီးကုန်း၊ စသည့် ဂေါ်စရက်မ်ရွာတို့က သီတင်းကျွတ်လပြည့်ကျော် (၉)ရက်နေ့ ဆွမ်းလောင်းအကြို (ညှော်ခံ) အဖြစ် သတ်မှတ်ကာ အခြားရပ် များမှ နမောပွဲတော်ကို ကြွရောက် လာကြသော ညှော်သည်မိတ်သ များအား ထမင်း၊ ဘုရားပွဲမုန့် ဘောက်၊ မုန့်ဆီကြော်၊ မုန့်ဖက်ထ မုန့်ဩဇာ အစရှိသည်) စားသော ဖွယ်ရာတို့ဖြင့် ကျွေးမွေးညှော်ခံ သည်။

အခြေအနေ အကြောင်းအ တို့ဖြင့် ရပ်ဝေးသို့ ရောက်ရှိနေ သော ဇာတိနွယ်ဖွားတို့က ဤနမော(၁၀)ရက်ပွဲကို မ ရောက်အောင် ပြန်လာကြ၍ ဘုရား၏ တန်ခိုးအရိပ်အာ အောက်တွင် ခိုလှုံပူဇော်ကန် ကြပေသည်။



www.burmeseclassic.com

www.burmeselassic.com

ဇာတိသူ ဇာတိသားတို့သည် နမော မြတ်စွာဘုရားပွဲတွင် နမော ဘုရားကို ပူဇော်ကန်တော့ပါက ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ သည်ဟု ယုံကြည်ကြသည့် ကောင်း မြတ်သော လုပ်ငန်းများလည်း တိုး တက် အောင်မြင်သည်ဟုလည်း ယုံကြည်ကြသည်။

ဆွမ်းလောင်းအကြိုရက် လပြည့် ကျော်(၉)ရက်နေ့ ညနေပိုင်းတွင် ဒါစရဂါမ်ရွာအသီးသီးတို့က နမော မြတ်စွာဘုရားကြီးအား ဆွမ်းတော် ကပ်ရန်အလို့ငှာ အတီးအမှုတ် အကအခုန်တို့ဖြင့် ဆွမ်းတော်ကြီး သည့် အလှူခံပွဲ ပြုလုပ်ရာ ရွာနေ ...အားလုံးက ဆွမ်းဆန်တော်၊ ...ငွေ၊ ငှက်ပျောသီး၊ မုန့်အမျိုးမျိုး ... အခြားလှူဖွယ်ပစ္စည်းများ ...ခါန်းသမှုပြုကြသည်။

...ပြည့်ကျော် (၁၀)ရက်နေ့ ...အချိန်တွင် နမောတောင် ...ကျောင်းနှင့် မြောက်ကျောင်းကြား ...စေတီများသောရှိ မြေကွက်လပ် ...ကျယ်ကြီးထဲတွင် ဆွမ်းလောင်း ...သည့်ပရိသတ်များအား အတီး ... အကအခုန်တို့ဖြင့် ဖျော်ဖြေ ...တတ် ပင့်ဖိတ်ထားသော ...ဂါမ်မှ သံဃာတော်အရှင် ...တို့အား အမျိုးမျိုးသော ...ဝတ္ထုတို့ဖြင့် ဆက်ကပ်ပူဇော် ...လှူကြသည်မှာ ကြက်ပျံ ...သည်ကားလှပေသည်။

**...ဘုရားဈေးပွဲတော်**

...လောင်းပွဲတော်အပြင် ဘုရား ...တော်ကိုလည်း ကျင်းပပါ သည်။ ဘုရားဈေးပွဲတော်ကို တစ်နှစ် တစ်ကြိမ် ကျင်းပခဲ့သည်မှာ ယခု နှစ်တွင် (၂၆)ကြိမ်မြောက် ရှိသွားပြီ ဖြစ်သည်။ တန်ခူးလပြည့်ကျော် (၈) ရက်မှ တန်ခူးလကုန်နေ့ထိ (၇)ရက် တိုင်တိုင် ကျင်းပသည်။

ဈေးပွဲတော်တွင် လူသုံးကုန် ပစ္စည်းမျိုးစုံဆိုင်များ၊ တောင်သူ လယ်ယာသုံး ပစ္စည်းဆိုင်များ၊ ပရိဘောဂဆိုင်များ၊ စဉ့်အိုး စဉ့်ထည်များ၊ စားသောက်ဆိုင်မျိုးစုံ ခင်းကျင်း ရောင်းချကြသည်။ ထို့ပြင် ဖျော်ဖြေရေးဇာတ်သဘင်၊ မျက် လှည့်ပွဲ၊ ကလေး အားကစားကွင်း များ၊ ချားရဟတ် စသည်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပါ သည်။

**(မူလတန်း ကျောင်းသားဘဝ နေ့စဉ်နီးပါးမျှ ပူဇော်ကန်တော့ခဲ့ ရသော ဇာတိမြေမှ နမောဘုရား အား ယခု ဤဆောင်းပါးဖြင့် ပူဇော် ကန်တော့လိုက်ပါ၏။)**



နမော အပြင်ရေကန်

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

**သိန်းဇံဝင်း(ဒီပဲယင်း)**

ကျမ်းစာအုပ်များကို ရှာဖွေ စုဆောင်းပေးပြီး သိလိုသော အချက်အလက်များကို ပြောပြ ဖြေ ကြားပေးကြသော နမောဘုရား ဂေါပကများဖြစ်ကြသည့် နဘဲလှရွာ မှ **ဦးငွေမောင်၊ ညောင်လှ(ဈေး ရပ်)မှ ဦးဇော်မြင့်**တို့အား ဤစာစု ဖြင့် ဂုဏ်ပြုအပ်ပါကြောင်း။

**ကျမ်းညွှန်း**

၁။ သီးလုံးဆရာတော်ကြီး ရေးသား ပြုစုသော ဂမ္ဘီရဋ္ဌကျမ်း။
၂။ နမော်ဆရာတော် ဦးသောမနှင့် စစ်ကိုင်းတောင်ရိုး အနုရုဒ္ဓါချောင် ဆရာတော် ဦးသောဘိတ (ရွှေကိုင်းသား)တို့ ရေးသားသော နမောဘုရားသမိုင်းနှင့် နမောစဉ် ဆက်ပြ သခေ်ပစာတမ်း။
၃။ နမောကျောင်းတိုက် အတွင်းရှိ နမော်ဘုရားသမိုင်းကျောက်စာ။

www.burmeselassic.com

‘ဟေ့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ’

‘အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ’

‘ကဲ ဆိုစမ်းပါဦး။ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ’

‘ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအား နည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ’

‘ဆေးတွေ မသုံးစွဲဘူးလား’

‘သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ’

‘ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ “အမျိုးသားရောဂါ သိကောင်း စရာနဲ့ ကာကွယ်ကုသနည်းများ” ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွား ပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်း အတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြော အားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ’

‘ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ’

‘ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေး နိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ် အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက် လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြော အားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်း ခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေ လျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်း နိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွှတ်မျှတစေ ပါတယ်’

‘ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိ... ပြောပြောနေတော့ ခက်တယ်ဗျ’

‘မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တ... လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်... ပြေးပြီးဝယ်ပေတော့’

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအား... အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်... တဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အ... တိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာ... စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်... မင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို ... ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါ...

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြ...


ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး

ရှိပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၇၁၁ YR ဝဝ၆ဝ၂၄)




ကြော်ငြာခွင့်ပြုချက်အ...
တဆဝက(စာနယ်ဇင်း)
၅၃/ဝ၅၁၃

ဆရာမြင့်

စကြာမင်း တိုင်းရင်းဆေးတိုက်

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သုနန္ဒာမှတ်တိုင်...

(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ...

ကိုကြီးကောင်း




www.burmeselassic.com

www.burmeselassic.com

ဆေးမြင်းခွာ နှမ်းကြီးဆီနှင့်

# အရိုးကျိုးပေါ်ခြင်းရောဂါကုထုံး

ကိုတင် (မဒေါက်)



◄ ဆေးမြင်းခွာပင်



ဆေးမြင်းခွာရွက်အနီးကပ် ►

ကျွန်တော်သည် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ တစ်မြို့နယ်လုံးကို လှည့်လည်ဖူးပါသည်။

ထိုမြို့နယ်အတွင်း တောင်ပေါ်ဒေသတွင် အလေ့ကျပေါက်သော ဆေးမြင်းခွာနှင့် တောင်ယာများတွင် ကြဲပက်စိုက်ပျိုးသော နှမ်းကြီးပင်အကြောင်းကို လေ့လာခဲ့ပါသည်။

ဆေးမြင်းခွာ

အင်္ဂလိပ်အမည် = Mule's Foot

ရုက္ခဗေဒအမည် = Angiopteris evecta

မျိုးရင်း = maratriaceae

**ဆေးမြင်းခွာပင်သည်** တောင်ပေါ်ဒေသ အေးစိမ့်နေသော လျှိုစောင်းများတွင် ပေါက်သည်။ အမြင့်ပေမှာ (၆)ပေမှ (၇)ပေထိ ရှိသည်။

အထူးသဖြင့် အာဟာရသိဒ္ဓိပြည့်ဝသည်။ လူတို့၏ ခန္ဓာကိုယ်တွင် ဇီဝကမ္မဖြစ်စဉ်မှ ဓာတ်တိုးခြင်းကြောင့် Free radical များ ဖြစ်ပေါ်သည်။

ထို Free radical များကို ဖမ်းဆီးခြေဖျက်နိုင်သော Anti-oxidant ဆန့်ကျင်ဓာတ်တိုး ဂုဏ်သတ္တိများ ပါဝင်သည်။





www.burmeselassic.com

www.burmeselassic.com

အဆစ်အမျက်များ ရောင်ရမ်းခြင်းကို သက်သာစေခြင်း။ အရိုးများကို သန်မာစေသော ကော့ပါး၊ မဂ္ဂနီးစ်၊ သံ၊ ခရိုမီယံဓာတ်များ ပါဝင်ပြီး ကဒ်မီယံ၊ လက်(ဒ်) အာစင်း နှစ်ဓာတ်များ လုံးဝ ပါဝင်မှု မရှိပါ။

## နှမ်းကြီးဆီ

**မြန်မာအမည်** = Hnan
**အင်္ဂလိပ်အမည်** = Sesame
**ရုက္ခဗေဒအမည်** = Sesamum indicum dinn
**မျိုးရင်း** = Pedaliaceae

မြန်မာနိုင်ငံတွင် ပုဂံခေတ်နှောင်းပိုင်းလောက်မှ စတင်၍ စိုက်ပျိုးကြောင်း သမိုင်းအထောက်အထားများ တွေ့ရသည်။ အရောင်အဆင်းမှာ အဖြူ၊ အနီ၊ အညို၊ အနက်ရောင်များရှိသည်။ အမျိုးပေါင်း (၃၀)ခန့်ရှိသည်ဟု ခန့်မှန်းရသည်။

**နှမ်းလျင်၊ နှမ်းလတ်၊ နှမ်းကြီးဟူ၍ ရှိသည်။** နှမ်းကြီးသည် အသက် ရက် (၁၇၀)မှ (၁၈၀)ထိရှိသည်။ အစွမ်းအထက်ဆုံး ဖြစ်သည်။ အပင်မြင့် (၆')ပေမှ (၇')ပေထိရှိသည်။

နှမ်းဆီသည် ဆိမ့်၏။ စဉ်းငယ်ဖန်၏။ ခါး၏။ ကြေခဲ၏။ မီးနှင့်ချက်ပြီးပါက ဆိမ့်၏။ ပူ၏။ လိမ်းလျှင်အေး၏။ ခန္ဓာကိုယ် ခိုင်ခံ့စေ၏။

အဆီဓာတ်၊ အသားဓာတ်၊ ရေဓာတ်၊ ကဗီဓာတ်၊ ထုံးဓာတ်၊ သံဓာတ်၊ ပြာဓာတ်၊ မီးစုံးဓာတ်၊ အိုင်အိုဒင်း။ ကိုဘော့ ဓာတ်များ ပါဝင်သည်။ အရိုးဆစ်များ တောင့်တင်းခိုင်မာစေသည်။



◆ သေးမြစ်ခွာပင်အမြစ်နှင့် သေးမြစ်ခွာအပင်များ

## အရိုးများအကြောင်း

လူ၏ ခန္ဓာကိုယ်တွင် အရိုးပေါင်း (၃၂၀)ရှိသည်။ တစ်ဆစ်လျှင် တစ်ရိုး တော့ဆက် ဆက်ထား၏။ အရိုးနုများ။ အရွတ်များနှင့် ဆက်ထားသည်။

အကြောများက အရိုးများကို အချိုးကျကျ ရစ်ပတ်ထားသည်။ ဦးခေါင်း ဘေးဘယ်ညာ အပေါ် အောက်လှည့်နိုင်ရန် လည်ရိုး(၇)[illegible] တော့ဆက်ဆက်ထားသည်။

ခန္ဓာကိုယ် ဘယ်/ညာ ကုန်[illegible] နိုင်ရန် ကျောဆစ်ရိုး(၁၀)ရိုးဖြင့် [illegible] ဆက် ဆက်ထားသည်။

**ကျီးပေါင်းရောဂါသည်** [illegible] နေရာတွင် အဖြစ်များသည်။ [illegible] နေရာများတွင် အဖြစ်နည်း[illegible] ကျီးပေါင်းရောဂါဖြစ်လျှင် [illegible]





www.burmeselassic.com

www.burmeseclassic.com

ကိုက်ခဲခြင်းဖြစ်သည်။

### အရိုးကျိုးပေါင်းရောဂါစားဆေး

ဆေးမြင်းခွာကို အမှုန့်ပြု၍ (၁၀) ကျပ်သား၊ ရှောက်ကောင်း(၂)ကျပ်သား၊ ပျားရည်(၁၅)ကျပ်သားထည့်၍ဖော်ပါ။ (၃)ပဲသား (မန်ကျည်းစေ့) တစ်နေ့ နှစ်ကြိမ် (မနက်–ည) ရေအေးဖြင့် သောက်ပါ။

### လိမ်းဆေး

ဆေးမြင်းခွာ အစို(၃)တက်ကို ပါးပါးလှီး၍ ဂရုတ်ဆုံတွင် ထောင်းပါ။ ညက်ညောပါက အလေးချိန် အတူ **နှမ်းကြီးဆီနှင့်** ဖျော်ပါ။ နေရောင်ခြည်တွင် ချက်ပါ။

(၃)ရက်မှ (၅)ရက် ချက်ပြီးလျှင် ကျိုးပေါင်းဖြစ်နေသော နေရာကို သိမ်းပါ။ လိမ်းပြီး ငှက်ပျောရွက် အညွန့်လေး ဖြေပြီး အုပ်ထားပေးပါ။ (၃)နာရီခန့် အုပ်ပေးပါ။ တစ်နေ့ နှစ်ကြိမ် လူးပေးပါ။

### နေထိုင်ပုံနည်းစနစ်

ပက်လက်ကုလားထိုင်နှင့် မထိုင်ပါနှင့်။

အိပ်လျှင် ခေါင်းအုံးနိမ့်နိမ့်ဖြင့် အိပ်ပါ။

စာရေးစာဖတ်လုပ်လျှင် ဦးခေါင်းကို မော့ထားသည့် အနေအထား ဖြစ်ပါစေ။

ပြုရန်

ဆေးဖော်ရာတွင် ရိက္ခာတီထိကျသောနေ့တွင် စတင်ထောင်းပါ။

သီလဆောက်တည်ပါ။

ဆေးထောင်းနေစဉ် ဂုဏ်တော်



◆ ဆေးမြင်းခွာပင်မှ ခွာသားအသားအပင်များ

ပွား၊ မေတ္တာသုတ်ရွတ်ပါ။

**ဆေးစွမ်း** ပိုမို ထက်မြက်သည်။

**မှတ်ချက်**

နှမ်းကြီးဆီကို နယ်တွင် ဝယ်မရပါက စန္ဒီပရဆေးဆိုင်၊ တရုတ်တန်း ဈေးတို့တွင် ဝယ်ယူပါ။

**ကိုတင်(မအူပင်)**

ကျမ်းကိုး

၁။ ယောမြို့စား အတွင်းဝန်ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်း

၂။ အရွက်မဟုတ်သည့် သိဒ္ဓိဝင် ဆေးမြင်းခွာစာအုပ် (မျိုးတင့်–ညောင်လေးပင်)

၃။ ဆေးမြင်းခွာ သုတေသနစာတမ်း (ဒေါက်တာခင်မြမြ)

၄။ ဆီထွက်သီးနှံနှမ်း (မောင်တင်ရွှေ သန်လျင်)

၅။ ဓာတုဗေဒဂုဏ်ထူးတန်း နှမ်း အကြောင်းစာတမ်း

(ဒေါ်နှင်းအိလှိုင်)



www.burmeseclassic.com

www.burmeselassic.com

# သွပ်ဖမ်းစီရွှာ

အပိုင်း(၅)

ဦးမင်းစင်
(ရွှေနဝင်း)

အင်္ဂရတ်ဝါသနာရှင် သုတေသီများ မိမိတို့မှာ စီမံဖမ်းချုပ်ထားကြသည့် သွပ်ပြဒါး စသော မီးအတော်အသင့် ခံနေပြီး ဓာတ်သေ မဖြစ်သေးသည့် မနူးမနပ် စိမ်းဆတ်ဆတ်ဓာတ်များကို တစ်လုံ့,တစ်မီးတည်းနှင့် ဓာတ်သေအဖြစ်ရောက်ပြီး ကိုယ်လိုရာ ဓာတ်လမ်းများသို့ ဆက်လက်၍ တက်လှမ်းနိုင်ကြရန်အတွက်...

အဓိက အားကိုးအားထားပြုနိုင်သည့် **"(၁၀)ပါးနဝင်းဆေး"** ကို သုံးပြီး ဓာတ်အသေအဖြစ် ရောက်အောင် လုပ်နည်းစနစ်ကို တင်ပြပေးပါမည်။

ယခု ဆောင်းပါးအစမှာ တင်ပြခဲ့သော **သွပ်,သွပ်ပြဒါး,ရွှေဝါရောင်** ရှတ်ခံနေသည့် ဓာတ်သားကို မူတည်ပြီး စာရေးသူ လက်တွေ့ လုပ်ဆောင်ခဲ့သည့် နည်းစနစ်အရင်းခံအတိုင်း တင်ပြပေးသွားပါမည်။

ယင်းကို နည်းမှီ၍ ဝါသနာရှင်များ ကိုယ်လိုရာကို တက်လှမ်းနိုင်ကြပါသည်။

ဖမ်းမိထားသည့်

ရွှေဝါရောင်ဓာတ်သား

၁။ သွပ်,ပြဒါးတွဲ (၁)ကျပ်သားထိုးရင်
၂။ နဝင်းဆေးက (၁)ကျပ်(၄)ပဲသားကိုယူပြီး
၃။ လုံနှံပါတ်(၅)တွင် ဆေး(၃)ပုံ(၁)ပုံကို အောက်ကခံပြီး ယင်းအပေါ်မှ ဓာတ်သား ထည့်ပြီးလျှင် ဓာတ်သားအပေါ်ကနေ ကျန်နဝင်းဆေး (၃)ပုံ (၂)ပုံကို သိပ်၍ ထည့်ပါ။ ***[နဝင်းဆေးကို အမှုန့်ညက်အောင် ထောင်းပြီးမှ ထည့်ပါ။]***



၄။ ပြီးရင် သေချာစွာ ဇော်(၃)ထပ် မံပြီး လုံကို အခြောက်ခံထားပါ။ အားလုံး အဆင်သင့် ဖြစ်ပြီဆိုရင် ယင်းလုံ၏ ဘေးပတ်ပတ်လည်မှာ လက်သုံးလုံးခန့် နေရာလွတ် ရှိနေရန်။ ***[မီးသွေးဖြည့်ရန် နေရာကျယ်ဝန်းရန် လိုပါသည်။]***

ဒါမှ ကိုယ်ဖမ်းမည့် ဓာတ်သား (၁)ကျပ်သားကို နဝင်းဆေးနှင့် ချုပ်သတ်နေသည့် အချိန်မှာ လိုအပ်သည့် မီးချိန်မီးအား စံကိုက်မီးပေးနိုင်ရန် ဖြစ်ပါသည်။

အကယ်၍ ဖိုခွင်က လက်(၃)လုံး ပတ်လည်ထက် ပိုကျဉ်း၍ နေလျှင် သော်လည်းကောင်း (သို့မဟုတ်) ယင်းထက်ပို၍ ကျယ်နေမည်ဆိုလျှင် ဓာတ်သတ်ဆေးကြိုက် မကိုက်ဘဲ ဓာတ်မသေ ဖြစ်တတ်ပါသည်။

ဖိုခွင် အနေအထားက အသင့် ပြီဆိုလျှင် သုံးစွဲမည့် လော မီးသွေးပိုင်းကို တင်ပြပါမည်။

ယင်းနဝင်းဆေးနှင့် ဓာတ် သည့် လုပ်နည်းလမ်းစဉ်မှာ သုံး မည့် မီးသွေးသည် **"ထမင်း မီးသွေး၊ ဝါမီးသွေး၊ နံပြားမီး စသည့် တမ်းမဝင် စံမကိုက် မီးသွေး အညံ့များကို လုံးဝ ၍ မရပါ။**

**ပန်းပဲမီးသွေး၊ ဖျဉ်းကတိုး မဲဇလီ စသည့် အသားမာ မီးသွေးကောင်းကို သုံးရပါမည်။**

အကြောင်းမှာ...

မီးသွေးအညံ့များသည် လုံး မီးသွေးထပေါက်နေပြီး ထွက်သွားပြီး လိုအပ်သည့် မီးအားကို မရဘဲ ထမင်း သလို ဖြစ်ပြီး ဓာတ်ကို သေအောင်သတ်၍မရ ဖြစ် သည်။

ဒီလုပ်နည်းစနစ်မှာ ကောင်းကောင်းနှင့် ပ



www.burmeselassic.com

www.burmeselassic.com

(၁)အုပ်မှာပင် ထည့်ထားသည့် နဝင်းဆေးများအားလုံး အရည်ပျော်စေပြီး ယင်းနဝင်းဆေးမှာ ပါဝင်နေသည့် **"ပြဒါးဓာတ်အခိုးငွေ့၊ နဂါးငွေ့"**များနှင့် ဓာတ်သားကို ရစ်ပတ်နှောင်ဖွဲ့ပြီး သေအောင်သတ်ရမည့် ဖြစ်စဉ်မို့ မီးသွေးကောင်းကောင်းကိုသုံးရန် အလွန်လိုအပ်လှပါသည်။

**[ဆေးကောင်းပြီး လုပ်သလိုဖြစ်ကြခြင်းမှာ မီးလိုအပ်ချက်ကြောင့်ဆိုတာ သိစေချင်ပါသည်။]**

ခြောက်သွေ့သည့် မီးသွေးဖြစ်ရန်လည်း လိုအပ်ပါသည်။

မီးသွေးအပိုင်းပြီးတော့ မီးနေ လုံထားအနေမှာ လုံကို ခါးတိုက်အနေ ဆက် အောက်ကို ချထားပြီး နှာ၀ပေါက်နှင့် လုံနှုတ်ခမ်းမှာ လုံအရှည်၏ (၄)ပုံ (၁)ပုံ အနေထား ...၍ လုံကို ထည့်ထားပါ။

လုံပတ်လည်တွင် မီးသွေးကို အခဲညီညီလေးများ ရွေးပြီး လုံနှုတ်ခမ်းအထိ သေချာစွာ စီထည့်ပါ။

ပြီးလျှင် မီးစွဲပြီးနေသည့် မီးသွေးခဲကြီး(၁)ခဲကို ဖိုနှာ၀မှာ တေ့ထားပြီး အပေါ်က မီးသွေးခဲ လက်တစ်...ခန့် အုပ်ထည့်ပြီး ဖိုကို ဆွဲပေးပါ။ ...ထည့်သည့် မီးသွေးတစ်ဆုပ်စာ အကုန်လုံး မီးစွဲ၍ မီးညီသွားပြီဆိုလျှင်...

ဖိုခွင်တစ်ဝက်အထိ မီးသွေး ...ဖြည့်ပြီး ဆက်ဆွဲပါ။ ဖိုဆွဲတာ ...လုံး၀ ရပ်ပြီး မီးသွေးထည့်တာ ...မျိုး မလုပ်ရပါ။

ဖိုဆွဲနေရင်းနှင့် မီးသွေး ဖြည့်...ပါ။ ယင်းဖိုခွင် တစ်ဝက်ထည့်ထားသည့် မီးသွေးများ မီးညီလာပြီဆိုမှ ဖိုခွင်အပြည့် မီးသွေးဖြည့်ထည့်ဖိုကို မှန်မှန်ဆွဲ၍ သွားပါ။

ဤနည်းအတိုင်း မီးသွေးများ ကျသွားပြီး လုံထိပ် ပေါ်ခါနီးမှာ နောက်ထပ် မီးသွေး အသစ်(၁)အုပ်စာ ထပ်ဖြည့်ပြီး ဆက်ဆွဲပါ။ **ဖိုကို လုံး၀ ရပ်နားပြီး မီးသွေးထည့်ခြင်း မလုပ်ရပါ။**

**ဒုတိယ** မီးသွေးကျသွားပြီဆိုလျှင် (၁)ပေါက်ဖိုဆိုလျှင် ဖိုကြိုးဆွဲတာ ခဏရပ်ပြီး လုံကို (၉၀)ဒီဂရီ လှည့်ပေးပါ။ စက်ကြာဖိုဆိုလျှင် လှည့်စရာ မလိုပါ။

**တတိယ** မီးသွေး(၁)အုပ် ဖြည့်၍ ဆက်ဆွဲပြီး မီးသွေး(၃)အုပ်ကျပြီဆိုလျှင် လုံကို အပေါ်သို့ လက်(၁)လုံးခန့် ဆွဲတင်ပြီး မီးသွေးဖြည့်၍ ဆက်ထိုးပါ။

အထက်ပါနည်းအတိုင်း မီးသွေး (၁)အုပ်ကျလျှင် လုံ လက်(၁)လုံးခန့် ဆွဲတင်ပေးသွားခြင်းကို လုံခါးတိုက်အနေ ရောက်သည်အထိ နောက်ထပ် မီးသွေး(၄/၅)အုပ်ခန့် အထိ ထိုးသွားရပါသည်။

လုံခါးတိုက်အနေမှာ နောက်ထပ် မီးသွေး(၂)အုပ် ဆက်ထိုးပေးလိုက်မည်ဆိုလျှင် အစမှ အဆုံးထိ မီးသွေး (၉)အုပ် ကုန်ပြီဆိုလျှင် ဖိုကို အေးထားပြီး လုံကို အေးမှ ထုတ်ယူပါ။

ယခု တင်ပြခဲ့သည့် နည်းစဉ်အတိုင်း ဖိုထိုးသွားမည်ဆိုလျှင် မီးသွေး(၂)အုပ်နှင့် (၄)အုပ်အကြားမှာ မီးရောင်တွင် ဖြူပြာရောင် အခိုးများ ပါလာတတ်ပါသည်။ ယင်းသည့် ဓာတ်ထွက်ခြင်း မဟုတ်ဘဲ နဝင်းဆေးမှာပါသည့် ဆေးခိုးများ ဖြစ်၍ ကြောက်စရာ မလိုပါ။

လုံကို အလိုချမ်းအေးစေပြီး လုံခွဲကြည့်လိုက်လျှင် ဓာတ်သားက လုံအောက်ခြေမှာ ကပ်နေပြီး အပေါ်မျက်နှာပြင်မှာ ချော်ဆေးများ မရှိဘဲ အနက်ရောင် ဓာတ်အကြွပ်အဆတ်ပိုင်းက အပေါ်မှာ ကပ်နေပြီး အောက်ပိုင်းက ဓာတ်သားကောင်းက တစ်ပိုင်း ဖြစ်၍ တွဲနေပါသည်။

ယင်းကို လုံရိုက်တံဖြင့် အသာရိုက် ထုတ်လိုက်လျှင် အပေါ်အကြွပ်အနက် အဆတ်အသား (၁)မတ်သားခန့် ကွာသွားတတ်ပြီး အောက်ပိုင်းမှာ နီဝါရောင် ဓာတ်သား(၃)မတ်သားခန့် တင်ကျန် ၍ ဓာတ်သေအဖြစ် ရရှိပါပြီ။

အပေါ်ယံက အနက်ရောင် အကြွပ်အဆတ် အသားများသည် ဓာတ်သားထဲမှာ ရှိနေသည့် အညစ်အကြေး မလများနှင့် နဝင်းဆေးအငွေ့ကို ရစ်ပတ်နှောင်ဖွဲ့၍ ဖြစ်လာခြင်း ဖြစ်ပါသည်။

ဒီအဆင့်မှာ ဓာတ်သေအဖြစ်သို့ ရပြီဖြစ်သော်လည်း ဓာတ်သား အကြမ်းအဆင့်သာ ရှိပါသေးသည်။ အချောအမော ဓာတ်သားချော ဖြစ်စေရန် အဆင့်(၂)ဆင့် ကျန်နေပါသေးသည်။

*[နောက်လတွင် ဆက်လက်တင်ပြပေးပါမည်။]*

**ဦးမင်းဇင်(ရွှေနဝင်း)**


နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၁၁၈

www.burmeselassic.com

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအတွက် ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်ဇီ
(Hu Jin Zhi)





▲ ကြွက်နှစ်ဖွား

ငွေကုန်ကြေးကျ များသော ကာလဖြစ်သည်။ ငွေကြေးနှင့် ပတ်သက်၍ စာရင်းဇယား မှားယွင်းတတ်သည်။ အန္တရာယ်ရှိသော လုပ်ငန်းဆောင်တာများ ပြုလုပ်ဆောင်ရွက်ရကိန်းရှိသည်။

လျှပ်စစ် အသုံးအဆောင်ပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးအမြတ်အစွန်း ရရှိနိုင်သည်။

▲ နွားနှစ်ဖွား



စီးပွားရေး တိုးတက်ဖောင်းပွမည်။ စိတ်ကူး အကြံအစည်များ အထမြောက် အကောင်အထည် ပေါ်လာမည်။

အစာအိမ်ရောဂါ သတိထားကာကွယ်ပါ။ ကတိစကား တည်ကြည်မှုကြောင့် ကျေးဇူးတုံ့ပြန်လာခြင်းကို ခံစားရတတ်သည်။ မြေထည်ပစ္စည်း အကျိုးပေးသော ကာလ ဖြစ်သည်။

▲ ကျားနှစ်ဖွား



ပညာအသိဉာဏ် ထက်မြက်သောကာလ ဖြစ်သည်။ သင်ယူ လေ့လာထားသော နှုတ်မှုလက်မှု အတတ်စုမှ ငွေကြေး အထိုက်အလျောက် ဝင်ကိန်းရှိသည်။

မိခင်၏ သားချင်းများအတွင်း သာရေး,နာရေး ကိစ္စ ပေါ်ပေါက်မည်။ သစ်,ဝါး,ကြိမ် သစ်တောထွက်ပစ္စည်း အကျိုးပေးထက်သန်သော ကာလ ဖြစ်သည်။

▲ ယုန်နှစ်ဖွား



ပညာရဲရင့် ပွဲလယ်တင့်သော ကာလဖြစ်သည်။ ပတ်ဝန်းကျင် မိတ်ဆွေ သင်္ဂဟများအကြား

မျက်နှာ ပွင့်လန်းမည်။ မျက်စိနှင့် အမြင်အာရုံဆိုင်
ဝေဒနာများ သတိထားပါ။

စက္ကူ,အထည်အလိပ်ပစ္စည်းများ အကျိုးပေး ထ
သန်သည်။ ခါးဝတ်တန်ဆာ လက်ဆောင်ရတတ်သ

▲ နဂါးနှစ်ဖွား



ငွေကြေး အမြောက်အ
ဝင်ကိန်းရှိသည်။ ဆွေမျိုး
သင်္ဂဟများအတွင်း မနာလို
သူ ပေါ်ပေါက်နိုင်သည်။

ယာဉ်ရထား ဝင်နိုင်
နှာခေါင်းနှင့်အသက်ရှူလမ်း
ရာ ဝေဒနာများမှ သတိထားပါ။ ကြေး,သံ စသည်
ပစ္စည်းများ အကျိုးပေးလိမ့်မည်။



www.burmeselassic.com

www.burmeseclassic.com



▲ မြွေနှစ်ဖွား

အခက်အခဲ ပြဿနာများ ပြေလည် လျော့ပါးသွားလိမ့်မည်။ အလုပ်အကိုင် ရာထူး တိုးတက်နိုင်သည်။

ပြောစကား၊ ဆိုစကား အောင်မြင်၍ မိတ်သင်္ဂဟများ အကြား အမှုကိစ္စများတွင် ဦးစီးဦးဆောင် ပြု၍ ဖြေရှင်း ဆုံးဖြတ်ပေးရလိမ့်မည်။ စားသောက်ကုန်၊ ပစ္စည်းများ အကျိုးပေးနိုင်သည်။

▲ မြင်းနှစ်ဖွား



မိမိခံပစ္စည်း ဝင်ကိန်းရှိသည်။ ...နှင့် ရေထွက်ပစ္စည်း အကျိုး ...ပေးသောကာလ ဖြစ်သည်။

ရေကြောင်းခရီး၊ မြစ်ကူး ...ချောင်းခြားခရီးများ သွားလာပေးခြင်းဖြင့် အကျိုးအမြတ် ...ထွန်းမည်။ ကျောက်ကပ်နှင့် ဆီးလမ်းဆိုင်ရာ ရောဂါ ...များ သတိထားကာကွယ်ပါ။

▲ ဆိတ်နှစ်ဖွား



စီးပွားရေး ဈေးကွက်သစ် ချဲ့ထွင်နိုင်မည်။ မိမိကိုယ်တိုင် တတ်နိုင်သမျှ တာဝန်ယူ လုပ်ဆောင်ပါ။

ကိုယ်စားလှယ်ယုံ အားမကိုးသင့်ပါ။ စားသောက်ကုန် ...ယမကာများနှင့် စပ်ကျဉ်း၍ ငွေကြေးဆုံးရှုံးရဖွယ် ...ည်။ သတင်းကောင်း ကြားသိရတတ်သည်။

▲ မျောက်နှစ်ဖွား



...မြေ ဝင်ကိန်းရှိသည်။ ...အချင်းချင်း ရိုင်းပင်း ...ခြင်းဖြင့် ကိုယ်ရေးကိုယ် ...အခက်အခဲများ ပြေလည် ...မည်။

...ခံတွင်းဆိုင်ရာရောဂါများ သတိထားကာကွယ် ...ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍ ...ဖြစ်ထွန်းမည်။

▲ ကြက်နှစ်ဖွား



အိုးအိမ်အသစ် ပြောင်းရွှေ့ရတတ်သည့် စိတ်မချမ်းမြေ့ဖွယ် အနိဋ္ဌာရုံမြင်ကွင်းများ တွေ့ကြုံရကိန်းရှိသည်။

ဓာတုဗေဒပစ္စည်း၊ တွင်းထွက်ပစ္စည်းများ အကျိုးပေးမည်။ ငယ်ပေါင်းမိတ်ဆွေဟောင်းတို့နှင့် ပြန်လည်ဆုံတွေ့ရတတ်သည်။ အသည်းဝေဒနာ သတိထားပါ။

▲ ခွေးနှစ်ဖွား



ကြိုးဆောင်သမျှ အောင်မြင်မှုများသောကာလ ဖြစ်ပါသည်။ မိတ်ဆွေ အပေါင်းအသင်းများ အရေးပေးခြင်း ခံရမည်။

ဖခင်ဘက်မှ ဆွေမျိုးသားချင်းများအတွင်း သုမင်္ဂလ နာရေးကိစ္စ ပေါ်ပေါက်၍ အချိန်ကုန်၊ ငွေကုန်ခံ ကူညီရတတ်သည်။ ဖန်ထည်၊ မှန်ထည်ပစ္စည်း အကျိုးပေးမည်။

▲ ဝက်နှစ်ဖွား



လောင်းကစားမှုနှင့် ဥပဒေ ငြိစွန်းသော ကိစ္စများကြောင့် ငွေကုန်ကြေးကျ များနေမည်။

နှလုံးနှင့် ပတ်သက်သော ဝေဒနာများ သတိထား ကာကွယ်ပါ။ စွမ်းအင်လောင်စာများနှင့် ပတ်သက်၍ အကျိုးပေးသောကာလဖြစ်သည်။ စားကောင်းသောက်ဖွယ် ရတတ်သည်။

ဤလတွင် ကံဇာတာ နိမ့်ပါးနေသူတို့သည် ဖခင်အရွယ် အမျိုးသားတစ်ဦးကို အဖြူရောင် အသုံးအဆောင် ပစ္စည်းတစ်ခု လက်ဆောင်ပေး လှူဒါန်းပါ။ ပါပအကျိုးများ ကွယ်ပျောက်သွားပါလိမ့်မည်။

**ကြိုးဆောင်သမျှ အောင်မြင်ကြပါစေ။**

**ဟူကျင်းဇီ(*Hu Jin Zhi*)**

www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀ ၂၈)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊ နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဩော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဖက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊လက်တုန်၊ လည်ပင်း၊ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဖက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ ကြွ… သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်… လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မ… ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေ… လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်… လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ … ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေ… မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသာ… ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူး… ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်… အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်… နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်… သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်က… ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါ… ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွ… ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား … ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေး… ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေး… ကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ … ကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ … အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်… နဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား … သမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ … အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲ… အကြံပြုပါရစေ'

ဆရာမြင့်
စကြာမင်းဆေးတိုက်
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သုဓမ္မာမှတ်တိုင်အ…
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၉၃

ဦးဇော်ထွန်း




www.burmeseclassic.com

www.burmeselassic.com



◆ ဦးနာအောက် ဘုရားစေတီတန်ဆောင်များကို အဝေးက လှမ်းမြင်ရပုံမြင်ကွင်း

သီတာသန့်
(မော်လမြိုင်)

သူမတူအောင် သမိုင်းတွင်ရစ်သော အလှူရှင်

# ဦးနာအောက်ခေါ်

အံ့မခန်း အနုပညာလက်ရာများနှင့်

# ကျုနှပ်စေတီဘုရား သိမ်တန်ဆောင်းများ (၁)

…ရာစု လူ့လောကကြီးတွင် …သည်ရသော ကာလအခါ …တရားလေးပါးနှင့် ပြည့်စုံ …ရှင် သူမတူအောင် လှူပေါက …သော ဖြစ်စဉ်ကြီးတစ်ခု

ကား မွန်ပြည်နယ်တွင် သမိုင်းတွင် ရစ်မယ့် ဘုရားစေတီများ အထောက် အထား ခိုင်လုံစွာ ယနေ့တိုင် ရှိခဲ့ပါ သည်။

လေးစားစရာ အတုယူ အားကျ စရာ မှတ်သားလောက်စရာများ ထင်ရှားသောလေဘဝမှ သူဌေးကြီး ဖြစ်လာသူသည့် နယ်ရှဲ့ အရောင်းရှင်များ နှင့် ပုဂ္ဂိုလ်ကြ ထင်ရှားသူများထက်က ရပ်တည်လာခဲ့သော သူဌေးကြီး ဦးနာအောက်…





www.burmeselassic.com

www.burmeselassic.com






▲ မဟာမြတ်မုနိဘုရားကြီး

◀ ဘုရားဒါယကာကြီး ဦးနာအောက်(၁၁၉၄–၁၂၅၅)

▼ မဟာဝိဇယ သိမ်တော်ကြီး ဦးနာအောက်၏ အလှူတော်



စည်းစိမ်ချမ်းသာ အားလုံးကို ဘုရားဝတ်ကျောင်း စေတီ တန်ဆောင်းများ ဆောက်လုပ် လှူဒါန်းသွားသည့်မှာ ယနေ့ ရင်သပ်ရှုမော အံ့ဩလောက်အောင် ချန်ရစ်ထားခဲ့သော ဘုရားဒကာကြီး ဦးနာအောက်...

ဖနီးလေးယောက် တစ်ယောက်ပြီး တစ်ယောက် ဘဝတစ်ပါးသို့ ပြောင်းသွားရသော ထူးဆန်းသော မုဆိုးဖိုကြီး ဦးနာအောက်...

သီတင်းကျွတ် လပြည့်ကျော် (၁)ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့အထိ တပည့်များနှင့် တစ်လလုံးလုံး အောင်နိဗ္ဗာန် သင်္ဘောပေါ်တွင် ကထိန်သင်္ကန်း ပရိက္ခရာ လှူဖွယ်ဝတ္ထုများ တင်ဆောင်ကာ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ် ဝဲယာကမ်းနားများပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့်...

ဘီလူးကျွန်းရှိ ဘုန်းတော်ကြီးကျောင်းများကို ကထိန်အလှူများ သွားရောက်လှူဒါန်းပါသဖြင့် ကထိန်လှူဒါန်းခြင်းအစ ဦးနာအောက်က ဟု ပြောစမှတ် ကျန်ခဲ့သော ဦးနာအောက်ပါတည်း။

ထူးထွေဆန်းပြား ဖြစ်ရပ်များနှင့် သမိုင်းတစ်ခေတ် ရာဇဝင်တွင်ရစ်သော ဆင်းရဲသားလေး မောင်အောက် ဘဝမှ သူဌေးကြီး ဦးနာအောက်ဘဝ ရောက်စေခဲ့သော သမ္မတ္တိ[...] လေးပါးသည်ကား...

၁။ သင့်တင့်လျောက်ပတ်ရာ အ[...] ရခြင်း

၂။ ရှေးက ပြုဖူးသော ကောင်း[...] အကျိုးပေးခြင်း။

၃။ သူတော်ကောင်းကို မှီဝဲဆည်း[...]

၄။ မိမိကိုယ်ကို ကောင်းအေ[...] ဆောက်နိုင်ခြင်း...






www.burmeselassic.com

www.burmeselassic.com





▲ ဦးနာအောက်၏ ဆရာဦးထော်အာကောင်းမှု
မဟာမြတ်မုနိဘုရား ပလ္လင်နောက်ခံပန်းအလှ
ဦးနာအောက်၏ ဆရာသူဌေးကြီးဦးထော်အာ ကောင်းမှု
မဟာမြတ်မုနိဘုရားအတွင်း အဆင်အပြင်အနုပညာ ▶

ဟူသော သမ္မတ္တိတရား လေးပါး ဆို့ ပြည့်စုံလာသောအခါ...

မထင်မရှား ဆင်းရဲသားလေး

မောင်အောက်

ဘားအံမြို့နယ်၊ ဖဲကတာချောင်း နားရှိ မထင်မရှား ခရဲရွာလေးတွင် ဆင်းရဲသော တောင်သူလယ်သမား မိဘနှစ်ပါးက သက္ကရာဇ် ၁၁၉၄ ခုနှစ်၊ **ကဆုန်လဆုတ်(၃)ရက် ဗုဒ္ဓဟူးနေ့မှာ** မွေးဖွားခဲ့ သည်။ စတုတ္ထမြောက်သား ဖြစ်လေသည်။

မွန်ဘာသာဖြင့် "အအက်"ဟု ခေါ်တွင်လေသည်။ မြန်မာဘာသာ ဖြင့်ဆိုသော် **"မောင်ရှစ်ဆိုး"** ဟု ခေါ်ဆိုနိုင်သလို တစ်ပါးသူကို ဆက်စီးနှင်း မလုပ်ခြင်း၊ ဒေါသ ...သိမ်းတတ်ခြင်းနှင့် အောက် ...ဘာ ပေါင်းသင်း ဆက်ဆံတတ် ...လည်း အဓိပ္ပာယ် ဖွင့်ဆိုနိုင် သည်။

ဆင်းရဲသော မိဘနှစ်ပါးသည် မောင်အောက်လေး လူလားမြောက် သော် ကော့ခမယ် ဆရာတော်ထံ အပ်နှံကာ ပညာဆည်းပူးစေတော့ သည်။

မိဘများကို ငဲ့၍ ပညာပြည့်စုံစွာ မသင်ကြားတော့ဘဲ မိဘများကို ကူညီရန် ကျောင်းထွက်လိုက်ရလေ တော့သည်။

ကျွဲကျောင်းသားဘဝဖြင့် မိဘကို ကူညီရှာသည်။ လောက်လေးခွနှင့် လောက်စာလုံး လွယ်အိတ်ကို လွယ် ကာ ကျွဲစားကျက်၊ နွားစားကျက်သို့ ရွာပြင်ထွက်ပြီး ကျွဲစီး၊ နွားစီး၊ ကျွဲကျောင်းသား၊ နွားကျောင်းသား ဘဝ နုံချာလှစွာ လူ့လောက စခဲ့ရ လေသည်။

မောင်အောက်ကလေးသည် စိတ် ဓာတ်မလျှော့ ဇွဲမလျှော့ပါ။ ငါးပိနှင့် ဆား နေ့စဉ် စားခဲ့ရသော်လည်း ဆင်းရဲသားဘဝက သူဌေးသားဘဝ ရောက်ခဲ့သော် ကောင်းပေစွဟု တော့ စိတ်ကူးယဉ်အိပ်မက်ဖြင့် လေထဲ တိုက်အိမ်ဆောက်နေမိ တော့သည်။

ကတိုးကော့နှပ်ရွာသို့ အလည် ရောက်တိုင်း သစ်ကုန်သည်ကြီးများ ကြီးပွား ချမ်းသာနေကြသည်ကို မြင်ရတိုင်း အားကျကာ ကြီးပွား တိုးတက်ခြင်းကို နှလုံးသွင်းနေမိ တော့သည်။

ကတိုးရွာရှိ သူဌေးကြီး ဦးမွန်ထော် ၏ ကိုးဆောင်ပြိုင် အိမ်ကြီးကလည်း ဟီးနေသည်။ ကော့နှပ်ရွာရှိ သူဌေး ကြီးတို့ အိမ်ကြီးအိမ်ကောင်း အပေါင်းတို့ကို ငေးမောရင်း တွေး တောမိသည်ကား **"ယောကျ်ား ဘသား ကြိုးစားရင် ဖြစ်ရမည် တကား"**ဟု နှလုံးသားမှာ တေး ထားနေတော့သည်။

တစ်ရွာမပြောင်း သူကောင်းမဖြစ်

မိဘနှစ်ပါးကို ပင်ပန်းကြီးစွာ

www.burmeselassic.com



◆ ဦးနာအောက်၏ ဆရာဦးဖော်အာ လှူခဲ့သော
မဟာမြတ်မုနိ ပိဋကတ်တိုက်ကျောင်း



ဦးနာအောက်၏ ဆရာ သူဌေးကြီး ဦးဖော်အာ ▶

သားလိမ္မာလေးဖြစ်ရန် လုပ်ကျွေးသမှု ပြုစုခဲ့လေသည်။ မောင်အောက်လူပျိုပေါက်အချိန်မှာ မိဘနှစ်ပါး ကွယ်လွန်သွားကြလေပြီ။

သူဌေးဖြစ်ချင်သော မောင်အောက်သည် သူဌေးကြီးများ နေထိုင်ရာ ကတိုးကော့နယ်ရှာနှင့် နီးသော **အစ်မကြီးဒေါ်ထော်ငွေ့(မိထပ်ဖွဲ့)** နေထိုင်ရာ **သံကာပိုင်ရွာ**သို့ ပြောင်းရွှေ့ကာ အစ်မကြီး၏ လယ်မြေတွင် သူရင်းငှားအဖြစ် ဝင်ရောက်လုပ်ကိုင်ပါသည်။

အလုပ်ကို မကြောက်သူလေးမို့ အစ်မကြီးဆီက ထမင်း တစ်ဝမ်းစား တစ်ခါးလုပ်စေရန် စွမ်းစွမ်းတမံ ရုန်းကန်ကြိုးစား သူတစ်ပါး သူရင်းငှားမှာ ဆွေမျိုးသားချင်းပေမင့် အခွင့်ထူး မယူခဲ့ပါ။

## ပုဗ္ဗေစ ကတပုညတာ ကုသိုလ်နိမိတ်
## အတိတ်က ဆန်းပေစွ

မိုးထဲ,လေထဲ လယ်တောထဲတွင် လယ်ထွန်ပျိုးနုတ် နေစဉ်လုပ်ရင်း တစ်နေ့သောအခါ...

လျှပ်စီးတွေလက် မိုးကြိုးစက်ကွင်းဝင်းလျက် ရောင်စုံဖြင့် ထူးခြားသော ပုံရိပ်က ပြာသာဒ်သဏ္ဌာန် ကျောင်းဟန် တန်ဆောင်းကြီး ထီးထီးကြီး ပေါ်လာလေတော့သည်။

ထိုထူးဆန်းသော တန်ဆောင်းပြာသာဒ်ကြီး၏ လှပသော စုလစ်မွမ်းချွန်များကို အံ့ဩငေးမောမှင်တက်မိနေရာမှ...

'ဩော်... ဒါ ငါ့ရဲ့ ကြီးပွားချမ်းသာမယ့် နိမိတ်ပဲ'

လို့ တွေးမိပြီး မိုးရေထဲ လယ်ကွင်းထဲမှာ ဒူးထောက်လက်အုပ်ချီ ထိုင်ချလိုက်သည်။ ဘုရား,တရား,သံဃာ, မိဘ,ဆရာသမားဂုဏ်ကို အာရုံပြု၍...

'ကျွန်ုပ် အသက်မသေ ချမ်းသာခဲ့လေသော် ယခု မြင်တွေ့ရသော လှပတင့်တယ် အသွယ်သွယ်သော ပြာသာဒ်တန်ဆောင်း ဘုရားအပေါင်း စံတော်မူရန် လှူဒါန်းဆောက်လုပ်နိုင်ပါစေသား'

ဟု အဓိဋ္ဌာန်ပြု ဆုတောင်းလိုက်လေတော့သတည်း။

## ဤမျှနှင့် တစ်ခန်းရပ်ခဲ့ရသော
## ဦးနာအောက် ဘုရားရာဇဝင်


ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ... တွင် **ကတိုးမဟာရင် ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ... တံဆိပ်တော် အလှူခံခြင်း** ဂုဏ်... စာစောင်တွင် ရေးသားရန်နှင့် ... ပွဲသဘင် အလှူများအ... ကတိုးမဟာရင်ကျောင်းသို့ ... ရောက်ရင်း ဦးနာအောက်၏ ကျေ... ဘုရားများ ဝင်ဖူးဖြစ်ခဲ့ပါသည်။

ဖူးဝမ ကြည့်မဆုံး အလုံးစုံ... မြန်မာမှုအနုပညာလက်ရာ ... နံရံများ၊ ကျွန်းသားပန်းပု ... ထားသော ရုပ်ကြွများက မြ... ဘုရားအား တပုသနှင့်ဘ... ကုန်သည်ညီနောင် ပျား... ကပ်နေပုံ၊ လက်ရာမြောက်... လှည်းများဖြတ်ထောင်ထ... များနားနေပုံ...




www.burmeselassic.com

www.burmeselassic.com



◆ မျက်နှာစာ အဝင်ဝ ပန်းတွဲတခန်းဆီး



ဦးနာအောက် ကျောက်ရုပ်တု ▶

လှည်းသားများ ရေခပ်၊ ထမင်း ချက်သွေးလျက် မတ်တတ်၊ အရပ်ရှည်သော သစ်ပင်၊ သားသမင်တို့ပုံ၊ အစုံစုံသော မြင်ကွင်းအလှများကား မြန်မာ့ယဉ် ကျေးမှုကို ဂုဏ်ယူစွာ ထင်ကြွားပြသနေပါသည်။

မျက်စိက မခွာရက်နိုင်အောင် ဆွဲဆောင်နိုင်စွမ်းပါဘိ။ ဓာတ်တော် ခန်း ပြကွက်ဆန်းသော ရုပ်ကြွ ပန်းပုလက်ရာများမှာ ဒေါနပုဏ္ဏား ထက်ကာထားလျက်၊ တုတ်ဓား ကိုင်ဆောင် ရှစ်ပြည် မင်းသားများ ကျားကျား လျားလျားဟန်က တစ်ဖုံ...

သက်စုံဦးယှက် ရှိခိုးကော်ရော် ခန်းတော် အရှင်မြတ်များ၊ ကြွားပြဟန်နတ်နဂါး၊ ဓာတ်တော် ပလ္လင်ပေါ် တင်ထားဟန်က လက်စွမ်းပြ မြန်မာ့အနုပညာ ကြည့်၍မဝ လှပနေပြန်သေး သည်။

ချက်ကျိုဖိုဝင်သား စားပြီး ဗျတ်ဝိ၊ ညီနောင်နှစ်ပါး ကျောင်းကို ထိုးထားသော ခမ်းနားလှပသော ပြကွက်ရုပ်ကြွဆန်းကလည်း မြင်သူ စွဲလမ်းခဲ့ရသည်က အမှန်ဖြစ်ခဲ့သည်။

အောင်ရှစ်ပါးရုပ်ကြွပေါင်းစုံ အဖုံဖုံသော ပန်းပုရုပ်ကြွပညာ အဖြာဖြာ ဝေဝေဆာဆာကို ငေး၍သာ ပြန်ခဲ့ရပါသည်။

အကြောင်းမှာ ကင်မရာ မပါလာသောကြောင့်တည်း။ စုတ်တသပ်သပ်နှင့် နောက်ထပ် သွားဦးမည်ဟု ရည်စူးမိသော်လည်း အကြောင်းကြောင်းကြောင့် ထပ်မရောက်သာဘဲ တစ်ခန်းရပ်ဓာတ်လမ်းပမာ ဖြစ်သွားလေတော့သည်။

သုံးနှစ်နားခဲ့ရသော ဦးနာအောက်

ဘုရား၊ ထူးခြားနိမိတ်ပေး၍

ပြန်ရေးနိုင်ပါပြီ

၂၀၁၃ ခုနှစ် ကတည်းက ရေးမည်ဟု အစပျိုးခဲ့သော ဦးနာအောက် ဘုရားသမိုင်းကို မရေးနိုင်ပါသဖြင့် ကတိုးမဟာရင် ဆရာတော်ကြီး၏ အနိစ္စမစျာပနသဘင်သို့ အကြိမ်ကြိမ် သွားရင်း ဦးနာအောက် ဘုရားသို့ ဝင်ဖူးရင်း အချိန်ယူစွာ အသေးစိတ် ဖူးမြော်မှတ်တမ်းဓာတ်ပုံများ အသေအချာ ရိုက်ဖြစ်ပါသည်။

ဘုရားပရိဝုဏ် အစုံအနှံ့လျှောက်သွားရင်း ထူးခြားအောင် မြေများနင်းမိလေလားမသိ။ ဓာတ်ပုံများ အကုန်ကူးတော့ ထူးခြားပုံရိပ်တို့၏ လက်ရာ အလှများ မျက်ဝါးထင်ထင် တွေ့မြင်ရလေသည်။

နမြော်စရာ တချို့မှာ အောက်သို့ ပြုတ်ကျပျက်စီးစ ပြုလာသည်မို့ စိုးရိမ်မကင်း နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာချစ်သူများအတွက် တင်ဆက်မှတ်တမ်းထား ရေးသားမှု ပြုလိုက်ပါအံ့။


အိမ်ထောင်ရေး ကံခေသူမို့

အချိန်တိုအတွင်း မုဆိုးဖိုဘဝ

နှစ်ခါရသွားပြီ

မောင်အောက်သည် မိမိ၏ လယ်သမားဘဝနှင့် လိုက်လျောညီထွေသော ကောက်စိုက် လယ်တော

www.burmeselassic.com





◆ ကော့နှပ်ရွာ ပရိယတ္တိစာသင်တိုက်မုခ်ဦး

ဦးနာအောက်၏ ကျောင်းရှင်တဲ့အောက်မှ

ကမ္ပည်းကျောက်စာ ▶

လိုက်၊ မောင်တစ်ထမ်း မယ်တစ်ရွက် ခက်ထန်ကြမ်းတမ်း ဘဝလမ်း အဖော်မွန်လေး **မိရွှေမှုန်**အား ထိမ်းမြားလက်ထပ် ဘဝအပ်ဖြစ်သည်။

လက်တွဲလျှောက်လှမ်း ဘဝကြမ်း၏ ချစ်လမ်းခရီး မငြီးခင်မှာပင် ဇနီး ခင်မိရွှေမှုန်အား သေမင်းများ ခေါ်သွားလေပြီ။

မျက်ရည်စက်လက် ချစ်လျက် ခွဲသွားသူအတွက် စိတ်ပျက်အားငယ်မှုများ ဖယ်ရှားကာ ယောကျ်ားပီပီ ကြိုးစားမည်ဟု သူဌေးနားခိုဝင်မည် ဆုံးဖြတ်၍ ကော့နှပ်ရွာသို့ ထွက်ခဲ့လေ တော့သည်။

ကော့နှပ်ရွာ သူဌေးကြီး ဦးထော်အာထံပါး အလုပ်သမားလေး မောင်နာအောက် ခိုလှုံ ဝင်ရောက်လာပါတော့သည်။

ရိုးသားကြိုးစား စည်းကမ်း ကလနားနှင့် အလုပ်သမားသစ်လေး မောင်နာအောက်ကို သူဌေးကြီး ဦးထော်အာ၏ အမြင်တွင် ထင်လင်းလာပါတော့သည်။

ယောကျ်ာမဟောင်းများ ကလည်း သမီးကြီး မိရွှေမှုန် ကွယ်လွန်ပြီး မကြာမီမှာပင် သမီးငယ် မိရွှေအုပ်နှင့် သိမ်းထုပ်သေချာရန် လက်ဆက်ပေးပြန်သည်။

ချစ်မငြီးသော ချစ်ဇနီးအသစ်ကလေး မိရွှေအုပ်လေးခမျာမှာလည်း ချစ်ခရီးလမ်း မကြာခင်မှာပင် ကြမ္မာငင် သေခြင်းတရားက ဆွဲယူသွားပြန်သည်။

ဒီတစ်ချီ အဖော်ကွဲတာက ရင်ထဲ တော်တော်နာရတာမို့ သောကကို ရင်ဝယ်ပိုက်ကာ စိတ်နာနာနှင့် သူဌေးကြီး ဦးထော်အာ၏ လူယုံအဖြစ် ခြေစုံပစ် ဝင်ဖြစ်သွားလေ တော့သည်။

စေလိုရာစေ သေရင်သေပါစေ စိတ်ထားနှင့် အလုပ်သမားခေါင်းဆောင်အဖြစ် သစ်တောတစ်... အလုပ်ဝင်ရလေသည်။ သစ္စာစ... ထားနှင့် ကြိုးစားလုပ်သွား... အတော်ဆုံး အလုပ်သမားအ... ကဏ္ဍာသစ် ပွင့်လန်းလာလေ... သတည်း။

ဆုငွေ၊စုငွေ အငွေ... ကလည်း အတောမသတ် ... ဝင်လာသည်။ ပစ္စည်းဥစ္စာ ... သိမ်းရန် ဇနီးကညာ လို... သည်။ မကြာမီ **မီရှာဥ**နှင့် ... ရစ်ပတ် လက်ထပ်လိုက်ပြန်...

ဒီတစ်ခါ ထိမ်းမြားပြီး ... သော ငွေကြေးအပြင် ဦးထော်... ချေးပေးသော ငွေကြေးများကို... ကိုယ်ပိုင် သစ်လုပ်ငန်းမှ... ကြီးပွားလာပါတော့သည်။

ရွှေလ ဆက်ဖတ်ပါရန်

သီတာဆန်း(မော်...



www.burmeselassic.com

www.burmeselassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက်

# စကြာမင်း

ဒွါမှတ်ထံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန်
(စက်မှု-၁)

'ဟော့… ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်… စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ ာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက် နဲ့ (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ သေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက် နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက် တဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်း ကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် ည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ဒူးအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ ပေးပါ'

'ကဲ… လာ သွားကြမယ်'

* * * * * *

'ဒီပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ဒူးကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ ဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြော နှုန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်း ဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကော့ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို လဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း။ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း။ ဇက်ခိုင် ခြင်း။ ခေါင်းငုံ့မရခြင်း။ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း။ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း။ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံ ကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြု နေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း။ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း။ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၂၅၇

www.burmeselassic.com

www.burmeselassic.com






ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံး၀ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ၀ယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊ လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်တယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဖက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုညာဏ်ထွန်း... ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာန... မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်... ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေ...

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်... အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်... ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေး... ဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သော... ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ၀ယ်ယူပြီး ဆေးညွှန်း... အတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်း... ဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မ... ပါနဲ့။ ကျွန်တော်ရဲ့ ဖက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရော... တော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်... ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျော... သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်... ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘ၀တူ အရိုးကျိုးပေါင်းရောဂါရှင်များ... စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိ... တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်း... ဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-စ/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးညာဏ်ထွန်းရှိန် (စက်မှု-၃)**



www.burmeselassic.com

www.burmeselassic.com

# သနပ်ခါးခြံမှ

သိရှိခဲ့ရသော ဗဟုသုတများ

မင်းကိုနိုင်
(ဂမ္ဘီရတောင်တန်း)





▲ နေရာသစ်သနပ်ခါးဆိုင်မှ စိုက်ပျိုးထားသော သနပ်ခါးခြံ

သီးပင်ကြီး၏ အကိုင်းများကို အနီးကပ်မြင်ရပုံ ▶

▼ အရာတော်မြို့အဝင်ရှိ နေရာသစ်သနပ်ခါးဆိုင် ဆိုင်းဘုတ်





(၁၆-၃-၂၀၁၇) ကြာသပတေးနေ့ (၉)နာရီတွင် ကျွန်ုပ်တို့ မိသားစု ...ကားသည် ရွှေဘို-မုံရွာ ...ကားလမ်း(ဖြတ်လမ်း)ရှိ အရာ...မြို့သို့ ရောက်ရှိကြပါသည်။

...တော်မြို့ ကမ္ဘောဇရပ်ကားလမ်းဘေးတွင် **"နေရာသစ် သနပ်ခါးဆိုင်"** ဟူသော အစိမ်းရောင် ဆိုင်းဘုတ်ကို တွေ့ရှိပြီး စားပွဲပေါ်တွင် တင်ထားသည့် သနပ်ခါးတုံး အရွယ်အစားမျိုးစုံကို တွေ့မြင်ကြရသည်။

အပေါ့အပါးသွားရင်း သနပ်ခါးတုံး ဝယ်ရင်း ထိုနေရာမှာ မော်တော်ကား ခေတ္တ ရပ်နားပါသည်။

ထိုသနပ်ခါးဆိုင်မှ မိသားစုဝင်များက အလွန် သဘောကောင်းကြသည်။ ထိုနေရာဝန်းကျင်မှာ နေအိမ်တိုင်းလိုလို ခြံဝင်းကျယ်များ ရှိကြပြီး ထိုခြံဝင်းများတွင်လည်း သနပ်ခါးပင်များကို စိုက်ပျိုးထားကြသည်။ သနပ်ခါးခြံရှင်များပေတည်း။

ကျွန်ုပ်တို့ ဘုရားဖူးအဖွဲ့ဝင်များက သနပ်ခါးကို အပင်လိုက် ဝယ်ယူလိုကြောင်း ပြောသဖြင့် ထိုမိသားစုဝင်များက သူတို့အိမ်အနီးရှိ သနပ်ခါးခြံကို လိုက်လံပြကြပါသည်။ သနပ်ခါးပင် အရွယ်အစား အမျိုးမျိုးကို တွေ့မြင်ရပါသည်။

သနပ်ခါးပင်၏ လုံးပတ် အကြီး,

www.burmeselassic.com





◆ သနပ်ခါးပင်၏ ကိုင်းများများ

သစ်ပုတလှပင်ကြီး ◆

◆ သနပ်ခါးပင်ကို လှီးခြမ်း ဖြတ်တောက်နေကြသော ကိုမျိုးလွင်နှင့် သူ၏တူမ မဝင်းသူဇာ



အသေး၊ အနိမ့်၊အမြင့် အပင် အတောင့်အဖြောင့် စသည်တို့အပေါ် အခြေခံ၍ တစ်ပင်ကို ငွေကျပ်(၂)သောင်း၊ (၃)သောင်း၊ (၄)သောင်း၊ (၅)သောင်း စသည်ဖြင့် ဈေးနှုန်းရှိပါသည်။

ကျွန်ုပ်တို့ ဝယ်ယူသော သနပ်ခါးပင်ကို မြေကြီးနှင့် အနီးဆုံးမှ ကပ်၍ လွှဖြင့် ဖြတ်ယူကာ ကိုင်းများကိုင်းနားတို့ကို ခုတ်ပစ်ပါသည်။ ထို့နောက်မှ ဝယ်ယူသူများအလိုကျ သနပ်ခါးတုံးများဖြစ်အောင် ဖြတ်တောက်ပေးကြသည်။

'သနပ်ခါးပင်ကို တချို့က အမြစ်ပါ တူးခိုင်းတယ်။ ကျွန်တော်တို့က အဲလို တူးပေးလို့ မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သနပ်ခါးပင်ဟာ ပင်စည်အငုတ်ကနေပြီး နောက်ထပ် အပင်သစ်တွေ ထပ်ပေါက်လို့ပါပဲ။

သနပ်ခါးပင်ဟာ တစ်ကြိမ်စိုက်ထားရင် တစ်သက်လုံး မျိုးမတုံးတော့ဘူး။ (...) (၁၅)နှစ်ကြာရင် နောက်တစ်ကြိမ် ... ရပါပဲ'

သနပ်ခါးခြံရှင်၏သား ကိုမျိုး... က ရှင်းပြခြင်းဖြစ်သည်။

'သနပ်ခါးပင်တွေကို ဖြတ်ယူပြီး ... ကိုင်းနားတွေ ခုတ်ထားတာ ... မဖြစ်ပါဘူး။

ဒီဒေသက တပို့တွဲလ ဘုရားပွဲမှာ ... ပီးပူဇော်တဲ့အခါ အိမ်တိုင်းအိမ်တိုင်း ... သနပ်ခါးကိုင်းတွေကို မီးရှို့ပူဇော်ကြ... အလွန်မွှေးပျံ့တာပေါ့'—

ကိုမျိုးလွင်၏တူမဖြစ်သူ မဝင်း... က ပြောပြခြင်း ဖြစ်ပါသည်။

'သနပ်ခါးပင်က အခုလို ဖြတ်... သနပ်ခါးတုံးတွေကို အိမ်ရောက်... လိုက် နေလှန်းထားရတယ်။ ... နှစ်ဖက်ရှိတဲ့အတွက် တစ်ဖက်... လောက် နေလှန်းပေးပါ။





www.burmeselassic.com

www.burmeselassic.com

သနပ်ခါးတုံးတွေကို အခြောက်လှန်းပြီး သိမ်းတဲ့အခါ တုံးလုံးလှဲထားရမယ်။ ထောင်လိုက်သိမ်းထားမိရင် လေဝင်လေထွက် မကောင်းတဲ့အတွက် သနပ်ခါးတုံး မှိုတက်ပါတယ်။

တုံးလုံးလှဲထားရင် လေဝင်လေထွက်ကောင်းတဲ့အတွက် မှိုမတက်တော့။ အနည်းဆုံး(၅)နှစ်လောက် ကြာရှည်ထားနိုင်တယ်' နေရာသစ် သနပ်ခါးဆိုင်ရှင် မိသွားစုဝင်တစ်ဦးက ထပ်မံပြောပြခြင်း ဖြစ်ပါသည်။

'သနပ်ခါးရဲ့ မူလအရောင်က အခုလို မည်းညစ်ညစ်အရောင်ပါပဲ။ သနပ်ခါးတုံးကို ရေဆေးပြီး ဘရပ်(ရှ်)နဲ့ ပွတ်တိုက်လိုက်ရင် အခေါက်က အမည်းရောင်တွေ ကျွတ်ပြီး မှဲ့ဝါဝါလေး ဖြစ်လာတယ်။

သနပ်ခါး ဗဟုသုတ နည်းပါးတဲ့ မြို့ကြီးပြကြီးက အမျိုးသမီးတွေက သနပ်ခါးတုံးဆိုရင် နီနီညိုညိုတွေမှ ပိုကြိုက်ကြတယ်လို့ မြို့ပေါ်မှာ သနပ်ခါးတက်ရောင်းကြတဲ့သူတွေ ပြောပြပါတယ်။

သူတို့က မြေနီမှုန့်ရယ်၊ ရှားစေးနှစ်မှုန့်ရယ် ရောစပ်ရေဖျော်ပြီး သနပ်ခါးတွေပေါ်မှာ သိမ်းကျံပြီး မြို့တက်ရောင်းမှ လူကြိုက်များရောင်းကောင်းရတယ်လို့ ပြောကြတယ်'

သနပ်ခါးခြံရှင် အမျိုးသမီးကြီး တစ်ဦးကလည်း သနပ်ခါးဗဟုသုတ တချို့ကို မျှဝေပေးပြန်ပါသည်။

ဟော...ဟိုမှာကြည့် ပင်စည်တစ်ဖြောင့်တည်း တက်သွားတဲ့ အပင်ဟာ **"သစ်ပုလွေပင်"**လို့ခေါ် ... ဟိုဘက်က ပင်လုံးကြီးကြီး ... အခွ အလုံးကြီးကြီးတွေနဲ့ အပင်ကတော့ **"သီးပင်"**လို့ခေါ် ...

... သစ်ပင်နှစ်မျိုးဟာ သနပ်ခါး ... အလွန်တူကြပါတယ်။ အဲဒီ ... အကိုင်းတွေကို ခွဲစိတ်ဖြတ်တောက် သနပ်ခါးခွဲခြမ်းတွေနဲ့ တူအောင်လုပ်ပြီး ရေဆေးပွတ်တိုက် ရှားနှစ်, မြေနီ, သနပ်ခါးမှုန့်တွေ ရောစပ်လိမ်းကျံလိုက်ရင် သနပ်ခါးတုံးနဲ့ ခွဲမရအောင် တူတယ်။

အဲဒါတွေကို သနပ်ခါးတုံး အစစ်တွေ၊ သနပ်ခါးခွဲခြမ်း အစစ်တွေနဲ့ ရောပြီး မြန်မာနိုင်ငံအောက်ပိုင်း ဘုရားပွဲတွေမှာ သွားရောင်းတဲ့သူတွေ ရှိပါတယ်။

သစ်ပုလွေသားနဲ့ သီးသားတွေက အခေါက်ပိုထူတဲ့အတွက် မြန်မာနိုင်ငံအောက်ပိုင်းက အမျိုးသမီးတွေ ပိုပြီး ဝယ်ကြတယ်လို့လဲ သူတို့ ပြန်ပြောပြကြတယ်။

သနပ်ခါးအတု လုပ်သူတွေက သစ်ပုလွေသားနဲ့ သီးသားကို အဓိက သုံးကြပါတယ်။ သနပ်ခါးမှုန့်တွေနဲ့ လိမ်းထားခြင်း၊ တချို့က သနပ်ခါးရည်ထဲမှာ စိမ်ထားခြင်း၊ တချို့က သနပ်ခါးတုံး အစစ်တွေနဲ့ ရောပြီး ပေါင်းတင်ထားခြင်းတွေကြောင့် အပြင်ရုံ နမ်းရှုပ်ကြည့်ရင်လဲ မွှေးတယ်။

အချို့က အခေါက်ကို ကိုက်ဝါးကြည့်ရင်လဲ ခါးသက်သက် ဖြစ်ပါတယ်။ တစ်ပတ်လောက် အိမ်မှာသွေးလိမ်းပြီးမှ သနပ်ခါးအတုမှန်း သိနိုင်ပါလိမ့်မယ်'

သနပ်ခါးဆိုင်ရှင် မိသားစုဝင်တစ်ဦး၏ ရှင်းပြချက်ကလည်း အလွန်စိတ်ဝင်စားစရာ ကောင်းလှပါသည်။ စာဖတ်သူ အမျိုးသမီးများ သနပ်ခါးဗဟုသုတရ ရရှိကြစေရန် မျှဝေလိုက်ရခြင်း ဖြစ်ပါသည်။

***စေတနာမှန်လျှင် ကံကောင်းမည်။***

**မင်းကူဒွိ (ဂျွှီရတောင်တန်း)**

---

**စာမျက်နှာ (၁၃၂)မှ အဆက်**

တွက်နည်းက မခက်ပါ။ အလုပ်အား၍ မိမိအိမ်၌ အနားယူနေချိန်တွင် လွယ်လင့်တကူ တွက်ကြည့်နိုင်သော နည်းကောင်းတစ်ခုဖြစ်၍ လေ့လာစေချင်ပါသည်။

**တွက်နည်းမှာ...**

တွက်လိုသော ကောဇာသက္ကရာဇ်နှင့် မိမိ၏ မွေးခုနှစ်သက္ကရာဇ်နှစ်ခုကို ပေါင်းပါ။ ထိုသို့ ပေါင်းပြီးကို ၆၆ ရောက်ယက်နှင့် စားပါ။ ရလဒ် မလိုပါ။ အကြွင်းကို (၈)နှင့် ထပ်စားပါ။

**အဖြေမှာ...**

**စားကြွင်းသည် (၀)သုည၊ (၆) ဖြစ်လျှင် ထိုနှစ်သည် သင့်အတွက် ရောက်လာတော့ကောင်းသော၊ ကံကောင်းသောနှစ် ဖြစ်ပါသည်။**

တွက်နည်း နားလည်စေရန် လက်တွေ့ တွက်ပြပါမည်။

**ဥပမာ ၁၃၅၅ ခုနှစ် မွေးသူကို ၁၃၇၉ ခုနှစ်တွင် တွက်ကြည့်မည် ဆိုပါစို့...**

* * *

**၁၃၇၉ ခုနှစ်တွင် အသက်(၂၄)** နှစ်ရှိသူကို နမူနာအဖြစ် တွက်ကြည့်ရာ (၆)ခုကြွင်းသဖြင့် ထိုသူအတွက် ထိုနှစ်သည် စတ်ရော လာဘ်ပါ အလွန်ကောင်းသောနှစ် ဖြစ်ပါသည်။

**သုနက္ခတ္တံ ကောင်းသော နက္ခတ်နှင့် ကြုံ၍ ကောင်းကျိုးသုခ ရရှိကြပါစေ။**

**ကောင်းခန့်(သခွတ်မြေ) ဝက်လက်**



www.burmeselassic.com

www.burmeselassic.com

မိမိ အပါအဝင် လူသားအားလုံးတို့သည် အရွယ်ရောက်လာပါပြီ ဆိုကတည်းက ပညာရေး၊ စီးပွားရေးတို့ အဆင့်မြင့်လာတော့ အချစ်ရေး၊ အိမ်ထောင်ရေး၊ သားသမီး မိးသားစုအရေး စသဖြင့် လူတိုင်း... လူတိုင်း အရေးပေါင်းများစွာတို့နှင့် နေ့စဉ်၊ လစဉ်၊ နှစ်စဉ် သူတို့တစ်တွေနှင့် နပန်းလုံးထွေး သတ်ပုတ်နေကြရ၏။

ထိုအထဲမှ အဆင်ပြေသော ရက်တွေ၊ လတွေ၊ နှစ်တွေ ရှိသလို... အဆင်မချော ဝမ်းရေးမလှသော နှစ်များနှင့်လည်း သက်တမ်းတစ်လျှောက် တွေ့ကြုံရင်ဆိုင်နေကြရသည်လည်း ရှိကြ၏။

သင်ရော ယခုနှစ်တွင် မည်သို့ တွေ့ကြုံနေရသနည်း... တွေ့ကြုံရမည်နည်း ဒါတွေကို လူတိုင်း... လူတိုင်း ကြိုတင်၍ သိလိုကြပေမည်။

"မလိုပါဘူး...မလိုပါဘူး" ဟု မငြင်းပါနှင့် မိတ်ဆွေ... ပါးစပ်မှ နှုတ်ထွက်ဝန်မခံကြပေမယ့် စိတ်ထဲမှာတော့ တနုံ့နုံ့နှင့် သိလိုကြမည်မှာ မလွဲပေ။

ပုထုဇဉ် လူသားတွေပဲကိုး... အပြစ်မတင်လိုပေ။ စာရေးသူအနေနှင့်ကတော့ အချိန်မလင့် အခါမလင့် မဟုတ်ပေမယ့် စဉ်းစားတွေးတော ပူပန်မှုတော့ ရှိပါ၏။


ထို့ကြောင့်... ဗေဒင်ပညာကို ဝါသနာပါသော မိတ်ဆွေတို့အတွက် အလွယ်နှင့် တွက်ကြည့်သိရှိနိုင်သော "**ယခုနှစ်အတွက် ကောင်း၊ မကောင်း သင့်မသင့်**"ကို သိ... သော တွက်နည်းလေးတစ်... ဝါသနာရှင်တို့အတွက် တင်ပြ... သားလိုက်ရပါသည်။

ယခုနှစ်အတွက်

# သင့်တွင် ရုတ်လာဘ် ရှိ၊မရှိ သိရန်



**လက်တွေ့ တွက်နည်း**



ကောင်းသန့်
(သခွတ်မြေ)
ဝက်လက်

| | | |
|---|---|---|
| **တွက်လိုသည့်ခုနှစ်** | ၁၃၇၉ ခု | |
| **တွက်လိုသူ၏ မွေးသက္ကရာဇ်** | − ၁၃၅၅ | |
| | ၂၄ | **ရောက်သက်** |

| | | |
|---|---|---|
| **တွက်သည့်နှစ်** | ၁၃၇၉ | |
| **တွက်လိုသူ၏ မွေးသက္ကရာဇ်** | + ၁၃၅၅ | |

**စားကိန်း** ၂၄ ÷ ၂၇၃၄ = ၁၁၃ **လဒ်မလို...**

၂၄
၃၃
၂၄
၉၄
၇၂

**စားကိန်း** ၈ ÷ ၂၂ = ၂ **လဒ်မလို...**

၁၆
၆ **အကြွင်းလိုသူ...**





www.burmeselassic.com

www.burmeselassic.com

# မင်းချစ်ဖို့

သန့်ဇော် (ပညာရေး)

မင်းချစ်ဖို့ဆိုရင်...

မင်းရဲ့ ပရိယာယ်ကို သိဖို့ လိုပါလိမ့်မယ်။ "မင်း" ဆိုတာကတော့ **၅-တေးနံသင့်ဖြစ်လို့ ဦးဆောင်သူ၊ အကြီးအကဲ၊ အထက်အရာရှိ၊ အုပ်ချုပ်သူ၊ ဆရာသမားတွေပါပဲ။**

**တစ်ဦးနဲ့တစ်ဦး ချစ်ကြည်မှု ခိုင်မြဲဖို့ဆိုရင်** အဓိက လိုအပ်ချက်ကတော့ မေတ္တာစိတ် အရင်းခံ ရှိဖို့ပါပဲ။ မေတ္တာတရားဆိုတာက လူနတ်ချစ်တဲ့ ပီယဆေးတော်ကြီးလဲ ဖြစ်တယ်။ ရန်စိတ်ကို ချေဖျက်ပြီး အောင်မြင်မှု ရစေနိုင်ပါတယ်။ ကြည့်ပါ...

ဓ မွှာ → ၇ ၅
မယ ထ္တာ → ၅ ၇ ← **ထက်ကင်း**

နောက်ပြီး အကြီးအကဲ ဖြစ်သူတွေကလဲ နာယကဂုဏ် ရှိမယ်၊ ဗြဟ္မစိုရ်တရားတွေ ရှိမယ်ဆိုရင် နောက်ပြီး သက်အောက်က သူတွေကလဲ ဂါရဝတရားရှိမယ်၊ သစ္စာရှိမယ်၊ ကျေးဇူးသိမယ်၊ တာဝန်ကျေမယ်ဆိုရင်လဲ မင်းချစ်ဖို့ရာ သေချာလှပါပြီ။

သို့သော်လဲ ပုထုဇဉ်တွေမို့ တစ်ခါတလေကျတော့လဲ ပြောမိဆိုမှား ဖြစ်တာတို့၊ အထင်လွဲ အမြင်မှားတာတို့ စတာတွေ ရှိလာတဲ့အခါမှာ အလုပ်မှာ ထိခိုက်မှုလေးတွေ ကြုံလာရတတ်တယ်။

ဒီတော့ စိတ်ညစ်စရာတွေ ကြုံရချာ ဒီအခါ မင်းချစ်ဖို့ လိုလာပြီပေါ့။ မင်းချစ်ဖို့ဆိုရင်...

'အေးကွယ်... ဒါတွေက ဖြစ်တတ်တဲ့ သဘာဝတွေပါ။ ဒီတော့ မင်းချစ်ဖို့ဆိုရင် အင်း...မင်းက မောင်မြထွေးနော်၊ ကြာသပတေးဆိုတော့ မင်းရဲ့ မွေးနေ့မှာ ကြာသပတေးနံသင့် ဘုရားစေတီတစ်ဆူဆူရဲ့ အဂ္ဂါထောင့်မှာ ပေါင်မုန့်(၅)ချပ်နဲ့ ဆွမ်း(၁)ပွဲ



လှူရမယ်၊ အချိန်ကတော့ မနက်(၆)နာရီကနေ (၇)နာရီအတွင်း အပြီးဆောင်ရွက်ရမယ်'

အဘိုးက ဤသို့ ပြောလိုက်ပြီး ဦးမြထွေးကို စိမ်းစိမ်းကြည့်ရင်း ကွမ်းတစ်ယာကိုဝါးရင်းဆက်၍ပြောပါတယ်။

'အေး...ပြီးတော့ ပန်းနှရောင်ယပ်(၅)ချောင်း၊ သပြေ(၉)သွန့် လှူပြီးတော့ ရေသပ္ပါယ်ရမယ်၊ (၁၉)ခွက် ကြားလား။ သေသေချာချာ မှတ်သားဦး... ရွတ်ရမယ့် ဂါထာလေး ရေးပေးလိုက်မယ်'

အဘိုးမှာ ပြောပြောဆိုဆိုနဲ့ စာရွက်တစ်ရွက်၌ အောက်ဖော်ပြပါ ဂါထာလေးကို ရေးပေးလိုက်ပါတယ်။

အဘိုးက ဒီလို ကူညီလို့ ဒီလိုအဆင်ပြေ စိတ်ချမ်းသာသွားရသူတွေထဲမှာ ဦးမြထွေးတစ်ယောက်လဲ ပါပါတယ်။

**ရေသပ္ပါယ်စဉ် ရွတ်ရန်...**

နရာ ဒေဝါစ ဗြဟ္မနော၊
ယက္ခာ နာဂါစ ဂရုဠာ၊
တေဝိ ဒိဿာ ပိယာမယှံ၊
ပုတ္တံ မမေဝ သိနေဟာ။ *[၁၉-ခေါက်]*

**ရွတ်ရမယ့်ဂါထာ၏ အဓိပ္ပာယ်မှာ...**

**နရာစ**- လူတို့သည်လည်းကောင်း၊ **ဒေဝါစ** - နတ်တို့သည်လည်းကောင်း၊ **ဗြဟ္မာနောစ** - ဗြဟ္မာတို့သည်လည်းကောင်း၊ **ယက္ခာစ**-ဘီလူးတို့သည်လည်းကောင်း၊ **နာဂါစ**-နဂါးတို့သည်လည်းကောင်း၊ **ဂရုဠာစ**-ဂဠုန်တို့သည်လည်းကောင်း၊ **တေဝိ**-ထိုလူ, နတ်, ဗြဟ္မာ, ဘီလူး, နဂါး, ဂဠုန် အလုံးစုံတို့သည်လည်း၊ **ဒိဿာ**-မြင်သိရှိသော်၊ **မယှံ**-အကျွန်ုပ်အား၊ **ပိယာ**-မြတ်နိုးသက်ဝင်၍ ချစ်ခင်ကြကုန်သည်၊ **ဟောန္တု**-ဖြစ်ကြပါစေကုန်သတည်း။

**ပုတ္တံ**-မိမိတို့၏ သားကို၊ **သိနေဟာ ဣဝ**-ချစ်ခင်ကြကုန်သကဲ့သို့၊ **မေ မမ**-အကျွန်ုပ်အား၊ **ပိယာ**-မြတ်နိုးသက်ဝင် ချစ်ခင်ကြကုန်သည်၊ **ဟောန္တု**-ဖြစ်ကြပါစေကုန်သတည်း။

'ဒီလိုလေကွယ့် မြေးရဲ့ မောင်မြထွေးက ကြာသပတေးသားဆိုတော့ **"မင်း" ပညတ်**နဲ့ ခတ်ဆင်တာဆိုတော့ **ကြာသပတေးနံသင့် နှစ်ခုပါတဲ့ ပစ္စည်းကို** ကောက်တော့ **"ပေါင်မုန့်"** **"ပဲမုန့်"** စတာတွေ ရရော။

နောက်ပြီး **"သူ့ကိုနိုင်လို ဆ,ကိုနိ"** ဆိုတဲ့ လင်္ကာသဘောရ **"မင်း" ရဲ့ ဆပွတ်ဖြစ်တဲ့ အဂ္ဂါထောင့်မှာ** ဆောင်ရွက်ခိုင်းတယ်။

အင်း... ပြီးတော့ **အပုန်းမွေ့ရပ်အောင်၊ အေးချမ်းအောင်** ယပ်လှူ



www.burmeselassic.com

www.burmeselassic.com

တယ်။ ရေသပ္ပါယ်တယ်။

**ယပ်ခတ်တော့လဲ အေးတယ်။ ရေလောင်းတော့လဲ အေးငြိမ်းစေ** တဲ့ သဘောပါပဲ'

အဘိုးက ယခုလို ရှင်းပြပါတယ်။ အဘိုး ပြောပြသမျှသည် မှတ်သားဖွယ်ရာများ ဖြစ်သလိုပဲ ကျွန်တော်အတွက်လဲ ဗဟုသုတ တိုးပွားကာ အကျိုးများစေပါတယ်။

ကျန်တဲ့ (၇)ရက် (၇)နေ့ သားသမီးများ မင်းချစ်ဖို့ အလွယ်တကူ ဆောင်ရွက်နိုင်ဖို့ ဇယားဖြင့် ဖော်ပြပေးလိုက်ပါတယ်။

| နေ့သား | လှူဖွယ်ဝတ္ထု | ယပ်အရောင် | သပြေ | ရေ | ထောင့် | ဘုရားစေတီ | အချိန် |
|---|---|---|---|---|---|---|---|
| ၁-နွေ | အုန်းသီးမှုန့် အုန်းပြုန့်ပေါင်း | လိမ္မော်-၅ | ၉ | ၁၉ | အဂ္ဂိ | ၁-နွေ နံသင့် | နံနက် (၅) နာရီမှ ၈ နာရီ (၅) မိနစ်ထိ |
| ၂-လာ | ကြံပန်းခိုင် | အဖြူ-၅ | ၉ | ၁၉ | အဂ္ဂိ | ၂-လာ နံသင့် | |
| ၃-ဂါ | ဆန်ပြုတ် | အစိမ်း-၅ | ၉ | ၁၉ | အဂ္ဂိ | ၃-ဂါ နံသင့် | |
| ၄-ဟူး | ဖရုံယို လိမ္မော်သီး | အဝါ-၅ | ၉ | ၁၉ | အဂ္ဂိ | ၄-ဟူး နံသင့် | |
| ၅-တေး | ပဲမုန့် ပေါင်မုန့် | ပန်းရောင်-၅ | ၉ | ၁၉ | အဂ္ဂိ | ၅-တေး နံသင့် | |
| ၆-ကြာ | သဘော်သီး သပြေသီး | အညို-၅ | ၉ | ၁၉ | အဂ္ဂိ | ၆-ကြာ နံသင့် | |
| ၀-နေ | ပိန္နဲသီး | အနီ-၅ | ၉ | ၁၉ | အဂ္ဂိ | ၀-နေ နံသင့် | |

* * *

***မြေရင်မှာ ရှိပါစေ။***

**သန်းခေါင်(ပညာရေး)**

စာမျက်နှာ (၁၃၅)မှ အဆက်



မှန်၊ သောတာပန်ဖြစ်၊ စံလစ်နတ်သား၊ ပြဗ္ဗာသွားလျက်၊ မလားအပါယ်၊ မျိုး စင်ကြယ်၍၊ လူ့ဝယ်ဖြစ်က၊ သေဋ္ဌ ဘဝေ၊ လေမြေစိုးရ၊ တေဇပြန့်ပွား၊ ခြွေရံများလျက်၊ သိကြားလီမွာ၊ ပညာပြည့်စုံ၊ ကုံလုံဥစ္စာ၊ လှူဒါပျော်မွေ့၊ ဆယ်ပါရမီ၊ အညီဖြည့်၍၊ လူ့လေ့ဘာဝ၊ အင်္ဂမယွင်း။ ကောင်းခြင်း လက္ခဏာ၊ ပြည့်စုံစွာနှင့်...

ဒေဝါဇနှ၊ မြင်ကချစ်ခင်၊ ကြားလျှင် ရှိသေ၊ ပီယေပြီးစီး။ သူတော်နည်းဖြင့်၊ အပြီးပြည့်စုံ၊ မကြုံသုညာ၊ သာရကမ္ဘာ၊ တိုင်သောခါလည်း။ မာရာဇိနှ၊ မြတ်ဗုဒ္ဓ တွင်၊ ပါစေချင်က၊ ပါရမည်သာ၊ သတ္တဝါကို၊ မေ့မှာပြန့်ပွား၊ ချစ်သနား၍၊ ဘုရားဖြစ်လို၊ ထိုသည်ကာလ၊ ဗျာဒိတ်ရအံ့...

ဘဝတကာ၊ သံသရာတွင်၊ ငြိုငြင်မရှိ၊ ငြိမ်းဘိချမ်းသာ၊ မြဲမှတ်ပါတော့၊ အာကာဘင်လမ်း၊ သူ့အစွမ်းကို၊ ဆုံးခန်း အောင်ပင်၊ လက်ာဆင်က၊ မြေပြင်သာကျဦး၊ မကုန်လျှင်းဘူး၊ ထူးရာတွင်နှုတ်၊ တော်ရုံချုပ်၍၊ ထုတ်လိုက်သည်နှော်၊ **ဘော်စင်ငါ။ဆ၊ ထုံးပြောကျနှင့်၊ သုတလေးတွေ၊ ဉာဏ်ကူသည်မှ၊ ရသည့်ပြောဝယ်၊ ဘင်တစ်ဆယ်**

**မှတ်၊ တစ်ရွေးခပ်ကား နီဗ္ဗာနသော်၊ ရွှေသော်နှင့်ထ... ရွှေသော်ထွက်အံ့...**

အထက်သို့ကြို၊ ဉာဏ်နှင့်ထောက်ဆ၊ တက်ပြန်က... ပညာကြီးက၊ သုတလည်းသော၊ တစ်မြေလုံးဝ၊ ဆုံးစမရှိ... ထိသည်၊ ကြံဘိနောက် နောင်ရှင်လူတည်း။

လက်ာစာသွား အလွန်ရှင်း၍ အကျယ်မဖွင့်ဆို...

**နေမင်းသူရိယ**



www.burmeselassic.com

www.burmeselassic.com



ဘင်ကို ခဲမဖြူဟူ၍လည်း ခေါ်၏။
ခဲမဖြူ(၂)မျိုးရှိ၏။ (၁) ခုရက ...ဖြူသည် အဖြူးသော ဓာတ်တို့နှင့် ...ရောယှက်သော ခဲမဖြူမျိုးဖြစ်၏။ (၂) ...ဖြူးသောဓာတ်တို့နှင့် ရောယှက် ...သော မသန့်ရှင်းသော ခဲမဖြူလည်း ...

...ခုရက ခဲမဖြူသာလျှင် ကျမ်း၌ဆို ...သော ဂုဏ်ကျေးဇူးကို ပြုတတ်၏။ ...သော ခဲမဖြူသည် ကျေးဇူးမဲ့ ...တတ်၏။ ထို့ကြောင့် **ထိုခဲမဖြူကို ...ဖော်စပ်ရန်အတွက် အသုံးမပြု...**

...ရက ခဲမဖြူသည် ဖြူသောအဆင်း ... နူးညံ့၏။ ပြေပြစ်၏။ မီးတွင် ...စွာ ပျော်သွားတတ်၏။ ...နိုန်လေး၏။ အသံမပြည်ချေ။ **...သော ခဲမဖြူသည် အမည်း ...သမ်း၍ ဖြူသော အဆင်းရှိ၏။**

### ...ဖြူ၏ ဂုဏ်ကျေးဇူးများ

...ပြာသည် ဝမ်းမီးကို တောက် ...၏။ အစာကြေလွယ်၏။ နူတ် ...တတ်၏။ ဆီးဝမ်းကို ရှင်စေ ... ဆီးသွန်နာ၊ သလိပ်နာ၊ ပိုး နာ၊ ဖျော့တော့နာ၊ ပန်းနာတို့ကို နိုင်၏။ မျက်စိကို ကျေးဇူးပြုတတ်၏။ အသိဉာဏ်ကို တိုးပွားစေ၏။ အေးသော သတ္တိရှိ၏။ ခန္ဓာကိုယ်လှပခြင်းကို ပြုတတ်၏။

အရည်အဆင်းကို တိုးပွားစေတတ်၏။ ပေါက်သောအနာတို့ကို ပယ်နိုင်၏။ ကျန်းမာစေတတ်၏။ ကိုယ်ကို စည်ပင် ဝဖြိုးစေတတ်၏။ ကိုယ်၏ ချမ်းသာခြင်းကို ပေးတတ်၏။

က္ကန္ဒြေအပေါင်းကို အားဖြစ်စေတတ်၏။ သုက်ကို ပွားစေတတ်၏။ ခယရုဂ်ရောဂါကို ပယ်ဖျောက်တတ်၏။ အိပ်မက်၌ သုက်လွှတ်ခြင်းကို ပယ်ဖျောက်တတ်၏။ ယင်းခဲမဖြူသည် ဥပမာ ခြင်္သေ့သည် ဆင်အပေါင်းကို နိုင်သကဲ့သို့ ထို့အတူ ခဲမဖြူသည် အလုံးစုံသော ဆီးသွန်နာ၊ ဆီးရောဂါတို့ကိုနိုင်၏။

ဤမျှဖြင့် ခဲမဖြူခေါ်သော ဘင်၏ အစွမ်းသတ္တိကို သိသာထင်ရှားပြီဖြစ်၍ တစ်ဆင့်ထက် တစ်ဆင့် မြင့်သထက် မြင့်သော ဘင်ပြာထွက်ရပ်ပေါက် အာယုဒီဃလမ်းကို မေတ္တာဖြင့် ဖော်ပြလိုက်မည်။

## ဘင်ပြာထွက်ရပ်ပေါက်

# အာယုဒီဃလမ်း

**နေမင်းသူရိယ**

ဘင်ပြာထွက်ရပ်ပေါက်

အာယုဒီဃလမ်း

ဥဇ္ဈောက်စိန်ဖြူ ယူလေဘင်ပြာ၊ လေးတူသာလျှင်၊ ထည့်ပြီးခြင်မှ၊ ပမာမြူနှံ၊ ညက်အောင်ပြု၍ မြေနုသေချာ၊ လုံမှာထားသွင်း၊ ဖွဲ့တစ်တင်းနှင့်၊ မီးပြင်းတစ်ဖန်၊ ပြာဖြစ်မှန်၏။ တစ်တန်တစ်ခါ၊ တက်လိုပါမူ၊ ဘင်ပြာတစ်ဆ၊ လေးဆလောဟာ၊ ထည့်ပြီးကာမှ၊ လုံလှသေချာ၊ ပိတ်၍သာလျှင်၊ ဗိုမီးတွင်လည်း၊ ကင်းပုံမှည့်သာ၊ ထိုးရပါမူ၊ လောဟာမရဏာ၊ ပြာဖြစ်ရ၏။

ဥပရိဆင့်၊ စီရင်လင့်ပြန်၊ တစ်ကျပ်မှန်တွင်၊ ဘော်စင်ငါးဆ၊ ထုံးပြာကျလိမ့်၊ သုတလေးတူ၊ ဉာဏ်ဖြင့်ကူကာ၊ မရဏာထုံး၊ သုံး၍မကုန်၊ လုံခြုံမနေ၊ ပြည့်ဖြိုးကြွလိမ့်၊ ကာယသိဒ္ဓိ၊ စားလိုဘိက၊ မစုရဟု၊ ချိုမြရသာ၊ သကာသကြား၊ ဖင်ဇရွှေလားမျှ၊ ဖျော်စားရသော်၊ ဘက်ပေါ်မတု၊ အာယုဝမှန်၊ နိဗ္ဗိတလိမ့်၊ ဗလအားကြီး၊ ဆင်ဆယ်စီးကို၊ အမြီးကမြှောက်၊ ပစ်နိုင်လောက်လိမ့်၊ တစ်ယောက်မြေပေါ်၊ တုမမျှော်ဘဲ၊ ရဲရင့်သတ္တိ၊ ဗျတ္တိပြည့်စုံ၊ သုံးပုံပိန္နကတ်၊ လေးရပ်ဗေဒင်၊ ကုန်သိမြင်လိမ့်...

လူတွင်ဘက်ရှား၊ ငါယောက်ျားဟု၊ မိုးဖျားအာကာ၊ အဇ္ဈာသို့ ဝိဇ္ဇာတဲ့ရှေ့ ရှိမတေးကို၊ မှီသေးမကာ၊ ဤကာယနှင့်၊ ပူးရမည်သာ၊ တရားနာ၍ ခမ္ဘာတည်

 (စာမျက်နှာ (၁၃၄) သို့)

www.burmeselassic.com

ကြော်ငြာဇာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဪ ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"




(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-၁၇၁၁ YR ၀၀၆၀၂၇)




(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၀၉)

**ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃**

"ဪ ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထ ကြာကြာထိုင်ပြီး ပြန်အထမျှားတွင် လက် ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျ ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ် ရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့် ၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အား နှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြော ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံ ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံ အကြောများ အားနည်းခြင်း၊ လေအား ခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာ ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုး အရိုးအဆစ်အကြောနဲ့ လေးဖက်နာ များကို သက်သာပျောက်ကင်းစေ ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက် လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာ ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ် သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမ ဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မ

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

**အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊**

**သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပ**

**ဖုန်း-၅၂၂၅၄၁**

www.burmeselassic.com

www.burmeselassic.com

# ခင်ပွန်းကောင်း ရရှိနိုင်မလား

ဆရာကြီးဦးအောင်မြင့်
(ဥပဒေအဖွဲ့)
သတ္တဗေဒင်ပညာသုတေသီ




ဃခုဖော်ပြပေးလိုက်သော ညာ
က်ဖဝါးပုံစံပိုင်ရှင်မှာ အသက်
ဆယ်ကျော်အရွယ် အိမ်ထောင်
ရသေးသော မိန်းမပျိုတစ်ဦး
ပါသည်။

"**က" အက္ခရာနှင့်** ညွှန်ပြ
သည်မှာ နှလုံးလမ်းကြောင်း
ားက လက်ခလယ်နှင့်
က်ညှိုးကြားတွင် **ကြာဖူးပုံ**

ာအခြ
ခြင့် အဆုံး
နေခြင်း ဖြစ်ပါသည်။
သက်တမှာ အိမ်ထောင်
သော ခင်ပွန်းမျိုး ရရှိစေသည်။

* *







www.burmeselassic.com

www.burmeseclassic.com

"ခ" **အက္ခရာနှင့်** ညွှန်ပြထားသည်မှာ ကံလမ်းထီးရိုးသည် လက်ခလယ်အောက် စနေဂြိုဟ်ခွင်ထိ ရောက်ရှိအောင် ရှည်လျား နက်ရှိုင်းအားကောင်းပြီး လက်ခလယ်ရင်းစနေဂြိုဟ်ခွင်တွင် ထိုကံလမ်းထီးရိုးအဖျားကို ကန့်လန့်အဖျက်လမ်းတစ်ခုမှ ဖြတ်သန်းမှုမရှိခြင်း ဖြစ်ပါသည်။


* * *




ထိုသင်္ကေတမှာ အတိတ်ကံကုသိုလ် ကောင်းမွန်သဖြင့် ဘယ်မှာနေနေ ဘာလုပ်လုပ် အောင်မြင်တိုးတက်နိုင်သော ခင်ပွန်းမျိုးကို ရရှိစေနိုင်သည်။

"ဂ"အက္ခရာဖြင့် ညွှန်ပြထားသည်မှာ လက်ခလယ်နှင့် လက်သူကြွယ်ကြား စနေဂြိုဟ်ခွင်နှင့် တနင်္ဂနွေဂြိုဟ်ခွင်ကြားမှာ **ဒေါင်လိုက်မျဉ်းမတ်ငယ်** ထင်ရှားပါခြင်း ဖြစ်သည်။

* * *







ထိုသင်္ကေတမှ သိုက်မှလာသော လူဝင်စား အမှတ်အသ...
ဆိုပါသည်။ မမြင်အပ်သော အစောင့်ရှောက်ပုဂ္ဂိုလ်များ ...
ရှောက်ခံရသည့် အမျိုးသားကို အိမ်ထောင်ပြုရတတ်သည်...

**"ဃ" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်...
ကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခွင်မှာ အောင်မြင်ရေး...
ထင်ရှားကောင်းမွန်ခြင်း ဖြစ်သည်။

* * *




နှလုံးလမ်းပေါ်မှ စတင်ထွက်သော သစ်ပင်ပုံ ထိုအောင်...
လမ်းကြောင့် အောင်မြင်ကျော်ကြား ချမ်းသာကြီးပွား ဂုဏ်...
မြင့်မားသော အမျိုးသားနှင့် လက်ထပ်ပေါင်းသင်းရလိမ့်...

အထက်ပါအချက်အလက်များ အမျိုးသမီး၏ ...
လက်ဖဝါးတွင် ပါရှိသူမှာ ယခုဘဝတွင် ခင်ပွန်းကော...
ရရှိနိုင်ပါသည်။

*လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ...*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီးဦးအောင်မြိုင် (ဥပဒေ...)**
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

# အညောင်းသမားများအတွက်

## အကြောပြင်နည်းတစ်ကွက်

ဓောသိင်လ

ပြက္ခရွေတောင် ခရီးစဉ်မှအပြန် စ်ကိုင်းသို့ ဝင်ရောက်နားနေစဉ် မ်းဦးတိုက်သစ်မှ ကျောင်းသား သားက နင်းနှိပ်ပေးသည်။

'ဦးလေး ခြေသလုံးကြောတွေ တင်းနေတာပဲ။ ကျွန်တော် ချိုးပေးမယ်'

ချာတိတ်[အသက် (၁၇)နှစ်ကျော်] က ခြေဖဝါးကို လှန်၍ ကိုယ်လုံးဖြင့် ပ်ချိုးချသဖြင့် အလွန်ခံရခက် သော ဝေဒနာနှင့်အတူ နူတ်မှ ော်မြည်ရသည်။


ဆေတနာဖြင့် ကူညီခြင်းအတွက် ပြစ်မတင်ရက်ပါ။ တစ်စုံတစ်ရာ တ်ယွင်းပြီဟု သိရသဖြင့် အကြော သရာ မောင်ကျော်ဦးအား ပြသ ည့်သည်။ *[ထိုစဉ်က ကျွန်တော်၏ ကြော ချွတ်ယွင်းမှုကို သူ မညွှန်ပြ ခဲ့ပါ။ သို့သော် သူပြောပြသမျှ များစု အကျိုးရှိနိုင်သဖြင့် ဖော်ပြရပါသည်။]*

လှုပ်ရှားမှုနည်းတဲ့ ရုံးသမားတွေ ဖြစ်တတ်သလို လှုပ်ရှားမှုများတဲ့ ,ကုန်တင်,ကုန်ချ လမ်း လျှောက်များသူတွေမှာလဲ ဖြစ် တယ်။ ဆရာ့ အကြောက လျှောက်(လှုပ်ရှားမှု) များလို နည်းလို့ ဖြစ်တာလား တော် မဝေခွဲတတ်ဘူး'

နေ့ကတင် ပေတစ်ထောင် ပြက္ခရွေတောင်ခရီးက ဆင်းလာမင့်ပဲ။ လှုပ်ရှားမှုနည်းတာ တော့ မဖြစ်နိုင်ပါဘူး'


'ဒါဆိုရင် **အသုံးချလွန်လို့ အကြောနာသွားတာပါ။ ခြေမျက်စိ အောက် လက်တစ်လုံးအကွာ အကြောကို ပထမ အကြောပြင် ကြည့်ပါ။** အခု ကျွန်တော် အကြော ပြင်ပေးသလိုပေါ့။ ဘယ်လိုနေလဲ'


* * *




'**ခြေဖဝါးက စူးနဲ့ထိုးသလို** ခံစားရတယ်'

* * *



'ဒုတိယကတော့ **ဒူးဆစ်အောက် ခြေသလုံးအပြင်ကြော၊ ဒူးကောက်ကွေးနားမှာ ရှိတယ်။ ဆရာ့ အကြောက ငုပ်နေတယ်။** ဒါကြောင့် ကျွန်တော် ဝေခွဲရခက်နေတာ။ ဒီအကြောကိုလဲ ဒုတိယ အကြောပြင်ကွက်အနေနဲ့ အကြော ပြင်ပေးပါ။

အဲဒါဆိုရင် ကိုယ့်ဘာသာ ကုသ ကာကွယ်နိုင်ပါပြီ။ လှုပ်ရှားမှုများလို့ ဖြစ်ဖြစ်၊ နည်းလို့ဖြစ်ဖြစ် ကြိုယာ ပုတ် မမျှတတဲ့ လူတွေအတွက် အကျိုးရှိပါတယ်'

ပြက္ခရွေတောင် ခရီးစဉ်မှအပြန်



စာမျက်နှာ (၁၄၁) သို့

www.burmeseclassic.com

# ဒိဗ္ဗသောတ ဓာတ်လုံးလစ်

ပညာစက္ခု မင်းလက်ယာအောင်

၂၀၀၇ ခုနှစ်၊ မတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ (၂၆၂)မှ ခိုင်မင်း(သထုံ)၏ **ကျွန်ုပ်နှင့် ဓာတ်လုံးမပါဘဲ ဟောနေသူတစ်ဦး** အကြောင်းကို ဖတ်ရှုမိရာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က ကျွန်ုပ် ရရှိဖူးသော **ဒိဗ္ဗသောတဓာတ်လုံး လစ်းစဉ်ကို** သတိရမိပါသည်။

ထိုဓာတ်လုံး၏ အကြောင်းမှာ ဤသို့ဖြစ်သည်။ တစ်ခါက မြန်မာနိုင်ငံအောက်ပိုင်းမြို့တစ်မြို့သို့ ခရီးသွားလာခဲ့သော အင်္ဂလိပ်မိတ်ဆွေတစ်ဦးသည် ဘုန်းကြီးကျောင်း တစ်ကျောင်းသို့ ရောက်ရှိသွားရာ ထိုဘုန်းတော်ကြီးသည် လူအချို့အား ဗေဒင်ဟောနေသည်ကို တွေ့ရလေသည်။

ဘုန်းတော်ကြီးသည် ဗေဒင်မေးလာသူတို့အား ဇာတာမတွက် လက္ခဏာမဖတ်ဘဲ ဟောနေသည်ဖြစ်ရာ ဧည့်သည်မိတ်ဆွေက…

'ဒီကိုယ်တော်ဟာ အရင်က ဗေဒင်မဟောဘူး။ ဗေဒင်တတ်တယ်လို့လဲ မကြားဖူးဘူး၊ အင်္ဂလိပ်ပဲ ထိုးတယ်။ ခုလဲ မတွက်မချက်ဘဲ ဟောနေတယ်ဆိုတော့ သမထပေါက်ပြီး အကြားအမြင်များ ရနေလို့လား'

ဟူ၍ စဉ်းစားမိလေ၏။

ဗေဒင်မေးသူများ ပြန်သွားသော် ဘုန်းတော်ကြီးက ဧည့်သည်မိတ်ဆွေနှင့် စကားပြောရင်း မိတ်ဆွေ၏ အကြောင်းများကို မမေးမမြန်းဘဲနှင့် ဟောလေသည်။

ဧည့်သည်မိတ်ဆွေသည် ယခုဘယ်က လာသည်။ ဘာတွေ ဖြစ်ပျက်ခဲ့သည်။ ယခု ဘာတွေ လုပ်ကိုင်နေသည်ဆိုသည်ကို တိကျမှန်ကန်စွာ ဟောပြောနိုင်သော အခါ ဧည့်သည်မိတ်ဆွေက အံ့ဩစွာပင်…

'ဘုန်းကြီးသည် သမထပေါက်ပြီး အကြား အမြင်ရနေသည်'

ဟူ၍ ထင်မြင်မိကြောင်း လျှောက်ထားလေသည်။

ဘုန်းကြီးက သူသည် ဘာအကြားအမြင်မှ မပေါက်ဘဲ **ဓာတ်လုံးအောင်၍ ဟောပြောနိုင်ခြင်းဖြစ်ကြောင်း** ပြောပြကာ နားထဲတွင်ထည့်ထားသော ဓာတ်လုံးတစ်လုံးကို ထုတ်ယူပြသလေ၏။

မိတ်ဆွေသည် ဓာတ်လုံးကို သေချာစွာ ကြည့်ရှု၍ မည်သည့်ဓာတ်လုံးဖြစ်ကြောင်း လျှောက်ထားရာ



ဘုန်းကြီးက ထိုဓာတ်လုံးသည် **သွပ်ဓာတ်လုံး… ဘယ်နားတွင်ထည့်ထားလျှင် သူတစ်ပါးအကြော… ကို သိရှိနိုင်၍ ညာဘက်နား၌ ထည့်ထားလျှ… အကြောင်း** ရှေ့ဖြစ်များကို ကြိုတင်မြ… ပြောပြ…

ထိုသူသည် ကျွန်ုပ်နှင့် မိသားစုကဲ့သို့ ခင်မင်… သော အင်္ဂလိပ်ဆရာကြီးနှင့် တွေ့ဆုံ၍ ထိုအ… အရာတို့ကို ပြောပြကာ ဓာတ်လုံးတည်န… ပေးသွားခဲ့လေသည်။

ကျွန်ုပ်သည် တစ်နေ့သောအခါ၌ ဆရာကြီး… ရောက်၍ အင်္ဂလိပ်ပညာနှင့် သက်ဆိုင်သော… ပညာရပ် အတွေးအမြင်အယူအဆတို့ကို … မေးမြန်းရာမှ စကားစပ်မိပြီး အသက်ပါ အ…

www.burmeselassic.com

အရာနှင့် ဒိဗ္ဗသောတဓာတ်လုံး တည်နည်းကို ကျွန်ုပ်အား ပြောပြကာ သူ၏ မှတ်စု စာအုပ်ကိုပါ ထုတ်ပေးပြီး ရေးကူးစေခဲ့သည်။

ဆရာကြီးက ကျွန်ုပ်အား...

'မောင်အောင်ဝင်းရေ ဆရာကြီးကတော့ ဒီနည်းကို စမ်းကြည့်ချင်ပေမယ့် ဆေးပစ္စည်း မစုံလို့ ခုထိ မလုပ်ရသေးဘူး။

မင်းကတော့ ခရီးလဲ အရောက်အပေါက်များတယ်၊ ဗဟုသုတလဲစုံတော့ ဒီနည်းကို ကူးယူသွား။ ဆရာကြီးအထင်တော့ အဂ္ဂိရတ်နည်းပညာနဲ့ နာနာရုပ်ပညာပေါင်းစပ်ထားတယ်လို့ ထင်တာပဲ။ ဆေးတွေစုလို့ရရင် ဆရာကြီးကို ခွဲဝေပေဦး'

ဟူ၍ ပြောဆိုခဲ့ပါသည်။

ကျွန်ုပ်သည် ဆိုခဲ့သည့် ဓာတ်လုံးလမ်းကို ကူးယူခဲ့သော်လည်း အကြောင်း အမျိုးမျိုးကြောင့် ယခုအချိန်ထိ မစမ်းသပ်ရသေးပါ။

ဤနည်းမှာ [ခိုင်မင်း(သထုံ)]၏ ဆောင်းပါးမှ ဓာတ်လုံးနှင့် ဆက်စပ်နေပါသည်။

သွပ် (ဒိ)တစ်ကျပ်ကို ဣဿရမူလီသီး (ဒိ)တစ်ကျပ်၊ ခံတက်သီး (ဒိ)တစ်ကျပ်၊ ပေါက်သီး(ဒိ)တစ်ကျပ်၊ ကောရာဇ်သီး (ဒိ)တစ်ကျပ်တို့နှင့် ထိုးသော် ဒိဗ္ဗသောတဓာတ်လုံး ရ၏။

ဘယ်နားတွင်ထည့်က သူတစ်ပါးအကြောင်း အကုန်သိ၏။ ညာနားတွင်ထည့်က မိမိအကြောင်း အကုန်သိ၏။

**ပညာစက္က မင်းလက်ယာအောင်**

---

စာရှုသူ...သုတေသီ...အဂ္ဂိရတ်ပညာရှင် အပေါင်းတို့ခင်ဗျား...

ဤဆောင်းပါးပါ ဓာတ်လုံးနည်းလမ်းမှာ နည်းလမ်းစဉ် လိုအပ်မည်ဟု ယူဆပါသည်။ ထို့ပြင် "**စကားပြောသော ဓာတ်လုံးလမ်း**"လည်း ရှိသည်ဟု သိရပါသည်။

သို့ဖြစ်၍ သိရှိသူပညာရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် စုံလင်ပြည့်စုံစွာ ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

***လေးစားစွာဖြင့်...***

**ဦးကျော်မိုးသိန်း**

***စာတည်းချုပ်***

***နက္ခတ္တရောင်ခြည်မဂ္ဂဇင်း***

---

စာမျက်နှာ (၁၃၉)မှ အဆက်

...ာမ်းတွင် တွေ့ရသမျှ **ဒူးနာ၊ ခြေနာ ဝေဒနာရှင်များ** ***[ဖြစ်ပွားသော စာရင်းအရ (၈)ယောက်]ကို*** အာရောဂျံ...နှပြု ဝေငှခဲ့ရာ အကျိုးထိရောက်လှသည်ကို တွေ့ရ...သည်။

သင်သည် လုပ်ရှားလွန်းသူ၊ လုံးဝ မလှုပ်ရှားရသူ ...တစ်ယောက်ယောက် ဖြစ်ခဲ့ပါလျှင် **ဤနည်းနှစ်ရပ်ကို ...စမ်းကြည့်ပါ။ ဝေဒနာသက်သာသည်အထိ အသာ အယာ ...အကြောပြင်ပေးပါ။ ဖွဲ့ရှိစွာလည်း စောင့်ဆိုင်း ပါ။** ...ဘ်သတ္တ တစ်ပတ်အတွင်း ထူးခြားမှုကို ကြုံတွေ့ ရပါမည်။

လဲကျခြင်း၊ ရိုက်မိခြင်းဒဏ်ကြောင့် ခြေအကြောများနာကျင်မှုဖြစ်ပါက အခြားဆေးနည်းလမ်း အကူအညီယူမှသာ ပျောက်ကင်းနိုင်ပါသည်။

သာမန်အခြေအနေအရ **အညောင်းထိုင်ခြင်း (ကုန်ထမ်းသမား၊ ကာယလုပ်သားများ)** လှုပ်ရှားမှုလွန်ကဲခြင်းတို့အတွက် ဖြစ်ပေါ်ခံစားရသည့် ညောင်းကိုက်နာကျင်မှုများကိုမူ လုံးဝ သက်သာ ပျောက်ကင်းစေ ပါသည်။

***[စစ်ကိုင်းမြို့၊ နန်းဦးကွက်သစ်ရပ်၊ လမ်းဆုံအနီးနေ အကြောပြင် ပညာရှင် (ဆရာ)မောင်ကျော်ဦးနှင့် ဖနီးမဖြူတို့ ကျန်းမာရွှင်လန်းကြပါစေ။]***

**စောသိင်းလ**



www.burmeselassic.com

www.burmeselassic.com

ငွေကြေးများ စည်ပင်ဝပြောစေမည့်

# ငွေကြေးစည် အဆောင်

နည်းလမ်းကျင့်စဉ်

ပို့ရှယ်မေ
(အင်ဂါနွှ–သကြား...)


ကြေးစည်သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဘာသာရေး ကိစ္စရပ်များတွင် မရှိမဖြစ် အသုံးပြု သည့် အထွတ်အမြတ်ထားရာ ပစ္စည်းတစ်မျိုးဖြစ်ပြီး လွန်စွာ သေးငယ်သည့် အရွယ်အစားမှ သည် အလတ်စား၊ အကြီးစား ထိတိုင်အောင် ရှိတတ်ကြပါသည်။

အရွယ်အလတ် ကြေးစည်များ ကို မြန်မာဗုဒ္ဓဘာသာ အိမ်များရှိ ဘုရားခန်း အတွင်းဝယ် ကျက်သရေ မင်္ဂလာရှိစွာ ချိတ်ဆွဲထားကြပြီး ဘုရားရှိခိုး အမျှပေးဝေပြီးပါက (၃၁)ဘုံအတွင်း ကျင်လည်ကြကုန် သော ဝေနေယျသတ္တဝါများအား မိမိ ရရှိထားသည့် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ အား မေတ္တာရှေ့ထား ခွဲဝေပေးပြီး တီးခတ်ကြပါသည်။

အဆိုပါ ကြေးစည် တီးခတ်ပြီ ဆိုပါက ကြားရသမျှ ဝေနေယျ သတ္တဝါတို့မှာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုတတ်ကြပြီး အမျှပေး ဝေ တီးခတ်သူကဲ့သို့ပင် ထပ်တူ ထပ်မျှ ကုသိုလ်အမျှ ရကြပေသည်။

ထို့အတူပင် နေ့စဉ် နံနက်တိုင်း ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များ ၏ရှေ့မှ "နိဗ္ဗာန်ဆော်" တာဝန်ကို လည်း ယူတတ်ကြသည်မှာ "ကြေးစည်" ကလေးများပင် ဖြစ်ပါ သည်။

သို့ပါ၍ မေတ္တာစိတ်ဖြင့် ဝေပေးရာ နိဗ္ဗာန်ဆော် ကြေးစည်ကလေးအား အန္တရာယ်ကင်း ဘေးရှင်းပြီး လာဘ် ရွှင်စေမည့် အဆောင်နည်းလမ်း ကျင့်စဉ်ကလေးတစ်ခု ကျွန်ုပ် ရရှိ



ထား၍ စာရှုသူများ ကျင့်ဆောင် ပွားများ ဆောင်ထားပါက အကျိုး များစေနိုင်တာကြောင့် စေတနာ ရှေ့ထားပြီး ဖော်ပြရေးသားလိုက်ရ ပါတော့သည်။

**၂၀၀၃ ခုနှစ်၊ မေလအတွင်းက ဖြစ်ပါသည်။** ကျွန်ုပ်သည် တာဝန် အရ အရေးကြီးသည့် စာရွက် စာတမ်းများ ပေးပို့ရန် မြန်မာ့ကြံ လုပ်ငန်း(ရုံးချုပ်)ရှိရာ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်အတွင်းသို့ အချိန်မီ ပေးပို့ရန် သွားရောက်ခဲ့ရပါသည်။

အဝေးပြေး ယာဉ်ရပ်နားစခန်း အောင်မင်္ဂလာ အဝေးပြေးကွင်းမှ ရန်ကင်းမြို့နယ်သို့ သွားရောက်ရာ တွင် ဘတ်(စ်)ကားလိုင်းများ ရှိသော် လည်း အရေးကြီးသည့် စာရွက် စာတမ်းများနှင့် အချိန်မီ ရောက်ရှိ စေနိုင်ရေးတို့အတွက် ဘတ်(စ်)ကား အစား အငှားယာဉ်ဖြင့်သာ ... ရောက်ခဲ့ပါသည်။

ထိုခရီးတွင် ကျွန်ုပ် ငှား... အငှားယာဉ်မောင်းသူ၏ ရှေ့... လက်သုံးလုံးခန့် **အဖြူရောင် ကြေးစည်ကလေးတစ်ခုနှင့် အ... ကြေးစည်ကလေးအား တီး... နိုင်ရန် အဖြူရောင်လက်ကိုင်... တစ်ခု ချိတ်ဆွဲထားရာ** ကျွန်... စပ်စုစွာ ယာဉ်မောင်းသူ... မေးမြန်းမိခဲ့ပါသည်။

**ကျွန်ုပ်** ။ ။'ကားဆရာ ကြေး... ကလေးလားဗျ'

**ယာဉ်မောင်း** ။ ။'ဟုတ်တယ် ... ကြေးစည် က... ပဲ။ ရိုးရိုးကြေးစည် မဟုတ်ဘူး... ကျင့်စဉ်တစ်ခု လုပ်ထားပြီး အဆော... အဖြစ်တီးရတဲ့ ကြေးစည်ကလေး...'

**ကျွန်ုပ်** ။ ။'ဟုတ်လား၊ ဘယ်... ကျင့်စဉ်ကလေး ထား... အဆောင်အဖြစ် တီး... ရတာလဲဗျ'

**ယာဉ်မောင်း** ။ ။'ဒီလိုပါဆရာ ဒီ... အဆောင် ကြေး... စည်ကလေး ဆောင်တော့မယ်... ဆိုရင် နေ့စဉ်နံနက် အိပ်ရာ... ကိုယ်လက်သန့်စင်ပြီးပါက အိမ်... ဘုရားဆောင်မှာ ဆီမီး၊ ... ဆွမ်း စသည်ဖြင့် လှူဒါန်းပြီး... (၅)ပါးသီလ ဆောက်တည်ရမယ်...



www.burmeselassic.com

www.burmeselassic.com

ပြီးတော့ (၃၁)ဘုံအတွင်းရှိ သနေယျသတ္တဝါတို့အား အထူး မင်္ဂလာပွားများပြီး...

"ယခု ကျွန်ုပ်ပြုသမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာ ကုသိုလ်တို့အား (၃၁)ဘုံ အတွင်း ကျင်လည်ကြကုန်သော သနေယျ သတ္တဝါအပေါင်းတို့အား ကျွန်ုပ် အမျှပေးဝေပါ၏။ အမျှရကြ၍ ကျွန်ုပ်နှင့် ထပ်တူထပ်မျှ ကုသိုလ်ဒါန ရကြပါစေ" ဆိုပြီး ကြေးစည်ကလေးကို ၃)ကြိမ် တီးခတ်ပေးပြီး အမျှပေး ရပါမယ်'

**ကျွန်ုပ်** ။ ။'ဒါနဲ့ ကားဆရာ အခု ခင်ဗျား ဆောင်ထားတဲ့ ကြေးစည်ကလေးက ဘာကြောင့် ဖြူရောင် ဖြစ်နေရတာလဲဗျ'

**ယာဉ်မောင်း** ။ ။'အဖြူရောင် ဖြစ်နေတာပေါ့ ဆရာ။ ဒီကြေးစည်ကလေးသာ မကဘူး၊ ကျွန်တော့်အိမ်က ဘုရားရှိခိုးအပြီး တီးခတ်တဲ့ ကြေးစည်ကလေးပါ။ အတိတ်ကောင်း၊ နိမိတ်ကောင်း ဖြစ်ရအောင် "ကြေးစည်"ကလေး ကို **ငွေမင်အဖြူ သုတ်ထားတဲ့ ငွေကြေးစည်ကလေး အဖြစ်** အတိတ် ဆောင်ထားတာပါ'

**ကျွန်ုပ်** ။ ။'ဘယ်လို အဓိပ္ပါယ်နဲ့ **ငွေကြေးစည် ကလေး ဖြစ်ရအောင်** အတိတ် ဆောင်ထားတာလဲဗျ'

**ယာဉ်မောင်း** ။ ။'ဒီလိုလေ ဆရာ ရဲ့ **ငွေကြေးစည်** ဆိုတဲ့ စာလုံးတွေကို တစ်လုံးချင်း အဓိပ္ပာယ်ဖွင့်မယ်ဆိုရင် ငွေကြေး များ စည်ပင်ဝပြောနိုင်ခြင်း၊ ငွေကြေး များ ပေါ်များစေခြင်းလို့ အဓိပ္ပါယ် အတိတ်ဆောင်တယ် မဟုတ်လား ဆရာရဲ့။

ဒါကြောင့် ရိုးရိုးကြေးစည်လေး တွေကို အတိတ်ကောင်းအောင် **"ငွေကြေးစည်" လေးများ** အဖြစ် ဆောင်ရွက်ခြင်းပါပဲ'

**ကျွန်ုပ်** ။ ။'ဒါနဲ့ ကားဆရာ အခု ခင်ဗျား ကားထဲမှာ ဆောင်ထားတဲ့ ကြေးစည်ကလေး ကတီးလို့ရရဲ့လား။ အဆောင် အဖြစ်ပဲ ထားတာလား'

**ယာဉ်မောင်း** ။ ။'တီးလို့ ရပါတယ် ဆရာ၊ အသံတော့ တိုးတာပေါ့။ အိမ်က ငွေကြေးစည် လေးက အလတ်စားပေါ့ ဆရာ၊ အိမ်မှာထားတဲ့ ငွေကြေးစည်ကို တော့ သွားလေရာ ဘယ်သယ်နိုင် မလဲဆရာ၊

ပြီးတော့ ကျွန်တော်က ကားနား ချိန် အချိန်မရွေး မေတ္တာပို့ တီးခတ် နေတာဆိုတော့ အသံကျယ်တဲ့ ငွေကြေးစည်နဲ့ဆို ဘယ်အဆင်ပြေ နိုင်မှာလဲ၊ ဒါကြောင့် အထူး အဆောင်အဖြစ်ထားတဲ့ **"ငွေကြေး စည်"**အဆောင်ကလေးပါ'

**ကျွန်ုပ်** ။ ။'ဒီ ငွေကြေးစည် အဆောင် ကျိုင့်စဉ်ကလေး လုပ်ထားတော့ ခင်ဗျား အနေနဲ့ ဘာတွေ ထူး သလဲဗျ'

**ယာဉ်မောင်း** ။ ။'ထူးတာ တော့ မပြောနဲ့ ဆရာ ကျွန်တော်တို့ ယာဉ်မောင်းသူ အချင်းချင်းတောင် "ဒီကောင်ကို သွားမယှဉ်နဲ့၊ ကားငှားစီးမယ့်သူ မရှိတဲ့ မြို့ပြင်မှာ ရပ်ထားတာတောင်- ခရီးသည်ရတဲ့သူ" လို့ ပြောကြ တယ်ဗျ။

ပြီးတော့ အောင်မင်္ဂလာ အဝေး ပြေးကွင်းမှာ ကျွန်တော်နဲ့ခင်တဲ့ ထမင်းရောင်းတဲ့ ဒေါ်မြိုင်ဆိုတဲ့ အဘွားကြီးကို ဒီကျိုင့်စဉ် အဆောင် နည်းလမ်း ပြောပြလိုက်တာ ရောင်း ကောင်းပြီး စီးပွားတက်လာလို့ဆိုပြီး ကျွန်တော် ဘယ်အချိန်သွားသွား ထမင်းဒါန အမြဲလုပ်တယ်ဗျ။

ပြီးတော့ ကျွန်တော့်အိမ်နားက ကောင်ကလေးတစ်ယောက် ဆို ရင် နိုင်ငံခြားသွားမလို့ အဆင်မပြေ ဖြစ်နေတာကြောင့် ကျွန်တော် ဒီငွေကြေးစည် ကျိုင့်စဉ်အဆောင် ကလေး ပေးလိုက်တာ (၂)ပတ် တောင် မကြာဘူး။ အဆင်ပြေသွား လိုက်တာ၊ အဲဒီကောင်လေးဆိုရင် ဘယ်လောက် ယုံကြည်လိုက်သလဲ 'မပြောနဲ့ ဆရာရေ၊ နိုင်ငံခြား ထွက် သွားတာတောင် ငွေအစစ်နဲ့ လုပ် ထားတဲ့ ငွေကြေးစည်ကလေး လည်ပင်းဆွဲလို့ပါ ဆရာ'

ကဲ...စာရှုသူ သူတော်ကောင်း များခင်ဗျား ကျွန်ုပ် တင်ပြပေးခဲ့သည့် အထက်ပါ အတိတ်ကောင်း အန္တရာယ်ကင်း လာဘ်ရွှင် **"ငွေကြေးစည်" ကျိုင့်စဉ်အား ပွားများကျိုင့်ဆောင်၍ ငွေကြေး များ စည်ပင်ဝပြောစေပြီး** ဘာသာ အကျိုး၊ သာသနာအကျိုးများ ဆတက်ထမ်းပိုး သယ်ပိုးနိုင်ကြစေ ရန် ရည်ရွယ်ရင်းဖြင့်...

**ပိုရှယ်မေ**

***(အင်ငါးခွ-သကြားစက်)***



www.burmeseclassic.com

www.burmeselassic.com

ကြော်ငြာဆောင်းပါး





# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်–0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွှတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးဂကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ဇိမ်ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကိုနောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေ့ါ၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုး ကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်** **စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်း အုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ် ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်း စားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေ့ါလား။ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမြင့် "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေး စာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြော သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ် တော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်း ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့် ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသ ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေး ရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက် ချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျ ခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင် ဒါပေမဲ...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့ လိုလိမ့်မယ်..."

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၇၂၂၉၇

---

www.burmeselassic.com

www.burmeselassic.com



◆ ထူးခြားသော ရှေးဟောင်းကြေးရုပ်တုများ

ရှေးဟောင်းသုတေသီ

ထူးခြားသော

# ရှေးဟောင်း ကြေးရုပ်တုများ

သိရှိသူ ပညာရှင်, သုတေသီများမှ ဖော်ထုတ်ရေးသားပေးကြပါရန်

...ရှေးဟောင်းပစ္စည်းတွေက ထိုင်း-မြန်မာ ...ယ် သောင်းရင်းမြစ်ထဲမှာ ရေဆင်း ...င်း တွေ့ရှိ ကောက်ယူခဲ့တာပါ။ ဟိုတုန်း ...ရှေးဟောင်းပစ္စည်း မှောင်ခိုသမားတွေက ...သောင်းရင်းမြစ်ကို ဖြတ်ကူးပြီး ထိုင်းနိုင်ငံထဲ ...ရောင်းကြတယ်။

...ချို့က အဖမ်းအဆီးကြောင့် သူတို့မှာ ...ရှေးဟောင်းပစ္စည်းတွေကို သောင်းရင်း ...ထဲ ပစ်ချပြီး ကိုယ်လွတ် ထွက်ပြေးကြ ...။

...ကြောင့် ဒီသောင်းရင်းမြစ်ထဲမှာ နွေရာသီ ...ချိန်ဆိုရင် ရှေးဟောင်းပစ္စည်းတွေ ...တာ တွေ့ရှိ ကောက်ရကြပါတယ်။

...ကျွန်တော် ရရှိထားတဲ့ ပစ္စည်းတွေက ...ကြေးသွန်းမနုဿီဟရုပ်၊ ကြေးသွန်း ...ရုပ်၊ ကြေးသွန်းဖားရုပ်နဲ့ ကြေးသွန်း ...တို့ ဖြစ်ပါတယ်။

...ရုပ်ရဲ့ အောက်ခြေမှာ အပေါက်ငယ် သဏ္ဌာန်တစ်ခု ရှိတယ်။ အဲဒီ ဟင်္သာရဲ့ ပါးစပ်မှာ ငါးငယ်တစ်ကောင်ကို ကိုက်ချီထားတယ်။

ထူးခြားချက်အနေနဲ့ မနုဿီဟရုပ်,ဖားရုပ်နဲ့ ဆင်ရုပ်တို့ဟာ ကြေးဝါရောင်ဖြစ်ပြီး ဟင်္သာရုပ်ကတော့ အမည်းရောင် ဖြစ်နေတယ်။ ကြေးနက်လား,တတ်သားလား မသိရဘူး။ ဝိဇ္ဇာလမ်း လိုက်စားတဲ့ ဂမ္ဘီရပညာရှင်တစ်ဦးက အဲဒီဟင်္သာရုပ်ကို မနက်ပိုင်း နှင်းကျတဲ့နေရာမှာ သုံး,လေးရက်ထားပြီးမှ မီးဖိုပေါ် စလောင်းဖုံးတင်၊ စလောင်းဖုံးပေါ်မှာ ဟင်္သာရုပ်တင်ပြီး အပူပေးကြည့်ပါလို့ ပြောတယ်။

ကျွန်တော် အဲဒီလို လုပ်ကြည့်တာ ဟင်္သာရုပ်အောက်ခြေ အပေါက်ထဲက အဖြူရောင် အလုံးကလေး (၉)လုံး ထွက်ကျလာတာ တွေ့ရတယ်။

တချို့က ပြဒါးလုံးလို့ ပြောတယ်။ တချို့က



www.burmeselassic.com

www.burmeselassic.com



◆ ကြေးဟင်္သာရုပ်ကို မီးခွက်တွင် အသုံးပြုထားပုံ

▼ ထူးဆန်းသော ကြေးဟင်္သာရုပ်



ခဲလုံးလို့ ပြောတယ်။ ကျွန်တော်က အဲ့ဒီ
အကြောင်း နားမလည်ပါဘူး။ ဂမ္ဘီရပညာ
လဲ မရှိဘူး။ ဒါကြောင့် ကျွန်တော်နဲ့ ရင်း
ဒီဦးပဉ္စင်းရဲ့ အကြံပေးချက်အရ ဆ
ကို လာပြတာပါ'

အသက်(၆၀)ခန့်အရွယ် အမျိုး
ကြီးက သူ ယူဆောင်ခဲ့သော
ဟောင်းရုပ်တု(၄)ခုကို ပြသရင်း
ကို ရှင်းပြခြင်း ဖြစ်ပါသည်။

ထိုသူမှာ ထိုင်း–မြန်မာနယ်
မြဝတီမြို့အပိုင် သောင်းရင်းမြစ်
ဘေးရှိ ကျေးရွာတစ်ရွာတွင် နေထိုင်
ဖြစ်ပြီး သူ့ကို ခေါ်လာသူမှာ
ဘုန်းတော်ကြီးကျောင်းတွင် သီ
သုံးလျက်ရှိသည့် ဦးပဉ္စင်းကြီးတစ်
ဖြစ်သည်။ ထိုဦးပဉ္စင်းကြီးမှာ ကျွန်
ရင်းနှီးသူ ဖြစ်ပါသည်။

ကျွန်ုပ်၏အမြင်မှာ ထိုရုပ်တု
သည့် လက်ရာ အလွန်မြောက်
သည်။ ပုံသဏ္ဌာန်လည်း မြင်ဖူး
သည်များနှင့်မတူဘဲ ကွဲပြားခြား
ရှိနေသည်။

ကျွန်ုပ်လည်း မကျွမ်းကျင်
ထိုရုပ်တုများကို ဓာတ်ပုံရိုက်
ကာ သူတို့ထံ ပြန်ပေးလိုက်
တတ်ကျွမ်းနားလည်သူနှင့် ချိတ်
မိသည့်အခါ အကြောင်းကြား
မည်ဟု ကတိပေးလိုက်ပါသည်။

**ထိုရုပ်တုများနှင့် ပတ်သ
တွေ့မြင်ဖူးသူ၊ အကျိုးအပြစ်
အသုံးချဖူးသူ၊ အတွေ့အကြုံ
များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်
တစ်ဆင့် ဖော်ထုတ်ရေးသား
ပြပေးကြပါရန် မေတ္တာရပ်ခံ
သည်။**

**ရွှေဟောင်းကိုတေသီ**



www.burmeselassic.com

www.burmeselassic.com

အန္တရာယ်ကင်း

# ပိယသိဒ္ဓိ အဆောင်လက်ဖွဲ့

စီရင်နည်း

အောင်ကြည်ဘန်း
(ဖောင်တော်သီ)

ဆောင်းနှောင်းကာလ၏ တစ်ညနေ ...ကျွန်တော်၏ ဗေဒင်ဟောခန်းရှေ့ ...ရှိ ရေသဖန်းပင်ပေါ်တွင် ဥသြငှက် ...လေးတစ်ကောင် “ဥသြ... ဥသြ” ...လွမ်းတေးသီဆိုနေသည်။ အရှေ့ ...က်လေအေးလေး ဝေ့ကာ ...ကာ တိုက်လာနေသည်။

မိုးကောင်း ဆုတောင်းပြည့်စေတီ ...တ် ဓမ္မာရုံပဌာန်းတရား ရွတ်ဖတ်သံ ...သည်း ကြားနေရသည်။ ကျွန်တော့် ...တွေ ဥသြငှက်သံနှင့်အတူ မွေးရပ် ...ကို လွမ်းနေမိသည်။

...ရားသံကို ကြားရပြန်တော့ ...သနာတရား နှလုံးသွင်းနေဖို့ ...တိရလာပြန်သည်။ ခန္ဓာငါးပါး ...နာမ်တရားတို့၏ ဖြစ်သဘော ...က်သဘောလေးတွေကို ဉာဏ်ဖြင့် ...င့်ကြည့်နေစဉ်...

'ဆရာ နေကောင်းတယ်နော်'

ဆိုသည့် အသံနှင့်အတူ ကိုဉာဏ် ...တစ်ယောက် ဗေဒင်ဟောခန်း ...တွင်းသို့ လှမ်းဝင်လာသည်။

'လာ...ထိုင် ကိုဉာဏ်မင်း မတွေ့ ...ကြာပြီ။ အခု ဘာလုပ်နေလဲ'

'အလုပ်ကတော့ ကြုံရာ အစုံပဲ ...ရာရေ။ တစ်ခုမကောင်း တစ်ခု ...ပြောင်းလုပ်နေရတယ်။ အခု အရောင်း ...ဝယ်လေးတွေနဲ့ နယ်ဘက်တွေ ...က်နေရတယ်။

နယ်ဘက်ထွက်ရတာ တစ်ခါတစ်ခါ ...န္တရာယ်များတယ်။ အဲဒါကြောင့် ...ရာ့ဆီလာခဲ့တာ။ ကျွန်တော့်အတွက် ...န္တရာယ်ကင်း၊ မျက်နှာပွင့်၊ လာဘ် ...စေတဲ့ အဆောင်လက်ဖွဲ့တစ်ခု ...ာက် လုပ်ပေးပါဦး'

'လုပ်ပေးရမှာပေါ့ဗျာ၊ လူရင်းတွေ ... ကျွန်တော်ကိုယ်တိုင်လဲ လက်ဖွဲ့



အဆောင်ကြောင့် အသက်ဘေးက လွတ်ခဲ့တယ်'

'ဘယ်လိုဖြစ်ခဲ့လို့လဲ ပြောပြပါဦး ဆရာရဲ့'

'ကျွန်တော် **၁၉၈၄ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်တွေမှာ** ဝန်ထမ်းအဝ ရေးမြို့မှာ တာဝန်ကျခဲ့တယ်။ အဲဒီမှာ **သိဒ္ဓိအောင်ဘရသေ့**နဲ့ တွေ့ဆုံခင်မင်ခဲ့ရတယ်။

ဘရသေ့က ကျွန်တော့်ကို လက်ဖွဲ့အဆောင်တစ်ခု ပေးခဲ့တယ်။ ကျွန်တော်လဲ လက်ဖွဲ့ကို ကိုယ်နဲ့ မကွာ အမြဲဆောင်ထားခဲ့တယ်။ လကမသာ ကြယ်ရောင်သာလင်းတဲ့ တစ်ညမှာတော့ သောင်းကျန်းသူတွေက ချောင်းတောင်ဘက်ကနေ ရေးမြို့ထဲကို လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ လှမ်းပစ်ကြတယ်။

ကျွန်တော်နေတဲ့အိမ်က မြို့လယ် ရွှေဆံတော်ဘုရားနားပါ။ အိမ်ခေါင်မိုးပေါ်ကို ကျည်ဆန်တွေ တဖြောက်ဖြောက် ကျတယ်။

လက်နက်ကြီးကျည်ဆန် ကျလာခဲ့ရင် အိမ်မှာဆို မလွတ်တတ်လို့ ကျွန်တော့်သားအငယ် နှီစို့အရွယ် ဝဏ္ဏမောင်ကို ပွေ့ချီပြီး ရွှေဆံတော်ဘုရားဝင်းထဲကို ပြေးရတယ်။

အဲဒီမှာ ကျည်ဆန်တစ်တောင့်က “ရှီး...ရှီး”ဆိုတဲ့အသံနဲ့ ကျွန်တော့် တည့်တည့်ဆီ ပြေးလာနေတယ်။ ကျည်ဆန်က ကျွန်တော့်အနားရောက်မှ ကျောင်းဈေးတဲ ဝါးလုံးတိုင်ကို ဒေါက်ခနဲ ထိပြီး ချော်ထွက်သွားတယ်။

ကျွန်တော်က ဘရသေ့ပေးထားတဲ့ အဆောင်လက်ဖွဲ့ကြောင့် အသက်ဘေးက လွတ်ခဲ့တာလို့ ယုံကြည်တယ်လေ။ အဲဒါကြောင့် ဘရသေ့ဆီသွားပြီး လက်ဖွဲ့အဆောင် စီရင်ပုံကို သင်ယူခဲ့တယ်။



www.burmeselassic.com

www.burmeselassic.com

ဂန္ဓာရီဝိဇ္ဇာပညာဘက်မှာ ဘရသေ့က ကျွန်တော့်ရဲ့ ဒုတိယဆရာပါပဲ။ ပညာစခန်းတက်ရာမှာ ကျွန်တော့်ကို အများကြီး အကူအညီ ပေးခဲ့ပါတယ်။

အခုလဲ ခင်ဗျားကို ဘရသေ့ စီရင်ပုံအတိုင်း အဆောင်လက်ဖွဲ့ စီရင်ပေးလိုက်မယ်။ လက်ဖွဲ့အဆောင်က အန္တရာယ်လဲကင်းတယ်။ ပီယသိဒ္ဓိရှိလို့ မျက်နှာလဲပွင့်တယ်။ လာဘ်လဲရွှင်တယ်။ ပယောဂ အတိုက်အခိုက်တွေကိုလဲ ကာကွယ်ပေးတယ်။

ဒါပေမယ့် ငါးပါးသီလကို စောင့်ထိန်းဖို့လိုတယ်။ သီလငါးပါးလုံး မထိန်းနိုင်ရင်တောင် သူ့အသက်သတ်တာ၊ သူတစ်ပါး သားမယားကို ပြစ်မှားကျူးလွန်တာ ရှောင်ရမယ်။ ကဲ...ကိုဉာဏ်မင်း ရှောင်နိုင်ပါ့မလား'

'ရှောင်နိုင်ပါတယ်။ ရှောင်ပါ့မယ်။ စိတ်ချပါ ဆရာ'

'ဒါဆိုလဲ စီရင်ပေးရတာပေါ့ဗျာ'

ကိုဉာဏ်မင်းကို အဆောင်လက်ဖွဲ့ စီရင်ပေးလိုက်ပါသည်။ ကိုဉာဏ်မင်း တစ်ယောက် ပြုံးရွှင်စွာဖြင့် နှုတ်ဆက်ကာ ပြန်သွားပါတော့သည်။

ဝါသနာပါသူများ အသုံးပြုနိုင်ရန်နှင့် ပညာရပ်များ တိမ်မြုပ်ပျောက်ကွယ်မသွားစေရန်အတွက် ဘရသေ့၏ အန္တရာယ်ကင်း ပီယသိဒ္ဓိအဆောင်လက်ဖွဲ့ စီရင်နည်းကို ဖော်ပြလိုက်ပါသည်။

**အဆောင်လက်ဖွဲ့ စီရင်ပုံလက်ာက...**

"(က)ကို (ယ)ယှက် အစဖွက်၊ (ကွန)နေ ပဋိသန္ဓေ၊ ဂပသေယျ(ခနင့်မ)၊ ယှက်လျှင် သုညထိုး၊ သုညထိုး၍ လုံးကြီးတင်(ဓ)ထီး၊ ထီးမတင်တဲ့ ရွှေကျောင်းသား၊ ရွှေကျောင်းသားမှန်ပါစေ၊ သန္ဓေရမှ တိတ်တိတ်နေ၊ နဂါးတွေ့ရုံသန်း၊ စံမြန်းသည့်သခင်၊ အပါးမှာ ခုံးဆယ်ပြီးတယ်၊ ကြီးပေ့တန်ခိုး ပွဲပြင်ထိုး"


ဟူ၍ ဖြစ်ပါသည်။

အဆောင်လက်ဖွဲ့ စီရင်ရန်အတွက် သာသနာပွဲ (သို့မဟုတ်) ဂိဇ္ဇာပွဲ တစ်ပွဲ တင်လှူရပါသည်။ အဆောင်လက်ဖွဲ့စမကို ရွှေပြား၊ ငွေပြား(သို့မဟုတ်) ကြေးပြားပေါ်တွင် သံကညစ်ဖြင့် ရေးရပါသည်။

- ✻ "က"ယှက် "ယ"ယှက်ကို အရင်ရေးမည်။
- ✻ အတွင်းဘက်မှာ "ကွန ခမ"ကို ရေးသွင်းရသည်။
- ✻ ပြီးလျှင် "က"ယှက် "ယ"ယှက်ကို အလယ်ထားပြီး သုညကို ရေးရသည်။
- ✻ သုညအပေါ်ဘက်တွင် "ဓ"ကို ရေးရသည်။
- ✻ သုညပတ်လည်တွင် စနေနံ အက္ခရာများဖြစ်သော "ဂ,ဂ္ဂ,ဥ,ပ,ဏ,တ,ထ,ဒ,ဓ,န"ကို ရေးရပါသည်။
- ✻ ရေးပြီးလျှင် ဘုရားဂုဏ်တော်ကိုးပါး (၃၇)ခေါက်၊ သမ္ဗုဒ္ဓေဂါထာတော်ကြီး (၃၇)ခေါက် ရွတ်ဆို၍ သိဒ္ဓိတင်ရပါသည်။

အဆောင်လက်ဖွဲ့စမပုံ

✻ ✻ ✻



*လိုရာဆန္ဒ ပြည့်ဝကြပါစေ။*

**အောင်ကြည်သန်း**
*(ဖောင်တော်သီ)*

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
ဖတ်ရှုလိုသူများသို့...
စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
လပေးဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်
အရောက်
ပို့ဆောင်ပေးပါမည်၊
စာအုပ်ရောက်
ငွေးယူစနစ်ဖြင့်
တစ်လလျှင် ၂၆၀၀/ကျ
(နှစ်ထောင့်ခြောက်ရာကျ
ကျသင့်ပါသည်၊
လပေးဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်၊
နက္ခတ္တရောင်ခြည်မဂ္ဂ
အမှတ် ၂၀၉-ခြေည်
၂၉-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကု
ဖုန်း
၀၉-၇၇၆၃၄၉၇
၀၉-၈၆၈၀၀၄၁၀
www.burmeselassic.com

www.burmeselassic.com

# လက်တွေ့ အင်္ဂလိပ်ရတ်လုပ်ရတ် (၃)

နတ်ဗျူဟ်စိ (ခမောက်ကြီးမြို့)

ဓာတ်သတ္တုမြောက်များစွာ ရှိသည့် အနက် တစ်မျိုးပြီးတစ်မျိုး ဖမ်းပုံသတ်ပုံများကို အခြေခံကျကျ သင်ကြားယူခဲ့ရပါ၏။

ကျွန်ုပ်သည် အင်္ဂလိပ်ပညာသည့် အပေါင်းတို့အား ဟုတ်မှန်ရာကိုသာ လက်တွေ့ အောင်မြင်ရာကိုသာ ဖော်ပြပါ၏။ မဟုတ်မမှန် ဟိုစာဒီစာထဲက ကူးယူ၍ စာဖတ်ပရိသတ်ထံမှောက် အရောက်မပေးချင်ပါ။

ထို မဟုတ်မမှန်ပေးသောကြောင့် ပညာရှင် လုပ်ရတ်သမားတို့ လက်တွေ့ ပြုလုပ်ခဲ့၍ မဖြစ်ထွန်း မအောင်မြင်ခဲ့သော် ယင်းတို့၏ ဆဲဆိုကြိမ်းဆဲမှုများကို အလကားမယူချင်ပါ။

ကျွန်ုပ်ထံ တုံ့ပြန်လာသော တကယ် မေတ္တာကို ခံယူ၍ မည်သူဖြစ်ဖြစ် ကျွန်ုပ်ပေးသောနည်း အောင်မြင်သွားကြပါလျှင် ဝမ်းသာပီတိ ဂွမ်းဆီထိသို့ မုဒိတာပွားပေးနေပါမည်။


အင်္ဂလိပ်လုပ်ရတ်သည် အလွန်ကျယ်ဝန်း နက်ရှိုင်းလှပါချေ၏။ ဟိုဂါထာရွတ်မှ ဒီဂါထာရွတ်ဆိုမှ ရသည်ဟု ဆိုလျှင် များပါချေမည်။

ကောင်းပြီ... အင်္ဂလိပ်အတတ်ပညာ ဘာမှမပြုလုပ်ဘဲ ဖိုထိုးကာဂါထာ ရွတ်ဆိုပါမည်၊ ရမည်တဲ့လားဟေးပါသေးသည် မရ ရေးချမရနိုင်ပါ။

ကောင်းပြီ...သွပ်ဓာတ်ဟု အမျိုးမျိုး အဖုံဖုံလုပ်ကာ ရေးသားနေကြတာတွေကို ကျွန်ုပ်တွေ့ရပါ၏။

လုပ်ထုံး လုံရတ်က မပီပြင်ကြ။ သွပ်ထိုးလိုက်သည်နှင့် ရသေ့ပါ ငိုသွားရသော သွပ်ဖြစ်၏။

ဘာဖြစ်လို့လဲဟု ဆိုလျှင် ပညာရှင်များ ရှေ့သို့သာ မည်း၍ အလောတကြီး ဓာတ်ကို ပြုလုပ်နေသရွေ့ သော်လည်းကောင်း၊ သွပ်ဓာတ်၏ ထွက်ပုံထွက်



နည်းနှင့် အခိုးအကြောင်း မသိသေးသမျှ ပညာရှင်များ မျက်စိလည် လမ်းမှားစေနိုင်ပါ၏။

အချို့ပညာရှင်များသည် ဓာတ်ဖြင့် အောင်မြင်ပါသည်ဟု ဆိုပါချေ၏။ တကယ့်လက်တွေ့တွင် သူ့ခမျာ အိမ်ငှားနေရရှာ၏။ အကြွေးထူလပျစ်နှင့် ရှိ၏။ တချို့ ကပ်ကာနေကြရ၏။

ဤသည်ကို ကြည့်ခြင်းဖြင့် လက်တွေ့ကို ပညာပေတံဖြင့် တိုင်းတာလို့ ရပါချေ၏။

ကျွန်ုပ်အား သင်ကြားပေးသော အင်္ဂလိပ်လုပ်ရတ်ဆရာသည် နှယ်နှယ်ရရ ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ကျမ်းအဆောင်ဆောင်ကိုလည်း နောင်းလူများအတွက် ရေးသားခဲ့ချေ၏။

ဆရာတော်မရှိသည် ယနေ့ မျက်မှောက်၌ ထိုကျမ်းထဲမှ ဆင်တူယိုးမှားပြုလုပ်နေကြသည်မှာ အများအပြားဖြစ်ပါလေ၏။

နောက်က ဝါသနာ ပါရမီအရ အင်္ဂလိပ်ကို လေ့လာသင်ကြားသူသည် ဟုတ်နိုးနိုးဖြင့် လုပ်ရာ ငွေကုန်လူပန်း စိတ်ညှိုးနွမ်းလျက် ဆင်းရဲကြလေ၏။

သူတို့တွင် စိတ်ဆင်းရဲသော် ထိုရေးသူထံမှောက် ပြစ်တင်စကားဆိုခံရပါချေသည်။ နောင်အလျဉ်းသင့်က ကြုံကြား တင်ပြပေးသွားပါမည်။ အကျယ်သိလိုက ကျွန်ုပ်ရေးသော **"လက်တွေ့အင်္ဂလိပ်ဖြင့် စီးပွားဖြစ်နည်း"**စာအုပ်ကို ရှာဖွေ ဖတ်ရှုကြပါကုန်။

---

### သွပ်၏ ပင်ကိုဓာတ်

---

သွပ်ဟု ဆိုကြချေ၏။ သွပ်ဟု ဆိုလိုက်သည်နှင့် ဈေးဆိုင် ပရဆေးဆိုင်တို့ကိုသာ မျက်လုံးထဲမြင်၍ သွားရောက်ဝယ်ယူကြမည်သာပင် ဖြစ်ပါချေ၏။

ထိုထို ပရဆေးဆိုင်တို့၌ **သွပ်ဆီမီးခွက်၊ သွပ်လက်ညှိုးချောင်း၊ သွပ်အုပ်ချပ်**ဟု ဆိုသော သွပ်(၃)မျိုးကိုသာ ရောင်းချပါချေ၏။

ကျွန်ုပ် ဖော်ပြပါ ဈေးဆိုင်,ပရဆေးဆိုင်တို့၏ ရောင်းသောသွပ်မှာ အခြားဓာတ်များ ရောနှောထားရှိပါသဖြင့် လိုရာသွပ်ပြဒါးကို ဖမ်းမိနိုင်စေရန် အလွန်ခဲယဉ်းလှချေ၏။

အကယ်၍ သွပ်မိပြန်ပါက **တြိဒေါသများနှင့် ကြေးညှော်များကြောင့်** လုပ်ကိုင် စီမံရသည်မှာ အလွန် စိတ်ပျက်ဖွယ်ရာ ဖြစ်ချေ၏။

အချို့သော သိမ်ကြီးဈေး၊ ကုန်စုံဈေးတန်း၊ ကြည့်မြင်တိုင် စသည်တို့၌

www.burmeseclassic.com

လည်း သွပ်ကောင်းလှချည်ရဲ့ဟု ဆိုနေပါသော်လည်း အင်္ဂရုတ်စခန်းတွင် လုပ်ဆောင်ရာ၌ များစွာ အခက်တွေ့စေရပါ၏။

လက်တွေ့ ကိုယ်တိုင်ကြုံရသည်ကို ပြောရပါလျှင် ထိုထိုသွပ်တို့သည် အသင့်အသင့်မျှသာ ကောင်းချေ၏။ ဒါဆိုရင် ဘာသွပ်နဲ့ထိုးသနည်း မေးစရာ ရှိချေ၏။

ကျွန်ုပ် ရှာကြံထိုးသောခတ်မှာ **သွပ်ခတ်ကြိုးပင်** ဖြစ်ပါလေတော့၏။ ထိုသွပ်ခတ်ကြိုးမှာ ပြဒါးများ၏ အပြစ်ဒေါသနည်းပါးပြီး ထိုသွပ်ကို ဖမ်းရာ, ချုပ်ရာ,သတ်ရာ၌ ဖြူဖြူစင်စင် တောက်ပစွာပင် သွပ်ပြဒါးအရည်မှ ခဲသော ပြဒါးလုံးကို ရပါချေတော့၏။

လုပ်ကိုင်ရန်ခတ်ကို ကောင်းမွန်အောင် ရှာဖွေလျက် ရွေးချယ်နိုင်မှု အတတ်သည် ဉာဏ်ပညာတစ်ပါး ဖြစ်ပါလေ၏။

သွပ်ဆိုသည်မှာ ညံ့၍ ဖြစ်နေစေ၊ ကောင်း၍ ဖြစ်နေပါစေ သွပ်ထဲ၌ ပြဒါးခတ်မှာ အနည်းအများကတော့ ရှိနေတတ်ပါ၏။

သွပ် ခပ်ညံ့ညံ့ ဖြစ်နေပါသော်လည်း ချော်ကောင်းကောင်း ပြုလုပ်စီမံထားရှိ ဖမ်းပါက မိပါသည်။

ထို့ထက် ပိုမို၍ သွပ်ခတ်ကောင်းခဲ့ပါသော် သွပ်၏ ပြဒါးသည် အချိန်အစီး ပိုမိုတတ်ကြောင်းနှင့် သွပ်သည် ကျွန်ုပ်တို့ **ဆေးအန်းထက် ဝါယောဦးဆောင်**သော ခတ်ဖြစ်ခြင်းကြောင့် ဖမ်းဆီးချုပ်နှောင် သတ်ဖြတ်ရာတို့၌ ကျွန်ုပ်မှာ ယခင်က ပို၍ ပို၍ ဂရုတစိုက် စီမံ ရှက်ဆောင်ခဲ့ရပါချေ၏။

## သွပ်ခတ်တွင် ထွက်ခြင်းအခိုးများ

လုံထဲ ထည့်ကာ သွပ်အရည်အဖြစ်



သွပ်ကို ထိုးချလိုက်ပါက **"အမျှင်ဝါတန်းစေသော မီးတောက်အခိုး"** သွပ်ပျော်ပြီး မကြာမီ လုံထဲ **ပြာလဲ့လဲ့မီးတောက်**ဖြစ်လျှင် အဝါအမျှင်တန်းနေလျက်ရှိသည်ကို လုပ်ရတ်သမားတို့ သိကြပေမည်။

ဤသို့သော အခိုးကို ပညာရှင်တို့သည် ဦးစွာ ပထမ ငြိမ်းသတ်ရချေ၏။ မငြိမ်းသတ်နိုင်သော် တဖြည်းဖြည်း ဤသို့ ထွက်ခြင်းဖြင့် သွပ်သည် ထွက်ပြေးပါလေတော့၏။

ဒုတိယအခိုးကို ပညာရှင်တို့အား ထပ်မံပြလိုချေ၏။ ဒုတိယအခိုးဖြင့် သွပ်သည် ထွက်ပြန်သေးချေ၏။

သွပ်ကို ချော်ဖြင့် အုပ်၍ ထိုးစေလိုက်ရာ ထိုသွပ်သည် ထိုချော်ထဲမှ ထွက်သော **"တဖောက်ဖောက်မြည် မီးပွင့်"** အခိုးဖြစ်လေပါတော့၏။

ဤကဲ့သို့ တဖောက်ဖောက်ဖြင့် မီးပွင့်ကာ ထွက်နေသည်ကို မငြိမ်းသတ်နိုင်ပါက မီးတစ်ကြိမ်ပွင့် တောက်တစ်ချက်ခေါက်၍ သွပ်က အင်္ဂရုတ်ပညာရှင်အား "တာတာ့"ပြ၍ ထွက်သွားခြင်း ကုန်ဆုံး ကွယ်ပျောက်စေတတ်သော အခိုးဖြစ်ပါလေ၏။

ဤအခိုးသည် ပထမဦးစွာ အခိုးထက် အလွန် တန်ခိုးသိဒ္ဓိကြီးမားသောကြောင့် ချော်ဖြင့် နိုင်နင်းစွာ သတ်လိုက်ပါက သေစေနိုင်ပါချေ၏။

ယနေ့ အင်္ဂရုတ်လောက၌ ခေါ်ဆိုနေကြပါသော တတိယအခိုးမှာ **"ကြောင်လိမ်မီးခိုး"**ပင် ဖြစ်ပါလေတော့၏။ သွပ်ခတ်လုံးထဲမှ သေးသေးမျှင်မျှင် တွန့်၍ တွန့်ကာ ထွက်သော အခိုးဖြစ်ချေ၏။

ထိုအခိုးသို့ ရောက်ပြီးဆိုပါက တော်ရုံ အင်္ဂရုတ်ပညာရှင်တို့သည် သတ်နိုင်ရန် ခက်ခဲလှချေ၏။ သတ်ရန် မပြုလုပ်နိုင်ကြလေကုန်။

အဘယ်ကြောင့်နည်းဟူကား ဤသွပ်အခိုးမှာ အလွန်ပင် နူးညံ့ သိမ်မွေ့လာလေ မြင်နိုင်ခဲသောကြောင့် ဖြစ်လေတော့၏။

ဤသွပ်၏အခိုးကို ပညာရှင် အင်္ဂရုတ်သမားတို့က မမြင်ပါသောကြောင့် သွပ်သေပြီးဟု ယူဆတတ်သော အခိုးဖြစ်ကြောင်း သိစေရာ

ဤအဆင့်သည် ခတ်လုံးပြုလုပ်ကာယာကံရှင်အား သွပ်ခတ်လုံး လှည့်စားလိုက်သည်ကို ခတ်လုံးပိုင်ရှင် ခမျာ ကောင်းကောင်းကြီး ခံလိုက်ရချေ၏။

သွပ်ခတ်လုံး အခိုးအငွေ့မှာ မြင်တွေ့နိုင်သော အခြေအနေ ရောက်ပြီး မမြင်တွေ့နိုင်သော အခြေအနေအထားသို့ ရောက်ရှိသွားပါလိမ့်မည်

ခတ်ပိုင်ရှင်မှာ ထိုသွပ်ခတ်လုံး မီးဖြင့် မထိုးပါတော့ဘဲ လက် သော်လည်းကောင်း၊ လည်ပင်း အိတ်ဖြင့် ဆွဲလျက်သော်လည်းကောင်း လက်ဖြင့် မကြာခဏ တွေ့ထိ ပြု တွယ်ကြရာ အလိုလို "သွပ်ခတ် ထွက်သည့်အခိုးဟု ဆိုပါသည်

ဤကဲ့သို့ အလိုအလျောက် ခတ်ခိုးထွက်သည် အဆင့်သို့

www.burmeseclassic.com

www.burmeselassic.com

ပါလျှင် ယင်းသွပ်ဓာတ်လုံး၌ အခြားသော တြိဒေါသကုန်ခန်းခြင်းသို့ ရောက်စေကြောင်း သိရာလေ၏။

ရှင်းရှင်းဆိုရချေသော် သွပ်ပြဒါး သက်သက်မိနေပြီးဟု သိရမည်သာ ဖြစ်ချေ၏။

နောက်ထပ် ထပ်မံ ထွက်သောအခိုးမှာ သွပ်ဓာတ်လုံးထိုးပြီးနောက် ပြောင်ပြောင်လက်လက် ဝင်းဝင်းဖြစ်နေသော ဓာတ်အား မီးဖြင့် ဆက်လက် မထိုးတော့ပါဘဲ မသတ်တော့ပါဘဲ ထားစဉ်ခဏ၌ပင် ထိုသွပ်ဓာတ်သည် တဖြည်းဖြည်း အရောင်ညှိုးမှိန်းလာသော အခိုး (အရောင် ညှိုးနွမ်းသောအခိုး)ဖြစ်၏။

သွပ်ဓာတ်လုံးအတွင်းရှိ ပြဒါးများမှ ထွက်ရှိသောအခိုးဖြစ်ကြောင်း သိထားရန်လိုချေ၏။ ဘိုအခိုးကို သတ်ဖြတ်သုတ်သင်ရန် အထူးကောင်းမွန်သည်။ **စူးရှသော ချော်တို့ဖြင့် သတ်ပါက ငြိမ်းစေလေ၏။**

ကျွန်ုပ်ဖော်ပြခဲ့ပါသော အခိုးပေါင်း (၅)မျိုးကို သတ်ဖြတ် နှိမ်နင်းပြီးနောက် ဤသွပ်သည် သွပ်သေသည်ဟု တရားသေ မှတ်၍ မရပါချေ။

ငါ့သွပ်ကတော့ဖြင့် သေပြီး ဒါကြောင့် ရွှေဖြင့် စပ်လိုက်ရာ ထိုရောစပ်သော ရွှေလည်း ပြာမကျ၊ ရွှေကိုလည်း မူလအတိုင်း မဖြစ်တော့ပါဘဲ "**ဆတ်တောက်တောက်ဖြစ်၍ အက်ကွဲစေသောအခိုး**"။

ဤအခိုးသည် နောက်ဆုံး(ဖိုင်နယ်) အခိုးဖြစ်သည့်အတိုင်း သွပ်ဓာတ်ပိုင်ရှင်နှင့် သွပ်ဓာတ်တို့၏ သိဒ္ဓိယှဉ်ပြိုင်အနိုင်ယူကြသည့် အခိုးဖြစ်သည်။

ဤအခိုးနိုင်မှ,ပြတ်မှ,သတ်မှ သေသော သွပ်ဓာတ်ကို စပ်သင့် စပ်အပ်သော ဓာတ်အပေါင်းတို့ဖြင့်သာ စပ်ကြလေ၏။

ဒါဆိုရင် ကျွန်ုပ်အား မေးစရာရှိပါလိမ့်မည်။ နောက်ဆုံး(ဖိုင်နယ်) အခိုးရှိသည်,မရှိသည်၊ သေသည်,မသေသည်ကို မည်ကဲ့သို့သော သိစေချင်ဖြင့် သိနိုင်ပါနည်းဟု မေးခဲ့သော် ဖော်ပြခဲ့ပါသော နောက်ဆုံး(ဖိုင်နယ်) အခိုးကုန်သည်နှင့် သွပ်ဓာတ်လုံးကို ကိုင်ကြည့်သော် ချော၍ ဆီစွတ်ထားဘိသကဲ့သို့ ရှိခြင်း။

ထိုဓာတ်သည် ချော်ထဲ၌ အောက်တွင် မနေပါဘဲ ချော်ပေါ် ထိုင်လာခြင်း၊ ချော်အလယ်၌နေခြင်း၊ သွပ်ဓာတ်လုံးကို လက်ညှိုး,လက်မဖြင့် ယူကြည့်ပါက ချော်၍ ခုန်ထွက်ခြင်း၊ နီခြင်း,ဝါခြင်း, နက်ခြင်း,ဖြူခြင်း တစ်မျိုးမျိုးဖြင့် ရှိချေသော်လည်းကောင်း...

ထိုဓာတ်လုံးပိုင်ရှင်ကို လက်တွေ့လာဘ်လာဘသိဒ္ဓိနှင့် ပီယဟု ဆိုသော စုတ်တို့သည် အရပ်မျက်နှာက ပိုင်းလာစေကြကုန်တော့၏။

ဤသည်ကို စမ်းစစ်ကြည့်၍ သွပ်ဓာတ်လုံးမှာ ဖော်ပြပါ အလွန်ပင် စွမ်းကြောင်း သတ္တိရှိနေမည်ကို ကိုယ်တွေ့ကြုံလာပါလိမ့်မည်။

ဤကဲ့သို့ ပြဆိုခဲ့သည်အကြောင်းအရာများကို မကျော်လွှားနိုင် မသတ်ဖြတ် မငြိမ်းသတ်နိုင်ခဲ့သော် အရပ်ထဲက ပြောနေကြသည့် ပွတ်ရင်ပြောင်၊ ဆောင်ရင်လေး၊ ရေစိမ်သောက် သေးပေါက် ဖြစ်သွားရပါချေတော့မည်ဟု ရေးသားတင်ပြရင်း...

ကျွန်ုပ်၏ ဆရာတော်နှင့် ကျွန်ုပ်၏ အဘိုး(ထွက်ရပ်)ပေါက်တို့ကို ဦးထိပ်တင်ကာ ပညာစားမကျန် ရေးသားပြလိုက်ရပါချေတော့သတည်းဟူသာ...

**နတ်မျက်စိ**

***(ခမောက်ကြီးမြို့)***



စာ ပေး ပို့ လို တာ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉ (စမြည်)
၂၉–လမ်း (အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း–
၀၉–၇၇၆၃၄၉၇၈၅
၀၉–၉၆၈၀၀၄၁၉၂

www.burmeselassic.com

# မီးယပ်သွေးဆုံး

## မအောင်သူများအတွက် ဆေးတစ်လက်





အမျိုးသမီးတိုင်းတွင် သွေးနှင့်ယှဉ်သော ရောဂါများ ဖြစ်တတ်ကြပါသည်။ မိန်းမမှာ "မီး"၊ ယောက်ျားမှာ "ဆီး" ဆိုသော စကားများ လူတိုင်းသိပြီး ဖြစ်ပါသည်။

မိန်းမမှာ "**မီးယပ်**"၊ ယောက်ျားမှာ "**ဒူလာ**"ဟု အတိုချုံး မှတ်ယူထားကြပါသည်။ မိန်းမတိုင်းတွင် သွေးနှင့် ပတ်သက်ကြသည့် အရွယ်ရောက်သူ မိန်းကလေးတိုင်း တစ်လတစ်ကြိမ် သွေးပေါ်မှ ကျန်းမာရေး ကောင်းပါသည်။

တစ်လတစ်ကြိမ် သွေးပေါ်ရာမှ "သွေး" ပျောက်သွားပြီဆိုလျှင်တော့ အသက်အရွယ် အပိုင်းအခြား အလိုက် သွေးပေါ်၏၊ ငုပ်၏၊ ကုန်၏ စသဖြင့် အသက်အရွယ်နှင့် ပိုင်းခြား သိရှိထားကြပါသည်။

မိန်းကလေးများသည် မီးယပ်သွေးဟု ဆိုကြသော "သွေး"များ လစဉ် ပေါ်နေရာမှ အရွယ်ရောက်စ "သွေး" ပျောက်သွားပြီဆိုလျှင် ရောဂါလက္ခဏာဟု ဆိုနိုင်ပါသည်။ ဒါမှမဟုတ် အိမ်ထောင်ကျပြီးသူ ဆိုပါက ကိုယ်ဝန်ရှိခြင်းသာဖြစ်သည်။

မိန်းကလေးများ ရိုးရိုး သွေးပျောက်သွားလျှင် အထူးဂရုစိုက်ရပါသည်။ မိန်းကလေးငယ်များ (၁၄, ၁၅, ၁၆)နှစ် အရွယ် သွေးပေါ်နေပြီ ဆိုပါက အချိန်မတော် ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်းများကို အထူးသတိထားပြီး ပြုစေချင်ပါသည်။

အအေးပတ်ပြီး သွေးခဲသွားပြီဆိုပါက သေဆုံးနိုင်သော၊ အမြန်ဆုံး ကုသမှု ခံယူသင့်သော လက္ခဏာ ဖြစ်ပါသည်။ ဆေးမမီပါက နာရီပိုင်းအတွင်း သေဆုံးနိုင်သောရောဂါ ဖြစ်ပါသည်။

မိန်းကလေးများ အသက်သဖွယ်

သဘာဝ ဖြစ်ပေါ်နေသော အကြောင်းများကို အနည်းငယ်ဖော်ပြခြင်းသာဖြစ်ပြီး စာရေးသူ ဖောင်းပေးလိုသောရောဂါအတွက် ရောဂါဖြစ်နေသော အမျိုးသမီးကြီးများ၊ သွေးဆုံး မအောင်သေးသော သူများအတွက်သာ ဖော်ပြရခြင်း ဖြစ်သည့်အတွက် **(၄၄–၅၀)နှစ်တို့ ဖြစ်တတ်သော သွေးဆုံးရောဂါအတွက် ဆေးနည်းပင်** ဖြစ်ပါသည်။

နနွင်းခါးဥအမှုန့် (၁၀)ကျပ်သားနှင့် ပျားရည် တစ်ပုလင်း၊ စမုန်မျိုးငါးပါး (၁)ကျပ်သား ရောစပ်ရသော မီးယပ်သွေးဆုံးသူများ အတွက် ဆေးတစ်လက်ပင်ဖြစ်သည်။

ဤဆေးနည်းသည် ရောဂါ အတော်များများအတွက် ပျောက်စေသော်လည်း မီးယပ်သွေးဆုံးပြီး သွေး

မအောင်သူတို့အတွက် အင်

ချည့်နဲ့ပြီး မစားချင် မသောက်

တပိန်ပိန် တလိမ်လိမ် ဖြစ်ပြီး အ

အရေ မွဲခြောက်သူ အမျိုးသမီး

များအတွက် အထူးပင် ဆေးအ

နေ့တိုင်း သုံးဆောင်သင့်

ဆေးတစ်ဖုံ ဖြစ်ပါသည်။

ဤဆေးကို စားသုံးခြင်းဖြင့် အ

အရေ စိုပြည်လာပြီး ကျန်းမာ

ကောင်းမွန်လာပါမည်။ စာရေး

ဆေးဖော်ပြချက်ကြောင့် စားသုံး

သူတိုင်း သုခချမ်းသာရာသို့ ရော

စေဟု စေတနာရှေ့ထားပြီး

ခြင်း ဖြစ်ပါသည်။

**သာဂဒူး(ကသာမြေ)**



www.burmeselassic.com

www.burmeseclassic.com

ထီကံပွင့်ရန် ဆောင်ရွက်ရသော အစီအရင်များသည် အထူးအားဖြင့် ကံပွင့်လာဘ်ပွင့် အစီအရင်များသာ ဖြစ်ပါတယ်။

ဦးစွာ ကံပွင့်အောင် **တနင်္လာ အမည်ပညတ်ကောင်း ရှိသော စေတီ၊ ရုပ်ပွားတော် တစ်ဆူဆူတွင်** ဆောင်ရွက်ရပါမယ်။

ဒါကြောင့် "**ချမ်းသာ**" ဆိုသည့် အမည်ပညတ်ပါသော စေတီတော် ရုပ်ပွားတော်များတွင် ဆောင်ရွက်စေချင်ပါတယ်။ **[ဥပမာ–ပြည်လုံးချမ်းသာ၊ ရှင်ပင်ချမ်းသာ၊ ချမ်းသာကြီး]**

ထို့အတူပင်...

လာဘ်ပွင့်အောင် **ဗုဒ္ဓဟူးအမည်ပညတ်ကောင်းရှိသော စေတီရုပ်ပွားတော် တစ်ဆူဆူတွင်** ဆောင်ရွက်ရပါမယ်။

ဒါကြောင့် **"ဆင်စီးမြင်းရံ"** ရုပ်ပွားတော်တစ်ဆူဆူတွင် ဆောင်ရွက်ရပါမယ်။ **[ဥပမာ–လောကချမ်းသာ၊ ရန်ပြေမာန်ပြေ]**

ထို့ပြင်...

ထီကံပွင့်အောင် **တနင်္လာနံနဲ့ နံ** အမည်ပညတ်ပါသော စေတီတော် ရုပ်ပွားတော် တစ်ဆူဆူတွင် ဆောင်ရွက်စေချင်ပါတယ်။

ဒါကြောင့် **"ကျောက်တော်ကြီး"** ရုပ်ပွားတော်၊ စေတီတော်၌ ဆောင်ရွက်ပါ။

စေတီတော်များတွင် ဆောင်ရွက်ရာ၌ ကံပွင့်အောင် ၂–လာထောင့်၊ လာဘ်ပွင့်အောင် ၄–ဟူးထောင့်၊ ထီကံပွင့်အောင် ၀–နေထောင့်တွင်

# ထီကံပွင့်

## ဆုတောင်းပြည့်အစီအရင်

သန်းဒေါင်
(ပညာရေး)



ဆောင်ရွက်ပါ။ ရုပ်ပွားတော်ဆိုရင် မျက်မှောက်တော်ရှေ့၌ ဆောင်ရွက်ပါ။

ဗုဒ္ဓဟူးနေ့တွင် ဆောင်ရွက်ပါ။ နေ့ချင်းပြီး အစီအရင်ဖြစ်ပါတယ်။ နံနက် (၉)နာရီမှ စတင်ပြီး ကံပွင့်၊ လာဘ်ပွင့်၊ ထီကံပွင့် အစဉ်အတိုင်း ဆောင်ရွက်ရပါတယ်။ ရွတ်ဆိုရမယ့် ဂါထာနဲ့ ခေါက်ရေက တစ်ခုတည်းပါပဲ။

---

ကံပွင့်အောင် အစီအရင်တွင်...


---

နှင်းဆီပန်းအဖြူရောင် (၁၅)ပွင့် လှူပြီး ဂါထာကို (၂၅)ခေါက် ရွတ်ပါ။



www.burmeseclassic.com

www.burmeselassic.com



လာဘ်ပွင့်အောင် အဓိဋ္ဌာန်တွင်...

နှင်းဆီပန်းအဝါရောင် (၁၇)ပွင့် လှူပြီး ဂါထာကို (၂၇)ခေါက် ရွတ်ပါ။

ထီကံပွင့်အောင် အဓိဋ္ဌာန်တွင်...

ထီးဖြူ (၁)လက် လှူပြီး ဂါထာကို (၂၇)ခေါက် ရွတ်ပါ။

အဓိဋ္ဌာန် ပြီးစီးသွားသောအခါတွင်...

- နိစာကျွေးပါ။
- ငါးစာကျွေးပါ။
- ဆင်းရဲနွမ်းပါးသော သက်ကြီး ရွယ်အိုတစ်ဦးဦးကို "ငွေ"လှူပါ။

ရွတ်ဆိုရမည့် ဂါထာတော်

တရေတဝါ ကုလပါရမီ၊
တရေတိ ဓမ္မမုတ္တမံ။
တရေတဝါ သဗ္ဗပါရမီ၊
တရေတိ အမတံ ပဒံ၊
တယိတွာ သမ္မာသမ္ဗုဒ္ဓေါ၊
တတော လောကသမပဟိတော။
တတော လောကေ သမဂ္ဂန္ဓာ၊
တရေတိ အမတံ ပဒံ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ဓမ္မမုတ္တမံ** | = | ဓမ်မမုတ်တမံ |
| **သဗ္ဗပါရမီ** | = | သပ်ဗပါရမီ |
| **တယိတွာ** | = | တယိတ်တဝါ |
| **သမ္မာသမ္ဗုဒ္ဓေါ** | = | သမ်မာသမ်ဗုတ်ဓေါ |
| **သမဂ္ဂန္ဓာ** | = | သမဂန်ဓာ |

အနက်

**ကုလပါရမီ**– ခွေမျိုးသဖွယ် ဖြစ်သော ပါရမီ... တို့ကို **တရေတဝါ**– ဆောင်တော်မူခဲ့သည်ဖြစ်၍ ဥ... မြတ်သော၊ **ဓမ္မံ**– မဂ်ဖိုလ် နိဗ္ဗာန်တရားတော်မြ... **တရေတိ** –ဆောင်တော်မူ၏။ **သမ္မာသမ္ဗုဒ္ဓေါ** – မြတ်စွာဘုရားသည်၊ **သဗ္ဗပါရမီ** – အလုံး... ပါရမီတော်တို့ကို၊ **တရေတဝါ**– ဆောင်တော်မူခဲ့... ဖြစ်၍၊ **အမတံပဒံ**– သေခြင်းကင်း သောနိဗ္ဗာ... **တရေတိ**–ဆောင်တော်မူ၏။ **တယိတွာ**–ဆောင်... မူပြီး၍၊ **လောကသမာပဟိတော**– လောက၏ မှ... အစီးအပွားကို **ဝါတော**–ဆောင်တော်မူ၏။ **လော...** လောက၌ **သမဂ္ဂန္ဓာ** –ငြိမ်းချမ်းသော သီလ,သ... ပညာရနံ့တို့ကို၊ **တတော**–ဆောင်တော်မူသည် ... **အမတံပဒံ**–သေခြင်းကင်းသော နိဗ္ဗာန်ကို၊ **တ...** ဆောင်တော်မူ၏။

*[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်... မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆ... ဦးသန်းအောင်ရွှေ [ဓမ္မာ စရိယ (မဟာဝဂ္ဂါဒီမြန်မာဂု... ဒီယဘာဏက– ဒီဃနိကာယ ကောဝိဒ (နိကာယဝိ... ပြန်ဆိုပေးပါသည်။]*

***အေးမြရင်မှာ ရှိပါစေ။***

**သန်းဓေါင်(ပညာရေး)**





www.burmeselassic.com

www.burmeselassic.com



ကိုလွန်း (မင်းလှ)

• ရွှေဖရုံသီး

# ခိုနှင့်ရှေးဟောင်းပိတ်ကော်ဂါ နှင့်

ရွှေဖရုံသီးအညှာ

ကိုချစ်ကိုနှင့် ကိုဇင်သူတို့မှာ ခန်းတွက်တစ်ခုထဲတွင် အတူနေကြသော သူငယ်ချင်းများ ဖြစ်ကြပါသည်။ အလုပ်လုပ်တော့လည်း အလုပ်ရုံတစ်ခုတည်းတွင် အတူလုပ်ကြပါသည်။ အလွန်ချစ်ခင်ကြသော ကျောင်းနေဖက် သူငယ်ချင်းများလည်း ဖြစ်ကြပါသည်။

အိမ်ထောင်ကျတော့ ကိုချစ်ကိုက စောကျပါသည်။ ကိုဇင်သူက နောက်မှ အိမ်ထောင်ကျပါသည်။ ကိုချစ်ကိုက ယခုဆိုလျှင် ကလေးပင် ရနေပြီ။ ကလေးကလည်း ယောက်ျားလေး ဖြစ်သဖြင့် ကြွားလို့မဆုံး ဝါလို့မဆုံး ဖြစ်နေပါသည်။

ကလေးရတာကလည်း (၁၅) ရက်ခန့် ရှိပါသေးသည်။ ကိုဇင်သူကတော့ ကလေးမရသေးပါ။

'ဟော့ကောင် ဇင်သူ မင်းမိန်းမ သမီးလေးမွေးရင် ငါ့သားနဲ့ ပေးစားမယ်'

'ငါ့ မိန်းမလဲ ယောက်ျားလေး မွေးမှာပါကွ'

'မဟုတ်ပါဘူးကွာ။ ငါ့သားအတွက် မင်းမိန်းမက မိန်းကလေး မွေးပေးမှာပါ'

'မမွေးဘူး ကွ'

'ဟား... ဟား... ဟား'

ကိုချစ်ကို ပျော်လို့မဆုံးပါ။ သူ့သားချောသည့်အကြောင်း၊ အသားဖြူသည့်အကြောင်း၊ ဝသည့်အကြောင်း ပြောလို့မဆုံး ပျော်လို့မဆုံးနိုင်ပါ။ ကိုဇင်သူခမျာမှာတော့ ကလေးကလည်း မရသေးသဖြင့် မပြောနိုင်ပါ။ ကိုချစ်ကို ပျော်နေသည်ကိုသာ အားကျနေရပါသည်။

www.burmeselassic.com

သို့သော် မနေ့မနက်ကတော့ ကိုချစ်ကို ခါတိုင်းလို မပျော်နိုင်ပါ။ မျက်နှာလည်း မကောင်းပါ။ ခါတိုင်းကဲ့သို့ ဖင်သူကိုလည်း မစနိုင်ပါ။ မှိုင်၍ နေပါသည်။

'ဟော့ ချစ်ကို မင်း ဘာဖြစ်နေတာလဲ'

'ငါ့မိန်းမ နေမကောင်းလို့ကွ'

'ဟာကွာ ဆေးခန်းပြပါလား'

'ဆေးခန်းပြတာ (၃)ရက်ရှိပြီကွ မသက်သာဘူး'

'မင်းမိန်းမက ဘာဖြစ်တာလဲ'

'နို့ချောင်းပိတ်တာလို့ ပြောတယ်။ ညာဘက် နို့သီးကရောင်ပြီး အကြီးကြီးဖြစ်နေတယ်'

'ဟ... ကောင်းတာပေါ့ကွ'

မင်း မနောက်နဲ့ ကိုက်လို့ တစ်ညလုံး အော်နေရတယ် မအိပ်ရဘူး'

'ဒါဆို ခွင့်ယူ အလုပ်မဆင်းဘဲ ပြုစုပေါ့ကွာ'

'အလုပ်မဆင်းတော့လဲ ဆေးထိုးဖို့တောင် ပိုက်ဆံမရှိဘူးကွ'

'ဒါကြောင့် မင်း မှိုင်နေတာကိုး'

'ဒါပေမယ့် မနက်ဖြန်တော့ အဘဆီ ခွင့်တောင်းပြီး ဆေးရုံသွားပြကြည့်ဦးမယ်'

'ကောင်းတာပေါ့'

သို့နှင့် ချစ်ကိုတစ်ယောက်အလုပ်ပိတ်ခါနီး အဘထံသွားပြီးပြောပါသည်။

'အဘ မနက်တစ်ရက်ကျွန်တော့် ခွင့်ပေးပါ'

'ရပါတယ် ဘာဖြစ်လို့လဲ'

'မိန်းမ နေမကောင်းလို့'

'ဆေးခန်းမပြဘူးလား'

'ပြတယ်အဘ (၃)ရက်ရှိပြီ မသက်သာလို့'

'ဘာဖြစ်တာလဲ'

'နို့ချောင်းပိတ်လို့'

'ဒါများကွာ ငါ ဆေးပေးလိုက်မယ် ယူမလား'

'ယူပါ့မယ် အဘရယ်'

အဘအိမ်နောက်ဖေးသို့ ထွက်သွားပြီး မီးဖိုချောင်မှ ပစ္စည်းတစ်ခု ယူလာပါသည်။ အလုံး လက်သည်းခန့် အရှည် လက်နှစ်သစ်ခန့်ပစ္စည်း တစ်ခုကို ချစ်ကိုအား ပေးပါသည်။

'ရော့...အဲဒါကို ရေဆေး ဆန်ဆေးရည်နဲ့ ပျစ်ပျစ်သွေးပြီး မင်းမိန်းမနို့သီးကို လူးပေး'

'ဟုတ်ကဲ့'

'မလူးခင် မိန်းမနို့သီးကို ရေနွေးပတ်နဲ့ ဆေးပေးပြီးမှလူး'

'ဟုတ်ကဲ့'

'ခြောက်သွားရင်လဲ ထပ်လူးပေး'

'ဟုတ်'

ကိုချစ်ကို ထိုပစ္စည်းကို ယူသွားပါသည်။ နောက်နေ့ ခွင့်ယူထားသဖြင့် အလုပ်မဆင်းဟု ထင်နေပါသည်။ သို့သော် ကိုချစ်ကို မနားဘဲ အလုပ်သို့ ကိုဖင်သူနှင့်အတူ ရောက်လာပါသည်။

မနေ့က မျက်နှာလို ပုပ်သိုးသိုးလည်း မနေတော့ပါ။ အဘကို မြင်သည်နှင့် လက်အုပ်ကလေး ချီပြီး...

'အဘ ကျေးဇူးတင်လိုက်တာ အဘရယ်'

'ဘာလဲကွ။ ကျွန်တော့်မိန်းမ မနေ့ညနေ ကျွန်တော် အလုပ်ပြန်ကတည်းက အဘပေးတဲ့ဆေး[illegible] သွေးလူးတာ သက်သာသွား[illegible] ညက အိပ်ရတယ် အဘ'

'ဟော... ဟုတ်လား'

'ဆေးကို ခြောက်တာနဲ့ ထပ်လူး[illegible] ပေးတာ သန်းခေါင်လောက်[illegible] နို့ချောင်းပွင့်သွားတယ်။ နို့တွေထဲ[illegible] သာလာတယ်'

'ကောင်းတာပေါ့ကွ'

'ဆေးရုံလဲ မသွားရတော့[illegible] အရမ်းစွမ်းတဲ့ဆေးပဲ။ အဲဒါ [illegible] ဆေးလဲ အဘ'

'မင်းတို့စားတဲ့ ရွှေဖရုံသီး'

'ဗျာ'

'ဟုတ်တယ်လေ မိုးတွင်[illegible] မင်းတို့စားတဲ့ ရွှေဖရုံသီးကို [illegible] ပြီး အညှာတွေကို မီးဖိုချောင်[illegible] ထားတာလေ အဲဒါ ငါသွားယူ[illegible] တာ'

မှန်ပါသည်။ ကျွန်တော်တို့ [illegible] နေကျ **ရွှေဖရုံသီး**သည် အ[illegible] စား၍ကောင်းသည်သာမက[illegible] အညှာကလည်း အလွန် အ[illegible] ထက်လှပါသည်။ ရှေးအခါ[illegible] လူကြီးများ ရွှေဖရုံသီး စားပြီး[illegible] အညှာကို ကြိုးဖြင့်ချည်၍ မီး[illegible] ဆွဲထားတတ်ကြပါသည်။

ထိုအညှာသည် အမျိုးသမီး[illegible] ပြီး နို့ချောင်းပိတ်ခြင်းအ[illegible] အလွန်ပင် အစွမ်းထက်[illegible] ကြောင်း တင်ပြအပ်ပါသည်။

*ရောဂါဘေး ကင်းဝေးကြ[illegible]*

**ကိုထွန်း (ပ[illegible])**



www.burmeselassic.com


www.burmeselassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ * * *





ယခုလအတွက် **နံပါတ်(၁)**နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ**အသက်လေးဆယ်ကျော်** အသားဖြူဖြူ အမျိုးသမီးတစ်ဦးဖြစ်ပါသည်။

**"ခိုင်ဆွေမိုး"**ဟူသော သူမ၏ နာမည်သုံးလုံးမှ နောက်ဆုံးစာလုံး **"မိုး"**ကို အင်္ဂလိပ်အက္ခရာဖြင့် လက်မှတ်ရွေးထိုးထားခြင်း ဖြစ်သည်။

**ကျန်းမာရေး မကြာခဏ ချူချာကြောင်း၊ ကျန်းမာရေးကြောင့် ငွေကုန်များပြီး ငွေမစုဆောင်းမိကြောင်း၊ ပြောပြသည်။**

သူမ၏ ထိုးမြဲလက်မှတ်မှာ ခွက်မှောက်သင်္ကေတများဖြစ်ခြင်း၊ လက်မှတ်အောက် မျဉ်းပိတ်မှာ တစ်ဝက်တစ်ပျက် ဖြစ်နေခြင်း၊ အသားဖြူသူက အမည်းရောင် နှစ်သက်သော **"မ" အက္ခရာစာလုံး** **"မိုး"**ကို လက်မှတ်ရေးထိုးခြင်းတို့မှာ မှားယွင်းနေပါသည်။

သူမ၏မွေးသက္ကရာဇ်မှာ **မြန်မာလို ၁၃၃၄ ခုနှစ်၊ ဝါခေါင်လ၊ အင်္ဂါနေ့**ဖြစ်၍ မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဥ် ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရသည်။


* * **[နံပါတ်-၁]*

အင်္ဂါအထွန်းဖွားဖြစ်သူကို နေ့နံသင့်နာမည်ပေးခြင်း မဟုတ်ဘဲ၊ တနင်္ဂလာအစ၊ ကြာသပတေးအဆုံး နာမည်ပေးထားသဖြင့် **ရာဇ+ပုတိ=ကူ၅+အနိ၅** နာမည်ညံ့ပါသည်။ နာမက္ခရတိုင်စဥ်လည်း မှားပါသည်။

ပုတိဌာနရှိ ကြာသပတေးနံ စာလုံးကို လက်မှတ်ရွေးထိုးထားခြင်းလည်း မှားပါသည်။ စိတ်လှုပ်ရှား ပူလွင့်မှုများပြီး စိတ်ကျန်းမာရေး ပိုညံ့တတ်ပါသည်။

ယခုလို နာမည်မျိုးတွင် အထွန်းဌာနမှ မွေးနံအင်္ဂါ နာမည်အလယ်စာလုံး အဖြူရောင်နှစ်သက်သော "မ"ဓာတ်၊ "ဆွေ"စာလုံးကို လက်မှတ်ရွေးထိုးသင့်ပေသည်။


* * *



အင်္ဂလိပ်လိုစာလုံးဖြင့် လက်မှတ်ရေးထိုးရာတွင် ငွေအိတ်သင်္ကေတ တည့်တည့်လုလု ဖြစ်အောင်ဆွဲခြင်း၊ အညွှန့်နေရာမှာ ပွင့်ဖတ်ငါးခုရှိသည့် ပန်းပွင့်သင်္ကေတ ဖြစ်ပေါ်အောင် လက်မှတ်ထိုးခြင်း ပြုရပါမည်။ လက်မှတ်အောက်မှာ မျဉ်းသားခြင်း၊ အစက်ချခြင်း မပြုလုပ်ရပါ။

၂။ * * *





www.burmeselassic.com


ယခုလအတွက် **နံပါတ်(၂)နေရာတွင်** ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ အသက်သုံးဆယ်ဝန်းကျင် အသားညိုညို အမျိုးသားတစ်ဦး ဖြစ်ပါသည်။

**"ရန်ကျော်"** ဆိုသော နာမည်နှစ်လုံးတွဲကို အင်္ဂလိပ်စာလုံးဖြင့် လက်မှတ်ရွေးထိုးထားခြင်း ဖြစ်ကြောင်း သိရသည်။

**ထိုးမြဲလက်မှတ် ပုံသဏ္ဌာန်မှာ** ကြက်ခြေခတ်ပုံ ဖြစ်နေ၍ မကောင်းပါ။ အတိုက်အခံ၊ အနှောင့်အယှက်၊ အမှုအခင်းပြဿနာများ ရင်ဆိုင်ကြုံတွေ့ရတတ်သည်။

သူ၏ မွေးသက္ကရာဇ်မှာ **မြန်မာလို ၁၃၄၇ ခုနှစ်၊ ပြာသိုလ၊ ဗုဒ္ဓဟူး ညဘက်မွေးသော ရာဟုဖွားဖြစ်သည်။** မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဉ်တို့ ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရသည်။


** * *[နံပါတ်–၂]*




ရာဟု ပုတိဖွားဖြစ်သူ အသားညိုညိုကို ပုတိအစ၊ အထွန်းဆုံး အတွင်းမိတ်ကြိုဟ်တွဲ၊ အနိဋ္ဌ+ကူဋ္ဌ၊ နာမက္ခရတိုင်စဉ်မှန် **"ရန်ကျော်"** နာမည်ပေးကောင်း မွန်ပါသည်။

သို့သော် ထိုးမြဲလက်မှတ်ပုံသဏ္ဌာန်ညီသဖြင့် 'လုပ်ငန်းခွင်မှာ ခိုက်ရန်ပြဿနာ မကြာခဏ ဖြစ်ပေါ်နေခြင်းကို ထိုးမြဲလက်မှတ်ပုံသဏ္ဌာန် ပြုပြင်ရေးထိုးခြင်းဖြင့် အဆင်ပြေ ကံကောင်းသွားစေနိုင်ပါသည်။

* * *



အင်္ဂလိပ်အက္ခရာ "ဝိုင်"ကို တြိဂံပုံဖြစ်အောင် ဆွဲသင့်သည်။ လက်မှတ်အောက်မှ မျဉ်းမသားသင့်ပါ။

***ဤမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

**စာမူရှင်များသို့...**

**ပေးပို့သော**
**စာမူများကို**
**မူပွား**
**ထားကြပါရန်နှင့်**
**မရွေးချယ်ပါက**
**ပြန်လည်ပေးပို့မည်**
**မဟုတ်ပါကြောင်း**
**အသိ**
**ပေးအပ်ပါသည်။**

*ပေးစားနှစ်မြိုင်...*

**နက္ခတ္တရောင်ခြည်မဂ္ဂ**

www.burmeselassic.com

# အမျိုးကြီးပဲ ရှုပ်တော့ကွယ်

ရွှေခြံ-ဝင်းမြင့်နိုင်
(ဥပဒေတွဲ)

စာရေးသူတို့၏ မြန်မာ့လူမှုရေး နယ်ပယ်တွင် ဗေဒင်လက္ခဏာ ပညာရပ်နှင့် စပ်လျဉ်းပြီး အမျိုးသား များထက် အမျိုးသမီးများက ပိုမို သက်ဝင်ယုံကြည်မှု ရှိကြကြောင်း အတွေ့အကြုံများအရ သိရှိရပါ သည်။


အမျိုးသမီး ရာနှုန်းများများ မေးမြန်းဆွေးနွေးကြသည့် မေးခွန်း များလည်း အိမ်ထောင်ရေးကိစ္စ သည် ဦးစားပေး မေးခွန်းရပ် ဖြစ်နေ တတ်ကြပါသည်။

ရောဂါတစ်ခု ဖြစ်လာမှ ကုသ ခြင်းထက် မဖြစ်ခင်က ကြိုတင် ကာကွယ်ခြင်း သည် အကောင်းဆုံး ဖြစ်ပါသည်။

အိမ်ထောင်တစ်ခု တည်ဆောက် ပြီး မပြေမလည် ပြဿနာရပ်များ ပေါ်ပေါက်လာမှ ဗေဒင်လက္ခဏာ ဆရာများထံ သွားရောက် အကူ အညီတောင်းခံခြင်းထက် အိမ် ထောင်မပြုမီ ကြိုတင်၍ နားလည် တတ်ကျွမ်းသော ပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆွေးနွေး အကြံပြုချက်များ ယူပြီးမှ အိမ်ထောင်တစ်ခု တည် ဆောက်ခဲ့သည်ရှိသော် အမှားနည်း ပြီး ကျက်သရေမင်္ဂလာနှင့် ပြည့်စုံ၍ သာယာသော စံပြ အိမ်ထောင်ရေး ကို ထူထောင်နိုင်ကြပေမည်။

အိမ်ထောင်ပြုကြမည့် အမျိုး သမီးများ အိမ်ထောင်ရေးသုခ ရရှိ ခံစားနိုင်ကြစေရန် ရည်ရွယ်လျက် ဤစာစုကို ရေးသားလိုက်ပါပေ သည်။

ရှေးဦးစွာ ဗေဒင်ပညာရပ်နှင့် အကြံပြုတင်ပြပေးပါမည်။



* * *

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၃ | | | ၀ | | | ၄ | |
| ၅ | ၁ | ၄ | ၂ | ၅ | ၁ | ၆ | ၂ | ၅ |
| ၂ | ၆ | ၀ | ၆ | ၃ | ၄ | ၃ | ၀ | ၁ |
| မူလမဟာဘုတ် | | | မူလမဟာဘုတ် | | | မူလမဟာဘုတ် | | |



www.burmeselassic.com

www.burmeselassic.com

အမျိုးသမီးတို့၏ မူလမဟာဘုတ်တွင် လင်ယောက်ျား ဂြိုဟ်ဖြစ်သော ၃-ဂါနံသည် **အဓိပတိခွင်၊ ဘာဂ်ခွင်နှင့် မရဏခွင်များတွင်** ရပ်တည်ခဲ့သည်ရှိသော် အိမ်ထောင်ကံ အနည်းငယ် ညှံ့တတ်ပါ၏။

စနေနှင့် ၅-တေး၊ ၆-ကြာနှင့် ၂-လ်ာ၊ ၁-နွေနှင့် ၄-ဟူး၊ ရာဟုနှင့် ၃-ဂါတို့ ဖြစ်ခဲ့လျှင် လည်းကောင်း…

**လူနက္ခတ်နှင့် ဘီလူးနက္ခတ်** ဖြစ်နေခဲ့လျှင်သော် လည်းကောင်း…


အမျိုးသမီးတို့၏ ရင်တွင် ယောက်ျားကဲ့သို့ အမွေးအမှင်များ ပေါက်ရောက်နေလျှင်သော် လည်းကောင်း…

မမြင်အပ်သော နေရာတွင် မှဲ့၊ အမှတ်၊ စာ တစ်ခုခု ပါရှိနေခဲ့လျှင်သော်လည်းကောင်း အိမ်ထောင်ရေး အဆင်မပြေမှုများ ကြုံတွေ့ရတတ်ပါ၏။

**ဒုတိယအချက် အနေဖြင့် လက္ခဏာပညာရပ်နှင့်** တင်ပြပေးပါမည်။

အမျိုးသမီး၏ ဘယ်ညာ လက်ဝါးပြင် (အထူးသဖြင့်) ဘယ်ဘက်လက်ဝါးပြင်၏ နှလုံးလမ်းကြောင်း၌ အဖျားဖွာနေခြင်း၊ အောက်စိုက် လမ်းကြောင်းငယ်များစွာ ဖြစ်ပေါ်နေခြင်း၊ ကျွန်းများခံနေခြင်း၊ ဖြတ်ရွေ့လမ်းများ ပေါ်ပေါက်နေခြင်း၊ အစက်ငယ်များ ရှိနေခြင်း၊ မှဲ့ရှိနေခြင်း တို့ ဖြစ်ပေါ်နေလျှင်လည်း အိမ်ထောင်ရေး မသာယာနိုင်ပါ။ **(ပုံ-က)**


* * *



(ပုံ-က)

**ဗုဒ္ဓဟူးဂြိုဟ်ခုံ (လက်သန်း အောက်ခြေ)ရှိ** အိမ်ထောင်ရေး လမ်းကြောင်း၌ လမ်းကြောင်းငယ်များစွာရှိနေခြင်း၊ လမ်းကြောင်းပေါ်တွင် မှဲ့၊အစက် အပြောက်များ ရှိနေခြင်း၊ ပြတ်ရွေ့ကြောင်းများ တည်ရှိနေခြင်း၊ အဖျားပိုင်းသည် အောက်သို့ ကော့စိုက် ဆင်းနေခြင်းတို့သည်လည်း အိမ်ထောင်ရေးကံ ညှံ့သည့် သင်္ကေတများ ဖြစ်ပါ၏။ **(ပုံ-ခ)**

* * *



(ပုံ-ခ)

ဖော်ပြခဲ့သည့် အချက်များ အားလုံးနီးပါးလော… တိုက်ဆိုင် နေခဲ့သော် **"အမျိုကြီးပဲ လုပ်တော့ကွယ်"** ဟူ၍သာ အကြံပြုပါရစေတော့။

သို့သော် အခြေအနေ အရပ်ရပ်ကြောင့် ရွေး… ဖန်လာခဲ့သည်ရှိသော် အောက်ဖော်ပြပါ ယကြာ… များ ပြုလုပ်ပေးကြပါဟု စေတနာရှေ့ထား၍ အမြ… သဘောဖြင့် တိုက်တွန်းလိုက်ရပါသည်။

▲ အမျိုးသမီး မွေးနံသားကို ပလ္လင်ခံလျက် အမျိုးသားမွေးနံ… ကို ဘုရားထုပြီး နေအိမ်တွင် ကိုးကွယ်ပူဇော်မှု ပြုပေး…

▲ အမျိုးသမီးနှင့် အမျိုးသားတို့၏ မွေးနံ အညွန့်ပန်းတို့ကို … ရေအိုးတစ်လုံးအတွင်း အတူရောယှက်၍ ဘုရားတွင် … လှူဒါန်းပေးပါ။

▲ ဒါနမှု၊ သီလမှု၊ ဘာဝနာမှု ကုသိုလ် အလုပ်များကို ဇနီးမောင်နှံ… စိတ်တူ ကိုယ်တူ သဘောဖြူစွာဖြင့် ဆောင်ရွက်ကြမည် ဆို… တော့ ရာသက်ပန် ရှိမြဲကျ ငြိမ်းချမ်းသာယာသော အိမ်ထောင်… တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း…။


*သင်ဆရာ၊မြင်ဆရာ၊ ကြားဆရာ အပေါင်းအား ဦးခိုက်… လျက်…*

**ရွှေခြံ-ဝင်းမြင့်နိုင်**
(ဥပဒေဘွဲ့)



www.burmeselassic.com

www.burmeselassic.com



◆ ထွက်ရပ်ရသေ့ဂူကြီးများ တည်ရှိရာ ငြသို့(၃၀)စေတီနှင့် တောင်တော်အား
အရှေ့ဘက် နံကိုင်းတောင်မှ မြင်တွေ့ရပုံ

# မြို့ရေယျာတစ်လွှား

## ထူးခြားဌာနများ (၂)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

### ထွက်ရပ်ရသေ့ဂူများ

စစ်ကိုင်းနဲ့ မင်းကွန်းဆိုတာ ခြားအနားမရှိတဲ့ ဒေသပါ။ ကိုင်းမြို့ရဲ့ ရွာကြီးတစ်ရွာပါပဲ။ ဒီလိုပါပဲ **စစ်ကိုင်းတောင်၊ မင်းကွန်းတောင်နဲ့မင်းဝံတောင်**ဆိုတာ တွေကလဲ စစ်ကိုင်းမြို့ရဲ့ အစိတ်အပိုင်းတွေ ဖြစ်ပါတယ်။

စစ်ကိုင်းတောင်ကို တော်တော် များများ မင်းဝံတောင်လို့ ထင်ကြပါ တယ်။ အဝေးမြို့က ဘုရားဖူးတွေ ရောက်လာတဲ့အခါ ကယ်ရီဆွဲတဲ့ ဆရာတွေကို မင်းဝံတောင်က ဟို... ဘုရားကိုပို့ပါ။ ဒီဘုရားကို ပို့ပါ ဆိုတော့ လွဲမှားသွားတာတွေ ဖြစ်တတ်ကြပါတယ်။

ဧရာဝတီမြစ်ကြီးက ဟိုး... ကချင်ပြည်နယ် အထက်ဖျားဆီက မြန်မာပြည်ရဲ့ တောင်ဘက်ပင်လယ် ရှိရာကို စီးဆင်းလာပြီး စစ်ကိုင်းမြို့လေးအား ပွေ့ပိုက်ကျီစယ်ရင်း ငြိမ့်ညောင်းစွာ ဆင်းသွားနေပါတယ်။

စစ်ကိုင်းတောင်ကြီးကလဲ ဧရာဝတီမြစ်ကြီးရဲ့ အနောက်ဘက်ကနေ တောင်နဲ့မြောက် သွယ်တန်းပြီး အလိုက်သင့် စီးမိုးထားပါတယ်။

စစ်ကိုင်းလို့ခေါ်တဲ့ "**အတုလဝတီ**"နဲ့ ဧရာဝတီဟာ ခွဲခြားလို့ မရပါဘူး။

စစ်ကိုင်းတောင်ကြီးကလဲ မြောက်ဘက်အရပ်ကို တစ်မျှော်တစ်ခေါ်ကြီး သွယ်တန်းနေလိုက်တာ ဧရာဝတီမြစ်ညာဆီ အထိပါပဲ။

www.burmeseclassic.com



ခြသေ့်(၃၀)တောင်၏ တစ်ဖက်ရှိ လှိုဏ်ကြီးအတွင်းမှ လိုဏ်ဂူများ တည်ရှိရာ မြင်ကွင်း

**တောင်ခဲ့တဲ့တောင်ကတော့ ကျောက်စစ်သား နိုင်လှုံခဲ့တဲ့ သစ္စာဂူတွေနဲ့ စစ်သားတောင်၊ အဲဒီတောင်မှာ လိုဏ်ဂူတွေက အခုထိ ရှိနေသေး။**

တစ်ဆက်တည်းဆိုရင် **ရွှေတောင်ဦးမှော်တောင်၊ လေးမျက်နှာမုဒ္ဒောတောင်၊** ဒီတောင်ရဲ့ အခြေမှာ မြွေကြီးတွေနေကြတယ်။ ဆက်သွားလိုက်လျှင် **ယုန်ဖြူတောင်၊ ရွှေကြက်တောင်၊ လမ်းဦးတောင်၊ မီးပေါက်ကြီးတောင်၊ ခြသေ့်(၃၀)တောင်နဲ့ရှင်ပင်နှံကိုင်းတောင်**တွေမှာလဲ ရှေးဟောင်းဂူတွေနဲ့ပါပဲ။

အနောက်မြောက်ကို ဆက်တက်လိုက်ပါ။ ရသေ့ကြီး (၄)ဂူရဲ့ ဂူဟောင်းတွေနဲ့ ပြာပုံတောင်ရှိပါတယ်။ ဆက်သွယ်နေတဲ့တောင်ကတော့ ဘီလူးတွေ နေထိုင်ခဲ့ကြသော နာမည်ကျော် **တောင်ဘီလူး**ဖြစ်ပါတယ်။

အရှေ့မြောက်ဘက်က "**လွှမ်းစေတီ**"တည်ရှိတဲ့ **ရွှေလုံတောင်၊** အရှေ့ဘက်ကို ဆက်လိုက်ပါက **ပဲပုံတောင်၊ မဟာတောင်၊ ဖဝါးဦးတောင်နဲ့ ဝတ်ရုံတောင်ကြီး**ပါပဲ။

၊ မြောက်ဘက် ဆက်တက်ကြည့်လိုက်တဲ့အခါ **ဟံသာဂီရိတောင်၊ ငဖားတောင်၊ မြတောင်နဲ့ ကျီးမနိုးတောင်** လှိုဏ်ကြီးရှိနေပါတယ်။

မြောက်ဘက်ကို လှမ်းတက်လိုက်မယ်ဆိုရင် **ငှက်မနားတောင်၊ အံတော်တောင်၊ မဏိကုဏ္ဍလတောင်** ဒီမှာလဲ ရသေ့ကြီးတွေ အားထုတ်ခဲ့တဲ့ လိုဏ်ဂူပျက်တွေနဲ့ပါ။

**သရက္ခန်တောင်၊ ရှင်ဖြူရှင်လှတောင်၊ ကျစွာတောင်၊ သီကြားတောင်။** ပြီးတော့ ကျော်ပြီးရေးရလျှင် **ပတ္တမြားတောင်၊ သုံးဆင့်တောင်၊ ရေခါးတောင်၊ ရွှေမြင်မိတောင်၊ နီတောင်၊ မင်းပန်တောင်**နဲ့ **ရွှေမြင်တင်တောင်**တွေ ရှိ[...]တယ်။

ဒီ ရွှေမြင်တင်တောင်ကြီးက[...] မင်းကွန်းရွာကြီးရဲ့ တံတိုင်းကြီး[...] စစ်ကိုင်းတောင်ကြီးကတော့ [...] အဖြစ်အပျက်တွေနဲ့ ကျော်ကြား[...] ဘုရားစေတီတွေရဲ့ လွှမ်း[...] တဲ့အတွက် အမည်မျိုးစုံ ဖြစ်နေ[...] ပါ။

အဲဒီတောင်ကြီးတွေက [...] တော်တွေဟာ စိတ်ဝင်စား[...] ကောင်းတဲ့ဌာနငွေ ဖြစ်သ[...] ဧရာဝတီမြစ်ကြီးရဲ့ အလှတရား[...] ထောင့်မျိုးစုံက ယှဉ်ပြိုင်နေသ[...] ပါပဲ။


ခမ်းနားလှပတဲ့ စစ်ကိုင်းတော[...] တန်းကြီးဟာ မြန်မာနိုင်ငံရဲ့ အထ[...] ပိုင်းဆီကို ဆက်သွယ်ပေါင်း[...] ပုံဟာ ဌာနေတိုင်းရင်းသ[...] နဲ့ ငြိမ်းချမ်းတဲ့လက်သွယ် [...]





www.burmeseclassic.com

www.burmeseclassic.com



◆ ကိုးပေတံတားအနီးမှ မင်းဝံတောင်တန်းအစကို မြင်တွေ့ရပုံ လက်ယာဘက်တွင် စစ်ကိုင်းတောင် တည်ရှိနေပုံ

နေပါတယ်။

စစ်ကိုင်း တောင်တန်းကြီးရဲ့ အနောက်ဘက် ကြည့်လိုက်ပါဦး။ မင်းဝံတောင်တန်းကလေးက အတူ ကွယှဉ်ပြီး တောင်က မြောက် အရပ်ဆီကို တဖြည်းဖြည်း နိမ့်တုံ မြင့်တုံ သွယ်တန်းနေတာကို မြင်နိုင်ကြမှာပါ။

**ကိုးပေတံတားအနီး ရွှေမုဋ္ဌော စေတီကုန်းတော်**ကအစပြုခဲ့တယ် ပြောရပါတော့မယ်။ **မင်းဝံတောင်ရဲ့ ဦးခေါင်းပါ။** တောင်ဘက်ကို ဧရာဝတီမြစ်ကြီးရဲ့ ဝမ်းဗိုက်အောက် ကနေ အင်းဝရွှေမြို့တော်ကို ရောက်သွားတယ်လို့ ဆရာတော် ရွှေကိုင်းသားက ပြောပါတယ်။

အဲဒီနေရာကတော့ **"ကျွန်စစ်သား"ရဲ့ ထီးလှိုင်ရှင် အောင်မြေ**ပါပဲ။

မင်းဝံတောင်ကြောဟာ စစ်ကိုင်း မြို့ရဲ့ မြောက်အရပ်ဆီ ရောက်သွား ပါတယ်။ အခုတော့ **အရဟံသိမ် တော်ကြီး**တည်ရှိတဲ့ **"ရွှေမင်းဝံ ရပ်ကွက်"**ကြီး ဖြစ်နေပါပြီ။

မြတ်စွာဘုရား နုစဉ်ကာလ ဝံသူ တော်အဖြစ် နေထိုင်ခဲ့တဲ့ အောင် မြေဌာနဖြစ်ပါတယ်။ ဒီဌာနမှာလဲ ရပ်ကွက်သစ်မဖြစ်မီက လိုဏ်ဂူ ပေါင်းတွေ အများကြီး ရှိခဲ့ပါတယ်။ စက်ပစ်ကွင်းဖြစ်လို့ ကျွန်တော်တို့ လက်စမ်းခဲ့တဲ့နေရာပါ။

**မင်းဝံတောင်တန်းရဲ့ အလယ်ပိုင်းမှာ ရတနာထွန့်ဆိုင်စေတီတော်ကြီး တည်ရှိပါတယ်။ စေတီတော်ရဲ့ ပတ်လည်မှာ ထွန့်ဆိုင်ဆရာတော်ကြီး**ရဲ့ တရားရှုတွေ့ရှိပါတယ်။ အခြားသော ပုဂ္ဂိုလ်ထူးများ အားထုတ်ခဲ့တဲ့ ဂူတွေလဲ ရှိနေပါတယ်။

အရှေ့ဘက်မှာတော့ **ကျောက်တာနဲ့ ရေခါးတောင်**ကို သွားတဲ့ လှည်းလမ်းကလေးဟာ ဒီအချိန်မှာ တော့ ကားလမ်းမကြီး ဖြစ်လို့နေပါ ပြီ။ အနောက်ဘက်ကို ကျော်သွား လိုက်ရင် **"ခရိုင်ချင်းဆက် လမ်းမ ကြီး"**က ခရီးတွင်သွားပြီပေါ့။

စိမ်းလန်းစိုပြည်တဲ့ တောင်ကြော တွေဖြစ်သလို အေးချမ်းသာယာတဲ့ လျှိုမြောင်တွေမှာ တောမီရသေ့ ရဟန်းတွေ၊ လူသူတော်ကြီးတွေ၊ ထွက်ရပ်စခန်း၊ ဝိဇ္ဇာလမ်း၊ ပညာ ခန်း စွမ်းစွမ်းတမံ အားထုတ်ကြ ပါတယ်။

အဲလို အားထုတ်ကြတဲ့အခါ



www.burmeseclassic.com

www.burmeselassic.com

ကျောက်လိုဏ်ဂူကြီးတွေ၊ သဘာဝ အတိုင်းဖြစ်တည်နေတဲ့ကျောက်ဖျာ၊ ကျောက်မိုးကြီးတွေကိုသာ ဗလီဖော စ မများဘဲ မှီခိုအားထုတ်ခဲ့တာဟာ အရမ်းအံ့ဩဖို့ ကောင်းပါတယ်။

သမိုင်းဟောင်း မှတ်တမ်းတွေ မှာလဲ **ပေါက်ဂူတွေကို** မှတ်တမ်း ပြုထားကြပါတယ်။ အသင်္ချာ စောယွမ်းမင်းကြီး သက္ကရာဇ် ၆ရရ– ခုနှစ်၊ စစ်ကိုင်းမြို့တော်ကြီး တည်တဲ့ အခါမှာ **ဂူကိုးဂူ** သတ်မှတ်ခဲ့တာ ရှိပါတယ်။


ဂူတွေကို အမည်ပေးပြီး သမိုင်း ဝင် ဖြစ်စေခဲ့လို့ စစ်ကိုင်းသားတွေ စစ်အတွင်းကာလမှာ စစ်ဘေးရှောင် ခွင့် ရခဲ့ကြပါတယ်။

မြို့တွင်းရွှေဂူ၊ ဂူကြီးဂူ၊ ဂူနီဂူ လမ်းလွဲဂူ သောတာပန်ဂူ၊ တောင်ဘီလူးဂူ၊ ဂူမှာန် (၅၅)ဂူ၊ ဆည်းလည်းများဂူနဲ့ ဝတ်တော်ရုံ ဂူတွေပါပဲ။

ကျွန်တော်ရဲ့ **ဆရာအရှင်မြတ် (၄)ပါးဟာ**လဲ သဘာဝလိုဏ်ဂူတွေ ထဲမှာ ကျင့်ကြံအားထုတ်ခဲ့ကြတဲ့ ဆရာတော်တွေ ဖြစ်ပါတယ်။

၁။ **သဘာဝ ရွှေဂူဆရာတော်ကြီး ဦးမေဃိယ (၁၉၀၉–၁၉၉၄) ဟာ** ဆံရှည်ကိုယ်တော်ကြီး အားထုတ်ခဲ့တဲ့ သဲဂူကြီးထဲမှာ အားထုတ်ခဲ့လို့ **"သဘာဝ ရွှေဂူ ဆရာတော်"** လို့ တွင်ခဲ့ရတာပါ။

၂။ **ရေတာရှည် မယ်ဒက်ကယ် ဆရာတော်ကြီး ဦးသံဝရ (၁၉၁၅–၂၀၀၀)**ကလဲ စစ်ကိုင်း တောင်ရိုး၊ ခနုပြုဂူတော်မှာ အား ထုတ် အောင်မြင်ခဲ့ပါတယ်။



◆ ခြသေ့်(၃၀) တောင်ပါးယန်းမှ ရသေ့ဂူသို့အတက်၏ ဖြိုကျနေသော ဂူကြီး

၃။ **သမဏသုခ ဆရာတော်ကြီး ဦးဝါသဝ (၁၉၁၆–၂၀၀၈) အရှင်မြတ်**ကလဲ ပတ္တမြား တောင် **ပုဏ္ဏကဂူကြီးထဲမှာ** ပေါက်မြောက် အောင်မြင်တာပါ။

၄။ **ဒီပဲယင်း ဒက္ခိဏာရာမ ဆရာ တော်ကြီး ဦးဉတ္တမသိဒ္ဓိ**ကလဲ **မြစ်သားသုတ်သံဂူမှာ** ပေါက် မြောက် အောင်မြင်ခဲ့ကြပါတယ်။

ဒီ ကျွန်တော့်ရဲ့ ဆရာအရှင် (၄)ပါးဟာ ပျံလွန်တော်မူပါလျှင် "အဂ္ဂိစျာပန"ကို လုံးဝ မလိုလား ကြတဲ့ ပုဂ္ဂိုလ်ထူးတွေလဲ ဖြစ်ကြပါ၏။

ဆရာတော်ကြီး ဦးမေဃိယ (သဘာဝရွှေဂူ) တစ်ပါးသာ "အဂ္ဂိစျာပန"နဲ့ ကြုံသွားရခြင်း ဖြစ်ပါတယ်။ ကျွန်တော် တားဆီး နိုင်ခွင့် အခွင့်အရေး မရရှိခဲ့လို့ပါ။

သို့ပေမယ့် ဆရာတော်ကြီးက "အဂ္ဂိစျာပန"ဖြင့် အရိုးဓာတ်(၉)ဆူ ချီးမြှင့်ပေးခဲ့တဲ့အတွက် ယနေ့ထိ ပူဇော်ခွင့်ရနေလို့ ကျေနပ်ရပါတယ်။

***(သီးခြားရေးသားပြီး)***

ဆရာအရှင်(၄)ပါး၊ ထွက်ရ... တဲ့နောက် ဂူဟောင်းတွေနဲ့ ဆ... တဲ့ အိပ်မက်အာရုံတွေ ကြ... များစွာ ခံစားရတဲ့အတွက် ... ဟောင်းဂူများကို လေ့လာရေး... အခွင့်အရေး ဖြစ်လာခဲ့ရပါတယ်...

အတော်ကို နောက်ကျနေ... အခု ကျွန်တော် အသက်(... ဆိုတော့ သွားရေး လာရေး အ... တုန့်နှေးနေပါပြီ။

ရှင်ပင်နံ့ကိုင်း တောင်တော်... အနောက်ဘက်မှာ **ခြသေ့်...** **တောင်ကြီး**ရှိပါတယ်။ ... ကြောအတိုင်း ဆင်းသွားပါက အ... ဆုံးမြင်တွေ့ရတဲ့ စေတီနဲ့တော...

ခြသေ့်(၃၀)ဟောင်း၏ အ... မီးတံတားအနီးမှာ မျှော်ကြည့်... ပါလျှင် ဘီလူးကြီးများနေထိုင်... တောင်ဘီလူး ကျောကုန်း... လုပ ရင်မောလှောက်ဖွယ် ... ကြပါလိမ့်မည်။

တောင်ကြောအတိုင်း ... တောကြီးကို အပြိုင်းအ... မယ်။ မြက်ရိုင်းပင်လယ်...



www.burmeselassic.com

www.burmeselassic.com





▲ မြစ်ဆုံ(၃၀) တောင်သိမ်းမှ ရသေ့ဂူ အမှတ်(၂)ဝင်အနီးမှ လေဝင်ပေါက်တစ်နေရာ

◀ မြစ်ဆုံ(၃၀) တောင်သိမ်းမှ ရသေ့ဂူ အမှတ်(၁)ဝင်ပေါက်အား မြင်တွေ့ရပုံ

အလယ်မှာ မညီညာတဲ့ လူသွား လမ်းကလေး ရှိပါတယ်။

လမ်းကလေး၏ ညာဘက် ဘေးတွင် ချောက်ကမ်းပါးကြီးက ကြိုဆိုနေပါမည်။

ကမ်းပါးကြီး၏ အောက်ခြေ ပေ(၃၀)ခန့်မှာတော့ ဒဟတ်မင်းများ ဆိတ်ချေးပင်များနဲ့ ရှားပင်များ၏ အနီးတွင် ဂူကြီးများကို အလွယ် တကူ တွေ့နိုင်ပါတယ်။

**ပထမဂူ**ဟု ဆိုကြပါစို့။ ၎င်းဂူကြီး ၏ အနောက်ဘက် ပေအစိတ်ခန့်မှာ **ဒုတိယမြောက်ဂူကြီးကို** မြင်တွေ့ ရလိမ့်မယ်။

ဂူညီနောင်တို့ဟာ ကမ်းပါးကြီး၏ အောက်ခြေမှာရှိနေလို့ ဆင်းသက် လေ့လာမယ်ဆိုရင် ခြေချော်လက် ချော်မဖြစ်အောင် သတိထားဆင်းဖို့ လိုပါတယ်။ လိပ်သရေဆူးပင်၊ ကျွဲနှာခေါင်းချိတ်ပင်နဲ့ ရှားဆူး တွေက ထိခိုက်ရှနာဖြစ်တတ်လို့ပါ။

ဂူကြီး(၂)ဂူမှာ သိပ်ကွာဝေးခြင်း မရှိပါဘူး။ တောင်စောင်းမှာ ဖြစ်တဲ့ အတွက် ဂရုစိုက် သွားလာရမှာပါ။

ရှေးတုန်းကတော့ **"နဂါးရှိ တောင်"**လို့ အမည်တွင်ခဲ့ပါတယ်။ နောက်နှစ်ပေါင်းများစွာ ကြာတဲ့အခါ ရသေ့ကြီး(၄)ပါး တရားကျင့်ကြံခဲ့ ကြတဲ့ ဂူညီနောင်ပါပဲ။

ရသေ့ကြီး အရှင်စန္ဒကူ၊
ရသေ့ကြီး အရှင်နာဂပုည၊
ရသေ့ကြီး အရှင်သဒ္ဓမ္မပါလ၊
ရသေ့ကြီး အရှင်စိတ္တမုနိ

အစရှိတဲ့ ရသေ့ကြီး(၄)ပါးဟာ ၎င်း တောင်ကို အမှီပြု သီတင်းသုံးနေခဲ့ ကြပါတယ်။

ဂေါစရဂါမ်ရွာတွေကတော့ **သော တာပန်၊ ထန်းတော၊ သရက်ပင်ဆိပ် နဲ့ မင်းစံရပ်တွေ** ဖြစ်တဲ့အကြောင်း **"သမထသုခဆရာတော်ကြီး ဦးဝါ သဝ"**က အမိန့်ရှိပါတယ်။

အခုကာလမှာတော့ စစ်ကိုင်းငလျင် ရဲ့ လှုပ်ကစားခြင်းများတာမို့ ထင်ပါ ရဲ့ ဂူအတွင်းလမ်းများ ပြိုကျပိတ်ဆို့နေ လို့ မတင့်တယ်လှပါဘူး။

အရှေ့ဘက်က အမှတ်(၁)ဂူကို ဆင်းပြီးလေ့လာဖို့ အဆင်ပြေမှာ မဟုတ်ပါ။ အဝင်ဂူဝလမ်းက မြင့်မား ပြီး ကျောက်လှေကားတွေ မရှိတော့ အတွက် အန္တရာယ်ရှိပါတယ်။ အတွင်း ကို ဝင်မယ်ဆိုရင်တောင် ထိတ်လန့် စရာ သတင်းတွေနဲ့အတူ ပျံ့နှံ့နေပါ တယ်။

ကြီးမားလှတဲ့ စပါးကြီးမြွေတွေ အသိုက်အအုံအဖြစ် ခိုအောင်းနေကြ လို့ပါ။

တစ်ခါတလေတော့ တောကြီးမြွေ ဟောက်လို မြွေဟောက်အကြီးစားတွေ ကို တွေ့ရတတ်လို့ ဘုန်းကြီးကျောင်း သားတွေမပြောနဲ့ ဘုရားသူခိုးတွေက တောင် ရှောင်ရှားကြတဲ့ ဂူတွေပါပဲ။

**ယခင် နှစ်(၃၀)ကျော်အချိန်က ၁၉၈၀ နှစ်လောက်မှာ အဆောင့်ဘီလူးရုပ်ကြီး ရှိခဲ့ပါတယ်။ အဲဒီ ဘီလူးကြီးထံမှာ**

www.burmeselassic.com

**အသား ငါး စတဲ့ စားစရာတွေ ပေးလှူပြီး တောင်းဆိုတဲ့သူတွေ ရှိပါတယ်။ အဲဒီအခါ ဘီလူးကြီးက အကူအညီပေးတယ်လို့ ဘဒ္ဒေ ဦးညိုမောင်က ပြောပြပါတယ်။**

အဲဒီဘီလူးကြီးက အမျိုးသမီးဆိုင်ရာကိစ္စရပ်များကို လုံးဝ မစောင့်ရှောက်ပါဘူး။ သူ့ကိုတောင် ရှာတွေ့ဖို့ လွန်စွာ ခက်လှပါသတဲ့။

ဒါကတော့ **နတ်ထိန်းကြီး ဦးညွန့်အောင် (ပုဏ္ဏအင်း)က** ပြောပြလိုက်လို့ သိရတာပါ။

ဦ့ ဟရိန္ဒိ ဟရိန္ဒိ

သုခရိန္ဒိ ရဏ္ဍော ဟိန္ဒိ

ရာဇာ ရက္ခာ ရဏ္ဍော ဟို ဟို။ ။

(၃၇–ခေါက်)ရွတ်ပြီး လိုရာသုံးပါက အကျိုးပေးတယ်လို့ သိရပါ၏။ မေတ္တာပို့ပြီး ပြန်ပို့ရတယ်လို့လဲ ပြောပြထားပါတယ်။

ဒီဘီလူးကြီးကို အခုအခါ မတွေ့ကြရသော်လဲ အချို့သောဆရာများက ရသေ့ကြီး(၄)ပါးအား မည်သူကမှ မနှောင့်ယှက်ရန် တောင်ဘီလူးကြီးက အစောင့်ထားခဲ့သည် ဆိုပါတယ်။

ရသေ့ကြီးများလဲ ထွက်ရပ်ပြုသွားလေပြီ၊ ဘီလူးကြီးလဲ မရှိတော့ပါ။

ရသေ့ကြီး(၄)ပါးနဲ့ ဆက်နွယ်နေတဲ့ ဆေးပင်များလဲ ပေါက်ရောက်နေကြောင်း လေ့လာခဲ့ရပါတယ်။ ဆေးပင်တွေကို မြင်တွေ့ ရယူဖို့ကတော့ သီလမြဲဖို့လဲ လိုအပ်ပါတယ်။ လိုအပ်သည်ထက် ပိုယူခွင့်မရှိဘူးလို့ အဆိုရှိပါတယ်။

ဆေးပင်စောင့်ပုဂ္ဂိုလ်များနဲ့ ရသေ့ကြီးများကို အောက်ပါဂါထာနဲ့ ရွတ်ဆိုပြီး သွားရောက် ရှာဖွေ ရရှိနိုင်မှာ ဖြစ်ပါတယ်။

---

ရွတ်ဆိုရသောဂါထာ

---

မေဃံ ဝါတဥ္စ ရတနံ၊

ခညံ့ ဝတဥ္စ ဘောဇနံ၊

သဗ္ဗိစ္ဆိတံ တဒညမ္ပိ၊

မာပေယျ ကမ္မဇိဒ္ဓိယာ။

*(ဆရာတော်ကြီး ဦးဝါသဝ)*

**အနက်**

**မေဃဥ္စ** – မိုးကိုလည်းကောင်း၊ **ဝါတဥ္စ**–လေကို လည်းကောင်း၊ **ရတနဥ္စ**– ရွှေငွေစသော ရတနာကိုလည်းကောင်း၊ **ခညဥ္စ**–ဥစ္စာစပါးကိုလည်းကောင်း၊ **ဝတဥ္စ**–ဝတ်အကျင့်ကို လည်းကောင်း၊ **ဘောဇနဥ္စ**– ဘောဇဉ်ကို လည်းကောင်း၊ **တဒညမ္ပိ**–ထိုမှတစ်ပါးလည်းဖြစ်သော၊ **သဗ္ဗိစ္ဆိတဥ္စ**–အလိုရှိအပ်သော အရာအားလုံးကိုလည်းကောင်း၊ **ကမ္မဇိဒ္ဓိယာ**–ကမ္မဇိဒ္ဓိဖြင့် (ဝါ) ကံကြောင့်ဖြစ်သော တန်ခိုးဖြင့်၊ **မာပေယျ**–ဖန်ဆင်းရာ၏။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [ဓမ္မာစရိယ (မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက– ဒီဃနိကာယကောဝိဒ (နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

---

ဆေးပင်များ

---

၁။ နွယ်ရွှေစင် ဆေးပင်

၂။ နဂယပင်

၃။ နဂါးနွယ်ပင်၊

၄။ ကန့်ချုပ်နီပင်၊

၅။ သမန်နက်ပင်

တို့ကို တွေ့ရှိနိုင်ကြပါ၏။

---

တွေ့နိုင်သောရက်များ

---

ဝါဆိုလပြည့်

တော်သလင်းလပြည့်

တန်ဆောင်မုန်းလပြည့်

ပြာသိုလပြည့်

နေ့များဟု သိရပါတယ်။

ဆေးပင်များရဲ့ အသုံးဝင်ခြင်း... မသိရပါ။ ကျွန်တော်ကဲ့သို့ ဆေး... များ၏ဂုဏ်သတ္တိငှာကို နားမ... သူများအတွက်တော့ ဗဟုသုတ... ရနိုင်ပါလိမ့်မည်။

***ကလျာဏမိတ္တာ အဝေရာ အ... ကင်းဝေး ငြိမ်းအေးကြပါစေ...။***

**အောင်ရွှေမြတ်**

***(စစ်ကိုင်းတောင်)***

ကိုးကားစာကျမ်းများ

၁။ ဆရာတော်ခင်ကြီးဖျော်၏ ကဝေသာရကျမ်း။

၂။ စစ်ကိုင်း နှစ်–ရဝပြည့် မှတ်တမ်း...

၃။ ဆရာကြီးသဗြူးမြသောင်း... စစ်ကိုင်းတောင်၊ မင်းဝံတော...


၄။ ရာဇသင်္ကြံ၏ ဝေါဟာရ လီနတ္ထကျမ်း။

၅။ ကိုယ်တိုင်သွားရောက်လေ့... ခြင်း၊ ဆရာတော်ကြီးများ... မေးမြန်းနာယူမှတ်သားခြင်းမျ...



www.burmeselassic.com

www.burmeselassic.com



# မာတင်အဝိအရင်းအကြောင်း

မြသန်း (သန်လျင်)

'လူတို့သည် မိမိလောကီအကျိုးစီးပွား အလို့ငှာ ဂူဗိမ်ရအဆောင်များကို ဆောင်ကြပါသည်။ သူဖုန်းစား (သူတောင်းစား–ယာစကာ)အရုပ်ကို ဆောင်သည်ဆိုလျှင် သိသူအချို့သာ လက်ခံကြမည်ဖြစ်သော်လည်း ယခုမှကြားဖူးသူအချို့ အံ့ဩမိကြပါလိမ့်မည်'

စသည့် **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၁၃၇)၊ စာမျက်နှာ (၁၃၆)၊ ဒီဇင်ဘာလ၊ ၁၉၉၇ ခုနှစ် (အေးမြင့်–ယောနယ်)၏ "မာတင်နှင့် ချည်းနားစောင့်"** ဆောင်းပါးကို ဖတ်လိုက်ရသည့်အခါ နဂိုကပင် မာတင်အကြောင်း ရေးချင်နေသော ကျွန်တော့်အတွက် ထပ်လောင်း နှိုးဆော်ပေးလိုက်သကဲ့သို့ ဖြစ်ရပြန်သည်။

(အေးမြင့်–ယောနယ်)၏ အရုပ်ထုပုံ အရုပ်အနေအထားက မှန်ပေမယ့် **"အကယ့် သူတောင်းစားအစစ်ရဲ့ ထမ်းပိုးဖြစ်ရမယ်။ ထမ်းနေရင်းကျိုး သွားတာလဲဖြစ်ရမယ်"** ဆိုသည့်အချက်သည် ယခုခေတ်အနေအထားဖြင့် လွယ်ကူသည်ကို တွေ့ရပါလိမ့်မည်။

မူလအရင်းအမြစ် ထုနည်းထုဟန် အသားစနစ် မှန်သည်ဖြစ်သော်လည်း သူတောင်းစားအစစ်၏ ထမ်းပိုးရဖို့ လွယ်ကူပါ။

သူတောင်းစားများ ပပျောက်လာသည်ကတစ်ကြောင်း၊ သူတောင်းစားအစစ်များကလည်း ထမ်းပိုးကျိုး မပေးလိုသည်ကတစ်ကြောင်းကြောင့်မလွယ်ကူရခြင်း ဖြစ်ပေသည်။

ကျွန်တော့်ဆရာတော်၏ "ဗားမဲ့လက်တွေ့ကျမ်း" စာအုပ်တွင် မာတင်မော်အကြောင်း အဆင့်(၄)ဆင့် ရေးသားထားသည်ကို တွေ့ရပါသည်။

၁။ အင်းမော်

၂။ အရုပ်မော်

၃။ ရွှေမော်

၄။ ထမင်းမော်တို့ ဖြစ်ပါသည်။

အင်းမော်မှာ အင်းချပြီး ပြာသောက်ရန် ဖြစ်ပါသည်။ အင်းဆန်ချရမည့်ဂါထာ ပါ၊ ပါသည်။ ထိုဂါထာကိုပင် အသက်သွင်းဂါထာ၊ အနိုးဂါထာပြုလုပ်ရကြောင်း ဖော်ပြထားပါသည်။

**အရုပ်မော်မှာ** သူတောင်းစား ထမ်းပိုးကျိုး မဟုတ်သော်လည်း **နှံ့သာဖြူသား (ကျီးပေါင်းသား)များကို သူတောင်းစားရုပ်** ထုလို့ရပါသည်။

**ရွှေမော်မှာ** ရွှေ(၈)ချပ်ကို ဂါထာမန်းပြီး ဘုရားတွင် ကပ်လှူဆုတောင်းရန် ဖြစ်ပါသည်။

**ထမင်းမော်မှာ** (၇)အိမ်ကဆန်ကို တောင်းပြီး ဆွမ်းတော်တစ်ဖို့၊ မိမိစားဖို့တစ်ဖို့ ချက်ပြီး အသက်သွင်းဂါထာ အနိုးဂါထာ (၃၇)ခုပ်စုတ်ပြီး (၇)ရက် စားရန်ဆိုပြီး အဆင့်လေးဆင့် တွေ့ရပါသည်။

ထိုအဆင့်လေးဆင့်နှင့် အသက်သွင်းဂါထာ အနိုးဂါထာကို မူရင်းတိုင်း ပြန်ဖော်ပြလိုက်ပါသည်။

သိကောင်းစရာ

---

အသက်သွင်းဂါထာ

---

ယဒိစိတ္တန္တိမံ စိတ္တံ၊
စိတ္တံဟောန္တိ ပိယံပိယာ။
ပိယေနစိတ္တေနဒိသွာ၊
ဟောန္တုမမ ပိယံပိယံ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **စိတ္တန္တိမံ** | =စိတ်တန်တိမန် |
| **ဟောန္တိ** | =ဟွန်တိ |
| **စိတ္တေန** | =စိတ်တေန |
| **ဒိသွာ** | =ဒိတ်သဝါ |
| **ဟောန္တု** | =ဟွန်တု |

**အနက်**

**ဣမံစိတ္တံ**–ဤစိတ်ကို၊ **စိတ္တန္တိ**–ဆန်းကြယ်၏ဟု၊ **ယဒိဧသာ**–အကယ်၍ သိအံ့၊ **စိတ္တံ**–ဆန်းဆန်းပြားပြား၊ **ပိယံပိယာ**– ချစ်ခင်ကြင်နာခြင်းတို့သည်၊ **ဟောန္တိ**–ဖြစ်ကုန်၏။ **ပိယေနစိတ္တေန**–ချစ်ခင်သော စိတ်ဖြင့်၊ **ဒိသွာ**–ကြည့်ရှုကြ၍၊ **မမ**–ငါ့အား၊ **ပိယံပိယံ**–ချစ်ချစ်ခင်ခင် ရှိကြကုန်သည်။ **ဟောန္တု**–ဖြစ်စေကုန်သတည်း။

---

အနိုးဂါထာ

---

ယေယေပသန္တိမံဇနာ၊
တေပသန္တု မနောရမ္မံ။
တသာဥမ္မတ္တကောပိယာ၊
ဒသာနေန့မနောရမ္မံ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ပသန္တိ** | =ပတ်သန်တိ |
| **ပသန္တု** | =ပတ်သန်တု |
| **ရမ္မံ** | =ရမ်မံ |
| **တသာ** | =တတ်သာ |



www.burmeselassic.com

www.burmeselassic.com

**ဥမ္မတ္တ** =အုမ်မတ်တ-
**ဒဿ** =ဒတ်သ

**အနက်**

**ယေယေဇနာ**–အကြင်သူတို့သည်၊ **မံ**–ငါ့ကို၊ **ပဿန္တိ**–ကြည့်ကုန်၏၊ **တေ**–ထိုသူတို့သည်၊ **မနေ–ရမ္မံ**–နှလုံး ရွှင်ပျော် မွေ့လျော်ခြင်းကို၊ **ပဿန္တု**–မြင်ရစေကုန်သတည်း။ **မနေ–ရမ္မံ**–စိတ်နှလုံးရွှင်ပြုံးဖွယ်ဖြစ်သော ငါ့ကို၊ **ဒဿနေန** – တွေ့မြင်ရခြင်းဖြင့်၊ **တဿ**–ထိုသူအား၊ **ဥမ္မတ္တကော ဝိယ**–ရူးသကဲ့သို့ ဖြစ်စေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

အင်းမှော်

ထိုဂါထာများကို မွေးနေ့ကစ၍ တစ်နေ့လျှင် (၂)အင်းချမိုင်းကိုင်စက္ကူတွင် နံ့သာမျိုး(၅)ပါးနှင့် ဟသ်ာပြဒါးထည့်ပြီး ဆိတ်ငြိမ်ရာ ဘုရားတန်ခိုးကြီးတွင် ကပ်၍ ယင်းအင်းဆန် မပေါက် မကာမ်းရအောင် အက္ခရာအင်းဆန် မှန်ကန်စွာချပြီးလျှင် နံနက်ဆွမ်း၊ သင်ပုတ်ရေချမ်း၊ တံခွန်ကုက္ကား၊ ဆန်ပန်းပေါက်ပေါက် ပူဇော်ကနီတော့၍ အုန်းရည်နှင့် (၇)ရက်သောက်ပါ။

ရွှေမှော်

ရွှေရှစ်ချပ်ကို ယင်းဂါထာနှင့်မန်းပြီးလျှင် မျက်လုံးတော်နှစ်ဖက်၊ နားတော်နှစ်ဖက်၊ ဝမ်းတော်နှစ်ဖက်၊ ရင်တော်နှစ်ဖြာ၊ လည်ပင်းတော်၊ ပါးစပ်တော်နှစ်ဖြာ ဆုတောင်းပတ္ထနာပြု၍ ချလော့။

အရုပ်မှော်

**နံ့သာဖြူစစ်စစ်** (ကျီးပေါင်းသား) မာတင်ရုပ်တုပထမဂါထာ (အသက်သွင်းဂါထာ)နှင့် တစ်ထောင်စုပ်၊ အရုပ်တစ်ပါးသို့သွားသော် **ဒုတိယဂါထာနှင့်** နှိုး၍သွားလေ (၃၇–အုပ်)။

ထမင်းမှော်

(၇)အိမ်ကဆန်ကိုတောင်း၍ (မယ်သီလဆန်ကိုဝယ်ပါ) ဆွမ်းတော်တစ်ဖို့ မိမိစားရန်တစ်ဖို့စီချက်၊ အထက်ပါဂါထာနှင့် (၃၇)အုပ်စုပ် (၇)ရက် ဆက်၍စား။ ကူတ္တိ(ဒ်နိုးမ) ဖျက်ဆီးတတ်သည်။ ကြပ်ကြပ်ရှောင်လေ။

'ဤမာတင်မှော်သွင်းနည်းသည် ကာလဒေသပျက်သည်ဖြစ်၍ စုံလင်စွာမရှိကြ ဂါထာမှန္တန်လဲ မမှန်၊ အင်းမှော်၊ ရွှေမှော်၊ ထမင်းမှော်၊ အရုပ်မှော် ယင်းမှော်(၄)ချက်ကို စုံလင်စွာ မတွေ့ကြရ'

ဤအတိုင်း ကျမ်းရင်းတွင် ဖော်ပြထားပါသည်။ သို့သော် ကျွန်တော့်အနေနှင့် အင်းမှော်ပိုင်းကို ချန်လှပ်ကာ ရွှေမှော်၊ အရုပ်မှော်၊ ထမင်းမှော်တို့ကို လက်တွေ့စမ်းသပ်၍ အဆောင်လုပ်နိုင်းရာ အောင်မြင်သည်ကို တွေ့ရပါသည်။

**မှတ်ချက်။** ။ (…)ထဲမှဖော်ပြချက်သည် လက်တွေ့ စမ်းသပ်မှုမှရလာသော ကိုယ်တွေ့များ ဖြစ်ပါသည်။

နဂိုမူလရင်းမြစ် ရုပ်တုရှိသူများလည်း ဤနည်းအတိုင်း အသက်သွင်းဂါထာ၊ အနိုးဂါထာများနှင့် စီမံပါက ပိုမိုအကျိုးထက်စရာအကြောင်းရှိပေသည်။

***ကောင်းကျိုးလိုရာပြည့်စပါစေ။***

**မြင့်သန်း** *(သန်လျင်)*


မည်
သူ
မ
ဆို
ပါ
ဝင်
ရေးသား
နိုင်ပါသည်...
စာမူပို့လိုက...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉ (မြေညီ)
၂၉–လမ်း (အထက်)
ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့
၀၉–၇၇၆၃၄၉၇...
၀၉–၉၆၈၀၀၄၁၉...




www.burmeselassic.com

www.burmeselassic.com

# ကန်သင်းများမင်း ကျိုးလေတော့သည်

မောင်ကံ (ထံတားရွာ)



ကျိုက်ကြီးကျိုက်ရုပ်ရှင်တော်မြတ်ကြီး၏ မျက်လုံးတော်မှ
ရောင်ခြည်တော်လွှတ်နေသည့်ပုံ
(သမြို့ကြီးရဟန်းမှ ပေါ်တာညီမြို့)

## အဓိဋ္ဌာန်ဝင်ခြင်း

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ ...ည့် အဓိဋ္ဌာန်ဝင်လေ့ ရှိပါသည်။ ...ဓိဋ္ဌာန်ဝင်သည် ဆိုသည်မှာ မိမိ ...ြုတွေ့နေရသော အခက်အခဲကို ...လည်စေရန် (သို့မဟုတ်) မိမိ ...စေလိုသော ကိစ္စတစ်ရပ်ကို ...ောင်မြင်စွာ ဖြစ်ပေါ်လာစေရန် ...တွက် မြတ်စွာဘုရားရှင်၏ ...မှောက်တွင် အဓိဋ္ဌာန်ပြု၍ ပုတီး ...ခြင်း၊ တရားထိုင်ခြင်း၊ ဂုဏ်တော် ...ဂါထာများ ရွတ်ဖတ်ခြင်းတို့ ...ပါသည်။

ဘုရားတပည့်တော်သည် ယနေ့မှစ၍ ...ဒ္ဓဂါထာတော်ကြီးကို တစ်နေ့လျှင် ...ီးပတ်ရေ (၂၇)ပတ်ဖြင့် (၂၇)ရက် ...ည့်သည်အထိ စိပ်ပါမည်။

အဓိဋ္ဌာန်ရက် ပြည့်ပါက တပည့်တော် ...ြုတွေ့နေရသော အခက်အခဲ ကိစ္စကို ...ျော်လွှားနိုင်ရပါလို၏။ (သို့မဟုတ်) ...ည့်တော် ဖြစ်စေလိုသော ကိစ္စသည် ...ောင်မြင်စွာ ဖြစ်ရပါလို၏'

...ု ဆုတောင်းပြီး အဓိဋ္ဌာန်ဝင် ...း ဖြစ်ပါသည်။ ဥပမာအနေဖြင့် ...း ဖော်ပြခြင်း ဖြစ်ပါသည်။

အဓိဋ္ဌာန်ဝင်ရာတွင် ရွတ်ဆိုသည့် ...တော်၊ ဂါထာ၊ ကျင့်စဉ် အမျိုး ...ကြသလို အဓိဋ္ဌာန်ဝင်ရသည့် ...ကြောင်းခြင်းရာလည်း အမျိုးမျိုး ...ပါသည်။

...န်တော့်အနေနှင့်မူ တစ်သက် ...ွင် တစ်ကြိမ်သာ အဓိဋ္ဌာန်ဝင် ...သည်။ အဓိဋ္ဌာန်ဝင်ရသည့် ...ကြောင်းမှာ...

www.burmeselassic.com

### ပထမအကြိမ် မိုးခေါင်ခြင်း

ကျွန်တော်သည် ၁၉၉၈ ခုနှစ် မိုးရာသီအစ ဖွန်လတွင် ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့၌ မ.ယ.ကဥက္ကဋ္ဌ တာဝန် စတင် ထမ်းဆောင်ပါသည်။

ပေါင်းတည်မြို့သည် တစ်နှစ်လျှင် ပျမ်းမျှ မိုးရေချိန် (၄၀)လက်မ ဝန်းကျင်သာ ရွာလေ့ရှိရာ မိုးဦး၊ မိုးလယ်၊မိုးနှောင်း (၃)ပါးလုံး ညီမျှစွာ ရွာမှသာ စပါးသီးနှံစိုက်ပျိုး အောင်မြင်ပါသည်။

ယခုနှစ်တွင် မိုးဦး၊မိုးလယ် ကောင်း၍ စပါးပင်များ စိုက်ပျိုးအောင်မြင်နေစဉ် မိုးနှောင်းကာလ တော်သလင်းလ အောင်ရေ လိုအပ်သည့် အချိန်တွင်မှ မိုးမှာ လုံးဝ ပြတ်သွားပါသည်။ တစ်ကြိမ်မျှပင် မရွာတော့ပါ။

ထိုအချိန်က ပေါင်းတည်မြို့တွင် ဝဲကြီးဆည်လည်း မတည်ဆောက်ရသေး၍ ဆည်ရေလည်း မရနိုင်ပါ။

မိုးနှောင်းပြတ်သွား၍ စပါးပင်များ အနှံမထွက်နိုင်တော့ဘဲ ဖုံးတုန်းလုံးတုန်း ဘဝနှင့်သာ အပင်ခြောက်ပြီး သေကြရပါသည်။

တောင်သူများသည် စပါးရိတ်သိမ်းချိန်တွင် စပါးရိတ်သိမ်းရမည့်အစား လယ်ကွင်းထဲရှိ မတ်တတ်သေနေသော စပါးပင် အခြောက်များကို နောက်နှစ် စိုက်ပျိုးရန်အတွက် မီးရှို့ ရှင်းလင်းရာတွင် စိတ်မထိန်းနိုင်သူများ မျက်ရည်ကျသည်ထိ စိတ်ထိခိုက်ရပါသည်။

စပါး မရတော့သဖြင့် အစိုးရတာဝန်ကျေ စပါးရောင်းရန်ကိစ္စ၊ စိုက်/ဘဏ်သို့ စိုက်ပျိုးစရိတ်ငွေများ ပြန်ဆပ်ရန်ကိစ္စ၊ ကုန်သည်များထံမှ ယူထားသော ကုန်ကြွေးများ ပြန်ဆပ်ရန်ကိစ္စ၊ မျိုး/ဝမ်းစာ သိုလှောင်ရန်ကိစ္စ၊ မိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊လူမှုရေး ကိစ္စများ လွန်စွာ အခက်အခဲ တွေ့ကြလေသည်။

### ၁၉၉၉ ခုနှစ် အခြေအနေ

၁၉၉၉ ခုနှစ်တွင် မိုးဦး၊မိုးလယ် ကောင်း၍ လယ်သမားများသည် ယခင်နှစ် အကြွေးကျေစေရန် အတွက် ကြိုးစားထွန်ယက် စိုက်ပျိုးကြရာ မိုးနှောင်းလည်း ကောင်းသဖြင့် စပါးအထွက်နှုန်း ကောင်းသောကြောင့် လယ်သမားများ စားဝတ်နေရေး အဆင်ပြေကြပါသည်။

သို့ရာတွင် ယခင်နှစ်က "တံစဉ်လွတ်"ပျက်စီးခဲ့သည့် ဒဏ်ကတော့ မပျောက်သေးပါ။ နောက်ထပ် (၂) နှစ်ခန့် မိုးသုံးပါးညီမှသာ ပျောက်နိုင်ပါသည်။

### တန်ခိုးတော် အမျိုးမျိုး ပြသည့် ကျိုက်ကြီးကုန်း ရုပ်ရှင်တော်မြတ်ကြီး ပေါ်ထွန်းလာခြင်း

၂၀၀၀ ပြည့်နှစ်တွင် ပေါင်းတည်မြို့ အရှေ့ဘက် (၃)မိုင်ခန့်အကွာ မဲခေါင်းရွာသို့ သွားသည့် လမ်းဘေး သစ်ပင်ချုံနွယ်များ ပိတ်ဖုံးနေသော ဒေသခံများက **"ကျိုက်ကြီးကုန်း"**ဟု ခေါ်သည့် ကုန်းတစ်ခုပေါ်တွင် တည်ရှိသည့် ဉာဏ်တော် ပေ(၃၀)ခန့်ရှိပြီး ကိုယ်လုံးတော်၊ လက်တော်[illegible] ပလ္လင်တော်တို့ ပျက်စီးယိုယွင်း[illegible]သော ရုပ်ပွားတော်ကြီးတစ်ဆူ [illegible]သည်။

**ထိုရုပ်ပွားတော်ကြီး၏ မျက်[illegible] တော်မှ အရောင်အမျိုးမျိုး [illegible] ရောင်ခြည်တော်များ လွှတ်ခြင်း[illegible]**

**မျက်လုံးတော် တစ်[illegible] တစ်ဖက် ရောင်ခြည်တော်များ [illegible] မျက်နက်ဝန်းလည်ခြင်း၊ မျက်လုံး[illegible] များ မျက်တောင်ခတ်ခြင်း...**

**ကြီးမားလှသည့် ကိုယ်လုံး[illegible] ကြီးသည် ဘယ်ညာယိမ်းခြင်း[illegible] အကြိမ်ပေါင်းများစွာ တန်ခိုးတော်[illegible] ပြနေသည်ကို ရွာသားများ [illegible] တွေ့ရပါသည်။**

သို့နှင့် လာရောက်ဖူးမြော်[illegible] အလှူများပြားလာပါသည်။ ဘု[illegible] လာသူများ၏ လှူဒါန်းငွေ[illegible] အလှူများပြားလာသဖြင့် [illegible] တော်ကြီးတစ်ခုလုံး ဘက်စုံ [illegible] မွမ်းမံရန်အတွက် ကျွန်[illegible] ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး [illegible] များ၊ ရ.ယ.ကများ၊ ဌာနဆိုင်[illegible] အင်ဂျင်နီယာပညာရှင်များ [illegible] သော **"ကုန်းတော် ဘက်စုံ [illegible] တည်ဆောက်ရေးကော်မတီ"** [illegible] ဖွဲ့စည်းကာ တည်ဆော[illegible] လုပ်ငန်းများကို အရှိန်အဟ[illegible] ဆောင်ရွက်နေပါသည်။


ရုပ်ပွားတော်ကြီးက တန်ခိုး[illegible] အမျိုးမျိုး ပြနေသဖြင့် ရုပ်ပွား[illegible] ကြီးသည် သက်တော်ထင်ရှား [illegible] ဘုရားဖြစ်သောကြောင့် "[illegible] တော်ကြီး"ဟု မခေါ်[illegible] ကျိုက်ကြီးကုန်းပေါ်တွင် တည်[illegible] ကြည်ညိုမှုဖြင့် **"ကျိုက်[illegible] ရုပ်ရှင်တော်မြတ်ကြီး"**ဟု[illegible]





www.burmeselassic.com

www.burmeselassic.com



တန်ဆောင်အဆောက်အဦတွင် ရုပ်ရှင်တော်မြတ်ကြီး (ထိုစဉ်က)တန်ခိုးပြနေသည်ကို ဖူးမြော်နေသော ပရိသတ်

တ်မှတ်ခဲ့ပါသည်။

တစ်ကြိမ် ဖူးပြီးလျှင်

အကြိမ်ကြိမ် ဖူးဖြစ်

ရုပ်ရှင်တော်မြတ်ကြီးကို လာ
ာက် ဖူးမြော်သူများသည် မိမိတို့
ကြုံတွေ့နေရသော စီးပွားရေး
ရေး ကျန်းမာရေး၊ လူမှုရေး
ည့် အခက်အခဲ ကိစ္စကို ရုပ်ရှင်
ော်မြတ်ကြီးထံ လျှောက်ထားပြီး
တို့ နှစ်သက်သည့် "အဓိဋ္ဌာန်"
ခုကို ဆောင်ရွက်ရာတွင်
ဋ္ဌာန်ရက် ပြည့်သည့်အချိန်တွင်
ဋ္ဌာန်သည့်အတိုင်း အောင်မြင်
ဖြင့် ရုပ်ရှင်တော်မြတ်ကြီးအား
ယအကြိမ်၊ တတိယအကြိမ်
ည်ဖြင့် အကြိမ်ကြိမ် လာရောက်
ော်လှူဒါန်းမှု ပြုကြပါသည်။

ုတိယအကြိမ် မိုးခေါင်ခြင်း

၀၀ ပြည့်နှစ် မိုးဦးကာလနှင့်
ယ်ကာလတို့တွင် ရာသီဥတု
မှန်ကန်ပြီး မိုးရွာသွန်းမှု ကောင်းမွန်၍ စပါးစိုက်ပျိုးမှုမှာ အောင်မြင်ဖြစ်ထွန်းနေသော်လည်း မိုးနှောင်းကာလ တော်သလင်းလ အောင်ရေလိုအပ်သည့် အချိန်တွင် မထင်မှတ်ဘဲ မိုးပြတ်သွားပါသည်။

အစပိုင်းတွင် (၅)ရက်၊ (၁၀)ရက်ခန့်သာ ပြတ်ပြီး မိုးပြန်ရွာမည်ဟု တောင်သူများက ထင်မှတ်ခဲ့သော်လည်း (၁၅)ရက်၊ (၂၀)ရက် ကြာသည့်တိုင် မိုးမရွာတော့သဖြင့် တောင်သူများမှာ စိုးရိမ်လာကြပါသည်။

စိုက်ထားသည့် ကောက်စော စပါးများမှာ စပါးဖုံးများ ဖုံးနေပြီး စပါးနှံ ထွက်ရမည့်အချိန် ရောက်ပါလျက် မထွက်နိုင်ကြပါ။

သက်လတ်စပါးများမှာ သန္ဓေကပ်စပင် ရှိသေးသဖြင့် ပို၍ ဆိုးနိုင်ပါသည်။

"တော်သလင်းနေ ပုစွန်သေ" ဆိုသည့်စကားအတိုင်း နေပူရှိန်မှာ ပြင်းထန်လှသဖြင့် လယ်များ ရေခန်းခြောက်စ ပြုပြီဖြစ်၍ မိုးမရွာတော့ပါက စပါးပင်များ သေမည်မှာ သေချာနေပါသည်။

တောင်သူများသည် တစ်နှစ်ကျော်(၁၉၉၈ ခုနှစ်)က မိုးနှောင်းပြတ်သွား၍ တံစဉ်လွတ်ဘ၀ ရောက်ခဲ့ကြသဖြင့် ဒုက္ခမျိုးစုံ ခါးသီးစွာ ခံစားခဲ့ရသည်ကို သတိရပြီး စိုးရိမ်စိတ်မှာ အမြင့်ဆုံး အခြေအနေသို့ ရောက်လာကြပါသည်။

အဓိဋ္ဌာန်ဝင်ရန် စဉ်းစားမိ

တော်သလင်းလလည်း ကုန်တော့မည်။ မိုးကလည်း မရွာသေး။ တစ်ခါတစ်ရံ မိုးခြိမ်းသံကြီးပြုပြီး ပျောက်သွားပြန်ရာ ဒီအတိုင်း နေ၍တော့မဖြစ် တစ်ခုခုလုပ်ရန် စဉ်းစားလိုက်ရာ တန်ခိုးတော်ကြီးလှသော ကျိုကြီးကုန်း ရုပ်ရှင်တော်မြတ်ကြီးထံတွင် အဓိဋ္ဌာန်ဝင်ပါက တစ်ခုခုတော့ ထူးခြားလိမ့်မည်ဟု တွေးမိလေသည်။



www.burmeselassic.com

www.burmeselassic.com

ထို့ကြောင့် ကျွန်တော်သည် ရှပ်ရှင်တော်မြတ်ကြီး၏ ရှေ့မှောက်တွင် ဘုရားကန်တော့၊ ငါးပါးသီလ ခံယူပြီး မြတ်စွာဘုရားရှင်၏ အရဟံအစ ဘဂဝါအဆုံးရှိသော ဂုဏ်တော်ကိုးပါးကို တစ်နေ့လျှင် ပုတီး(၉)ပတ်နှုန်းဖြင့် စိပ်ပါမည်။

(၉)ရက် စိပ်ပြီးပါက လယ်မြေများ သီးနှံအောင်မြင်သည့်အထိ မိုးရွာပါစေရန် **အဓိဋ္ဌာန်ပြု ဆုတောင်း၍** ထိုနေ့ ညနေကစပြီး အဓိဋ္ဌာန် ပုတီးကို စတင် စိပ်ပါသည်။

ပုတီးစိပ်နေချိန်တွင် စိတ်ကို ပျံ့လွင့်မှု မရှိစေရန် ထိန်းချုပ်ပြီး ဂုဏ်တော် တစ်ခုချင်း၏ အဓိပ္ပာယ်ကို ပေါ်လွင်အောင် အာရုံပြုပြီး စိပ်ပါသည်။

နောက်နေ့ ညနေတွင်လည်း မပျက်မကွက် ပုတီးစိပ်ပါသည်။ ထို(၉)ရက်အတွင်း ညနေပိုင်း၌ မည်မျှပင် အရေးကြီးသည့် လုပ်ငန်းများရှိစေကာမူ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းကို အပျက်မခံပါ။

ရုံးလုပ်ငန်းများကို ပုတီးစိပ်ပြီးမှသာ ရုံးတက် အလုပ် လုပ်ပါသည်။ ထိုရက်များအတွင်း မေတ္တာသုတ်ကိုလည်း အချိန်ရသမျှ ရွတ်ဆိုပါသည်။

အဓိဋ္ဌာန်ဝင်သည်မှာ (၇)ရက် ရှိပါပြီ။ မိုးရိပ်လေရိပ်များ မြင်ရလေမလားဟု ကောင်းကင်ကို မော့ကြည့်ရသည်မှာ အကြိမ်ကြိမ်မင်။

---

အဓိဋ္ဌာန်ရက် ပြည့်ပြီ

---

ယနေ့ဆိုလျှင် အဓိဋ္ဌာန် (၉)ရက် ပြည့်လေပြီ။ တစ်ရက်မျှ မပျက်ခဲ့ပါ။ ပုတီးစိပ်၊ မေတ္တာသုတ်ရွတ်၊ ဆောာင့်နှုတ်, ဆောင်စောင့်နှုတ်များ အပါ အားလုံးကို အမျှပေးဝေပါသည်။

ကျိုက်ကြီးကုန်း ရုပ်ရှင်တော်မြတ်ကြီးထံတွင်လည်း စပါးသီးနှံများ အောင်မြင်ဖြစ်ထွန်းသည်ထိ မိုးရွာသွန်းနိုင်ပါရန် ဆုတောင်းခဲ့ပါသည်။

ညအိပ်ရာထဲတွင် မိုး ရွာမှ ရွာပါ့မလား၊ မရွာခဲ့လျှင် တောင်သူများ ဒုက္ခပင်လယ် ဝေကြဦးမည်။ ကျွန်တော်လည်း တာဝန်ကျေ စပါးဝယ်ယူရေးကိစ္စတွင် တ.ယ.က အစည်းအဝေးများ၌ အခြား မြို့နယ်များနှင့်ယှဉ်လျှင် မျက်နှာငယ်ရဦးမည်။

၁၉၉၈ ခုနှစ်က ကဲ့သို့ မိုးမရွာသည်ကို ထည့်သွင်းမစဉ်းစား၊ စပါးတာဝန်ကျေရေးကိုသာ ဖိအားပေးပြောဆိုသည့် အထက်လူကြီးများ၏ ပြစ်တင်ပြောဆိုခြင်းကို ခံရဦးမှာလားဟု တွေးရင်း အချိန်အတော်ကြာမှ အိပ်ပျော်သွားပါသည်။

သန်းခေါင်ယံ အချိန်ခန့်တွင် ပြင်းထန်သော မိုးခြိမ်းသံကြောင့် ကျွန်တော် နိုးလာပါသည်။ လျှပ်စီးများလည်း မနားတမ်း လက်နေပါသည်။ မကြာမီပင် အိမ်ခေါင်မိုးပေါ်သို့ မိုးပေါက်များကျသံ ကြားရပါသည်။

မိုးရွာသည့်အသံမှာ တဖြောင်းဖြောင်းမြည်အောင် ကြားနေရသဖြင့် စိတ်ထဲတွင် "တစ်နာရီလောက်သာ ပြင်းပြင်းရွာရင် အောင်ရေ ရပြီ" ဟု တွေးမိပါသည်။

သို့ရာတွင် မိုးမှာ ရက်ပေါင်း
ကြာ မရွာထားသဖြင့် အတိုး
နေသည့်အလား မနားတော့
မိုးလင်းခါနီးမှ ရပ်သွားပါတော့
သည်။

မနက်မိုးလင်းလျှင် ညက
သည့် မိုးကြောင့် လယ်များ
အခြေအနေကို မျက်မြင်ကြည့်
နှင့်… မိုးရွာစေရန် အဓိဋ္ဌာန်
ဆုတောင်းရာတွင် ဆုတောင်း
စေသော ကျိုက်ကြီးကုန်း ရုပ်ရှင်
မြတ်ကြီးကိုလည်း ဖူးရန်အတွက်
မဲခေါင်းရွာသို့ သွားသည့်
အတိုင်း မော်တော်ဆိုင်ကယ်
ထွက်လာပါသည်။

မြို့အထွက်တွင် အလုပ်ကို
မြို့သို့ တက်လာသော ရွာပုလဲအု
ရ.ယ.က ဥက္ကဋ္ဌ ကိုတွတ်နှင့် တွေ့
ကျွန်တော်က…

'ကိုတွတ် ညက ရွာတဲ့မိုး
လယ်တွေ ရေတော်တော် ရရဲ့
ဟု မေးလိုက်ရာ ကိုတွတ်က

'ရသလား မပြောနဲ့ ဆရာရေ…
လယ်ထဲ ရွာတဲ့မိုးနဲ့တင် လယ်
ရေပြည့်လျှံပြီး ကျနေတာ… ဆ
မဲခေါင်းရွာဘက်က လယ်တွေက
ပါ မတာရေး ထိုးဆင်းလာတော့
တွေပါ ကျိုးကုန်ပြီ ဆရာရေ'
ဟု ပြန်ပြောလေသည်။

**[ကျိုက်ကြီးကုန်း ရုပ်ရှင်တော်
ကြီးအား ထာဝစဉ် ရှိခိုးကန်တော့
ပါ၏။]**

**မောင်ကံ**
**(တံတားရွာ)**



www.burmeselassic.com

www.burmeselassic.com

# အလိုတော်ပြည့်အခန်း

ကောင်းမြတ်ထွန်း
(ဟင်္သာတ)

ကျောက်အမျိုးမျိုး ရောင်းဝယ်နေသော ကိုကျော်မြင့်သည် ကျွန်တော်နှင့် လက်ဖက်ရည်ဆိုင်တွင် တွေ့ကြုံပါသည်။ အရောင်းအဝယ်ကိစ္စများ ယခုတလော ထင်သလောက် မကောင်းကြောင်း ပြောပြပါသည်။

ရောင်းရေးဝယ်တာ ဖြူးမှုဖြင့် ကောင်းမွန်သွက်လက်မည့် နည်းကောင်းများရှိလျှင် ပေးပါရန် တောင်းဆိုလာပါသည်။

ထို့ကြောင့် ကျွန်တော်က...

'အင်းအိုင်လက်ဖွဲ့ ဂါထာမန္တန် အဆောင်များကို ယုံကြည်မှုရှိရဲ့လား..., ဆောင်လိုပါသလား'

ဟု မေးလိုက်ပါသည်။

ကိုကျော်မြင့်က ပြုံးရယ်၍ အယုံအကြည်ရှိပါကြောင်း ဆောင်လိုပါကြောင်း ပြောသောကြောင့် ကျွန်တော်က အင်းဂါထာစသည်များ ပေးစွမ်းနိုင်သောနေရာသို့ ခေါ်ဆောင်၍ လာခဲ့ပါတော့သည်။

ဦးရာတန်...၊

ဦးရာတန်သည် လောကီပညာရပ်များကို နှံ့စပ်စွာ လေ့လာလုပ်ဆောင်တတ်ပါသည်။ ထို့ကြောင့် ကျွန်တော်က ကိုကျော်မြင့်အား ဦးရာတန်၏ နေအိမ်သို့ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ပါသည်။

ဦးရာတန်ကို အိမ်တွင် အဆင်သင့် တွေ့ရပါသည်။ ဦးရာတန်ကကျွန်တော်တို့အား နေရာပေး၍...

'ငါ့တူကြီး မလာတာကြာပြီ။ အခုမှ ပေါ်လာတယ်။ ညှိသည်လဲ ပါလာတယ်။ ဘာကိစ္စများ ရှိနေလို့လဲကွယ့်'

ဟု မေးမြန်းပါသည်။

'သူက ကျောက်အမျိုးမျိုး ရောင်းဝယ်ပါတယ်။ ဦးကြီးရာတန့် ကျွန်တော့် သူငယ်ချင်းပါ။ အမည်က ကိုကျော်မြင့်



လို့ ခေါ်ပါတယ်'

'သြော်...အေးအေး...မောင်ကျော်မြင့် တဲ့လား'

'ဟုတ်ကဲ့ပါ ခင်ဗျာ။ ကျော်မြင့်လို့ ခေါ်ပါတယ်'

'ကျောက်ရောင်းကျောက်ဝယ် လုပ်တယ် ဟုတ်လား'

'ဟုတ်ကဲ့'

'ရောင်းဝယ်ကောင်းရဲ့လားကွယ့်'

ထိုတွင် ကျွန်တော်က ဝင်၍...

'အဲဒီကိစ္စနဲ့ လာတာ ဦးကြီးရာတန်ရဲ့'

ဟု ပြောလိုက်ရာ...

'ဟော... ငါ့ဆီမှာ ကျောက်ဝယ်ချင်လို့လား'

ဟု ဦးရာတန်က မေးလိုက်ပါသည်။

'မဟုတ်ပါဘူး ဦးကြီးရာတန်ရဲ့။ ဒီက ကိုကျော်မြင့်က အခုတလော အရောင်းအဝယ်ထိုင်းနေလို့ ဦးကြီးရာတန့်ထံက အဆောင်ကောင်းကောင်း လိုချင်တယ် ပြောလို့ ကျွန်တော် ခေါ်လာခဲ့တာပါ'

'သြော်...သြော် အရောင်းအဝယ် ကောင်းဖို့ အဆောင်လိုချင်တယ်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

ဦးရာတန်က ခေတ္တစဉ်းစားပြီး...

'အေးကွယ်...ငါလဲ လွန်ခဲ့တဲ့ အနှစ် (၃၀)လောက်တုန်းက ခရီးသွားရင်း အင်း–ဆေး–ဗေဒင် အဂ္ဂိရတ်ပညာတွေ ရေးထားတဲ့ စာအုပ်အထုတ်ကြီး တစ်ခု ကောက်ရခဲ့တယ်။

အဲဒီအထဲမှာ ပလာစာအုပ်ပေါင်း (၆၄)အုပ်ပါတယ်။ စုံတယ်ကွယ့်။

အခုတော့ ဟိုပြောင်းဒီရွှေ့နဲ့ ငှားသူက ငှားလို့ ပြန်မပေးကြလို့ ဆုံးတာနဲ့ ချစားလို့ ပျက်ကုန်တာနဲ့ အခုတော့ စာအုပ်က (၉)အုပ်(၁၀)အုပ်လောက်ပဲ ကျန်တော့တယ်'

'နှမြောစရာပဲနော် ဦးကြီးရာတန်'

'အေးကွယ့်...လူအချို့က စာအုပ်၊ စာပေ၊ ပညာ နည်းနိသယကောင်းတွေကို တန်ဖိုးထားတတ်ကြတယ်။ တချို့က တန်ဖိုးမထားတတ်၊ တန်ဖိုး မသိတတ်ကြဘူးကွယ့်။

အဲဒီလိုလူတွေကြောင့် ပညာ



www.burmeselassic.com

www.burmeselassic.com

ကောင်း၊ နည်းကောင်း တန်ဖိုးရှိတဲ့ စာပေပညာအတတ်တွေ ပျောက်ပျက်ကုန်ရတာပေါ့ကွာ'

'ဟုတ်ပါတယ် ဦးကြီးရာတန်'

'တို့ငယ်ငယ်က ဆရာတော်ကြီးက လက်ာတစ်ခု ပေးထားတယ်'

**"နည်းကောင်းတစ်သွယ် ပြန့်ပွားကြွယ်၊ လူ့နယ်ကောင်းကျိုးရ"** တဲ့ ဒါကြောင့် ငါကတော့ကွာ နည်းကောင်းရှာတယ်။ လေ့လာတယ်။ သုံးကြည့်တယ်။ ပြန့်ပွားအောင်လဲ ဖြန့်ဝေပါတယ်။

အခု ငါ့တူတို့ကိုလဲ ကောင်းကျိုးဖြစ်မယ့် နည်းလမ်းထဲက **"အလိုတော်ပြည့်အင်း"** အဆောင်ကို ပေးလိုက်မယ် ဟုတ်လား'

'ဟုတ်ကဲ့ ဦးကြီးရာတန်'

'ဘာမဆို လောကမှာ အစွဲဆိုတာရှိတယ်။ အဲဒီအစွဲဟာ ကိုယ့်အဆောင်ပဲ။ အဲဒီအစွဲအဆောင်ကို အမှီပြုပြီး လုပ်ကိုင်နေကြပြီး အဲဒီအစွဲ အဆောင်အစွမ်းနဲ့ အကျိုးဝိပါကတွေ ဖြစ်လာကြတာပဲပေါ့ကွာ။

ဒီတော့ အစွဲအဆောင်ဟာ ကောင်းတဲ့ အစွဲအဆောင်ကိုဆောင်စွဲရင် ကောင်းတဲ့ အကျိုးတွေ ဖြစ်ပေါ်လာပါလိမ့်မယ်'

ထိုသို့ပြောပြီး ဦးရာတန်သည် သူ၏ အိမ်ယာဘေးဘက်မှာ စားပွဲခုံငယ်ပေါ်တွင် တင်ထားသော စာအုပ်အချို့ကို လှန်လှောရွေးချယ်ပြီး စာအုပ်တစ်အုပ်ကို ဆွဲယူကာ အလိုရှိသော အကြောင်းအရာများကို ရွေးချယ်ပြီး ကျွန်တော့်ကို ပြသပါသည်။

'အဲဒီအင်းပဲကွယ့်။ (အလိုတော်ပြည့်အင်း)။ အဲဒါကို ဖို့တူတို့ကူးယူပြီး စီရင်ဆောင်ရွက်ပြီး အဆောင်ပြုလုပ်ကြရမယ်။ မင်းတို့ရဲ့ အလိုဆန္ဒတွေ ပြည့်စုံပါလိမ့်မယ်'

ဟု အင်းကို လက်ထောက်ပြပြီး ပြောပါသည်။

'ကဲ...ကိုကျော်မြင့် အင်းပုံစံ ကူးဗျာ'

ကျွန်တော်က ထိုသို့ပြောသဖြင့် ကိုကျော်မြင့်က စာအုပ်ကိုထုတ်ယူပြီး ကူးယူပါတော့သည်။

အင်းပုံစံမှာ အောက်ဖော်ပြပါ အတိုင်း ဖြစ်ပါသည်။

အင်းပုံစံမှာ (၅)ကွက်ပတ်လည်အင်း ဖြစ်ပါသည်။ အင်းဆန် အက္ခရာစာလုံးများကို မြင်းသွားချထားပါသည်။ အင်းဆန်မှာ ပါဠိဘာသာများဖြစ်ပါသည်။

အင်းချစဉ်တွင် သန့်ရှင်းခြင်း၊ စကားမပြောရခြင်း၊ ဆိတ်ငြိမ်ရခြင်း၊ အင်းမချမီ ဘုရားတွင် ပန်း၊ ရေ၊ ဆီမီး၊ သစ်သီးတို့ကို လှူဒါန်းပြီး (၅)ပါးသီလ ဆောက်တည်ပြီး ဘုရားအား အာရုံပြု၍ အင်းချရခြင်း၊ အင်းဆန်ဂါထာဖြင့် (၃၇)အုပ် စုတ်မန်း၍ ဆောင်ရခြင်းတို့ကို ညွှန်ကြားထားပါသည်။

**အင်းဆန်ဂါထာမှာ...**

'ဗုဒ္ဓါ နုဘာဝေန ကူစိတံ ပတ္တိတံ သဗ္ဗသုခံ ပရိပုဏ္ဏံ သမိဇ္ဈန္တု'

ဟူ၍ ဖြစ်ပါသည်။

ပါဠိအနက် မြန်မာပြန်

**ဗုဒ္ဓါနုဘာဝေန**–မြတ်စွာဘုရား၏ တန်ခိုးရှိန်စော်အာနုဘော်တော် တန်ခိုးကြောင့်၊ **ကူစိတံ**–အလိုရှိအပ်သော၊ **ပတ္တိ တံ**–တောင့်တအပ်သော၊ **သဗ္ဗ သုခံ**–အလုံးစုံကုန်သော ချမ်းသာတို့သည်၊ **ပရိပုဏ္ဏံ**–ပြည့်စုံခြင်းသည်၊ **သမိဇ္ဈန္တု**–ဖြစ်ပါစေသတည်း။

**ပါဠိကို မြန်မာအသံထွက်နည်း**

**ဗုဒ္ဓါ** = ဗုတ်ဓာ
**ကူစိတံ** = အိပ်ဆိတန်
**ပတ္တိတံ** = ပတ်တိတန်
**ပရိပုဏ္ဏံ** = ပရိပုန်ဏံ
**သမိဇ္ဈန္တု** = သမိတ်ဇန်တု

အလိုတော်ပြည့် အင်းပုံစံ

* * *

အင်းဆန်သွင်းပြီး

| | | | | |
|---|---|---|---|---|
| ဇု | ဗ္ဗ | တံ | ဏ္ဏံ | ဒ္ဓ |
| န္တု | ပု | ဒ္ဓါ | သု | ပ |
| သ | န္တိ | (နံ) | ဘာ | သ |
| ရိ | ဈ | န | တ္တိ | ခံ |
| ကူ | တံ | ပ | မိ | ဝေ |

အင်းအသွား

| | | | | |
|---|---|---|---|---|
| ၁ | ၁၄ | ၉ | ၂၀ | ၃ |
| ၂၄ | ၁၉ | ၂ | ၁၅ | ၁၀ |
| ၁၃ | ၈ | (နံ) | ၄ | ၂၁ |
| ၁၈ | ၂၃ | ၆ | ၁၁ | ၁၆ |
| ၇ | ၁၂ | ၁၇ | ၂၂ | ၅ |

အင်းဆန်ကို မြင်းသွား...
အလယ်ကွက်တွင် ဆောင်လို...
နေ့နံထည့်ပါ။

**မွေးနံဟူသည်မှာ...**

တနင်္ဂနွေနံ – (၁)ဂဏန်း
တနင်္လာနံ – (၂)ဂဏန်း
အင်္ဂါနံ – (၃)ဂဏန်း
ဗုဒ္ဓဟူးနံ – (၄)ဂဏန်း
ကြာသပတေးနံ – (၅)ဂဏန်း
သောကြာနံ – (၆)ဂဏန်း
စနေနံ – (၇)ဂဏန်း

တို့ ဖြစ်ကြပါသည်။

၎င်း **"အလိုတော်ပြည့်အင်း"**...
လိပ်၍ ဆောင်ပါ။ ရွှေပြားတွင်...
ကောင်း၏ ငွေပြားတွင်လည်း...
ချ၍ ဆောင်အပ်ပါသည်။

***(ဤတွင် ...)***


စာမျက်နှာ (၁၇၅)



www.burmeselassic.com

www.burmeseclassic.com

# ပြဒါးမီးနေ ငွေဖြူဖြစ်



အချိန်ကား ကြာခဲ့ပါပြီ...။

စစ်ကိုင်းမြို့ တစ်ခုသောရပ်ကွက်၊ တစ်ခုသော နေအိမ်သို့ ဆရာတော်တစ်ပါး ကြွရောက်လာသည်။ အိမ်ရှင်အား **နာ(ခဲ)**နှင့် ပြဒါး၊ လုံများ အဝယ်ခိုင်းပြီး ပြဒါးမီးထိုးခံ (မီးနေပြဒါး)များ အိမ်ရှင်အား နည်းပေးလမ်းညွှန်ပြီး အလုပ်ခိုင်းသည်။

ရရှိလာသော မီးနေပြဒါးခဲများကို သွားရောက်ရောင်းချခိုင်းရာ ငွေဖြူများဖြစ်သည်ဆိုပြီး ဝယ်ယူသူများက ဝယ်ယူလိုက်ကြောင်း၊ နောင်တစ်ချိန်တွင် ဘုရားထီးတင်မှ မိမိအိမ်တွင် တည်းခိုသီတင်းသုံးသွားသော ပုဂ္ဂိုလ်မှာ ဆရာတော်ဦးပေါက်ဆိန်ဖြစ်ကြောင်း သိရသည်ဟု ဆိုပါသည်။

အိမ်ရှင်သည် ထိုအချိန်မှစ၍ အဂ္ဂိရတ်ဝါသနာပါကာ ကိုယ်တိုင်လုပ်ခဲ့သော ပြဒါးလမ်းကို စမ်းသပ်လုပ်ကိုင်ခဲ့ရာ ပြဒါးမရဖြစ်နေပြီး အကြံအိုက်နေ၍ အဂ္ဂိရတ်ဆရာ ဦးဘရင်အား နည်းပေးပြောပြပြီး အကူအညီတောင်းခဲ့သည်။ ထိုမှတစ်ဆင့် စာရေးသူထံ နည်းလမ်းရောက်ရှိလာပြီး ကိုယ်တိုင် စမ်းသပ်လုပ်ကိုင်ခဲ့ရာ မီးနေမီးထားလိုကြောင်း သိရှိရပြီး **"ဂဠုန်ကုတ်သတ် နဂါးရစ်"**ကြောင်း သဲလွန်စတွေ့ရှိခဲ့ရပေသည်။

နာ(ခဲ) တစ်ဆယ်သားကို သံဒယ်နှင့် အရည်ကျိုပါ။ အရည်ဖြစ်လျှင် ကုက္ကိုကုက္ကား)ခေါက်နှင့် အဆက်မပြတ် မွှေပေးပါ။ နာ(ခဲ)များ ပြာဖြစ်၍ ထွက်လာပါလိမ့်မည်။ တစ်ကျပ်သားကျန်အောင် မွှေပါ။

ပြဒါးရည် ပြဒါးတစ်ကျပ်သားကို လုံဖြင့်ထည့်၍ မီးနွေးထားပါ။ နာ(ခဲ)တစ်ကျပ်သားကို လုံဖြင့် အရည်ကျို၍ မီးဖိုပေါ်မှချပါ။ တဖြည်းဖြည်း အေးခဲသွားပါလိမ့်မည်။

လုံခပ်နွေးနွေးရှိနေချိန်တွင် မီးနွေးထားသော ပြဒါးရည်ကို နာ(ခဲ)ရှိရာလုံထဲသို့ လောင်းထည့်လိုက်ပါ။ မိနစ်(၂၀)ခန့်ကြာလျှင် ပြဒါးခဲကို ရရှိပါလိမ့်မည်။

နာ(ခဲ) တစ်ထပ်၊ ပြဒါးတစ်ထပ် (၂)ထပ်ဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။ (၁၅)ရက် ဖွဲမီးစိုက်ပါ။

ပြဒါးဖမ်းလျှင် မီးပြင်းမသုံးရ၊ ဓာတ်သေဓာတ်လုံးနှင့်တွဲ၍ ဖမ်းသည့် တိုင်အောင်မီးနွေးနွေးနှင့်သာ ဖမ်းရသည်။

အဂ္ဂိရတ်ပညာသည် တကယ်ရှိ၏။ လမ်းညွှန်သူလည်း ရှိ၏။ အဂ္ဂိရတ်သမားလည်းရှိ၏။ **သံသေ၊ ပြဒါးသေသည်** မဆိတ်သုဉ်းချေ။

နောက်အပတ်များတွင် နာမည်ကျော် အဂ္ဂိရတ်ပညာရှင်တို့၏ နည်းလမ်းများကို စုစည်းရောင်ခြည် စာဖတ်ပရိသတ်များအတွက် ရေးသားတင်ပြပါမည်။

**စန္ဒာသီရိရသေ့**

**စာမျက်နှာ (၁၇၄)မှ အဆက်**

အထက်ပါအတိုင်း ကိုကျော်မြင့်သည် ဦးရာတန်၏ အင်းမှတ်စုပါအတိုင်း (မူရင်းအတိုင်း)ကူးယူလိုက်ပါတော့သည်။ ကူးယူပြီးသောအခါ...

'ဦးကြီးဦးရာတန်... ကူးပြီးပါပြီ'

'ဩော်...အေးအေး... ကူးပြီးပြီဆိုရင် ငါ့တူတို့ကို တစ်ခုတော့ ပြောရဦးမယ်။ **အဲဒီ အင်းဆန်ဂါထာကို အိပ်ယာဝင် အိပ်ယာထ (၇)ခေါက် စီလောက် နေ့စဉ်ရွတ်ကြကွယ့်။** အင်းလဲဆောင်၊ ဂါထာလဲရွတ်၊ အဆောင်ကိုလဲ မပျောက်ရလေအောင် အမြဲသတိစွဲထားဟုတ်လား'

'ဟုတ်ကဲ့... ခင်ဗျာ'

'နောက်တစ်ခုက လူဆိုတာ သစ္စာရှိရတယ်။ ကတိလဲ တည်ရတယ်။ အစိဋ္ဌာန်လဲ ခိုင်မြဲရတယ်ကွယ့်။ ဒါကြောင့် ငါ့တူတို့ (၅)ပါးသီလထဲက တတ်နိုင်တဲ့ သီလသိက္ခာ တစ်ခုခုကို သစ္စာပြုထားပြီး အဲဒီသစ္စာမပျက်မှု မှန်ကန်မှုနဲ့ အလုပ်လုပ်သွားရင်း အရာရာအောင်မြင်ပြည့်စုံ အဆင်ပြေပါလိမ့်မယ်။ အဲဒါယုံကြည်ဟုတ်လား'

'ဟုတ်ကဲ့ပါ ခင်ဗျာ'

'ကဲ...ငါ့တူတို့ "အလိုတော်ပြည့်အင်း" ဆောင်ပြီး အရာရာ အလိုလိုဆန္ဒအဝဝ ပြည့်စုံကြပါစေကွယ်'

'ကျေးဇူးအထူးတင်ပါတယ် ဦးကြီးဦးရာတန်ခင်ဗျာ... ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး'

ဟုဆိုကာ ကျွန်တော်တို့သည် ဦးရာတန်အား ဂါရဝပြု၍ ပြန်ခဲ့ကြပါတော့သည်။

***သုတေသီမိတ်ဆွေအပေါင်း ဆန္ဒပြည့်ဝကြပါစေ...***

**ကောင်းမြတ်ထွန်း (ဟဲသ်ာဂ)**



www.burmeseclassic.com

www.burmeselassic.com

ဘုရားရှင်၏ ပရိတ်တော်မှန်သမျှသည် သစ္စာဆိုခြင်းဖြင့် အောင်မြင်စေသည့် ပရိတ်တော်များသာ ဖြစ်ပေသည်။

နားနောင်ဆရာတော် ဦးကလျာဏ၏ မိန့်ဆိုခဲ့သမျှ စကားလုံးတို့သည် *စာရေးသူ၏ နားထဲသို့ပြန်လည် ကြားယောင်လာပါသည်။*

'ဘုရားရှင်ရဲ့ ပရိတ်ကြီး(၁၁)သုတ်ဟာ လွန်စွာ တန်ဖိုးရှိတဲ့ ပရိတ်တော်တွေ... ပရိတ်တော်တွေ ရွတ်ဖတ်ခြင်းဖြင့် အခက်အခဲ အကျပ်အတည်း မှန်သမျှကို လွန်မြောက်စေနိုင်တယ်။

ကလေး မမွေးနိုင်သူတွေအဖို့ သာမန်ရေဆိုရင် (၃)ကြိမ် ရေစစ်နဲ့စစ်ပြီး ဘုရားရှေ့မှာ အင်္ဂုလိမာလသုတ်နဲ့ (၇)ကြိမ်ရွတ်ပြီး ကိုယ်ဝန်ဆောင်မိန်းမ တိုက်တိုက်၊ ဖွားခန်းအတွင်း ပတ်ဝန်းကျင်ကိုဖျန်း ကောင်းစွာ မွေးဖွားစေတယ်။ ဘုရားအလောင်း ငုံးမင်းပရိတ်ကိုကြည့်၊ ငုံးမင်းသစ္စာဆိုပုံက ရိုးရိုးလေးပဲ။

'အိုတောမီး...ငါ့မှာ အတောင်ရှိပါ၏။ သို့သော် မပျံနိုင်ပါ။ ငါ့မှာ ခြေထောက်လဲရှိပါ၏။ မသွားနိုင်ပါ။ အမိအဖနှစ်ပါးတို့လဲ ငါ့ကိုထားခဲ့၍ သွားကုန်ကုန်လေပြီ... ဤစကားသည်မှား ကောန်စင်စစ်အမှန် ဖြစ်သည်။

ဤမှန်သောသစ္စာစကားကြောင့် သင်တောမီးသည် ငါ့ထံသို့ မရောက်ဘဲ ငြိမ်းပျောက်ပါစေသတည်း။ ဤသစ္စာကြောင့် တောမီးငြိမ်းသွားတယ်။ ဒီပရိတ်တော် နေ့စဉ်ရွတ် မီးဘေးကင်းဝေးစေတယ်။ မီးတစ်ခုတည်းမဟုတ်ဘူး။ သောက၊ ပရိဒေဝ၊ ဒုက္ခတွေကြုံရင်လဲ စိရင် ဆောင်ရွက်နိုင်တယ်။

ဖယောင်းတိုင် ခပ်တုတ်တုတ်မှာ မှိုင်းကိုင်စက္ကူမှာ ဝဋ္ဋသုတ်ကို ရေးပြီး ဖယောင်းမှာပတ် ဝဋ္ဋသုတ်နဲ့ (၇)အုပ်ရွတ် မွေးနေ့ကမှစပြီး

# အခက်အခဲ
# အကျပ်အတည်းမှန်သမျှ

### ဝဋ္ဋသုတ်ဖြင့် အဓိဋ္ဌာန်ဝင်သော



ညဥ့်စဥ် တစ်တိုင်နှုန်းနဲ့ ဘုရားမီးပူဇော်... ပူဇော်နေစဉ်မှာ (၇)ခေါက်ရွတ် ဘေးကင်းမယ်။ စီးပွားရေး လူမှုရေးတွေကအစ အဆင်ပြေလာမယ် လက်တွေ့ပဲ'



နားနောင်ဆရာတော် ဦးကလျာဏ မိန့်ဆိုခဲ့သည့်စကား ယနေ့ထိ စာရေးသူ၏ ရင်ထဲက မထွက်သေး။ ဆရာတော် ရွတ်ပြခဲ့သည့် ဝဋ္ဋသုတ္တပရိတ်ကို နှုတ်ဖျားမှ ပြန်လည် ရွတ်ဆိုမိလိုက်ပါသည်။

ပူရေန္တံ ဗောဓိသမ္ဘာရေ၊
နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊
မဟာသတ္တံ ဝိဝဇ္ဇယိ။
ထေရဿ သာရိပုတ္တဿ၊
လောကနာထေန ဘာသိတံ၊
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။
အတ္ထိ လောကေ သီလဂုဏော၊
သစ္စံ သောစေယျ နုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊
သစ္စ ကိရိယ မုတ္တမံ။
အာဝဇ္ဇေတွာ ဓမ္မဗလံ၊
သရိတွာ ပုဗ္ဗကေ ဇိနေ၊
သစ္စဗလ မဝဿာယ၊
သစ္စကိရိယ မကာသဟံ။
သန္တိ ပက္ခာ အပတနာ၊
သန္တိ ပါဒါ အဝဉ္စနာ။
မာတာပိတာ စ နိက္ခန္တာ၊
ဇာတဝေဒ ပဋိက္ကမ။
သဟ သစ္စေ ကတေ မယှံ၊
မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသ ကရီသာနိ၊
ဥဒကံ ပတွာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊
ဧသာ မေ သစ္စပါရမီ။

**မှတ်ချက်။ ။ အနက်အဓိပ္ပါယ်နှင့် အသံထွက်များကို ပရိတ်ကြီး စာအုပ်များတွင် ကြည့်ရှုနိုင်ပါသည်။**

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း(အင်းကော်)**

www.burmeselassic.com

www.burmeselassic.com

# ရသေ့ပျံဂူ နှင့်

## နှန်းစဉ် ကိုးကွယ်ခဲ့သော ဘုရားတစ်ဆူ

လွယ်ကောင်းအောင်

ရသေ့ပျံဂူသည် အဝေးမှ ကြည့်ပါက အစာချောင်းနေသော ဖားပြုတ်ကဲ့သို့...အစာကို ထိုးသုတ်တော့ည့် သိမ်းငှက်ကဲ့သို့ ထင်ရသည်ဟု ရသေ့ပျံဆရာတော် ရေးသည့် သမိုင်းစာအုပ်ထဲမှာ ဖတ်ခဲ့ရ၏။

ရသေ့ပျံဂူသည် မြေပြင်မှ ပေါက်ဝသည် ပေ(၁၅၀)ခန့်သာ ၏။ ဟိုဘက်ဒီဘက် နှစ်ဖက်ပွင့်ဂူ ဖြစ်၏။

ရသေ့ပျံဂူ၏ ရာဇဝင်ကြောင်းကို အမြန်းလေ့လာသောအခါ စိတ်ဝင်စားဖွယ်ကောင်းလှ၏။ သထုံသမိုင်းနှင့်လည်း ဆက်စပ်နေ၏။

မနူဟာမင်းသည် အနော်ရထာမင်းနှင့် စစ်ရှုံးသောအခါ ပုဂံကို မင်းဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ရသည်။

မုတ္တမ မိဖုရားသည် နောက်လိုက်အချို့နှင့် ရသေ့ပျံဂူအနီးသို့ ရောက်ရှိသည်။

မုတ္တမ မိဖုရားသည် စစ်ဘေးမှ ရှောင်ရင်း ကျောက်ဂူနံရံများကို တွင်းထု၍ ရုပ်ပွားတော်များ၊ စေတီများ အမျိုးမျိုးကို စွမ်းအားရှိသလောက် ကုသိုလ်ပြုခဲ့ကြပါသည်။

လိုဏ်ဂူအပြင်ဘက် ကျောက်နံရံများ ဂူအတွင်းမှ ကျောက်သားနံရံများကို ထွင်းဖောက်၍လည်းကောင်း ကျောက်ခက် ပန်းဆွဲတို့တွင်




▲ စိုးမောင်အောင် ရုပ်ပွားတော်

www.burmeselassic.com



◆ ရသေ့ပုံအတင်တ



◆ သဘာဝ ကျောက်ပန်းဆွဲများ

လည်းကောင်း ၃"×၄"အရွယ် အုတ်ခွက်ရုပ်ပွားတော်များ၊ ၅'×၆' အရွယ် ရုပ်လုံးရုပ်ကြွများ ပုံသဏ္ဍာန် အမျိုးမျိုးဖြင့် ဖူးတွေ့နိုင်ပါသည်။

အုတ်ခွက်ဘုရားများ အပြင် ကျောက်သားနံရံကို ထွင်းထုထားသော ရုပ်ကြွရုပ်လုံးများ၊ စေတီ၊ တံခွန်၊ ကုက္ကား၊ ပြာသာဒ်ပုံ အမျိုးမျိုးကိုလည်း ဖူးတွေ့ရမည် ဖြစ်ပါသည်။

ဂူပေါက် အမြင့်ပေ(၁၅၀)ခန့်လောက်တွင် အနီရောင်ဆေးသားဖြင့် ရေးထားသော စာကြောင်း(၄) ကြောင်းမှာ ပထမစာကြောင်းမှာ **"သက္ကရ်ဝေဂ်"**၊ ဒုတိယစာကြောင်း**"ဖင်"**၊ တတိယစာကြောင်း**"ခွဲ"**သာ ဖတ်၍ ရတော့သည်။

(၁၄–၄–၂၀၀၂)ခုနှစ်တွင် ဂူရှေ့ရှိ ဘေးမဲ့ကန်ကို တူးဖော်သောအခါ အနက်(၃)ပေ အရောက်တွင် လက်ရေးစင်းရာပါသော အုတ်ရေတွင်းတစ်ခုကို တွေ့ကြရပါသည်။ ပျူခေတ်နှင့်အပြိုင် သမိုင်းအထောက်အထားများလည်း ဖြစ်နေပြန်၏။

**ရသေ့ပုံတောင်ဟု ဆိုရခြင်းမှာ ရှေးက ရသေ့တစ်ပါး တောင်ကို ဖောက်ထွက်ကာ ကောင်းကင်ပျံသွားတာကို အစွဲပြု၍ ခေါ်ဝေါ်ခြင်း ဖြစ်သည်။**

ထိုရသေ့သည် သထုံဘုရင်မနူဟာ ကိုးကွယ်သော မင်းဆရာလည်းဖြစ်၏။ ထိုရသေ့ကို **"ဗုဒ္ဓဉာဏရသေ့"**ဟု ခေါ်ကြ[...] မနူဟာမင်း၏ စစ်သည်တော်များ[...] ပညာသင်ပေးရသော ဆရာတစ်[...] ဖြစ်နေသောကြောင့် လောကီအ[...] ၌ မဟိဒ္ဓိ ရရှိသူလည်း ဖြစ်နေပြ[...] သည်။

အနော်ရထာမင်းသည် သထုံ[...] အောင်တော်မူသောအခါ ဘုရင်[...] တကွ ပိဋကတ်တော်၊ ဓာတ်တော်[...] မွေတော်၊ ဆင်းတုတော်၊ ဆင်[...] တော် (၃၂)စီးအပြင် ကျမ်းဂန်တ[...] ရဟန်းတော်များ၊ လက်မှုပည[...] အနုပညာ တတ်ကျွမ်းသူများ[...] ပုဂံကို ခေါ်ဆောင်သွားခဲ့ပါ[...]


သို့သော် သူရိယစန္ဒ[...]င်းဆ[...] စ၍ မနူဟာမင်းတိုင်းအောင် သ[...]



www.burmeselassic.com

www.burmeselassic.com






◆ ရသေ့ပုံဂူ

◆ ရသေ့ပုံဂူပေါ်မှ အဝေးရှုခင်းများ

◆ ရေကန်တော်



မင်း အဆက်ဆက်တို့ ကိုးကွယ်ခဲ့သော **"ဇိနမာရ်အောင်"** ဆင်းတုတော် မပါခဲ့ပေ။ ကျောက်စာဝန်မှူတာတော်စိန်ခိုသည် ထိုအကြောင်းကို သိရှိခဲ့သောကြောင့် သထုံ,မုတ္တမ, မော်လမြိုင်,ဘားအံနယ်တစ်ခွင် လှည့်လည်ရှာဖွေခဲ့သော်လည်း မတွေ့ရှိခဲ့ပေ။

ဗုဒ္ဓဉာဏရသေ့သည် အနော်ရထာမင်း၏ တပ်တော်များ သထုံမြို့ကို ဝိုင်းရံထားစဉ် ဇိနမာရ်အောင်ဆင်းတုတော်ကို မိမိတန်ခိုးအစွမ်းဖြင့် ပင့်ဆောင်ကာ ဖင်းကျိုက်တောင် သေလဥ္စရကျောက်ဂူ၌ ကိုးကွယ်ထားတော်မူခဲ့သည်။

အနော်ရထာမင်းစောသည် ဇိနမာရ်အောင် ဆင်းတုတော်ကို ဖူးမြင်ရသောအခါ ကျေနပ်တော်မူသဲ့ ရုပ်ပွားတော်ကို ရှာဖွေ၍ ပုဂံသို့ ပင့်ဆောင်ခဲ့ရမည်ဟု အမိန့်တော် ချမှတ်ခဲ့သည်။

ထိုအမိန့်ကို ဗုဒ္ဓဉာဏရသေ့ သိရှိတော်မူသောအခါ သေလဥ္စရကျောက်ဂူမှတစ်ဆင့် ကော့ဂွန်းဂူအနီး သရက်ဖြူရွာ၊ ယခု ရသေ့ပုံတောင် လိုဏ်ဂူသို့ ပြောင်းရွှေ့ပုန်းရှောင်ခဲ့လေသည်။

ထိုစဉ်ကရှိသော ကြီးမားသော သရက်ဖြူပင်ကြီးကို အကြောင်းပြု၍ "သရက်ဖြူရွာ" ဟု ခေါ်ခဲ့သည်။


ဗုဒ္ဓဉာဏရသေ့သည် ထိုလိုဏ်ဂူတွင်နေရင်း သူ တတ်ကျွမ်းသော ပညာရပ်ဖြင့် ရပ်ရွာလူထု အကျိုးကို ဆောင်ရွက်ခဲ့သည်။

ရသေ့သည် ဆေးပညာရပ်တွင် တတ်ကျွမ်း ထက်မြက်သောကြောင့် ဆေးကြိတ် ဆေးထောင်း ဆေးပေးမီးယူအဖြစ် ဝိဇ္ဇာပညာရပ်နှင့် သမီးတော်တစ်ပါးကိုပါ ဖန်ဆင်းထားခဲ့သည်။ ဂူအနောက်ဘက်တွင် ကျောက်ပျဉ်နှင့်တကွ ထားရှိခဲ့သည်။

www.burmeselassic.com



▲ ရှေးဟောင်းအုတ်ချပ်များ



▲ ကျောက်ဆုံ



▲ စေတီတော် မပြုပြင်မီကပုံ

▼ ဂူအတွင်းပိုင်း



▼ ဂူအတွင်းပိုင်း သဘာဝအလှ



ရသေ့၏ သတင်းကို အနော်ရထာမင်း သိရှိသွားသောအခါ စစ်သည်တော်များနှင့် ဂူကို လာရောက် ဝိုင်းထားကြ၏။ စစ်သည်တော် အရေအတွက် (၇၀၀)ပါသည်ဟု ဆိုကြသည်။ ယင်း စစ်သည်တော်များ နေရာချခဲ့သော နေရာကို "၇၀၀ ဝိုင်း"ဟု ခေါ်ကြ၏။ ရသေ့သည် အနော်ရထာတပ်များ ရောက်လာသည်ကို သိရှိသောအခါ ဖိနမာရ်အောင် ဆင်းတုတော်ကို ပွေ့ပိုက်၍ တောင်ကိုဖောက်၍ ကောင်းကင် ပျံတက်သွားခဲ့သည်။

အနော်ရထာ၏ အချို့သော စစ်သည်များလည်း ပုဂံသို့ မပြန်ကြတော့ဘဲ ထိုနေရာမှာ နေသွားခဲ့ကြသည်။ ထိုအချိန်မှစ၍ သရက်ဖြူရွာကို **"ရသေ့ပျံရွာ"**ဟု ပြောင်းလဲခေါ် ဆိုခဲ့ကြသည်။

လိုဏ်ဂူအလယ်တွင် ... သဖွယ် အုတ်ရိုး အမြင့်စီထား... စေတီကြီး၏ အနောက်ဘက်... ရသေ့ တရားအားထုတ်ခဲ့သော **မိုးပျံကျောက်ဖျာလိုဏ်ဂူ** ... ရှိပါသည်။


ဖိနမာရ်အောင် ဆင်းတု... သည် ထိုစဉ်မှစ၍ အစအန ... ပြီးနောက် လယ်တီဆရာတော်... သည် သထုံခရိုင် ကတွန်နှ်ဦး ... ချိန်၌ နံနက် အိပ်ရာထ မျက်နှာ... ရန် ပြတင်းတံခါးကို ဖွင့်လိုက်... နှင့် ဖိနမာရ်အောင် ရုပ်ပွား... သည် ကောင်းကင်ထက် အ... မရှိဘဲနှင့် ထူးဆန်းစွာ ရပ်တည်... သည်ကို ဖူးတွေ့လိုက်ရပါသ...

ဆရာတော်ကြီးသည် အံ့... ဖြင့် ပင့်ဆောင်လိုက်ရာ အခန်း... ထိ ဝင်ရောက်ကာ ဧည့်ခန်း... ပေါ် လာရောက် ကိုးကွယ်... သည်ကို တွေ့ရပါသည်။



www.burmeselassic.com

www.burmeselassic.com



▲ ရုပ်ပွားတော်များ




▲ ကျောက်ထွင်းလက်ရာ



▲ ကျောက်ထွင်းလက်ရာ



◀ ကျောက်ထွင်းအုတ်ခွက်ဘုရားများ



▼ ကျောက်ထွင်းအုတ်ခွက်ဘုရားများ

၁၂၈၅ ခုနှစ်တွင် လယ်တီဆရာတော်ကြီး ဘ၀နတ်ထံ ပျံလွန်တော်မူပြီးနောက် တပည့်နှစ်ပါးက တစ်လှည့်စီ ကိုးကွယ်လာကြရာ ရုပ်ပွားတော်တစ်ဆူကို ထုလုပ်ပြီးနောက် မူလရုပ်ပွားတော်ကို လယ်တီဦးလှတင်မှ ကိုးကွယ်ခွင့်ရရှိခဲ့ပါသည်။

လှူပုံတော် ဦးလှတင်၏ဇနီး ဖြစ်ပါသည်။ ထိုရုပ်ပွားတော်ကို ကိုးကွယ်ခွင့်ရသည့် အချိန်မှစ၍ **"သဇင်နီသွေးဆေး"**ဖြင့် ကြီးပွားချမ်းသာလာပါသည်။

ထိုဗိမာရ်အောင် ရုပ်ပွားတော်ကို မြိုင်ကြီးငူဆရာတော်မှ ၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း (၁၄)ရက်နေ့တွင် သထုံမြို့ ဒေါ်မြရှင်ထံမှ တစ်ဆင့် ပင့်ဆောင်ပြီး မြိုင်ကြီးငူ ဘေသဇ္ဇမုနိကြေးသွန်း ရုပ်ပွားတော်ကြီး ဂန္ဓကုဋိတိုက်တော်ကြီး၏ အလယ်ဗဟိုတည့်တည့် ကြေးသွန်းဘုရားကြီး သီတင်းသုံး စံပယ်တော်မူမည့် ဌာပနာတိုက်အတွင်း ၁၃၅၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့ နံနက်(၉)နာရီ တိတိချိန်တွင် ဌာပနာတော်မူနိုင်ခဲ့ပါသည်။


**လွယ်ကောင်းအောင်**

www.burmeselassic.com

၁။ စပါးကြီးသည်းခြေ၊
၂။ ကျားကြီးသည်းခြေ၊
၃။ ကျားကြီးလျှာ၊
၄။ ကျားကြီးအူနု၊
၅။ ကျားကြီးရိုးတွင်းခြင်ဆီ၊
၆။ ကျားမင်းသည်းခြေ၊
၇။ ကျားသစ်သည်းခြေ၊
၈။ ဝက်ဝံသည်းခြေ၊
၉။ ဝံသည်းခြေ(သစ်သီး)၊
၁၀။ ဝံပီးတောက်သည်းခြေ၊
၁၁။ ပုလွေသည်းခြေ၊
၁၂။ တောဆိတ်သည်းခြေ၊
၁၃။ တောဆိတ်လျှာ၊
၁၄။ တောဆိတ်သွေး၊
၁၅။ တောဆိတ်ရိုးတွင်းခြင်ဆီ၊
၁၆။ တောဆိတ်အူနု၊
၁၇။ တောဝက်သည်းခြေ၊
၁၈။ မျောက်မောင်းသည်းခြေ၊
၁၉။ မျောက်လွဲကျော်သည်းခြေ၊
၂၀။ မျောက်လေမွေသည်းခြေ၊
၂၁။ မျောက်သည်းခြေ၊
၂၂။ မျောက်သွေး၊
၂၃။ မြွေသည်းခြေ၊
၂၄။ မြွေအူနု၊
၂၅။ မြွေခေါင်း၊
၂၆။ ဖျံသည်းခြေ၊
၂၇။ သင်းခွေချပ်သည်းခြေ၊
၂၈။ ခွေးတူဝက်တူသည်းခြေ၊
၂၉။ ကြောင်သားသည်းခြေ၊
၃၀။ ဘုတ်သည်းခြေ၊
၃၁။ ပွေးကြီးသည်းခြေ၊
၃၂။ ရှဉ့်ပေါသည်းခြေ၊
၃၃။ လင်းဘတ်သည်းခြေ၊
၃၄။ ငါးကြင်းသည်းခြေ၊
၃၅။ ငါးအုပ်ဖားသည်းခြေ၊
၃၆။ ငါးကြီးသည်းခြေ၊
၃၇။ ကြံ့သည်းခြေ၊

ရေနီတောင်ဇီလာ ဆရာတော် ဦးပဏ္ဍဝ၏ သည်းခြေပေါင်းစုံ

# အဆိပ်ဖြေဆေး



သည်းခြေပေါင်းစုံ ဆေးတောင့်

၃၈။ ကြံ့သွေး၊
၃၉။ ကျောက်သွေး၊
၄၀။ အဆိပ်ဖြေရွက်၊
၄၁။ ဂမုန်းပင့်ကူ၊
၄၂။ ကစော့ခါး၊
၄၃။ ဂန့်ခါး၊
၄၄။ ဆိပ်ပူး၊
၄၅။ လင်းနေ၊
၄၆။ ဆီမီးတောက်ဥ၊
၄၇။ ဆင်သမန္တယ်ဥ၊
၄၈။ လေသိုက်၊
၄၉။ မြားဆိပ်

www.burmeselassic.com

ဆေးအားလုံး အမှုန့်ရော၊ အတောင့်ပြု ခြောက်အောင်လှန်းထားပါ။

**ဆေးသုံးနည်း**

၁။ ကိုယ်ပျက်လျှင်(ကဍုန္နာ) ဆေးတောင့်ကို မြားဆိပ်(အစေး)နှင့် ဖျော်၍လူး၊ စားလည်း စားပါ။

၂။ ခတ်ဆေးစားမိသော် (ဝိဇ္ဇာဝရနယဝေဒနာ) ဆေးတောင့်ကို ဘုရားသောက်တော်ရေနှင့် ဖျော်၍ စားပါ။

၃။ ခွေးရူးကိုက်သော် ဆေးတောင့်ကို ရေနှင့် သွေးလူး၊ သောက်တော်ရေနှင့် ဖျော်၍ စားပါ။

၄။ မြွေ၊ကင်း စသော အဆိပ်ရှိ သတ္တဝါ ကိုက်ခဲလျှင် ရေနှင့်သွေးလူး၊ စားလည်း စားပေးပါ။

၅။ လေနာ၊ ဗိုက်နာ၊ အထက်လန် အောက်လျှော၊ မူးမေ့အော့အန်၊ သွေးပါ၊ သွေးအန်သော် ဘုရားသောက်တော်ရေနှင့် စားပါ။

၆။ ပလိပ်ရောဂါ၊ ကျောက်ရောဂါဖြစ်သော် သောက်တော်ရေနှင့် စားပါ။

၇။ စားထိုရှုခြင်း၊ အနာပေါက်ခြင်းတို့အတွက် ဆေးမှုန့်သိပ်၊ ပတ်တီးစည်း၊ နှစ်ရက်ကြာမှ ဖြေပါ။

၈။ ဒူလာရောဂါ၊ လိပ်ခေါင်းရောဂါဖြစ်လျှင် သောက်တော်ရေနှင့် စားပါ။

၉။ ဇက်လေးခြင်း၊ မူးမေ့ခြင်းအတွက် အမှုန့်ပြု၍ ရှုပါ။

၁၀။ ကလေးသူငယ်တက်လျှင် ရေနှင့်သွေး၍ လျှာကို ပွတ်ပါ၊ ရေနံဆီ အဖြူနှင့် ဖျော်၍ ရင်ဝကို လူးပါ။

၁၁။ ကိုယ်ပူဖျားလျှင် ဆန်ဆေးရည်နှင့် ကိုယ်ပူကြီးလျှင် မိသလင်ဥ ရော၍ တိုက်ပါ။

၁၂။ မြေကိုင်သော် သံပရာရည်နှင့် ဖျော်၍ စုတ်ထိုးပေးပါ။

၁၃။ ပယောဂ ဝေဒနာအတွက် သောက်တော်ရေနှင့် တိုက်ပါ။

၁၄။ ချွေးငုပ်လျှင် ဆေးမှုန့်နှင့် မိသလင်ဥ ရော၍တိုက်၊ ချွေးနည်းသေးက ချင်းပါ ထည့်ပါ။

၁၅။ ဓာတ်ချုပ်သော် ဆားနှင့် စားပါ။

၁၆။ ကာလဝမ်းရောဂါဖြစ်လျှင် ကွမ်းသီးသွေးရည် ဆီးဖြူသီးခန့်နှင့် ဆေးမှုန့်ရောတိုက်ပါ။

၁၇။ ကျွဲ၊နွား၊ဆင်၊မြင်း တိရစ္ဆာန်များ မမာမကျန်းဖြစ်လျှင် ရေနှင့်သွေး၍ လျှာကို ပွတ်ပေးပါ။

ဆေးချိန် တစ်ခါသောက် **နှစ်ပဲသား** ဖြစ်သည်။ (၉၆)ပါးသောရောဂါကို ဉာဏ်ရှိသလို သုံးပါ။

**(ဆရာတော်ကြီး၏ သည်းခြေပေါင်းစုံ အဆိပ်ဖြေဆေးကို တောင်ငူမြို့ အုတ်ကြွပ်တန်းရပ်နေ ဦးကိုကိုထံမှ ရရှိပါသည်။)**

**ခွန်စိုင်းဝမ်း**

**စာမျက်နှာ (၁၈၄)မှ အဆက်**

ညွှန့်(၃)ညွှန့်၊ စွယ်တော်ညွှန့်(၃)ညွှန့်၊ ဆီး(ဖီး)(၃)ညွှန့်နှင့် ဖယောင်းတိုင် (၆)တိုင်တို့ဖြင့် အင်္ဂါနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက်အတွင်း မွေးဖွားသူ)** နှင်းဆီ(၉)ပွင့်၊ ဇကရာဇ် (၉)ညွှန့်၊ အောင်သပြေ(၉)ညွှန့်နှင့်ဆွမ်းထမင်း(၃)ပန်းကန်တို့ကို အများကိုးကွယ်သည့် စေတီ၏ တနင်္ဂနွေဂြိုဟ်တိုင်တွင် သောကြာနေ့၌ ကပ်လှူပါ။

**မကာရရာသီဖွား(ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်း မွေးဖွားသူ)**တို့သည် ငှက်ပျောသီး (၇)လုံး၊ သီဟိုဠ်ဆန်(၇)စေ့၊ နှမ်းယို (၇)ချပ်နှင့် ယပ်တောင်(၉)လက်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**ကုံရာသီဖွား (ဇန်နဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီလ ၁၈ရက်အတွင်း မွေးဖွားသူ)**တို့သည် အောင်သပြေ (၁၀)ခက်၊ ပိတောက်ညွှန့်(၁၀)ညွှန့်၊ သီဟိုဠ်ညွှန့် (၁၀)ညွှန့်နှင့် ဖယောင်းတိုင်(၇)တိုင်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

**မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ ရက်အတွင်း မွေးဖွားသူ)** တို့သည် ဗာဒံရွက် (၅) ရွက်၊ အုန်းလက်(၅)ရွက်၊ သပြေ(၅)ညွှန့်နှင့် ဆွမ်းထမင်း (၁၀)ပန်းကန်တို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

ရရန်ရှိသော ငွေကြေးလာဘ်လာဘများအဆီးအတားမရှိ ဝင်ရောက်လာပါလိမ့်မည်။

**ထက်မင်းကျော်စွာ**



www.burmeselassic.com

www.burmeselassic.com

ထက်မြက်ကျော်စွာ

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ

# လာဘ်လာဘ

ရှင်လန်းကြပါစေ



စက်တင်ဘာလတွင် ငွေကြေးအခက်အခဲများ ပြေလည်၍ ရှင်လန်းလွယ်ကူကြစေရန်...

◎ **မိဿရာသီဖွား (မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ရက် အတွင်း မွေးဖွားသူ)**တို့သည် ပေါက်ပန်းဖြူ (၃)ညွန့်၊ ဆီး(ဖီး)ညွန့် (၃)ညွန့်၊ ဥသျှစ် (၃)ညွန့်နှင့် သောက်တော်ရေ (၅)ခွက်တို့ကို တနင်္လာနေ့တွင် အများပူဇော်သည့် စေတီတစ်ဆူတွင် တနင်္ဂနွေထောင့်မှ ကပ်လှူဆုတောင်းပါ။

◎ **ပြိဿရာသီဖွား (ဧပြီလ ၂၁ ရက်မှ မေလ ၂၀ရက် အတွင်းမွေးဖွားသူ)**တို့သည် ဩဇာ(၆)ညွန့်၊ ရွက်လှ (၆)ညွန့်၊ သီဟိုဠ်ညွန့်(၆)ညွန့်နှင့် တံခွန် (ကြက်လျှာ) (၃)ခုတို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ တန[illegible] ဂြိုဟ်တိုင်မှာ ကပ်လှူဆုတောင်းပါ။

◎ **မေထုန်ရာသီဖွား (မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးဖွားသူ)**တို့သည် ဥသျှစ်ညွန့်(၈)ညွ[illegible] ပိတောက်ညွန့်(၈)ညွန့်၊ ဇေကရာဇ်ညွန့်(၈)ညွန့်နှင့် ဆွမ်းထမင်း(၆)ပန်းကန်တို့ကို စေတီတစ်ဆူ၏ တနင်္လာဂြိုဟ် တိုင်တွင်အင်္ဂါနေ့၌ သွားရောက်လှူဒါန်းပါ။

◎ **ကရကဋ်ရာသီဖွား (ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးဖွားသူ)**တို့သည် ခရေ(သို့မဟုတ်) ကြက်ရုန်းပန်း(၂)ကုံး၊ နှင်းဆီ(၂)ပွင့်၊ အုန်းလက်(၂)ရွက်နှင့် ဖယောင်းတိုင် (၈)တိုင်တို့ကို ဗုဒ္ဓဟူးနေ့၌ အများ ကိုးကွယ်သော စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်၌ ကပ်လှူဆုတောင်းပါ။

◎ **သိဟ်ရာသီဖွား (ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်း မွေးဖွားသူ)**တို့သည် ကံ့ကော်ညွ[illegible] (၁)ညွန့်၊ ဩဇာညွန့် (၁)ညွန့်၊ အုန်းလက်(၁)ရွက်နှင့် ဆွမ်းတော်(၂)ပန်းကန်တို့ကို ကြာသပတေးနေ့[illegible] စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ကန်ရာသီဖွား (ဩဂုတ်လ ၂၂ ရက်မှ စက်တင်ဘာလ ၂၁ရက်အတွင်း မွေးဖွားသူ)**တို့သည် အုန်းလ[illegible] (၄)ရွက်၊ ကြံညွန့်(၄)ညွန့်၊ ရွက်လှ(၄)ညွန့် နှင့် တံခွန်ကြက်လျှာ (၁)ခုတို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီ တစ်ဆူ[illegible] အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက်အတွင်း မွေးဖွားသူ)**တို့သည် [illegible] (၆)ရွက်၊ ဥသျှစ်(၆)ရွက်၊ အောင်သပြေ (၆)ညွန့်နှင့် သောက်တော်ရေ (၄)ခွက်တို့ကို ဗုဒ္ဓဟူးနေ့တွင် [illegible] တစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။

◎ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်းမွေးဖွားသူ)**တို့သည် သီ[illegible]





www.burmeselassic.com

www.burmeselassic.com

# လက္ခဏာပဟေဠိ

အဖြေသိကြစို့





ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ


ယခုလအတွက် ဖော်ပြပေးလိုက်သော **ညာလက်ဖဝါးပုံစံ(၂)ခု** ပိုင်ရှင်များမှာ အသက်နှစ်ဆယ်ကျော်အရွယ် ဝန်းကျင်ရှိ မိန်းမပျို(၂)ဦး ဖြစ်ကြပါသည်။

ထိုမိန်းမပျို(၂)ဦးမှာ **တစ်ဦးက**





www.burmeselassic.com

www.burmeselassic.com

***ထိုင်းနိုင်ငံသူ*** ဖြစ်ပါသည်။ စီးပွားဥစ္စာ အထိုက်အလျောက် ချမ်းသာပြည့်စုံသော မိဘနှစ်ပါး၏ တစ်ဦးတည်းသော သမီး ဖြစ်ပါသည်။

ကျန်တစ်ဦးမှာ **မြန်မာနိုင်ငံမှ ဆင်းရဲသော မိဘ(၂)ပါးက** မွေးဖွားသော သားသမီးများစွာ အနက်မှ အလယ်အလတ် မွေးဖွားခဲ့သော သမီးတစ်ဦး ဖြစ်ပါသည်။

ထိုင်းနိုင်ငံတွင် သွားရောက်ပြီး အိမ်ဖော်အဖြစ် လုပ်ကိုင်နေရသူဖြစ်သည်။

ထိုအမျိုးသမီး မိန်းမပျို(၂)ဦးတွင် တစ်ဦးက အိမ်ရှင်၏ သမီးပျိုဖြစ်ပြီး ကျန်တစ်ဦးက ထိုအိမ်တွင် အိမ်ဖော်အဖြစ် လုပ်ကိုင်နေရသူ ဖြစ်ပါသည်။

လက်ဖဝါးပုံစံ(၂)ခုကို သေချာစွာ ကြည့်ရှုလေ့လာ စစ်ဆေးပြီးမှ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ မည်သူက အလုပ်ကြမ်းလုပ်ကိုင်ရသူ အိမ်ဖော်ဖြစ်နိုင်သလဲ၊ မည်သူက အလုပ်ကြမ်း မလုပ်ကိုင်ရသော အိမ်ရှင် ဖြစ်နိုင်ပါလဲ။

၂။ မည်သူက မိဘအထောက်အပံ့ အကူအညီ ရရှိနိုင်ပါသလဲ။ မည်သူက ကိုယ်ထူကိုယ်ချွန် လုပ်ကိုင်ရမည့်သူလဲ။

၃။ ဘဝတစ်လျှောက်လုံးမှာ မည်သူက ပိုပြီး ကံကောင်းမှာလဲ၊ မည်သူက ပိုပြီး ကံညံ့မှာလဲ။

မိမိတို့၏အဖြေများကို သီးခြားစာရွက်လွတ်တွင် အကြောင်းပြချက်နှင့်တကွ ရေးမှတ်ပြီးမှသာ ပဟေဠိအဖြေများနှင့် တိုက်ဆိုင်ညှိနှိုင်းကြည့်ပါရန် အကြံပေးအပ်ပါသည်။




ပုံစံ(၂)ညာလက်ဖဝါးပုံစံ

ပဟေဠိ အဖြေများကို
စာမျက်နှာ( ၁၉၂ )တွင်ကြည့်ရှုပါရန်။





www.burmeselassic.com

www.burmeselassic.com

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကျန်းမာပါစေ တိုင်းရင်းဆေးခန်း

# ဆရာဦးသီဟ

(တဆ-၀၃၉၈၀)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

မြောင်မြ မောင်ယဉ်ကြင့်

# အသည်းအဆီဖုံးရောဂါ

ကာကွယ်စောင့်ရှောက်နည်းများ



ဆရာဦးသီဟ(တဆ-၀၃၉၈၀)

အသည်းရောဂါဟာ တစ်ဆင့်ပြီး တစ်ဆင့် ဖြစ်တတ်သလို အဆင့်ကျော်ပြီးလဲ ဖြစ်တတ်ပါတယ်။ အများအားဖြင့် အရက် လွန်ကျူးစွာ သောက်တတ်တဲ့လူတွေ အသည်းရောဂါ ဖြစ်လွယ်တတ်ပါတယ်။

အရက်သောက်တဲ့ အချိန်အဆ၊ အရက်သောက်သူရဲ့ ရောဂါအခံ၊ အရက်သောက်သူရဲ့ မျိုးရိုးဗီဇပေါ် မူတည်ပြီး အသည်းရောဂါ ဖြစ်တာ ကွာခြားတတ်ပါတယ်။

အဲဒီအသည်းရောဂါတွေရဲ့ ဖြစ်စဉ်နဲ့ အသည်းအဆီဖုံးရောဂါကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်ကို ရောက်တဲ့အခါ ဆရာ ဦးသီဟနဲ့ ဆွေးနွေးခဲ့ပါတယ်။

ဆရာဦးသီဟက တိုင်းရင်းဆေး ဆရာကြီးဦးဝင်းလေးနဲ့ တိုင်းရင်းဆေး ဆရာမကြီး ဒေါ်လှသိန်းတို့ရဲ့ သား ဖြစ်ပါတယ်။ ဆေးကုသက် (၁၈)နှစ် ခန့်ရှိပြီဖြစ်တဲ့ ဆရာဦးသီဟနဲ့ တွေ့ဆုံဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

▲ **'ဒီတစ်ပတ် ဆရာနဲ့ ဆွေးနွေးမှာကတော့ အသည်းရောဂါအမျိုးမျိုးရဲ့ ဖြစ်စဉ်များနဲ့ အသည်းအဆီဖုံးရောဂါ ကာကွယ်နည်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဦး ပထမ လူတိုင်း နားလည်နိုင်တဲ့အသည်းရောဂါများကို ပြောပြပေးပါ'**

○ 'ယနေ့ခေတ်မှာ အဖြစ်များပြီး လူတိုင်း သိနားလည်နေတဲ့ အသည်းရောဂါတွေက **အသည်းအဆီဖုံးရောဂါ၊ အသည်းရောင်ရောဂါ၊ အသည်းခြောက်ရောဂါ၊ အသည်းခြောက်ရောဂါရဲ့ နောက်ဆက်တွဲ အသည်းကင်ဆာရောဂါတွေပဲ** ဖြစ်ပါတယ်။

အဲဒီ အသည်းရောဂါတွေဟာ အရက် စွဲစွဲမြဲမြဲ သောက်တဲ့သူတွေ ဖြစ်တာ များပါတယ်'

▲ **'အဲဒီ အသည်းရောဂါတွေဟာ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်တာလား၊ ဒါမှမဟုတ် တိုက်ရိုက်ဖြစ်တာလား ဆရာ'**

○ 'အသည်းရောဂါ အနေနဲ့... အသည်းအဆီဖုံး ရောဂါက တစ်ဆင့် အသည်းရောင်ရောဂါ၊ အသည်းခြောက်ရောဂါ၊ အသည်းကင်ဆာအထိ အဆင့်ဆင့်ဖြစ်သွားတာပါ။



www.burmeselassic.com

www.burmeselassic.com

ဒါပေမယ့်... အရက်သောက်တာကြောင့် အသည်းအဆီဖုံးတာကို ကျော်ပြီး အသည်းရောင်တဲ့ အဆင့်ကို ရောက်နိုင်ပါတယ်။ အသည်းအဆီဖုံးရောဂါက ကျော်ပြီး အသည်းခြောက်ရောဂါကို ရနိုင်ပါတယ်'

▲ **'အရက်ကြောင့်ဖြစ်တဲ့ အသည်းရောဂါတွေကို အရက် လုံးဝ ဖြတ်လိုက်ရင်ပကတိအတိုင်း ပြန်ကောင်းနိုင်သလားဆရာ'**

○ 'အသည်းအဆီဖုံးရောဂါ ဖြစ်တာကို သိလို့ အရက် လုံးဝမသောက်ဘဲ အစားအသောက် အနေအထိုင် ဆင်ခြင်ပြီး ကျန်းမာရေးအသိနဲ့ ကျန်းမာရေးသတိရှိရင် ပကတိအတိုင်း ပြန်ကောင်းနိုင်ပါတယ်။

အသည်းအဆီဖုံး ရောဂါသာမက တစ်ဆင့် အဆင့်ကျော်ပြီး အသည်းရောင်ရောဂါ ဖြစ်နေပြီး အရက်မသောက်တော့ရင်၊ အစားအသောက် အနေအထိုင် ဆင်ခြင်ရင် ပကတိအတိုင်း ပြန်ကောင်းနိုင်ပေမယ့် အချို့လူတွေ အသည်းခြောက်ရောဂါ၊ အသည်းကင်ဆာထိ ဆက်ဖြစ်တာ တွေ့ရပါတယ်'

▲ **'အသည်းရောင်ရောဂါရဲ့ လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○ 'အသည်းရောင် ရောဂါရဲ့ လက္ခဏာတွေကတော့ **အသည်းကြီးပြီး ညာဘက်ရင်အောင့်ကာ နာတတ်တယ်။ မျက်စိဝါခြင်း၊ ဆီးဝါခြင်း။ အစားအသောက်ပျက်ခြင်း။ ခန္ဓာကိုယ်မှာ အနီအစက်အပြောက်တွေ**

> **ချင်းသတ္တုရည်**
> **စတီးတစ်ဇွန်း**
> **ရှောက်ရည်**
> **စတီးနှစ်ဇွန်း**
> **ပျားရည်**
> **စတီးသုံးဇွန်းကို**
> **ရေနွေးတစ်ခွက်နဲ့**
> **ရောစပ်ပြီး...**

**ပေါ်လာခြင်းနဲ့ ဗိုက်တင်းရောင်တာတွေ** ဖြစ်တတ်ပါတယ်'

▲ **'အသည်းခြောက်ရောဂါလက္ခဏာတွေကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○ '**အသည်းခြောက် ရောဂါလက္ခဏာတွေကတော့** ရေဖျဉ်းဝင်လာခြင်း၊ အစာအိမ်နဲ့ အူလမ်းကြောင်းမှာ သွေးကြောအထုံးတွေ ပေါ်ပြီး သွေးအန်ခြင်း၊ ဝမ်းအမည်းသွားခြင်း။ မျက်စိဝါခြင်း။ အမျိုးသားများ သားမြတ်စူထွက်လာခြင်း။ ဝှေးစေ့သိမ်ငယ်သွားခြင်းနဲ့...

အမျိုးသမီးတွေမှာ သားမြတ်သိမ်ငယ်သွားခြင်း။ ခန္ဓာကိုယ်မှာ အစက်အပြောက်တွေ ပေါ်လာခြင်း။ လက်သည်းတွေ ဖြူလာခြင်း၊ လက်ဝါးတွေနီလာခြင်း၊ ခြေထောက်တွေ ရောင်အမ်းလာခြင်းတွေ ဖြစ်တတ်ပါတယ်။

အမျိုးသားတွေလဲ အဲဒီလက္ခဏာပုံစံအတိုင်းဖြစ်တာ လေ့လာတွေ့ရှိရပါတယ်'

▲ **'အသည်းအဆီဖုံးရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို သိပါရစေဆရာ'**

○ 'အသည်းအဆီဖုံးရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများ... တော့...

၁။ အရက်,ဘီယာ လွန်က... သောက်သုံးခြင်း၊

၂။ အချို့,အဆိမ့်,အဆီ လွန်က... စားသောက်ခြင်း။

၃။ အအိပ်,အထိုင် များပြီး စည်... ယစ်မှုးခြင်း၊

၄။ အဆီတိုး အဝလွန်လာခြင်း

၅။ အဆီ,အအိမ့် လွန်ကဲစွာ ... သောက်ပြီး ကြာရှည်စွာထိုင်... လုပ်ငန်း လုပ်ကိုင်ခြင်း။

၆။ ကိုယ်လက်လှုပ်ရှားမှု နည်းခြင်း...

စတဲ့ အကြောင်းအချက်... ကြောင့် အသည်းအဆီဖုံး... ဖြစ်စေခြင်းပဲ ဖြစ်ပါတယ်'

▲ **'အသည်းအဆီဖုံး ရော... လက္ခဏာများကိုသိပါရစေ ဆ...'**

○ 'အသည်းအဆီဖုံး ရော... လက္ခဏာများကတော့...

၁။ **အသည်းကြီးလာခြင်း။**

၂။ **အသားနည်းနည်းဝါခြင်း။**

၃။ **ညာဘက်ဗိုက်တင်းခြင်း။**

၄။ **ဗိုက်မြည်းခြင်း...**

စတဲ့ လက္ခဏာတွေဟာ အသ... အဆီဖုံးရောဂါလက္ခဏာတွေ ဖြ... တယ်'

▲ **'အသည်းအဆီဖုံးရောဂါ ကြို... ကာကွယ်နည်းများကို ဆ... ပြောပြပေးပါဦး ဆရာ'**

○ 'အသည်းအဆီဖုံးရောဂါ ကြို... ကာကွယ်နိုင်တဲ့ နည်းမျ... တော့...

၁။ အရက်,ဘီယာ သော... လုံးဝ ရှောင်ကြဉ်ရမယ်။



www.burmeselassic.com

www.burmeseclassic.com

၂။ အချို့အဆိမ့်အဆီ စတဲ့ အစား အစာများ လွန်ကျူးစွာ စားသောက်ခြင်းကို ဆင်ခြင်ရပါမယ်။ အဆီအစေးများသော ဝမ်းတွင်းကလီစာ၊ ဝက်သားအဆီ၊ ငါးတန်ဗိုက်သား၊ မြေအောင်းသားများ လုံးဝ ရှောင်ကြဉ်ရပါမယ်။ ရသာ (၆)ပါး မျှတအောင် စားသောက်ရပါမယ်။

၃။ အဆီ၊ အဆိမ့်စားပြီး အိပ်ခြင်း၊ အာလူးကြော် အကင်စာများ စားပြီး တစ်နေကုန် တီဗွီကြည့်ခြင်း၊ ဖိမ်ယစ်ခြင်းများကို ရှောင်ကြဉ်ရပါမယ်။

၄။ သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်ပြီး အဝမလွန်အောင် ခန္ဓာကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုပါတယ်။

၅။ ကွန်ပျူတာလုပ်ငန်း၊ စာရေးစာဖတ်လုပ်ငန်း စတဲ့ အထိုင်များသော အလုပ်များ လုပ်ကိုင်ရင် တစ်နာရီထိုင်ပြီး (၁၅)မိနစ်ခန့် အနားပေးပြီးမှ ဆက်လက် လုပ်ကိုင်နေထိုင်ရပါမယ်။

၆။ ကိုယ်လက်လှုပ်ရှားမှု အနေနဲ့ မပင်ပန်းသော လေ့ကျင့်ခန်း လုပ်ခြင်း၊ တစ်နေ့မိနစ် (၃၀)ခန့် လမ်းလျှောက်ခြင်း၊ မနှေးမမြန် ပြေးခြင်း စတဲ့ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်မယ်ဆိုရင် အသည်းအဆီဖုံး ရောဂါကို ကြိုတင်ကာကွယ်နိုင်ပါတယ်'

**▲'အသည်းအဆီဖုံး ရောဂါကို ဘယ်လိုသဘာဝဆေး၊ သဘာဝ အစားအစာများနဲ့ ကာကွယ်နိုင်ပါသလဲ**

**ဟင်းဂလာ ချဉ်ဖတ် ဟင်းဂလာ ရွက်ပြုတ်ကို မကြာခဏ စားပေးပါက အသည်းအဆီဖုံး ရောဂါအတွက်...**

ဆရာ'

○ 'အသည်းအဆီဖုံး ရောဂါကို သဘာဝဆေး၊ သဘာဝ အစားအစာများနဲ့ ကြိုတင်ကာကွယ်နိုင်တဲ့ နည်းများကတော့ **ဟင်းဂလာချဉ်ဖတ်၊ ဟင်းဂလာရွက်ပြုတ်ကို မကြာခဏ** ထမင်းနဲ့တွဲဖက်ပြီး တို့စရာအဖြစ် စားသုံးပေးရင် အသည်းအဆီဖုံးရောဂါ သာမက အသည်းခြောက်ရောဂါကို ကာကွယ်နိုင်ပါတယ်။

အရက် အနည်းငယ်သောက်ပြီး ဟင်းဂလာချဉ်ဖတ်၊ ပဲကြီးလှော် အမြည်းလုပ်သောက်သူ အမျိုးသားလူကြီးတစ်ယောက် အသက်(၈၀)ကျော်ထိ နေထိုင်နိုင်တာ တွေ့ရှိရပါတယ်။

အရက်အနည်းငယ် (နှစ်ပက်ခန့်) ညနေမှာ တစ်နေ့ တစ်ကြိမ်သာ သောက်သင့်ပါတယ်။ လုံးဝ မသောက်ရင်တော့ ပိုကောင်းပါတယ်။

အရက်အနည်းငယ် သောက်ပေမယ့် အာဟာရရှိသော အစားအစာ၊ အသည်းကာကွယ်ဆေးများ စားပြီး ကိုယ်လက်လှုပ်ရှားမှု လုပ်ရင် အသည်းအဆီဖုံးရောဂါ ကြိုတင်ကာကွယ်နိုင်ပါတယ်။

**အသည်းအဆီဖုံး ရောဂါကို ကာကွယ်နိုင်တဲ့ နောက်တစ်နည်းကတော့** မြင်းခွာရွက် ပဥ္စငါးပါးကို အရိပ်မှာ အခြောက်လှန်းပြီး ရေနွေးကြမ်းအဖြစ် မြင်းခွာရွက်ခြောက် ခတ်ပြီး မတ်ခွက်တစ်ခွက်ခန့် နံနက်၊ ည တစ်နေ့(၂)ကြိမ် သောက်ပေးရင် အသည်းအဆီဖုံးရောဂါဖြစ်ရင် တဖြည်းဖြည်း သက်သာပျောက်ကင်းပြီး...မဖြစ်သေးရင်လဲ ကြိုတင်ကာကွယ်နိုင်ပါတယ်။

"**ရှောက်ရည်**"ကို ရေကျက်အေး၊ ပျားရည်၊ ဆားအသင့်အတင့် ထည့်သောက်ရင် အသည်းအဆီဖုံး ရောဂါ ကြိုတင်ကာကွယ်နိုင်သလို အဆီတိုး အဝလွန်ရောဂါကိုလဲ ကာကွယ်နိုင်ပါတယ်။

**ချင်းသတ္တုရည်** စတီးဇွန်းတစ်ဇွန်း၊ **ရှောက်ရည်** စတီးဇွန်းနှစ်ဇွန်း၊ **ပျားရည်** စတီးဇွန်းသုံးဇွန်းကို ရေကျက်အေး (သို့မဟုတ်) ရေနွေး မတ်ခွက်တစ်ခွက်နဲ့ ရောစပ်ပြီး အသည်းအဆီဖုံး ရောဂါရှိရင် နေ့စဉ်ပုံမှန်သောက်ပြီး... အသည်းအဆီဖုံးရောဂါ ကာကွယ်လိုရင် တစ်ပတ်(၃)ရက် သောက်ပေးရပါမယ်။

**ဆီးဖြူသီးပြုတ်ပြီး** ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပုစွန်ခြောက်တို့နဲ့ သုပ်စားရင် အသည်းအဆီဖုံးရောဂါကို ကာကွယ်နိုင်ပါတယ်။

ဒါမှမဟုတ် ဆီးဖြူသီးကို ပျားရည်စိမ်၍ဖြစ်စေ၊ ဆားရည်စိမ်၍ဖြစ်စေ တစ်နေ့ နှစ်လုံး (သို့မဟုတ်) ၃လုံး



www.burmeseclassic.com

www.burmeseclassic.com

စားပေးရင် အသည်းအဆီဖုံးရောဂါကို ကြိုတင်ကာကွယ်နိုင်သလို... အသည်းအဆီဖုံးရောဂါ ရှိရင် တဖြည်းဖြည်း သက်သာပျောက်ကင်းစေပါတယ်။

**ရဲယိုရွက် မနုမရင့်ကို** ထမင်းနဲ့တွဲဖက်တို့စားခြင်း၊ ငါးခူ၊ငါးမြစ်ချင်း၊ ငါးကြင်းများနဲ့ ရောနှောချက်စားခြင်း၊ ဖက်ထုပ်ပြုတ်စားခြင်းကို တစ်ပတ်မှာ (၂)ရက် စားသုံးခြင်းဖြင့် အသည်းမှာ အပူအောင်းတာကင်းစင်ပြီး အသည်းခြောက်ရောဂါနဲ့ အသည်းအဆီဖုံးရောဂါ ကြိုတင်ကာကွယ်နိုင်ပါတယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ အရက်၊ဘီယာ၊ အဆီအစေးများသော အစားအစာများကို လုံးဝရှောင်ကြဉ်ပြီး...ကံ၊စိတ်၊ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား (၄)ပါး ညီညွတ်မျှတအောင် ကျင့်ကြံနေထိုင် စားသောက်သွားမယ်ဆိုရင် အသည်းအဆီဖုံးရောဂါ သာမက ရောဂါအမျိုးမျိုးကို ကာကွယ်နိုင်ကြောင်း ပြောချင်ပါတယ်'

▲'ကျန်းမာရေး တင်ပါတယ်ဆရာ'

**ဆရာဦးသီဟနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...**

**ဆရာ ဦးသီဟ**
ကျန်းမာပါစေ တိုင်းရင်းဆေးခန်း
အမှတ်(၈၂) လေယာဉ်လမ်း (၁၀)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
*ဖုန်း - ၀၉ ၄၂၀၀၆၆၆၃၉၈၊*
*၀၉ ၇၃၀၈၅၄၄၀၊ ၀၉ ၅၁၅၉၇၇၀*

**// မြောင်းမြ မောင်ယဉ်တင့် //**

---

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

**၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ**



**ထိုးလိုက ရွေးချယ်ပါ ဂဏန်း**

| | | |
|---|---|---|
| **အကြိမ်** | + | ၃၆၄ |
| **စက်တင်ဘာလ** | | ၉ |
| **ခုနှစ်** | | ၂၀၁၇ |
| | | ၂၃၇၀ = ၁၂ = ၃ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းရအောင် ပေါင်း... (၃)ဂဏန်း ရသည်။ သို့ဖြစ်၍ ၂၊ ၃၊ ၅၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်...

ဥပမာ



| | | | |
|---|---|---|---|
| ဧ...ဆုံး | ဧ...ဆုံး | ဧ...ဆုံး | ဧ...ဆုံး |
| ၂...၂ | ၃...၂ | ၅...၂ | ၈...၂ |
| ၂...၃ | ၃...၃ | ၅...၃ | ၈...၃ |
| ၂...၅ | ၃...၅ | ၅...၅ | ၈...၅ |
| ၂...၈ | ၃...၈ | ၅...၈ | ၈...၈ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် ၂၊ ၃၊ ၈ ဂဏန်းများများပါအော... ရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်းမပါဘဲ "**လ**"ဂဏန်းနှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်း... (၉ + ၂ + ၀ + ၁ + ၇)= ၁၉ = ၁ ရသည်။ သို့ဖြစ်၍ "**၁**" ဂဏန်းကို... ပစ်ပယ်၍ မရပါ။ သို့ဖြစ်၍...

**ဧ... ဆုံး**

| | | | | | |
|---|---|---|---|---|---|
| ၂... | ၁၊ | ၂၊ | ၃၊ | ၅၊ | ၈ |
| ၃... | ၃၊ | ၅၊ | ၈၊ | ၁၊ | ၂ |
| ၅... | ၅၊ | ၈၊ | ၁၊ | ၂၊ | ၃ |
| ၈... | ၈၊ | ၁၊ | ၂၊ | ၃၊ | ၅ |

ဤလတွင် **တနင်္ဂနွေသားသမီးနှင့်** ... **သားသမီးများ** ထီကံပွင့်နေပါသည်။

ထို့ကြောင့် မိမိတို့ဒေသရှိ ဘုန်းတော်ကြီးကျောင်း သို့မဟုတ် စာသင်တိုက်သို့သွား... ကျောင်းဝင်းအတွင်း လမ်းများပြုပြင်ခြင်း၊ အမှိုက်များ သိမ်းဆည်းခြင်း၊ ကုဋီ... သန့်ရှင်းရေး ပြုလုပ်ပေးပါ။

ပြီးနောက် ဘုရားတစ်ဆူတွင် "ဒီပါတပတီ"အစရှိ သဗ္ဗမင်္ဂလာဂါထာတော်... ကို မိမိသက်စေ့ ရွတ်ပွား ပူဇော်ပေးပါ။ (၄)ရက်တိတိ ဆောင်ရွက်ပေးပ...

အထက်ပါအဓိဋ္ဌာန် အောင်မြင်ပြီးစီးပါက သက်ကြီးရွယ်အို(၃)ဦးအား ဆေး... အာဟာရ တတ်နိုင်သမျှ လှူဒါန်းပေးပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

✦ ၂၃၃၅၈၂ ✦ ၃၅၈၅၈၂ ✦ ၅၈၁၂၈၃

*ထီကံ ပွင့်ပါစေ။*

**ဆရာရဲထက်(သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com

### ဦးပဥ္စင်း ဦးလာဘပြောသော အမျိုးသားတို့အတွက်

# ရဲယိုရွက် ဆေးနည်း

တစ်ခုသော နေ့ရက်တွင် မြို့ဦး ကျောင်းဝင်းအတွင်းရှိ ရဲယိုပင်မှ ရဲယို ရွက်ညွန့်များ ခူးနေစဉ် ကျွန်ုပ်နှင့် ဆုံမိသော ဦးပဥ္စင်း ဦးလာဘ ရောက် လာ၏။

'ဒကာကြီး... ရဲယိုရွက်က ဘာလုပ်ဖို့ လဲဗျ'

'ငါးပိရည်နဲ့ မြုပ်စားဖို့လေ ဦးပဥ္စင်းရဲ'

'ဒကာကြီးကို ကြုံတုန်း ပြောလိုက် မယ်။ ရဲယိုရွက်က အစာလဲဆေး၊ ဆေးလဲအစာ ဆိုသလို စားလို့လဲရ တယ်။ ဆေးဖက်လဲ ဝင်တယ်ဗျ'

'စားလို့ ရတာတော့ သိပါတယ် ဘုရား၊ ဆေးဖက်ဝင်တာတော့ မသိလို့ လျှောက်ထားဖို့ရှိပါဦး ဘုရာ့'

'ဟိုတုန်းကလောက ကျုပ်တို့ကျောင်းက ဦးပဥ္စင်းတွေ၊ကိုရင်တွေ ကျောက်ဆည် ဘက်ကို၊ဆန်အလှူခံ ထွက်ကြ တာလေ တစ်ချိန်လုံး၊တစ်နေ့လုံး လမ်း လျှောက်ရတာဆိုတော့ ကျောင်းပြန် ရောက်တာနဲ့ ကျုပ်တို့ ကိုရင်တွေ ဘာကုန်းကွကွဖြစ်ပြီး လမ်းမလျှောက် နိုင်တော့ဘူးပေါ့'

'ခြေထောက်တွေ ညောင်းကိုက် နေလို့လား ဘုရား'

'ဘယ်ဟုတ်လိမ့်မလဲ ဒကာကြီးရာ၊ အကြဲဖန်ဖန် ကိုရင်လေးတွေရဲ့ **ဘော အစ်တွေ ရောင်ကိုင်းပြီး ထိတော့ နာ၊ ထိုင်တော့လဲနာ ဖြစ်နေကြ** တယ် အမယ်လေး...အဘလေး တပြီး အော်ဟစ်နေကြပါရော့လား'

'အဲဒီလို နာတာနဲ့ ရဲယိုရွက်နဲ့က ဘယ်လို ဆက်စပ်လို့ ဘယ်လိုပတ် သက်တာလဲ ဘုရား'

'ပြောမယ်လေ ဒကာကြီးရဲ့...ကိုရင်လေး တွေ ဖြစ်နေတာကို မြင်ရတဲ့ ကျုပ်တို့ ဆရာတော်ကြီးက ကျုပ်ကို ရဲယိုရွက် လေး၊ငါးရွက်လောက် ခူးခိုင်းပြီး အဲဒီ ရဲယိုရွက်ကို မီးဖိုမှာ မီးကင်ခိုင်းတယ်ဗျ။

ရဲယိုရွက် နွမ်းဖတ်ပြီး ပျော့အိ လာတဲ့ အနေမှာ ဆရာတော်က အဲဒီ ရဲယိုရွက်တွေကို လက်ဖဝါး နှစ်ဖက်ထဲမှာထည့်ပြီး ခပ်ဖွဖွလေး လုံးခြေလိုက်တယ်ဗျ။ ပြီးမှ ရဲယိုရွက်ကို ပြန်ဖြန့်ပြီး ရဲယိုရွက်ရဲ့ အတွင်းမျက်နှာကို တံတွေး ပါးပါး သွတ်ပြီးတာနဲ့ ကိုရင်လေးတွေရဲ့ ရောင်ကိုင်းနေတဲ့ ဘောပေါ်ကို ကပ်ပေးတာ ပဲဗျ'

'တစ်ခါတည်း သက်သာသွားရော လား ဘုရာ့'

'တစ်ခါတည်းနဲ့တော့ ဘယ်ပျောက် ပါ့မလဲဗျ။ တစ်နေ့ သုံးကြိမ်လောက် ကပ်ပေးလိုက်တာ (၂)ရက်လောက်နေ တော့ နာတာတွေပျောက်ပြီး ဘောလဲ ပုံမှန်အတိုင်း ပြန်ဖြစ်သွားတာ ကျုပ် ကိုယ်တွေ့ပဲဗျ'

'ဒါဆိုရင်တော့ ဦးပဥ္စင်းပြောတဲ့ ဆေးနည်းလေး နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို ရေးပို့လိုက်ဦးမှပဲ'

'သဘောဗျာ...သဘော... သဘော ဒကာကြီး သဘောပါဖဲ'

ဘော(မုတ္တ) ရောင်ရမ်းတဲ့ရောဂါဆို တာ ကျွန်ုပ်တို့ အမျိုးသားတွေမှာ မကြာမကြာ ဖြစ်တတ်တဲ့ ရောဂါ တစ်မျိုးပါ။ အထူးသဖြင့် အသွားအလာ



များတဲ့သူ၊ အလေးအပင်တွေ မကြာ ခဏ မ,ရထမ်းရတဲ့သူတွေမှာ ဒီရောဂါ မျိုးဟာ ဖြစ်လေ့ ဖြစ်တတ်ကြပါတယ်။

အင်မတန်မှ အခံရခက်တဲ့ ဝေဒနာ တစ်မျိုးပါပဲ။ ဒါပေမယ့် အနာသိရင် တော့ ဆေးရှိတယ်လို့ ဆိုထားလေ တော့ ကျွန်ုပ်တို့ အမျိုးသားတွေမှာ ဒီ ရောဂါမျိုးများ ဖြစ်ပြီလားဆိုရင် ဦးပဥ္စင်း ဦးလာဘ ပြောတဲ့ ရဲယိုရွက် အသုံးပြုတဲ့ ဆေးနည်းလေးနဲ့ လက်တွေ့လုပ်ကြည့် ဖို့ အမျိုးသား အချင်းချင်း လက်တို့ လိုက်ရကြောင်းပါ...ဗျာ။

**[ဆေးနည်း ပြောပြသော ဦးပဥ္စင်း ဦးလာဘ (မြို့ဦးပရိယတ္တိစာသင် တိုက်)အား ဤစာစုဖြင့် ဂါရဝပြုအပ် ပါသည်ဘုရား...]**

**မင်းရဲထွန်းမြင့်(မြစ်သား)**



www.burmeseclassic.com

www.burmeselassic.com

စာမျက်နှာ (၁၈၆)မှ အဆက်

**လက္ခဏာပဟေဠိ အဖြေများ**

**၁။ ပုံစံ(၁)ညာလက်ဖဝါးပုံစံ ပိုင်ရှင်က အလုပ်ကြမ်း လုပ်ကိုင်ရသူ အိမ်ဖော် ဖြစ်နိုင်ပါသည်။**

**ပုံစံ(၂)ညာလက်ဖဝါးပုံစံ ပိုင်ရှင်က အလုပ်ကြမ်း မလုပ်ကိုင်ရသော အိမ်ရှင် ဖြစ်နိုင်ပါသည်။**

အဘယ်ကြောင့်ဆိုသော်... လက်ချောင်းထိပ်ဖျားများကို ကြည့်ရှုသောအခါ ပုံစံ(၁)လက်ချောင်းများက ထိပ်ဖျားတွင် လက်ရေစာများ ပျက်နေပြီး၊

ပုံစံ(၂) လက်ချောင်းထိပ်ဖျားများက လက်ရေစာများ ပွန်းပဲ့ပျက်ပြားခြင်း မရှိဘဲ ချောမွေ့နေပါသည်။

**"က"အက္ခရာနှင့်"ခ"အက္ခရာ**

လက်ရေစာများ ပျက်ပြားနေခြင်းမှာ အဝတ်လျှော်၊ ကြမ်းတိုက် အလုပ်ကြမ်းများ လုပ်ကိုင်ရခြင်းကြောင့် ဖြစ်သည်။

လက်ရေစာ ချောမွေ့နေခြင်းမှာ အလုပ်ကြမ်းအပါအဝင် ဘာအလုပ်မှ မလုပ်ကိုင်ရခြင်းကြောင့် ဖြစ်ပါသည်။

**၂။ ပုံစံ(၂) လက်ဖဝါးပိုင်ရှင်က မိဘအထောက်အပံ့ အကူအညီရနိုင်သူ ဖြစ်ပါသည်။**

အဘယ်ကြောင့်ဆိုသော်... ကံလမ်းထီးရိုးမှာ တနင်္လာဂြိုဟ်ခုံဘက်မှ တက်ခြင်းကြောင့်ဖြစ်သည်။

**ပုံစံ(၁)လက်ဖဝါး ပိုင်ရှင်မှာ ကိုယ်ထူးကိုယ်ချွန် လုပ်ကိုင်ရမည့်သူဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော်... ကံလမ်းထီးရိုးမှာ လက်ဖဝါးအလယ်တွင် ထောင်တက်နေခြင်းကြောင့် ဖြစ်ပါသည်။ **"ဂ"အက္ခရာနှင့်"ဃ"အက္ခရာ**

**၃။ ဘဝတစ်လျှောက်လုံးတွင် ပုံစံ (၂)လက်ဖဝါးပုံစံ ပိုင်ရှင်က ပို၍ ကံကောင်းပြီး၊ ပုံစံ(၁) လက်ဖဝါးပုံစံပိုင်ရှင်က ပို၍ ကံညံ့ပါမည်။**


အဘယ်ကြောင့်ဆိုသော်... ပုံစံ(၂)ကံလမ်းကြောင်းမှာ အဖျက်လမ်းကင်းခြင်း၊ လမ်းကြောင်းဖြောင့်၍ သေးသွယ်နက်ရှိုင်းခြင်း၊ ကံလမ်းထီးရိုးမှ လမ်းခွဲများ ထွက်နေခြင်းတို့ကြောင့် ဖြစ်သည်။ **"င"အက္ခရာ**

ပုံစံ(၁)ကံလမ်းထီးရိုးမှာ ကောက်ကွေးခြင်း၊ အဖျက်



လမ်းများစွာ ဖြတ်သန်းရှုပ်ထွေးနေခြင်း၊ လမ်းကြောင်း ကျယ်ခြင်းတို့ကြောင့်ဖြစ်သည်။ **"စ"အက္ခရာ**

* * *




***(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်** *(ဥပဒေဘွဲ့)*
**[လက္ခဏာဗေဒပညာသုတေသီ]**

www.burmeselassic.com



သိုင်းပညာရှင်

# ဆရာကြီးမင်းယကျ

(တိုက်ပွဲဝင်သိုင်း) ၏

# ဘဝအတွေ့အကြုံများ

(ဒုတိယပိုင်း) ၁၁

ဆရာကြီးမင်းယကျ
(တိုက်ပွဲဝင်)



ယခင်လမှ အဆက်

**မားတစ်လက်သိုင်း ခပ်ရိုင်းရိုင်း**

မားတစ်လက်သိုင်း ပြိုင်ပွဲတွင် ...နှင့်သိပ္ပံတက္ကသိုလ် ကိုယ်စားပြု ...ည့်ပြိုင်သူမှာ မြန်မာစာ အဓိက ...န်းမှ မောင်ကြည်မြင့် ဖြစ်ပါသည်။

**[...နောင်တစ်ချိန် စည်ပင်သာယာ ...နယ် အုပ်ချုပ်ရေးမှူး၊ နယ်စပ် ...ည်ပင်တွင် ညွှန်ကြားရေးမှူး ...စ်လာသူ]**

မောင်ကြည်မြင့်သည် ဘွဲ့ရပြီး ...သည့် နောက်ပိုင်းတွင် ကျွန်ုပ်ထံသို့ ...င်းပညာရပ်များ ဆက်လက်သင် ...ရာ မားတစ်လက်သိုင်း ပိုင်းထွက် ...ညာဖြင့် ဆရာအဆင့် ရရှိခဲ့ပါ ...သည်။

မောင်ကြည်မြင့်သည် ကျန်းမာ ...ခိုင်သူဖြစ်သည်။ အင်္ဂလိပ် ...က်ဝှေ့ (Boxing)ကို လေ့ကျင့်ဖူး၍ ...င်းကစားရာတွင် (မားတစ်လက် ...င်း ကစားရာတွင်) ခုန်ဆွခုန်ဆွနှင့် ...ားတတ်ပါသည်။ ပြော၍လည်း ...

...သူနှင့် ယှဉ်ပြိုင်ရမည့်သူမှာ စက်မှု ...တက္ကသိုလ်မှဖြစ်ပြီး အင်းစိန်မြို့ရှိ ...င်းအဖွဲ့တစ်ဖွဲ့မှ လက်ထောက် သိုင်းဆရာ တစ်ဦးဖြစ်ကြောင်း သိရပါသည်။

သဘာရင့်,ဝါရင့်သူနှင့် သဘာနု, ဝါနုသူတို့ တွေ့ဆုံ ယှဉ်ပြိုင်ပွဲတစ်ခု သာ ဖြစ်သည်။

မောင်ကြည်မြင့်မှာ အလွန်ဖျတ်လတ်သွက်လက်သူဖြစ်သည်။ ဖိုင်နယ်ပွဲဖြစ်၍ ပထမ၊ ဒုတိယ တစ်ခုခု ရဖို့က သေချာနေသည်။ သို့သော် ယှဉ်ပြိုင်သူအားလုံး ပထမရချင်သူချည်း ဖြစ်ပါသည်။

မားတစ်လက်သိုင်း စ,ပေပြီ။ မောင်ကြည်မြင့်သည် ဝင်ခုတ်လိုက် ပြန်ဆုတ်ဖြင့် သွက်သွက်လက်လက် ကစားနေသည်။ တစ်ဖက်လူက တော့ အကွက်ကို ချောင်းနေသည်။ မပိုင်သေး၍ ဝင်ရိုက်ရန် စောင့်နေပုံရသည်။

အရပ်အမောင်းရော အလုံးအထည်ရော ညီနေသည်။ နှစ်ယောက်စလုံး ရိုက်အားကောင်းသူချည်း ဖြစ်သည်။ မောင်ကြည်မြင့်က အတွေ့အကြုံ မရှိသေး၍ ယှဉ်ပြိုင်...





www.burmeselassic.com

www.burmeseclassic.com

ရာတွင် ဖျတ်လတ်သွက်လက်သော်လည်း ကမူးရှူးထိုးဖြစ်နေ၍ အကွက်ကောင်းများ လွတ်သွားသည်။

(၁)မိနစ် ပွဲနားချိန်တွင် ဓားကွက်ပြောင်းကစားရန် ဆရာကြီး ဦးပြည်သိမ်း၏ ပွဲသိမ်းကစားကွက်ကို ထုတ်ကစားရန် သတိပေးလိုက်သည်။

ဒုတိယအချီ ပွဲစပြန်ပေပြီ။ နှစ်ယောက်သား အတို့အထိ ပုံစံဖြင့် ကစားနေသည်။ တစ်ယောက်အမှားကို တစ်ယောက် စောင့်နေကြသည်။

မောင်ကြည်မြင့်သည် ဘယ်ခြေနောက် ညာခြေရှေ့ နှစ်ကွက်ထောင်လိုက်ကစားနေရာမှ ဘယ်ခြေတစ်လှမ်း တက်လိုက်၍ ခေါင်းမှာ ရှေ့သို့ ခပ်ငိုက်ငိုက် ဖြစ်နေ၍ ဓားမှာ ညာပေါင်ဘေးသို့ ရောက်နေသည်။

ဘယ်ခြေကို ခပ်စောင်းစောင်း တက်ထား၍ ခေါင်းမှာ ရှေ့သို့ ကုံ့ပြီး ဖက်စဉ်းပေးထားသလို ဖြစ်နေပါသည်။**[ဒါက ပရိယာယ်မာယာ ဖြစ်သည်။ တစ်ဖက်လူ ခုတ်ချင်အောင် (ရိုက်ချင်အောင်) ကျွေးထားခြင်း ဖြစ်သည်။]**

ပြိုင်ဘက်က မောင်ကြည်မြင့် ရှေ့သို့ (ဦးခေါင်း)ကုံ့နေပြီဟု တွက်လိုက်သည်။ ဘယ်ခြေကို စောင်းတက်ထား၍ (တစ်ဖက်လူကို) ကျောခိုင်းထားသည်ဟု ထင်စရာဖြစ်သည်။ "ဒီယုန်မြင်၍ ဒီချုံထွင်ထားခြင်း"ဖြစ်သည်။

ပြိုင်ဘက်ကလည်း လျင်သည်။ ရသည့်အခွင့်အရေးကို အလွတ်မခံ။ ညာခြေကို ဖရပ်ပစ် ခြေတက်၍



မောင်ကြည်မြင့် ခေါင်းကို ပိုင်းစွယ်ဓား (၁-ဓား)ဖြင့် အပိုင်ခုတ်ချလိုက်သည်။

မောင်ကြည်မြင့်က မျှော်လင့်စောင့်စားနေသော ဓားခုတ်ချက်ဖြစ်သည်။ မရှောင်လို့ကတော့ ခေါင်းကွဲသွားနိုင်သည်။ ရိုက်အားက ပြင်းလှသည်။

မောင်ကြည်မြင့်က ဘယ်ခြေထောက်ဘေးသို့ ညာခြေတက်လိုက်၍ ဘယ်ခြေကို ညာခြေနောက်သို့(လိုက်ခြေ)ဖြင့် တက်သွားသည်။ သူ့ ဓားကိုင်လက်ကို ပက်ဓားဖြင့် ပက်ထည့်လိုက်သည်။

ဓားချက်က တစ်ဖက်လူ၏ လက်ကောက်ဝတ်နားသို့ ခပ်ပြင်းပြင်း ထိသွားသည်။ ထိုသူလက်မှ ဓား(ပြိုင်ပွဲဝင်ကြိမ်လုံး)မှာ လေထဲသို့ မြောက်တက်သွားသည်။

မပြီးဆုံးသေးပါ။ မောင်ကြည်မြင့်က သူ့ပက်ဓားကို အရှိန်ဖြင့် နောက်သို့ ဆွဲယူသွားကာ သူ့ဦးခေါင်းကို ပိုင်းစလွယ်ဓားဖြင့် ခုတ်ချလိုက်သည်။

ဝင်ခုတ်သည့် ပြိုင်ဘက်မှာ ဦးခေါင်း ရှေ့သို့ ငိုက်သွားသောကြောင့် မောင်ကြည်မြင့်၏ ဓားချက်မှာ သူ့နောက်ကျော ခုတ်ချလိုက်ပါသည်။

တစ်ဖက်လူမှာ ပုံလျက်သား လဲကျသွားပါသည်။ **(ပြိုင်ပွဲကွင်းအတွင်းမှ မ,ထုတ်သွားရပါသည်)** ခေါင်းစွပ်(corver)ခံနေ၍ နောက် ပွင့်ထွက်မသွားခြင်းဖြစ်သည်။

**တက္ကသိုလ်ပေါင်းစုံ မြန်မာ သိုင်း ပြိုင်ပွဲကြီးတွင်...**

၁။ မောင်တင်ဌေး (မြန်မာစာအဓိက) ဓား(၂)လက်ယှဉ်တိုက်တွင် ဆု၊

၂။ မောင်ကြည်မြင့် (မြန်မာစာအဓိက)က ဓား(၁)လက် တိုက်တွင် ပထမဆု၊

၃။ မောင်ထွေးအောင် (သမိုင်းအဓိက)က ဓား(၂)လက် တိုက်တွင် ဒုတိယဆု၊

အသီးသီး ရရှိခဲ့ကြပါသည်။

**[ထို ကျွန်တော်၏ သူငယ်ချင်း သိုင်းတပည့်သုံးဦးမှာ ယခု တွင် အသက်(၇၀)ကျော် ကြီးများ ဖြစ်နေကြပါပြီ။ ကျွန် မာမာနှင့် အသက်ထင်ရှား ရှိ သေးသည်။]**

သူတို့သုံးဦး အသုံးပြုသော များမှာ ဆရာကြီးဦးပြည်သိမ်း တိုင် ကျွန်တော့်အား လက် သင်ပေးထားသောနည်းများ သည်။**"လျှို့ဝှက်သိုင်းပညာ သော လျှို့ဝှက်သိုင်းပညာ** ဟုသာ အမည်တပ်လိုက် သည်။





www.burmeseclassic.com

www.burmeselassic.com

တပည့်က ရိုင်းရိုင်း

ဆရာက ကြမ်းကြမ်း



(ဗ-လ-စ) သိုင်းသင်တန်း၌ **ဆရာကြီး ဦးချစ်သန်း(သင်တန်းတာဝန်ခံ ကျောင်းအုပ်ကြီး)**၏ လက်အောက်တွင် လက်ထောက်ဆရာကြီး သုံးဦး ရှိပါသည်။

၁။ **ဆရာကြီး ဦးထွန်းစာ**သည် ဗန်တိုအချုပ်ဖြည် အကျဉ်းထွက် တာဝန်ခံဆရာကြီး ဖြစ်ပါသည်။ ဗန်တိုပညာတွင် တုတ်ရိုက်, ဓားခုတ်နှင့် ဓားမြှောင်ထိုး ရှောင်နည်း၊ ခုခံတိုက်ခိုက်နည်းတို့ကို အဓိကထား၍ သင်ကြားပေးသည်။

၂။ **ဆရာကြီး ဦးထွန်းမြိုင်**သည် တုတ်ရှည်သိုင်းနှင့် ဓားနှစ်လက်သိုင်းတို့တွင် တာဝန်ခံဆရာကြီး ဖြစ်သည်။

၃။ **ဆရာကြီး ဦးခင်မောင်**(၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးအောင်ပွဲ အထိမ်းအမှတ် သိုင်းပြိုင်ပွဲကြီးတွင် ဓားတစ်လက်သိုင်းယှဉ်တိုက်ပြိုင်ပွဲ၊ တုတ်ရှည်သိုင်းယှဉ်တိုက်ပြိုင်ပွဲ၊ ဓားနှစ်လက်သိုင်းယှဉ်တိုက်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်ဆုနှစ်ဆုနှင့် ငွေတံဆိပ်ဆုတစ်ခု ရရှိခဲ့သူဖြစ်သည်။)က ကာယဗလဌာနတာဝန်ခံ၊ ဓားတစ်လက်ယှဉ်တိုက်၊ ဓားနှစ်လက်ယှဉ်တိုက်၊ တုတ်ရှည်ယှဉ်တိုက် ဘာသာရပ်တို့တွင် တာဝန်ခံဆရာကြီးတို့ ဖြစ်ကြပါသည်။

ဆရာကြီး ဦးထွန်းစာသည် ဗ-လ-စ သိုင်းသင်တန်း(ဗ-လ-စ ခြံကြီး၏) အရှေ့မြောက်ဘက်တွင်ရှိသော သံဆန်ခါများ ကာရန်ထားသည့် ရုံထဲတွင် ဓားမြှောင်ထိုး ခုခံကာကွယ်နည်းတို့ကို သင်ကြားနေပါသည်။

ဆရာကြီးသည် သင်တန်းသားများ၏ ရှေ့မှနေ၍ လေ့ကျင့်ပြသည်ကို သင်တန်းသားများက နံပါတ်စဉ်ဖြင့် လိုက်၍ လေ့ကျင့်ရပါသည်။

အလွတ်လေ့ကျင့်ပြီးမှ သစ်သားဓားမြှောင်ဖြင့် နှစ်ယောက်ယှဉ်တွဲ လေ့ကျင့်ရပါသည်။ တစ်ယောက်က ထိုးပေးလျှင် တစ်ယောက်က (သင်ထားသောနည်းအတိုင်း) ခုခံကာကွယ်ရပါသည်။ တစ်ယောက်တစ်လှည့် ထိုးပေးရပါသည်။

**[ဓားမြှောင်ဖြင့် ထိုးပေးသူကို လူဆိုးဟုခေါ်ပြီး ခုခံကာကွယ်သူကို ဇာတ်လိုက် (ဝါ) မင်းသားဟုခေါ်ပါသည်။ သင်တန်းသားများက ပေးထားသော အမည်များ ဖြစ်ပါသည်။]**

ထိုနေ့က ဓားမြှောင်ပေါက်ထိုး (ခေါ်) ဓားမြှောင်စိုက်ထိုး (ခေါ်) ဓားမြှောင်ကို မြှောက်ပြီး ဘယ်ဘက်ရင်အုံကို ထိုးသည့် ဓားချက်အား ဘယ်ကျားပုတ်ဖြင့် ပုတ်ထုတ်လိုက်သည့် လေ့ကျင့်ခန်းကို သင်နေပါသည်။

အတန်းနှစ်တန်းကို မျက်နှာချင်းဆိုင် ရပ်လျက် တန်းစီရပါသည်။ လူဆိုးတစ်တန်း၊ မင်းသားတစ်တန်း ဖြစ်ပါသည်။

လူဆိုးက ဓားမြှောင်ဖြင့်ပေါက်ထိုး (ဝါ)မိုးထိုး ထိုးလိုက်သည့်အခါ မင်းသားများက ဘယ်ကျားပုတ်ဖြင့် ပုတ်ထုတ်ရမည်ဖြစ်သည်။

သူတစ်လှည့် ကိုယ်တစ်လှည့်ဖြင့် အပြန်ပြန် အလှန်လှန် လေ့ကျင့်နေကြရပါသည်။

ထိုစဉ် သင်တန်းထဲတွင် ပါဝင်သော အသက်(၂၅)နှစ်ခန့်ရှိသည့် ဂင်တိုတို ဗလကောင်းကောင်း သင်တန်းသား တစ်ယောက်၏ ကျားပုတ် ပုတ်ပုံမှာ အချိုးမကျ၍ ဆရာကြီးဦးထွန်းစာက...

'မောင်ရင်လေး... မင်း ကျားပုတ်ပုတ်ပုံက မဟုတ်သေးဘူး။ ကျားပုတ်ပုတ်တယ်ဆိုတာ လက်ကောက်ဝတ်ကို ဖျော့ထားပြီး လက်လေးချောင်းနဲ့ ပုတ်ရတာ၊ လက်ဖျံကို ထောင်ထားပြီး လက်ဝါး(လက်ချောင်း)အားနဲ့ ခပ်ပြင်းပြင်း ပုတ်ရတာ၊ မင်းက ပုတ်တာ မဟုတ်ဘဲ လက်ဝါးနဲ့ တွန်းသလို ဖြစ်နေတယ်'

ဟု ပြောပြောဆိုဆို ထိုသင်တန်းသားနားသို့ ရောက်လာပါသည်။

www.burmeselassic.com

ထိုသင်တန်းသား၏ အမည်မှာ မောင်သန့်ဇင်ဟုခေါ်ပြီး တွံတေးမြို့ တောကြီးတန်းမှ လာ၍ ရွှေဂုံတိုင်တွင် တည်းခိုနေထိုင်ကာ သိုင်းလာရောက်သင်သည်ဟု ကြားသိရပါသည်။

လူသစ်ဖြစ်၍ ဘာသိဘာသာ နေထိုင်ပြီး ကျွန်တော်တို့ လူဟောင်းများနှင့် အပေါင်းအသင်း မလုပ်ပါ။ ကျွန်တော်တို့နှင့် သိပ်မရင်းနှီးသေးပါ။ စကားပြောဆိုရာတွင် တိုတိုတောင်းတောင်း ခပ်ပြတ်ပြတ် ပြောတတ်ပါသည်။

သူ့စကားအရ သိုင်းတတ်သည်ဟု ဆိုပါသည်။ ခြုံပြောရလျှင် ခင်မင်စရာ မကောင်းသော သင်တန်းသားတစ်ယောက်သာ ဖြစ်ပါသည်။

ဘာသာရပ် ဆရာကြီးများက သင်ကြားပြသသည့်အခါတွင်(သူ့ကိုယ်သူ သိုင်းတတ်ပြီးသားဆိုပြီး) သေသေချာချာ လိုက်မလုပ်ပါ။ ပေါ့ပျက်ပျက်နှင့် ဖြစ်ကတတ်ဆန်း လုပ်တတ်ပါသည်။

ဆရာကြီးများက ပြောလျှင်ပြလျှင် ပြောသည့်အတိုင်း ပြသည့်အတိုင်း လိုက်မလုပ်ပါ။ ဆရာကြီးများကို အထင်သေးသည့်ပုံ ပေါ်နေပါသည်။

ဆရာကြီး ဦးထွန်းစာသည် ရှမ်းတိုင်းရင်းသားဖြစ်ကာ ထိုစဉ်က မြန်မာစကားကိုပင် ပီပီသသ မပြောနိုင်သေးပါ။ သဘော အလွန်ကောင်းပြီး သင်တန်းသားများကို သားသမီးများသဖွယ် ချစ်ချင်ခင်ခင်နှင့် ဖော်ဖော်ရွေရွေ ဆက်ဆံတတ်



ပါသည်။

သို့သော် အခန့်မသင့်လျှင် အလွန် ဒေါသကြီးတတ်ပါသည်။ **"တရားတစ်ဖက်၊ ဓားတစ်ဖက်"** လူစားမျိုးဟု ပြောရမည် ထင်ပါသည်။ ဆရာကြီး ဦးထွန်းစာသည် မောင်သန့်ဇင်အား သစ်သားဓားမြှောင်တစ်ချောင်း ပေးလိုက်ပြီး ပါးစပ်မှလည်း...

'ကဲ...မင်း စိတ်ကြိုက်ထိုးစမ်း'

ဟု ဆိုကာ မောင်သန့်ဇင်၏ ရှေ့တွင် နှစ်ကွက်ကန့်လန့်ရင်ပေး စောင့် အနေအထားဖြင့် စောင့်နေပါသည်။

မောင်သန့်ဇင်က ဆရာကြီး ဦးထွန်းစာ၏ ဘယ်ဘက်ရင်အုံ (နှလုံး) ရှိရာသို့ ပိုင်းစလွယ်ဓားဖြင့် စိုက်ထိုးချလိုက်ပါသည်။

ဆရာကြီးက သူ၏ ဘယ်လက်ဝါးဖြင့် မောင်သန့်ဇင်၏ ဓားကိုင်လက် လက်ကောက်ဝတ်နေရာသို့ ကျားပုတ် ပုတ်ထုတ်လိုက်ရာ အရှိန်ပြင်းသောကြောင့် "ဖောင်း"ခနဲ မြည်သွားကာ ဓားကိုင်လက်မှာ သူ၏ ဘယ်လက်သို့ ရောက်ရှိသွားပါသည်။

မောင်သန့်ဇင်ကလည်း အနာခံ၍ ဆက်ကာဆက်ကာ ဘယ်ပြန် ညာပြန် ထိုးပါသည်။

ဆရာကြီးကလည်း ဘယ်ကျား ပုတ်၊ ညာကျားပုတ်ကို အပြန်အ အလှန်လှန် အသုံးပြုသွားပါသည်

မောင်သန့်ဇင်၏ လက်ကောက် ဝတ် နေရာကတော့ အညိုအမည်း စွဲ၍နေပါသည်။ မောင်သန့်ဇင် ဆက် မထိုးနိုင်တော့။ ရပ်လိုက်ရသည်

ဆရာကြီးက...

'ကျားပုတ်ဆိုတာ အဲဒီလို ပုတ်ရ မင်း လေ့ကျင့်တဲ့အခါမှာ ဆရာ လုပ်သွားသလိုမျိုး ကျားပုတ်ကို ပြ ပုတ်ရမယ်။

ကျားပုတ်ကို စနစ်တကျ အား ပုတ်နိုင်မယ်ဆိုရင် ရန်သူလက် ကျားပုတ် ပုတ်တာ တစ်ခု ကျအောင် လုပ်နိုင်တယ်။

ကျားပုတ်ဟာ အလွန် အသုံး ခန္ဓာလက်နက်တစ်ခု ဖြစ်တယ်ကွ ကဲ... ဒီနေ့တော့ ဒီလောက်နဲ့ပဲ ရပ်မယ်'

ဟု ပြောဆိုလိုက်၍ သင် ခေါင်းဆောင်(၁) ဖြစ် ကျွန်တော်က သင်တန်းသားမျာ တန်းစီ၍ သင်တန်းဖြုတ်ပေး ပါသည်။

**မှတ်ချက်။ ။ သင်တန်း ခေါင်းဆောင်မှာ မောင် အောင်မြင့် ဖြစ်၍ ယခု အ (၇၁)နှစ်ရှိကာ ကျွန်တော့် ယခုအချိန်အထိ သိုင်းပညာ ဗေဒင်ပညာရပ်တို့ကို သင် လျက် ရှိပါသည်။**

သင်တန်း ဖြုတ်လိုက် မောင်သန့်ဇင်သည် သူ့ ခါးစည်းကြိုးဖြင့် ပတ် စည်းလိုက်ပါသည်။



www.burmeselassic.com

www.burmeseclassic.com

သူ့လက်မှာ တော်တော်လေး နာသွား၍ စိတ်တိုပြီး ဒေါသထွက်နေပုံရပါသည်။ သူသည် အဝတ်မလဲဘဲ ရုတ်တရက် ဆရာကြီးဦးထွန်းစာထံသို့ သွားကာ...

'ဆရာ... ကျွန်တော် တစ်ခုလောက် မေးချင်လို့ မေးခွင့်ပြုပါ'

ဟု ပြောလိုက်ရာ ဆရာကြီး ဦးထွန်းစာက သူ၏ မျက်ပေါက် ကျဉ်းကျဉ်းလေးဖြင့် မောင်သန့်ဇင်ကို ကြည့်နေရင်းမှ...

'အေး... မေးလေကွာ၊ မင်း သိချင်တာရှိရင် မရှင်းတာရှိရင် မေးပါ၊ မေးခွင့်ပြုပါတယ်'

ဟု ပြန်ပြောလိုက်ပါသည်။ မောင်သန့်ဇင်က...

'ဆရာ့ကို ရန်သူက ဗိုက်ပေါ်ခွစီးပြီး လက်တစ်ဖက်က လည်မျိုကိုညှစ်ပြီး လက်တစ်ဖက်က ရင်အုံကို ဓားမြှောင်နဲ့ ထိုးရင် ကျားပုတ်နဲ့ ကာကွယ်လို့ ရပါ့မလားဆိုတာ သိချင်လို့ပါ'

ဟု မေးချလိုက်ပါသည်။ ဆရာကြီးဦးထွန်းစာက ခပ်အေးအေးလေးနှင့်ပင်...

'ရတာပေါ့ကွာ... မင်းက ကျားပုတ် ဘယ်လောက်ကောင်းတယ်ဆိုတာ မသိသေးလို့ပါ။ ကဲ... ဒီလိုလုပ် ဆရာက မြေကြီးပေါ်မှာ ပက်လက်လှန်ပေးမယ်၊ မင်းက ဆရာ့ဗိုက်ပေါ်ကို ခွပြီး မင်းကိုယ်တိုင် လက်တွေ့ထိုးကြည့် ကဲ...လာ'

ဟု ဆိုကာ ဆရာကြီးက သင်တန်းရုံ မြေကြီးပေါ်တွင် ပက်လက်လှန်ပေးလိုက်ပါသည်။

မောင်သန့်ဇင်က လေ့ကျင့်ရေး လက်နက် သစ်သားဓားမြှောင်ကို မယူတော့ဘဲ သူ့လွယ်အိတ်အတွင်း



မှ အရိုးအသွား ဆယ်လက်မခန့်ရှိ ရှမ်းဓားမြှောင်တစ်ချောင်းကို ထုတ်ယူလိုက်သည်။

ထို့နောက် ဓားအိမ်ကို ချွန်ခဲ့ကာ ဓားမြှောင်ဦးချွန်ကို အောက်စိုက်ကိုင်၍ ဆရာကြီးဦးထွန်းစာ၏ ဝမ်းဗိုက်ပေါ်သို့ခွစီး၊ ဘယ်ဘက်လက်ဖြင့် ဆရာ့လည်မျိုကို ညှစ်ကာ ညာလက်ရှိ ဓားမြှောင်ဖြင့် ဆရာ့နှလုံးသားရှိရာ ဘယ်ဘက်ရင်အုံပေါ်သို့ အားကုန် စိုက်ထိုးချလိုက်ပါသည်။

ကျွန်တော်တို့ တစ်သိုက်မှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ရင်တုန်ပန်းတုန်ဖြစ်တာ "ဒီတစ်ခါတော့ ဆရာတော့ သွားပါပြီ"ဟု စိတ်မကောင်းစွာဖြင့် တွေးတောမိပါသည်။

ဓားမြှောင်သည် ဆရာ့ရင်အုံဆီသို့ လှစ်ခနဲ ထိုးစိုက်လာပါသည်။ "အား" "အိုး" "အမယ်လေး"ဟု အော်ဟစ်၊ သူက အော်ဟစ်ကြပါသည်။

ဆရာက သူ၏ ညာလက်ဖြင့် သူ့လည်မျိုကို ဖိညှစ်ထားသော မောင်သန့်ဇင်၏ ဘယ်လက်ကို ဆရာ၏ ညာလက်ဝါးဖြင့် အုပ်ဖိထား၍ အပေါ်မှ ထိုးစိုက်ဆင်းလာသော ဓားမြှောင်ကို ကိုင်ထားသည့် မောင်သန့်ဇင်၏ ညာလက်ကောက်ဝတ်ကို ဘယ်လက်ဝါးဖြင့် (အားပြင်းပြင်း) ကျားပုတ် ပုတ်ထုတ်လိုက်ရာ သူ၏ ဒဏ်ရာပေါင်းကို ပုတ်မိသောကြောင့် ဓားမြှောင်မှာ ဘေးသို့ လွင့်ထွက်သွားပါတော့သည်။

ဘေးမှ ရင်တမမနှင့် ကြည့်နေကြသော သန်းမြင့်အောင်တို့ တစ်သိုက်မှာ ခုန်သူခုန်၊ ဘေးသို့ ပြေးသူပြေးဖြင့် ဝရုန်းသုန်းကားဖြစ်ကာ လွင့်လာသော ဓားမြှောင်ကို ရှောင်ကြရပါသည်။

ဆရာသည် သူ၏ ခြေထောက်အစုံကို မြေတွင်ချကာ ခန္ဓာကိုယ်ကို ကော့ တင်လိုက်ရာ မောင်သန့်ဇင်မှာ သူ့ရှေ့သို့ ဝါးထရံကို ခေါင်းနှင့် ပြေးဆောင့်သလိုဖြစ်ကာ (ဝါးထရံအောက်ပိုင်းမှာ မိုးရေတို့ကြောင့် ဆွေးနေပုံရပါသည်။) သူ့ခေါင်းသည် ဝါးထရံအပြင်ဘက်သို့ ပေါက်ထွက်သွားပါသည်။ (သူ့ ဘယ်လက်ကို ဆရာ့ညာလက်ဖြင့် အုပ်ဖိထားသောကြောင့် လက်ဖြင့် မကာနိုင်တော့ပါ။)

မောင်သန့်ဇင်မှာ မှတ်လောက်သားလောက် ဖြစ်သွားပါတော့သည်။ မောင်သန့်ဇင်တစ်ယောက် နောက်ရက်များတွင် သင်တန်းသို့ မလာတော့ပါ။

**ဆရာကြီးမင်းယကွ**
***(တိုက်ပွဲဝင်)***



www.burmeseclassic.com



ဇော်ချမ်းအောင်
(ရမည်းသင်း)

# သူ့အရပ် သူ့ဒေသနှင့်

## ဓလေ့ဆန်းများ

ဆရာကြီး ဦးမင်းဖြူ ပြောပြသော
မှတ်သားဖွယ်ရာများ

ထိုနေ့က ဗေဒင်ပညာရှင် ဆေးဆရာကြီးဦးမင်းဖြူနှင့် ကျွန်တော် စကားလက်ဆုံကျနေသည်။ ဆရာကြီးအိမ်မှာ လူရှင်းနေသည်ဖြစ်၍ ဆရာကြီးနှင့် အေးအေးဆေးဆေး စကားပြောကြရင်း အိမ်ဆောက်တာနှင့် ပတ်သက်ပြီး အိမ်ကို အမိုး မိုးပြီးမှ အခင်းခင်းရသည်ကို ဆရာကြီးက ပြောပြတော့ ကျွန်တော်က...

'အိမ်အခင်းကို ဒအရင်မခင်းရတာ ဘာကြောင့်လဲ ဆရာကြီး'

ဟု မေးမိသည်။ ဆရာကြီးက ခေါင်းတညိတ်ညိတ်လုပ်ရင်း...

'မခင်းကောင်းလို့လေ အမိုးမိုးပြီးမှ အခင်းဆိုတာ ခင်းကောင်းတာ၊ အိမ်ကို အမိုးမမိုးသေးဘဲ အခင်းခင်းရင် အိမ်ခေါင်းတလားကြီး ဖြစ်မှာပေါ့ကွယ်'

'ကျွန်တော်... နားမရှင်းဘူး ဆရာကြီး'

'လူသေကောင်တွေ ထည့်တဲ့ ခေါင်းတလားဟာ အမိုးပါသလား'

'မပါဘူး ဆရာကြီး'

'ခေါင်းတလားဆိုတာ အပေါ်က အမိုးမပါဘူး။ ဒါကြောင့် ခေါင်းတလားနဲ့တူလို့ အမိုးအရင် မိုးပြီးမှ အခင်းခင်းရတယ်လို့ ပြောတာ။

သေတ္တာလို အဖုံးပိတ် ခေါင်းတလားတွေတော့ ရှိကြတယ်။ အဲဒါက တစ်နေရာနဲ့ တစ်နေရာ ခရီးဝေး သယ်တာမျိုးမှာ သုံးကြတာ။ ခေါင်းတလားဆိုတာ အပေါ်က အဖုံးပါလေ့မရှိဘူး။ အဓိက ပြောချင်တာက ခေါင်းတလား

www.burmeseclassic.com

လို အိမ်မျိုး မဖြစ်အောင်လို့ အမိုးအရင် မိုးပြီးမှ ခင်းရတယ် ပြောတာ'

'သြော်... ဒါတော့ ရှင်းသွားပြီ ဆရာကြီး ကျွန်တော် သိချင်တာတွေ မေးဦးမယ်'

'မေးလေကွယ်... ဆရာကြီးသိရင် ပြောပြမှာပေါ့'

ဆရာကြီးက ကြေးကွမ်းအစ်ကြီးယူ၍ ကွမ်းယာနေလေသည်။

'တောင်ပေါ်ကို လှည်းနဲ့ သစ်ခုတ်၊ ဝါးခုတ်သွားကြရင် လှည်းစခန်းချတော့ လှည်းဖြုတ်ရာမှာ ကိုယ်လာခဲ့တဲ့ လမ်းဘက်ကို လှည်း လှည့်မဖြုတ်ရဘူးဆိုတာ ဘာလို့လဲ ဆရာကြီး'

'နိမိတ်လေကွယ်။ လာခဲ့တဲ့ လမ်းကို လှည်းလှည့်ဖြုတ်ထားရင် ကိုယ်သွားလုပ်ကိုင်မယ့် အလုပ် အဆင်မပြေ ဖြစ်တတ်ပြီး ဒီအတိုင်း လှည်းအခွံချည်း လှည့်ပြန်ရမယ် ဆိုတဲ့ နိမိတ်ပေါ့။ ဒါကြောင့် လာခဲ့တဲ့ လမ်းကို လှည့်ပြီး လှည်းမဖြုတ်ကောင်းဘူးလို့ ပြောတာ'

'သြော်...သြော်... ဆရာကြီး ရှင်းပြလို့ နားလည်သွားပြီ။ နောက်ထပ် သိချင်တာတွေ ရှိသေးတယ် ဆရာကြီး'

'မေးလေကွယ်... ဖြေနိုင်တဲ့ မေးခွန်းဆို ဆရာကြီး ဖြေပေးမှာပါ'

'လမ်းခုလတ်မှာ လှည်းစခန်းချရာကနေ ရှေ့ ခရီးဆက်ထွက်မယ်ဆိုရင် ချက်ပြုတ်စားသောက်ခဲ့တဲ့ မီးဖိုတွေ မီးငြိမ်းပြီးမှ ခရီးဆက်ထွက်ရမယ်ဆိုတဲ့ အယူအဆကကော ဆရာကြီး'

'အင်း... မီးဆိုတာ အပူလေကွယ်။ မီးမငြိမ်းဘဲထားပြီး ရှေ့ ခရီးဆက်ထွက်ရင် လမ်းခရီးမှာ အခက်အခဲတစ်ခု တွေ့ရပြီးတော့ စခန်းတစ်ခါချ ချက်ပြုတ် စားသောက်ရဦးမယ်ဆိုတဲ့ နိမိတ်၊ ခရီးကြန့်ကြာတတ်တာပေါ့။ မီးဆက်ကူးတယ်ဆိုတဲ့ သဘောအယူအဆပေါ့။ မီးငြိမ်းပြီးမှ ခရီးဆက်သွားရတယ်။

မီးဆိုတာကတော့ကွယ် ဘာပဲဖြစ်ဖြစ် အဲဒီနေရာက ထွက်သွားပြီဆိုရင် ငြိမ်းသတ်ခဲ့တာ အကောင်းဆုံးပဲပေါ့ကွယ်။ ကိုယ်ထားခဲ့တဲ့ မီးက လေတိုက်လို့ မီးစတွေ လေနဲ့ လွင့်ပြီး အခြားမလိုလားတဲ့ နေရာတွေ ကူးစက်လောင်တာမျိုးတွေလဲ ရှိတာပဲလေ'

'ဟုတ်ကဲ့ ဆရာကြီး... ဒါနဲ့ ကျောက်ညှော်မိရင် ဖျားတယ်ဆိုတာ'

'သြော်...အဲဒါက မိုးဦးကျကာလမှာ မြေပြန့်က လူတွေ တောင်ပေါ်ကို သစ်ခုတ်၊ဝါးခုတ်သွားကြရင် ဖြစ်တတ်တယ်။ တစ်နွေလုံး နေပူဒဏ် ခံထားရတဲ့ ကျောက်တုံးတွေ၊ တောင်ပေါ်မှာ လောင်တဲ့ တောမီးကြီးတွေကလဲ အဲဒီ ကျောက်တုံးကြီးတွေကို မီးပူတွေ့ ဟာတ်လောင်ထားတယ်လေ။

အဲဒီ အပူဒဏ်တွေ ခံထားရတဲ့ ကျောက်တုံးကြီးတွေအပေါ် မိုးဦးကျ မိုးစရွာတော့ ကျောက်တုံးတွေဟာ မိုးရေနဲ့ ထိတွေ့တော့ ကျောက်တုံးအတွင်းမှာရှိနေတဲ့ အပူတွေဟာ အခိုးအငွေ့တွေ အဖြစ်နဲ့ ထွက်လာတယ်။ အဲဒီကျောက်တုံးတွေကနေ ထွက်လာတဲ့ ညှော်နံ့တွေကို ရှူရှိုက်မိရင် ဖျားနာတာတွေ ဖြစ်လေ့ရှိတယ်'

ဟု ပြောကာ ရေနွေးကြမ်းခွက် ကောက်သောက်ရင်း ဆရာကြီးက ကျွန်တော် နောက်မေးလာဦးမည်ကို သိနေသည်အလား ပြောလာသည်။

'သိချင်တာ ရှိသေးတယ် မဟုတ်လား'

ဟု စကားလမ်းကြောင်း ပေးလာသည်ဖြစ်၍...

'တချို့ တောတောင်တွေဟာ တစ်ဆက်တစ်စပ်တည်း ရှိနေပေမယ့် သိချင်းဆိုတာကို မကြိုက်တဲ့တောင်၊ လေချွန်တာကို မကြိုက်တဲ့တောင်၊ ထမင်းနပ်ပြီလို့ ပြောတာ မကြိုက်တဲ့တောင်၊ ပြီးတော့ ထမင်းအိုးကို ယောက်မနဲ့ မွှေပြီး ယောက်မကို ကပ်နေတဲ့ ထမင်းလုံးတွေကို ထမင်းအိုးနှုတ်ခမ်း ခေါက်ခါတာမျိုး မလုပ်ရတဲ့တောင်...

တစ်တောတည်း တောင်ချင်း ဆက်နေတာကို တစ်နေရာနဲ့ တစ်နေရာ ဘာလို့များ အကြိုက်မတူတာလဲ ဆိုတာ စဉ်းစားမရတာ ဆရာကြီး'

'သြော်...ဒါကတော့ကွယ် သိပ်ပြီး ခက်ခက်ခဲခဲကြီး စဉ်းစားနေစရာ မလိုပါဘူး၊ သူ့လယ်၊ ကိုယ့်လယ်၊ သူ့ယာ၊ ကိုယ့်ယာ ဆိုတာမျိုး သူ့ပိုင်ဆိုင်မှုနဲ့သူ၊ သူ့အကန့်အသတ်နဲ့သူ ရှိနေသလိုပေါ့။ **အဲဒီလို တောတောင်တွေကို ပိုင်ဆိုင်ကြတဲ့ ပုဂ္ဂိုလ်တွေ တစ်ဦးနဲ့တစ်ဦး နှစ်သက်တာ မတူကြလို့ပေါ့။**

ဘယ်လိုအကြောင်းနဲ့ပဲ ဖြစ်ဖြစ်၊ တောတောင်တွေထဲ သွားလာလုပ်ကိုင်လို့ရှိရင် အစစ သတိနဲ့ ဆင်ခြင်ပြီး နေထိုင်ဖို့ လိုတာပေါ့ကွယ်။

နေရာတိုင်းမှာ သူ့ဓလေ့နဲ့သူ ရှိနေကြတာကို သတိထားရမယ်။ မယုံကြည်တာ ဘာမှမဖြစ်ပေမယ့် သူ့ဓလေ့ကို ပြက်ရယ်ပြု မစော်ကားမိဖို့တော့ အထူးလိုတာပေါ့ကွယ်။

ကဲ... ညည့်သည်တွေ ရောက်လာကြပြီ။ သိချင်တာတွေ နောက်မှပဲ မေးတော့ကွယ်'

အိမ်ပေါ် တက်လာကြသော ညည့်သည်တွေကို ဆရာကြီးက လှမ်းကြည့်ရင်း စကား ဖြတ်လိုက်ပါသည်။ ညည့်သည်တွေများ၍ နေရာထိုင်ခင်းတွေ လုပ်ကိုင်ပေးပြီး ဆရာကြီးကို နှုတ်ဆက်ပြန်ခဲ့လေသည်။

**အေးချမ်းအောင်(ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနမှာ နှစ်ပေါင်း(၃၀)ကျော် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

သာစည်မြို့နယ်၊ မြင်းခြံမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ မတ္တရာမြို့နယ်၊ ကွမ်းလုံခရိုင်၊ လောက်ကိုင်ခရိုင်၊ ရမည်းသင်းမြို့နယ်၊ သပိတ်ကျင်းမြို့နယ် စတဲ့ ဒေသတော်တော်များများမှာ ရာထူးအဆင့်ဆင့်နဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

ကျွန်တော် အများဆုံး ဆက်ဆံခဲ့ရတာကတော့ တောင်သူလယ်သမားတွေပါပဲ။ မြန်မာနိုင်ငံရဲ့ လူဦးရေ(၇၀)ရာခိုင်နှုန်းကလဲ တောင်သူလယ်သမားတွေပဲလေ။ တောင်သူလယ်သမားတွေ ဆင်းရဲတာ လူတိုင်း သိပါတယ်။

ကျွန်တော့်သူငယ်ချင်းတစ်ယောက် ရှိတယ်။ ကျွန်တော့်ဆီမှာ (၃)ရက် လာနေသွားတယ်။ ပြန်မယ့်နေ့မှာ နှုတ်ဆက်စကား ပြောသွားတယ်။

'မင်းအလုပ်က ဆင်းရဲတဲ့ လူတွေနဲ့ ဆက်ဆံရတာဖြစ်လို့ မင်းလဲ မချမ်းသာနိုင်ဘူး'

တဲ့။ သူပြောတာ မှန်ပါတယ်။ အခု ကျွန်တော် အငြိမ်းစား ယူပြီးပါပြီ။ ကျွန်တော့်ဘဝကတော့ ပုံမှန်ပါပဲ။ မဆင်းရဲပေမယ့် မချမ်းသာပါဘူး။

တောင်သူလယ်သမားတွေက ကျွဲ၊နွားတွေနဲ့အတူ ရုန်းကန်ပြီး အလုပ် လုပ်ရတာလေ။ တောင်သူလယ်သမားအိမ်မှာ နွားဖြစ်ရတာလဲ ကံဆိုးတာပဲ။

မိုးမလင်းခင် အိပ်ရာက ထရတယ်။ ကျွဲ၊နွားတွေနဲ့အတူ လယ်တွေ ယာတွေ ထွန်ယက်စိုက်ပျိုးရတယ်။ နေမြင့်မှ သိမ်းကြတယ်။ စကားပြောတတ်တဲ့ လူတွေက စကားမပြောတတ်တဲ့ ကျွဲ၊နွားတွေကို အတ္တစွဲနဲ့ ရက်ရက်စက်စက် ခိုင်းကြတယ်။

တိရစ္ဆာန်ဆိုတော့ လူက ခိုင်းရင် လုပ်ရတာပေါ့။ နေပူ၊မိုးရွာ မရှောင်ပေါ့။ နေ့စဉ် လုပ်ရတဲ့ အလုပ်တွေ ထမ်းပိုးတုံးနဲ့ပခုံး ပြတ်တယ်လို့ မရှိတော့ဘူး။

ရွာတစ်ရွာမှာ ဦးကြီးတစ်ယောက်က ပြောဖူးတယ်။ ပခုံးပေါက်အနာ ပျောက်ချင်ရင်တော့ ထမ်းပိုးတုံးကို ပြာကျအောင် မီးရှို့ရတယ်တဲ့။ ဒါဆို ပခုံးပေါက်အနာ ပျောက်ပြီတဲ့။

ဟုတ်တာပေါ့... ထမ်းပိုးတုံး မရှိမှတော့ ကျွဲ၊နွားကို ခိုင်းလို့ မဖြစ်တော့ဘူးလေ။ မခိုင်းတော့ ပခုံးကို အနားပေးရပြီလေ။ နားရတော့ အနာပျောက်တာပေါ့။



# ကျွဲ၊နွား ပခုံးပေါက်အနာ

နေ့စဉ် ခိုင်းနေမှတော့ အနာဖြစ်ပြီပေါ့။ ပခုံးတွေ ပေါက်နေလဲ အလုပ်အရေးကြီးတယ်ဆိုပြီး ခိုင်းနေတော့တာပဲ။

ဆေးကုပြီး နားမယ်လို့ စိတ်မကူးဘူး။ အလုပ်ပြီးမှပဲ နားရတော့တာပဲ။ တောင်သူလယ်သမားတိုင်း တွေ့ဖူးတဲ့ အနာ၊ တိမွေးကု ပညာရှင်တိုင်း တွေ့ဖူးတဲ့အနာပါ။

ဆေးနည်းကတော့ လွယ်လွယ်လေးပါ။ အနောက်တိုင်းဆေးတွေလဲ ရှိပါတယ်။ ကျွန်တော် ပြောပြမှာက မြန်မာတိုင်းရင်းဆေးစစ်စစ် ဆေးနည်းတိုလေးတွေပါ။

မြန်မာတစ်နိုင်ငံလုံးသုံးတဲ့ ဆေးနည်းပါ။ ကျွန်တော် ကိုယ်တိုင်လဲ ဒီနေ့အထိ ဒီဆေးနည်းတွေကို သုံးနေဆဲပါပဲ။ ပွဲတွေ့ကောင်းလွန်းလို့ တင်ပြလိုက်တာပါ။

ကျွဲ၊နွားတင် မကပါဘူး။ မြင်းလှည်းမောင်းတဲ့ မြင်းတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ လည်ခွေနာကိုလဲ အသုံးပြုလို့ ရပါတယ်။

မြန်မာနိုင်ငံအထက်ပိုင်း မြို့နယ်တွေမှာ မြင်းလှည်းတွေ အသုံးပြုနေရတုန်းပါ။ ပုဂံ၊ ညောင်ဦး၊ ပြင်ဦးလွင်၊ မြင်းခြံမြို့တွေမှာ မြင်းလှည်းတွေ ပေါပါတယ်။

**ဆေးနည်းကတော့...**

ဖွဲနုလုံးအဆီကို အနာပေါ် လိမ်းပေးပါ။ တစ်နေ့ကို (၃)ကြိမ် လိမ်းပေးပါ။

**နောက်တစ်နည်းကတော့ မြွေပွေးကို ပြာချပြီး အုန်းဆီနဲ့ရောပြီး လိမ်းပေးပါ။** မကြာမကြာ လိမ်းပေးရင် မြန်မြန်ပျောက်ပါတယ်။

*ကိုယ်စိတ်နှစ်ပါး ချမ်းသာပါစေ။*

**ငွေသိန်း(တိ/မွေး/ကု)**



www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ပိုင်းဆံတော်ရှင်စေတီတော်

ဩကင်စ (LL.B)

# ရသေ့ရ ရှေးဟောင်းဆံတော်ရှင် စေတီတော်များသို့

ဘုရားဖူးခရီးစဉ် (ကျိုက္ကမီ့မြို့)

ခရစ်နှစ် ၁၈၉၉ ခုနှစ်မှာ ရန်ကုန်မြို့ ဟံသာဝတီသတင်းစာတိုက်မှ ထုတ်ဝေခဲ့သည့် စစ်ကဲတော်မင်းမောင်ရွှေနော် ရေးသားစီရင်အပ်သည့် **"မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်"** စာအုပ်ကို ကျွန်ုပ်တောင်ဖတ်ရှုမိသည်မှစ၍ ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်ရှင် စေတီတော်များနှင့် သွားတော်ဓာတ် စေတီတော်များကို တတ်နိုင်သမျှ သွားရောက်ဖူးမြင်မည်ဟု စိတ်ဓာန်ပြုခဲ့ပါသည်။

ထိုမိဋ္ဌာန်ချက်အတိုင်းလည်း သွားရောက်ရှာဖွေ ဖူးမြင်ခဲ့ပါသည်။ ယခုကျွန်ုပ် ဖော်ပြပေးမည့် အကြောင်းအရာမှာ မဟာသက္ကရာဇ် ၁၁၁ ခုနှစ် ဘောမန္တုဥတုအတွင်း သုဝဏ္ဏဘုမ္မိပြည်သို့ ဂေါတမမြတ်စွာဘုရားရှင် ကြွရောက်လာစဉ် ဆံတော် ရရှိခဲ့သော ရသေ့ကြီးများ ဦးဆောင်တည်ထားသည့် ရသေ့ဆံတော်ရှင်များသို့ ဘုရားဖူးခရီးစဉ်များမှ ခရီးစဉ်တစ်ခု ဖြစ်ပါသည်။

**မြတ်စွာဘုရားထံမှ ဆံတော် တစ်ဆူစီ ရရှိခဲ့သော ရသေ့များမှာ...**

၁။ ဂဏ္ဍဂီရိတောင်က တိဿကုမာရ ရသေ့၊
၂။ ဗန္ဓဝဂီရိတောင်က သီဟကုမာရ ရသေ့၊
၃။ ကုသိနာရုံတောင်က ရသေ့၊
၄။ ဒိုးကမော့ ခတ္တဲ့ဂလိုင်းတောင်က ဗုဒ္ဓဉာဏ ရသေ့၊
၅။ ဒိုးသလွန်တောင်က ရသေ့၊
၆။ ပဲလဲတောင်က ရသေ့၊

အထက်ပါ ရသေ့(၆)ပါးမှာ ပထမဆုံး ဆံတော် ရသည့် ရသေ့များ ဖြစ်ကြသည်။

ထို့ပြင် **ဒုတိယအသုတ်အဖြစ်**





www.burmeseclassic.com

www.burmeselassic.com

ဆံတော်တစ်ဆူစီ ထပ်မံ ရရှိကြသော ရသေ့များမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

၁။ မွတ်လအိတောင်က ကပ္ပရသေ့၊
၂။ မွတ်လအပ်တောင်က နာ့ရဓရသေ့၊
၃။ ဝါကရွနယ် လမိုင်းကေလာသတောင်က ရသေ့၊
၄။ ကျိုက္ကမီတောင်က ရသေ့၊
၅။ ဒိုးယွန်းတောင်က ရသေ့၊

ဤသို့ဖြင့် ရသေ့ရ ဆံတော်ရှင် (၁၁)ဆူ ရှိပါသည်။ ထိုစဉ်က ရသေ့ကြီးများအပြင် **ကော့ယက္ခ(ခေါ်)ဇုတ်သုတ်ကျွန်းမှ နတ်ဘီလူးညီနောင်နှင့် တိဿဓမ္မသီဟရာဇာမင်း** တို့လည်း ဆံတော်ရရှိကြပါသည်။

သို့ရာတွင် ကျွန်ုပ်အနေဖြင့် ရသေ့ဆံတော်ရှင်များကိုသာ အာရုံပိုရသဖြင့် ဦးစားပေး ဖူးမြင်ရခြင်း ဖြစ်ပါသည်။

'ကျိုက္ကမီဘုရားစေတီမှာ မွန်သမိုင်းအဆိုက ကျိုက္ကမီတောင်ရသေ့ ဆံတော်တစ်ဆူရပြီးကာလ ကျိုက္ကမီတောင်၌ တပည့်လက်သား ဒါယကာတို့နှင့် ဌာပနာတည်လုပ်ကိုးကွယ်ကြကြောင်း ဘုရားစေတီတွဲတော်မှာ ကျိုက္ကမီခေါ်ကြောင်း မြန်မာပြန်သော် "မျှော်ကြည့်" ဘုရားဖြစ်ကြောင်းများ ဆိုသည်။

အထက်ပါ စာပိုဒ်မှာ မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်စာအုပ်၏ စာမျက်နှာ(၄၁)တွင် ဖတ်ရှုရခြင်း ဖြစ်ပါသည်။

ယခုခေတ်တွင် ကျိုက္ကမီတောင်ဟူ၍ မရှိသဖြင့် ကျိုက္ကမီတောင်က ရသေ့ရ ဆံတော်ရှင်ကို ရှာဖွေရန် ခက်ခဲမှု ရှိခဲ့ပါသည်။

၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလတွင် ပုံနှိပ်ထုတ်ဝေခဲ့သော **ဘုံပျံဆရာတော် ဘဒ္ဒန္တပညာသာမိ** ပြုစုသည့်



▲ တောင်ပိုင်းဆံတော်ရှင်စေတီတော်သို့ အဝင် မြေနီလမ်းဝမုခ်ဦး

▼ သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာရှိ ဆံတော်ရှင်ဘုရား လမ်းညွှန်ဆိုင်းဘုတ်




**"မိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် သမိုင်း"** စာအုပ် စာမျက်နှာ(၈၈) အောက်ဆုံးစာပိုဒ်မှာ အောက်ပါအတိုင်း ဖတ်ရှုရပြန်သည်။

**"(၄)ကျိုက္ကမီတောင်စေတီတော်**

ယခု ကျိုက္ကမီမြို့ အနောက်တောင် ရေလယ်ဘုရားကြီး အရှေ့တောင် မြို့နှင့် သုံးမိုင်ခန့်ဝေးသော အရပ်၌ တောင်ပိုင်းခေါ် တောင်ကုန်းတစ်ခုရှိ၏။ ယင်းတောင်ကုန်း၌ နေသော ရသေ့ကြီးသည် ရရှိခဲ့သော ဆံတော်မာတ်တစ်ဆူကို မိမိနေရာ တောင်ကုန်း၌ ဌာပနာ၍ စေတီတော်တစ်ဆူ တည်ထား၏။ သာယာရှုမျှော်ဖွယ် ကောင်းသော နေရာ၌ စေတီတော် တည်ထားခြင်းကြောင့် မွန်ဘာသာအားဖြင့် ကျိုက္ကမိုက်ဟု အမည်တော်တွင်၏။ ရှုခင်းသာ ဘုရားဟု ဆိုလို၏"

အထက်ပါ စာပိုဒ်က ရသေ့ ကျိုက္ကမီဆံတော်ရှင် တည်ရှိရာ အနီးစပ်ဆုံး သိရှိစေခဲ့ပါသည်။


**(၂၆-၁၂-၂၀၁၆) ရက်နေ့တွင်** ရန်ကုန်မြို့မှ စတင် ခရီးထွက်ခဲ့သည်






www.burmeselassic.com

www.burmeseclassic.com




▲ မြတ်စွာဘုရားထံမှ ဆံတော်ရသည့် ရသေ့ကြီးရုပ်တုတော်

◄ ဆံတော်ရှင်ဘုရားရုပ်ပြင်တော်ရှိ ကျောက်စာ

▼ တောင်ပိုင်းဆံတော်ရှင်စေတီသို့ အဝင်လမ်းမုခ်ဦး(လှသွားလမ်း)



...ရင်ပြည်နယ်၊ ဘားအံမြို့တွင် ...တ္တတည်းခိုနေထိုင်ပြီး (၂၉-၁၂-...၁၆)ရက် နံနက်ပိုင်းမှာမှ ကျိုက္ခမီသို့ ...နီးစဉ် စတင်ခဲ့ပါသည်။

ကျိုက္ခမီမြို့သို့ မရောက်မီ သံဖြူဇရပ်မြို့နယ်အပိုင် နှစ်ကိုင်းကျေးရွာတွင် ...မော်တော်ကားလမ်းဘေး တစ်နေရာ၌ ...ကျွဲပြားအနီးရောင် အောက်ခံတွင် ...ဝါရောင်စာလုံး ဖော်ထားသည့် ...မ်းညွှန်ဆိုင်းဘုတ်တစ်ခုကို တွေ့မြင် ...သဖြင့် ကားခဏရပ်ပြီး ဖတ်ရှုရပါ ...သည်။

...သမိုင်းဝင်
တောင်ပိုင်းဆံတော်ရှင်ဘုရား
နှစ်ကိုင်းကျေးရွာ

**"တောင်ပိုင်း"**ဟူသော စာလုံးက ...ပုံဆရာတော်၏ ကျိုက္ခမီတောင် ...တီ တည်ရှိရာ နေရာဖြစ်ကြောင်း ...ချက်ချင်းသတိရလိုက်သည်။

ထိုဆိုင်းဘုတ်နှင့် မနီးမဝေးမှာ သစ်လွင်ခံ့ညားသော မုခ်ဦးကြီးတစ်ခု လည်း ရှိပါသည်။ မွန်ဘာသာနှင့် လည်းကောင်း၊ ဗမာဘာသာနှင့် လည်းကောင်း ရေးသားထားရာ ဗမာ ဘာသာစာလုံးများတွင် **"ဆံတော်ရှင် တောင်ပိုင်းစေတီတော်"**ဟူ၍ ဖတ်ရှု ရသည်။

မုခ်ဦးအတွင်းဘက် မြေနီလမ်း အတိုင်း မော်တော်ကား မောင်းဝင် သွားပါသည်။ မကြာမီ တောင်တက် အင်္ဂတေလှေခါးထစ် စကြံလမ်းမုခ်ဦး တစ်ခု တွေ့မြင်ရသည်။ မုခ်ဦးထိပ်တွင် တောင်ပေါ့ဇော်ဂျီထမ်းရုပ်တို့ကို သတိ ပြုမိခဲ့၏။

ထိုမုခ်ဦးအနီးမှာ တောင်တက် မော်တော်ကားလမ်း ရှိသဖြင့် မော် တော်ကားလမ်း (၅)မိနစ်ခန့်သာ အလွယ်တကူ မောင်းတက်ခဲ့ရသည်။ တောင်ကုန်းတစ်ခု၏ထိပ်တွင် စေတီ တော်ကို သပ္ပါယ်စွာ ဖူးတွေ့ရပါသည်။

ဉာဏ်တော်အမြင့် အတောင်(၅၇) ခန့်သာ ရှိမည်ဟု ထင်ပါသည်။ စေတီ

www.burmeselassic.com

ဆံတော်တစ်ဆူစီ ထပ်မံ ရရှိကြသော ရသေ့များမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

၁။ မွတ်လအိတောင်က ကာပွရသေ့၊
၂။ မွတ်လအပ်တောင်က နာရဒရသေ့၊
၃။ ဝါကရှုနယ် လပိုင်းကောလာသတောင်က ရသေ့၊
၄။ ကျိုက္ခမီတောင်က ရသေ့၊
၅။ ဒိုးယွန်းတောင်က ရသေ့

ဤသို့ဖြင့် ရသေ့ရ ဆံတော်ရှင် (၁၁)ဆူ ရှိပါသည်။ ထိုစဉ်က ရသေ့ကြီးများအပြင် **ကော့ယက္ခ(ခေါ်)ဇုတ်သုတ်ကျွန်းမှ နတ်ဘီလူးညီနောင်နှင့် တိသသမွေသီဟရာဇာမင်း** တို့လည်း ဆံတော်ရရှိကြပါသည်။


သို့ရာတွင် ကျွန်ုပ်အနေဖြင့် ရသေ့ဆံတော်ရှင်များကိုသာ အာရုံပိုရသဖြင့် ဦးစားပေး ဖူးမြင်ရခြင်း ဖြစ်ပါသည်။

'ကျိုက္ခမီဘုရားစေတီမှာ မွန်သမိုင်းအဆိုက ကျိုက္ခမီတောင်ရသေ့ ဆံတော်တစ်ဆူရပြီးကာလ ကျိုက္ခမီတောင်၌ တပည့်လက်သား ဒါယကာတို့နှင့် ဌာပနာတည်လုပ်ကိုးကွယ်ကြကြောင်း ဘုရားစေတီတွဲတော်မှာ ကျိုက္ခမီခေါ်ကြောင်း မြန်မာပြန်သော "မျှော်ကြည့်" ဘုရားဖြစ်ကြောင်းများ ဆိုသည်။

အထက်ပါ စာပိုဒ်မှာ မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ် စာအုပ်၏ စာမျက်နှာ(၄၁)တွင် ဖတ်ရှုရခြင်း ဖြစ်ပါသည်။

ယခုခေတ်တွင် ကျိုက္ခမီတောင်ဟူ၍ မရှိသဖြင့် ကျိုက္ခမီတောင်က ရသေ့ရ ဆံတော်ရှင်ကို ရှာဖွေရန် ခက်ခဲမှု ရှိခဲ့ပါသည်။

၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလတွင် ပုံနှိပ်ထုတ်ဝေခဲ့သော **ဘုံပျံဆရာတော် ဘဒ္ဒန္တပညာသာမိ** ပြုစုသည့်



▲ တောင်ဝိုင်းဆံတော်ရှင်စေတီတော်သို့ အဝင် မြို့လမ်းမုခ်ဦး

▼ သံပြုဇရပ်မြို့နယ် နှစ်ကိုင်းကျေးရွာရှိ ဆံတော်ရှင်ဘုရား လမ်းညွှန်ဆိုင်းဘုတ်




**"ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် သမိုင်း"** စာအုပ် စာမျက်နှာ(၈၈) အောက်ဆုံး စာပိုဒ်မှာ အောက်ပါအတိုင်း ဖတ်ရှုရပြန်သည်။

**"(၄)ကျိုက္ခမီတောင်စေတီတော်**

ယခု ကျိုက္ခမီမြို့ အနောက်တောင် ရေလယ်ဘုရားကြီး အရှေ့တောင် မြို့နှင့် သုံးမိုင်ခန့်ဝေးသော အရပ်၌ တောင်ပိုင်းခေါ် တောင်ကုန်းတစ်ခုရှိ၏။ ယင်းတောင်ကုန်း၌ နေသော ရသေ့ကြီးသည် ရရှိခဲ့သော

ဆံတော်တတ်တစ်ဆူကို ...
ကုန်း၌ ဌာပနာ၍ စေတီ...
ထား၏။ သာယာရှမျှော်...
နေရာ၌ စေတီတော် ...
မွန်ဘာသာအားဖြင့် ...
တော်တွင်၏။ ရှင်း...

အထက်ပါ စာပိုဒ်...
ကျိုက္ခမီဆံတော်ရှင် ...
အနီးစပ်ဆုံး သိရှိ...
(၂၆-၁၂-၂၀၁၈)
ရန်ကုန်မြို့မှ စတင်...






www.burmeselassic.com

www.burmeselassic.com



▲ ဆရာတော်ကြီးထံသို့ ပို့တော်မူသော ဦးပဥ္စင်းပညာနန္ဒ

▼ မွန်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ဆိုပေးသော
သီလရှင်လေး ဒေါ်ခေမာဝတီ



တော်ရင်ပြင်အနီးမှာ ဘုန်းတော်ကြီးကျောင်းများ၊ သိမ်,ဇရပ်,ဓမ္မာရုံ စသည်ဖြင့် သာသနိက အဆောက်အအုံများစွာ ရှိပါသည်။

ကျွန်ုပ်လည်း စေတီတော်၏ရင်ပြင်တစ်နေရာတွင် ဖယောင်းတိုင်,အမွှေးတိုင်များ ထွန်းညှိပူဇော်ကာ ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ခြင်း၊ အမျှအတန်းပေးဝေခြင်း ပြုပြီးမှ ရင်ပြင်တော်ကို လှည့်ပတ်ပါသည်။

ရင်ပြင်တစ်နေရာတွင် အဆောက်အအုံငယ်တစ်ခုအတွင်း ရသေ့ရုပ်တုနှင့် ကျောက်စာတစ်ချပ် တွေ့ရှိသဖြင့် ဖတ်ရှုကြည့်မိသည်။ အပေါ်ပိုင်းမှာ မွန်စာနှင့် ရေးထားပြီး အောက်ပိုင်းမှာ မြန်မာစာဖြစ်သည်။

သမိုင်းဝင်

ဆံတော်ရှင် တောင်ပိုင်းစေတီ

မဟာသက္ကရာဇ် ၁၀၀ ခုနှစ်တွင် ဗုဒ္ဓမြတ်စွာဘုရားနှင့် ရဟန္တာသံဃာတော် အရှင်သူမြတ်အပါး(၂၀၀၀၀)တို့သည် သုဝဏ္ဏဘူမိ သထုံမြို့သို့ ကြွလာတော်မူကြစဉ် ဗုဒ္ဓမြတ်စွာဘုရားသည် သုတော်စင် အပေါင်းပါတို့အား (၇)ရက်တိုင်တိုင် တရားဒေ... မြတ်ကို ဟောကြားတော်မူခဲ့သည်...

ထိုအချိန်တွင် ကောဏ္ဍည အ... ရသေ့တစ်ပါးက ဗုဒ္ဓမြတ်စွာဘု... တော်တိုင် ပေးသနားတော်မူ... ဆံတော်တစ်ဆူကို လူ့နတ်... ကိုးကွယ်ပူဇော်စေရန် အ... ခရိုင် နှစ်ကိုင်းကျေးရွာ တော... ပေါ်၌ ဌာပနာ၍ တောင်ပိုင်... တည်ထားခဲ့ပါသည်။

အထက်ပါ ကျောက်စာ... မြတ်စွာဘုရားထံမှ ဆံတော်... ရရှိခဲ့သည့် **ရသေ့ကြီး၏ ...မှာ ကောဏ္ဍည** ဟူ၍ သိ... ရပါတော့သည်။

ကျွန်ုပ်သည် စေတီတော်... အနီး ကျောင်းသခ်မ်းငယ်... တစ်ပါး တွေ့ရှိဖူးမြင်ရသဖြင့်... ကာ ဆံတော်ရှင်စေတီ... ပြုပြင်ထိန်းသိမ်းစောင့်ရှော... ရှိသည့် တောင်ပေါ်ကျောင်း... ရှိလျှင်မှ တွေ့လိုကြောင်း... ထားလိုက်ပါသည်။

ဦးပဥ္စင်း၏ ဘွဲ့အမည်... **နန္ဒ** ဖြစ်ကြောင်း၊ သံ... **ဝဲခမီရွာတောထိ တရင်...** ဖြစ်ကြောင်း သိရသည်။

ဦးပဥ္စင်းဦးပညာနန္ဒ... နှစ်ဘာသာစကား... သီလရှင်လေး ... ခေါ်ဆောင်ပြီး ... သုံးရာကျောင်း... ပေးပါသည်။

ဆရာတော်၏ ... **ဘဒ္ဒန္တဉာဏ...** မြို့နယ်၊ ... ကြောင်း မွန်တိုင်...



www.burmeselassic.com

www.burmeselassic.com



ဆရာတော် ဦးဥက္ကံ့ရလင်္ကာ(ပုံဟောင်း)

...ည်။ ဗမာစကား ...ပ်နား မလည်
...ဆိုတတ်သဖြင့် သီလရှင်လေး
...ကဝတီမှ ဘာသာပြန်ပေး
...ရသည်။

...တော်၏ သက်တော်(၇၂)နှစ်၊
...(၅၂)ဝါဖြစ်ပြီး ပဋိပတ္တိစာပေ
...ကြီးတန်း အောင်မြင်ခဲ့ကြောင်း
...ဘက် သံဖြူဇရပ်မြို့နယ် အနင်း
...တင်ပေါ်ကျောင်း၊ မုဒုံမြို့နယ်
...သဲကျောင်း, တိဝေသီကျောင်း၊
...ရပ်မြို့နယ် စူကာကျောင်းနှင့်
...ကိုင်းရွာ တောင်ဝိုင်းဘုရားကျောင်း
...တွင် စာချဆရာတော်အဖြစ် ဆောင်
...ခဲ့ကြောင်း သိရသည်။

...၁၃၆၅ ခုနှစ်တွင် စာချခြင်းမှ
...နားပြီး ကျမ်းပြုခဲ့သည်။ ဆရာတော်
...သားပြုစုခဲ့သော ကျမ်းစာအုပ်များ
...မှာ...

- တိပိဋကဗဟုသုတသာရ ဒီပနီကျမ်း။
- ဝိပဿနာ မဂ္ဂဒီပနီကျမ်း။
- သုံ့ပိစေတနာလှူဖို့ဒါန
- နိယာမဗိပ္ပာယ်သာရဒီပနီကျမ်း။
- ဿုတဲလမ္ပူဒီး
- သံတဲယောဂီ၊
- ဂုဏ်တော်ဘာဝနာ
- မြကိုပ်ဗုတဝ်(၁၃)ပြကာ၊
- မြကိုပ်ပရောင်ကမ္မောန်ကျဝ်ဍော်

တို့ဖြစ်ကြောင်း သိရသည်။ မွန်
...စာပေနှင့်ဖြစ်၍ ကျွန်ုပ်မှ မှတ်မိသလို
...ရေးပြရခြင်း ဖြစ်ပါသည်။

ယခုလည်း အားလပ်ချိန်တိုင်းမှာ
...စာပေ ရေးသား ကျမ်းပြုနေဆဲ ဖြစ်ပါ
...သည်။

ကျွန်ုပ်နှင့်အတူ လိုက်ပါခဲ့သော
...ရွာမြို့မှ တိုင်းရင်းဆေးဆရာဦးလှရွှေ၊
...ကားမောင်းပို့ပေးသော ကျွန်ုပ်၏ခမည်း
...ခမက် ဦးအောင်ဌေးတို့က ဆရာတော်
...၏ တည်ငြိမ်သော အေးဆေးသော
မျက်နှာတော်နှင့် နူးညံ့ချိုသာသော
စကားသံတို့ကို ချီးကျူးမဆုံး ရှိကြ
သည်။ တရားပြည့်သော သူတော်စင်
တစ်ပါးဟူ၍ ချက်ချင်း မှတ်ချက်ချမိပါ
သည်။

ဆရာတော်၏ စာပေ ရေးသားမှု
အချိန်မဖြုန်းမိအောင် နှုတ်ဆက်၍
အမြန်ပြန်ဆင်းခဲ့ကြသည်။

သီလရှင်လေး ဒေါ်ဆေကဝတီကို
သာ သိလိုသမျှ ထပ်မံစုံစမ်း မေးမြန်း
ရသည်။

ရသေ့ရဆံတော်ရှင် ကျိုက္ကမိုက်၊
ယခုတောင်ဝိုင်းဆံတော်ရှင်၏ ဘုရားပွဲ
ကို နှစ်စဉ် တပို့တွဲလဆန်း(၁၄)ရက်,
(၁၅)ရက်တို့တွင် ကျင်းပကြောင်း၊
ဇာတ်ပွဲ(မွန်ဇာတ်) ပါဝင်ကြောင်း ပြော
ပြသည်။

တောင်ဝိုင်းဆံတော်ရှင် စေတီ၏
အရှေ့ဘက် (၁)မိုင်ခန့်တွင် ပဒဲကြီး
ကျေးရွာ၊ အနောက်ဘက်(၂)မိုင်ခန့်
တွင် ဆင်တောင်ရွာ၊ မြောက်ဘက်(၃)
မိုင်ခန့်တွင် ကျိုက္ကမီမြို့၊ အရှေ့မြောက်
ဘက်(၁)မိုင်ခန့်တွင် နှစ်ကိုင်းကျေးရွာ
တို့ ရှိကြောင်း သိရသည်။

ဆံတော်ရှင်စေတီတော်၏ မြောက်
ဘက်တွင် ပင်လယ်ပြင်ကြီး ရှိပါသည်။
စေတီတော် တည်ရှိရာ တောင်ကုန်း၏
အောက်ခြေပတ်လည်မှာ တောင်ကုန်းငယ်
များ ဝိုင်းရံတည်ရှိနေသည်။ ထို့ကြောင့်
တောင်ဝိုင်းဟုခေါ်ခြင်း ဖြစ်ပေမည်။

ကျေးရွာများနှင့် သိပ်မဝေးလှသော်
လည်း ဤနေရာဝန်းကျင်မှာ သစ်ပင်
သစ်တောများ တောင်ကုန်းများ ဝိုင်းရံ
ကာ လူသံ,ကားသံ,တိရစ္ဆာန်သံများ
တိတ်ဆိတ် ငြိမ်သက်နေကြောင်း
သတိပြုမိပါသည်။

အရိပ်အာဝါသများ အေးမြပြီး လေနု
အေးများ တဝူးဝူး တိုက်ခတ်နေသည်။
သူတော်စင်များ တရားရှာမှီး အား
ထုတ်အောင်မြင်နိုင်သော နေရာထူး
ဖြစ်ပေသည်။

ဤနေရာမျိုးကို ရှာဖွေရွေးချယ်
သီတင်းသုံးခဲ့သော ရသေ့ကြီး
ကောဏ္ဍညကို ချီးကျူးရပေမည်။
ရောက်ပြီးလျှင် မပြန်ချင်သော နေရာ
ထူးဖြစ်၍ တစ်ခါတစ်ခေါက် ဘုရားဖူး
ရောက်စေချင်ပါသည်။

**စေတနာမှန်လျှင် ကံကောင်းမည်။**

**အောင်ဇ(LL.B)**



www.burmeselassic.com

www.burmeselassic.com

**သီးလုံးခန့်ရှိ နွားပဲသားကို** တစ်တောင်မျှ အဖျားဘက်ကိုချွန်ပါ။ ချွန်ထားသော နွားပဲသားခွဲ အရင်းမှ အဖျားသို့ ဓာတ်ရိုက်ခေါ်ရန် ဂဏန်းရေးပါ။

ရေးရာတွင် "**သောင်္ကြ, ဂုရု, သောမ, သူရဿ, သောကြ, ဗုဒ္ဓ, စန္ဒြာ**"ဟု အထက်အောက် အစီအစဉ်အတိုင်း ပြု၍ နွား၏အမည်ကို ပြောင်းပြန်ရေးရန်၊ **ဥပမာ("တိုးနီ" ဆိုလျှင် "တီနိုး" ဟုလည်းကောင်း၊ "အမြန်ပြန်လာ" ဆိုလျှင် "အမျှာပြာလန်" ဟူ၍လည်းကောင်း၊ ရေးရန်)**

ပြီးလျှင် ထိုအစီအရင် ပြုထားသည့် နွားပဲသားကို နွား၏ချည်တိုင်တွင် အစီအရင်ပြု ရေးထားသော **နွားပဲသားပေါ်ရှိ ဂဏန်းမျက်နှာစာကို အိမ်၏ အပေါက်ဝသို့ လှည့်ထားပြီး** မြေကြီးပေါ်တွင် သံတူဖြင့် (၆)ချက်ရိုက်ရန်။**(ဓာတ်မရိုက်ခင် မြေကြီးကို ကျင်းတူးထားရန် ထိုကျင်းထဲသို့ တစ်တောင်နက်ဝင်ရန် ရိုက်ရမည်။)**

သံတူလက်နက်ဖြင့် ရွေးချယ်ရိုက်ရခြင်းမှာ အမြန်ပြန်လာရန်အတွက် အမြန်ဓာတ်ရိုက်ခြင်းပင် ဖြစ်ပါသည်။

တနင်္လာနှင့် သောကြာကို တွဲထားခြင်းကြောင့် အစီအရင်ပြုထားသည့် နွားပဲသားကို ရိုက်သည့်သူသည် **တနင်္လာ (သို့မဟုတ်) သောကြာသား** ဖြစ်လျှင် ပို၍ အဆင်ပြေမည် ဖြစ်ပါသည်။

နွားချည်ကြိုးကိုလည်း နွားချည်သည့် ချည်တိုင်တွင် ချည်ပြီး ထိုကြိုးစသည် ဓာတ်တိုင် နွားပဲသားထိပ်နှင့် တစ်လက်မအကွာ ရှိရမည်။

ရိုက်သည့်သူသည် အနောက်တောင်အရပ်မှနေ၍ ညနေ(၃)နာရီ (၃၀)မိနစ်အချိန် တိတိတွင် ရိုက်ရမည် ဖြစ်ပါသည်။

* * *————→

### နွားရှာထွက်ခြင်း

အိမ်မှ ပါလာသော ထမင်းဟင်းထုပ်ကို **နွားပဲပင်အောက်တွင် ထိုင်၍ နွားပဲပင်အရွက်များပေါ်တွင် ချ၍ စားပါ။**

စားပြီးပါက နွားပဲသားအကိုင်းကို တံပြာသဖွယ် ယမ်း၍လည်းကောင်း ကိုင်၍လည်းကောင်း အသုံးပြု၍ နွားရှာပါ။ ပျောက်ဆုံးနေသော မိမိ၏ နွားကို ပြန်တွေ့မည် ဖြစ်ပါသည်။

အထက်ပါ အစီအရင်များအတိုင်း မိမိ၏ ကျွဲ၊ နွား ပျောက်ပါက အသုံးချနိုင်ကြပါစေ။

**ညိုမင်းထက်(မြန်မာစာ)**
**မော်လူး**

နွားပဲသားကို ဓာတ်တိုင်အစီအရင်ပြုလုပ်ပုံ



**စာမျက်နှာ (၂၀၆)မှ အဆက်**

စက်တင်ဘာလတွင် ဖွင့်လှစ်မည့် ထီပွင့်ပွဲ၌ ဆုကြီးများနှင့် ကံထူးနိုင်ကြစေရန် **၂, ၃, ၅, ၈ ဂဏန်းခြေများကို ည, တ, ဓ, လ အက္ခရာများဖြင့်** ကံစမ်းနိုင်ကြပါသည်။

**ဂဏန်းတူ အပူးအထပ်များ** လိုအပ်ပါက ယင်းလေးလုံး အနက် နှစ်လုံးနှင့်အထက် ပါဝင်သည့် ထီလက်မှတ်ကို ရွေးချယ်ပါ။

ဤလတွင် **ထီကံထူးနိုင်ကြသူတို့မှာ** ကြာသပတေးသားသမီးများ ဖြစ်ကြသည်။ အင်္ဂါနှင့်စနေ သားသမီးတို့သည် အတန်အသင့် များပြားသော ဆုငွေကို မျှော်လင့်နိုင်ကြသည်။

မိမိတို့ မွေးလရာသီအရ ကံစမ်းလိုပါက အောက်ပါဇယား၌ ကြည့်ပါ။

* * *

**ထီလက်မှတ် အရောင်းဆိုင် တည်ရာ နေရာဒွာရအလိုက် ရွေးချယ်ကံစမ်းလိုပါက...**

သင်္ဘော, ရထား စသည်တို့၌ ရောင်းသောဆိုင်၊ တွန်းလှည်း, စက်ဘီး, ကား စသည်တို့ဖြင့် ရောင်းသော ရွှေလျားထီဆိုင်များ၊ သစ်ပင်ကြီးများအနီး...

အဓိကရ ဘုရားစေတီ ဘာသာရေးအဆောက်အအုံများအနီး၊ ကုန်းမြင့်ထက်, ပန်းခြံတွင်း, ကလေး ကစား... စသည့်တို့တွင် ရောင်းချသော ထီဆိုင်များက သင့်အ... ကံကောင်းမှုများကို ဆောင်ကြဉ်းပေးနိုင်ပါလိမ့်မည်...

ဆိုင်မျက်နှာစာတွင် အဝါရောင် အားကောင်းစွာ... မြင်ဆင်ထားသောဆိုင်၊ ရေအိုး, သောက်ရေဘူး ... ထားသော ဆိုင်များသည်လည်း ဆုကြီးများ ဆွတ်... နိုင်ပါသည်။

**ထီကံမြင့်ယကြော ပြုလိုပါက...**

အနီရောင်ကို နှင်းကြပ်၊ ပန်းရောင်ကို ဆောင်ပန်မြဲပါ။

**ဥပမာ ။ ။** ပိန့်ပ်အနီကိုစီး၍ ပန်းရောင်ထီး, လ... ပဝါ, လက်ကိုင်ပဝါ တစ်ခုခု ဆောင်ကာထီထိုးနိုင်ကြ...

***ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

**ထက်မင်းကျော်စွာ**



www.burmeselassic.com

www.burmeselassic.com

# …ရှင် …ပြောကြပါ

သီလ
(ရေတံခွန်တောင်)



[၁]

ပညတ်နယ်ထဲမှာ နေတဲ့သူ ဖြစ်နေတော့လဲ အခက်သားလား။

အခုလဲ ချမ်းသာကို ရချင်လို့ ဒေးဝန်းရပ်ထဲက ချမ်းသာရဘုရားမှာ ပုတီးသွားစိပ်နေမိတယ်။ ဒါက ငါးရက်လောက် ကြာလာခဲ့ပြီ။

အဲဒီမှာ နှစ်ရက်,သုံးရက်လောက်ရှိတော့ ညိုညို ထောင်ထောင်မောင်းမောင်း ဘုန်းတော်ကြီးတစ်ပါးကို သတိထားမိလာတယ်။ ကိုယ်တော်ကလဲ ဒီဘုရားမှာလာပြီး ပုတီးစိပ်နေတဲ့ဟန်ပဲ။

အခု ငါးရက်မြောက်မှာတော့…

'အကာကြီး… ပုတီးလာစိပ်နေတာလား။ ကျုပ် သတိထားမိနေတာကြာပြီ'

ပဋိသန္ဓာရစကား စလာတော့တယ်။

'တင်ပါ့ဘုရား… တပည့်တော်က ပုတီးစိပ်တာကို ဝါသနာပါတယ်ဘုရား။ အခုဆိုရင် ကွမ်းယာစားသလို၊ ဆေးလိပ်သောက်သလိုကို နေပါပြီ ဘုရား။ ဒါနဲ့ပဲ ရှိတာနိုင်စားပြီး တိတ်ဆိတ်တဲ့နေရာဘုရားကျောင်းကန်တွေကို သွားသွား စိပ်နေတော့တာပါ ဘုရား'

ကျွန်တော်ကလဲ ကိုယ့်ကိုယ်ကို တိတ်ဆက်ရင်း အကျိုးသင့်အကြောင်းသင့် ပြန်လျှောက်လိုက်ရတယ်။

'အင်း…ဟုတ်တာပေါ့၊ ကျုပ်လဲ စာချတန်း အောင်ပြီးသား။ အဲဒါ စာမချဘဲ စာသင်တိုက်က ထွက်ပြီး စိန့်ယန်းရပ်ထဲက ကျောင်းတစ်ကျောင်းမှာ ခန်းနေအဖြစ်နဲ့ နေရင်း ပုတီးစိပ်နေတော့တာ'

ဒီပုံနဲ့ သူတော်အချင်းချင်း ပေါင်းဖက်မိကြပြီး မန္တလေးမြို့ထဲတင်မက စစ်ကိုင်း သွားစိပ်လိုက်ကြ၊ အင်းဝတံတားဦး သွားစိပ်လိုက်ကြနဲ့ တတွဲတွဲ ဖြစ်သွားကြပါတော့တယ်။

နောက်တော့ ကိုယ်တော်က ဗန်းမော်၊ ကသာဘက် ကြွသွားပြီး ဘုရားတည်နေသလို ကျွန်တော်ကလဲ ဟိုလှည့်ဒီလှည့်နဲ့မို့ မတွေ့ဖြစ်ကြတော့ပါဘူး။ ဒီလိုနဲ့ အချိန်တစ်နှစ်လောက်ကာလဲ ကုန်သွားရတော့တယ်။

[၂]

မနက် ကိုးနာရီလောက်မှာ ကျွန်တော် အိမ်ပေါက်ဝ ထွက်လာတော့ တံခါးကြားမှာ စာရွက်ရှည်ရှည်လေးတစ်ရွက်က ညှပ်လို့၊ ဒါနဲ့ ဘာပါလိမ့်ဆိုပြီး ယူကြည့်လိုက်တော့ ဘုရားတည်ပြီးလို့ အနေကဇာတင် အခမ်းအနား ပြုလုပ်တာကို ကြွရောက်ဖို့ ဖိတ်တဲ့ ဖိတ်စာလေး ဖြစ်နေတယ်။

တည်ထားတာက လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကျွန်တော်နဲ့ အတူ ပုတီးလည်စိပ်ခဲ့တဲ့ ဘုန်းတော်ကြီးရဲ့ ကျောင်းမှာ ဖြစ်နေတယ်။

'ဩော်…ကိုယ်တော်ကြီး ဘယ်တုန်းက ပြန်ရောက်ပါလိမ့်။ သူ့ကျောင်းဝင်းထဲမှာ ဘုရားတည်တာတောင် အစက ငါ့ကို မပြောဘဲကိုး'

ဒီလိုပဲ အောက်မေ့လိုက်မိတယ်။ ပြီးတော့ အနေကဇာတင်မယ့် နေ့ရက်နဲ့ အချိန်ကို ကြည့်လိုက်တော့ အခုပဲ ဖြစ်နေတာကို တွေ့လိုက်ရပြန်တယ်။

ဒါနဲ့ သွားမှပဲဆိုပြီး ကမန်းကတန်း

www.burmeseclassic.com

အဝတ်အစားလဲတော့ ဖုန်းကလဲ ဘုရားဖူးလိုက်ဦးမယ် ဖြစ်လာတယ်။

ဒါနဲ့ ဖိတ်စာလေးကို အိမ်နံရံက စာချိတ်မှာ ချိတ်ထားလိုက်ပြီး ကျွန်တော်တို့နှစ်ယောက် ထွက်လာလိုက်တော့တယ်။

[၃]

'တင်ပါ့ဘုရား... တပည့်တော်လဲ ဖိတ်စာ ရရချင်း ထွက်လာတာပါပဲဘုရား။ ဒါပေမယ့် ဖိတ်စာက အဲ့မှ ရတာဆိုတော့ အခမ်းအနားကို မမီလိုက်တော့ဘူး ဘုရား'

ဘုန်းတော်ကြီး (ဦးသုန်)ကို လျှောက်ရတော့တယ်။

ကျွန်တော် ဒီလိုလျှောက်တော့ ဘုန်းတော်ကြီးက ဝမ်းသာတာလို လို၊ အံ့ဩဟန်လိုလိုနဲ့။

'ဟာ...ဘာပဲဖြစ်ဖြစ် ဒကာကြီးလာတာကို ကျုပ်က ဝမ်းသာလှပါပြီ၊ ကဲ ကဲ ဘုရားဖူးလိုက်ကြဦး'

ဘုရားက နဂါးရုံဘုရားဖြစ်ပြီး သပ္ပါယ်ကြည်ညိုဖွယ် ဖြစ်ပါတယ်။ ပရိသတ်တွေကလဲ ဘုရားမှာ အမွှေးနံ့သာ ပူဇော်ကြ၊ ပန်းရေချမ်း ကပ်လှူကြနဲ့ ရှုပ်ယှက်ခတ်နေပါတယ်။

[၄]

တံခါးဝဆီက သက်နှီးအရောင် မြင်လိုက်ရလို့ သွားဖွင့်ပေးလိုက်တော့ ဘုန်းတော်ကြီးဦးသုန်ကို တခြားရဟန်းတစ်ပါးနဲ့အတူ ကြွလာတာကို တွေ့လိုက်ရတယ်။

ဒါနဲ့ ဖုန်းဖြစ်သူကို လှမ်းအော်ရင်း နေရာထိုင်ခင်း စီစဉ်လိုက်ရတယ်။

'အရှင်ဘုရား... စောစောစီးစီး ဘယ်က ကြွလာတာပါလဲဘုရား'

ည ဂန္ဓာရီခရီးကများ ကြွလာသလားဆိုပြီး မေးလျှောက်လိုက်မိတယ်။

'အဲ...ကျောင်းကပဲ လာတာပါပဲ။ ဘုရားတည်ပြီးစဆိုတော့ ဘယ်မှလဲ မသွားဖြစ်သေးပါဘူး။ အခုဟာက ဒကာကြီး ဟိုနေ့ကလာတုန်းက ပြောသွားတဲ့ အနေကဇာတင် ဖိတ်စာဆိုတာကို ကြည့်ချင်လို့ပါ'

'ဘုရား...'

ကျွန်တော် ဒီလိုပဲ အာမေဍိတ်ပြု လိုက်မိတယ်။ ဘုရားတည်ပြီးလို့ အနေကဇာတောင် တင်ပြီးမှဟာ။ ဘာကြောင့်များ ဒီဖိတ်စာကို တကူး တက လာကြည့်ပြန်တာပါလိမ့်လို့ အံ့ဩမိသွားလို့ပါ။

'တင်ပါ့ တင်ပါ့၊ ဒီမှာပါ ဘုရား'

ပြောပြောဆိုဆိုနဲ့ နံရံက စာချိတ် ဆီကို သွားလိုက်တယ်။ ဖိတ်စာကို ယူဖို့ လုပ်လိုက်တယ်။ စာချိတ်မှာ ဖိတ်စာက ရှိမနေဘူး။ အောက်ကို များပြုတ်ကျနေသလားဆိုပြီး ဟိုရှာ ဒီရှာ လုပ်တော့လဲ မတွေ့ရဘူး။ ဒါနဲ့

'ဟ...ဒီစာချိတ်ကဖိတ်စာ ဘယ်ရောက် သွားတုံး'

ဆွမ်း အဖျော်ကပ်ဖို့ ပြင်ဆင်နေတဲ့ ဖုန်းဆီ လှမ်းအော်လိုက်ရတယ်။ ဖုန်းဖြစ်သူ ပျာပျာ၊ ပျာပျာ ထွက် လာသလောက် ဘုန်းတော်ကြီး ကတော့ ပြုံးလို့၊ ပြီးတော့...

'မရှာနဲ့ ဒကာကြီး... အဲဒါလေးကို ပြောချင်လို့လာတာ၊ ကျုပ် ဘာဖိတ်စာမှ မလုပ်သလို ဘယ်သူ့ကိုမှလဲ မဖိတ်ပါဘူး'

မိန့်ရင်းကမှ ပြုံးသထက် ပြုံးနေ ပြန်ပါတယ်။ ကျွန်တော်တို့ကသာ ပါးစပ်အဟောင်းသားနဲ့။

'ဟုတ်တယ် ဒကာကြီး၊ ဒါကျောင်း[illegible] ကိုယ်တော်တစ်ပါးပဲ၊ မေးကြည့်၊ [illegible] ဘုရားတည်တာကိုက အိမ်မက်အ[illegible] တည်ဖြစ်သွားတာ၊ ဘယ်ကမှလဲ အလှူ ငွေ မကောက်ခံရဘူး၊ အနေကဇာတင် တော့လဲ ဒီသဘောပဲ၊ သူ့ဟာသူ ဖြစ်သွား တာရှည်းပါပဲ၊

ဘုရားတည်တုန်းကဆိုရင် ဘယ်[illegible] ရယ်မသိတဲ့ ဒကာ,ဒကာမတွေ လာ[illegible] တယ်၊ အိမ်မက်ရလို့လို့ ပြောတာပဲ၊ အဲဒါ သူတို့တာသာ သူတို့ လှူ[illegible] သွားကြတာ၊

အခုလဲ ဒကာကြီးဆီ ဖိတ်စာရော[illegible] တယ်ဆိုလို့ ကျုပ်က အံ့ဩနေပြန်တာ[illegible] ဟိုနေ့က ပရိသတ်ထဲမှာမို့လို့ ဒီအ[illegible] အကြောင်းကို မပြောမပြလိုက်တာ'

ဘုန်းတော်ကြီးက ရှည်ရှည်[illegible] ဝေး မိန့်နေသလောက် ကျွန်တော် မှာတော့ အံ့ဩပြီးရင်း အံ့ဩနဲ့သာ အတွေးနယ်ထဲကို ရုတ်ခြည်းရောက် သွားရတော့တယ်။

'ဒါဖြင့် ဖိတ်စာ စာရွက်ကြီး က ဘာပါလိမ့်၊ ငါ့ကို ဘာလို့များ အနေကဇာတင် ဖိတ်ရတာပါလိမ့်'

ဖုန်းသည်ကတော့...

'ဩော်...ဖိတ်စာမှ ဘုရား၊ ဘုန်း[illegible] လက်ရေး ကြီးကြီးပြားပြားနဲ့ကိုယ်ပါပဲ ဘုရား[illegible] တင်လျှောက်နေတော့တယ်။

အဲဒီမှာ မယုံကြည်နိုင်တဲ့သူတွေ ကို ပြောလိုက်ချင်မိသွားတာ ကတော့...

သီလ(ရေတံခွန်တောင်)





www.burmeseclassic.com

www.burmeselassic.com



ဖွားချစ်ကြော်
(မင်းလှ)

မိုးချုပ်နေဝင်

# သားစိမ်းငါးစိမ်း သပိတ်ချိုင့်

လွန်ခဲ့သော
နှစ်ပေါင်းသုံးဆယ်
ကျော်ခန့်က ဖြစ်ပါသည်။
စာရေးသူတို့မိသားစု မောင်နှမတွေ ထဲတွင် အစ်ကိုလတ်မှာ ငယ်စဉ် အရွယ် သိတတ်စ အရွယ်မှစပြီး ခြေနှစ်ချောင်း၊ ခြေလေးချောင်း ကုန်းသတ္တဝါ အသားများကို မစား ပါ၊ ကျွေး၍လည်း မရပါ။ ဟင်းသီး ဟင်းရွက်၊ ပဲနှင့် ငါးများသာ စား သောက်ပါသည်။

စာရေးသူတို့ မောင်နှမတွေ သီတင်းကျွတ်လ ကျောင်းပိတ်ရက် တွေကို မိခင်ကြီး ဖခင်ကြီးတွေ ရှိ



www.burmeselassic.com

www.burmeseclassic.com

သည့် ဇာတိချက်ကြွေ မွေးရပ်မြေသို့ အလည်ပြန်ကြပါသည်။

စာရေးသူတို့ မောင်နှမတွေကို ကျောင်းပိတ်ရက် ပြန်အလာကို အမေနှင့်အဖေ စောင့်မျှော်နေပါသည်။

တပေါင်းလဆန်းပိုင်း ရက်တစ်ရက်မှာ ဖြစ်ပါတယ်။ စာရေးသူတို့မောင်နှမတွေထဲမှာ ငါးနဲ့ အသီးအရွက်၊ ပဲမှ လွဲပြီး အသားမစားသော အစ်ကိုလတ်ရယ်၊ သူရဲ့ သူငယ်ချင်း ကိုမြင့်အုန်းရယ်၊ မြစ်မခ ချောင်းနားဘေးမှာ တဲထိုးပြီး ငါးရှာနေတဲ့သူငယ်ချင်းဖြစ်သူ ကိုကျော်မြင့်ရဲ့ ငါးတဲကို တစ်ခါတစ်ရံ ညဘက်၊ ညဘက်တွေ သွားရောက်လည်ပတ်လေ့ရှိပါတယ်။

နံနက် လေးနာရီ၊ငါးနာရီ ချူကာပြီး ငါးဖော်တော့ ကျောင်းပိတ်ရက်ပြန်ရောက်လာတဲ့ သူငယ်ချင်းအတွက် ကိုကျော်မြင့်က ဟင်းစားငါးတွေ ပေးတတ်ပါတယ်။

အစ်ကိုလတ်က အားနာလို့ မယူလို့ထားခဲ့ရင် အိမ်ကို လိုက်ပြီး သူရဲ့သား ဆန်နီကို ပို့ခိုင်းလေ့ရှိပါတယ်။

တစ်နေ့မှာတော့ အစ်ကိုအလတ်ရယ်၊ အိမ်အနီးက သူရဲ့ သူငယ်ချင်း ကိုမြင့်အုန်းရယ် ည(၇)နာရီလောက် မိုးချုပ်စမှာ ငါးခုတ်ရန် ချောင်းထဲကို သွားကြပါတယ်။

ချောင်းနားမှာ သူတို့ရဲ့ ငယ်သူငယ်ချင်း ကိုကျော်မြင့်မှ...

'သူငယ်ချင်းတို့ရာ... ငါးခုတ်မနေပါနဲ့ကွာ၊ မနက်ဖြန် ငါ ချူဖော်မှ မင်းတို့ ဟင်းစား အဝစားကြစမ်းပါကွာ'



လို့ လှမ်းအော်ပြောတော့...

'အေးပါ သူငယ်ချင်းရာ... မင်းရဲ့ စေတနာကို သိပါတယ်။ ငါတို့က ညဘက် ပူပူနွေးနွေး တာပေါဟင်း ချက်စားချင်လို့ပါကွာ'

'အေး...အေး ဒါဆိုလဲ ငါ့သား ဆန်နီကိုပါ ခေါ်သွား'

ဆိုပြီး အစ်ကိုလတ်နဲ့ သူရဲ့ သူငယ်ချင်းက ရေစပ်မှ ငါးတွေခုတ်၊ ဆန်နီလေးက ခုတ်ထားတဲ့ ငါးတွေ ကောက်ပြီး ပလိုင်းထဲ ကောက်ထည့်လိုက်၊ ငါးခုတ်ပြီးသား သုံး,လေးဆယ်သားလောက်ရတော့...

'ဒီလောက်ဆိုရင် တော်ပါပြီ၊ ငါတို့ အိမ်ပြန်ပြီး ပူပူနွေးနွေး သရက်သီးစိမ်းနဲ့ အရည်သောက်တစ်ခွက် ချက်စားမယ်'

ဆိုပြီး အစ်ကိုအလတ်နှင့် သူ့သူငယ်ချင်း ကိုမြင့်အုန်းရယ်၊ ငါးကောက်ပေးသူ ဆန်နီတို့ သုံးယောက်သား ချောင်းကမ်းစပ်မှ ရွာထဲ ဝင်ကြပါသည်။

ဆန်နီက ငါးပလိုင်းတောင်းကို ဆွဲလာရင်း "ဦး...ဦး" ဆိုပြီး ဆန်နီရှေ့က အစ်ကိုလတ်ကို လက်နှင့်လှမ်းတို့ပြီး...

'ကျွန်တော် ကြောက်တယ်၊ ငါးတောင်းကို ကိုင်ရင်း ကြက်သီးတွေတောင် ဖြန်းတယ်'

'ဆန်နီရာ မင်းကလဲ ကြောက်စရာမရှိ ဘာကို ကြောက်ရမှာလဲ'

'ကျွန်တော်ကိုင်ထားတဲ့ ငါးတောင်းကို လှမ်းပြီး ဆွဲနေတယ်'

'မဟုတ်ပါဘူးကွာ၊ မင်းစိတ်ကဖြစ်နေတာပါ၊ ဦးတို့သူငယ်ချင်းနှစ်ယောက်ရှိနေတာကို ကဲ...ကဲ ဒါဆိုရင် ဆန်နီက ရှေ့ကနေ သွား ဦးတို့နှစ်ယောက်က နောက်ကလိုက်မယ်'

ပြောလိုက်မှ "ဟုတ်ကဲ့" ဆိုပြီး ငါးတောင်းကို ရှေ့ကနေ ကိုင်ရင်း ပြန်လာကြပါသည်။

အိမ်ရှေ့ခြံဝန်းထဲဝင်တော့ ဆန်နီ ကြက်သီးတွေထ၊ ကျောထဲမှာ စိမ့်ခနဲ အေးခနဲ ဖြစ်သွားပါသည်။

အစ်ကိုလတ်နှင့် သူငယ်ချင်း ကိုမြင့်အုန်းတို့ အိမ်ရှေ့ ရောက်မှာ ခြေဆေးနေစဉ် ဆန်နီ၏ ငယ်သံပါအောင် ရုတ်တရက် အော်သံကြီးနှင့် အတူ ခွေးတွေပြန်ကာ တောင်းတောင့်ကြီး ငါးတောင်းကို ကိုင်လျက် ရပ်နေပါသည်။

စာရေးသူတို့အဘိုးဖြစ်သူ ဦးသိန်းမောင်မှ...

'ဟေ့ကောင်တွေ ဘာဖြစ်တာတုံး'

ဆိုပြီး ဆန်နီအနားကို ရောက်တော့ စာရေးသူ၏ အစ်မအကြီးဆုံးကို မီးဖိုထဲကနေ ဆားယူလာ

www.burmeselassic.com

အော်တောင်းပါသည်။

အဘိုးသည် အိမ်ဝကနေ ဆားကို ယူပြီး ဆန်နီ ရပ်နေသည့်နေရာကို ဆားယူပြီး ဆားတွေကို ငါးတောင်း ထဲကို လှမ်း၍ ပက်လိုက်ပါသည်။

တစ်အောင့်လောက် ကြာတော့မှ ငါးတွေကိုင်တွယ်ပြီး ညတွင်းချင်း ချက်ပြုတ်ပြီး စားကြသောက်ကြပါ သည်။

နံနက်မိုးလင်းတော့ စာရေးသူ၏ အခင်ကြီးကနေ...

'သားလတ်... မင်းတို့ ညက ငါးခုတ် တော့ ရလို့လားကွာ၊ နောက်နေ့တွေ မသွားကြနဲ့တော့၊ ဘာမှလဲ ဟုတ်တာ မဟုတ်ဘူး။ ဝယ်စားလဲ ရတာကိုကွာ။ မနေ့ညက မင်းတို့နဲ့ပါလာတဲ့ ဆန်နီ ကြောက်လန့်တကြား အော်သံ အဖေ ကြားလိုက်တယ်။ အဲဒါမကောင်းဆိုးဝါး တွေ အမှီသဟဲလာတာ၊ မယုံမရှိနဲ့ အညှီ ရှိတော့ ယင်အုံဆိုသလိုပဲ သားစိမ်းငါးစိမ်း စားချင်လို့ လိုက်လာတာ၊

မမြင်ရတဲ့ ပရလောက နာနာဘာဝတွေ နေမှာ အချိန်မဟုတ် ညကြီးမိုးချုပ် သယ် လာတော့ မင်းတို့ ပြန်လာရာ ရွာနောက် ကနေ ရွာထဲထိ ဝင်ရောက်လာတော့ နောက်ကနေ ပါလာမှာပေါ့။ ခြံထဲရောက်တော့ အိမ်ထဲထိ လိုက်ခွင့် မရှိတော့ ဆန်နီကို ကြောက်အောင် သန့်လိုက်တာဖြစ်မှာ'

ဟုတ်ကဲ့ပါ အဖေ... နောက်နေ့ သားတို့ ငါးခုတ်မသွားတော့ပါ

'အေး...အေး တော်ကြာ လူကို ရောယ်ပြုမှာစိုးလို့ ပြောတာနော်၊ တို့ မယုံရင် ဆန်နီကို မနေ့ညက



ဘာဖြစ်သွားတာလဲ မေးကြည့်လိုက် ဦး'

အစ်ကိုလတ်နှင့် ကိုမြင့်အုန်းတို့ နှစ်ယောက် ဆန်နီတို့ ငါးတဲကို ရောက်တော့ ဆန်နီကို သေသေချာ ချာ မေးကြည့်သည့်အခါ မနေ့ညက သူကိုင်လာသည့် ငါးတောင်းကို အရိပ်မည်းမည်းကြီးသဏ္ဍာန် လက် ကြမ်းကြမ်းကြီး အမွေးအမှင်များဖြင့် ငါးတောင်းကို အတင်းဆွဲလုပြီး ငါး တွေ နှိုက်ယူနေကြောင်း...

ဘကြီးဦးသိန်းမောင် ဆားဖြင့် ပက်လိုက်မှ အဲဒီအရိပ်မည်းကြီး ပျောက်သွားကြောင်း...

မနေ့ညကတည်းက ပြောပြချင် နေတာ ဘကြီးနှင့် ဦးကြီးတို့ ဆူမှာ ကြောက်လို့ မပြောတာဖြစ် ကြောင်း...

ဆန်နီ အဲဒီပုံရိပ်ကို မြင်တွေ့လိုက် ရပြီး သူ့ရှေ့မှာ အဲဒီအရိပ်ကြီး လာ ရပ်နေသည့်အတွက် မပီပိုးတဝါး မြင်လိုက်ရသည့်အတွက် လန့်ပြီး အော်တာဖြစ်ကြောင်းကို ကြက်သီး ဖြန်းဖြန်းဖြင့် ပြန်ပြောပြပါတော့ သည်။

ငါးတဲတွင် လာရောက်ထိုင်နေသူ ဆန်နီအဘိုးဖြစ်သူ ဘကြီးဘိုကြာ မှ...

'အေး...မင်းတို့ လူငယ်လူရွယ်တွေက ပရလောက နာနာဘာဝတွေ ရှိနေတာကို မယုံကြည်ကြတာကို ခုတော့ မင်းတို့ ကြုံတွေ့ပြီ လက်တွေ့ မဟုတ်လား။ ညကြီးအချိန်မရှိတဲ့အခါ ညနေ နေဝင် မိုးချုပ် သားစိမ်းငါးစိမ်းများ ဟိုဟိုဒီဒီကို မသယ်သင့်ကြောင်း...

မဖြစ်မနေ သယ်ယူရလျှင်လဲ မီးဖိုထဲမှ မီးသွေးခဲတုံး သို့မဟုတ် ဆားဖြူးပြီး သယ်ယူလို့ရပါကြောင်း'

ကို ပြောပြပါတော့သည်။

အစ်ကိုလတ်နှင့် သူငယ်ချင်း ကိုမြင့်အုန်းတို့ နောင်တွင် ငါး မခုတ်တော့ပါ။

သူတို့သူငယ်ချင်းများ ကိုယ်တွေ့ ကြုံလိုက်ရသည့်အတွက် အလွန်ပင် ကြောက်လန့်ပြီး နာနာဘာဝ ပရ လောကသားနှင့် တွေ့ကြုံရပုံကို ပြန်လည်ရေးသားရခြင်း ဖြစ်ပါ သည်။

အဲဒီအချိန်တွေမှာ စာရေးသူ လည်း အစ်ကိုများနှင့်အတူ ရှိနေပါ သည်။ ယခုအချိန်မှာတော့ဖြင့် အစ်ကိုလတ်နှင့် သူ၏ သူငယ်ချင်း များ မရှိကြတော့ပါ၊ အားလုံး ဆုံး သွားကြပါသည်။

စာရေးသူ၏ အစ်ကိုလတ်နှင့် သူ၏ သူငယ်ချင်းတို့ အမှန်တကယ် ဖြစ်ပျက်ခဲ့ပုံကို သတိတရဖြင့် ပြန် လည် ရေးသားဖော်ပြခြင်း ဖြစ်ပါ သည်။

**အေးချမ်းမော်(မင်းလှ)**



www.burmeseclassic.com

www.burmeselassic.com

## ကြာသပတေး

**စီးပွားရေး** ။။ အစုစပ်လုပ်ငန်းများ အခက်အခဲ တွေ့ရတတ်သည်။ ပြင်ပအကူအညီ ရမည်။ ကြွေးဟောင်းများ ရမည်။ ဆန့်,ဆီ,ဆား အငါန် ရောင်းဝယ်သူများ ငွေဝင်များမည်။

**ဝန်ထမ်းအရေးရာ** ။။ မိမိ၏ ဇွဲစပ်သေချာမှုကြောင့် လုပ်ငန်းများ တိုးတက်လာမည်။ အထက်လူကြီး၏ ချီးမြှင့်မှုကို ခံရမည်။

**အိမ်ထောင်ရေး** ။။ အိမ်ထောင်ဖက်၏ ကျန်းမာရေး ဂရုစိုက်ပါ။ မိသားစုအတွက် ထွက်ငွေ များတတ်သည်။ အဝေးနေရာမှ သားသမီးများ၏ ကူညီမှုရမည်။

**အချစ်ရေး** ။။ ချစ်သူနှင့် မိဘကြား ဖျာများရတတ်သည်။ လက်ထပ်ဖို့ ဆိုင်းငံ့နေဦးမည်။

**ပညာရေး** ။။ ပညာရေး စိတ်ဝင်စားမှုနည်းနေတတ်သည်။ မိမိကိုယ်ကို ဆုံးမပေးပါ။ စိတ်မလေလွင့်ပါစေနှင့်။

**ကျန်းမာရေး** ။။ ခြေထောက်အောက်ပိုင်း ထိခိုက်ဒဏ်ရာရတတ်သည်။ အသွားအလာ အနေအထိုင် ဆင်ခြင်ပါ။

**ဆောင်ရန်ရက်များ** ။။ ၂၊ ၄၊ ၈၊ ၁၂၊ ၁၆၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။။ ၁၊ ၃၊ ၁၀၊ ၁၈၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ရက်များ** ။။ ၂၊ ၁၂၊ ၁၆၊ ၂၅၊ ၂၈။

**ထီထိုးရန်ဂဏန်းများ** ။။ ၂၊ ၄၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ ဗိုလ်မှုနေ့တွင် ရဟန်းတော်တစ်ပါးအား ဆွမ်းဟင်း တစ်မျိုးမျိုး တတ်နိုင်သမျှ လောင်းလှူလိုက်ပါ။

## ရာဟု

**စီးပွားရေး** ။။ လုပ်ငန်းများ တိုးချဲ့၍ မရသေး။ အစရှယ်ယာလုပ်ငန်းများ ကောင်းမလိုနှင့် အဆင်မပြေသေးပါ။ နိုင်ငံရပ်ခြားကုမ္ပဏီတစ်ခုခုနှင့် အဆက်အသွယ်ရမည်။ အမျိုးသမီးအသုံးအဆောင် ရောင်းဝယ်သူများ ဝင်ငွေကောင်းမည်။

**ဝန်ထမ်းအရေးရာ** ။။ ဌာနတွင်း စာရင်းဇယားပြဿနာ ပေါ်တတ်သည်။ အထက်လူကြီးများကြောင့် မိမိရိုးသားမှုကို နားလည်လာပါလိမ့်မည်။

**အိမ်ထောင်ရေး** ။။ နှစ်ဖက်ဆွေမျိုးများကြောင့် ထွက်ငွေများ၏။ သားသမီးများ၏ ကူညီထောက်ပံ့မှုကို ရမည်။

**အချစ်ရေး** ။။ ပညာရေးနှင့် အချစ်ရေး ဝေးဝေးနေတာကောင်းမည်။ မိဘ၀ ရည်မှန်းချက် မပြည့်မီ အချစ်ရေးကို ရပ်ဆိုင်းထားပါဦး။

**ပညာရေး** ။။ သင်သလောက်တတ်ပြီး တတ်သလောက် အောင်မြင်မည့်ကာလဖြစ်သည်။ အထက်တန်းပညာများ သင်ယူခွင့်ရမည်။

**ကျန်းမာရေး** ။။ အနေအထိုင် အစားအသောက် မဆင်ခြင်မှုကြောင့် အစာအိမ်ဝေဒနာ ခံစားရတတ်သော်လည်း (၁၀)ရက်ကျော်က သက်သာသွားမည်။

**ဆောင်ရန်ရက်များ** ။။ ၁၊ ၅၊ ၈၊ ၁၂၊ ၁၆၊ ၂၂၊ ၂၅၊ ၃၀။

**ရှောင်ရန်ရက်များ** ။။ ၂၊ ၄၊ ၁၀၊ ၁၅၊ ၂၄၊ ၂၈၊ ၂၉။

**ထီထိုးရန်ရက်များ** ။။ ၁၊ ၇၊ ၉၊ ၁၄၊ ၂၃၊ ၂၇။

**ထီထိုးရန်ဂဏန်းများ** ။။ ၂၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။



၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်မှ (၃၀)ရက်နေ့...

ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်စိုး











**အဆောင်ယတြာ** ။။ သက်ကြီးရွယ်အိုတစ်ဦးဦးအ... အပ်သော ဆေးဝါးလှူဒါန်း...

## အင်္ဂါ

**စီးပွားရေး** ။။ အစုစပ်မည့်သူများ ပေါ်လာ... လုပ်ငန်းများ တစ်စတစ်စ ... လာမည်။ သို့သော် လုပ်ငန်း... အလုပ်သမား ပြဿနာပေါ်... သည်။ ဗုဒ္ဓဟူးနံ ရွှေရောင်း... များ အကျိုးအမြတ်များမည်။

**ဝန်ထမ်းအရေးရာ** ။။ ရာထူးတိုး နေရာပြောင်းရွှေ့... သည်။ ဘ၀တိုးတက်မှုဖြစ်၍ ... ပါ။ အထက်လူကြီး ချီးကျူး... ခံစားရမည်။

**အိမ်ထောင်ရေး** ။။ သားသမီးများကြောင့် ထွက်ငွေ... သောကာလဖြစ်သည်။ အိမ်ထောင်... ဖက်၏ ကျန်းမာရေးကို ဂရုစိုက်...

**အချစ်ရေး** ။။ လက်ထပ်ဖို့စီစဉ်ထားသူများ ... ပြေမည်။ မိမိ စန်းပွင့်မှု... ချစ်သူ၏ အထင်လွဲခြင်း ခံ...

**ပညာရေး** ။။ အထက်တန်းပညာရပ်ကြီးများ... ယူခွင့်ရမည် ဖြစ်သော်လည်း ... စားရမည်။ ဝီရိယသည် ... အရင်းအနှီးဖြစ်သည်။

**ကျန်းမာရေး** ။။ အအေးမိပြီး ဖျားနာတတ်သည်။ ခေတ္တသ... ဖြစ်သည်။

**ဆောင်ရန်ရက်များ** ။။ ၂၊ ၆၊ ၈၊ ၁၅၊ ၁၇၊ ၂၂၊ ၂၄၊ ၂...

**ရှောင်ရန်ရက်များ** ။။ ၁၊ ၅၊ ၉၊ ၁၀၊ ၁၅၊ ၂၃၊ ၂...

**ထီထိုးရန်ရက်များ** ။။ ၂၊ ၅၊ ၁၂၊ ၁၆၊ ၁၉၊ ၂၅၊ ၂...

**ထီထိုးရန်ဂဏန်းများ** ။။ ၃၊ ၆၊ ၈၊ ၉ ဂဏန်းများများပါ... ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ မိမိအိမ်ရှိ ဘုရားတွင် သစ်သီး(၃)မျိုး ... "အရဟံ"ဂုဏ်တော်ကို သက်စေ့ပုတီး... ပွားပူဇော်ပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး** ။။ လုပ်ငန်းအတွင်း အလုပ်သမားပြဿနာပေါ်... သော်လည်း ခွေးနေ့ညှိနှိုင်းမှုဖြင့် ပြေပြီး... မထင်မှတ်သော ကြွေးကျန်များ ပြန်လည်ရရှိမည်။ နိုင်ငံ... ကုမ္ပဏီတစ်ခုနှင့် အဆက်အသွယ်ရမည်။ သစ်,သံ,သွပ် ဆော... ပစ္စည်း ရောင်းဝယ်သူများ စီးပွားတိုးမည်။

**ဝန်ထမ်းအရေးရာ** ။။ မိမိ၏ လုပ်ငန်း ကြိုးစားမှုကို မနာလို...

www.burmeselassic.com

www.burmeseclassic.com





(စိ)တ်အနေအထားနှင့်အယှက် ဖြစ်ရမည်။ မိမိ၏ သည်းခံမှုဖြင့် ကျော်ဖြတ်နိုင်မည်။

**အိမ်တွင်းရေး** ။။ မိသားစု၏ အပျော်ရွှင်ရဆုံးကာလဖြစ်မည်။ သားသမီးများ၏ နိုင်ငံရပ်ခြားခရီး အောင်မြင်မည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေး ဂရုစိုက်ပါ။

**အချစ်ရေး** ။။ စန်းပွင့်နေသောကာလဖြစ်၍ အနေအထိုင် အပြောအဆို သတိထားပါ။ လက်ထပ်ဖို့ ကြိုးစားနေသူများ ခေတ္တခဏ စောင့်ပါဦး။

**ပညာရေး** ။။ ကြိုးစားသလောက် အောင်မြင်မည့် ကာလဖြစ်သည်။ ပညာတော်သင် ထောက်ပံ့ကြေး ရတတ်သည်။

**ကျန်းမာရေး** ။။ သွေးတိုးရောဂါ ရတတ်သည်၊ စိတ်အေးချမ်းအောင် နေပါ။ အစားအသောက် အနေအထိုင် ဂရုစိုက်ပါ။

**ကောင်းရန်ရက်များ** ။။ ၂၊ ၃၊ ၇၊ ၉၊ ၁၀၊ ၁၄၊ ၁၈၊ ၂၀၊ ၂၅၊ ၂၉။

**ရှောင်ရန်ရက်များ** ။။ ၁၊ ၄၊ ၈၊ ၁၅၊ ၁၉၊ ၂၄၊ ၃၀။

**ထီထိုးရန်ရက်များ** ။။ ၂၊ ၅၊ ၁၀၊ ၂၀၊ ၂၃၊ ၂၈၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ ၂၊ ၆၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ ကျောင်းနေအရွယ် ကလေးသူငယ်(၃)ဦးအား ထိုက်တန်နိုင်သမျှ ကျောင်းသုံးပစ္စည်းများ ဝယ်ယူလှူဒါန်းပေးပါ။

## ကြာသပတေး

**စီးပွားရေး** ။။ အစုစပ်လုပ်လိုသူများ ဆက်သွယ်လာလိမ့်မည်။ လုပ်ငန်းအတွင်း ငွေကြေး ကျပ်တည်းသော်လည်း ကူညီမည့်သူပေါ်မည်။ ရေထွက်ပစ္စည်း ရောင်းဝယ်သူများ စီးပွားတိုးမည်။

**ဝန်ထမ်းရေးရာ** ။။ မိမိ၏ကြိုးစားမှုကို လူကြီးများ အသိအမှတ်ပြုမည်။ ဌာနဆိုင်ရာ ပညာတော်သင် ရွေးချယ်ခံရတတ်သည်။

**အိမ်တွင်းရေး** ။။ နှစ်ဖက်ဆွေမျိုးများကြောင့် အိမ်ထောင်ဖက်နှင့် စကားများရတတ်သည်။ သို့သော် သားသမီးများကြောင့် စိတ်ချမ်းသာမှုရမည်။

**အချစ်ရေး** ။။ ချစ်သူ၏ လက်ထပ်ဖို့ပူဆာမှုကြောင့် လက်ထပ်ဖို့ အရေး ကြိုးစားရလိမ့်မည်။ နှစ်ဖက်သဘောတူဖို့ အချိန်ယူရဦးမည်။

**ပညာရေး** ။။ အထက်တန်းပညာများ သင်ယူခွင့်ရမည်။ ပညာရေး ကံဇာတာ တက်နေသောကာလ ဖြစ်သည်။ ကြိုးစားသလောက် ရမည်။

**ကျန်းမာရေး** ။။ ခေါင်းကိုက်,ခေါင်းမူး စသည့် ရောဂါငယ်လေးများ ဝင်တတ်သော်လည်း (၁၅)ရက်နောက်ပိုင်း သက်သာပျောက်ကင်းသွားမည်။

**ကောင်းရန်ရက်များ** ။။ ၃၊ ၇၊ ၁၀၊ ၁၆၊ ၂၀၊ ၂၄၊ ၂၆၊ ၂၉။

**ရှောင်ရန်ရက်များ** ။။ ၁၊ ၆၊ ၉၊ ၁၅၊ ၁၉၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။။ ၂၊ ၈၊ ၁၄၊ ၁၈၊ ၂၇။

**ထီထိုးရန်ဂဏန်းများ** ။။ ၃၊ ၇၊ ၈၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ တန်ခိုးကြီးဘုရားတစ်ဆူဆူ၏ ရင်ပြင်တော်ကို သန့်ရှင်းရေး(၃)ရက် လုပ်ပေးပါ။

## သောကြာ

**စီးပွားရေး** ။။ လုပ်ငန်းအပြိုင်အဆိုင် ရှိသော်လည်း မိမိလုပ်ငန်းများကို အောင်မြင်ကွပ်ကဲနိုင်မည်။ လုပ်ငန်းတိုးချဲ့နိုင်မည်။ ရှယ်ယာဝင်မည့်သူများပေါ်လာမည်။ ရေနံထွက်ပစ္စည်း ရောင်းဝယ်သူများ စီးပွားဖြစ်မည်။

**ဝန်ထမ်းရေးရာ** ။။ စာရင်းများ တိကျပါစေ။ မနာလိုသူတစ်ဦး၏ အတိုင်အကြား ခံရတတ်သည်။ မိမိ ဆရာသမားများကြောင့် ပြေလည်မှုရမည်။

**အိမ်တွင်းရေး** ။။ မိသားတစ်စု ပျော်ရွှင်စွာ ခရီးထွက်ရသော ကာလဖြစ်မည်။ သားသမီးတစ်ဦး၏ ဝေးရပ်မှ သတင်းကောင်းကြားရမည်။

**အချစ်ရေး** ။။ အချစ်ရေးမှာ စန်းပွင့်သောကာလ ဖြစ်သည်။ ရှေ့ရေးအတွက် သတိထားရွေးချယ်ပါ။ လက်ထပ်ဖို့ ကြိုးစားသူများ အဆင်ပြေမည်။

**ပညာရေး** ။။ အချစ်ရေးကြောင့် ပညာရေး နှောင့်နှေးတတ်သည်။ ပညာသင်ချိန် အချစ်ရေးကို ဘေးဖယ်ထားပါဦး။

**ကျန်းမာရေး** ။။ ရောဂါကြီးများ မဖြစ်နိုင်ပါ။ ချောင်းဆိုးနာစေး ရောဂါလောက်သာ ဖြစ်တတ်ပါသည်။

**ကောင်းရန်ရက်များ** ။။ ၁၊ ၂၊ ၅၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ** ။။ ၃၊ ၁၀၊ ၁၅၊ ၁၉၊ ၂၂၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။။ ၂၊ ၉၊ ၁၇၊ ၂၄၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ ၁၊ ၆၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ မိမိမွေးနေ့တိုင်း "အရုပ်"ဂုဏ်တော် တစ်ထောင် ပြည့်အောင် ပွားများပြီး သတ္တဝါများ အမျှပေးဝေပါ။

## စနေ

**စီးပွားရေး** ။။ လုပ်ငန်းတွင်း အခက်အခဲများ တွေ့ရတတ်သော်လည်း မိတ်ဆွေကောင်းများကြောင့် အဆင်ပြေသွားမည်။ နိုင်ငံခြားကုမ္ပဏီတစ်ခုနှင့် ချိတ်ဆက်မိမည်။ ကျောင်းသုံးပစ္စည်း ရောင်းဝယ်သူများ စီးပွားတိုးမည်။

**ဝန်ထမ်းရေးရာ** ။။ မိမိတတ်ကျွမ်းသော ပညာရပ်နှင့် အံကျသော ဌာနသို့ ပြောင်းရွှေ့ရမည်။ တိုးတက်မည့် ပြောင်းရွှေ့ခြင်းပါ။

**အိမ်တွင်းရေး** ။။ သားသမီးများကြောင့် ထွက်ငွေများနေဦးမည်။ နှစ်ဖက်ဆွေမျိုးများထံမှ အကူအညီရမည်။

**အချစ်ရေး** ။။ ချစ်သူနှင့်ပျော်ရွှင်ရသောကာလ ဖြစ်သော်လည်း လက်ထပ်ဖို့တော့ အချိန်ယူစေချင်သည်။

**ပညာရေး** ။။ စိတ်လေလွင့်နေသရွေ့ ပညာရေးမှာ အခက်အခဲ တွေ့ရတတ်သည်။ အောင်စိတ်ကိုမွေး၍ အောင်မြင်ချမ်းသာ စိတ်ပညာစာအုပ်များ ရှာဖတ်ပါ။

**ကျန်းမာရေး** ။။ ခြေထောက်အောက်ပိုင်း ထိခိုက်ဒဏ်ရာ ရတတ်သည်။ အသွားအလာ အနေအထိုင် သတိထားပါ။

**ကောင်းရန်ရက်များ** ။။ ၂၊ ၅၊ ၈၊ ၁၂၊ ၁၅၊ ၁၈၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။။ ၁၊ ၃၊ ၉၊ ၁၄၊ ၁၉၊ ၂၄၊ ၂၈၊ ၂၉၊

**ထီထိုးရန်ရက်များ** ။။ ၄၊ ၁၀၊ ၁၃၊ ၁၇၊ ၂၆၊ ၂၇။

**ထီထိုးရန်ဂဏန်းများ** ။။ ၁၊ ၆၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ဆန်,ဆီ,ဆား မိမိတတ်နိုင်သမျှ လှူဒါန်းပေးပါ။

*ကျန်းမာ ချမ်းသာပါစေ။*

**ဆရာ ရောင်စဥ်**



www.burmeseclassic.com

www.burmeselassic.com

# သူ ဘယ်လိုလူမျိုး

အိမ်ထောင်ကျတတ်သလဲ !

ဉာ

ကြည့်ပါ...။

❑ **စနေဗြိုဟ်ခုံအနီးတွင် ဒေါင်လွှက်သဏ္ဌာန် တွေ့ရတယ်။ (A)**

ဒီတော့ ဘာသာတရား ကိုင်းရှိုင်းပြီး ဘာသာရေးလုပ်ငန်းတွေမှာ ကူညီတတ်တဲ့သူမျိုး ဖြစ်မယ်။

❑ **တနင်္ဂနွေဗြိုဟ်ခုံမှာ သန်လျက် တွေ့ရတယ်။ (B)**

ဒီတော့ မင်းစိုးရာဇာနဲ့ နီးနွယ်မယ့်သူ မင်းမှုထမ်း ဝန်ထမ်းဖြစ်မယ်။

❑ **နှလုံးလမ်းကြောင်း ပြတ်တောက်ပြီး ပုံသဏ္ဌာန်မမှန်ဘူး။ (C)**

ဒီတော့ လူပျိုနဲ့တော့ မဆုံတတ်ဘူး။

❑ **ဆော်လမွန်လက်စွပ် ပါတယ်။ (D)**

ဒီတော့ အကြီးအကဲ ဖြစ်မယ်၊ ပညာတတ် ဖြစ်မယ်။

❑ **အသက်လမ်းနဲ့ ဉာဏ်လမ်း ထိရှမှု ထိတယ်။ (E)**

ဒီတော့ စေ့စပ်သေချာတဲ့သူ၊ စည်းစနစ်ရှိတဲ့ သူမျိုး ဖြစ်မယ်။

❑ **လက်မ အားကောင်းတယ်။ (F)**

ဒီတော့ ရဲရင့်မယ်၊ ပြတ်သားမယ်၊ စိတ်တို တတ်မယ်။

❑ **လက်သန်း ဖြောင့်တန်းနေတယ်။ (G)**

ဒီတော့ ရိုးသားမယ်၊ သစ္စာရှိမယ်။

ဤ လက္ခဏာရှင်ရဲ့ အိမ်ထောင်ဖက်သည် ဖော်ပြထားတဲ့အတိုင်းပါပဲ။

*အေးပါစေ အောင်ပါစေ*

သန်းပညာ




www.burmeselassic.com

စာရေးသူတို့ ကျင်လည်ရာ ဤလောကတွင် သတ္တဝါတိုင်းသည် မေတ္တာတရားကို လိုလားကြသည်။

ကျွန်တော်တို့၏ ကိုးကွယ်ရာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အောင်ခြင်းရှစ်ပါးတွင် ကြီးမားသော မေတ္တာတော် မဟာကရုဏာတော်ဖြင့် အောင်မြင်တော်မူခဲ့ပါသည်။

စာရေးသူတို့၏ **အိမ်မဲနယ် တစ်ဝိုက်၌ ကျော်ကြားတော်မူသော နယ်လှည့် သာသနာပြု တကောဆရာတော်ကြီးသည်** ဒကာ,ဒကာမများအား မေတ္တာနှင့်ပတ်သက်၍...

'တို့ ဒကာ,ဒကာမများ အေးချမ်းချင်တယ်၊ ကျန်းမာချင်တယ်၊ ချမ်းသာချင်တယ်ဆိုရင် မေတ္တာပွားကြ၊ မေတ္တာဆိုတာ အေးမြတယ်။ မေတ္တာကို သတ္တဝါတိုင်းက လိုလားကြတယ်။ ဒါကြောင့် အမြဲ မေတ္တာပွားကြ'

ဟု မိန့်တော်မူဖူးပါသည်။

မေတ္တာပို့သခြင်း၊ မေတ္တာပွားများခြင်းနှင့်ပတ်သက်၍ ဆရာတော်ကြီးများ၏ ဩဝါဒများစွာ ရှိသော်လည်း ဆောင်းပါးလေးမည် စိုးသောကြောင့် မဖော်ပြတော့ပါ။

ယခုရေးသားမည့် ဖြစ်ရပ်ကလေးကတော့ မေတ္တာတန်ခိုးကြောင့် မမြင်အပ်သောပုဂ္ဂိုလ်က ထမင်းကျွေးသည်ကို စားလိုက်ရသော လူနှစ်ယောက်အကြောင်း ဖြစ်ပေ၏။

လွန်ခဲ့သော **နှစ်ပေါင်း(၂၀) လောက်က** ဖြစ်ချေ၏။ ဆောင်းဦးပေါက်ကာလ အားကစားရာသီ ဖြစ်၍ မြို့အလိုက် အားကစားပြိုင်ပွဲများ



မောင်ဖြိုးကျော်
(အိမ်မဲ)

# မေတ္တာသုတ်တော်တန်ခိုး ပြ

## ကွင်းစောင့်နတ်ကြီး ကျွေးလိုက်သော ထမင်းတစ်နပ်

ကျေးရွာအလိုက် အားကစားပြိုင်ပွဲများ ကျင်းပကြချိန်ဖြစ်၏။

ထိုသို့သော အချိန်မျိုးတွင် ဘောလုံးကျွမ်းကျင်စွာ ကစားတတ်သော ကျွန်တော်မောင်ဌေးနှင့် ကျွန်တော့်သူငယ်ချင်း မြင့်ဦးတို့သည် ကျေးရွာ ဘောလုံးပြိုင်ပွဲလေးများတွင် ကြေးစားဝင်ကန်လေ့ ရှိသည်။

ကျေးရွာ ဘောလုံးအသင်းများမှ ငှားကြသဖြင့် ဝင်ငွေရွှင်သော ကာလ ဖြစ်၏။

ယခုလည်း ကံမရွာဘောလုံးပြိုင်ပွဲမှ ဘောလုံးကန်ရရန် ကံမ



www.burmeseclassic.com

www.burmeselassic.com

ကျေးရွာ ဘောလုံးအသင်းက ငှား ထားသဖြင့် ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် စက်ဘီးတစ်စီးနှင့် ကံမရွာသို့ ချီတက်ကြလေ၏။

ကံမရွာသို့ တစ်ခါမျှ မရောက်ဘူးကြသဖြင့် အိမ်မှ စောထွက်လာခဲ့ကြရာ နံနက်(၈)နာရီကျော်ကျော်လောက်၌ ဘောလုံးကန်မည့် ကွင်းသို့ ရောက်၏။

ဘောလုံး ကန်မည်ဆိုသော်လည်း လူတစ်ယောက်မျှ မတွေ့သဖြင့် ဖြတ်သွားသော လူတစ်ယောက်အား မေးကြည့်ရာ ဘောလုံးပွဲက နေ့လယ်(၂း၀၀)နာရီမှ စတင်မည်ဖြစ်ကြောင်း သိရလေ၏။

ထိုအခါ မြင့်ဦးက...

'မောင်ဒွေးရေ...ငါတို့ စောထွက်လာတာတော့ မှားပြီဟေ့၊ ရွာထဲလဲ အသိကလဲ မရှိ။ ငှားထားတဲ့ ဘောလုံးအသင်းကလဲ နေ့လယ်လောက်မှ လာမှာဆိုတော့ ငါတို့တော့ ထမင်းငတ်ပြီဟေ့'

ဟု ညည်းတွားလေ၏။

ကျွန်တော် ဘောလုံးကန်မည့်ကွင်းနှင့် ကံမရွာသည် (၂)ဖာလုံခန့် ဝေး၏။ ဘောလုံးကွင်းဘေးရှိ သရက်ပင်အောက် မြေပြောင်ပြောင်တွင် ထိုင်ကာ စောင့်နေရလေသည်။ သို့ဖြင့် နေ့ခင်း(၁၂း၀၀)နာရီသာ ကျော်လာ၏။ လူတစ်ယောက်မျှ မလာသေး။

ဗိုက်ကလည်း တကြုတ်ကြုတ် ဆာလာသဖြင့် ကျွန်တော်သည် ထိုမြေပြောင်ပြောင်လေး၌ ပက်လက်လှန်ကာ လှဲလိုက်ရင်း ရွတ်နေကြဖြစ်သော မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ပွားပြီး မေတ္တာပို့ကာ ထမင်းကျွေးမယ့်သူများ ရောက်လာရင် ဘယ်လောက် ကောင်းလိုက်မလဲဟု တွေးနေလေ၏။ ထိုစဉ်...

'ငါ့ညီတို့က ဖြည့်သည်တွေ ထင်တယ်။ ထမင်းစားပြီးကြပြီလား'

ဟု မေးရင်း သရက်ပင်အောက် လှမ်းဝင်လာသော အသက်(၃၀) ကျော်လောက်ရှိသော လူတစ်ဦးကို တွေ့မြင်ရလေ၏။ ထိုအခါ မြင့်ဦးက...

'ဟုတ်ကဲ့အစ်ကို ဖြည့်သည်တွေပါ။ ဘောလုံးလာကန်ကြတာပါ။ ထမင်းလဲ မစားရသေးပါဘူး'

ဟု ပြောလိုက်လေသည်။ ထိုသူက...

'ဟာ...အချိန်တောင် လင့်နေပြီ။ လာ... လာ အိမ်ကို လိုက်ခဲ့၊ ထမင်းလိုက်စား'

ဟု ခေါ်လေ၏။ ကျွန်တော်က...

'ဟာ အားနာစရာကြီး အစ်ကိုရာ နေပါစေ၊ ခဏနေရင် ဘောလုံးကန်ရတော့မှာ'

ဟု အားနာသဖြင့် ငြင်းလေ၏။ ထိုသူက...

'လာပါ...အားနာမနေပါနဲ့ လိုက်စားပါ'

ဟု လှိုက်လှိုက်လှဲလှဲ ခေါ်နေသဖြင့် ဗိုက်ကလည်း ဆာ၊ ဟန်ပင်မဆောင်နိုင်တော့ဘဲ ကျွန်တော်တို့ နှစ်ဦးသား စက်ဘီးကလေးကို တွန်းရင်း ထမင်းစားခေါ်သူနောက်သို့ လိုက်ခဲ့လေတော့၏။

ဘောလုံးကွင်းမှ ငါးမိနစ်ခန့် လမ်းလျှောက်ပြီးချိန်တွင် ကညင်ပင်ကြီး တစ်ပင်နှင့် ရေနံသုတ်ထားသော သစ်အိမ်ကြီးတစ်လုံးကို တွေ့ရလေ၏။ ထမင်းစားခေါ်သော ထိုသူက...

'လာ ညီလေးတို့ ဒါ အစ်ကိုနေတဲ့အိမ်'

ဟု ပြောရင်း အိမ်ပေါ်သို့ ရှေ့ကနေ တက်သွားလေ၏။ ကျွန်တော်တို့နှစ်ယောက်လည်း နောက်ကနေ တက်လိုက်ကြလေသည်။

အိမ်ခေါင်းရင်းဘက် အခန်းနေရာလေး၌ ထမင်းစားပွဲတစ်လုံး ချထားသည်ကို တွေ့ရပြီး စားပွဲပေါ်တွင် ထမင်းနှစ်ပန်းကန်၊ ကြက်သားဟင်းတစ်ခွက် အသင့်ချထားသည်ကို တွေ့ရ၏။ ထိုသူက...

'ကဲ...စား ညီလေးတို့ ဟင်းကတော့ ကြက်သားပဲ ရှိတယ်ကွာ၊ ထမင်းလိုရင်လဲပြော အားမနာနဲ့'

ဟု ပြောရင်း အိမ်နောက်ဖေးဘက်သို့ ထွက်သွားလေ၏။

သိပ်မကြာလိုက်၊ ရေနွေးအိုးနှင့် ထန်းလျက် ပန်းကန်လေးကို ကျွန်တော်တို့စားနေသော ထမင်းစားပွဲပေါ် ချပေးလေ၏။ ကျွန်တော်လည်း အားနာသဖြင့်...

'ရပါတယ် အစ်ကိုရယ်၊ ထမင်းကျွေးတာကိုပဲ ကျေးဇူးတင်ပါပြီ'

ဟု ပြောလိုက်လေ၏။

ထိုသူက...

'ဘယ်ဟုတ်မလဲ ညီရယ်၊ ကိုယ့်ဆီလာတဲ့ ဖြည့်သည်လေ၊ ဖြည့်ဝတ်ကျေရမှာပေါ့။ ထမင်းစားပြီးရင် ရေနွေးကြမ်းနဲ့ ထန်းလျက် အချိုတည်းရမယ်၊ ပဲစားမင်း စိတ်ဆိုးမှာကွ'

ဟု အကျွမ်းတဝင် ခင်ခင်မင်မင် လှိုက်လှိုက်လှဲလှဲကြီးကို ပြောသော



www.burmeselassic.com

www.burmeselassic.com

ဏေ၏။

ထိုအခါ မြင့်ဦးက…

'စိတ်တော့မဆိုးပါနဲ့ အစ်ကိုရယ် ကျွန်တော်တို့ အနစ်နာခံပြီး စားပေးပါ့မယ်'

ဟု အရွှန်းဖောက်လိုက်ရာ ထို အစ်ကိုသည် တဟားဟားနှင့် ရယ်လေ၏။

သို့ဖြင့် ကျွန်တော်တို့နှစ်ဦးသားသည် ထမင်းစားသောက်ပြီးသည်နှင့် ဘောလုံးကန်ရန် အချိန်ကပ်နေသဖြင့် အိမ်ရှင်အစ်ကိုအား နှုတ်ဆက်ကာ…

'ကျွန်တော်တို့နှစ်ယောက် အစ်ကို့အိမ်ကို နောက်တစ်ခေါက် အလည်လာဦးမယ်'

ဟု ကျွန်တော်က ပြောလိုက်လေ၏။

ထိုအစ်ကိုက ပြုံးစစနှင့်…

'အေးပါ…ညီလေးတို့ရာ၊ ကဲ…ကဲ နောက်ကျနေမယ်၊ သွားကြပေတော့'

ဟု ပြောလေ၏။

ဘောလုံးပွဲပြီးချိန်၌ အပြန်နောက်ကျမည်စိုးသည်က တစ်ကြောင်း၊ ထမင်းကျွေးလိုက်သော အစ်ကိုအတွက် စားစရာလက်ဆောင် ပေးချင်သည်က တစ်ကြောင်း နောက်တစ်နေ့မှာ ထိုအစ်ကိုထံ အလည်လာမည်ဟု နှစ်ဦးသားတိုင်ပင်ကာ အိမ်သို့ ပြန်ခဲ့ကြလေတော့သည်။

နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော်တို့နှစ်ဦးသည် လက်ဖက်ခြောက်ထုပ်များ၊ ပဲလှော်များ၊ ထန်းလျက်များဝယ်ကာ ကံမရွာသို့ သွားကြလေ၏။

ဘောလုံးကန်သော ကွင်းသို့ ရောက်ပြီး ထမင်းစားလိုက်ခဲ့စဉ်က လမ်းအတိုင်း လျှောက်လာရာ မည်သည့်အိမ်မျှ မတွေ့သဖြင့် လမ်းတွင် ဆုံသော လူတစ်ယောက်အား မြင့်ဦးက…

'အစ်ကို… တစ်ခုလောက်မေးပါရစေ'

ထိုသူက ခေါင်းညိတ်ပြသဖြင့်…

'ဒီနားမှာ ရေနံသုတ်ထားတဲ့ အိမ်တစ်လုံး လိုက်ရှာနေတာ အိမ်ဘေးမှာလဲ ကညင်ပင်ကြီးနဲ့လေ၊ ကျွန်တော်တို့ မျက်စိလည်နေလို့ တဆိတ်လောက် လမ်းညွှန်ပေးပါ'

ဟု အကူအညီတောင်းလိုက်လေ၏။

ထိုသူက…

'ဒီရွာဘက်မှာတော့ ရေနံသုတ်ထားတဲ့ သစ်အိမ်မရှိဘူး၊ ကညင်ပင်လဲ မရှိပါဘူး၊ ညီလေးတို့ ရွာမှားလာသလား။

ဒါပေမယ့် ကညင်ပင်ကြီးတစ်ပင်တော့ ရှိတယ်ကွ၊ ရွာထဲမှာတော့ မဟုတ်ဘူး၊ ရွာအပြင် ဘက်ကွင်းထဲမှာ။

ဒီလမ်းတိုင်း တည့်တည့်သွား လမ်းဆုံရင် ဘယ်ဘက်ကို ချိုးလိုက်၊ ကညင်ပင်ကြီး တွေ့လိမ့်မယ်'

ဟု လမ်းညွှန်ပြီး ထွက်သွားလေ၏။

ကျွန်တော်တို့လည်း လမ်းညွှန်သည့်အတိုင်း ဘယ်ဘက်ကို ချိုးကွေ့လိုက်သည်နှင့် ကျွန်တော်တို့ နှစ်ဦးစလုံး "ဟာခနဲ" ဖြစ်သွားကြလေ၏။

ထို ကညင်ပင်ကြီးသည်ကား ကျွန်တော်တို့ ထမင်းစားခဲ့သော အိမ်ဘေးမှ ကညင်ပင်ကြီးဖြစ်နေသောကြောင့် ဖြစ်၏။

နှစ်ယောက်စလုံး ထိုအပင်ကြီးရှိရာသို့ အပြေးတစ်ပိုင်းနှင့် သွားပြီး အပင်အောက်ရောက်တော့ "ဟာခနဲ" ထပ်မံ အံ့ဩရလေ၏။

ထိုကညင်ပင်ကြီးဘေး၌ **ရေနံချေးသုတ်ထားသော သစ်သားနတ်ကွန်းစင်လေး**တစ်ခုကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။ မြင့်ဦးက…

'သူငယ်ချင်း မောင်ဌေး…ဒီလိုဆို ငါတို့ကို ထမင်းကျွေးလိုက်တာက'

ကျွန်တော်လည်း…

'ဒီနတ်ကွန်းက ကွင်းပိုင်နတ်ကြီးပဲ ဖြစ်မှာပေါ့ကွ'

ဟု ဆိုကာ ပါလာသော စားစရာထုပ်လေးများကို နတ်ကွန်းပေါ် တင်လိုက်ရင်း စိတ်ထဲမှ…

'ကွင်းပိုင်အရှင်ကြီး ခင်ဗျား… ထမင်းကျွေးလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ တတ်နိုင်သလောက်လေး ဝယ်ခြမ်းပြီး လှူဒါန်းပါပါတယ်'

ဟု ပြောဆိုပြီး ထိုကညင်ပင်ကြီးအောက်ဆီမှ တရွေ့ရွေ့နှင့် ပြန်လည်ထွက်လာကြချေတော့၏။

ကျွန်တော်မောင်ဌေးနှင့် မြင့်ဦးသည် ဤဖြစ်ရပ်ကလေးကို ဘဝတစ်သက်တာ မေ့၍ ရတော့မည်မဟုတ်ပါ။

**မေတ္တာတန်ခိုးဖြင့် သတ္တဝါအနန္တ အေးချမ်းကြပါစေ။**

သဒ္ဓေ ဗုဒ္ဓါယ နမာမိ

**မောင်အောင်ကျော်(အိမ်မဲ)**




www.burmeseclassic.com

www.burmeseclassic.com

ယနေ့တိုင် မဖြေနိုင်သော

# ကျူးပါမေ့ ဆိုတာရွှေ

ဦးအေးရွှေ
(ကနောင်)



ကျွန်တော်သည် ပရလောကသား များရှိသည် ဟူသော အဆိုပြုချက်ကို လက်ခံပါသည်။ သို့သော် ထိုပရ လောကသားများက လူသားများကို အကျိုးပြုနိုင်သည်ဟူသော အဆိုကိုမူ လုံးဝ လက်မခံ၊ မယုံကြည်ပါ။

သို့ရာတွင် ယခင်နှစ်က ထိုပရလောကသားတစ်ဦး၏ မယုံနိုင်ဖွယ်ရာ အကျိုးပြုခဲ့သော ဖြစ်ရပ်ဆန်း ဇာတ်လမ်း တစ်ခု ကနောင်မြို့တွင် အမှန်ကေန် ဖြစ်ခဲ့ပါသည်။

ယုံကြည်မှု၊ မယုံကြည်မှုတို့သည် စာရှုသူများ၏ စိတ်ဆန္ဒ အတိုင်းသာ ဖြစ်နိုင် ပါသည်။ စိတ်ဝင်စား ဖွယ် အလွန်ကောင်း၍သာ ကျွန်တော် လေ့လာ ရေးပြုရခြင်းဖြစ်ပါသည်။

ကနောင်မြို့ မြို့မရပ်ကွက်တွင် ဦးသောင်းနှင့် ဒေါ်ခင်မြိုင်တို့ဇနီးမောင်နှံ နေထိုင်ကြပြီး သား(၄)ဦးနှင့် သမီး(၁) ဦး ထွန်းကားခဲ့ပါသည်။ ဒုတိယမြောက် သားဖြစ်သူ မောင်အောင်သန်းသည် အချိန်တန်သော် မမြင့်စိန်နှင့် အိမ် ထောင်ပြုခဲ့ပါသည်။

ကနောင်ဆေးရုံကြီး၏ အရှေ့ဘက် လမ်း၌ ကိုယ်ပိုင်ခြံနှင့် သွပ်မိုးအိမ် တစ်လုံး ဆောက်လုပ် နေထိုင်ခဲ့ကြပါ သည်။ အိမ်ထောင်ကျပြီး (၁၀)နှစ်ခန့် အကြာတွင် ပိုမို၍ စီးပွားတက်လာပါ သည်။

ထိုအချိန် ဇနီးဖြစ်သူ မမြင့်စိန်မှာ ကျန်းမာရေး မကောင်းတော့ပါ။ ရောဂါ တစ်ခုဖြစ်၍ ကုသပျောက်ကင်းသွားခဲ့ သော်လည်း ရောဂါ နောက်...
ဖြစ်လာတတ်ပါသည်။

ဤကဲ့သို့ ရောဂါအမျိုးမျိုး ...
နေချိန် ညတစ်ည (၈)နာရီအ...
မမြင့်စိန်အား တစ္ဆေဝင်ပူး၍ ...
အတိုင်း ပြောခဲ့ပါသည်။

'အောင်သန်း... မင်းတို့ အိမ်...
ကမန်ကျည်းပင်မှာ ပါနေတယ်...

www.burmeselassic.com

နှစ်(၁၀၀)ဝန်းကျင်လောက်က ပဲခူးတိုင်းအေသကြီး၊ မိုးညိုမြို့နယ် ရွာတစ်ရွာက အိမ်ကို ငါ ဓားပြဝင်တိုက်ခဲ့တာ အဲဒီအိမ်ရှင် ဝို့ကို ဓားနဲ့ ခုတ်လိုက်လို့ ငါသေခဲ့ရတယ်။

ငါ တစ္ဆေဘဝနဲ့ အဲဒီရွာမှာ နှစ်အတော်ကြာကြာနေခဲ့ပြီး မကြာခင်က မင်းတို့ အိမ်နောက်ဘက် မန်ကျည်းပင်ကို ရောက်လာတာ၊ အဲဒီအပင်မှာ တစ္ဆေ(၂)ဦး ရှိတယ်။

ဝို့ကို သူတို့မနိုင်လို့ လက်ခံထားတာ၊ မင်းတို့ကို မနာလိုသူတစ်ဦးက ဆရာတစ်ဦးနဲ့ ပေါင်းပြီး မင်းမိန်းမကို ဒုက္ခဖြစ်စေတာ၊ ငါ ရောက်လာလို့ သူတို့မင်းတို့ကို မနှောင့်ယှက်နိုင်တော့တူး။

ဟိုဘဝ တစ်ခုခုက မင်းဟာ ငါ့ကျေးဇူးရှင်ဖြစ်ခဲ့လို့ ငါပြန်ပြီး မင်းကို ကျေးဇူးဆပ်မှာပါ'

ထိုကဲ့သို့ တစ္ဆေဝင်ပူး၍ ပြောနေသည်ကို အောင်သန်း လုံးဝ မယုံကြည်ပါ။

'ဟဲ့ မမြင့်စိန်...နင်ဘာတွေ ပြောနေတာလဲ၊ စိတ်ကို ငြိမ်ငြိမ်ထားမှပေါ့'

ဟု ပြောပြီး မောင်အောင်သန်းသည် ဘုရားကျောင်းဆောင်ထဲမှ ပဌာန်းရေကို ယူ၍ မမြင့်စိန် ခေါင်းပေါ်သို့ ပက်ဖြန်းလိုက်ပါသည်။ နောက်(၁၀)ရက်ခန့်ကြာသော် ည(၉)နာရီခန့်တွင်...

'အောင်သန်း... မင်း ငါ့ကို မယုံရင်နေပါ၊ ပဌာန်းရေနဲ့တော့ မပက်ပါနဲ့ကွာ၊ မင်းကို ငါ ကျေးဇူးဆပ်ချင်လို့ပါ'

ထိုကဲ့သို့ မမြင့်စိန်ကို နောက်တစ်ကြိမ် ဝင်ပူး၍ ပြောနေပါတော့သည်။ ထိုအခါ မောင်အောင်သန်းက...

'ကဲ ငါ့ကို ကျေးဇူးဆပ်မယ်ဆိုရင် ပြော၊ ငါပဌာန်းရေနဲ့ မပက်တော့ဘူး'

'မင်းကို ငါပစ္စည်းတစ်ခု ထိုက်ထိုက်တန်တန် ပေးမယ်၊ အဲဒီပစ္စည်းရရင် ဘုန်းကြီးပင့်ပြီး ဆွမ်းကျွေးပါ၊ ငါ သာဓုခေါ်မယ်၊ ဒါပေမယ့် မင်းတို့ အဲဒီခြံနဲ့အိမ်မှာ မနေနဲ့တော့ ငါမရှိရင်



ကျန်တဲ့ တစ္ဆေ(၂)ဦးက မင်းတို့ကို အသေသတ်လိမ့်မယ်။ အဲဒီခြံနဲ့အိမ်ကို ဘုရားကြီးကျောင်းဆရာတော်ကို လှူလိုက်ပါ'

'မင်းက သာဓုခေါ်ပြီး ဘယ်ကိုသွားမှာလဲ'

'မြစ် ဟိုဘက်ကမ်းရွာတစ်ရွာက သွပ်မိုးအိမ် (၃)လုံးတန်းဆောက်ထားတဲ့အလယ်က အိမ်မှာ နွားအဖြစ်နဲ့ ကြွေးဆပ်ရဦးမယ်၊ အဲဒီဘဝက လွတ်မှ လူပြန်ဖြစ်မှာပါ'

'ငါ ပစ္စည်း ထိုက်ထိုက်တန်တန် ရရင် မင်းပြောတဲ့အတိုင်း လုပ်မယ် စိတ်ချ'

မောင်အောင်သန်းသည် ထိုကဲ့သို့ အပြန်အလှန် ပြောဆိုခဲ့ပြီး မေ့လျော့၍ ပင် နေခဲ့ပါသည်။ (၂)လခန့်ကြာသော ညတစ်ည (၁၁)နာရီခန့်အချိန်တွင် မမြင့်စိန်သည် မောင်အောင်သန်းအား လှုပ်၍ နှိုးလိုက်ပါသည်။

'ကိုအောင်သန်း ထ... ပေါက်တူးနဲ့ တူးရွင်းကို ယူပြီး ငါ့နောက်လိုက်ခဲ့'

မောင်အောင်သန်းသည် အိပ်ချင်မူးတူးဖြစ်လျက် ရှင်အမြတ်ဟု ယူဆလျက်၊ မမြင့်စိန် ဦးဆောင်ရာနောက်သို့ တကောက်ကောက် လိုက်ခဲ့ပါသည်၊ ရေကာတာကြီးအပေါ်သို့ရောက်သောအခါ လမ်းတွင် လူအသွားအလာ မရှိပါ၊ ဆိုင်ကယ်(၂)စီး၊ (၃)စီးသာ လျှင် မောင်းနှင်နေကြပါသည်။

လဆုတ်ရက်ဖြစ်သော်လည်း ည (၁၁)နာရီခန့်အချိန်ဖြစ်၍ လမင်းကြီးက ထိန်ထိန်သာလျက်။

ကနောင်ရဲစခန်းရှေ့ ရောက်သော်လည်း မမြင့်စိန်သည် မြောက်ဘက်သို့ ဆက်လက်၍ လျှောက်လှမ်းနေခဲ့ပါသည်။

ထို့နောက် ကြေးဘုရားကြီးရှေ့ကို ကျော်လွန်ပြီး ဘုရားကိုးဆူအနီးသို့ ရောက်ခဲ့ပါသည်။ ထိုအနီးတွင် ကနောင်မင်းသားကြီး ကနောင်မြို့ကို အပိုင်စားရခဲ့စဉ်က ရေကန်တစ်ကန် တူးခဲ့ပါသည်။

ထိုရေကန်အနီးသို့ မမြင့်စိန် သွားခဲ့ပါသည်။ ထိုရေကန်၏ မြောက်ဘက် (၁၀)တောင်ခန့်နေရာကို လက်ညှိုးထိုး၍...

'ကဲ အောင်သန်း... ဒီနေရာကို ပေါက်တူးနဲ့ပေါက်'

မမြင့်စိန် ပြောသည့်အတိုင်း ပေါက်တူးဖြင့် ပေါက်ခဲ့ရာ တစ်တောင်ခန့် နက်၍ သွားခဲ့ပါသည်။

'အောင်သန်း... နောက်ထပ်တူးရွင်းနဲ့ဆက်ပြီးတူး'

(၂)တောင်ခန့်အနက်သို့ ရောက်သော်...

'ဟာ... စလောင်းဖုံးတစ်ခုကို တွေ့ပြီဟော...စဥ့်အိုးတစ်လုံးပါလား၊ အထဲမှာ ရွှေတွေ...ရွှေတွေ'

မောင်အောင်သန်းနှင့် မမြင့်စိန်တို့သည် အလွန်ဝမ်းသာ အံ့သြစွာဖြင့် အိမ်သို့ အလျင်အမြန် ပြန်ခဲ့ကြပါသည်။

လမ်းတွင် မည်သူ့ကိုမျှ မတွေ့ရပါ။ ထိုစဥ့်အိုးမှာ သပိတ်လုံးသာသာ ကြီးပါသည်။ ထိုနေ့ည အပါအဝင် နောက်ထပ် (၄)၊ (၅)ညခန့် အပျော်လွန်ပြီး အိပ်မပျော်နိုင်ခဲ့ကြပါ။

ဘုန်းတော်ကြီးများကို ဆွမ်းကျွေး



www.burmeselassic.com

www.burmeselassic.com

သော နေ့တစ်နေ့တွင် ဘုန်းကြီး(၆)ပါးကို ပင့်၍ ဆွမ်းကျွေးခဲ့ပါသည်။ လူများစွာတို့ကိုလည်း မုန့်ဟင်းခါး ဝအောင်ကျွေးပါသည်။

သူတို့အား အကျိုးပြုခဲ့သော တစ္ဆေတရားနာ၊ သာဓုခေါ်နိုင်ရန် အိမ်ရှေ့တစ်နေရာတွင် ဖျာခင်း၍ ထားစေပါသည်။

ဘုန်းတော်ကြီးများအား မိမိတို့တတ်စွမ်းသမျှ နဝကမ္မအလှူငွေများအဖြစ် မိမိ၏ နေအိမ်နှင့်ခြံဝန်းကိုပါ ရက်ရောစွာ လှူဒါန်းခဲ့ပါသည်။

ထို့နောက် မောင်အောင်သန်းက ရေစက်ချအပြီးတွင်...

'(၃၁)ဘုံ၌ ကျင်လည်ကြကုန်သော ဒုက္ခိတ သုခိတသတ္တဝါများနှင့် မိမိအပေါ်ကျေးဇူးရှိခဲ့သော တစ္ဆေကြီးအပါအဝင် ဝေနေယျအပေါင်းတို့ ကျွန်ုပ်တို့၏ ကုသိုလ်ကောင်းမှုအဖို့ ဘာဂကို ရကြပါစေ၊ ပေးဝေသည်များစွာ သာဓုခေါ်စေသော် အမျှ...အမျှ...အမျှ ယူတော်မူကြပါကုန်လော့'

ဤကဲ့သို့ အမျှဝေလိုက်သော် မမြင့်စိန်ကို ဝင်၍ ပူးနေသော တစ္ဆေကြီးသည် သာဓု ဟူ၍ (၃)ကြိမ်ခေါ်ဆိုခဲ့ပါသည်။ ထို့နောက် လှိုက်လှဲစွာ ငိုကြွေးပြီး ဘုရားကြီးကျောင်း ဆရာတော်အား...

'ဆရာတော်ဘုရား... ဤလင်မယားနှစ်ဦးတို့အား စောင့်ရှောက်တော်မူပါဘုရား တပည့်တော် ဟိုဘက်ကမ်းကို မနက်ဖြန်သွားရပါတော့မယ်။

မောင်အောင်သန်းတို့ လင်မယားတွေလဲ အိမ်ထဲမှာရှိတဲ့ ပစ္စည်းတွေကို ဒီနေ့ အပြီးရွှေ့ပြောင်းကြ နောက်နေ့ အဲဒီမှာ မနေကြနဲ့'

ဟု မမြင့်စိန်ကို ဝင်ပူး၍ ပြောခဲ့ပါသည်။

ထိုအခါ မောင်အောင်သန်းက...

'တစ္ဆေကြီး မနက်ဖြန် ငါ ကူးတို့



မော်တော်နဲ့ လိုက်ပို့မယ်'

ဟု ပြောခဲ့ပြီး နောက်နေ့ရောက်သော် မော်တော်ဆိပ်သို့ သွားခဲ့ပါသည်။

မောင်အောင်သန်း မော်တော်ပေါ်သို့ တက်လိုက်စဉ် မော်တော်တစ်စီးလုံး အလွန် လှုပ်ရှားသွားပြီး အခြားမည်သည့် ခရီးသည်မျှ စီး၍မရသဖြင့် ကျန်ရစ်ခဲ့ကြရပါသည်။

မော်တော်စက်ဆရာက ကျသင့်သည့်တန်ဖိုးငွေကို ပြောပြီး သူနှင့် တစ္ဆေကြီးတို့ကိုသာလျှင် ပို့ခဲ့ရပါသည်။ ကျန်သောခရီးသည်များအား နောက်တစ်ခေါက် ပြန်၍ ခေါ်ခဲ့ရပါသည်။

မောင်အောင်သန်းသည် ထိုကဲ့သို့ ရွှေထည်ပစ္စည်း သိန်း(၁၀၀)ကျော်ဖိုးခန့် ရရှိခံစားရသည်ကို ကြားသိရသူတိုင်း အလွန် အံ့ဩဝမ်းသာကြပါသည်။ အိမ်နှင့် ခြံမြေတို့အား ရက်ရောစွာ လှူဒါန်းခဲ့သည်ကိုလည်း ဝမ်းသာပီတိ ဖြစ်နေကြပါသည်။

သို့သော် ဘယာကို ကြောက်၍သာ လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။ အမှန်ဆိုပါမူ ရှေးဘဝတစ်ခုက ပြုလုပ်ခဲ့သော ဒါနကို အကြောင်းပြု၍ ထိုစေတနာကံအကြောင်းတရားကြောင့် ယခုဘဝတွင် အကျိုးတရားများကို ခံစားခဲ့ရခြင်းသာလျှင် ဖြစ်ပါသည်။

အတုမဲ့ ဘုန်းရှင် မုနိရှင်တော်မြတ်ဘုရားပင်လျှင် သူ၏ မိဘ၊ သားမယားအခြားဝေနေယျတို့အား လမ်းကြောင်းအမှန်ကိုသာ ပြတော်မူနိုင်သည်။ တန်ခိုးတော်နှင့် ဖန်ဆင်း၍ မပေးနိုင်။

ရတနာမြတ်(၃)ပါးကို ယုံကြည်ကိုးကွယ်ပါလျှင် ကံ ,ကံ၏ အကျိုးကို ယုံကြည်ပါလျှင်၊ မြတ်ဘုရားအား၏ ရုပ်နာမ်(၂)ပါးကို လှူဒါန်းထားလျှင် မည်သူ့ကိုမှ ကြောက်ရန်မလို။

သို့သော် ယနေ့တိုင် ကနောင်ရွာတွင် ထိုဖြစ်ရပ်ဆန်း ဇာတ်လမ်းအား ဝမ်းသာအားရ အံ့ဩခြင်းများစွာတို့ဖြင့် ပြောဆိုနေကြပါသတည်း။

**စာကြွင်း။ ။ မောင်အောင်သန်းနှင့် မမြင့်စိန်တို့ ဇနီးမောင်နှံနှစ်ဦးတို့သည် မြန်အောင်မြို့ ရွှေဘုံသာရပ်ကွက်တွင် ခြံပိုင်၊ အိမ်ပိုင်ဝယ်ယူ၍ ဝိပဿနာအလုပ်ဖြင့် ကိုယ်စီ(၂)ပါး ချမ်းသာစွာ နေထိုင်လျက်ရှိပါသည်။**

**မှတ်ချက်...**

**ဤဖြစ်ရပ်မှန် ဆောင်းပါးတစ်ပုဒ် ဖြစ်ပေါ်လာစေရန် ပြောပြပေးသူ ဦးသောင်း။ ဒေါ်ခင်မြိုင်တို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။**

**ဖြစ်ရပ်မှန် ဖြစ်သော်လည်း ကာယကံရှင် မောင်နှံ(၂)ဦးတို့၏ နာမည်များကို လွှဲပြောင်း၍ ရေးသားထားပါသည်။**

**သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ**

**ဦးအေးရွှေ(ကနောင်)**

www.burmeselassic.com

www.burmeselassic.com

အကြောလိမ်းဆေးလက်ာ...

* ဖေ့ုးရတ်သစ် မိတ်လောစစ် ရောလစ်ဆတူ တစ်ဆယ်မတ်၊
* အရက်နှမ်းအုန်း ရေနောနွှမ်း စုရုံးခွန်နစ် ဆယ်မတ်။
* ရည်သံပရာ ထပ်ရောပါ သင့်စွာလေးဆယ် မတ်။
* အားလုံးကိုလျှင် ရေနွေးတွင် တူယှဉ်သမ အပ်။
* အကြောရောဂါ ရောင်ကိုက်တာ လိမ်းပါ ဤဆေးမြတ်။

အသံထွက်၍ ထိုလက်ာကို [ကျွ]န်တော်ဖတ်နေစဉ်တွင်...

'ကိုကောင်းမြတ် ဘာတွေ စိတ်ဝင်[စာ]းပြီး ဖတ်နေတာလဲဗျ။ တို့လူကတော့ [ဆေး]ဗျာဆရာလုပ်တော့မယ်နဲ့တူတယ်'

ကျွန်တော်ရှိရာသို့ အသံနှင့်အတူ [ဝင်]လာသော ကိုကြည်နွယ်(စာရေးဆရာ) [ကို] ကွမ်းဝါးလျက် ပြုံးရယ်စွာ တွေ့[မြင်]ရပါသည်။

'ဟာ... ကိုကြည်နွယ်ပါလား မတွေ့[ရတာ]ကြာပါပြီဗျာ။ ခုမှ ဘယ်စိတ်ကူး[ပေါက်]ပြီး 'လာတာလဲဗျ'

ကိုကြည်နွယ်က ကွမ်းတစ်ရာကို [ထွေး]ထပ်ပါးစပ်ထဲထည့်ကာ အလွတ်[ထိုင်ခုံ]ထိုင်တွင် ဝင်ထိုင်ရင်း...

'ဘာပဲလုပ်လုပ် အကြောင်းရှိရမယ်၊ [အကျိုး]ရှိရမယ်မဟုတ်လား။ အကြောင်း[မရှိ]ဘဲ အကျိုးမရှိဘဲ ဘယ်လာပါ့မလဲ

[ဟုတ်က]င်း... စာရေးဆရာပီပီ အပြော[ကောင်းလှချ]ည်။ ကဲ... ပြောပါဦး ကိုကြည်နွယ် [လာတဲ့အ]ကြောင်းက ဘာများပါလိမ့်'

'[ဒီလို]ဗျ... သုံးလေးလလောက်ရှိပြီ၊ [ကျွန်]တော် စာတွေများများရေးတယ်ဗျ။ [ည]အလာနဲ့ အထိုင်ကများ၊ အအိပ်[နည်းခဲ့]ပေါ့ဗျာ။ အဲဒီတော့ ညောင်း[ညာကိုက်]ခဲတဲ့ရောဂါက ဝင်လာတယ်

# အကြောလိမ်းဆေး

ကောင်းမြတ်လွန်း
(ဟသ်ာတ)



ဗျ'

'ဩော်... ဩော်'

'ဆေးထိုးလဲ ခဏပါပဲ၊ ကောင်းတယ်ထင်တဲ့ဆေးများလဲ စားပ၊ ဒါပေမယ့် အထုံအကျဉ်တွေ ပျောက်ပေမယ့် အကြောတွေနာ အကြောတွေကိုက်နေတယ်ဗျ။ နင်းနှိပ်ပေးမယ့်လူ မရှိတော့ ပိုဆိုးတာပေါ့။

'ဩော်... အဲဒီလိုလား'

'ဟုတ်ပါတယ်ဗျာ။ အဲဒါ အကြောင်းတရားပေါ့။ နောက် ဒီရောဂါပျောက်ချင်တယ်လေ၊ ဒီတော့ ကျွန်တော်က ကိုကောင်းမြတ်ကို သတိရမိတယ်။

ဆေးစာတွေ များများစုတဲ့ ကိုကောင်းမြတ်ကို သတိရတယ်ဗျာ၊ အဲဒီတော့ အခု ကျွန်တော်ရောက်လာတယ်ဗျာ၊ ဟဲ... ဟဲ'

'ဩော်...ဒီလိုကိုး။ ဆေးနည်းလိုချင်တယ်ပဲ ပြောပါတော့ဗျာ'

'သိပ်မှန်တာပေါ့ဗျာ။ မှန်ပ'

'ခင်ဗျားရောဂါ ပျောက်မှာပါဗျာ။ အတိတ်နိမိတ်က အခုပဲ အဲဒီအကြောဆေးလက်ာကို ကျွန်တော်ဖတ်နေတာ'

'ဟင်...ဟုတ်လား။ တယ်ပြီး တိုက်ဆိုင်ပါလား'

'အဲဒါကြောင့် ခင်ဗျားရောဂါသေချာပေါက် ပျောက်မယ်လို့ ကျွန်တော်ပြောတာပေါ့ဗျ'

'ဟာ... ကောင်းဗျာ။ ဝမ်းသာလိုက်တာ ကဲ...ကဲ။ အဲဒီလက်ာ၊ အဲဒီဆေးနည်းပြပါဦးဗျ'

ဟု ကိုကြည်နွယ်က အလောတကြီး ပြောပါသည်။

'ရပါတယ်ဗျာ ဒီမှာကြည့်ဗျာ'

ဟုဆိုကာ ကိုကြည်နွယ်အား အထက်က ကျွန်တော်ရွတ်ဆိုနေသော လက်ာပါမှတ်စုစာအုပ်ကို ပြလိုက်ပါသည်။

ကိုကြည်နွယ်က သေချာစွာဖတ်ပြီး ပြုံးရယ်စွာ...

'ကြိုက်တယ်ဗျာ... လိမ်းဆေးပဲ လွယ်လဲလွယ်တယ်နော်။ ကျွန်တော် ကူးယူပြီး အိမ်ရောက်ရောက်ချင်း ဖော်စပ်သုံးစွဲမယ်ဗျာ'

ဟု ဆိုကာ အထက်ပါလက်ာကို ကူးယူပြီး...

'ကဲ... ဒီက အတိုကောက်ဆေးအမည်တွေကိုလဲ ပြောဦးလေဗျာ'

ဟု တောင်းဆိုပါသည်။

'ကဲ... လက်ာထဲမှာပါတဲ့ အဖြေကို ကျွန်တော်ပြောပြပါ့မယ် လိုက်မှတ်ဗျာ'

'ပြောပြော မှတ်မယ်'

ဟု ဆိုကာ ကိုကြည်နွယ်က ရေးမှတ်ရန် အဆင်သင့်စောင့်နေပါသည်။

ကျွန်တော်က ဆေးလက်ာ၏ အဓိပ္ပါယ်ကို အောက်ဖော်ပြပါအတိုင်း



www.burmeselassic.com

www.burmeselassic.com

ပြောပြလိုက်ပါတော့သည်။

### အကြောလိမ်ဆေးနည်း

| | | |
|---|---|---|
| ရေတက်ကောင်း | ၂ကျပ် ၈ပဲသား | (၁၀)မတ် |
| ဖုံးမသိန် | ၂ကျပ် ၈ပဲသား | (၁၀)မတ် |
| ပရုတ် | ၂ကျပ် ၈ပဲသား | (၁၀)မတ် |
| သစ်ကြံပိုး | ၂ကျပ် ၈ပဲသား | (၁၀)မတ် |
| မိသလင်ဥ | ၂ကျပ် ၈ပဲသား | (၁၀)မတ် |
| လေးပန် | ၂ကျပ် ၈ပဲသား | (၁၀)မတ် |
| စစ်တုံမြစ် | ၂ကျပ် ၈ပဲသား | (၁၀)မတ် |
| ရေတက်ကောင်း | ၂ကျပ် ၈ပဲသား | |

တို့ကို အားလုံးအမှုန့်ပြုပါ။

| | | |
|---|---|---|
| အရက်ကောင်း | ၁ကျပ် ၈ပဲသား = | |
| | သံပရာရည် ၁၀ကျပ် | (မတ်၄၀) |
| နှမ်းဆီစစ်စစ် | ၁ကျပ် ၈ပဲသား = | (မတ်၇၀) |
| အုန်းဆီ | ၁ကျပ် ၈ပဲသား | |

တို့နှင့် ရောနှောပါ။

ထို့နောက် ယင်း ရောနှောပြီး ဆေးအားလုံးကို ရေနွေးပူပူနှင့် သမအောင် ကောလီဖြစ်အောင် နာနာမွှေပေးရပါသည်။

ကောလီဖြစ်လျှင် လေလုံစွာ ဖန်ဘူးတွင် ထည့်ထားပြီး လိမ်းဆေးအဖြစ် သုံးနိုင်ပါသည်။

ယင်းအကြောလိမ်းဆေးမှ **ပျောက်ကင်းနိုင်သောရောဂါများမှာ...**

တုတ်၊ ဓါး၊ ထိခိုက်ရှနာတို့ဖြစ်လျှင် ဆေးရည်ဖြင့် နာနာနယ်၍ အဝတ်သန့်ဖြင့် စည်းထားပါ။ အနာသည် မရင့်ဘဲ အကျက်မြန်ပါသည်။

ခြေကိုက်၊ လက်ကိုက်၊ အကိုက်အခဲများကို ကိုက်ခဲရာနေရာကို ဆေးရည်လိမ်းပေးပါ။

ခြေဆစ်လက်ဆစ်ရောင်ခြင်း၊ ကိုယ်ရောင်ခြင်း၊ ထိခိုက်ဒဏ်ရာများရောင်ခြင်းတို့ကို လိမ်းပေးပါ။

အကြောတင်၊ အကြောထုံး၊ အကြောလွဲ၊ အကြောကိုက်ခဲခြင်းကိုလည်း လိမ်းပေးပါ။ ***(နာနာနယ်၍လိမ်းရပါသည်။)***

ဤတွင် ဆေး၏အညွှန်း ပြီးပါပြီ။

'သြော်... ဆေးအညွှန်း ပြီးပြီပေါ့နော်'

'ဟုတ်ပါတယ် ပြီးပါပြီ။ လောလောဆယ် ကိုကြည်နွယ်လိမ်းချင်ရင် ကျွန်တော်ဖော်ထားတဲ့ အထဲကနည်းနည်း လက်ဆောင်ပေးလိုက်မယ်ဗျာ'

'ဟဲ...ဟဲ ကျေးဇူးအနန္တပါပဲဗျာ'

ကျွန်တော်က ဘူးတစ်ဘူးထဲသို့ လိမ်းဆေးကိုထည့်ပြီး ကိုကြည်နွယ်အား ပေးလိုက်ပါသည်။ ကိုကြည်နွယ်က ဆေးဘူးကိုလှမ်းယူရင်း...

'ဟဲ...ဟဲ အိမ်ရောက်မှပဲ ပယ်ပယ်နယ်နယ် လိမ်းတော့မယ်ဗျာ။ သြော်... ဒါနဲ့ ဆရာကို ဘယ်လောက် ကန်တော့ရမလဲဗျာ'

'မနောက်နဲ့ဗျာ'

'နောက်တာ မဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် တန်ရာတန်ကြေးလေးတော့ တုံ့ပြန်ရတာပေါ့ဗျ'

'ဟုတ်ပါတယ် စာရေးဆရာကြီးရယ်။ အခု ဒါက ပညာဒါန၊ ဩသဓဒါနကုသိုလ်လို့ သဘောထားလိုက်ပါဗျာ'

'ဟဲ...ဟဲ ကောင်းဗျာ။ သာဓု... သာဓု အသက်ရှည်ပါစေ။ ကဲ... လိုရာအကြောင်းနဲ့ လိုရာအကျိုးအတွက် ဆန္ဒပြည့်စုံပါပြီ၊ ပြန်တော့မယ်နော်ဟဲ...ဟဲ'

ဟု ဆိုကာကိုကြည်နွယ်သည် ပါးစပ်အတွင်းသို့ နောက်ထပ် ကွမ်းတစ်ရာသွင်းရင် ထွက်ခွာသွားပါတော့သည်။

***အားလုံး ကျန်းမာ ချမ်းသာ အဆင်ပြေကြပါစေ...***

**ကောင်းမြတ်ထွန်း *(ဟသ်ာတ)***


နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
ဖတ်ရှုလိုသူများသို့...
စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
လပေးဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ရွေးယူစနစ်ဖြင့်
တစ်လလျှင် ၂၆၀၀/
(နှစ်ထောင့်ခြောက်ရာ
ကျသင့်ပါသည်။
လပေးဖတ်ရှုလိုသူ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။
နက္ခတ္တရောင်ခြည်
အမှတ် ၂၀၉-ခြေ
၂၉-လမ်း(အထက်
ပန်းဘဲတန်းမြို့နယ်၊
ဖုန်း
၀၉-၇၇၆၃၄
၀၉-၉၆၀၀၄




www.burmeselassic.com

www.burmeselassic.com



ကောင်းမြင့်မြတ်စိန်

ရိုးသားကြိုးစားသော

# ဟန်းတော်လေးတစ်ပါးရဲ့

ထူးခြားဆန်းပြား

# ကိုယ်တွေ့ ဖြစ်ရပ်များ

နှင့် တရားအောင်မြင်ရေး နည်းလမ်းများ (၃)

ယခင်လမှ အဆက်

## ထူးဆန်းသော တစ်အုံဂူ

ဘုန်းကြီး ရွာရောက်တော့ မယ်တော်ကြီး ဒေါ်လှကြည်က တကောင်းကြံ့သုပ်ဒေသကို သွားဖို့ ပြင်နေတယ်။ ဘုန်းကြီးလဲ အဲဒီဒေသက "**တစ်အုံဂူ**"ကို စိတ်ဝင်စားနေတာနဲ့ အတော်ပဲ ဖြစ်သွားတယ်။ အဲဒါနဲ့ တကောင်းကြံ့သုပ်



www.burmeselassic.com

www.burmeselassic.com



ရောက်သွားတယ်။

ရောက်တော့ တစ်အုံဂူ အကြောင်း မေးမြန်းစုံစမ်းတယ်။ မုဆိုးကြီးတစ်ယောက်က လိုက်ပြပေးတယ်။ တကယ့် စိမ့်ကြီးမြိုင်ကြီး တောကြီးပဲ။ ငှက်သံလောက်ပဲ ကြားရတယ်။ တိတ်ဆိတ်နေတာပဲ။ တစ်အုံဂူကို ရောက်တော့ ရေတွင်း တစ်တွင်းလိုပဲ အောက်ကို ဆင်းသွားရတယ်။

ကြသောင်းဝါး အတက်တွေကို လှေကားလို လုပ်ထားတယ်။ အဲဒီဝါးအတက်တွေပေါ် နင်းပြီး ဆင်းသွားရတယ်။ အတောင် (၃၂) တောင်လောက် နက်တယ်။ အထဲမှာ မှောင်မည်းနေတယ်။ ဖယောင်းတိုင်၊ ဓာတ်မီး ယူသွားရတယ်။

ဂူက အကြီးကြီးပဲ။ အောက်ရောက်တော့ ဂူပေါက်တွေ အများကြီး တွေ့ရတယ်။ ဂူတွေထဲမှာ ဟိုးရှေးက ဘုရားဆင်းတုတော်တွေ အများကြီးရှိသတဲ့။ ရွာထဲက လူတွေက လာယူခိုးယူကြသတဲ့။

ယူသွားတဲ့ လူနောက်ကို မီးလုံးကြီးတွေ လိုက်,လိုက်လာ[illegible] သတဲ့။ ခိုးယူတဲ့သူတွေ သေ[illegible] ဒုက္ခရောက်ကြတော့ ရွာထဲ[illegible] လူတွေကတော့ မယူရဲကြ[illegible] ဘူး။ ဒါပေမယ့် အခြားအရပ်[illegible] လူတွေ လာခိုးကြလွန်းလို့ ဂူထဲ[illegible] ဘုရားရုပ်တုတွေ မရှိသလောက်[illegible] ဖြစ်နေပြီ။ မုဆိုးကြီးက သွား[illegible] လာရင်း ပြောပြတာပါ။ ဘုရား[illegible] မှန်သမျှလဲ ဒုက္ခအကြီးအကျယ် ရောက်ကုန်ကြတာပဲတဲ့။

ဂူပေါက်က တစ်ပေါက်တည်း[illegible] နေမွန်းတည့်ပေါက်။ အဲဒီရောက်[illegible] လို အပေါက်ကြီး မွန်းတည့်[illegible] မြင်ရတယ်။ ဝိဇ္ဇာတွေ ကျင့်[illegible] အားထုတ် အလုပ် လုပ်တဲ့ ဂူကြီး[illegible] အောက်မှာ ဂူကြီးက အကျယ်ကြီး ရှည်လဲ ရှည်တယ်။ မုဆိုးကြီး[illegible] ပြောတာကတော့ ဖင်းတယ[illegible] တောင် ရောက်တယ်လို့ ကြား[illegible] သတဲ့။ ထုံးကျောက်လိုဏ်ဂူကြီး[illegible]

ရေကျသံတွေ ကြားရတယ်။ [illegible] တစက်စက်ကျနေတဲ့ နေရာ[illegible] များတယ်။ ဘုန်းကြီးဟာ ဂူထဲ[illegible] ဖယောင်းတိုင်ထွန်း ဘုရားပူဇော်[illegible] တရားရှုမှတ်၊ နတ်တွေ မေတ္တာ[illegible] တယ်။ အာရုံပြုကြည့်တယ်။

အာရုံမှာ ဂူကြီးရဲ့ ထောင့်[illegible] နေရာမှာ ဘုရားရုပ်တု(၄)ဆူ တွေ့[illegible] တယ်။ သစ်သားရုပ်တု (၃)[illegible] ပဥ္စလောဟာ ထိုသတ္တုနဲ့ ထုလုပ်[illegible] ရုပ်ပွားတော်တစ်ဆူ၊ အဲဒီရုပ်ပွား[illegible] တော်က ဦးခေါင်းပိုင်း ကျိုး[illegible] တာ တွေ့ရတယ်။

မုဆိုးကြီးကို ခေါ်ပြီး သွား[illegible]





www.burmeselassic.com

www.burmeselassic.com

တွေ့ရတယ်။ အာရုံထဲကအတိုင်းပဲ၊ ဘုရား(၄)ဆူ။

### ထူးဆန်းတဲ့ ဗောဓိပုတီးကြီး

ပြီးတော့ ဂူပေါက်တစ်ခုကို မုဆိုးကြီးက ပြတယ်။ တစ်ခါတုန်းက ဘိုးတော် သံမဏိတောင် ဝင်လို့ မရတဲ့ဂူထဲ၊ ဖယောင်းတိုင်ထွန်းလို့ မရဘူး။ အောက်ဆီဂျင် မရှိတဲ့ဂူဗျ။ ဘုန်းကြီး ဝင်မယ်ဆိုတော့ မုဆိုးကြီးက တားတယ်။ ဒါပေမယ့် ကျုပ်ကတော့ ဝင်ရဲတယ်။

တားတဲ့ကြားက ဝင်သွားတယ်။ ဂူက နိမ့်တော့ ငုံ့ဝင်ရတယ်။ တစ်နေရာ ရောက်တော့ ရေသံကြားရတယ်။ ရေကျသံဗျ။ ကျုပ်က နောက် ပြန်လှည့်တယ်။ အသက် အောင်ရှူပြီး နောက်ထပ်ဝင် တယ်။

ရေကျသံကြားတဲ့ နေရာထိ က်ဝါး(၂)ဖက်ကို ဖြန့်ခံပြီး ဝင် သွားတော့ လက်ထဲ ရေကျတယ်။ အဲဒီနေရာမှာရပ်ပြီး ရေကျတဲ့ နေရာ တည့် လက်ကို နှိမ့်ချလိုက်တော့ ရတကောင်းလို ခွက်ကို စမ်းမိ တယ်ဗျ။

အဲဒီခွက်ကို ယူပြီး လာတဲ့လမ်း တိုင်း ခပ်မြန်မြန် ပြန်ထွက်ခဲ့တယ်။ ပြင်ရောက်လို့ ကြည့်လိုက်တော့ တကောင်းကို **"ဗောဓိပုတီး"** း ပတ်ထားတယ်။ ဗောဓိညောင် အစစ်က သီးတဲ့ ညောင်သီးကြီးနဲ့ ထားတဲ့ ပုတီးပါ။ အလုံး အကြီး ပဲ။ မုဆိုးကြီးကတော့ အံ့သြနေ ပေါ့။

ဘုန်းကြီးနဲ့ မုဆိုးကြီးတို့ဟာ အဲဒီ



ဆရာတော် ဘဒ္ဒန္တရွှေသာမိ
သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာ၊
ကျောက်ပန်းတောင်းမြို့. သိဂိုမင်္ဂလာရင်ကွက်

ရေတွေကို သောက်လဲသောက်၊ တစ်ကိုယ်လုံးကိုလဲ လူးကြတယ်။ ပြီးတော့ နောက်ထပ် တစ်ခေါက် အဲဒီဂူထဲဝင်တယ်။ ရေတကောင်း တွေ့တဲ့ နေရာကနေ ရှေ့ဆက်သွားတော့ ကလပ်လိုလို အရာတစ်ခုပေါ် မှာ လင်းလက်နေတာ တွေ့ရတယ်။

ကျုပ်က လောဘ မရှိဘူး။ တောထဲ, တောင်ထဲ တောရ ဆောက်တည်တော့ ဂမုန်းတွေ အမျိုးမျိုး တွေ့ဖူးတယ်။ စေတီဂမုန်း တောင် တွေ့ဖူးတယ်။ ဒါပေမယ့် ဘာမှ မယူခဲ့ဘူး။ မမက်ဘူး။ တန်ဖိုး ရှိတာ သိတယ်။ ခုလဲ လောဘစိတ် မျိုးနဲ့ ဂူထဲဝင်တာမဟုတ်ဘူး။ လူငယ်ပီပီ စူးစမ်းလေ့လာစိတ်ပဲ ရှိတယ်။

အဲဒီ လင်းလက်နေတဲ့ အရာကို မြင်ရတော့ ရှေ့ဆက်သွားဖို့ အလုပ် မှာ အသံတစ်ခု နားထဲ ကြားရ တယ်။ **"ရှေ့ဆက်မသွားပါနဲ့"**တဲ့၊ ဒီတော့ ကျုပ်လဲ မသွားတော့ပါဘူး။ ခပ်သွက်သွက် ပြန်လှည့်ထွက်ခဲ့တာ ပါပဲ။

ဘုန်းကြီး အာနာပါန ကျင့်စဉ်တွေ တော်တော်များများ ကျင့်ထားတာ ဆိုတော့ နာရီဝက်အထိ အသက် မရှူဘဲ အောင့်နေနိုင်တယ်။

အာကာသထဲက မနောမယသိဒ္ဓိ ဓာတ်တွေ အာရုံပြု ရှူရှိုက်ပြီး အသက်အောင့် ကြာကြာအောင့်တဲ့ အကျင့်ကို ကျင့်ခဲ့တာပါ။

ဒါကြောင့် အောက်ဆီဂျင် မရှိတဲ့ ဂူထဲကို ဝင်နိုင်ခဲ့တာပါ။ သမထ ကျင့်စဉ် သမာဓိအစွမ်းတွေက တကယ်အားကောင်းရင် သိဒ္ဓိ တန်ခိုး အမျိုးမျိုးတောင် ရနိုင်တယ် လေ။

### စမ်းရေကိုချိုး ပုပ္ပါးရေကိုသောက်၊ ထန်းရွက်တဲ ဆောက်ပြီး စခဲ့တယ်

ဘုန်းကြီးဟာ အခုနောက်ပိုင်း တရားဟော တရားပြတဲ့အခါမှာ တော့ ဝိပဿနာကိုပဲ အဓိက အားထုတ်ပါတော့တယ်။ ကရင် ပြည်နယ်က တောတွေတောင်တွေ၊ ကေလာသတောင်၊ ဝေပုလ္လတောင်၊ ကျိုက်ဒ္ဓမိနဲ့ ဒေးစွန်ပါတောင် ရောက် ခဲ့တယ်။

တောရ ဆောက်တည် သမထ ကျင့်စဉ်တွေ အားထုတ်ခဲ့တယ်။ အာနာပါနအလုပ်ကတော့ အမြဲ အားထုတ်တယ်။ ဝိပဿနာ တွဲလိုက်တော့ ပိုကောင်းသွားတယ်။

www.burmeselassic.com

ခုတော့ သမထနဲ့ ဝိပဿနာ တွဲကျင့်တာပါပဲ။

အခုဆို သဲအင်းဂူရိပ်သာခွဲ (၉)ခု ရှိပြီ။ ထူထောင်ပေးခဲ့တာ။ သံဃာတော်တွေ သီတင်းသုံးတဲ့ ကျောင်းတွေမှာဆို သဲအင်းဂူရိပ်သာခွဲ ထူထောင်ပေးတယ်။ မိုးကုတ်ရိပ်သာတို့ မဟာစည်ရိပ်သာတို့လို တရားရိပ်သာခွဲ ရှိနေနှင့် ပြီးသားနေရာတွေမှာတော့ လုပ်မပေးဘူး။


ဒီနေရာ **(ယခု ကျောက်ပန်းတောင်းမြို့ရဲ့ သဲအင်းဂူရိပ်သာ)** စ,ရောက်တော့ ထန်းရွက်တဲကျောင်းနဲ့ စ,ခဲ့ရတာ။ ရေအလွန်ရှားတယ်။ စမ်းရေပဲ ချိုးတာ။ ပုပ္ပါးက လာတဲ့ ရေကို သောက်ရေအဖြစ် ထားရတယ်။ သောက်ရတယ်။

## နာရီတစ်ထောင် အဓိဋ္ဌာန်အောင်

ဘုန်းကြီးဟာ ဒီကျောက်ပန်းတောင်းမြို့မှာ သဲအင်းဂူရိပ်သာကျောင်းကို ၁၃၅၃ ခုနှစ်က စတင်တည်ခဲ့ပြီးနောက် ၁၃၅၆ ခုနှစ်မှာ အဓိဋ္ဌာန်တွေ ဆက်တိုက် ဝင်ခဲ့တယ်။ သစ်သီးကျင့်စဉ်၊ ရေကျင့်စဉ်တွေအပြင် သဲအင်းဂူဆရာတော်ကြီးရဲ့ အဆုံးအမအတိုင်း တစ်ကြိမ် (၃)နာရီနဲ့ အထူးအဓိဋ္ဌာန် **"နာရီတစ်ထောင်"** အဓိဋ္ဌာန်အားထုတ်ခဲ့တယ်။

ဘုန်းကြီးစိတ်ကူးထဲမှာ ကျောင်းဝင်းရဲ့ ဘယ်နေရာမှာ စေတီတည်မယ်။ ဘယ်နေရာမှာ ဓမ္မာရုံ၊ ဘယ်နေရာမှာသိမ် စသည်ဖြင့် လျာထား ထားတယ်။

အခုလဲ စေတီတော်တည်ဖို့



ဆရာတော် ဘဒ္ဒန္တဓမ္မသာမိ
အားထုတ်ခဲ့သော အပ္ပမာအဓိဋ္ဌာန်ဂူ

အဓိဋ္ဌာန်ဆုတောင်းတယ်။

'ငါသည် ဘဝသံသရာ ကျင်လည်ရာမှာ ဒီနေရာတွင် သာသနာပြုမှုပါက ဘုရားတည်မည့် ပဌာန်းဆက်ရှိသော ဒကာ ရောက်လာပါစေ'

လို့ ဆုတောင်းတယ်။ ဘုန်းကြီးဟာ ဝိပဿနာ နာရီတစ်ထောင် အဓိဋ္ဌာန် အားထုတ်နေတာဆိုတော့ ကျောင်းကိုလာတဲ့ ဒကာ,ဒကာမတွေနဲ့ သိပ်မတွေ့ဘူး။

အဲဒီလို အဓိဋ္ဌာန်ဝင် အားထုတ်တဲ့ ရက်တွေမှာ နယ်ပိုင်ကြီး ဦးအောင်ကြည်က ရောက်,ရောက်လာတယ်။ ဘုန်းကြီးကို မတွေ့တော့ ပြန်,ပြန်သွားရတယ်။ ဘုန်းကြီး အဓိဋ္ဌာန်အောင်ပြီးတဲ့နေ့မှာ မနက်ပိုင်း ရေချိုးနေတုန်း ဒကာကြီး ဦးအောင်ကြည် ရောက်လာတယ်။

'အရှင်ဘုရား မကွေးတိုင်းမှူး ဗိုလ်မှူးကြီး မောင်ပါက အရှင်ဘုရားကျောင်းမှာ စေတီတည်ချင်လို့ လာလျှောက်တာပါဘုရား။ ဒီနေ့ညနေ ဗိုလ်မှူးကြီး ရောက်လာ... လို့ တပည့်တော်ဆီ အကြောင်းကြား... အခု ဆရာတော်ထံ လာလျှောက်... ဘုရား'

တဲ့။

ဘုန်းကြီးလဲ ဝမ်းသာသွား... ပေါ့။ ဒီလိုနဲ့ စေတီတည်ဖို့ ဆ... ပြည့်သွားတယ်။ ဗိုလ်မှူးကြီး မောင်ပါကလဲ တခြားနေရာ... လိုက်ကြည့်ပြီးပြီတဲ့။ ဒီနေရာ... စေတီတည်ချင်တယ်လို့ ... တော့ သိရတယ်။

တိုတိုပြောရရင်တော့ အ... ဒီကျောင်းဝင်းထဲက **"အနန္တမေ...** **စေတီတော်ကြီး"** တည်ဖြစ်ခဲ့... တော့ အဲဒီအဓိဋ္ဌာန် နာရီတစ်ထော... အောင်လို့ပါပဲ။

အဲ...စေတီတော်ရဲ့ ဘွဲ့အမည်... ဝိုင်းစဉ်းစားကြတော့လဲ ... သံဃာတွေ၊ ဆရာတော်ကြီး... ပါ,ပါတယ်။ အဲဒီအခါတုန်း... ဘုန်းကြီးက ရုတ်တရက် ပြော... မိတာ။ အားလုံးကလဲ သဘော... လက်ခံခဲ့ကြတယ်။ ဗိုလ်မှူး... မောင်ပါကလဲ သဘောကျ...

သူက...

'တပည့်တော်... အနန္တအ... ရည်ရွယ်ပြီး တည်တာပါ။ သဘော... တယ် ဘုရား'

တဲ့။ ဘုန်းကြီးက ဒီလိုပြော... တာ...

**"အနန္တမေတ္တာ"** လို့ ... ဘွဲ့ပေးရင် မကောင်းဘူးလ... လို့နဲ့ စေတီတော်ဟာ ... **မေတ္တာစေတီတော်"** ...



www.burmeselassic.com

www.burmeselassic.com

ကျောက်ပန်းတောင်းမြို့မှာ ထင်ရှားခဲ့တာပါပဲ။

အဲ...စေတီတော်ရဲ့ ထူးခြားချက်ကတော့ ကြိုးဟိုရုပ်တွေ မထားဘူး။ အကောင်ရုပ်တွေ ဘာမှ မထားဘူး။ ဗိုလ်မှူးကြီးကိုလဲ ရှင်းပြခဲ့တယ်။

### အသက်ဝင်လာသော ဘီလူးရုပ်တုအကြောင်း

ဘုန်းကြီးတို့ရွာက ပွေးကျစ်ရွာ၊ ပွေးကျစ်နဲ့ ရေဆုံးရွာက နီးတော့ လူတွေက ရေဆုံးပွေးကျစ်လို့တောင် ပြောကြတယ်။ အဲဒီရေဆုံးရွာမှာ ဟိုတစ်ချိန်တုန်းက စိုးရိမ်ထိတ်လန့်စရာ ကိစ္စတစ်ခု ဖြစ်ပေါ်ဖူးတယ်။

ညနေဘက် လူသူမကွဲတဲ့ မှောင်စပျိုးချိန်မှာ ရွာထဲကို အကောင်ကြီးတစ်ကောင် ဝင်လာတယ်။ ရွာထဲက ကြက်တွေ လာလာဆွဲ သွေးရဲရဲ သံရဲရဲ စားစားပြီးမှ ပြန်သွားတယ်။

နေ့စဉ်ရက်ဆက် ဖြစ်နေတော့ ရွာထဲက လူတွေ ကြောက်လန့်နေကြတာပေါ့။ ရွာမှာ ဦးဘမိုဆိုတဲ့ လူကြီးကတော့ ဉာဏ်ပညာကြီးတယ်၊ ဆင်ခြင်စဉ်းစားတတ်တယ်။

ဦးဘမိုက အဲဒီအကောင်ကြီး နောက် ခြေရာခံ လိုက်ကြည့်တယ်။ ဘုရားဝင်းထဲက ဘီလူးရုပ်ကြီးနားမှာ ခြေရာ ပျောက်သွားတယ်။

နောက်ရက် ရောက်တော့ အဲဒီအကောင်ကြီး ရွာထဲလာ ကြက်တွေ ဆွဲစားပြီး ပြန်သွားတဲ့အခါ ဦးဘမိုဟာ အကောင်ကြီးနောက်က လိုက်ချောင်းတယ်။ ဟုတ်တယ်။ ဦးဘမို ထင်တဲ့အတိုင်းပဲ ဘုရားဝင်းထဲက



ကျောက်ပန်းတောင်းမြို့၊ သီရိမင်္ဂလာရပ်ကွက် သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းရိပ်သာ အဝင်မုခ်ဦးရှေ့မှ ဆိုင်းဘုတ်

ဘီလူးရုပ်နား ရောက်တော့ အကောင်ကြီး ပျောက်သွားတယ်။

အဲဒီတော့ ဦးဘမိုက ဘီလူးရုပ်ကြီးကို ထုခွဲ ခြေမွပစ်လိုက်တယ်။ အဲဒီ နောက်မှ ည,ည ကြက်တွေ လာ,လာဆွဲတဲ့ အကောင်ကြီး ပျောက်သွားခဲ့တယ်။

ဘုန်းကြီးက အဲဒီ အဖြစ်အပျက်ကို သိထားတော့ အခု ဘုန်းကြီးရဲ့ ကျောင်းဝင်းမှာ စေတီတည်တဲ့အခါ ဘာရုပ်မှကို မထားဘူး။ ဗိုလ်မှူးကြီး မောင်ပါကိုလဲ အဲဒီအကြောင်း ရှင်းပြခဲ့တယ်။ ကြိုးဟိုတိုင်တွေလဲ မထားဘူး။

### အတုယူဖွယ် ဒါနတစ်မျိုး

ဘုန်းကြီးက ဒီသဲအင်းဂူရိပ်သာကြီးကို စ,တည်ကတည်းက သစ်ပင်တွေမျိုးစုံ စိုက်တယ်။ သရက်၊ ပိန္နဲ အစုံပဲ။ သစ်ပင်တွေ ကြီးလာတော့ ဘုန်းကြီးကစိတ်ကူးတစ်ခု ရတာနဲ့...

'သစ်ပင်တွေ သရက်,ပိန္နဲပင်တွေ စိုက်ထားတယ်။ ဘုံဗိမာန်မရှိတဲ့ နတ်တွေ လာရောက်နေထိုင်နိုင်တယ်။ လာနေကြ ဒါပေမယ့် တရားအားထုတ်တဲ့ ယောဂီတွေကို မနှောင့်ယှက်ရဘူး။ နှောင့်ယှက်ရင်တော့ လက်မခံဘူး။ နှင်ရလိမ့်မယ်' လို့ မိန့်ကြားထားတယ်။

### ဟောကာပြတဲ့ ဩဝါဒတော်

'သမထက သမာဓိတော့ဖြစ်တယ်။ ဉာဏ်မဖြစ်ဘူး။ ဝိပဿနာက ဉာဏ်အဓိက၊ သတိအဓိကပဲ။ သတိနဲ့ နေ့စဉ်လုပ်ရတယ်။ နေ့စဉ် နေ့စဉ်တွေမှာ သတိကပ်နေရတယ်။ မလွတ်ရဘူး။

နေ့စဉ် တစ်ချိန်လောက် ကျင့်တဲ့သူတွေအတွက် ဉာဏ်မတက်တာ ဒီတစ်ချက်ကြောင့်ပဲ။ သွားနေစဉ်၊ စားနေစဉ်၊ လုပ်နေစဉ် နေ့စဉ်နေ့စဉ်တွေမှာ သတိလွတ်နေကြတာကိုး။ သတိမကပ်တော့ အသိမရှိတော့ လွတ်ချင်တိုင်း လွတ်နေတော့တာပေါ့။

ဘာပဲကြည့်ကြည့်ဗျာ... ကိလေသာ မျက်လုံးနဲ့ကြည့်ရင် ပူလောင်မယ်၊ ဆင်းရဲမယ်၊ လောဘဖြစ်မယ်၊ ဉာဏ်နဲ့ကြည့်၊ သတိနဲ့အသိနဲ့ ကြည့်တော့ စိတ်ငြိမ်းချမ်းရတယ်လေ။ ကားမောင်းရသလိုပဲ။

ကားမောင်းနေတော့ ရှေ့မှာ တစ်ခုခု မြင်ရင် ဘရိတ်အုပ်ရတယ် မဟုတ်လား။ ဒီလိုပဲ ရှေ့မှာ တစ်ခုခု မြင်ရင် ကိလေသာကို ဘရိတ်အုပ်၊ အသိ,သတိကပ်လိုက် အဲဒီတော့ အပူငြိမ်းမယ်။ လောဘ မဝင်ဘူး၊ ဒေါသ မဝင်ဘူး၊ စိတ်ငြိမ်းချမ်းရပါ



www.burmeselassic.com

www.burmeselassic.com

တယ်။

'ငါ စိတ်ညစ်တယ်။ ငါ စိတ်ဆင်းရဲတယ် လို့ ဆိုရင် ခံစားနေရင် ပြီးပြီး ဆင်းရဲမယ်။ (ငါ) သွားလုပ်လို့ စိတ်ဆင်းရဲရတာပါ။ (ငါ)မှ မဟုတ်တဲ့။ ငါမဟုတ်တော့ (ငါ) မဆင်းရဲဘူး။

ဝိပဿနာက အသိပဲ၊ ဉာဏ်ပဲ၊ သမထ လို အာရုံတစ်ခုထဲ စူးစိုက်ပြီး အငြိမ်းနဲ့ ခံနေစရာ မလိုဘူး။ ဝိပဿနာဆိုတာ ငါကို ဖြုတ်ပြီး ရှုရတာ။

ငါရှိလို့ ငါဆင်းရဲတာ၊ ငါမှမရှိရင် သူလဲ မရှိတော့ဘူး။ ဘာဆို ဘာမှ မရှိပါဘူး။ သတိဆိုတာ မွေးယူရပါတယ်။ ဝသီဘော် ဖြစ်အောင် လုပ်ရပါတယ်'

ဆရာတော်ကိုယ်တိုင် တည်ဆောက် ပြုစုခဲ့တဲ့ **ကျောက်ပန်းတောင်းမြို့ ကျက်သရေဆောင် သဲအင်းဂူရိပ်သာ ကျောင်းဝင်းကြီးဟာ** ယခုအခါ သစ်ပင်မျိုးစုံနဲ့ အုပ်အုပ်ဆိုင်းဆိုင်း သာယာ အေးချမ်းနေပါတယ်။

တရားရှာလာသူ ယောဂီတို့ အတွက်သာမက ကျေးငှက်သာရကာတို့အတွက်ပါ ကွန်းခိုရာ အေးရိပ်သာကြီး ဖြစ်နေပါတော့တယ်။ ဆရာတော်ရဲ့ စိတ်မြတ်နဲ့ လုပ်ရပ်မှန် စေတနာမှန်တဲ့အတွက် ကေ(၅၀)ကျော်တဲ့ ကျောင်းဝင်း အတွင်းမှာ ကျောင်းဆောင်တွေ ဓမ္မာရုံတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

အလာကောင်းသလို

အပြန်ကောင်းအောင်လုပ်

လူ့ဘဝက အလာ ကောင်း



အဝင်မုခ်ဦး

တယ်။ အပြန်လဲ ကောင်းအောင် လုပ်ဖို့ လိုတယ်ဗျ။ လူတွေက မွေးနေ တော့ သတိတရ လုပ်ကြပါတယ်။ သေနေ့ကျတော့ မေ့နေတယ်။ တကယ်ဆိုရင် မွေးနေ့ဆိုတာ မရှိ တော့ဘူး။ သေနေ့ပဲ ရှိတော့တယ်။ ဘဝရဲ့နိဂုံး နောက်ဆုံးအချိန်၊ နောက်ဆုံးစိတ်က အရေးကြီးတယ်။

ဘာစိတ်နဲ့သေမလဲ၊ မယားသိ တော့ မယားစိတ်နဲ့သေမယ်။ သား သိတော့ သားစိတ်၊ လင်သိတော့ လင်စိတ်နဲ့ သေမယ်။ နောက်ဆုံး စိတ်စွဲရာ ရောက်ရလိမ့်မယ်။

ကိုယ့်လင် ကိုယ့်မယား စိတ်နဲ့ သေရင် အိမ်မှာ ပိုးဟပ်တို့၊ ကြွက်တို့၊ ခွေးတို့ ဖြစ်မယ်။ ပြိတ္တာတစ္ဆေ ဖြစ်မယ်။ ငရဲလဲ ကျနိုင်သေးတယ်။ ပညတ်တွေ အာရုံမပြုရဘူး။ ပရမတ်စစ်စစ်ပဲ အသိ,သတိနဲ့ ရှုမှတ်ရမယ်။

ရုပ်လဲ မရှိ နာမ်လဲမရှိဖြစ်ပြီးပျက်

တဲ့ သဘောမှန်တွေ ဉာဏ်နဲ့ သိနေရမယ်။ အဲဒီမှန်ကန်တဲ့ အသိစိတ်တွေနဲ့ ဘဝနောက်ဆုံးအချိန် နောက်ဆုံးစိတ်ဖြစ်အောင် ကျင့်ကြံ အားထုတ်ကြရပါမယ်။

အဲဒါကြောင့် လူ့ဘဝမှာ အလာ ကောင်းသလို အပြန်ကောင်းအောင် လဲ ဝိပဿနာတရားကို ကျင့်ကြံ အားထုတ်ကြပါလို့ တိုက်တွန်းချင်ပါ တယ်။

*        *        *

အထက်ဖော်ပြပါ အကြောင်းအရာတွေကတော့ **ကျောက်ပန်းတောင်းမြို့ သဲအင်းဂူရိပ်သာကျောင်း ပဓာန နာယက ဆရာတော်ဦးဓမ္မသာမိ ကိုယ်တိုင် မိန့်ကြားခဲ့တဲ့ သူ ငယ်စဉ်ဘဝမှ ယနေ့ထိ ကိုယ်တွေ့ ဖြစ်ရပ်တွေပါ။**

**ယခုအခါ ဆရာတော်ဟာ သက်တော်(၆၅)နှစ်ရှိပြီး၊ သဲအင်းဂူရိပ်သာ ၌(၁)ဝါမှာ အလှည့်ကျ တရားဟော တရားပြနေပါတယ်။**

အခါအားလျော်စွာ မလေးရှား နိုင်ငံသို့လဲ တရားဟော တရားပြ ကြွရောက်ပါတယ်။

ဆရာတော်ဟာ ကိုယ်တိုင်ပဲ အလွန် ကြိုးစားအားထုတ်သူ ဖြစ် သလို တပည့်တွေ၊ ဒကာ,ဒကာမ ယောဂီတွေကို အလွန် ကြိုးစားအား ထုတ်စေလိုပါတယ်။ ကျွန်တော့်ရဲ့ ဝိပဿနာ လက်ဦးဆရာလဲ ဖြစ်ပါ တယ်။

**ကောင်းမြင့်မြတ်စိန်**

www.burmeselassic.com

# ထိုင်ဝေ့ပြီးရင် ထိုရသည် (၁၀)

နှင်းပုလဲသူ

၁၉၈၈ ခုနှစ်၊ ဇူလိုင်လ(၃၀)ရက်တွင် စာရေးသူ၏ ရုံးသို့ ခင်ပွန်းသည်ရောက်လာပြီး အဘကြီး ရန်ကုန်သို့ ရောက်နေကြောင်းနှင့် ခုည(၇)နာရီတွင် ရွှေတိဂုံဘုရား၏ တနင်္ဂနွေထောင့်သို့ အဘကြီး ရောက်လာမည်ဟု သတင်းရ၍ အတူသွားကြရန် လာခေါ်ပါသည်။

စာရေးသူ အလုပ်ရှိရာ ဗဟန်းရုံးမှ မင်္ဂလာဒုံနေအိမ်သို့ ခေတ္တပြန်ပြီး ည(၇)နာရီအမီ ရွှေတိဂုံဘုရားသို့ ပြန်သွားရန် ကားပါ တစ်ခါတည်း ငှားလာခဲ့ပါသည်။

ရွှေတိဂုံဘုရား၏ တနင်္ဂနွေထောင့်တွင် စာရေးသူတို့ စောင့်နေကြစဉ် အဘကြီးနှင့် တပည့်သားသမီးများ စုစုပေါင်း လူတစ်ဆယ့်ငါး ယောက် ရောက်လာကြပါသည်။

အဘကြီးက ငွေဖလားကြီး တစ်လုံးတွင် ထည့်ထားသော ငွေအကြွေစေ့အသစ်များကို ဘုရားရင်ပြင်တော်တစ်လျှောက် - ကြဲပါသည်။ ထို့နောက် အဘကြီး ဘိုးမင်းခေါင်၏ ပုံတော်ရှေ့တွင် ထိုင်လိုက်ပါသည်။

ထို့နောက် စာရေးသူတို့လည်း အဘကြီးတည်းခိုသည့် အိမ်လိပ်စာကိုမေးပြီး မနက်ဖြန်မနက် စာရေးသူတို့ လာခဲ့မည့်အကြောင်း အိမ်ရှင်ကို အသိပေးလိုက်ပါသည်။

အဘကြီး တည်းခိုသည့်အိမ်မှာ ထိုစဉ်က ဆောက်လုပ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်အိမ် ဖြစ်ပါသည်။

ထိုအချိန်တွင် အဘကြီးက စာရေးသူအား အနားလာရန် ခေါ်ပါသည်။ စာရေးသူ အဘကြီးရှေ့ထိုင်လိုက်စဉ် အဘကြီးက လက်ဝါးကို ဖြန့်လိုက်ပြီး အပေါ်သို့ မြှောက်လိုက်ပါသည်။



◆ ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ(၃၀)ရက် ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်တွင် ည(၇:၄၅)မိနစ်က အဘကြီး လေထဲမှထွဲယူ၍ စာရေးသူအား ချီးမြှင့်သည့် အဘကြီးဘိုးမင်းခေါင်၏ ပလတ်စတစ်လောင်းပြီးသားပုံ

ထိုဖြန့်ထားသော လက်ဝါးပေါ်တွင် ပလတ်စတစ်လောင်းပြီးသား အဘကြီးဘိုးမင်းခေါင် ထိုင်နေသည့် ပုံ ပါလာပါသည်။ အဘကြီးက စာရေးသူအား ထိုပုံကို လှမ်းပေးပါသည်။

ဓာတ်ပုံတွင် ပါသည့်အတိုင်း ပေါင်အရင်းထိ ပေါ်နေအောင်ထိုင်ပြီး ညာလက်က ရေနွေးကြမ်းကို သောက်ကာ၊ ဘယ်လက်က စီးကရက်ကို ကိုင်ထားသည့်ပုံ ဖြစ်ပါသည်။

စာရေးသူက ထိုပုံကို သေသေချာချာ ကြည့်နေစဉ် အဘကြီးက...

'ဒူးပေါ် ပေါင်ပေါ်မို့ ရိုင်းတာကို ချော်မ တွေးကြနဲ့၊ ပုတီးစိပ်တာ အားထုတ်တာ မှန်တဲ့ သားသမီးတွေမှန်သမျှ ဆင်းရဲ ချမ်းသာမရွေး အားလုံးဟာ အတွင်းသား တွေကြီးပဲလို့ အဘကြီးက ပြတာ' လို့ ပြောပါသည်။

ထိုအချိန် ကြက်ခြေနီရုံးချုပ်မှ ဦးစိုးလှိုင်က...

'အဘ...သားကိုလဲ တစ်ပုံ လောက်ပေးပါ'

ပြောရာ အဘကြီးက...

'အဘကြီး ဘိုးမင်းခေါင်က ပဋ္ဌာန်းဆက်ရှိသူကို ပေးခိုင်းလို့ ပေးရတာ'

လို့သာ ပြန်ပြောပါသည်။ ဦးစိုးလှိုင် အဘကြီးဘိုးမင်းခေါင်ပုံ မရလိုက်ပါ။

နောက်နေ့ မနက်(၈)နာရီတွင် ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်ရှိ အဘကြီးတည်းခိုရာ နေအိမ်သို့ စာရေးသူတို့ ရောက်သွားကြပါသည်။

စကားပြောဆိုနေကြစဉ် အဘကြီး အား စာရေးသူတို့ မင်္ဂလာဒုံ



www.burmeseclassic.com

www.burmeselassic.com

နေအိမ်သို့ ထမင်းစားကြွရန်ဖိတ်ရာ မနက်ဖန် အဘကြူ အမရပူရသို့ ပြန်မှာမို့ အပြန်တွင် ထမင်းဝင်စားမည့်အကြောင်း အဘကြူကစာရေးသူတို့အား ပြန်ပြောပါသည်။

ထိုအချိန် ၁၉၈၇ ခုနှစ်က အဘကြူသည် အမရပူရမှ ရန်ကုန်သို့ အဘကြူ၏ ကိုင်ပိုင်ကား အဝါရောင် ဟိုင်းလပ်(စ်)လေးနှင့် လာခြင်းဖြစ်ပါသည်။

ထိုသို့ စကားပြောနေကြစဉ် အသက် ငါးဆယ်ကျော်ခန့်ရှိ အမျိုးသားတစ်ဦး စာရေးသူတို့ရှိရာ အပေါ်ထပ်သို့တက်လာပြီးအဘကြူနှင့် မျက်နှာချင်းဆိုင်(၇')ပေလောက် အကွာအဝေးရှိ ကုလားထိုင်တွင် လာထိုင်ပါသည်။

အပေါ်နှင့်အောက် အညိုရောင် ဝတ်ထားပြီး လည်ပင်းတွင်လည်း သစ်သားပုတီး အညိုရောင်တစ်လုံးကို ဆွဲထားပါသည်။ ထိုအမျိုးသားသည် ထိုင်ပြီး ဆယ်မိနစ်လောက်အကြာတွင် အလွန်တစ်ရာ ကျယ်လောင်လှသောအသံနှင့်...

'လောကမှာ လူလိမ်တွေ အများကြီးရှိကြောင်း၊ တချို့လူလိမ်တွေဟည် ကိုယ့်ကိုလူအထင်ကြီးအောင် ဟိတ်နှင့် ဟန်နှင့်နေပြီး ညာဝါးဖြီးဖြန်းနေကြကြောင်း ယုံလွယ်သည့်သူတွေကိုသာ လိမ်လို့ရမှာဖြစ်ကြောင်း။

ငါးပါးသီလလဲမလုံ၊ ကျင့်ကြံအားထုတ်မှုလဲမရှိဘဲ ဘာအကျိုးမှ ဖြစ်မလာနိုင်ကြောင်း၊ ဒီလိုမျိုးတွေကို ယုံမိလျှင် ယုံသောသူများ ဒုက္ခလှလှကြီး တွေ့မှာဖြစ်ကြောင်း'

စသည်ဖြင့် စုံနေအောင် အော်ကြီးဟစ်ကျယ် ပြောပါတော့သည်။

ထိုသူ အော်ဟစ်ပြောနေစဉ် ဧည့်ခန်းအတွင်းရှိ လူအားလုံး တိတ်ဆိတ်ငြိမ်သက်သွားကြပါသည်။

ထိုအမျိုးသား ပြောဆိုနေသော စကားလုံးတိုင်းသည် အဘကြူကို ရည်ညွှန်း၍ စော်ကားပြောဆိုနေသော စကားများဖြစ်ကြောင်း အားလုံးက အလိုလို သိနေကြပါသည်။

စာရေးသူလည်း စိတ်မကောင်းစွာ အဘကြူကို လှမ်းကြည့်လိုက်ရာ အဘကြူသည် ဘာတစ်ခွန်းမှ ပြန်ပြောခြင်းမရှိဘဲ ငြိမ်သက်စွာ နားထောင်နေတာကို တွေ့ရပါသည်။

ထိုအမျိုးသားပြောနေသည့်စကား ရပ်သွားချိန်တွင် အဘကြူက...

'လည်ပင်းမှာ ဆွဲထားတဲ့ ပုတီးအညိုခဏလောက်ပေးပါ'

ဟု ထိုသူကို လှမ်းပြောပါသည်။ ထိုသူက ပုတီးကိုချွတ်လိုက်စဉ် စာရေးသူ၏ခင်ပွန်းက ထိုသူလက်ထဲက ပုတီးကိုသွားယူပြီး အဘကြူကို ပေးလိုက်ပါသည်။

အဘကြူသည် ထိုသစ်သားပုတီးအညိုရောင်ကိုကိုင်ကာ(၉)လုံးထိ ပုတီးစိပ်နေပြီးနောက် လျှပ်တစ်ပြက်...

'ပုတီးကို မိအောင် ဖမ်းပေတော့...ရော့'

ဟု ဆိုကာ ထိုသူထံသို့ သူ့ပုတီးကို ပြန်ပစ်ပေးလိုက်ပါသည်။

ထိုသူ၏ရင်ဘတ်ကို အရှိန်နှင့်လာမှန်သောပုတီးသည် မူလ အညိုရောင်ပုတီးမဟုတ်တော့ဘဲ(၉)လုံးစီ အရောင်မတူသော ကျောက်ပုတီးလုံးများ ဖြစ်နေပါသည်။

အဖြူရောင်(၉)လုံး၊ အပြာရောင်(၉)လုံး၊ အဝါရောင်(၉)လုံး၊ အနက်ရောင်(၉)လုံး၊ အစိမ်းရောင် (၉)လုံး စသည်ဖြင့် (၁၀၈)လုံးပုတီးတစ်ကုံးလုံး (၉)လုံးစီအရောင်ကွဲနေပြီး ပုတီးမှာ မူလအညိုရောင် သစ်သားပုတီးမဟုတ်တော့ဘဲ ကျောက်အကြည်ပုတီးစေ့များ ဖြစ်နေပါသည်။

အဘကြူကို စော်ကားပြောဆိုနေသော ထိုအမျိုးသားသည် ပုတီးကို လက်ထဲကိုင်ထားပြီး မျက်လုံးကြီး အပြူးသားနှင့် အတော်ကြာသည်ထိ ငြိမ်သွားပါသည်။

ထို့နောက် ကုလားထိုင်ပေါ်မှ ကြမ်းပြင်တွင် ဆင်းထိုင်လိုက်ပြီး အဘကြူအား ဦးချကန်တော့ကာ တောင်းပန်စကား ဆိုပါတော့သည်။ အဘကြူက ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ငြိမ်သက်တိတ်ဆိတ်စွာ သာ ဆက်ထိုင်နေပါသည်။

အထက်ပါ အကြောင်းအရာသည် အဘကြီးဘိုးမင်းခေါင်၏ တပည့် သည် လွန်ခဲ့သော နှစ်(၃၀)က အဘကြူ အမရပူရမှ ရန်ကုန်သို့ ခေတ္တလာစဉ် စာရေးသူ ကိုယ်တွေ့ကြုံခဲ့ရသော ဖြစ်ရပ်မှန်ဖြစ်ပါသည်။

ဤစာစုဖြင့် အဘကြီး ဘိုးမင်းခေါင်ရော၊ သင်ဆရာ၊ မြင်ဆရာ ကြားဆရာဖြစ်သည့် ဆရာကြီး အဘကြူကိုပါ ရိုသေစွာ ဦးညွှတ်ကန်တော့ပါသည်။

**နှင်းပုလဲသူ**


www.burmeselassic.com

www.burmeselassic.com




www.burmeselassic.com

www.burmeselassic.com




ညွှန်း

၁။ ဉာဏ်တော် (၁)ပေခွဲလောက်ရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊

၂။ ဘုရားပလ္လင်တွင် ယခင်က မမြင်ဘူးသော အက္ခရာစာတမ်း၊

၃။ လပြည့်နေ့ညနှင့် ရက်ထူးရက်မြတ်တွင် အလိုလိုပေါ်လာပြီး မြည်တဲ့ ကြေးစည်၊

၄။ အပေါ်ဂူမှ အောက်ဂူသို့ ဆင်းသော ဒုတိယဂူအဝ၊

၅။ ပဋ္ဌာန်းဆက်ရှိသောသူ၊ ရှေးဘဝကုသိုလ်ထူးရှိခဲ့သူ၊ ထိုက်တန်တဲ့သူများ၊ ဆေးပေါင်းစီရင် အိပ်စက်နားနေသောနေရာ၊

၆။ ဂူအမိုးမှ ကျဆင်းသော ကျောက်စက်ရေ သိမ်းဆည်းသော ရေကန်၊

၇။ ဂူရဲ့အဝင် လက်ယာဘက် နံဘေးနံရံမှ ဂူကို ဖျက်ဖို့ ကြံစည်ဖူးသူ မိန်းမကျောက်ရုပ်။

* * *

ကျောက်စွယ် ကျောက်ချွန် အတက်အကျွေ့တွေ ပေါ်များပြီး အလွန် စိတ်ဝင်စားစရာ ကောင်းလွန်းသော ထိုနေရာ။

ဤနေရာမှာ ထူးဆန်းလွန်းသောကြောင့် ကျွန်တော် ကနက်သီရိ ဆရာအုန်းရွှေရဲ့ ဘဝတစေ့တစောင်းနှင့် တွဲဖက်၍ တင်ပြပါအံ့။

ဒီကမ္ဘာမှာ သို့မဟုတ် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အံ့သြထူးဆန်း ဖွယ်နေရာတွေ၊ ဖြစ်ရပ်ဆန်းတွေ များပြားသော နေရာတွေ အများကြီး ဆိုတာ ပိုမို သိရှိ နားလည်လာ တယ်။'

**ဥပမာ။** ။ အင်း၊ ဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ ဆေးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ထိုထိုဝိဇ္ဇာ တ နဲ့ သူတော်စင် ဘိုးတော်၊ မယ် တွေဟာ တကယ်ပြောရရင် မမြင် လို့ မရှိဘူးဆိုရင် မြင်ရတဲ့သူတွေ ရှိတယ်လို့ဆိုရင် ငြင်းစရာများ နေမလား။

**ဥပမာ။** ။ ကျွန်တော့်ကို သူ ချင်းတစ်ယောက်က...

'ဆရာ...ဒီနေ့ ဘာနေ့လဲ ခင်ဗျား'

**ဆရာ ။ ။** 'ဒီနေ့... တနင်္ဂနွေ ခင်ဗျား'

**မေးသူ ။ ။** 'နောက်တစ်နေ့ ဆို တနင်္လာနေ့ပေါ့'

**ဆရာ ။ ။** 'ဟုတ်တယ် ခင်ဗျား'

**မေးသူ ။ ။** 'နောက်တစ်နေ့ ဆို ရှိပါသလား၊ ဒီနေ့ တ နေ့နေ့ ရှိပါသလား'

**ဆရာ ။ ။** 'ဟေ ဘယ်လို မျိုးလဲ'

**မေးသူ ။ ။** 'ဆရာ လောကမှာ ဘဲ၊ မမြင်ဘဲ သိနေ အရာတွေ အများကြီး ခင်ဗျား'

**ဆရာ ။ ။** 'ဩော်...ဆရာ ရွယ်ဘဲ အသိတစ်

လိုက်ပြီ၊ ပညာလို့လဲ ဆိုရမယ်

ဒါကြောင့် စကားကို အရ ခံစားချက်တစ်ခုနဲ့ မှားမှန် မ မပြောမိဖို့ အထူးဆင်ခြင်





www.burmeselassic.com

www.burmeselassic.com



‘မတွေ့လျှင် မရှိဘူး’
‘မမြင်လျှင် မသိဘူး’
လောကစကားနှစ်ရပ် ရှိလို့ပါ။

[၁]

## စကားပြောသော

## ထူးဆန်းကျောက်ဂူ

‘သား’

ကျွန်တော့်အဖေက ရုတ်တရက် ခေါ်တယ်။

**ကျွန်တော်။ ။** ‘ခင်ဗျား…အဖေ ပြောစရာ ရှိလို့လား ခင်ဗျား’

**အဖေ ။ ။** ‘ပြောမယ် ပြောမယ်နဲ့ အဖေ အချိန်ယူနေတာ ကြာပါပြီ သားရယ်’

**ကျွန်တော်။ ။** ‘ပြောရမှာ အခက်အခဲရှိလို့လား အဖေ’

**အဖေ ။ ။** ‘တကယ်တော့ လူတိုင်းကို ပြောလို့ မရတဲ့ စကား

သားကတော့ မွေးကတည်းက ူးဆန်းတဲ့ သားတစ်ယောက် ဖြစ် လို့ အဖေ စဉ်းစားနေတာ။

ပြောတာထက် ခေါ်သွားပြရင် ာင်းမယ်၊ သားအတွက် အကျိုး ယ် ထင်တာပါ။

အင်း… သားဟာ လူမှန်းသိစ ွယ်၊ တီတီတာတာ ပြောတတ်တဲ့ ွယ်ကတည်းက…

သူများ မကြားတာကို ကြား ယ်၊ သူများ မမြင်တာကို မြင် ယ်။ တစ်ခါတလေ အိပ်မက် ်နဲ့ ပုစ္ဆာကို ဖြေလိုက်သေး ယ်။ မှန်တာပဲ များတယ်။

ားကို ရွာဦးကျောင်းဆရာတော်

‘ဦးလှရွှေ သားလေးဟာ ထူးဆန်းတဲ့ သားလေးပါ။

အနှီးကို အမေရဲ့ ထဘီနဲ့ မအုပ်ပါနဲ့ အရမ်းလဲ မရိုက်နဲ့။

လို့ ဆရာတော်ကြီးက မှာထားတယ် သားရယ်’

အဖေဟာ စက္ကူနဲ့ လိပ်ထားတဲ့ ဆေးရွက်ကြီးဆေးလိပ်ကို ဖွာလိုက်၊ ရေနွေးတစ်ကျိုက် သောက်လိုက်နဲ့ စကားအရှည်ကြီး ပြောနေပါတယ်။

**အဖေ ။ ။** ‘ကရင်ဗမာ ကပြား တစ်ယောက် ပါကွယ်၊ လောကီစာတို့၊ လောကုတ္တရာစာတို့ မနှံ့စပ်ဘူး။ အဖေ ကျွမ်းကျင်တာက တောင်တန်းဒေသမှာ သတ္တုတူးတာကိုသာ ကျွမ်းကျင်တာ၊ အခုမှ အဖေ မသိတဲ့ ပုစ္ဆာတစ်ခု သား ဖြေပေးရပါမယ်။

သား ထူးထူးဆန်းဆန်းဖွားတာ၊ သားအမေ ကိုယ်ဝန်လွယ်ထားရတုန်း သားအမေ ချင်ခြင်းဖြစ်ပြီး ကြာဥပြုတ်ကို စားမိတယ်၊ ကြာဥကို စားမိလို့ သားအမေ ကိုယ်ဝန်ပျက်ကျဖို့ လူးလိမ့်နေတယ်။ နာလွန်းလို့ ညည်းနေတယ်။ ပက်လက်လှန်ပြီး မျက်လုံးမှိတ်ပြီး နာလွန်းလို့ အော်နေတယ်။

‘သမီးငယ် အကော်လေး ဝေဒနာဖြစ်နေ သလားကွယ့်၊ မကြောက်ပါနဲ့ ခဏဆို သက်သာသွားပါ့မယ်’

ရသေ့တစ်ပါး ခေါင်းရင်းမှာ ရပ်ပြီး တောင်ဝှေးတစ်ချောင်းနဲ့ သားရဲ့ အမေရဲ့ ချက်တိုင်ကို ထောက်ပေးထားတယ်လို့ ပြောတယ်။

သားရဲ့အမေလဲ အိပ်ပျော်သွားပြီး မနက်လင်းလို့ ပကတိ ကောင်းပြီး သားကို မွေးနိုင်ခဲ့တာပါ။

သား မွေးလာပြန်တော့လဲ အနာအဖျားထူတယ်၊ တစ်ကိုယ်လုံး အမြဲ ပူတယ်။

တစ်ခါတလေမှာလဲ ရသေ့လိုလို၊ ရဟန်းလိုလို ပုဂ္ဂိုလ်တွေ သားကို ဆေးလာတိုက်နေတာကို တွေ့ရတယ်လို့ သားအမေက ပြောတယ်



www.burmeseclassic.com

www.burmeselassic.com

**ကျွန်တော်။** ။ကျွန်တော် ဟာ... ကျွန်တော့် အဖေ ပြောစကားကို နားထောင်ရင်း ကျွန်တော့်ဘဝ တစေ့တစောင်းကို ကြားရ,သိရလာပါတယ်။

*　*　*

ကျားဖူးကြီးလှ မြဲဆရာ
ရှိသေဝတ်တွား ရှိုးစန္ဒနာ
နေ့စဉ်ဆုံးမ သွန်သင်ပေတာ
မျိုးမြတ်ဆုံးကွယ့် သာကီနွယ်။ ။

ကျွန်တော့်အမေ ဘုရားရှိခိုးတိုင်း ဆိုတဲ့ ကဗျာသံပေါက်တစ်ခုပါ။ ကြားရဖန်များတော့ အလွတ်ရသွားတယ်။

**အဖေ။ ။** 'သားရယ်...အဖေ ငယ်ငယ်တုန်းက ရောက်ဖူးတဲ့ လူစကားပြောတဲ့ ကျောက်ဂူ အကြောင်းကို ပြောပြချင်တယ်။

ဒါပေမယ့် ဆန်းကြယ်တဲ့ကိစ္စ အကြောင်းကို ပြောပြရခက်နေတယ်။ ကျောက်ဂူရှိတဲ့နေရာကို သားကို ခေါ်သွားချင်တယ်'

**ကျွန်တော်။ ။**'စိတ် ဝင်စားစရာ ကောင်းပါတယ် အဖေ တော်တော်ဝေးသလား'

**အဖေ။ ။ 'ထားဝယ်မြို့ကနေ မော်တော်ကား စီးသွားရမယ်။ ကျောက်မဲတောင်ရွာထိပေါ့။**

ကျောက်မဲတောင်ရွာမှာ ခွဲပြီး နှစ်ရက် တစ်မနက်စာလောက် လမ်းလျှောက်ရတယ်။ တောလမ်းခရီးပါ။ သာယာပါတယ်ကွယ်'

**ကျွန်တော်။ ။**'ဘယ်နေ့သွားမှာလဲ အဖေ'

**အဖေ။ ။** 'တပေါင်း လပြည့်ညရောက်အောင် သွားရမယ်၊ ဒီနေ့ တပေါင်းလဆန်း(၁၁) ရက်နေ့၊ နောက်တစ်နေ့ (၁၂)ရက်နေ့ သွားရအောင်ကွယ့်'

ဒီလိုနဲ့ ကျွန်တော်တို့သားအဖ တပေါင်းလဆန်း(၁၂)ရက် ခရီး စတင် ထွက်ခဲ့ကြပါတယ်။ လမ်းက လူသွားလူလာနည်းတော့ လမ်းစကို ပျောက်နေပါပြီ။ အဖေငယ်ငယ် တုန်းက ရောက်ဖူးတော့ လမ်းကို ဂရုစိုက် မှတ်ပြီးသွားရတယ်'

**အဖေ။ ။** 'သား ပင်ပန်းနေပြီလား၊ ဟိုရှေ့မှာ တောအုပ်ကို မြင်နေရတဲ့ တောင်တန်းပဲ၊ လမ်းကောင်းလာပြီ ရှေ့ယခင်က လူတွေ အတော်များများ သွားကြတယ် ထင်ရတယ်'

'ဝဲလဲ...ဝဲလဲ... ဝေါ်... ဝေါ်... ဝီး... ဝီး'

မမျှော်လင့်ဘဲ အသံတွေကြားရတယ်။ ကျွန်တော်တော့ ကြက်သီး မွေးညင်းတွေ ထနေပြီ။

**အဖေ။ ။**'ကြောက်မက်ဖွယ် အသံတွေ ကြားရလား'

**ကျွန်တော်။ ။**'ကြားရတယ် အဖေ ဘာဖြစ်တာလဲ၊ ဘာသံတွေလဲ ကြောက်လန့်စရာကြီး'

**အဖေ။ ။** 'ဒီအသံတွေကို ငါ့သား ကြားတယ်၊ အရင်က အဖေနဲ့ လိုက်လာတဲ့သူတွေဟာ အဖေသာ ကြားတယ်။ တခြားသူတွေ မကြားရဘူး။ ဒါကြောင့် အဖေပြောရခက်တယ် ဆိုတာလေ'

သားအဖနှစ်ယောက် စကားပြောရင်းနဲ့ လျှောက်လာတာ အဖေပြောတဲ့ကျောက်ဂူနဲ့ နီးကပ်နေပါပြီ ... လဲ မြင်ရနေပြီ။

တဝီဝီ တဝေါဝေါနဲ့ တောတ... ကို လေကြမ်းတစ်ချက် တစ်ချ... တိုက်ခတ်လိုက်တိုင်း ကျောစိမ့်... လိုဖြစ်လာတယ်။ ဩော်...တော... ကြမ်း၊ တောင်ကြမ်းဆိုတာ ဒီ... ကို။

**အဖေ။ ။** 'ရောက်ပြီသား ... ၅ နာရီခွဲလောက်ရှိ... ဟိုကိုင်ဒီကိုင် မလုပ်ရဘူးနော်'

**ကျွန်တော်။ ။**'ခင်ဗျား'

အဖေဟာ ပြောရင်းနဲ့ ဂူရဲ့... ရင်ပြင်မှာ အမှိုက်နဲ့ သစ်ရွက်သ... များကို ရှင်းသစ်ရင်း ပါလာတဲ့... ခင်း ပတ်ထုပ်ငိုးကို ခင်းရင်း ပြ... တစ်ပြိုင်တည်း...

'သား... အဖေနားမှာ ... ဘုရားကန်တော့ရအောင် ... ကွယ့်'

'ဗုဒ္ဓမြတ်စွာဘုရားကို ပူဇော်...
ဓမ္မတာရားတော်မြတ်ကို ပူဇော်...
သံဃံ သံဃာတော်အပေါင်းကို...
ဘုရား'

သားအဖနှစ်ယောက် ... ချီထားတာကို ဦးသုံးကြိမ်... ကန်တော့လိုက်ပါတယ်။

'ရောက်လာကြပြီလား ကွယ်...'

'ဟင်... လူတစ်ဦးတစ်ယော... မရှိတဲ့ ကျောက်ဂူကြီး စကား... ပြီ။ ကျွန်တော် အံ့ဩလို့ ...

ရွှေလ ဆက်ဖတ်ပါ...

ကနက်သီရိ ဆရာ...



www.burmeselassic.com

www.burmeselassic.com



တင်မြင့်ကျော်ဖြိုး (သစ်အုပ်)
ဗန်းမော်သစ်ထုတ်ရေး

ကျွန်ုပ်နှင့် ထူးဆန်းသော

# ဒန့်ဒိုးတစ်လုံး

တစ်နေ့သ၌ ကျွန်ုပ်သည် ဗန်းမော်မြို့နယ်အတွင်းရှိ သစ်တောဘိနယ် အသီးသီးမှ လက်ခံသယ်ယူပေးရန် အကြောင်းကြားထားသော ပုံစံ(၈)ခေါ် (သ တ ဖ)ဖမ်းဆီးသစ်များအား စစ်ဆေး၍ လက်ခံ/သယ်ယူနိုင်ရန် လမ်းကြောင်း၊ ကုန်ကျစရိတ်၊ သယ်ယူနိုင်မည့်နည်းလမ်း၊ မြေပြင်ရှိ ဖမ်းဆီးသစ်များ၏ အခြေအနေစသည်တို့အား သိရှိနိုင်ရန်အတွက် ဗန်းမော်/မန်စီ သစ်ထုတ်လုပ်ရေး နယ်တာဝန်ခံမှ ရှေးဦးအနေဖြင့် လေ့လာစုံစမ်းရန် စေခိုင်းချက်အရ ဗန်းမော်မြို့၏ အထက်ဘက်တွင် တည်ရှိသော မြစေတီသစ်တော ဘိနယ်နှင့် တိန်းသော်သစ်တော ဘိနယ်ရှိရာသို့ ဧရာဝတီမြစ်ကြောင်း အတိုင်း ဟွန်ဒါ စက်တပ်လှေဖြင့် ဆန်တက်လာခဲ့ပါသည်။

တိန်းသော်ဘိနယ်တာဝန်ခံ တောအုပ်ဦးဟန်စိုးနှင့်အတူ ဗန်းမော်မှ နံနက်(၇း၀၀)နာရီတွင် ဆန်တက်လာရာ တိန်းသော်ဘိနယ်၏ သစ်တောစခန်းတစ်ခု ဖြစ်သော ညောင်ပင်သာစခန်းသို့ (၁၀း၄၅) နာရီတွင် ရောက်ရှိခဲ့ပါသည်။

ညောင်ပင်သာစခန်းတွင် နံနက်စာ စားပြီးသောအခါ ဖမ်းဆီးသစ်များအား လိုက်လံစစ်ဆေးပြီး ညနေ (၃း၀၀)နာရီခန့်တွင် လှေဖြင့် ပြန်လည် စုန်ဆင်းလာခဲ့ပါသည်။ ညနေ

www.burmeselassic.com

(၅း၀၀) နာရီခန့်တွင် ရောဝတီမြစ်အတွင်း လေရောမိုးပါ တိုက်ခတ်လာသဖြင့် ကမ်းနီကျေးရွာတွင် ဆိုက်ကပ် ရပ်နားလိုက်ကြပါသည်။

ထိုညအတွက် တောအုပ်ဦးဟန်စိုးနှင့် အသိမိတ်ဆွေဖြစ်သူ ကမ်းနီရွာသား ဦးမြင့်ဦးမှ သူ၏အိမ်တွင် ညစာ ကျွေးမွေးပြီး အချိုတည်းရင်း ရေနွေးသောက်ကြလေသည်။

ဤသို့ဖြင့် စကားစမြည်ပြောရင်း အိမ်ရှင် ဦးမြင့်ဦးမှ ကျွန်ုပ်အား...

'ဆရာပြောသလို ဂွမ်းရလား ဘာလားတော့ မပြောတတ်ဘူးဗျ၊ ကျွန်တော်ကြုံဖူးတဲ့ အကြောင်းလေးတစ်ခုတော့ ပြောပြချင်ပါတယ်'

ဟု အစပျိုးလိုက်သောအခါ ကျွန်ုပ်အဖို့မှာ အချိုရှာ သကာ တွေ့လေပြီမို့ စကားလမ်းကြောင်း တည့်ပေးလိုက်ပါတော့သည်။

'ပြောမှာသာ ပြောပါ ဦးမြင့်ဦးရယ်၊ သက်ကြီးစကား သက်ငယ်ကြားဖို့ဆိုတာ ခုလို ပြောပြမှပဲ သိရမှာ မဟုတ်လားဗျ'

'ဒီလိုဗျ ဆရာရေ ဆရာတို့များ သိမလား၊ ၁၉၈၈ ခုနှစ်ဝန်းကျင်မှာပေါ့ အရေးအခင်းတွေ ဖြစ်နေတဲ့ကာလ၊ ကျောင်းသားတွေကလဲ တောကို ခိုလာတဲ့အချိန်မှာပေါ့၊ သူပုန်အဖွဲ့တွေကလဲ အများသားကိုးဗျ၊ အဲဒီအချိန်တုန်းက ကျွန်တော်ကလဲ အိမ်ထောင်ကျပြီးစပေါ့၊ မိရိုးဖလာလုပ်ငန်း ဖြစ်တဲ့ တောင်ယာခုတ်ရင်း မိသားစု ထဲအိမ်,ခြောက်အိမ် စုဝေးပြီး တောစပ်မှာ နေကြရတာ။

ဒီလိုနဲ့ တစ်နေ့မှာပေါ့ဗျာ တောခိုတဲ့အဖွဲ့အစည်းတစ်ခုက ကျွန်တော်တို့ အိမ်ထောင်ဦးစီး ခြောက်ယောက်ကို အင်အားစုဆောင်းရေးအဖြစ် လာခေါ်လို့ပါသွားတယ်လေ။ သူတို့ စခန်းရောက်တော့ ဆရာရေ သိတဲ့အတိုင်းပဲ ပေါ်တာအဆွဲခံရတဲ့ လူတွေဆိုတော့ ဘယ်အချိန် ဘာဖြစ်မလဲ မသိဘူး။ အလုပ်တွေက တော့ အစုံခိုင်းနေတာပဲ မနားရဘူး။

ဒါနဲ့ တစ်ပတ်လောက်နေတော့ သူငယ်ချင်းခြောက်ယောက်လုံး ထွက်ပြေးဖို့ တိုင်ပင်ပြီး လကွယ်ညရဲ့ သန်းခေါင်မှာ ကိုယ့်ရွာရှိတဲ့ဘက်ကို မှန်းပြီး ထွက်ပြီးပြေးလာကြတယ်။ မနက်လင်းတော့ ခရီးတစ်ဝက်လောက် ရောက်ပြီဆိုတာ သိပေမယ့် နောက်က လိုက်လာရင် မိသွားမှာစိုးလို့ နေ့ခင်းဘက် မှာ မပြေးဘဲ လျှိုထဲမှာပဲ ပုန်းနေကြတာ။ တစ်ယောက်က သစ်ပင်ပေါ်တက်ပြီး ကင်းစောင့်ကျန်တဲ့လူတွေက ဗိုက်ဆာဆာနဲ့ အိပ်ပေါ့'

ဦးမြင့်ဦးသည် စကားပြောရင်း အတန်ငယ် မောသွားသည်ထင့် ကြံသကာတစ်ခဲကို ကိုက်စားပြီး ရေနွေးတစ်ခွက် သောက်နေစဉ် စာရေးသူမှ...

'အင်း... အသက်ဘေးနဲ့ ထွက်ပြေးခဲ့ရတာဆိုတော့ စွန့်စားခန်းပေါ့နော်'

ဟု စကားထောက်လိုက်လေသည်။

ဦးမြင့်ဦးမှ ဆက်၍...

'စွန့်စားခန်းက နောက်တစ်ရက်မှ စ,တာဗျ၊ ဒီလို ညနေခင်း နေဝင်ချိန်လဲ ရောက်တော့ သတိထားရင်း ခရီးဆက်လာတာ နာရီဝက်လောက်အကြာမှာ လူတစ်ယောက်မှ မရှိတဲ့ တဲတစ်လုံးဆီ ရောက်သွားတယ်။ အခြေအနေ အကဲခတ်ပြီး အကူအညီတောင်းသင့်ရင် တောင်းမယ်ပေါ့။ ဗိုက်တွေက ဆာနေပြီလေ။

တဲထဲမှာ လူတစ်ယောက်မှ ရှာမတွေ့ပေမယ့် စားစရာ အသားခြောက်တွေ အာလူးတွေ တွေ့တာနဲ့ အလျင်စလိုချက်ပြုတ်ပြီး ဗိုက်ဖြည့်လိုက်ကြတာပေါ့။ တစ်ယောက်က အကြံပေးတယ်။ တို့တစ်တွေ ရွာမရောက်ခင် လမ်းမှာ အရေးပေါ် ချက်ပြုတ်စားလို့ရအောင် ဒီအိုးလေး တစ်လုံးကိုတော့ ယူခဲ့ရင်ကောင်းမယ်ဆို တော့ အားလုံးကလဲ သဘောတူတာနဲ့ ယူခဲ့ကြတာပေါ့ဗျာ။

ဒါနဲ့ ညပိုင်းမှာ ကြယ်တွေကို ကြည့်ပြီး ခရီးဆက်ခဲ့တာ မနက်ဆို ရွာကိုရောက်မယ်ဆိုတဲ့ စိတ်ကူးနဲ့ပေါ့။ ဒီလိုနဲ့ မနက်လဲ မိုးလင်းရော ကိုယ်ရောက်နေတဲ့ နေရာကို ပြန်ကြည့်မိတော့ အားလုံးပါးစပ်အဟောင်းသား ဖြစ်ကုန်ရောပဲ ဆရာရေ ဘာကြောင့်လဲဆိုတော့ မနေ့ညနေက ဝင်နားခဲ့တဲ့ လူမရှိတဲ့ တဲနား ပြန်ရောက်နေလို့ပဲ။

ဒီလိုနဲ့ တဲထဲမှာပဲ ပြန်ဝင်ပြီး ချက်ပြုတ်စားသောက်ပြီးမှ လမ်းမှားအောင် နေ့ခင်းမှာ အရဲစွန့်ပြီး ထွက်လာခဲ့ကြတယ်။ ညနေ စောင်းတော့ ချောင်းတစ်ချောင်း ရေသောက် ပြီး ခဏနားတယ်။ ပြီးတော့ တစ်ညလုံး ပြန်ဆက်သွားကြတာပဲ။ မနက်လင်းတော့ အားလုံး အံ့သြကြီးစွာ ဖြစ်ရပြန်တယ်။ အဲဒီ ပိုင်ရှင်မရှိတဲ့ တဲဆီကိုပဲ ပြန်ရောက် နေလို့ပေါ့ဗျာ။

ကျွန်တော်တို့ ခြောက်ယောက်လုံးက ဘာကြောင့် အံ့သြကြသလဲဆိုရင် ဒီတောဒီတောင်တွေဆိုတာ ကျွန်တော်တို့ မွေးပြီးကတည်းက အမဲလိုက်ရင်း၊ ဝါးခုတ်ရင်း တောင်ယာစိုက်ပြီး နေခဲ့ကြတာ။ လုံးဝ စိမ်းတဲ့နေရာ မဟုတ်ဘူးလေ။

ဒီလိုနဲ့ ထွက်ပြေးလာတာ ခြောက်ရက်မြောက်နေပြီ။ ရိက္ခာကလဲ ဘာမှ မရှိတော့လို့ မျောက်ဥတို့၊ တောအုန်းတို့ပဲ ရှာစားနေရတော့တာပဲ။ အားလုံးလဲ စိတ်ဓာတ်ကျကုန်ပြီ။



www.burmeselassic.com

www.burmeselassic.com



အိမ်က လူတွေကိုလဲ စိုးရိမ်နေပြီ။ အာဟာရကလဲ ပြတ်တော့ ပိုဆိုး တာပေါ့။ တချို့ သူငယ်ချင်းတွေက ဆိုရင် ထွက်မပြေးဘဲ ဘယ်အဖွဲ့ အစည်းပဲ ခေါ်ခေါ် ပြန်ပြီး အဖမ်းခံ လိုက်ကြဖို့တောင် ပြောနေ ကြကုန်ပြီ။ ခုလို ထွက်ပြေး ရင်း ပြန်မိသွားရင် အသတ်ခံရမှာလဲ စိုးရိမ်နဲ့ပေါ့ဗျာ။

အဲဒီအချိန်မှာ တစ်ယောက်က အကြံပေးလာတယ်။

"နောက်တစ်ကြိမ် ဒီလို ထွက်ပြေးနိုင်ဖို့ ဆိုတာ မသေချာတော့ဘူး။ တို့ အစု စဉ်းစားအဖြေရှာမှာက ဒီနေရာကို ဘာ ကြောင့် ပြန်ပြန်ရောက်နေသလဲ ဆိုတာ ကိုပဲ စဉ်းစားကြစို့ပါဗျာ"

လို့ ဆိုတော့မှ အားလုံး အိမ်ပြန် ရောက်ချင်ဇောနဲ့ ထွက်ပြေးလာကြ တာပဲရှိတယ်။ ဘာအမှားတစ်ခုမှ မကျူးလွန်ခဲ့ကြဘူးဆိုတော့ ဆက် ပြီး စဉ်းစားကြတာပေါ့။ အဲဒီအချိန် မှာ အပေါ့စွန့်သွားပြီး ပြန်လာတဲ့ မုဆိုးတစ်ယောက်က ပြောလာ တယ်။

"မိတ်ဆွေတို့ရေ... အဖြေတွေ့ပြီဗျာ။ တခြားတော့ မဟုတ်ပါဘူး။ ဒီတဲက ယူလာတဲ့ ဒန်အိုးကို ဒီတဲမှာပဲ သူ့နေရာသူ ပြန်ထားလိုက်ကြရအောင်ဗျာ။ အဆင် ပြေသွားမှာပါ။ ကဲ အားလုံးရှင်းသွား အောင် ကျွန်တော့်နောက်က လိုက်ခဲ့ ပါ"

သူ ပြောတာ ဟုတ်သလိုလိုရှိတာ နဲ့ သူခေါ်ပြတဲ့နေရာကို လိုက်ကြည့် ကြတာပေါ့။ သိပ်မဝေးပါဘူး။ တဲနဲ့ ပေငါးဆယ်လောက်မှာပေါ့။ လက်သီးဆုပ် သာသာလောက်ရှိ အရိုးခေါင်းတစ်ခုကို တစ်ပေ လောက်မြင့်တဲ့ တုတ်လေးပေါ်မှာ စွပ်ထားပြီး အရိုးချောင်းနှစ်ခုနဲ့ ကြက်ခြေခတ်လျက်သား တွေ့ရ တယ်။ အောက်ခြေမှာလဲ လိပ်ခွံ တစ်ခုကို တွေ့ရတယ်။ ခေါ်ပြတဲ့ သူက ပြောတယ်။

"ဟောဒီမှာ တွေ့လားဗျ၊ ဒီအရိုးခေါင်းက မျောက်ခေါင်းရိုးပဲ၊ ဒီအရိုးနှစ်ချောင်း ကတော့ သူ့လက်ဖျံရိုးပဲ၊ လိပ်ခွံပေါ်မှာ စာတချို့ တွေ့တယ် မဟုတ်လား။ ပြောရ မယ်ဆိုရင်တော့ ဒါ... လောကီပညာရပ် တစ်ခုခုနဲ့ အစီအရင်လုပ်ထားတာပဲဗျ။ ထူးခြားတာက ဒီတဲထဲမှာ အစား အသောက် အသုံးအဆောင်တွေ ရှိနေပေ မယ့် ပိုင်ရှင်ကို တစ်ခါမှ မတွေ့ရတာ။ ဒါကြောင့် သူမရှိတဲ့ အခိုက်မှာ တဲကို အစောင့်ထားတဲ့ သဘောပဲဗျ။ ကြိုက်တာ ယူစားလို့ရပေမယ့် ပိုင်ရှင် ခွင့်မပြုတဲ ယူသွားလို့ မရဘူးပေါ့။ ဒါကြောင့် ဒန်အိုး လေးကို ပြန်ထားခဲ့မှပဲ ကျွန်တော်တို့ လိုရာခရီးကို ရောက်နိုင်မှာ။ မဟုတ်ရင် တော့ ကျွန်တော်တို့အဖွဲ့ ဘေးဒုက္ခကြီး ကြီး ကြုံတွေ့ရနိုင်တယ်ဗျ"

လို့ ရှင်းပြတယ်လေ။

အဲဒီတော့မှ အားလုံးက ကြက် သေ သေသွားပြီး ယူထားမိတဲ့ဒန်အိုး ကို အမြန်ပဲ သူ့နေရာလေးမှာ ပြန် ထားပြီး တစ်ခါတည်း လစ်ခဲ့တော့ တာပဲ။ နောက်ရက် နေ့လယ်ခင်းမှာ တော့ ရွာကို ချောချောမောမော ရောက်ခဲ့ပါပြီဗျ။ ထမင်းဆာလွန်းလို့ အားပါးတရ စားလိုက်တာ ပထမဆုံး တစ်လုတ်တောင် မနည်းကြီး မျိုချရတယ်ဗျာ။ အစာမစားရတဲ့ ရက်တွေက များတော့ အူတွေ၊ အာခေါင်တွေ ခြောက်ကပ်ပြီး မျိုမကျဘူးလေ။ နောက်တစ်ရက် မှပဲ ကောင်းကောင်းစားလို့ ရတော့ တယ်ဆရာ ဆရာရေ'

စာရေးသူမှ...

'အင်း... ဦးမြင့်ဦးတို့ရဲ့ အတွေ့ အကြုံကလဲ တယ်လဲ ထူးဆန်းပါ လားဗျ'

'သိပ်ဟုတ်တာပေါ့ ဆရာရယ်၊ ဒါကြောင့် ဆရာတို့လဲ သစ်တော ဝန်ထမ်းတွေဆိုတော့ တောထဲ တောင်ထဲသွားရင်း ခုလို အဖြစ်မျိုး မကြုံရလေအောင် အစစ အရာရာ ဆင်ခြင်နိုင်စေဖို့ ကြုံကြိုက်တုန်း ပြောမိတာပါဗျာ'

'ကျေးဇူးပါပဲ ဦးမြင့်ဦးရယ် ခုလို ပြောပြပေးတဲ့အတွက် ကျွန်တော်တို့ လဲ ဗဟုသုတ အများကြီး ရလိုက်ပါ တယ်ဗျာ'

ဟု ကျေးဇူးတင်စကား ပြောကြ ရင်း ထူးခြားဆန်းကြယ်လှသော လောကကြီးအကြောင်း စဉ်းစားကာ အတွေး ကိုယ်စီဖြင့် အိပ်ရာဝင်ခဲ့ကြ လေတော့သတည်း။

**များသတ္တဝါဝေနေယျာ ချမ်းသာ ကြပါစေ။**

**တင်အောင်မိုး(သစ်အုပ်)**
**ဗန်းမော်သစ်ထုတ်ရေး**



www.burmeselassic.com

www.burmeselassic.com

အထူးပြောဖို့ လိုမည်မထင်ပါ။

ပဋ္ဌာန်းတရားတော်ကို ရွတ်ဆို ကြည်ညိုကြခြင်းကြောင့်...

- ကံဇာတာများ အထူးပွင့်လန်းစေခြင်း။
- ဘုန်းတန်ခိုး တိုးတက်ခြင်း။
- ဘေးအန္တရာယ် ကင်းစေခြင်း။
- အသိဉာဏ်များ အထူးပွင့်လင်းစေခြင်း။
- စည်းစိမ်ချမ်းသာ ပြည့်စုံနိုင်ခြင်း။

စတဲ့ အကျိုးတွေ ဖြစ်ထွန်းစေနိုင်ပါတယ်။

ဘုရားရှင်ရဲ့ တရားတော်အား ကြည်ညိုသော ပုဂ္ဂိုလ်များအတွက်ကတော့ ထိုထက်သာလွန်သော ကောင်းကျိုးချမ်းသာများကို မလွဲကေန် ရကို ရ,ရမည်လို့ ယုံကြည်ထိုက်ပါတယ်။

ယခုလည်း **ပဋ္ဌာန်းငွေအိုးအစီအရင်ကို** တင်ပြလိုပါတယ်။

အာစရိယဝါဒအရ...

***




စတီးလင်ပန်း (လေးထောင့်) တစ်ချပ်တွင် ငွေဝင် စမ(၄)လုံးကို ရေးပါ။ စတီးလင်ပန်းအလယ်တွင် ငွေအိုးကို ထားပါ။ **[ငွေအိုးကို အစစ်အသုံးပြုရန် ခက်ခဲပါက ငွေရောင်အိုးကို သုံးပါ။ မြေအိုးကို ငွေမှုင်သုတ်၍ သုံးပါ]**

တစ်ကြိမ်ကို (၂၄)ရက်ဖြင့် (၃)ကြိမ် ခန့် ဆောင်ရွက်ကြည့်ပါ။

ထူးခြားလာပါလိမ့်မည်။

ဆောင်ရွက်ပုံကို ပြောပြပါမည်။

'နေ့စဉ် နေ့တိုင်း ထိုငွေအိုးထဲ ငွေ(၁၀၀) ကျပ် ထည့်ပါ။ ငွေ(၁၀၀)ကျပ်ထည့်တိုင်းမှာ ပဋ္ဌာန်း ၂၄ ပစ္စည်းကို (၃)ခေါက် ရွတ်ပါ'

ပြီးရင်...

လာဘ်ခေါ်မန္တန်ကို (၂၇)ခေါက် ရွတ်ပါ။ ဤမျှသာ ဖြစ်ပါတယ်။

အရဟံ
ဗုဒ္ဓေါ အရဟံ၊
အရဟံ ဗုဒ္ဓေါ၊
ဗုဒ္ဓ ၁ ဂုဏာတေဇသာ
သဗ္ဗသိဒ္ဓိ လာဘံမေ ဘဝိသသတိ။

ခက်ခဲသော ပါဠိအသံထွက်

**ဗုဒ္ဓေါ** = ဗုတ်ဓေါ
**ဗုဒ္ဓသ** = ဗုတ်ဓတ်သ
**သဗ္ဗသိဒ္ဓိ** = သပ်ဗသိတ်...
**ဘဝိဿတိ** = ဘဝိတ်သ...

# ထာဘ်လာဘ အထူးပွင့်လန်းစေသော
# ပဋ္ဌာန်းငွေအိုး အစီအရင်




အဓိဋ္ဌာန်(၂၄)ရက် ပြည့်သော အခါတွင် ထိုငွေအိုးထဲမှ ငွေ... ဆင်းရဲသော သက်ကြီး... တစ်ဦးဦးအား အာဟာရဒါန... အဆင်ပြေရာ တစ်ခုခုဖြင့် ... ပြုလိုက်ပါ။

*အရင်ဦး၍ ထူးပါစေ*

ဦးကိုဦး



www.burmeselassic.com

www.burmeselassic.com



# သာသနာ ကာကွယ်

## ဘာအန္တရာယ်မှ မဖြစ်

ဆရာကြီး မင်းဦးစိမ်
(ဝေဒနကျွတ္တာပညာရှင်)
(တိုင်းရင်းမြန်မာသမားတော်ကြီး)

တစ်နေ့သည်၌ ကျွန်ုပ် ဗေဒင်ဟော
...နှင့် ဆေးကုဌာနသို့ အသက်
...)နှစ်ရှိသော အမျိုးသမီးကြီး
...စ်ဦးနှင့် အသက်(၃၀)နှစ်အရွယ်
...ရှိ အမျိုးသမီးနှစ်ဦး ရောက်ရှိ
...ခဲ့ရာ အသက်(၆၈)နှစ်ရှိ အမျိုး
...မီးကြီး၏ မျက်နှာ,ခြေထောက်
... ဖောရောင်နေသော ရောဂါကို
...ရောက် ပြသ,ကုသခြင်း ဖြစ်
...သည်။

ကျွန်ုပ်သည် ရောဂါ၏ အခြေ
...နေ မည်သို့မည်ပုံ ဖြစ်သည်တို့
... စစ်ဆေးမှု ပြုလုပ်၍ ဆေး
ကုသချက် စမ်းစစ်ပြီး ယင်းရောဂါ
နှင့် သင့်မြတ်သော ဆေးများနှင့်
တကွ မည်ကဲ့သို့ သောက်သုံးရ
မည်...

မည်သည့် အစာများ ရှောင်ကြဉ်
ရမည်၊ မည်သည့် အစားအစာများ
စားသောက်ရမည်တို့ကို ဆေး
အညွှန်းနှင့်တကွ ရေးပေးပြီးလျှင်
နေရပ်လိပ်စာမှတ်တမ်း၊ ကုသချက်၊
ဆေးပေးချက်များ ရေးမှတ်ရန်
မေးမြန်းကြည့်သည်။

ထိုအခါ အမျိုးသမီးကြီးသည်
(၁၀၇)ရပ်ကွက် ဘုရားကြီးအနီး
ယခု သူနှင့် အတူ
ပါလာသူ တူမ
တစ်ဝမ်းကွဲအိမ်၌ တည်းခိုပြီး
ရွှေတိဂုံဘုရားကြီးနှင့်တကွ
တန်ခိုးကြီးဘုရားများကို
ဖူးမြော်ရန် လာရောက်ခဲ့ခြင်းဖြစ်
ကြောင်း၊ ဘုရားဖူးရောက်နေသည်
မှာ တနင်္ဂနွေ(၂)ပတ်ကျော်ခန့်ရှိ၍
ဘုရားများလည်း အစုံ ဖူးမြော်ပြီးပါ
ကြောင်း၊ ပြန်မည့်ဆဲဆဲ ကောက်ကာ
ငင်ကာ ဤရောဂါ ရလာခဲ့ခြင်းဖြစ်
ကြောင်း ပြန်လည် ပြောပြပါသည်။

သို့ဖြင့် ကျွန်ုပ်က မည်သည့်ဒေသ
မှ ဘုရားဖူးလာသည်ကို မေးမြန်း
ကြည့်ရာ မြန်မာနိုင်ငံ မြေလတ်
ဒေသမြို့ကလေး အောင်လံမြို့နယ်၊
ဆာမိကုန်းရွာမှ ဖြစ်ကြောင်း သိရ
သည်။

ဤတွင် ကျွန်ုပ်မှာ အောင်လံမြို့
ဇာတိဖြစ်သည့်အပြင် မိခင်ကြီး
ဘက်မှ ဆာမိကုန်းရွာတွင် ဆွေမျိုး
များရှိရာ စကားလိပ်ပတ်လည်မိ
သည်တွင် ထိုအမျိုးသမီးကြီးသည်

www.burmeselassic.com

ကျွန်ုပ်နှင့်ပင် ဆွေရိပ်မျိုးရိပ် မကင်းကြောင်း သိရလေတော့သည်။

သို့နှင့် အောင်လံမြို့ပေါ်နှင့် အနီးတစ်ဝိုက် ထင်ရှားကျော်ကြားသော ဘုရားများ၊ ဒေသများ၊ ဂမ္ဘီရဆန်သော အကြောင်းများ ပြောမိဆိုမိ မေးမြန်းကြည့်မိလေသည်။

ဤတွင် ထိုအမျိုးသမီးကြီးသည် ကျွန်ုပ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် စာရေးနေမှန်း သိလိုက်သည့်အပြင်... ကျွန်ုပ် ရေးသော အကြောင်းအရာများထဲမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော **"ဆိုင်းပွဲတစ်ခေါက် မီးထွန်းရောက်"** အကြောင်းကို သူ ဖတ်ဖူးပါကြောင်း...

ကျွန်ုပ်က ယင်း "ဆိုင်းပွဲတစ်ခေါက် မီးထွန်းရောက်" အကြောင်းတွင် မီးထွန်းလိုက်သွားသူမှာ ကျွန်ုပ်ကိုယ်တိုင်ဖြစ်ကြောင်း၊ ကျွန်ုပ် အောင်လံဈေးကြီး အရှေ့ဘက် "အောင်သပြေ စက်ဘီးပြင်ဆိုင်" တွင် ပညာသင်စဉ်က အကြောင်းကို ရေးသားခြင်းဖြစ်ကြောင်း ပြောပြရာ ထိုအမျိုးသမီးကြီးက...

'ဟုတ်တယ် ဆရာကြီးရေ... ကျွန်မတို့ ဒေသမှာ ဂမ္ဘီရဆန်တဲ့ အဖြစ်အပျက်တွေ... "ပြောမယုံ ကြုံဖူးမှသိ" ဆိုတာလို ဆရာကြီးရေးဖို့ အဆင်ပြေမယ်ထင်ရင် ကျွန်မ မိဘများကတစ်ဆင့် သိခဲ့ရတဲ့ ဇာတ်လမ်းလေး ပြောပြပါ့မယ်။ အဖြစ်မှန် အဖြစ်ဆန်းလေးပေါ့'

*　　*　　*

ဆာမိကုန်းရွာကြီးတွင် ဦးဘိုးဆယ်+ဒေါ်မြ ဆိုလျှင် မသိသူ မရှိသလောက်ပင်။ သားကြီး, ကိုသြ၊ သားငယ် ကိုချော ဟူသော သား နှစ်ယောက်ရှိသည်။

သားကြီး ကိုသြမှာ အိမ်ထောင်ရက်သား ကျခဲ့သော်လည်း မိဘများနှင့်အတူ ဒိုးတူပေါင်ဖက် ကိုင်းလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်။ အသက် (၂၅)နှစ်ရှိပြီး၊ ညီ ကိုချောမှာ အသက်(၁၈)နှစ်ရှိပြီး ကိုကြီးကိုသြနှင့်အတူ ကူညီလုပ်ကိုင်ပေးသည်။

ထိုခေတ်က လောကဓာတ်စာပေများစွာ မထွန်းကားသေးရာ ညီအစ်ကို နှစ်ယောက်စလုံး ဘုန်းကြီးကျောင်းထွက် ဖြစ်၍ စာပေအရာ ရေးတတ်,ဖတ်တတ် ရုံမျှ ရှိလေသည်။

တစ်ည... ဒေါ်မယ်မြသည် ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်ရာ အိပ်မက်ထဲ၌ ဆာမိကုန်းရွာကြီး၏ အရှေ့မြောက်ဘက် ပြည်–အောင်လံ–မကွေး ကားလမ်း၏ ခပ်လှမ်းလှမ်းရှိ **ရွှေမြင်တင်ဘုရားဘက်မှ အသက်(၃၅)နှစ်ခန့်ရှိ** ရသေ့လိုလို ယောဂီဝတ်စုံနှင့် လူတစ်ယောက်မှ (၁၆)နှစ်ခန့်အရွယ် ကလေးမလေးတစ်ဦး လက်ကို ကိုင်စွဲလျက် မိမိထံ ရောက်လာပါသည်။

ထို့နောက် ဤမိန်းကလေးသည် မိမိ၏နှမကလေးဖြစ်ကြောင်း ဤအိမ်မှာ နေခွင့်ပြုပါရန်နှင့် လက်ခံပါရန် ပြောဆိုခွင့်တောင်းပါသည်။

မိမိကလည်း ထိုကလေးမလေးအား မြင်မြင်ချင်း သံယော ဖြစ်မိသဖြင့် ခွင့်ပြုခေါ်ထားလိုက် ကြောင်း မြင်မက်မိလေသည်။

နံနက်မိုးလင်းသောအခါ အိပ်မက်ကို မိမိ၏ ခင်ပွန်း ဦးဘိုးဆယ်အား ပြန်လည်ပြော ရာ ဦးဘိုးဆယ်က မိမိနှင့် မိမိ ဒေါ်မယ်မြသည် အသက်အရွ အားဖြင့်... ဦးဘိုးဆယ်က (၅ ဒေါ်မယ်မြက အသက်(၄၀)ကျော် ၍ (၄)နှစ်စွန်းသည့်ဘက်သို့ ဝင်ရောက်နေပါသည်။

သို့ဖြစ်၍ ကလေးရနိုင် အိပ်မက် မဟုတ်ကြောင်း၊ သွေး ချောက်ချား၍ မက်သော အိပ်မ မျိုးဖြစ်ကြောင်း ပြန်လည် ပြော သည်။

သို့သော်လည်း များမကြာ ဒေါ်မယ်မြ၌ ကိုယ်ဝန်ရှိလာ တော့ရာ ဤအသက်အရွယ် ကျော်မှ ကံပေါ်သည်ဟု အိမ်နီး ချင်းတို့နှင့်တကွ ရွာနေ မိတ်သင်္ဂဟတို့က ဝမ်းသာ အားပေးစကား ပြောဆိုကြပါ

သို့သော်... ဒေါ်မယ်မြ ဒီအရွယ်ကြီးကျမှ သားသ သည်ကို ပတ်ဝန်းကျင်ကို ရှ သဖြင့် အိမ်အပြင်တောင် မ ဖြစ်ခဲ့ရရှာသည်။

ကိုယ်ဝန် ရင့်မာ၍ လစေ့ လာသောအခါ မိန်းကလေး ပြီး တနင်္ဂနွေ အမိပတ် အိမ်သို့ ဆွမ်းခံကြွသော ဆ ကြီးက "မအိ" ဟု နာမည် သည်။



www.burmeselassic.com

www.burmeselassic.com



ဦးဘိုးဆယ်နှင့် ဒေါ်မယ်မြတို့သည် အသက်အရွယ် ထောက်ကာမှ နွားအိုနောက်ကျသား ဆိုသလို ရှိရာ သမီးကလေးအပေါ် အလွန်ပင် ယုယကြင်နာချစ်ခင်၍ မဆုံး ရှိကြသည်။

ထို့အပြင် သားအကြီးနှစ်ယောက်တို့မှာလည်း အငယ်ဆုံးညီမလေး တစ်ယောက် ရရှိသဖြင့် မျိုးထားမတတ် ချစ်ကြကြင်နာကြလေသည်။

မအိကလေးမှာ အသားအရေမှစ၍ မျက်လုံးမျက်ဖန် ဆံပင်များမှစ၍ နှာတံပေါ်ကလေးနှင့် လွန်စွာ ချစ်စရာ ကောင်းလေသည်။

စကား ပြောတတ်ဆိုတတ်သည်မှ... မိခင်ကြီးကလည်း စာတတ်ပေတတ်ဖြစ်ရာ အိမ်တွင်ပင် စာများ သင်ပေးရာ အရွယ်နှင့်မလိုက်အောင် ဉာဏ်ထက်မြက်လှ၍ က–မချ သင်ပုန်းကြီး ကုန်သည့်အပြင် ထိုခေတ်က အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း ရတနာရွှေချိုင့်၊ မက္ကာရ၊ မင်္ဂလသုတ်၊ ပရိတ်ကြီး (၁၁)သုတ်တို့ကိုပင် နှုတ်ငုံဆိုသလို တတ်ရွတ်တတ်လေသည်။

မအိကလေး အသက်(၄)နှစ် သာလောကတွင် သူ၏အစ်ကို ဖြစ်သူ ကိုသြက သူတို့ခေတ် မသင်ခဲ့ရဘူးသော လောက တ်ပညာ (ဝါ) အင်္ဂလိပ်စာကို တ်စေချင်သော စေတနာ ပြင်းပြ သည်။

ထို့နှင့် မိဘနှစ်ပါးကို နားသွင်း ပြီး အောင်လံမြို့(အာလံမြို့) ရော်ကုန်းရပ်ရှိ အစိုးရ အင်္ဂလိပ်၊ မြန်မာ (၂)ဘာသာ (၇)တန်း ကျောင်းသို့ သွားရောက်အပ်နှံ သင်ကြားစေလေသည်။

ထို အင်္ဂလိပ်ကျောင်းရှိရာ အောင်လံမြို့၊ တရော်ကုန်းရပ်တို့သည် ခရီး(၂)မိုင်ခန့်ရှိရာ ကျောင်းသို့ ကျောင်းတက်ရာတွင် အိမ်မှ လှည်းဖြင့် အစ်ကိုနှစ်ယောက် ဖြစ်သော ကိုသြ,ကိုချောတို့မှ တစ်လှည့်စီဆိုသလို ကျောင်းဆင်း ကျောင်းတက် အကြိုအပို့ လုပ်ကြရသည်။

ထိုခေတ်က မြို့ပေါ်တွင် အင်္ဂလိပ်ကျောင်း၌ နွားလှည်းဖြင့် ကျောင်းတက်လာသူမှာ မအိကလေး တစ်ဦးတည်းသာလျှင် ဖြစ်လေသည်။

သို့ရာတွင် မအိကလေး (၄)တန်း ရောက်သည့်တွင် မအိကလေး အသက်မှာလည်း (၁၁)နှစ် ရောက်လာရာ ကျောင်းမှ ကျောင်းနေဖက်များက လှည်းနှင့် ကျောင်းလာတက်သော မအိကလေးအား လှောင်ကြ ပြောင်ကြ နောက်ကြသဖြင့် မိဘနှစ်ပါးနှင့် အစ်ကိုနှစ်ယောက်တို့ကပါ အစီအစဉ် ပြောင်း၍ မြင်းလှည်းယာဉ် ငှားဖြင့် တက်စေလေသည်။

ထိုကျောင်းတွင်ပင် အောင်လံမြို့ မြို့အုပ်ရုံးမှ စာရေးကြီးဦးတာ၏ တစ်ဦးတည်းသော သားဖြစ်သူ မောင်လှသိန်းသည် (၇)တန်း ကျောင်းသားကြီးအဖြစ် ပညာသင်ကြားလျက်ရှိရာ ထိုအချိန်က မအိကလေးက (၅)တန်းပညာ သင်ကြားလျက်ရှိသည်။

မောင်လှသိန်းသည် ယင်းကျောင်းမှ (၇)တန်းအောင်မြင်ပြီးလျှင် သူ့ဖခင် ဦးတာ တာဝန်ယူဆောင်ရွက်လျက်ရှိသော မြို့အုပ်ရုံးတွင် အမှုတွဲထိန်း စာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်လေသည်။

မောင်လှသိန်းသည် ကျောင်းနေစဉ်ကပင် မအိကလေးအား စိတ်ဝင်တစား သံယောဇဉ် ခင်မင်မိလေရာ မအိကလေး (၇)တန်း အတန်းတင် စာမေးပွဲကြီး ဖြေဆိုပြီးသောကာလ တစ်နေ့သ၌ သူ၏ဖခင် ဦးတာနှင့်တကွ အောင်လံမြို့ပေါ်မှ ဂုဏ်သရေရှိ လူကြီးလူကောင်းများပါ လိုက်ပါလာလျက် မအိကလေး ဖခင်,မိခင်ရှိရာ ဆာမိကုန်းရွာကြီးသို့ မအိကလေးအား နားဖောက် တောင်းရမ်းရန် ရောက်ရှိလာခဲ့တော့သည်။

ထိုအချိန်က မအိကလေးမှာ အသက်(၁၅)နှစ်ကျော်ကျော်... ထိုခေတ် ဆင်ယင်ထုံးဖွဲ့မှုဖြင့်သော



www.burmeselassic.com

www.burmeselassic.com

(၆)လက်မ ဆံတောက်ဖားဖားကြီး နှင့် ကိုယ်လုံးကိုယ်ပေါက်မှစ၍ လွန်စွာ ကြည့်ကောင်းသည့် အရွယ်သို့ ရောက်နေပေသည်။

ဦးဘိုးဆယ်+ဒေါ်မယ်မြ တို့ကမူ သားနှစ်ယောက်နှင့်တကွ မိမိတို့ အိမ်လည်ဆွဲ ရတနာကလေးဖြစ်သော မအိကလေးနှင့် သဘောတူသည်၊ မတူသည် ယတိပြတ် မပြောကြပါ။

သမီးကလေး၏ ဆန္ဒသဘော မေးမြန်းစူးစမ်းပြီးမှ အကြောင်းပြန်ပါမည်ဟု စကားကို မယုတ်မလွန် မတင်မကျ ပြောဆိုကြသဖြင့် မောင်လုသိန်း မိဘများ၊ အခြွေအရံများ လက်သင့်ခံ ပြန်သွားကြလေသည်။

ထိုခေတ်က ဗြိတိသျှကိုလိုနီခေတ်ဖြစ်ရာ ရုံးပြင်ကနား ရာထူးရာခံရှိသော ပုဂ္ဂိုလ်များသည် မြို့ပေါ်သာမက ရွာနီးချုပ်စပ်ထိ ဩဇာတိက္ကမ ဂုဏ်ဒြပ် ကြီးမားကြသည့် လူ့မလိုင်ခဲကြီးများ ဖြစ်ကြရာ အကြောင်းကြောင့်တို့ကို ထောက်ထားရသော ခေတ်အခါ ဖြစ်လေသည်။

နွေရာသီ ကျောင်းပိတ်ရက် တစ်နေ့ နေ့လယ်ခင်း အိမ်အောက် ကွပ်ပျစ်ပေါ်တွင် မအိကလေးသည် မိခင် ဒေါ်မယ်မြနှင့်အတူ အိပ်၍နေကြသည်။

ထိုအချိန်တွင် မအိကလေးသည် အိပ်မက်အတွင်း၌ သူ၏အစ်ကိုဖြစ်သူသည် သူထံ လာရောက်၍ သူနှင့်အတူ ပြန်လည်လိုက်ခဲ့ရန် လာရောက်ခေါ်ယူကြောင်း၊ မိမိက ဤအိမ်၌ပင် ဆက်လက်နေထိုင်ပါရစေ မလိုက်လိုကြောင်း ငိုယို တောင်းပန်သည်။

ထိုသို့ တောင်းပန်မှုမှာ အိပ်မက်တွင် မဟုတ်ဘဲ အိပ်မက်တွင်းမှ ငိုယိုသံများ အပြင်၌သို့ပင် ပေါ်ထွက်လာ၍ မိခင်ကြီး ဒေါ်မယ်မြပါ အိပ်ရာမှ လန့်နိုးပြီး မိမိဘေး၌ အိပ်နေသော မအိကလေးအား...

'ဟဲ့... သမီး ဘာဖြစ်တာတုန်း၊ အလန့်တကြား ငိုယိုနေတယ်။ ကဲ...ကဲ...ထ...ထ...သမီး'

ဟု နှိုးရာ မအိကလေးမှ အိပ်မက်အကြောင်းကို ပြန်လည် ပြောပြရာ ဒေါ်မယ်မြသည် အထိတ်တလန့်ဖြင့် သောကမီး လွန်စွာ စိုးရိမ်ခြင်း ဖြစ်ရရှာလေသည်။

ဤတွင် ခင်ပွန်းသည် ဦးဘိုးဆယ်အား ပြန်လည်၍ တစ်ဆင့် အိပ်မက်အကြောင်း ပြောပြလေရာ ဦးဘိုးဆယ်လည်း လွန်စွာ ထိတ်လန့်တုန်လှုပ်လျက် သောကမီး ပွားရရှာလေတော့သည်။

ထိုအခါ ဦးဘိုးဆယ်တို့ ဇနီးမောင်နှံသည် နောက်ကြောင်းဖြစ်ရပ်တို့ကို ပြန်လည် စဉ်းစားတွေးတောလျက် မအိကလေး မမွေးမီ၊ သန္ဓေမလွယ်ရမီ ဒေါ်မယ်မြ အိပ်မက် မက်ခဲ့သော အကြောင်းအရာများ...

မအိကလေး မွေးဖွားပြီးမှ စီးပွားရေး တိုးတက်ချောင်လည်လာသည်များကို ပြန်လည်မြင်ယောင်လာမိခြင်း...

မအိကလေး အရွယ်မရောက်မီ၊ ကျောင်းမထားမီက အပိုဝင်ငွေ ရရှိရန် အထူးသဖြင့် မအိကလေး လောကဓာတ်ကျောင်း ထားနိုင် ပညာသင်စရိတ် အထောက်အ ရရန် အိမ်နောက်ဖေး မြေကွက် ၌ ဆီကြိတ်ဆုံတစ်ခု တည်ထော ရန် ဆီဆုံတည်မည့် နေရာ ဦးဘိုးဆယ်နှင့် သားနှစ်ယော ရွေးချယ်စဉ်းစားနေသည်။

ထိုစဉ် မအိကလေးသည် ကစားနေရာမှ ရောက်ရှိလာ ဖခင်ကြီးအား...

'ဒီနေရာတည်လိုက် အဖေ

ဟု လက်ညှိုးထိုး နေရာပြ တွင် အတည်ပြု၍ ဆုံတည် မြေကြီးတူးလေရာ (၃)ပေ ကျော်လောက်တွင် မြေ ကလေး တွေ့ရှိပြီး ငွေဒင်္ဂါး အိုးနှင့်အပြည့် တွေ့ရှိရပါ သည်။

ထို့ပြင် မအိကလေး စကား တတ်သည်မှ ယခုအချိန်ထိ မ မကြာ ရွှေမြင်တင်ဘုရား ဘုရားဖူးလိုက်ပို့စေခြင်းများ ရေး ပေါ်လာလေသည်။

ပထမ ဆီဆုံတည်စဉ်က ကိရိယာများ၊ ဆီခုံတင်းကုပ်အ သာ ငွေကြေး ပြည့်စုံသော ဆီဆုံတွင် အသုံးပြုရန် သေးပေ။

အိမ်မှ နွားများသည် ခြင်း၊ ကိုင်းယာလယ်ထွန် သာ အသုံးပြုရသော နှစ် နိုင်းနွားများသာ ဖြစ်သည်။

သို့နှင့် ဆုံလည်ခြင်း၌ပါ ရသော သုံးထမ်းတပိုးနွား သေးသောအခါဖြစ်ရာ



www.burmeselassic.com

www.burmeseclassic.com

တူးစဉ်က ရရှိသော ငွေများဖြင့် နောက်ထပ် သုံးထပ်မိုး နွားတစ်ရှဉ်း ဝယ်နိုင်ခြင်းဖြစ်သည်။

ထိုစဉ်အခါက ဆာမိကုန်းရွာကြီးတွင် ဤသတင်း သိုးသိုးသန့်သန့် တိုးတိုးတိတ်တိတ် ဖြစ်ပေါ်ခဲ့သေးသည်။

သို့ဖြင့် ဖခင်ဖြစ်သူရော မိခင်ဖြစ်သူပါ အစိုးရိမ်တကြီး ဖြစ်လျက် မအိကလေးကိစ္စကို **အောင်လံမြို့ အရှေ့မြောက်ဘက် အရပ်၌ရှိသော ကိုးသိန်းကုန်းဆရာတော်ကြီးထံ** မအိကလေးပါခေါ်ပြီး သွားရောက်၍ အကြောင်းစုံကို ထိုနေ့တွင်ပင် လျှောက်ထား တင်ပြလေသည်။

ထို ကိုးသိန်းကုန်းဆရာတော်ကြီးသည် ဂမ္ဘီရနယ်၌ နံ့စပ်ကျွမ်းကျင်၍ စုန်းနတ် ပယောဂများ လွန်စွာနိုင်နင်းလေသည်။

တစ်ပါးတည်း တောရဆောက်တည် ဓူတင်ကျင့်တော်မူလျက် ရွာနီးချုပ်စပ် ရွာစဉ်များသို့ အလှည့်ကျ ဆွမ်းခံကြွတော်မူလျက် တစ်နေ့ တစ်ထပ် တစ်ကြိမ်သာ ဘုဉ်းပေးတော်မူလေသည်။

ထို **ကိုးသိန်းကုန်းတောင်တော်သည် အောင်လံမြို့နယ်တစ်ဝိုက် နာမည်ကြီးလျက်** ဂမ္ဘီရအတော်ဆန်သောနေရာ ဖြစ်သည်မှာ ယခုထက်တိုင်ဖြစ်သည်။

**[စာရေးသူပင် သတိရမိသည်မှာ ကျွန်ုပ် ငယ်ရွယ်စဉ် (၇)နှစ်သားခန့်က အောင်လံမြို့ ဇေယျာတီရပ်နေ ကုန်သည်ပွဲစားကြီး**



**ဦးထွန်းလင်း ကျွန်ုပ်၏ ဖခင်ကြီး တောတက်စဉ်မှာ အစာမိလာခဲ့ရာ ကိုးသိန်းကုန်း ဆရာတော်ကြီး ဆောင်ရွက်ပေး၍ ချမ်းသာရခဲ့သည်။**

**ယခုခေတ်လူများ ယုံနိုင်စရာမရှိ။ ကျွန်ုပ်ဖခင်ကြီး ဝမ်းတွင်းမှ သရက်သီးစိမ်း လတ်လတ်ဆတ်ဆတ် ထွက်ကျသည်ကို မျက်ဝါးထင်ထင် တွေ့ခဲ့ရဖူးသည်။]**

အထက်ဖော်ပြပါ ရွှေမြင်တင်စေတီသည်လည်း ဆန်းကြယ်သော ဂမ္ဘီရဆန်သော စေတီတော်ဖြစ်သည်။

ဆာမိကုန်းရွာနေ ကျွန်ုပ်၏ အဘိုးဖြစ်သူ ဦးသာကဒိုး တစ်ခါက ပြောပြခဲ့ဖူးသည့်... သိုက်စာလိုလို တဘောင်လိုလို ရွှေမြင်တင်ဘုရား၏ ခြင်္သေ့ကြီး လက်ဝဲဘက်နား အောက်တည့်တည့်တွင် ရွှေကြက်ဥ တစ်လုံး ရှိသည်။

ရွာနီးချုပ်စပ်မှ ဇ,ရှိသူများ ခြင်္သေ့ကြီး ဘယ်ဘက်နား အောက်နေရာတွင် မြေဆွတူးဖော်သဖြင့် သက်ဆိုင်ရာမှပင် လူအများကို လာရောက် • ထိန်းသိမ်း နှင်ထုတ်ရကြောင်း...

ခြင်္သေ့ကြီးမှာ တူးဖော်သူများ လက်ချက်ကြောင့် ရှေ့လက်(၂)ဘက် မြေကြီးတွင် ကျွံကျပြီး ခြင်္သေ့မေး မြေကြီးထိသည့်အထိ ရှိကြောင်း...

ထိုကိစ္စဖြစ်ပြီး (၄,၅,၆)လ ကြာ၍ သွေးအေးလောက်သည့် အချိန်တွင် မည်သည့်အရပ်မှ လာမှန်းမသိသော ရှမ်းဆရာနှင့် သူ၏ တပည့်(၂)ယောက် တစ်ညနေစောင်းတွင် ရောက်ရှိလာကြပြီး ခြင်္သေ့ကြီး၏ လက်ဝဲဘက်နား အောက်မှ ခြင်္သေ့ကြီးပါးကို ထွင်းယူ၍ ယင်းရွှေကြက်တစ်ဥစာ ရရှိသွားကြောင်း မှတ်သားကြားနာခဲ့ရဖူးသည်။

ဆရာတော်ကြီးသည် မအိကလေးအား လက်တော်ဖြင့် ဦးခေါင်းကို (၂)ချက်၊ (၃)ချက် လက်ဖဝါးဖြင့် ဖိပုတ်လျက် ဦးဘိုးဆယ်+ဒေါ်မယ်မြ တို့အား အမိန့်ရှိပါသည်။

ယင်းမှာ... သမီးကလေးမှာ ပရလောကမှ လာရောက်သူဖြစ်ကြောင်း၊ ယခု အိမ်ထောင်ပြုရန်ကိစ္စ ပေါ်လာသဖြင့် သက်ဆိုင်ရာ ပရလောကမှ ပြန်လည်ခေါ်ဆောင်ရန် သတိပေးခြင်းဖြစ်ကြောင်း...

ထို့ကြောင့် မအိကလေးအတွက်

www.burmeselassic.com

တစ်သက်လုံး စိတ်ချရန် သာသနာဘောင်သို့ ဝင်ရောက်ခွင့်ပြုပေးရန် မိန့်ကြားတော်မူလေသည်။

ညနေစောင်းချိန် ရောက်၍ ဘုရားကုန်းတော်ပေါ်မှ ရွာသို့ မပြန်မီ မအိကလေးသည် ကိုးသိန်းကုန်းတောင်တော်မှနေ၍ အနောက်အရပ်၌ရှိသော ရွှေမြင်တင်ဘုရားရှိရာသို့ လွမ်းဆွတ်ဖွယ် ကြည့်ရှုဖူးမြော်နေပြီး မျက်ရည်များ တဖြိုင်ဖြိုင် စီးကျနေသည်ကို တွေ့ရလေတော့သည်။

ထိုကုန်းတော်ပေါ်တွင် စေတီတော်ကြီးတစ်ဆူရှိလျက် တောင်အောက်တွင် လိုဏ်ဂူများ ရှိလေသည်။

တောင်ပေါ်မှနေ၍ ကြည့်လျှင် မြောက်ဘက်၌ ရွှေမြင်တင်ဘုရား, ဆာမိကုန်းမှ ရွှေညောင်ပင်ရွာတို့ကိုလည်းကောင်း၊ အနောက်ဘက်၌ အောင်လံမြို့ ရှုခင်းကို သိမ်ကုန်းဓမ္မာရုံကြီးနှင့်တကွ လှမ်းမြင်နိုင်သည်။

သို့ဖြင့် ဦးဘိုးဆယ်+ဒေါ်မယ်မြတို့သည် မအိကလေး၏ ရှေ့ရေးကို သေချာစဉ်းစားဆုံးဖြတ်၍ အောင်လံမြို့ အရှေ့ဘက်တွင်ရှိသော မြဝတီကျောင်းတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မအိကလေးအား သာသနာ့ဘောင် သီလရှင်အဖြစ် ဘဝကူးပြောင်း သွတ်သွင်းချီးမြှင့်ပေးလေသည်။

ဆရာတော်ကြီးက မအိကလေးအား သီလရှင်ဘွဲ့ "**ဣန္ဒာစာရီ**"ဟု မှည့်ခေါ်စေသော်လည်း ကျောင်းရှိအဖော်နေ သီလရှင်များသာမက ဒကာ,ဒကာမများကပါ "**ဆရာလေးအိ,ဆရာလေးအိ**"ဟု အမည်တွင်သည်မှာ အသက်အရွယ် ကြီးသည့်အထိ သီလရှင် မူလဘွဲ့ကို မခေါ်ကြဘဲ "**ဘွားအိ**"ဟု ခေါ်ဝေါ်ခဲ့ကြသည်။

နဂိုကပင် စာတတ်,ပေတတ် ဖြစ်သဖြင့် သီလရှစ်ပါး ထိန်းသိမ်းသည့်အပြင် သီလရှင် သိက္ခာပုဒ်တို့ကို လုံခြုံစွာဖြင့်ထိန်းသိမ်း၊ ဝိပဿနာဘာဝနာ ရှုတင်များ အားထုတ်ခြင်းတို့ဖြင့် ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံပြီး လူအများ ကြည်ညိုခံဘဝဖြင့် အသက်(၈၁)နှစ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်လေသည်။

ထိုအရပ်၏ ထုံးစံအတိုင်း ဖွားအိရုပ်ကလာပ်ကို (၅)ရက် ထားရှိ၍ ဈာပနပြင်ဆင်ထားရှိရာ ကွယ်လွန်ပြီး ဒုတိယနေ့မြောက် ညနေနေဝင်ရီတရောအချိန်တွင် ရသေ့ကြီးတစ်ပါး သပိတ်တစ်လုံး လွယ်လျက် "ဘွားအိ"ရုပ်ကလာပ်ထားရှိရာ ဇရပ်ကြီးသို့ ရောက်ရှိလာသည်။

ထို့နောက် ဈာပနကိစ္စ ဆောင်ရွက်နေသူများထံ ဘွားအိအတွက် အလှူတော်များ လှူဒါန်းပါရစေဟု ပြောဆိုလျက် သူနှင့်အတူ ပါရှိလာသော သပိတ်ကို သွန်ချလျက် ငွေဒင်္ဂါးများ ပေးလှူလေတော့သည်။

ငွေဒင်္ဂါးများမှာ စုစုပေါင်း (၁၀၀၀)ကျပ်တိတိ ဖြစ်၏။ ရသေ့ကြီးသည် ထိုသို့ ငွေများ လှူဒါန်းပြီး ဘွားအိရုပ်ကလာပ်ရှိရာသို့ ထသွားပြီး အနီးတွင် ခြေစုံမတ်တတ်ရပ်လျက် အသုဘကမ္မဋ္ဌာန်း ရှုပြီးလျှင် မည်သူ့ကိုမှ နှုတ်မဆက်ဘဲ ထွက်ခွာသွားလေသည်။

ထိုအခါကျမှ ဈာပနအခမ်းအနားကိစ္စ ဆောင်ရွက်သူများသည် အံ့အားသင့်လျက် ထိုရသေ့ကြီးအား ဘွားအိ၏ ရုပ်ကလာပ်သဂြိုဟ်မည့် နေ့အချိန် ရက်လည်ဆွမ်းသွတ် ကြွရောက်ရန် ဖိတ်ကြားမှု မပြုလိုက်ရပေ။

သို့နှင့် ဈာပနကိစ္စ အတွင်းရေးမှူးသည် ကမန်းကတန်း နောက်မှလိုက်၍ သွားရောက်ရာ မြဝတီကျောင်းတိုက်တောင်ခြေ တံခါးဝကျော်သည်အထိ ထိုရသေ့ကြီးကို အရိပ်အယောင်မျှ မတွေ့တော့လေသည်။

**မှတ်ချက် ။ ။ ဤဖြစ်ရပ်သည် ထိုစဉ်က အမှန်တကယ် လူအများပါးစပ်ဖျား၌ ပြောစမှတ်ပြုရသော ဂမ္ဘီရဆန်သော ပရလောက ဖြစ်ရပ်ဆန်းကလေးတစ်ခု ဖြစ်သောကြောင့်... ကျွန်ုပ်သည် ကျွန်ုပ်ထံ ဆေးလာကုသူ ဆာမိကုန်းရွာနေ ဒေါ်စန်း၏ ပြန်လည်ပြောပြချက်ကို ဆီလျော်အောင် ရေးသားဖော်ပြအပ်ပါသည်။**

သုခ လာဘ္ဗူ

ဆရာကြီး မင်းဦးအိမ်
(ဝေဒနက္ခတ္တပညာရှင်)
(တိုင်းရင်းမြန်မာသမားတော်ကြီး

www.burmeseclassic.com



# ရွာဦး ညောင်ပင်ရဲ့ဒေါသ

မောသစ္စာရှင်
(ဘုတလင်)

သကြိန်ကာလ နီးလာပြီဖြစ်သောကြောင့် ကုလားထိုင်ပေါ်မှာထိုင်ပြီး သင်္ကြန်သီချင်းလေး နားထောင်ရင်း အိပ်မလို့ ဟန်ပြင်နေတုန်းမှာ အစ်မဝမ်းကွဲ တစ်ယောက် အမောတကော ရောက်ချလာသည်။

'စာရေးဆရာမကြီးရေ... နင့်အတွက် စာရေးစရာ ကုန်ကြမ်း ယူလာခဲ့တယ်'

'ဘာလဲ အစ်မရဲ့... ပြောပြလေ၊ စိတ်ဝင်စားတယ်'

'အမယ်လေး... နင်ကလဲ စာရေး ဆရာပေါက်စရယ်လို့ မပြောရဘူး။ ကုန်ကြမ်းဆိုတာနဲ့ ရေးဖို့ ပြင်နေတယ်'

ဟုတ်လည်း ဟုတ်ပါသည်။ ကျွန်မကလည်း စာရေးဆရာမ ပေါက်စဆိုတော့ ရေးဖို့ပဲ စိတ်အားထက်သန်နေပါသည်။

'ကဲ...အစ်မ ပြောစရာရှိတာ ပြောတော့လေ'

အစ်မဆိုပေမယ့် ငယ်ငယ်ကတည်းက သူငယ်ချင်းပေါင်း ပေါင်းလာသည့်အတွက် ပြောမနာ ဆိုမနာ ညီအစ်မတွေမို့ စကြ,နောက်ကြ,ပျော်ရွှင်ကြနှင့် အချိန်ကုန်တာ များပါသည်။ ဩော်... ဒီအကြောင်းတွေ ပြောနေသည်နှင့်ပဲ သို့ရင်းက မရောက်တော့ပါ။

'တို့ငယ်ငယ်တုန်းက ရွာရဲ့ အနောက် သချိုင်းနားမှာ ညောင်ပင်ကြီးတစ်ပင်ရှိတာ နင်မှတ်မိလား'

'မှတ်မိတာပေါ့ အစ်မရဲ့'

ကျွန်မတို့၏ ရွာအနောက်ဘက်မှာ ညောင်ပင်ကြီးတစ်ပင် ရှိပါသည်။ ညောင်ပင် ဘယ်လောက်ကြီးသလဲ ဆိုလျှင် ယောက်ျားရင့်မာကြီး (၁၀) ယောက်လောက် ဝိုင်းပြီး ဖက်ထားရလောက်သည့် လုံးပတ်ရှိပါသည်။ ယခုတော့ ထိုညောင်ပင်ကတော့ မရှိတော့ပါ။

ထားပါလေ... ထိုအကြောင်းတွေ ပြောချကတော့ ရေး၍ မကုန်နိုင်တော့ပါ။ နောက်... အကြောင်းသင့်မှ ထို

www.burmeselassic.com

ညောင်ပင်ကြီး ဘာကြောင့် မရှိရတော့သည်ကို ဖော်ပြရဦးမည်။

'ဒီလို စာရေးဆရာမပေါက်စရဲ့... တို့အဘွားတို့ ငယ်ငယ်တုန်းကပေါ့...'

*   *   *

**လွန်ခဲ့သော နှစ်(ရ၀)ခန့်က...**

အေးမေ၊ ထွေးလှ၊ ပေါက်ကျော်၊ သာလှတို့မှာ သူငယ်ချင်းများဖြစ်ပြီး သတ္တိကောင်းသူများလည်း ဖြစ်ကြသည်။ တစ်နေ့မှာတော့ သူတို့ သူငယ်ချင်းလေးယောက် ထင်းကောက်ဖို့အတွက် လူစုပြီး ထွက်ခွာခဲ့ကြသည်။

သူတို့လေးယောက် စကားတပြောပြောနှင့် ထွက်လာခဲ့ရာ စကားပြောရင်းဆိုရင်းနှင့် နတ်အကြောင်း ရောက်သွားသည်။ သာလှက နတ်တို့ ရုက္ခစိုးတို့ကို မယုံကြောင်း ပြောပြသည်။

အေးမေ,ထွေးလှနှင့် ပေါက်ကျော်တို့မှာ သရဲ,တစ္ဆေတွင်သာ သတ္တိကောင်းပေမယ့် နတ်တို့,ရုက္ခစိုးတို့ကိုတော့ လွန်စွာ ယုံကြည်အားကိုးသူများ ဖြစ်ကြသည်။ သာလှမှာ ထိုသို့မဟုတ်ပါချေ။

'သာလှရယ်... နင်မယုံရင် အသာနေပါ။ သူတို့တွေကို စော်ကားမော်ကား မပြောပါနဲ့'

ဟု ကျန်သည့် သူငယ်ချင်း(၃)ယောက်က ပြောလေ၏။ ပြောလိုက်သောအခါမှ သာလှ ပိုဆိုးတော့သည်။ ထိုညောင်ပင်ကြီး နားသွား၍ အပေါ့,အလေး သွားလိုက်သည်။

ထိုအခါတွင် အေးမေ,ထွေးလှနှင့် ပေါက်ကျော်တို့ မျက်လုံးပြူးရတော့သည်။ သူတို့(၃)ယောက် အလွန်ကြောက်ရွံ့သွားကြသည်။ သို့ပေမယ့် သာလှကတော့ အရယ်မပျက်ပါချေ။

ရွာသချိုင်းဆိုသော်လည်း ရွာနှင့်အလွန် အလှမ်းဝေးလေသည်။ ထို



ညောင်ပင်ကြီးမှာလည်း သက်တမ်းအတော် ကြီးရင့်နေပြီဖြစ်သောကြောင့် အစောင့်အရှောက် ရှိသည်ဟု ပြောကြသည်။ ကျန်သည့် သူငယ်ချင်း(၃)ယောက်မှာတော့ သာလှအတွက် ရတက်မအေးနိုင်ကြပေ။

ကြောက်ပါသည် ဆိုကာမှပဲ သစ်ပင်များပေါ်မှ ကျီးငှက်တို့၏ အော်သံများက ကြောက်မက်ဖွယ် ကောင်းလှသည်။

လူကသာ ထင်းကောက်နေရသော်လည်း စိတ်ကတော့ နောက်ကျောမလုံပါချေ။ ဘယ်အချိန်မှာ ဘာဖြစ်မယ်ဆိုတာ မသိဘဲ ထိတ်ထိတ်လန့်လန့်နှင့်ပဲ ထင်းကိုသာ ဆက်၍ကောက်နေရပါသည်။

ထိုအချိန်တွင် သာလှတစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားလေသည်။ သူပျောက်သွားသည်ကို နေ့လယ်ပိုင်းတွင် ထင်းကောက်နေရသောကြောင့် မည်သူမျှ သတိမထားမိကြ။

ညနေပိုင်း ပြန်ချိန်ရောက်၍ လူစုမှ သာလှတစ်ယောက် မည်သို့မျှ ရှာမရဘဲ ပျောက်နေလေတော့သည်။ သူတို့တွေ တကြော်ကြော်နှင့် အော်ခေါ်ပေမယ့် မည်သို့မျှ ခေါ်မရ၍ လက်လျှော့ပြီး ရွာသို့ ပြန်လာခဲ့ကြသည်။

ရွာရောက်ပြီး လူကြီးမိဘများကို သာလှတစ်ယောက် တောထဲတွင် အစရှာမရဘဲ ပျောက်နေကြောင်း အကျိုးအကြောင်း ပြောပြကြသည်။

အဲဒီအချိန်မှာ ရွာထဲရှိ ဆေးဆရာကြီး ဦးဘထင် ရောက်လာခဲ့သည်။ ဆေးဆရာကြီးက...

'မင်းတို့တွေ တောထဲမှာ ဘာအမှား အယွင်း လုပ်ခဲ့ကြသလဲ'

ထိုအချိန်မှာ အဖြေမှန်ပေါ်ခဲ့လေပြီ။ ဆေးဆရာကြီးမှ သာလှမိဘများကို ခေါ်ပြီး ကန်တော့ပွဲ(၁)ပွဲ၊ ဆွမ်း,ကွမ်း လက်ဖက်,ခဲဖွယ်များ ယူပြီး ညောင်ပင်ကြီးထံသို့ သွားရောက် တောင်းပန်ကြလေသည်။ ထိုအခါမှ သာလှကို သစ်ပင်ခွကြားပေါ်တွင် ခွလျက် ပြန်တွေ့ခဲ့ကြလေသည်။ သာလှ ပြန်ပြောပြသည်မှာ...

'ငါ မင်းတို့ကို မြင်နေရတယ်၊ မင်းတို့က ငါ့ကို မမြင်တာ။ ပြီးတော့...ငါ မင်းတို့တွေကို လှမ်းခေါ်သေးတယ်။ မင်းတို့တွေ ကြောက်ပြီး ရွာကို ပြန်ပြေးသွားကြတယ်။ ငါလဲ ကြောက်သွားပါပြီကွာ... နောက် အဲလို မယုံမကြည် မလေးမစား မလုပ်တော့ပါဘူး'

ဟု ကြောက်အားလန့်အား ပြောလေတော့သည်။

ယင်းဖြစ်ရပ်မှာ ကျွန်မ၏ အဘွား ဝမ်းကွဲ ဒေါ်အေးမေ၏ ကိုယ်တွေ့ ဖြစ်ရပ်မှန် ဖြစ်ပါသည်။ နတ်တို့ ရုက္ခစိုး တို့ကို မယုံရင်သာ မယုံနဲ့၊ မစော်ကား မိပါစေနဲ့လို့ ပြောလိုက်ပါရစေ ရှင်။

**မေသစ္စာရှင်(ဘုတလင်)**




www.burmeselassic.com

www.burmeseclassic.com

# ကွင်းပိုင်ကြီး လုပ်ထားတယ်

ချစ်အိုင်



ကြာတော့လည်း ကြာခဲ့ပါပြီ။ ကြာခဲ့ပြီဖြစ်သော်လည်း ကျွန်ုပ်က ထိုအကြောင်းအရာကို မမေ့နိုင်ပါ။ မမေ့နိုင်ရသော အကြောင်းရင်းမှာ အစတွင် ပျော်စရာကောင်းခဲ့သလောက် နောက်ပိုင်းတွင် ထိတ်လန့်တုန်လှုပ် ချောက်ချားဖွယ်ရာများ ဖြစ်ခဲ့ရပါသဖြင့် မမေ့နိုင်ခြင်း ဖြစ်ပါသည်။

ထိုအကြောင်းအရာ များကို တင်ပြရသော်...

* * *

၁၉၈၂ ခုနှစ်လောက်က ဖြစ်သည်။ ထိုစဉ်အခါက ကျွန်ုပ်တို့ ရှေ့တန်း မှတ်(...)ခြေမြန်တပ်ရင်းမှာ လွင်မြစ်၏ အရှေ့ခြမ်း သော ကရင်ပြည်နယ်တွင် ဆင်ရှေး ဝင်ရောက် ပါသည်။ လှုပ်ရှားစစ်ကြောင်း ဖြစ် ထမ်းဆောင်ခဲ့ရသည် ဖြစ်သည့် ပြင်နယ်မြေအပိုင်းအခြားဟူ၍လည်း တိသတ်မှတ်မှတ်မရှိခဲ့။ ကမမောင်း တစ်ဖက်ကမ်း ကမော့လယ်ရွာ လျှောက်မှသည် လှိုင်းဘွဲ့မြို့ ကျင်၊ ထိုမှတစ်ဆင့် ကော့ကရိတ် ထိ လူးလာခေါက်တုံ့ဖြင့် အပြန် လှန်လှန် သွားလာ လှုပ်ရှားနေခဲ့ ည်။

ညဉ့်နီးပါးမျှ တောတိုး တောင် တစ်ရွာဝင် တစ်ရွာထွက်ဖြင့် နေခဲ့ရသည်။ ကေအင်ယူ က် သောင်းကျန်းသူများနှင့် ကြာခဏဆိုသလို တိုက်ပွဲကြီး ငယ်များနှင့် ရင်ဆိုင်တိုက်ခိုက်နေရပါသည်။ တစ်ခါတစ်ရံတွင်မှ ကျေးရွာများတွင် ညအိပ် ရပ်နားခွင့်ရကြသည်။ တစ်ရက်, နှစ်ရက် နေခွင့် ရတတ်ပါသည်။

ထိုကဲ့သို့ ကျေးရွာများတွင် ညအိပ် ရပ်နားခွင့်ရပြီဆိုသည်နှင့် ကျေးရွာများတွင် ရှိနေတတ်သော ဖျားနာနေသည့် လူမများက ကျွန်ုပ်တို့၏ ဆေးတပ်သား ဆီသို့လာပြီး ဆေးကုသတတ်ကြပါသည်။

ဆေးတပ်သားက အခကြေးငွေမယူဘဲ သောက်ဆေး,ထိုးဆေးများဖြင့် အခမဲ့ ကုသပေးပါသည်။

တပ်ခွဲမှူးလုပ်သူ ဗိုလ်ကြီးတင်ကြိုင်မှလည်း ငွေကြေးများ မတောင်းခိုင်းပါ။ ရရှိထားသော ဆေးခွဲတမ်းများ ကုန်





www.burmeseclassic.com

www.burmeselassic.com

လျှင် တပ်ခွဲအစီအစဉ်ဖြင့် ဝယ်ယူပြီး ဖြည့်တင်းပေးပါသည်။

တစ်နည်းအားဖြင့် ရွာသားများကို စည်းရုံးနေခြင်းဖြစ်သည်။ ရွာသားများကို စည်းရုံးထားနိုင်ခြင်းအားဖြင့် ကျွန်ုပ်တို့ လိုချင်နေသော ရန်သူ့သတင်းမှာ ရိုက်နှက်ပြီး စစ်မေးစရာ မလိုတော့ပါ။ သူ့အလိုလိုလာပြီး ပေးနေတတ်တော့သည်။

ကျွန်ုပ်တို့ တပ်မတော်သားများ အနေဖြင့် ရန်သူ့သတင်း ရရှိရေးမှာ အသက်တမျှ အရေးကြီးပါသည်။

ရန်သူ့သတင်းကို ရရှိထားခြင်းအားဖြင့် မိမိတို့အတွက် ကြိုတင်ပြီး ကာကွယ်ထားနိုင်သလို လက်ဦးမှုကိုပါ ရယူနိုင်၍ ဖြစ်သည်။

ဆေးတပ်သားက လူနာများအား ထိုးပေးပြီးသော ဆေးပုလင်းခွံများကို စုပြီး တစ်နေရာတွင် သွားပြီးလွှင့်ပစ်ထားတတ်၏။

ဤသည်ကို ကျွန်ုပ်တို့ တပ်စုထဲက ဝါရင့်တပ်သား ပြန်မပြောနားမထောင်တတ်သော တပ်သားညိုအေးက သိသည်။

တပ်သားညိုအေးဆိုသူမှာ တပ်ကြပ်အဆင့်က အုပ်ချုပ်သော တပ်စိတ်နေရာကို သွားထား၍ မရ။ မည်သည့်ဆရာကမျှ သူ့ကို မနိုင်ပါ။ သူ့ကို မနိုင်ရခြင်းမှာလည်း သူသည် ဟော့ဟော့ရမ်းရမ်းဖြင့် ပြန်ပြောလှန်ပြောလုပ်တတ်၍တော့ မဟုတ်။

အပြစ်တစ်ခုရှိ၍ သူအား မည်မျှပင် ရိုက်နှက်ဆုံးမစေကာမူ သူသည် ခွန်းတုံ့မပြန်။ ထိုးကြိတ်ရိုက်နှက်ဆုံးမသည့်ဆရာ ကျေနပ်သည်အထိ သူခံသည်။ ပြီးလျှင် ခွေးမြီးကောက် ကျည်တောက်စွပ် ဖြစ်ပြန်၏။

ရှေ့တွင် "ဟုတ်ကဲ့"ဟု ပြောဆိုကတိပေးခဲ့သော်လည်း နောက်ကွယ်တွင် လုပ်ချင်ရာလုပ်သူ ဖြစ်သည်။ ကြာတော့ အရိုက်ခံရသူက ဘာမှမဖြစ်ဘဲ ရိုက်နှက်ဆုံးမရသူကသာ လက်လျှော့ အရှုံးပေးပြီး တစ်စုရုံးတွင် ထားရတော့သည်။

တပ်စုရုံးတွင်လည်း ဆရာကြီးများ၏ ရှေ့တွင် မခုတ်တတ်သည့် ကြောင်ကဲ့သို့ နေခဲ့လင့်ကစား ရှောင်လျှင် ရှောင်သလို၊ လစ်လျှင် လစ်သလို သူ လုပ်ချင်ရာ လုပ်၏။

လူသတ်၊ မုဒိမ်းကျင့်၊ ဓားပြတိုက် အဆင့်တော့မဟုတ်။ ထိုကဲ့သို့ ဖြစ်လာလျှင်လည်း မည်သည့်အရာရှိကမှ လက်ခံကြမည် မဟုတ်ပါ။

ထိုကဲ့သို့ ဆေးတပ်သားက လွှင့်ပစ်ထားသော ဆေးပုလင်းအခွံများကို သူက လူမသိအောင် သွားပြီး ယူလာတတ်သည်။

ယူလာပြီးသောအခါ သူ့တွင် မည်သည့်နေရာကနေ သွားရခဲ့သည် မသိရသော ဆေးထိုးအပ်ကြီး တစ်ချောင်းက ရှိနေသည်။

အရွယ်စုံ,ဆိုက်စုံ ပါဝင်သော အပ်တွဲကလည်း တစ်ကဒ်လောက်ရှိသည်။ ဆေးတပ်သား လွှင့်ပစ်ထားသော ပင်နယ်ဆလင်ပုလင်းများထဲတွင် သူက ရေကျိုချက်ပြီး စလင်းအပ်ဖြင့် ထိုးထည့်သည်။

ပင်နယ်ဆလင် ဆေးပုလင်းများထဲတွင် အဖြူရောင် ဆေးအနည်အနှစ်ကလေးများက အနည်းငယ်မျှတော့ ကျန်နေစမြဲပါ။

ဒါကို သူ၏ ရေနွေးဖြင့် ထိုးထည့်ပြီး ခလောက်လိုက်သောအခါ သူ့အတွက် လူနာများအား ကုသရန် ဆေးပုလင်းများ ရရှိခဲ့ရလေတော့သည်။

ကျွန်ုပ်တို့ ရောက်ရှိခဲ့ဖူးသော ကျေးရွာ တော်တော်များများတွင် လူမမာများက ဆေးဆရာအား ဆေး... ပြန်ညွှန်းတတ်သည်က များပါသည် ဘာရောဂါလေးပဲဖြစ်ဖြစ် ဆေး... လိုက်ရမှ ကျေနပ်သောသူတွေ... များသည်။

အချို့က ဘာဆေးထိုးပေး... ညွှန်းတတ်သလို အချို့က ဘာဆေး... မှန်းလည်း မပြောတတ်။ ... ကျွန်တော်,ကျွန်မက ဗိုက်အောင့်... ဗိုက်နာလို့၊ ခေါင်းကိုက်လို့ အဲ... ဆေးတစ်လုံးထိုးပေးပါ။ ထို... တောင်းဆိုတတ်သည်။

ဤသည်ကို နောင်သော... ရမ်းကုလုပ်ရန် ကြံစည်နေသူ ကျွ... ၏ ဇာတ်လိုက် ပြန်မပြော နားမ... တတ်သော ဝါရင့်တပ်သား ညိုအေး... သိထား၏။

သူသည် ရေနွေးကျိုပြီး ထို... သော ဆေးပုလင်း တော်တော်မျ... နှင့် ဘယ်ကနေပြီး သွားရခဲ့... မသိရသော စလင်းအပ်တို့ ... ရောက်လာပြီးသောအခါ ဒေါ်... ရမ်းကုလုပ်ရန် အဆင်သင့် ဖြစ်... ပါတော့သည်။

* * *

ကျွန်ုပ်တို့တပ်စုများမှာ တပ်ခွဲ... အမြဲ တွဲပြီး နေကြရသည်မ... တစ်ခါတစ်ရံ တပ်စု၊ တပ်စိ... ဖြန့်ခွဲပြီး နေရာယူကြရသည့် အခါ... ရှိ၏။

ထိုကဲ့သို့ ဖြန့်ခွဲနေရာယူရပြီး ... ရုံးနဲ့ ဝေးကွာခဲ့ပြီဆိုလျှင်ကား ... သူ၏ တစ်မျိုးတည်းသော (အ... ပင်နယ်စလင်ပုလင်းခွံထဲ ရေ... ထားသောဆေး) ဆေးပု... စစ်သုံး ဘေးလွယ်အိတ်အ... ကာ ရွာရိုးကိုးပေါက် လျှော...





www.burmeselassic.com

www.burmeselassic.com

လူမမာများအား ရှာဖွေလေတော့သည်။

လူမမာ တွေ့ပြီဆိုလျှင်ကား သူသည် ဆေးတပ်သားဖြစ်ကြောင်း ပြောပြီး ထိုလူနာအား ဆေးကုသရန် ပြင်ဆင်လေတော့သည်။

လူမမာသည် မည်သည့်ရောဂါပင် ဖြစ်နေစေကာမူ သူသည် သူ၏ ထိုတစ်မျိုးတည်းသောဆေးဖြင့် ရောဂါမျိုးစုံကို ကုသတော့သည်။

အထူးသဖြင့် တင်ပြခဲ့သည့်အတိုင်း ထိုးဆေးကို အသားပေးပြီး ကုသပါတော့သည်။ အသည်းအသန် ဖြစ်နေသော လူနာများကိုမူ သူက လက်ရှောင်၏။ သို့သော်...

'ကျွန်တော့်ဆီပါလာတဲ့ ဆေးနဲ့တော့ ထိုးပေးခဲ့မယ်၊ ဒါမယ့် အကောင်းဆုံးကတော့ ဆေးရုံဆေးခန်းသွားပြတာက ပိုပြီး ကောင်းတယ်'

စသည်ဖြင့် နှစ်သိမ့်ပြောဆိုတတ်ခဲ့၏။

လူနာနှင့် ဆေးဆရာတို့မှာ ပုလဲနံ့ပသင့်နေ၍လားတော့ မသိ။ သူ ကုသခဲ့သမျှသော လူနာများက မကြာခင် ကောင်းစွာပကတိ ကျန်းမာစွာ ရှိသွားခဲ့ကြရတော့သည်။

လူမမာ တော်တော်များများကလည်း ဆေးပင် မထိုးရသေး သူ၏ တက်ကြွသော အပြောအဟော၏ အောက်တွင် ရောဂါက ထက်ဝက်ခန့် သက်သာနေကြရပြီ ဖြစ်သည်။

ထိုးပေးလိုက်သော ဆေးမှာ အာနိသင် ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ သူတို့ မသိကြ။ သူတို့ သိကြသည်မှာ ငါထိုးချင်တဲ့ဆေး ထိုးခဲ့ပြီးပြီ။ မကြာခင် ငါ့ရောဂါကတော့ သက်သာပျောက်ကင်းလာတော့မှာ သေချာတယ် စသည်ဖြင့် တွေးတော ဆင်ခြင်



မိရာက စိတ်ချမ်းသာလာပြီး ကိုယ်ပါ ကျန်းမာစွာ သွားရလေသလား မဆိုနိုင်ပါ။

လူမမာအနေဖြင့် မည်သည့်နည်းနှင့်ပင် ရောဂါဝေဒနာများ သက်သာကြရသည်ဖြစ်စေ အဓိကအားဖြင့် သက်သာပျောက်ကင်းဖို့ပင် ဖြစ်တော့သည်။

ရမ်းကု ဆေးတပ်သားကြီးကလည်း လူနာများအား အခကြေးငွေ မတောင်းပါ။ သို့သော် သူတို့ စေတနာရှိ၍ ပေးလျှင်ကမ်းလျှင်ကား လက်ခံ၏။ စေတနာရှိလာအောင်လည်း သူက ရေလာမြောင်းပေး စကားကို ဆိုတတ်ပြန်၏။

မည်သို့ဆိုစေ... သူ ဆေးကုသပြီး ပြန်လာခဲ့လျှင်ကား ကြက်သုံး,လေးကောင်နှင့် အရက်လေး,ငါးပုလင်း လောက်ကတော့ ပြန်ပါလာတတ်သည်။

ထိုကဲ့သို့ ပြန်ပါလာသော ကြက်နှင့် အရက်များကို သူက တစ်ကိုယ်ကောင်း ဆန်စွာ တစ်ယောက်တည်း မသောက် မစားပါ။

ဘဝတူ သောက်ဖော်သောက်ဖက်၊ ဝတီဖော်ဝတ်ဖက်များ ဖြစ်ကြသော ကျွန်ုပ် ကိုဖေနှင့်တကွ၊ တသလောင်ချွဲ၊ ထွန်းလင်းခိုင်၊ သန့်ဇင်၊ ကျော်တင်ထွန်း၊ ပုံပနီး၊ သင်မန်း အစရှိသည့် သူငယ်ချင်းများကိုပါ သူက ခေါ်ပြီး တိုက်၏။ ကျွေး၏။

ကျွန်ုပ်တို့က သူ၏လုပ်ရပ်ကို သိပင် သိသော်ငြားလည်း ဝင်ပြီး မစွက်ဖက် လိုကြပါ။ အလိုက်သင့် မြောပြီး ထိုကဲ့သို့ ကပ်မြှောင်နေရလျှင် ပြီးချေပြီ။

ထိုစဉ်အခါက ကျွန်ုပ်တို့အနေဖြင့် ကြီးမားပြင်းထန်လှသော တိုက်ပွဲကြီးငယ်များကို မကြာခဏ ရင်ဆိုင်တိုက်ခိုက်နေကြရသည်။

သို့ဖြစ်ရာ စစ်သည် တော်တော်များများကလည်း သေမထူး နေမထူး ဇာတ်ခင်းကြသည်က များသည်။ နေ့သေမလား... ညသေမလား မသိရသော ဘဝတွင် သောက်သောက်စားစား လူမင်းသားဘဝဖြင့် ရပ်တည်နေခဲ့ကြသည်။

သောက်သောက်စားစား လူမင်းသားဘဝကို လုပ်ချင်ကြသော်လည်း ငွေရေးကြေးရေးက လူတိုင်းနီးပါးမျှ စကားပြောရသည်။

အိမ်ထောင်သည်များက သူတို့၏ ဇနီးပို့ပေးသလောက်သာ ငွေပါလာပြီး လူပျိုများကလည်း သိပ်မထူးပါ။ နောက်တန်းတွင် ငွေစုကြသည်။

သို့မှသာ နောက်တန်းပြန်လျှင် ရွာခွင့်ပြန်ခြင်း၊ မိန်းမယူခြင်း သို့မဟုတ် မြို့ထဲတစ်လျှောက် လမ်းသလားဖို့က ရှိနေသည်။ ထိုကဲ့သို့ အကြောင်းအမျိုးမျိုးဖြင့် စုကြသည်။

သို့ဖြစ်၍ အရက်ကိုသာ သောက်ချင်ပြီး ဗိုင်ဖြတ်နေတတ်သော ကျွန်ုပ်တို့

www.burmeselassic.com

အဖို့မှာတော့ ဖါရင့်တပ်သား ဆေးဆရာရမ်းကုကြီးက ဘာပဲလုပ်လုပ် ဝင်ရောက် ဟန့်တားခြင်းကို မပြုခဲ့ကြ။ သူ့ကြောင့် ကျွန်ုပ်တို့ အူစိုနေကြရသည် မဟုတ်ပါလား။

ကျွန်ုပ်တို့၏ ကယ်တင်ရှင် ရမ်းကုဆေးဆရာကြီးမှာ နှစ်လ,သုံးလလောက် လုပ်စားလာခဲ့ပြီး မကြာခင် တပ်ခွဲမှူး၊ တပ်စုမှူးများက သိရှိသွားကြလေတော့သည်။ ထိုအခါ ကျွန်ုပ်တို့၏ တပ်စုတပ်ကြပ်ကြီးဆရာကြီး မောင်ကြီးအား ခေါ်ပြီး သတိပေးတော့သည်။

ဆရာကြီး မောင်ကြီးမှာ သူ့အား ခေါ်ပြီး ဆူဆဲရိုက်နှက် ထိုးကြိတ် ဆုံးမကာ သူ၏ ဆေးပစ္စည်းများကိုပါ ရိုက်ချိုးရိုက်ဖွဲ့ လွှင့်ပစ်လိုက်ကာမှ သူ၏ ဆေးဆရာရမ်းကုဘဝက ကျွတ်တမ်းဝင်သွားခဲ့ရတော့သည်။

* * *

သူသည် ဆေးတပ်သား ရမ်းကုအလုပ်ကို မလုပ်ရတော့သောအခါ အခြားအလုပ်တစ်ခုကို ရှာပြန်၏။ ထိုအလုပ်မှာလည်း လူနာများအား ကုသသော အလုပ်ပင်ဖြစ်၏။ ဆေးထိုး, ဆေးတိုက်ရသော အလုပ်ကတော့ မဟုတ်။ ပယောဂကုသော ဆေးဆရာဘဝကို ရောက်သွားရလေတော့သည်။

ရွာတစ်ရွာကို ရောက်ပြီဆိုသည်နှင့် သူက လူမမာများ လိုက်ရှာတော့သည်။ လူမမာများကို တွေ့ပြီဆိုသည်နှင့် သူက ခြေဖျား,လက်ဖျားများကို လက်ဖြင့် ကိုင်တွယ်ပြီး စမ်းသပ်ကြည့်၏။ ဦးခေါင်းနှင့် နားရွက်များကိုလည်း ကိုင်ကြည့်၏။ မျက်လုံးကိုလည်း ဖြဲကာ ကြည့်၏။

ပြီးသောအခါ လူမမာအနေဖြင့် မည်သည့်ရောဂါပင် ဖြစ်နေစေကာမူ



သူက အာရုံခံပြီး တစ်မျိုးတည်းသော အဟောကိုသာ ထုတ်၏။

သူ၏ အဟောကား **"ကွင်းပိုင်ကြီး လုပ်ထားတယ်။ ဒါကို ကြက်ဖို့,ကြက်မ အရက်ပုလင်းတွေနဲ့အတူ ထမင်းဟင်းများကိုပါ ချက်ပြုတ်ကျွေးပြီး တောင်းပန်ရမယ်။ ဒါမှ လူမမာ သက်သာ ပျောက်ကင်းလာမယ်"**ဟူ၍ ဖြစ်သည်။

လူမမာတွေကသာ တစ်ယောက်ပြီး တစ်ယောက် ပြောင်းသွားမည်၊ ရောဂါတွေကလည်း တစ်မျိုးနှင့်တစ်မျိုး မတူအောင် ဖြစ်ကောင်း ဖြစ်နေကြပေမည်။ သို့သော် ပယောဂဆေးဆရာ သူကတော့ သူ၏ ဟောဆိုချက်ကတော့ မပြောင်း။

"ကွင်းပိုင်ကြီး လုပ်ထားတယ်။ အဲဒါကို ကြက်ဖို့,ကြက်မတွေ၊ အရက်ပုလင်းတွေနဲ့အတူ ထမင်းဟင်းများကို ချက်ပြုတ်ကျွေးမွေးပြီး တောင်းပန်ရမယ်" ဒါပဲ ဖြစ်တော့သည်။

တောသူတောင်သားများ အဖို့ မည်သူကမျှ လယ်ထဲ၊ ကွင်းထဲ၊ တောတောင်ထဲသို့ မကင်းနိုင်ကြပါ။ အမြဲတမ်း သွားလာနေကြရသည်ချည်း ဖြစ်သည်။

ထိုသို့ သွားလာကြရလေရာ အဆိုပါ တောတောင် ရေမြေတစ်လျှောက် နတ်ဆိုးနတ်ကြမ်း နတ်မကောင်း နတ်မိစ္ဆာများလည်း ရှိနိုင်ကြသည်သာ ဖြစ်သည်။

ထိုနတ်များအနေဖြင့် လူတို့အား ပြစား,ဖမ်းစား တတ်ကြောင်းကိုလည်း တောသူတောင်သား လူအများက လက်ခံယုံကြည်ပြီးသား ဖြစ်ပါသည်။

မည်သို့ဆိုစေ သူက ယခုကဲ့သို့ အဟောထုတ်ပြီး သွားရောက် ကျွေးမွေး တောင်းပန်ရတော့မည် ဆိုသောအခါ သူက ကျွန်ုပ်တို့အား ကြိုတင် လာရောက် အကြောင်းကြားထား ဖြစ်သည်။

"ဘယ်နေ့တွင် ဘယ်အိမ် ရောက်လာခဲ့ကြပါ။ ရောက်လာပြီး ငါ့ အခေါ်ကို မစောင့်နဲ့၊ ကိုယ်ဘာ ကိုယ်ဝင်ပြီး လာထိုင်ကြ။ ပြီးသော ငါတို့စားသောက်တဲ့အခါမှာ တော့ စားသောက်ကြပါ"ဟု ထား၏။

သူချိန်းဆိုသော နေရာမှာ ကျွန်ုပ်တို့ သိရှိနိုင်လောက်သော နေရာတွင် ဖြစ်လေရာ ရှာမတွေ့ အကြောင်းက မရှိနိုင်ပါ။ အရက် ကြက်သားများကို တဝတပြဲ သောက်နိုင်သည်။ ပြီးလျှင် စားရသည်။

ထိုကဲ့သို့ သောက်စားမှုပြီးသော အခါ မိမိတို့ နေရာဆီသို့ ပြန် သည်။ သူ၏ ယခု ပယောဂ ကုသ မှာလည်း ကျွန်ုပ်တို့အတွက် ပြေနေရပြန်သည်။

လူမမာ လူနာသည်မှာ ထိုကဲ့သို့ ကျွေးမွေးတောင်းပန် သည့်အတွက် သူ၏ ရောဂါ မှာ အမှန်တကယ် ပျောက် ချမ်းသာရာ ရတော့မည်ပ



www.burmeselassic.com

www.burmeselassic.com

သွားပုံရသည်။ စိတ်ချမ်းသာသွားရပြီး မကြာခင် ကိုယ်ပါ ကျန်းမာသွားရတော့သည်။

သို့ဖြင့် ကျွန်ုပ်တို့က နှစ်ဦးနှစ်ဖက်ပဲဆိုဆို သုံးဦးသုံးဖက်ပဲ ပြောပြော အားလုံးသည် အိုကေမှာ စိုပြည်နေပါတော့သည်။

*  *  *

တစ်နေ့သောအခါ ကျွန်ုပ်တို့ စစ်ကြောင်းက လှိုင်းဘွဲ့မြို့ကို ရောက်ရှိခဲ့ကြသည်။ ရောက်ရှိပြီးသောအခါ ညအိပ်ကြရသည်။ ရိက္ခာကုန်နေသဖြင့် ခဘ(၂၈)တပ်ရင်းတွင် သွားထုတ်ကြရသည်။

နောက်တစ်နေ့ မိုးလင်းလာသော လှိုင်းဘွဲ့မြို့၏ မြောက်ဘက်တွင် ရှိနေသော ကွမ်ဘီ၊ ပိန္နဲတောရွာ တစ်လျှောက်ဆီသို့ ချီတက်ခဲ့ကြသည်။ ရွာသို့ ခပ်စောစောလေး ရောက်ခဲ့ကြခြင်းဖြစ်သည်။

သို့ဖြင့် လုပ်စရာရှိသည်များကို လုပ်ကြပြီးသောအခါ ပယောဂဆရာကြီးက လူမမာအရှာထွက်၏။ မကြာမီတွေ့၏။ တွေ့သောအခါ ထုံးစံအတိုင်း အဟောထုတ်၏။ အဟောထုတ်ပြီးသောအခါ လူနာရှင်များနှင့် တိုင်ပင်ညှိနှိုင်း၏။

မည်သည့်နေရာတွင် မည်သည့်အချိန် သွားကျွေးမည်ကိုပါ ညှိနှိုင်းပြီးသောအခါ သူက ကျွန်ုပ်တို့ဆီ ပြန်လာ၏။ ပြန်လာပြီးသောအခါ ကျွန်ုပ်တို့အား ကြိုတင်ပြောပြထား၏။

သူက လူနာရှိရာဆီသို့ ပြန်သွားသောအခါ ကျွန်ုပ်တို့က လုပ်စရာရှိသည်များကို လုပ်ကြပြီး သူ ချိန်းဆိုထားသောအချိန်ကို စောင့်နေရ၏။

အချိန်ရောက်သောအခါ သူပြောသည့်နေရာကို မယောင်မလည်နှင့်



သွားရ၏။ ရောက်သွားသောအခါ ကျွန်ုပ်တို့က ကြိုတင်သိရှိထားဟန်ကို မပြ။ ယခုမှ ရုတ်တရက် လာရောက်တွေ့ကြုံရသလိုလုပ်ပြီး ရှေ့မျက်နှာနောက်ထားကာ ဝင်ပြီး ထိုင်၏။

ညိုအေးကတော့ ကျွန်ုပ်တို့ကို ဂရုမစိုက် သူ လုပ်စရာရှိသည်များကိုသာ အာရုံထားပြီး လုပ်နေ၏။ အိမ်က အသင့်ယူလာသော ဝါးခြမ်းပြားများ၊ နှီးများ၊ တိုင်များဖြင့် တစ်ပေပတ်လည် လေးတိုင်စင်ကလေးတစ်ခုကို လုပ်နေ၏။

လေးတိုင်စင် အမြင့်ကလည်း တစ်ပေသာသာလောက်သာ ရှိမည်။ ပြုလုပ်ပြီးသောအခါ ထိုစင်ပေါ်တွင် ငှက်ပျောဖက်များ ခင်း၏။

ပြီးလျှင် ကြက်ဖို့ကြက်မ နှစ်ကောင်ကို တင်၏။ အရက်နှစ်ပုလင်းကိုပါ ထပ်ကာတင်၏။ နောက်ဆုံးဖြစ်သော ထမင်းနှင့်ဟင်းကိုပါ ထပ်၍ တင်လိုက်ခြင်းဖြင့် ပြီးပြီဖြစ်တော့သည်။

အလုံးစုံကို တင်ပြီးသောအခါ သူက မတ်တတ်ရပ်ပြီး အရှေ့ဘက်သို့ မျက်နှာမူကာ "ဝူး ဝူး ဝူး" ဟု အသံရှည် သုံးချက်ပြုပြီး အော်၏။

ပြီးလျှင် တောင်ဘက်သို့ မျက်နှာမူပြီး အထက်ကအတိုင်း သုံးခါအော်ပြန်၏။ ထိုနည်းဖြင့် အနောက်ဘက်နှင့် မြောက်ဘက်ကိုလည်း မျက်နှာမူကာ တဝူးဝူးဖြင့် ဆက်ကာ အော်ပြန်၏။

အော်၍ ပြီးဆုံးသောအခါ သူ၏ ပါးစပ်မှ လှုပ်စိလှုပ်စိဖြင့် တိုင်တန်းသလိုလိုနှင့် လုပ်နေ၏။ သူ့အနေဖြင့် ထိုကဲ့သို့ လုပ်ပြီးလျှင် ကျွန်ုပ်တို့က ထမင်းတောင်း, ဟင်းတောင်းများကို ဖွင့်ကြမည်။ ပြီးလျှင် သီးခြားထည့်လာသော အရက်များဖြင့် သောက်ကြစားကြမည်။

နောက်ဆုံး မလောက်သေးပါက လေးတိုင်စင်ပေါ်က ကြက်ဖို့ကြက်မနှင့် အရက်များကိုပါ ချပြီး သောက်စားကြမည် ဖြစ်သည်။

ကျွန်ုပ်တို့က ယခုကဲ့သို့ ကွင်းပိုင်ကြီးအား တောင်းပန်သည့် အတွေ့အကြုံများကို တော်တော်များများ တွေ့ရှိခဲ့၊ စားသောက်ခဲ့ပြီး၍ သိနေကြပြီးဖြစ်သည်။

သို့သော် ဖြစ်ချင်တော့... ထိုနေ့က စားသောက်ကြရတော့မည့်အဆင့်ကို ရောက်ခါနီးလေးတွင် တပ်သားညိုအေးက သူ၏ ပါးစပ်ကို လှုပ်စိလှုပ်စိ လုပ်နေတုန်း ခွေးရူးပြန်သကဲ့သို့ ဖြစ်သွားရတော့သည်။

မြေပြင်ပေါ်သို့ ပစ်လဲချလိုက်ပြီး ခန္ဓာကိုယ်တစ်ခုလုံးမှာ တွန့်လိမ်ကောက်ကွေးသွားရတော့ သည်။ သူ၏ ပါးစပ်ကလည်း ဗလုံးဗထွေးနှင့် လျှောက်ပြောနေသည်။ ကျွန်ုပ်တို့မှာတော့ သူ ဘာတွေပြောလို့ ပြောမှန်းတော့ မသိနိုင်ကြပါ။

တစ်ခါမှ ထိုကဲ့သို့ ဖြစ်စဉ်မျိုးကို မတွေ့ခဲ့ရပါသဖြင့် ကျွန်ုပ်တို့မှာတော့ မျက်ကလူးဆန်ပျာဖြစ်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြရတော့သည်။

အပေါ်သွားနှင့် အောက်သွားကို ဖိပြီး ကိုက်နေရာမှ ထွက်ပေါ်လာသော အသံတို့မှာ ကြောက်ခမန်းလိလိ ဖြစ်ရ



www.burmeselassic.com

www.burmeselassic.com



တော့သည်။

တကျွိကျွိနှင့် မြည်နေသည်။ လူတစ်ဦး တစ်ယောက်အား ဒေါသဖြစ်ပြီး အံကြိတ်နေပုံ ဖြစ်သည်။ မျက်လုံးအစုံမှာလည်း နီရဲပြီး ပြူးထွက်နေ၏။

ကျွန်ုပ်တို့က ဝိုင်းဝန်းပြီး သူ့အား ထူမပေးကြ၏။ ထူမပေးပြီးသောအခါ ကျွန်ုပ်တို့က သူ့အား "ဘာဖြစ်တာလဲ" ဟု မေးကြ၏။

သို့သော် သူကတော့ ကျွန်ုပ်တို့ကို ဘာမှပြန်မပြော အံတကြိတ်ကြိတ်လုပ်ကာ မျက်ထောင့်နီကြီးဖြင့် ကျွန်ုပ်တို့အား ပြန်ကြည့်၏။

မကြာမီအချိန်အတွင်း သူ၏မျက်လုံးများမှာ မီးထတောက်လာတော့မည့်ပုံ ဖြစ်နေ၏။

ဤသည်ကိုကြည့်ခြင်းဖြင့် ကျွန်ုပ်တို့က ဒါသည် သွေးရိုးသားရိုးမဟုတ်ကြောင်း သိရှိကြရလေတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့က သူ့အား ဝိုင်းပြီး ထမ်းမကြကာ တပ်စခန်းရှိရာဆီသို့ ပြန်ခေါ်ခဲ့ကြရတော့သည်။

လမ်း တစ်လျှောက်တွင်လည်း **"သတ်မယ်၊ ဒင်းကိုသတ်မယ်"၊ "ဒင်းကို သတ်ရမှ ငါကျေနပ်နိုင်မယ်"**ဟု အခါခါ ပြောဆိုလိုက်ပါလာခဲ့သည်။

ကျွန်ုပ်တို့မှာတော့ မည်သူကို မကျေနပ်၍ ယခုကဲ့သို့ သတ်မည်ဖြစ်မည်ပြောနေသည်ကိုမသိ။ လူမမာသည် လူနာရှင်ကို ပြောနေသလား… သို့မဟုတ် ကပ်လျက် စားသောက်ကြမည့် ကျွန်ုပ်တို့အဖွဲ့ကို ပြောနေသည်လား…သို့မဟုတ် လံကြုတ်ပယောဂဆရာ တပ်သားညိုအေးကို ပြောဆိုနေသလား မသိနိုင်ကြ။

လူမမာရှင်များကတော့ သူတို့အိမ်ကို ပြန်ပြေးသွားကြပြီဖြစ်သည်။ ကြောက်အားလန့်အား ဒရောသောပါးနှင့် ခေါ်လာခဲ့ကြရာ တပ်စခန်းကို ပြန်ရောက်ခဲ့ကြတော့သည်။

ရောက်လာသောအခါ မြေကြီးပေါ်တွင် ဒီအတိုင်း ချထားလိုက်ရသည်။ သူက ဟိုကြည့်ဒီကြည့်ဖြင့် သတ်မယ် တကဲကဲဖြင့် အော်နေလေရာ ဆရာကြီးနှင့်တကွ အခြားဆရာများပါ ဝိုင်းလာကြတော့သည်။ အရပ်သူအရပ်သားအချို့လည်း ဝိုင်းအုံလာကြသည်။

ကျွန်ုပ်တို့ တပ်စုတပ်ကြပ်ကြီး ဆရာကြီးမောင်ကြီးက…

'အခု ဝင်ပူးထားတဲ့သူဟာ ဘယ်သူလဲ ဘယ်သူ့ကို သတ်မှာလဲ'

ဟု မေးလိုက်ရာ တပ်သားညိုအေးက အသံကြသြကြီးဖြင့်…

'အေး…ငါက ကွင်းပိုင်ကြီးပဲကွ။ ငါ သတ်ရမှာက မင်းတို့ရဲ့တပည့် တပ်သားညိုအေးကိုပဲ'

'သူက ဘာအပြစ်ရှိလို့ သတ်မှာပါလဲခင်ဗျာ'

ဟု မေးလိုက်ရာ…

'သူက အပြစ်ရှိတာပေါ့ကွ၊ သူရှိတဲ့အပြစ်က နည်းနည်းနောနော မဟုတ်ဘူးကွ။ ဒါကြောင့် ဒီကောင် သေမှအေးမယ်။ ဒီကောင်သေဖို့ သတ်ရမှာပဲ'

ဟု ဒေါနှင့်မောနှင့် ပြောလေတော့သည်။ ထိုအခါ ဆရာကြီးက…

'ဘယ်လိုအပြစ်တွေများ ရှိခဲ့ပါသလဲ၊ ရှိရင်လဲ သူ့ကိုယ်စား ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ မသိလို့ လုပ်ခဲ့မိတဲ့ ဒီအမိုက်အမဲလေးကို တစ်ကြိမ် တစ်ခါတော့ ခွင့်လွှတ်ပေးပါ တောင်းပန်ပါတယ်'

ဟု ပြောလိုက်ရာ ကွင်းပိုင်ကြီးက…

'သူက မသိလို့ လုပ်မိခဲ့တဲ့သူ မဟုတ်ပါ… သိသိကြီးနဲ့ အကြိမ်ကြိမ်အခါခါ မိုက်… ခဲ့သူပါပဲ။ ခွင့်လွှတ်ခဲ့ပေါင်းလဲ များခဲ့… သူဟာနဲ့သူ အရက်သောက်ချင် အ… နည်းနဲ့ ရှာကြံပြီးသောက်ပါလား။ ခု… သူက ဒီလိုမဟုတ်ဘူး။

ရွာရောက်တာနဲ့ သူက လူမမာလူနာ… တွေကို လိုက်ရှာပြီး လူမမာတွေ… ကွင်းပိုင်ကြီး လုပ်ထားတယ်ဆိုပြီး … မဆီမဆိုင် ဆွဲထည့်ပြီး ပြောတယ်။

အဲဒီလို ဆွဲထည့်ပြောပြီး ကွင်း… ကျေနပ်အောင် ကြက်ဖို့ကြက်မ အ… တွေနဲ့ အတူ တင်မြှောက်ပူဇော်… တောင်းပန်ရမယ်ဆိုပြီး လုပ်တယ်။

ဒီလိုနည်းနဲ့ပဲ သူဟာ ရောက်လေ… မှာ ငါ့ကို အပုပ်ချပြောဆိုပြီး အရ… ကြက်တွေနဲ့ တင်မြှောက်ကြတယ်… သူတို့ကတော့ စားလို့ သောက်လို့ … ပါးလို့။ ဟော…နောက်ဆုံးမှာတော့… ဖြစ်တဲ့ ငါက ရာဇဝင်လူ…



www.burmeselassic.com

www.burmeselassic.com

ကျွန်ခဲ့ရတယ်။

ဝှဲဟာဝါ အေးအေးဆေးဆေးနေတာ မနေရဘူး။ ဝှဲကို နှာမည်ဖျက်ပြီး သောက်စားမူးရူးနေတဲ့ ဒီကောင်ကို ငါသတ်ရမှာပဲ'

ဟု ပြောလေတော့သည်။

ကျွန်ုပ်တ[illegible]ွ[illegible]ိုင်ကြီးကို အပြစ်မမြင်မိပါ။ သူသူကိုယ်ကိုယ် သူ့နေရာကနေဝင်ပြီး ခံစားကြည့်လျှင် မည်သူကမှ ခံနိုင်ကြမည် မထင်ပါ။

ကျွန်ုပ်တို့မှာ သောက်ဖော်သောက်ဖက်၊ စားဖော်စားဖက်ဖြစ်သော တပ်သားညိုအေးအား ကြည့်ကာ သနားနေမိကြသည်။ သနားနေရုံကလွဲပြီး အခြားဘာမှ မတတ်နိုင်ကြ။

သူ ရခဲ့စဉ်အခါက ကျွန်ုပ်တို့က ဝိုင်းပြီး စားသောက်ခဲ့ကြ၏။ ယခု သူ ဒုက္ခရောက်သောအခါ ကျွန်ုပ်တို့က သူ့ကို ဘာမှ လုပ်မပေးနိုင်ကြ။

သူသည် အစားအသောက်များ နေရာတွင်သာ ရဲဘော်စိတ် ရှိသည် မဟုတ်၊ တိုက်ပွဲများကြားတွင်လည်း အလွန် အားကိုးရသူ တစ်ယောက်ပင် ဖြစ်သည်။

သို့ဖြစ်၍ သူသည် တပ်မတော်ကာကွယ်ရေးဦးစီးမှ ချီးမြှင့်သော တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ပင် ရရှိခဲ့ဖူးသူ ဖြစ်သည်။

ကွင်းပိုင်ကြီး ပြောသောအခါ ဆရာကြီး မောင်ကြီးက…

'ဘာပဲဖြစ်ဖြစ်ပါ ကွင်းပိုင်ကြီးရယ်၊ ဒီကောင် ဒီလိုမျိုး လုပ်နေမှန်း ကျွန်တော် မသိခဲ့ရလို့ပါ။ အခုတော့ သိရပါပြီ။ သိရပါပြီဆိုတော့ ကျွန်တော်မျိုးကပဲ သူ့ကို နောင် ဒီမျိုးမဖြစ်ရအောင် ပြောဆိုဆုံးမ တားမြစ်ပေးပါမယ်။

ကျွန်တော်မျိုး တာဝန်ယူပါတယ်။ ဒီတစ်ခါမှာတော့ဖြင့် နောက်ဆုံးအကြိမ်အဖြစ် ခွင့်လွှတ်ပေးဖို့သူ့ရဲ့ ကိုယ်စား ကျွန်တော်မျိုး



က အနူးအညွတ် တောင်းပန်ပါတယ်'

ဟု ပြောလိုက်ရာ ကွင်းပိုင်ကြီးက…

'အေးပေါ့ကွာ မင်းတို့ တပ်ထဲကလိုမျိုးပေါ့။ ရန်သူတောင် အလံဖြူထောင်ရင် ကျေအေးပေးရသေးတာပဲ။ ငါကလဲ ကျေအေးပေးလိုက်ပါ့မယ်။

နောက်တစ်ခါ တွေ့သမျှ လူမမာတွေကို ကွင်းပိုင်ကြီး လုပ်ထားတယ်ဆိုပြီး အခုလိုမျိုး ကြက်ဖို့ကြက်မတွေ၊ အရက်တွေနဲ့ ပူဇော်ပသ တောင်းပန်ခိုင်တာမျိုး ထပ်တွေ့လို့ကတော့ အသေပဲ။ ငါ့အဆိုးမဆိုကြနဲ့တော့။ ကဲ…ငါ သွားတော့မယ်'

ဟု ပြော၍ ဆုံးသွားသောအခါ တပ်သားညိုအေးမှာလည်း မြေပြင်ပေါ်သို့ အရုပ်ကြိုးပြတ်သကဲ့သို့ လဲကျသွားတော့သည်။

အနည်းငယ်မျှ နေပြီးသောအခါ ဆရာကြီးက ရေပုံးတစ်ပုံး သွားခပ်ခိုင်းစေကာ သူ့ခန္ဓာကိုယ်ပေါ်အား လောင်းချခိုင်းလိုက်၏။ ထိုအခါကျမှ တပ်သားညိုအေးက ထလာပြီး ဟိုကြည့်ဒီကြည့် လုပ်ကာ…

'ငါ…ဘယ်ရောက်နေတာလဲ'

'ဘယ်ရောက်ရမှာလဲ… မင်း သေရမယ့်နေရာကို ရောက်နေတာကွ'

ဟု ဆရာတင်ရှိန်က ဝင်ပြီး ပြောလိုက်သည်။

တပ်သားညိုအေးက…

'ခုနက ကျွန်တော် ကွင်းပိုင်ကြီး…'

သူ၏ စကားမဆုံးခင် ဆရာကြီး မောင်ကြီးက…

'အေး… အဲဒီကွင်းပိုင်ကြီးက မင်းကို အသေသတ်ဖို့ ဝင်ပူးပြီး ဒီနေရာအထိ လိုက်လာခဲ့တာကွ။ မင်းက တွေ့သမျှ လူမမာရောဂါသည်ကို ကွင်းပိုင်ကြီး လုပ်ထားတယ်ဆိုပြီး လျှောက်ပြောတယ်။ ပြောပြီးတော့ ကြက်ဖို့ကြက်မတွေ အရက်တွေနဲ့ တောင်းပန်ခိုင်းတယ်။

တကယ်တော့ ကွင်းပိုင်ကြီးက ဘာမှ လုပ်ခဲ့တာ မဟုတ်ဘူး။ မင်းတို့ သောက်ချင်စားချင်တာနဲ့ပဲ ကွင်းပိုင်ကြီးကို ခုတုံးလုပ်ပြီး လျှောက်လုပ်ခဲ့တယ်။

ဒါကို ကွင်းပိုင်ကြီးက မင်းကို မကျေနပ်လို့ အသေသတ်ဖို့ မင်းကို ဝင်ပူးပြီး လိုက်လာခဲ့တာ။ ငါ အတောင်းပန်ကောင်းလို့ ခုတော့ ကျေအေးသွားပြီ။ ဒါပေမယ့် မင်း နောက်တစ်ခါ ဒီမျိုး လုပ်မိရင်တော့ အသေပဲတဲ့'

ဟု ပြောလိုက်ရာ တပ်သားညိုအေးက…

'ဟုတ်ပါတယ်ဗျာ ဟုတ်ပါတယ်။ ကျွန်တော်က သောက်စားချင်လို့ လူမမာတွေကို ကွင်းပိုင်ကြီး လုပ်ထားတယ်ဆိုပြီး ပြောဆိုခြိမ်းခြောက်ခဲ့မိတာပါ။ ကွင်းပိုင်ကြီး မှာခဲ့တဲ့အတိုင်း ကျွန်တော် နောက်တစ်ခါလဲ မလုပ်တော့ပါဘူး။ ဘယ်တော့မှလဲ မလုပ်တော့ပါဘူး'

ဟု ပြောဆိုပါလေတော့သည်။

နောင်သောအခါ သူသည် ဆေးတပ်သား ရမ်းကု အဖြစ်မှသော်လည်းကောင်း၊ ကွင်းပိုင်ကြီးလုပ်ထားတယ် ဟူသော ပယောဂကုဆရာ အဖြစ်မှသော် လည်းကောင်း လူနာများအပေါ် မကုသတော့ပါကြောင်း…။

**ရှင်လန်း၊ ချမ်းမြေ့ကြပါစေ။**

**ချစ်ဆိုင်**



www.burmeseclassic.com

www.burmeselassic.com



ကျွန်ုပ်တို့သည် နံနက်မိုးလင်း အိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော…၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော… စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း၊ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့…ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာဂန သိရှိစေရန် အလို့ငှာ စေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

* * * ⟶

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်းကျန်အောင်ပေါင်းပါ။

## ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလအတွက်

# နေ့ကောင်းရက်သာ ရွေးချယ်ပါ

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**စက်တင်ဘာလ(၃၀)ရက်နေ့ကို** တွက်လိုသည် ဆိုပါစို့။ **(၃၀)**ရက်နေ့၏ စိုးမိုးဂဏန်းမှာ **(၄)**ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် **(၂၃)**နှင့်ပေါင်းလျှင် **(၂၇)** ရ၏။ ယင်း**(၂၇)**ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလျှင် **၂ + ၇ = ၉** ရ၏။ ထို့ကြောင့် ထိုသူအတွက် **စက်တင်ဘာလ (၃၀)ရက်နေ့**တွင် **(၉)ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ရခြင်း၊ တီထွင်ဖန်တီးရခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွမ်းဆော…တသဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်း…ဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်း…အံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရ…ခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်…ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး…ပညာရေး ဆရာသမားနှင့် ပတ်သက်သော…ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် ၄၊ ၈၊ ၆ **ဂဏန်း**…ရသော ရက်များကို သတိပြု ရှောင်ကြဉ်…သင့်ပါသည်။ အကောင်းဆုံးမှာ ၃၊ ၅ …ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ ၁၊ ၂၊ ၇ …၉ **ဂဏန်း**ရသော ရက်များပင် ဖြစ်…တော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရ…ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်…လျှင် ဆန္ဒပြည့်ဝ လူလုံးလှကာ လော…အလယ် ဂုဏ်ဝင့်ကြွယ်သည် လောကီ…အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု တောင်း…ပြည့်ပါစေ။***

*သုခစုစ်(ကျိုက်လတ်)*

✤ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ✤

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | | | | | 1 ၂ | 2 |
| 3 ၄ | 4 ၅ | 5 ၆ | 6 ၇ | 7 ၈ | 8 ၉ | 9 |
| 10 ၂ | 11 ၃ | 12 ၄ | 13 ၅ | 14 ၆ | 15 ၇ | 16 |
| 17 ၉ | 18 ၁ | 19 ၂ | 20 ၃ | 21 ၄ | 22 ၅ | 23 |
| 24 ၇ | 25 ၈ | 26 ၉ | 27 ၁ | 28 ၂ | 29 ၃ | 30 |



www.burmeselassic.com

www.burmeselassic.com



ဖိုးမြင်း
(မင်းလှ)

မှန်ကန်စွာ သိရှိနိုင်ကြစေရန်

# ဂယပကကနမှုန်နှင့် အာစိအာပ်

ရှိုင်ပြည်နယ်၊ ရသေ့တောင်
နယ် မေယုမြစ်၏ အနောက်
က်ကမ်း စေတီပြင်တိုက်နယ်
ိုင်ဖြစ်သော ပိတောက်မြိုင်
ပြကျေးရွာသို့ စာရေးသူနှင့်အတူ
းလေး မအိဖြူဖင်၊ မစုမေ၊
သိုးတို့ အလည် သွားရောက်ခဲ့ကြပါသည်။

ပိတောက်မြိုင် စံပြကျေးရွာသည် မေယုတောင်ခြေရင်းတွင် တည်ရှိပါသည်။ နိုင်ငံတော်အစိုးရ နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ အကောင် အထည်ဖော် တည်ဆောက်ပေး

www.burmeselassic.com

သော စံပြရွာ ဖြစ်ပါသည်။

ရွာ၏ အနောက်ဘက် (၂)ဖာလုံခန့်တွင် ဘုရားဒကာ ချောင်(မြောင်)ရေတံခွန်နှင့် နဂါးမအိုင် ရှိပါသည်။

စာရေးသူတို့သည် ကျေးရွာလူကြီး ဦးဦးသာညွှန့်၏ ကူညီမှုနှင့် အတူ သွားရောက်လေ့လာခွင့် ရရှိခဲ့ပါသည်။ သင်္ကြန်အကြိုနေ့ဖြစ်၍ ကျေးရွာနေ အမျိုးသား/အမျိုးသမီး လူ(၃၀)ခန့် နဂါးမအိုင်ဘေးရှိ ကျောက်တုံးကြီး တစ်ခုပေါ်တွင် အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော် ပသထားကြ သည်။

စာရေးသူမှ အစ်ကိုကြီး ဦးဦးသာညွှန့်အား...

'ဒါတွေက ဘာလုပ်နေတာလဲ အစ်ကိုကြီး'


ဟု မေးကြည့်ရာ အစ်ကိုကြီး ဦးဦးသာညွှန့်က...

'အခုလို နွေရာသီမှာ ရေရှားပါးမှု မရှိစေရန် နှစ်စဉ် သင်္ကြန်အကြိုနေ့မှာ နဂါးမအိုင်မှာ အမွှေးနံ့သာတွေနဲ့ ပူဇော်ပသကြတာဖြစ်တယ်။

ဒီနဂါးမအိုင်က ရေတွေဟာ ဘယ်အချိန်မှာမဆို ရေမခန်းဘူး ရေအမြဲတမ်းရှိတယ်။ ရွာသူရွာသားတွေတွေဟာ ဒီနဂါးမအိုင်က ရေကို အသုံးပြုကြရတယ်၊ ဒီနဂါးမအိုင်ရဲ့သမိုင်းကြောင်းရှိတယ်၊ နောက်မှ ပြောပြမယ်'

ဟု ပြောပြီး ဘုရားဒကာ ချောင်(မြောင်)ရေတံခွန်သို့ (၁)ဖာလုံခန့် လမ်းလျှောက်သွားခဲ့ကြပြီး ညနေ(၆)နာရီခန့်တွင် ပိတောက်မြိုင်ရွာသို့ ပြန်လာခဲ့ကြပါသည်။

သင်္ကြန်အကျနေ့ နံနက်(၇)နာရီခန့်အချိန်တွင် ရွာသူရွာသားများအားလုံး ရွာဦးကျောင်းသို့ သွားရောက်ကြပြီး ဥပုသ်ဝင်ကြပါသည်။ စာရေးသူ



လည်း သင်္ကြန်ကာလ ဥပုသ်ဝင် ရောက်နိုင်ခဲ့ပါသည်။

ရွာဦးကျောင်း ဆရာတော်ကြီးက သင်္ကြန်နှင့် ပတ်သက်သော ဓမ္မတရားများကို ဟောကြားတော်မူပြီး နံနက် (၉)နာရီခန့်တွင် တရားရှုမှတ်အားထုတ်ကြရန် ကျောင်း၏ အနောက် မြောက်အရပ် ပေတစ်ရာခန့်မြင့်သော တောင်ကုန်းလေးပေါ်၌ တည်ထားပူဇော်ထားသော ကိုးနဝင်းစေတီတော် အရှေ့ဘက် ကံ့ကော်ပင် အရိပ်အောက်တွင် တရားရှုမှတ် အားထုတ်ခဲ့ကြပါသည်။

နံနက်(၁၀)နာရီခန့် အချိန်တွင် တရားရှုမှတ်မှုကို ခေတ္တ ရပ်နားပြီး စာရေးသူနှင့်အတူ ပြင်ရှည်ရွာမှ ဦးစံအောင်ကျော်၊ မောင်လှသန်း၊ ဦးသိန်းမောင်၊ ပိတောက်မြိုင်ရွာမှ ဦးဦးသာညွှန့်၊ ဦးစံသာကျော်၊ ဦးကျန်စောအောင်၊ ကိုအောင်စောလှတို့ ဝိုင်းဖွဲ့၍ နယ်မြေဒေသအကြောင်း ဗဟုသုတဖြစ်ဖွယ်ရာများ ပြောဆိုဆွေးနွေးနေကြပါသည်။

ဗုဒ္ဓမန္တန်တော်ပရိတ်ကြီးအကြောင်း စကားစပ်မိရာမှ ဦးစံအောင်ကျော်က...

'ကျုပ် ငယ်စဉ်ကပင် ကျောက်… ထရံ ဆရာတော်ကြီး ဦးကောဝိဒ… ထံက သင်ယူရရှိခဲ့တဲ့ မန္တန်တစ်ပု… ရှိတယ်ဗျ'

'ကိုစံအောင်ကျော် မန္တန်ဆိုင်… ကျွန်တော် စိတ်ဝင်စားတယ်ဗျာ… ကျွန်တော်တို့ကို မန္တန်အကြောင်း ပြောပြပေးပါဦး'

ဟု တောင်းဆိုလိုက်ရာ ဦးစံအောင်ကျော်က...

'မန္တန်ကတော့ လွယ်ကူတဲ့ မ… တစ်ပုဒ်ပါ။ ဒီမန္တန်ကိုရွတ်မပြမီ မ… နဲ့ ပတ်သက်ပြီး အကျိုးအကြောင်းကို အရင်ပြောပြပါမယ်။

လွန်ခဲ့တဲ့ နှစ်(၅၀)ခန့်က ကျုပ်… ကျောက်ထရံရွာမှာ နေခဲ့တယ်… မိဘပိုင်(ခနဲ)တော (၆)ကေ… တယ်။ နှစ်စဉ်နှစ်တိုင်း ခနဲလက်… ခနဲသီးတွေ ပျောက်တယ်။

ဘယ်သူ ခိုးယူလဲဆိုတာ ကျုပ် မသိဘူး။ နည်းလမ်းအမျိုးမျိုး ကြံ… ပြီး သူခိုးကို ဖမ်းဖို့ ကြိုးစားပါတယ်… ဒါပေမယ့် သေချာမသိဘူး။

ကျုပ်က သံသယဝင်တဲ့လူ… ရှိပါတယ်။ မသေချာတော့ စွပ်စွဲ… မရဘူး။ တစ်နေ့မှာ ကျောက်ထ… ဆရာတော်ကြီး ဦးကောဝိဒ… ကျောင်းကို ကိစ္စတစ်ခုနဲ့ … သွားတယ်။

ဆရာတော်ကြီးက "ခနဲ … ဝယ်ကောင်းကြသလား" မေး… ကျုပ်ကလဲ "ရောင်းဝယ်… ကောင်းပါတယ် ဘုရား… ဒါပေ… ခနဲလက်တွေ၊ ခနဲသီးတွေ … (၂)ကြိမ်ခန့် အခိုးခံနေရ… ဘုရား"လို့ လျှောက်ထား… "သံသယဝင်တဲ့ လူကော ရှိ…



www.burmeseclassic.com

www.burmeselassic.com

ဆရာတော်က မေးပြန်တယ်။ ဒါနဲ့ ကျုပ်ကလဲ သံသယရှိတဲ့လူ (၂) ယောက်ကို ပြောပြလိုက်တယ်။

ဆရာတော်ကြီးက...

"သံသယဆိုတာ မတိကျဘူး။ မသေချာဘူး။ မဟုတ်ဘဲ စွပ်စွဲမိရင် အပြစ်ကြီးတယ်။ ခု...ဘုန်းကြီး မန္တန် တစ်ပုဒ်ပေးမယ်။ သေသေချာချာ တိတိကျကျလုပ် အမှန်တရား ပေါ်လာလိမ့်မယ်"

လို့ပြောပြီး အောက်ပါ **"ဃဃဏန"**မန္တန်နဲ့ အစီအမံကို ပေးလိုက်တယ်။

မန္တန်ကတော့...

"ဦ ဂ ဃ ဏ န သိဆ သိဆ သွားဟာ"

လူကြည့်မှန်ကို ကြည့်ပြီး နေ့စဉ် နေထွက်ချိန်မှာ (၇)ခေါက်၊ နေဝင်ချိန်မှာ(၇)ခေါက်၊ အိပ်ရာဝင်ချိန်(၇) ခေါက် နေ့စဉ် ရွတ်ရမယ်။

မန္တန်ရွတ်တဲ့အခါ အသက်လေး အောင့်ထားပြီး ရွတ်ရမယ်။ မန္တန်ရွတ်ပြီးတဲ့အခါ မိမိ သိလိုတဲ့ ကိစ္စတစ်ခု အတွက် သစ္စာပြုရမယ်။ တစ်နေ့ တစ်မျိုး သစ္စာမပြုရဘူး။

တောစောင့်နတ်၊ ချောင်းစောင့် နတ်၊ တောင်စောင့်နတ်၊ ခနိတော စောင့်နတ်၊ လောကပါလ နတ်မင်း ကြီး(၄)ပါးနဲ့ မြေစောင့်နတ်တို့ကို မေတ္တာ ပို့သရမယ်။

ဒါက ဆရာတော်ကြီးဆီက ရရှိခဲ့တဲ့ မန္တန်နဲ့ ပတ်သက်တဲ့ အကြောင်းအရာ တွေပါပဲ။

ကျုပ်လဲ ဆရာတော်ကြီးပေးတဲ့ မန္တန်ကို အစီအစဉ်အတိုင်းလုပ်ကြည့်တာပေါ့ဗျာ။ ရက်(၂၀)ခန့် အကြာမှာ ကျုပ် သံသယဝင်တဲ့ လူတွေတော့ မဟုတ်ဘူး။ မြစ်နားရွာက လူတွေ



ဖြစ်နေတယ်။ ခနိခိုးတဲ့ သူခိုးနှစ်ယောက်ကို လှေတစ်စီးနဲ့ တွေ့တာ ပေါ့ဗျာ'

စာရေးသူက ကြားဖြတ်၍...

'ခနိသူခိုးတွေ ဘယ်လိုဖမ်းမိတယ်ဆိုတာ ရှင်းပြပါဦးဗျာ'

ဟု ပြောလိုက်ရာ...

'ဟုတ်ကဲ့ ဒါကလဲ မန္တန်အစွမ်းပြတာလို့ ဆိုရမယ်ဗျာ။ မြစ်နားရွာက ခနိသူခိုး(၂)ဦးက ညဉ့်(၂)နာရီခန့် အချိန် လှေငယ်တစ်စင်းနဲ့ ကျုပ် ခနိတောရဲ့အလယ်က ရိုးချောင်း အတိုင်း ဝင်ရောက်ခိုးကြတယ်။

မနက်(၄)နာရီခန့်အချိန် ဒီရေ အကျနဲ့ ပြန်မယ်ပေါ့ဗျာ။ ညဉ့် (၂)နာရီလောက်ကပင် ခနိတောထဲ ဝင်ရောက်ပြီး အေးအေးဆေးဆေး ပေါ့။ ခနိသီးအခိုင်က (၁၀)ခိုင်၊ ခနိလက်(၅၀)ခန့် ခိုးယူပြီး လှေပေါ် တင်ပြီး ရိုးချောင်းအတိုင်း မနက် (၄)နာရီအချိန်ခန့် ပြန်ထွက်လာကြတယ်။

ကံဆိုးချင်တော့ ရိုးချောင်းလေး အဝမှာ အထက် သိန်တောင်ရွာက ယင်းတားပြီး ငါးရှာတဲ့ အဖွဲ့က ဒီရိုးချောင်းလေးကို ဟိုဘက်ဒီဘက် ယင်းပိုက် တားထားတယ်။

အဲဒီမှာ ခနိခိုးလာတဲ့ လှေက လမ်းပိတ်သွားတာပေါ့ဗျာ။ လှေသမားက ယင်းပိုက်ကို ဖွင့်ပေးဖို့ ပြောတယ်။

ယင်းပိုက်အဖွဲ့က လမ်းဖွင့်မပေးဘူး။ အဲဒီမှာ စကားများရန်ဖြစ်ကြတယ်။ ရိုက်ကြနှက်ကြနဲ့ ရွာသူကြီး အိမ် ရောက်လာကြတယ်။

အဲဒီမှာ ကျုပ်ရဲ့ခနိသူခိုးကို ဖမ်းမိတာပေါ့ဗျာ။ ဒါက မန္တန်ရဲ့ အစွမ်းလို့ ပြောရမယ်ဗျာ'

ဟု စိတ်ရှည်လက်ရှည် ရှင်းပြပါသည်။

စာရေးသူ အနေဖြင့်လည်း သည်မန္တန်ကို သဘောကျပါသည်။ လူတွေ ပြောဆိုနေကြတဲ့ စကားထဲမှာ **"မင်း ဒီကိစ္စကို ဃဃဏန သိလိုလား။ မင်း ဃဃဏန မသိဘဲ ဝင်မပြောနဲ့"**စသည်ဖြင့် ပြောဆိုနေကြသည်များ ကြားသိဖူးပါသည်။

အခြားသော ကိစ္စများမှာလည်း သည်မန္တန်နှင့် အစီအမံ ပြုလုပ်လျှင် အောင်မြင်နိုင်သည်ဟု ဦးစံအောင်ကျော်က ပြောပြပါသည်။

စာရှုသူများအနေဖြင့် ယုံကြည်စွာဖြင့် လွယ်ကူသော အစွမ်းထက်မြက်သော မန္တန်တစ်ပုဒ်အား ဗဟုသုတ အဖြာဖြာ တိုးပွားကြစေရန် ရေးသား ဖော်ပြအပ်ပါသည်။

**[၂၀၁၆ ခုနှစ် သင်္ကြန်ကာလ ဥပုသ်သည် ဦးစံအောင်ကျော် (မြင်ရှည်ရွာ)အား ကျေးဇူးတင်ပါသည်။]**

**ဗိုလ်မင်း(မင်းလှ)**



www.burmeselassic.com

www.burmeselassic.com

# မကြားစေကာ အမျှဝေ

ရကြဝါစေ

ဇော်မိုးသွင်
(ရန်ကုန်)



ကျွန်တော်တို့ လမ်းဖောက်တဲ့ကန်ထရိုက်တွေအနေနဲ့ ကိုယ်ဖောက်တဲ့လမ်း၊ ကိုယ်ခင်းတဲ့လမ်းရဲ့ အနီးအနား လမ်းမကြီးရဲ့ဘေး အတွင်းကျကျ တောထဲလိုနေရာတွေမှာ တဲတန်းကြီး ထိုးနေရတာတို့ ရှိခဲ့ပါတယ်။ ရေလိုရင်တော့ ဘုန်းကြီးကျောင်းကို အားကိုးကြရပါတယ်။

မော်လမြိုင် သံဖြူဇရပ်နားမှာ လမ်းခင်းကြရတဲ့ အခါမှာတော့ မော်လမြိုင်မြို့ရဲ့ မြို့စွန်နားက အိမ်ကြီးတစ်အိမ်ကို ငှားနေကြပါတယ်။ မြို့ထဲနဲ့ဝေးပေမယ့် ဘေးမှာ တစ်ခြားအိမ်တွေလဲရှိပြီး လမ်းမကြီးတန်းပေါ်မှာပါ။ အိမ်ကို ရှေ့တိုးဆောက်ထားပြီး ရှေးနှစ်ထပ်အိမ်ကြီးပါ။

အိမ်ရှေ့မျက်နှာစာက ဆယ်ဘီးကားကြီးတစ်စီး ရပ်စာလောက်တော့ မြေနေရာ ကျန်ပါတယ်။ ခြံကို... မထားတော့ ကားကြီးတွေ ... ရလွယ်လို့ အဲဒီခြံကြီးကို ... မိတာပါ။

နောက်ဘက်ကတော့ ... တစ်ခေါ်လောက်ကို ...



www.burmeselassic.com

www.burmeselassic.com

ခြံထဲမှာလဲ သီးပင်စားပင်တွေ အများကြီး စိုက်ထားတာပါတယ်။ ဒီခြံကြီးကို ငှားနေဖြစ်တာကတော့ ဘတ်ဖိုးတွေ မြေသယ်ယဉ်တွေ သုံးစီး၊ လေးစီးလောက် ခြံနောက်မှာ ထားရလို့ပါပဲ။ ကားကြီးတွေမို့ လမ်းမပေါ်မှာ ရပ်ဖို့က အဆင်မပြေဘူးလေ။

အိမ်ကြီးက ရေနံချေးတွေ ဝနေတဲ့ အိမ်မဲကြီးပါပဲ။ အောက်ထပ်မှာ အိပ်ခန်း သုံးခန်းရှိပြီး ရေချိုးခန်းရော၊ အိမ်သာရော အိမ်ကြီးထဲမှာ ရှိပါတယ်။ အပေါ်ထပ်မှာလဲ အိပ်ခန်းသုံးခန်း ဆက်ရက်ပါပြီး အိပ်ခန်းတွေရဲ့ ရှေ့မျက်နှာစာကို အကျယ်ထားပြီး ဘုရားခန်းလုပ်ထားတာ ဘုရားဆင်းတုတော်တွေနဲ့ သပ္ပါယ်ပါတယ်။ ဘုရားခန်းရဲ့ ရှေ့မှာတော့ ဝရံတာအကျယ်ကြီး ရှိတာပေါ့။

အိမ်အပေါ်ထပ်မှာလဲ အိမ်သာရှိပြီး ဘေးဝရံတာတစ်ခုလဲရှိပါတယ်။ အိမ်ကြီးကို ဆောက်ထားပုံက စနစ်ကျပါတယ်။ လူမနေတဲ့ အခန်းတွေရဲ့ ကြမ်းတွေက ပြောင်လက်နေပြီး အိပ်ခန်းဝတိုင်းမှာ ခြေသုတ်ဖို့ ပုဆိုးအဟောင်းတစ်ထည်စီ ချထားပါတယ်။

လှေကားပေါ် စတက်လို့ အပေါ်ရောက်ကတည်းက လှေကားဝမှာလဲ ခြေသုတ်ပုဆိုးတစ်ထည် ချထားတာမို့ အိမ်ရှင်က စည်းကမ်းကြီးပြီး အသန့်ကြိုက်ဟန်တူပါတယ်။

ခြံကြီးထဲမှာ ရေတွင်းကြီးတစ်တွင်းရှိလို့ အိမ်ထဲ အုတ်ရေကန်ကရေကို မချိုးကြပါဘူး။ ခြံထဲပဲ ရေထွက်ချိုးကြပါတယ်။ ရေကိုင်ငင်ချိုးရတာ အဆင်မပြေလို့ အလုပ်ပြန်တဲ့အချိန်ကလဲ မှောင်စပျိုးနေတော့ ရေငင်ချိုးနေရရင် လူများတော့ အချိန်ကုန်လို့ ရေစုပ်စက်လေး တပ်ပေးလိုက်တယ်။အသား ဖြူဖြူ ခပ်ချောချော အိမ်ရှင်မကိုတော့ ကြီးဆွေလို့ ခေါ်ကြပါတယ်။

ကြီးဆွေရဲ့ ယောက်ျားကတော့ အသားညိုညိုနဲ့မို့ ကြီးဆွေနဲ့ အဖြူနဲ့ အညို ဆန့်ကျင်ဘက်ဖြစ်ပေမယ့် သဘောသိပ်ကောင်းပါတယ်။ မိန်းမကိုလဲသိပ်ချစ်ပြီး အိမ်ကိစ္စတွေ၊ ချက်ပြုတ်တဲ့ကိစ္စတွေကို ကူလုပ်ပေးတတ်ပါတယ်။

အိမ်ရှင်မိသားစုကတော့ အောက်ထပ်တစ်ခန်းမှာနေပြီး အိမ်ရှေ့က အခန်းကျယ်ကြီးနဲ့ အပေါ်ထပ်တစ်ခန်းကို ကျွန်တော်တို့ကို ငှားထားတာပါ။

ကျွန်တော်တို့ လူတွေကတော့ တစ်နေ့လုံး အလုပ်ထဲမှာပဲ အချိန်ကုန်နေကြလို့ မနက်ခြောက်နာရီလောက်ဆို အိမ်ကထွက်ကြပြီး ညနေဆိုလဲ ခြောက်နာရီလောက်မှ ပြန်လာကြတာပါ။ ရေမိုးချိုးပြီးရင် ထမင်းဆိုင်မှာ ထမင်းထွက်စားကြပါတယ်။

အပေါ်ထပ်ကအခန်းမှာ ကျွန်တော်ရယ်၊ ကျွန်တော့်ညီရယ်၊ ယာဉ်မောင်းနှစ်ယောက်ရယ် အိပ်ကြပါတယ်။ အောက်ထပ်မှာလဲ ယာဉ်မောင်းတချို့နဲ့ အလုပ်သမားတွေ အိပ်ကြတယ်။ ကျွန်တော်တို့ အလုပ်သွားပြီဆို ကြီးဆွေက အိမ်သန့်ရှင်းရေး လုပ်ပေးပါတယ်။

တစ်ညလုံး ကောင်းကောင်း အိပ်ပျော်ကြပေမယ့် မနက်(၃)နာရီလောက်ဆို အသံတွေကြောင့် လန့်နိုးရပေမယ့် ပြန်အိပ်လိုက်ကြတာပါပဲ။

'ဆရာ မနက်(၃)နာရီလောက်ဆို ဆရာတို့ အပေါ်ထပ်က သိပ်ဆူတာပဲ၊ ကျွန်တော်တို့ အိပ်မရတော့ဘူး။ ဘုရားစာ ရွတ်သံလို အသံတွေ လမ်းလျှောက်သံတွေလဲ ကြားရတယ်။

အစောကြီး ထကြတာလား။ အိမ်ပေါ်မှာ ဆရာတို့အပြင် ဘယ်သူရှိသေးလဲ၊ အဘိုးကြီးတစ်ယောက်ရဲ့ အသံလဲ ကြားရပေမယ့် မှုန်သံဝဲဝဲနဲ့မို့ ဘာတွေပြောနေမှန်း နားမလည်ပေမယ့် ဘုရားရှိခိုးသံလို့တော့ ထင်တာပဲ'

ကြီးဆွေကို မေးကြည့်တော့...

'ကြီးဆွေတို့ အဖေက စောစောထတတ်တယ်လေ။ ညဘက်ဆို အဖေက စောစောအိပ်တာကို၊ ဘုရားခန်းနဲ့ ကပ်ရက်အခန်းက အဖေ့အခန်းပေါ့။ မနက်စောစောဆို အဖေကထပြီး ဘုရားရှိခိုး အမှုတော အဖေဘုရားရှိခိုးရင် အကြာကြီးပဲ၊ ဘုရားရှိခိုးပြီးရင်တော့ လမ်းထွက်လျှောက်တတ်တယ်။ တစ်ခါတလေကြတော့ အိမ်ပေါ်တင် လျှောက်တယ်'

ကြီးဆွေက ဒီလိုပြောတော့မှ အိမ်ပေါ်ထပ်က အသံကိစ္စတွေ ရှင်းသွားပါတယ်။ ကြီးဆွေကသာ အဖေနေတာဆိုပေမယ့် ကိုယ်တွေကပဲ အိမ့်မကာပ်လို့လား မသိပါဘူး ကြီးဆွေတို့ရဲ့ အဖေကို တစ်ခါမှ မတွေ့ဖူးပါဘူး။

ကျွန်တော် မော်လမြိုင်မြို့ထဲ သွားရတဲ့အခါ ကြီးဆွေအဖေအတွက်လဲ မုန့်တွေ ဝယ်လာခဲ့ပါတယ်။ ကိုယ်တိုင်ပေးမလို့ လုပ်ပေမယ့် ကြီးဆွေက သူပေးလိုက်မယ်ဆိုပြီး ယူထားလိုက်ပါတယ်။ ကြီးဆွေအဖေကို တွေ့ဖူးချင်ပေမယ့် မတွေ့ရပါဘူး။

'ဆရာ ကျွန်တော် အောက်ထပ်ကို ဆင်းအိပ်ချင်တယ်၊ အိမ်ပေါ်မှာ မအိပ်ချင်ဘူး။ မနက်ဆို အစောကြီး ဆူသံကြောင့် နိုးနိုးနေရတာ ခိုညည်းသံတွေ ခေါင်းမိုးပေါ်က လမ်းလျှောက်သံတွေကလဲ မနက်စောစောဆို ဆူနေလို့ အိပ်ရေးမဝဘူး'

ကိုမောင်ဦးကပြောတော့ သူ့သဘောပေါ့။ ယာဉ်မောင်းတွေ တစ်ယောက်ပြီးတစ်ယောက် အောက်ထပ်ကို ပြောင်းအိပ်ကြတာ ကျွန်တော်

www.burmeselassic.com

တစ်ယောက်တည်း အပေါ်ထပ်မှာ ကျန်ခဲ့ပါတယ်။

ယောက်ျားလေးတွေ ဆိုတော့လဲ ဂစ်တာတီးတဲ့လူနဲ့ သီချင်းဆိုတဲ့လူနဲ့ အပျော်တမ်း ကစားကြတဲ့လူနဲ့ဆိုတော့ အောက်ထပ်ခန်းမှာ တစ်ရုတစ်ဝေး တည်းနေရတာ သူတို့ ပျော်တာပေါ့။

နေ့လယ် သူတို့ကားမောင်းသွားကြရင် လိုက်တဲ့အခါလဲ လိုက်သွားတယ်။ မလိုက်တဲ့အခါမှာ အိမ်ပေါ်ထပ်ကြီးမှာ တစ်ယောက်တည်း ကျန်ခဲ့ရတယ်။ ပျင်းလို့ရှိရင် အိမ်ပေါ်ထပ်မှာရှိတဲ့ စာအုပ်တွေ ယူဖတ်တဲ့အခါဖတ် ဝရံတာကနေ ခြံထဲကို ကြည့်တဲ့အခါ ကြည့်ပေါ့။



တစ်နေ့တော့ မိန်းမတစ်ယောက်က လျှော်ဖွတ်ထားတဲ့အဝတ်တွေကို ကြိုးတန်းမှာ လှန်းနေတာကို တွေ့လိုက်ရတယ်။ သူ့ကို နောက်ကျောကနေ ကြည့်ရတာ နည်းနည်းဝလို့ ကြီးဆွေ မဟုတ်မှန်းတော့ သိလိုက်ပါတယ်။

ဒီဘက်ကို မျက်နှာလှည့်ပြီး အိမ်ပေါ်ကို မော့ကြည့်တဲ့အခါမှာ ကြီးဆွေနဲ့ တော်တော်ဆင်မှန်း သတိထားလိုက်မိတယ်။ ကျွန်တော်လဲ ရပ်ကြည့်မနေတော့ဘဲ အိမ်ထဲ ပြန်ဝင်ခဲ့တာပေါ့။

အိမ်ပေါ်ထပ်မှာ ဆယ်ရက်လောက်ပဲနေပြီး မနက်စောစော ဆူညံသံတွေကြောင့် အောက်ထပ်ကို ပြောင်းအိပ်ခဲ့ပါတယ်။ အိမ်အောက်ထပ်မှာတော့ ပျော်စရာကြီးပါ။ ကျွန်တော့်ကြောင့် သူတို့ အနေခက်မှာစိုးလို့ ကိုယ့်အခန်းထဲကနေ သိပ်မထွက်ဖြစ်ပေမယ့် သူတို့နေတဲ့ အခန်းကျယ်ကြီးကတော့ ညတိုင်း ဆယ့်တစ်နာရီလောက်အထိ ဆူဆူညံညံပါပဲ။

အိမ်ရှင်ကို အားနာလို့ သိပ်မဆူကြဖို့ ပြောထားရပေမယ့် အိမ်ရှင်က နောက်ခန်းမှာနေတာဆိုတော့ သီးခြားလေးလို ဖြစ်နေပြီး နေတတ်သလိုနေပါ ရပါတယ်ဆိုလို့ တော်ပါသေးတယ်။ တစ်ခါတလေတော့လဲ တပည့်တွေ ခေါ်ပြီး လက်ဖက်ရည်ဆိုင် သွားထိုင်ကြပါတယ်။

'ခင်ဗျားတို့ အဲဒီအိမ်ကြီးမှာ ငှားနေတာ အဆင်ပြေကြရဲ့လား၊ ညဘက်ဆို အိပ်ပျော်ကြရဲ့လား'

'အိပ်ပျော်ပါတယ်။ အပေါ်ထပ်မှာ အိပ်ရင် သိပ်အဆင်မပြေလို့ အောက်ထပ်ကို ပြောင်းအိပ်ကြတော့ အဆင်ပြေပါတယ်။ အဲဒါက မနက်အစောကြီးထပြီး ဘုရားရှိခိုးတော့ လန့်နိုးလို့ အောက်ထပ် ပြောင်းအိပ်တာပါ'

'ကောင်းပါတယ်ဗျာ။ ခြံလဲကျယ်ဝန်းပြီး ကားတွေလဲ ထားလို့ရတော့ အဆင်ပြေတယ် ကြားရတာ ဝမ်းသာပါတယ်။ မဆွေလဲ အပိုဝင်ငွေရရှာတာပေါ့။ သူ့မှာလဲ သူ့သားလေးဆေးကုရတော့ တော်တော် ဒုက္ခရောက်သွားတာ ရန်ကုန်အထိ သွားကုရပြီး မရပါဘူး။

ဆေးရုံက လက်လျှော့လိုက်တော့ မဆုံးခင် ကားငှားပြီး ပြန်ခေါ်လာရတာ ဆုံးမှ ပြန်သယ်လာရင် ကားငှားခက ဈေးပိုတောင်းတယ်လေ။' သေတဲ့လူကိုလဲ မသယ်ချင်ကြဘူး။

အစ်မကလဲ တူလေးဆုံးပြီး မကြာခင်မှာ ထပ်ဆုံးရတော့ မဆွေယောက်ျားလဲ အလုပ်ကထွက်ပြီး မဆွေနား နေရတော့တာပေါ့။ အိမ်ငှားခလေးတွေရနေလို့ တော်သေးတယ်။ ဈေးကြီးထဲမှာ အလှကုန်ဆိုင်ထွက်တာ မဆွေယောက်ျားပဲ ထွက်ရတာ'

'ကြီးဆွေအစ်မ ဆုံးသွားတယ်ဆိုတာ ဒီအိမ်မှာပဲလား၊ ကျွန်တော် အပေါ်ထပ်မှာနေတုန်းက မိန်း တစ်ယောက်ခြံထဲမှာ အဝတ်တွေလှန်းနေတာတွေ့မိတယ်။ ကြီးဆွေနဲ့တူ မယ့် ကြီးဆွေတော့ မဟုတ်ဘူး'


'အပေါ်ထပ်မှာ အခန်းသုံးခန်း ရှိတယ်မ လား။ အလယ်ခန်းက ကြီးဆွေအစ်မကြီး တာလေ၊ ဟာ... ဒါဆို အစ်မကြီးများ တခြားမိန်းမတွေ သူတို့အိမ်မှာ မ အစ်မကြီးက အပျိုကြီးပါ။

သူက သူ့အဖေနဲ့ အိမ်အပေါ် သံ သိပ်ကြီးတာ၊ မဆွေတို့ ဈေးသွား အမေကြီးရော ကလေးတွေကိုပါ ရောက်ပေးတာ၊ အဝတ်အစားတွေလဲ ဖွပ်ပေးတာလေ၊ နေ့လယ် နေပူထဲ လာပြီး ကြာကြာမနားဘဲ - ခေါင်း ရေချိုးတာ သူ့ဆံပင်ကလဲ သိပ်ကောင်း တော်တော်နဲ့ မခြောက်ဘူးပေါ့

www.burmeselassic.com

ခြောက်အောင် ပန်ကာလေးလိုက်တာ လေဖြတ်သလို ဖြစ်သွားပြီး ဆုံးသွားရှာတာ'

ကြီးဆွေတို့အကြောင်းကို နည်းနည်းတော့ သိခွင့်ရလိုက်ပါတယ်။ ကြီးဆွေရဲ့ သားငယ်လေးဆုံးသွားတဲ့ အကြောင်း၊ ကြီးဆွေအစ်မဆုံးသွားတဲ့ အကြောင်းတွေကိုပါပေါ့။ ဒါဆို ကျွန်တော့်ကို သရဲခြောက်တာလား ပေါ့။



သူတို့အိမ်မှာနေကြတုန်း ထူးခြားတာတစ်ခုကို တွေ့ခဲ့ရပါတယ်။ ဘတ်ဖိုကြီးက ပျက်နေလို့ မပြင်ရသေးခင် ခြံထဲမှာပဲ ထားထားပါတယ်။ ညဘက်ဆို လူတွေမအိပ်ခင် မိန်းမတစ်ယောက်နဲ့ ကလေးလေး တစ်ယောက် ရောက်လာတတ်ပြီး ဘတ်ဖိုးကို ကြည့်ခွင့် လာလာတောင်းပါတယ်။

'မောင်လေးရေ… ကလေးက မအိပ်ခင် ဘတ်ဖိုးကို မကြည့်ရရင် ငိုငိုနေလို့လာလာပြရတာ ဒီနေ့လာကြည့်တာ နောက်ကျသွားတယ်။ နောက်နေ့တွေဆို စောစောလာကြည့်ပါ့မယ်'

ညဘက်မို့ လက်နှိပ်မီးဖြင့် ထိုးပြရသည်။ ဘာဝင်စားလေးပါလိမ့် ဘတ်ဖိုးကိုမကြည့်ရရင် မအိပ်ဘူးဆိုတော့ ဘတ်ဖိုးသမားများ ဝင်စားတာလား ပေါ့။

ကျွန်တော်တို့ ဒီအိမ်ငှား မနေခင်က သူဘယ်လိုအိပ်သလဲ၊ ဘယ်ကားကို သွားကြည့်ပြီးမှ အိပ်သလဲလို့ပေါ့။ နောက်မှပဲ သူ့အမေကို အင်တာဗျူး တော့မယ်လို့ တွေးမိတယ်။

ဒီကားဝယ်တုန်းက သူများမောင်းပြီးသား အဟောင်းကို ပြန်ဝယ်ထားတာမို့ ကိုယ့်လက်ထဲမှ ခဏခဏပျက် စိတ်ညစ်စရာပါ။

လက်ဖက်ရည်ဆိုင်မှာ မြို့ခံလူတွေ စကားပြောဖြစ်တဲ့အခါ ကျွန်တော်တို့ငှားနေတဲ့ အိမ်အကြောင်းတွေ တော်တော် သိလိုက်ရပါတယ်။

တစ်နေ့တော့ ကြီးဆွေကလဲ ဈေးသွားနေပြီး မိုးတွေကလဲ မည်းနေလို့ ဆိုက်ထဲ လိုက်မသွားဘဲ အိမ်မှာ ကျန်နေခဲ့တာ၊ မော်လမြိုင်တို့ ရေး၊ မြိတ်၊ ထားဝယ်တို့က မိုးတွင်းဆို မိုးကောင်းကြတယ်လေ။

အခု မိုးတွင်း မရောက်သေးခင်မှာ တောင် မိုးက နည်းနည်းချင်း စရွာနေတာ၊ မိုးရွာတဲ့နေ့ဆို အလုပ်လုပ်ရတာ အဆင်မပြေဘူးပေါ့။

ဒီနေ့ ကြီးဆွေရော အမျိုးသားကပါ ဈေးထွက်သွားတာ ကျွန်တော် တစ်ယောက်တည်း အိမ်မှာကျန်ခဲ့တော့ မိုးနည်းနည်းရွာလာလို့ တစ်နေ့ကတွေ့တဲ့ အမျိုးသမီးကြီးကို သတိရမိတယ်။

အပြင်ထွက်ကြည့်မိတော့ မိုးရေကြီးထဲမှာ အဝတ်တွေ ထွက်ရုပ်နေတာကို တွေ့လိုက်ရတယ်။ လူလား၊ သရဲလား သေချာသိချင်တာနဲ့ပဲ အနားသွားကြည့်မလို့ ထီးယူနေတုန်း အချိန်လေးမှာ ကြိုးတန်းလေးတန်းနဲ့အပြည့် လှန်းထားတဲ့ အဝတ်တွေရော အမျိုးသမီးကြီးပါ ပျောက်ချင်းမလှ ပျောက်သွားပါတော့တယ်။

နောက်တစ်ခါ ထိုအမျိုးသမီးကြီးနဲ့ ဆုံရတာကတော့ ရေတွင်းမှာပါ။ ကျွန်တော့်လူတွေ ဆိုက်ထဲက ပြန်မလာခင် ရေအရင်ချိုးထားဦးမယ်လို့ အဝတ်တွေနဲ့ ရေတွင်းကိုအသွားမှာ အိမ်ထဲကနေ ကြည့်တုန်းက ဘယ်သူမှ မရှိတဲ့ ရေတွင်းမှာ ထိုအမျိုးသမီးကြီးက ထမီရင်လျားနဲ့ အဝတ်တွေလျှော်နေပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ကြီးဆွေကလဲ သူ့အခန်းထဲကနေ ခြံထဲကို ထွက်လာလို့ သူများအဝတ်လျှော်တာကို ရပ်ကြည့်သလို ဖြစ်နေမှာစိုးလို့ အိမ်ထဲ ပြန်ဝင်မလို့အလုပ်မှာ ကြီးဆွေက စကားလှမ်းပြောလိုက်ပါတယ်။

'ရေချိုးမလို့ မဟုတ်လား မောင်ဇေယျာ၊ ဘာလို့ပြန်ဝင်တာလဲ ကြီးဆွေရေတွင်းမသုံးပါဘူး၊ လွတ်လွတ်လပ်လပ် ချိုးပါ'

ရေတွင်းမှာ အဝတ်တွေလျှော်နေတဲ့ အမျိုးသမီးကြီးကို ကြီးဆွေ မြင်ဟန် မတူပါဘူး။ ကြီးဆွေ ပြောလိုက်တာနဲ့ ရေတွင်းကို သွားရအခက် ပြန်ဝင်ရအခက်မှာ အဝတ်လျှော်ရာကနေ ထလိုက်တဲ့အမျိုးသမီးကြီးက ကျွန်တော်တို့ဘက်ကိုလှည့်ကြည့်ပြီး လက်ယပ်ခေါ်လိုက်ပါတယ်။

ကျွန်တော်က မလာဘူးဆိုတဲ့ အမူအရာနဲ့ ခေါင်းယမ်းပြလိုက်မိတဲ့အချိန်မှာပဲ ဖြုန်းခနဲ ပျောက်သွားပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ အိမ်ပေါ်ထပ် လှေကားကနေ အဘတစ်ယောက်က ဆင်းလာပါတယ်။

'ဒါ ကြီးဆွေတို့အဖေလေ…၊ အဖေ ဘယ်သွားမလို့လဲ ညနေပဲ စောင်းနေပြီ'

ကြီးဆွေကမေးတော့ ဘယ်မှ မသွားပါဘူးပြောပြီး ကျွန်တော့်ကို ပြောပါတယ်။

'သမီးကြီးက အဘကို အိပ်မက်ပေးပြီး မင်းကို အကူအညီတောင်းနေတယ်။ သူ ကျွတ်လွတ်သွားအောင် မင်းက ကူညီပေးပါ တဲ့လေ၊ မင်းပဲ သူ့ကို မြင်ရတာမို့ သူ

www.burmeselassic.com

တကယ် မကျွတ်လွတ်သေးကြောင်း ပြောပြပေးပါတဲ့။ အကြောင်းစုံသိရင် ဘုန်းကြီးတွေပင့်ပြီး အမျှဝေပေးပါ။ သူ့အဘနဲ့ သူ့ညီမကိုပြပေမယ့် ဘယ်သူမှ မမြင်ကြဘူးတဲ့။

သူ့အခန်းနဲ့ကပ်ရက်မှာ မင်းတို့နေကြတုန်းက အသံပြုတာတို့ လမ်းလျှောက်ပြတာတို့ လုပ်ခဲ့တာ ဘယ်သူကမှ ဂရုမစိုက်မိကြဘူးတဲ့။ သူ့ရှိနေမှန်းကို မင်းပဲ မြင်ရတွေ့ရလို့ အိမ်သားတွေကို ပြန်ပြောနိုင်အောင် အကူအညီတောင်းတာပါတဲ့။

သူ မကျွတ်မလွတ်မှန်း ဘယ်သူမှ မမြင်ရလို့ မတွေ့ကြရတော့ တစ်လပြည့်အလှူ လုပ်ပေးပြီး ထပ်မလုပ်ပေးကြလို့ပါတဲ့လေ။ အဘလဲ အယုံအကြည်မရှိပါဘူး။ တစ်ခါမှလဲ မပြဘူး။ အိပ်မက်မမက်ဘူးပဲ မင်းတို့ရောက်လာမှပဲ ခဏခဏ မက်နေလို့ ငါတို့ တကယ်ပဲ အဘသမီးကြီးကို တွေ့ရသလား မေးချင်တယ်ကွယ်'

ကျွန်တော်က မြန်မာပြည်အောက်ပိုင်းအနှံ့ တောကြမ်းသည် ဆိုးသည်ဆိုသည့် နေရာများတွင် နေခဲ့ဖူးပြီး မကြာခဏ တစ်မျိုးပြီးတစ်မျိုး နားမလည်သော တိုင်းရင်းသားဘာသာစကားများဖြင့် ဝင်ပူးကပ်ပြောဆိုသော နာနာဘာဝများကိုလဲ ကြုံဖူးခဲ့ပါတယ်။

ကိုယ်တွေ့မျက်မြင် အကောင်အထည်လိုက်တော့ မတွေ့ဘူးခဲ့ပါ။ အဘက သေဆုံးသွားပြီဆိုသော ကြီးဒွေအစ်မရဲ့ ဓာတ်ပုံတစ်ပုံကိုပြရာ တကယ်ပဲ ကျွန်တော်မြင်ခဲ့ရတဲ့ အမျိုးသမီးကြီးပါပဲ။ ဓာတ်ပုံကို မြင်လိုက်မှပဲ မကြောက်တတ်တဲ့ ကျွန်တော်က ကြက်သီးမွေးညင်း ထလာပါတယ်။

'ဟုတ်တယ်အဘ သူပါပဲ။ သူတကယ် မကျွတ်မလွတ်ဘူးထင်တယ်။ ကျွန်တော်တို့ အပေါ်ထပ်မှာ အိပ်တုန်းကလဲ လမ်းလျှောက်သံတို့ စကားပြောသံလိုလို ကြားနေရတာ လူကလဲများတော့ ဒီလိုဆုံးသွားတဲ့လူက အိမ်ပေါ်မှာ နေနိုင်တာလဲ မကြုံဘူးလို့ မကြောက်ကြပါဘူး။

တယ်ညှိလေးတွေ ဘာမြင်သလဲတော့ မသိပါဘူး။ သူတို့ကလဲ ဘာမှမပြောဘဲ အောက်မှာပဲ အိပ်ချင်တယ်ဆိုပြီး နေရာရွှေ့အိပ်ကြတာ၊ အဘတို့ အမျှဝေစရာရှိတာတို့ လုပ်ပေးလိုက်ပါ'

ကျွန်တော် နားမလည်နိုင်တာက အိမ်မှာဆို အိမ်စောင့်နတ်ရှိတယ်ဆိုကြပေမယ့် သေဆုံးပြီးသူများက အိမ်ထဲမှာ နေနိုင်ပါသလားလို့ပေါ့။ ကျွန်တော့် အဘွားကပြောဖူးတယ်။ သူတို့နေတဲ့ အိမ်ကြီးထဲမှာ အရင်နေခဲ့တဲ့ အိမ်ရှင်ရဲ့သမီးက ဆွဲကြိုးချသေပြီး မကျွတ်မလွတ်ဘဲ အိမ်ထဲမှာပဲ ရှိနေပြီး အဘွားကို မကြာခဏ အိပ်မက်ပေးတယ်တဲ့။

အမေငယ်ငယ်ကလဲ အခန်းထဲအိပ်နေရင် တစ်ယောက်ယောက်က ဆွဲချလိုက်သလို ထိုင်ရက်ဖြစ်ဖြစ်သွားတယ်။ ညေ့သည်တွေလာရင်တော့ ပိုကြမ်းပြီး ခုတင်ပေါ်က ဆွဲချလို့ ပြန်ပြေးကြတာ အိမ်မှာ ဆက်မနေရဲဘူးတဲ့။

အိမ်ပေါ်ထပ်မှာနေတဲ့ အဖေ့တူမတွေဆို အိမ်ပေါ်မှာ သူ့အဖေအမေတို့ မရှိရင် အိမ်ပေါ်မနေရဲကြဘဲ အိမ်အောက်ထပ် လာစုနေကြတာ၊ အဲဒီအိမ်ကြီးကလဲ အစဉ်အလာနဲ့ပါ။

ကျွန်တော် တစ်ခုသိထားကတော့ ပရိတ်ကြီး ဆယ့်တစ်သုတ်တို့၊ ပဌာန်းတို့ရွတ်ရင် နာနာဘာဝတွေက တစ်အိမ်တည်း အတူမနေနိုင်လို့ သူတို့နေတဲ့ အိမ်ကို ပြောင်းနေလို့မရအောင် လာမနေဖို့ ပူးကပ်ပြောတာတို့၊ ကန့်ကွက်တာတို့ လုပ်တာကိုတော့ ကိုယ်တွေ့ကြုံဖူးခဲ့တာပါ။

ကျွန်တော်တို့ အိမ်ပြောင်းမယ်လုပ်တော့ အမေတို့ အစ်မတို့က ပရိတ်တွေ ပဌာန်းတွေ နေ့စဉ်ရွတ်လို့ အတူတူနေလို့မဖြစ်လို့ မပြောင်းခဲ့ပါနဲ့လို့ ဝင်ပူးကပ်ပြောတာကို ကြုံခဲ့ဖူးတာပါ။ အဲဒီတုန်းက တွေ့ခဲ့ဖူးတာ အိမ်စောင့်နတ်ရှိတယ်ဆိုပြီး သူတို့ဘာလို့ နေလို့ရသလဲပေါ့။ အရင်လူတွေရှိကတည်းက နေတာဆိုတော့ ကျွန်တော်နားမလည်နိုင်တဲ့ အရာတွေပါပဲ။

ကျွန်တော့်ကြောင့် ကြီးဝေ ကျွတ်လွတ်ခွင့်ရခဲ့ရင် ကျွန်တော်လဲ ကုသိုလ်ရတာပဲလို့ တွေးမိလို့ ကူညီခဲ့ပါတယ်။ အိမ်ထဲမှာရှိတယ်ဆိုပေမယ့်လဲ တရားနာလာဖို့ နေရာပေးပြီး အိမ်စောင့်နတ်ကိုလဲ ဝင်ထွက်ခွင့် တောင်းခဲ့ကြပါတယ်။

ရေစက်ချအမျှပေးဝေတဲ့အခါ သာဓုခေါ်သံတွေ ကြားခဲ့ကြရပါတယ်။ မကျွတ်မလွတ်သူ တရားနာဖို့ လုပ်ပေးထားတဲ့ အခင်းနေရာမှာ လိပ်ပြာလေးတွေ လာနားနေသလို တရားနာပြီးတဲ့အခါမှာမှ ပျံထွက်သွားကြပါတယ်။

ကြီးဒွေက ဒီလိုတွေ မြင်ရကြားရတော့ သူ့သားလေးကို သတိရပြီး ငိုရှာပါတယ်။

'ဆရာတို့မို့ အဲဒီအိမ်ကို ငှားနေရဲကြတာ အိမ်ရှင်တွေတောင် အဘတစ်ယောက်ထဲ လွဲရင် အိမ်အပေါ်ထပ်မှာ ဘယ်သူမှ မနေရဲကြဘူး'

လူသေခဲ့ရင် ရက်လည်မှ တစ်ပြည့်မှ မဟုတ်ဘဲ အကယ်၍များ မကျွတ်မလွတ်သောဘဝကိုရောက်နေကြလျှင် သာဓုခေါ်နိုင်ကြစေဖို့ မကြာခဏ အမျှဝေပေးသင့်ကြောင်းသိလိုက်ရပါတယ်။

**စောမိသွင် (ရန်ကုန်)**



www.burmeselassic.com

www.burmeselassic.com



[ချမ်းသာ]

# စိတ်အေးအောင်တိုင်းလျှင်ရောက်ပါသည်

နေ့စဉ် ပြုလုပ်နေကျ နိစ္စ...
...တ် အတိုင်း ယနေ့ ၁၃၇၁ ခုနှ...
**...ခေါင် လဆန်း(၁၄)ရက်  (၄–**
**–၂၀၀၉)** အင်္ဂါနေ့တွင် နံနက်(၃)
...ရီ အိပ်ရာမှ ထပြီး ဘုရားဝတ်
...ပါသည်။

ဘုရားရှင်အား ဆီမီး၊ အမွှေး
...ာတိုင်၊ ပန်း၊ ရေချမ်းတို့ ဆက်
...ပ်လှူဒါန်းပြီး ရှိခိုးပူဇော်ပါသည်။
...တ္တသုတ်ကို ရွတ်ဆို၍ သုံးဆယ့်
...ဘုံအတွင်း၌ ရှိကြကုန်သော
...နတ်,ဗြဟ္မာ,သတ္တဝါ ဝေနေယျ
...လုံးသို့ မေတ္တာပို့ အမျှ အတန်း
...ဝေပါသည်။ ထို့နောက် နံနက်
...နာရီတိတိတွင် စတင်တရား
...ပါသည်။

...ရားမထိုင်မီ ပထမဦးစွာ ဘုရား
ရှင်ထံ၌ အောက်ပါအတိုင်း ပရိက္ကံပြု
၍ ကမ္မဋ္ဌာန်းတောင်းပါသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

'ဘန္တေ... အရှင်ဘုရား တပည့်တော်
သည် မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်သို့
ရည်သန်တောင်းဆု အာရုံပြုလျက် ယခု
အချိန်မှစ၍ အာနာပါန ဝိပဿနာ
ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံပွားများ အား

www.burmeselassic.com

ထုတ်ပါမည် ဘုရား။ တပည့်တော်၏ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကိုလည်း ဘုရားရှင်အား လှူဒါန်းပါသည်။

ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကို လှူဒါန်းရသော ကုသိုလ်အကျိုးကြောင့် လည်းကောင်း။ တပည့်တော် နေ့စဉ်ပြုလုပ်ခဲ့သော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတို့ကြောင့် လည်းကောင်း၊ နေ့စဉ်ရွတ်ပွားပူဇော်ရသော တရားတော်တို့၏ ဂုဏ်ကျေးဇူးကြောင့် လည်းကောင်း...

တပည့်တော်သည် အာနာပါန ဝိပဿနာတရားကို အားထုတ်ရာ၌ ဘေးရန်၊ အနှောင့်အယှက်တို့ ကင်းဝေးလျက်၊ ဝိပဿနာဉာဏ်စဉ် တရားထူးတရားမြတ်ကို လျင်မြန် လွယ်ကူစွာ ရရှိပြီးလျှင် မဂ်ဉာဏ်အဆင့်ဆင့် ဖိုလ်ဉာဏ်အဆင့်ဆင့်တက်၍ ယခုဘဝ၌ပင်လျှင် အဆုံးစွန်သော ငြိမ်းအေးချမ်းသာရာ အစစ်အမှန်ဖြစ်သည့် မြတ်နိဗ္ဗာန် တရားကြီးကို လျင်လျင်မြန်မြန် သိမြင်ရရောက် မျက်မှောက်ပြုရပါစေသား အရှင်ဘုရား'

ထိုကဲ့သို့ ပရိကံပြု၍ ကမ္မဋ္ဌာန်းတောင်းခံပြီးမှ တင်ပျဉ်ခွေ ထိုင်ပါသည်။ ခါးကို မတ်ပြီး ဦးခေါင်းကို ခန္ဓာကိုယ်နဲ့ တစ်ဖြောင့်တည်းဖြစ်အောင် တည့်တည့်ထားပါသည်။

တင်ပျဉ်ခွေထိုင်ရာ၌ အချိန်ကြာကြာ မလှုပ်မရှားဘဲ နေနိုင်အောင် ခြေထောက်များကို တစ်ခုပေါ်တစ်ခု ထပ်မတင်ဘဲ ရှေ့နောက်ချ၍ ထိုင်ပါသည်။ ထို့နောက် မျက်စိကို မှိတ်၍ စိတ်အာရုံ ကို နှာသီးဖျားသို့ ပို့ပြီး ဝင်လေ ထွက်လေကို စတင်ရှုမှတ်ပါသည်။

* * *



ခဏလေး၌ပင် ဝင်လေထွက်လေကို မိမိရရကြီး ဖမ်းမိသည်။ လေကြောင်း ဝင်တာထွက်တာကို ထင်ထင်ရှားရှား အာရုံပြုမိသည်။ လေကြောင်းကို တမင်တကာ လိုက်မနေရဘဲ ဝင်လေ၊ ထွက်လေ မတင်ရှုမှတ်မိသည်နှင့် လေကြောင်းက အလိုလိုပေါ်လာသည်။

ဝင်လေထွက်လေကို ရှုမှတ်ရာ၌လည်း ယခင်လို အားမစိုက်ရဘဲ ပေါ့ပေါ့ပါးပါးပင် ရှုမှတ်ရသည်။ လေကြောင်းကို မမြင်သော်လည်း ဝင်လေကို ဝင်လေမှန်းသိသည်။ ထွက်လေကို ထွက်လေမှန်း သိသည်။

အသက်ရှူသွင်းရာ၌ နှာသီးဖျားမှ တစ်ဆင့် လေဝင်တာ၊ ထွက်လေရှူထုတ်ရာ၌ နှာသီးဖျားမှတစ်ဆင့် အပြင်သို့ ထွက်သွားတာ သိသိသာသာကြီး သူ့လမ်းကြောင်းအတိုင်း မှန်မှန်သွားပြီး နှာသီးဖျား ဝင်နေထွက်နေတာကို အာရုံဖြင့်မပြတ်သိနေသည်။ သူ့သဘော သူဆောင်ပြီး နှာသီးဖျား၌ မှန်မှန် ဝင်နေထွက်နေသော် လည်း လေကြောင်းက ရှည်လွန်းသည်။ သူ့သဘာဝလမ်းကြောင်းအတိုင်း ဝင်တာထွက်တာ မှန်ပေမယ့် အဲဒီလော လေကြောင်း ရှည်လွန်းတော သဘောမကျပါ။

ဝါယောဓာတ်ရဲ့ ထောက်ကန် သဘော၊ တွန်းကန်ရန်ကြ သဘောကြောင့် လေကြောင်း ရှည် တာလား။

ထို့အပြင် လေကြောင်း အ အတွက် ကြမ်းတမ်းသည်။ နူး သိမ့်မွေ့မှု အလျဉ်းမရှိပါ။ လမ်းကြ ကြီး တစ်ခုပေါ်သို့ ဆိုင်ကယ်ဖြ မောင်းသွားသလို ခုန်ပေါက် တ နေသည်။

ပထဝီဓာတ်သဘော၏ ခက် ကြမ်းတမ်းမှုပင်လော မပြော ပါ။

အဝင်လေကြောင်းသည် ချောင်းကတဆင့် ရင်ညွန့် ချက် အထိတိုင်အောင် ရောက် ပြန်ထွက်သည်၊ ထွက်လေက ဖျားမှ ထွက်ပြီး ဟိုဘက် အ သို့ သွားပြီးမှ နှာသီးဖျားသို့ ပြ ဝင်သည်။

လေကြောင်း ဝင်ပြီးပုံ





www.burmeselassic.com

www.burmeselassic.com



ပြီးတိုင်း နောက်တစ်ခါ နှာသီးဖျားသို့ ပြန်ရောက်ဖို့ စောင့်ရတာကပင် အတော်ကြာသည်။ အာရုံက အငြိမ်ဘဲ အဲဒီ လေကြောင်းသွားရာ နောက်သို့ လိုက်နေတော့ သမာဓိ မရနိုင်ပေ။

သမထဘာဝနာနဲ့ ဝိပဿနာဘာဝနာ နှစ်မျိုးအနက် ဝိပဿနာဘာဝနာကို အားစိုက် ရှုမှတ်သူအဖို့ ယခုကဲ့သို့ လေကြောင်းနှာသီးဝမှ ထွက်ပြီး ဝေးဝေးရောက်သွားတာ၊ နှာသီးဝမှဝင်ပြီး ခန္ဓာကိုယ်အတွင်း ဟိုး အထဲသို့ ရောက်အောင် ဝင်သွားတာကို အာရုံဖြင့် လိုက်သိနေသောကြောင့် ဝိပဿနာဘာဝနာသို့ မကူးနိုင်ဘဲ လမ်းလွဲသွားမှာကို စိုးရိမ်မိသည်။

ကြမ်းတမ်းခက်မာစွာ ဝင်တာ ထွက်တာကိုလည်း မကြိုက်သဖြင့် စိတ်ကို အတော် ထိန်းချုပ်ပြီး တည်ငြိမ်အောင်ထားသည်။ သမာဓိရဖို့ အတွက် စိတ်ရှည်ရှည်ဖြင့် ရှုမှတ်သည်။

လေကြောင်း ဝင်တိုင်းထွက်တိုင်း ထိမှုထင်ရှားရာ နှာသီးဖျားရှိ အလယ်နှာနု အချိုင့်နေရာလေးသို့ စူးစူးစိုက်စိုက် အာရုံပြုသည်။

ဝီရိယတွန်း၍ သတိကပ်သော်လည်း လေကြောင်းက ရှည်တုန်းပင်၊ သတိမလွတ်ဘဲ နှာနုအချိုင့်နေရာလေး ၌ အတန်ကြာမျှ စွဲစွဲမြဲမြဲ စိုက်ကြည့်ပြီး ရှုမှတ်တော့ အဝင်လေကြောင်း တဖြည်းဖြည်း တိုလာသည်။

သို့သော် အထွက်လေကြောင်းက နဂိုမူလအတိုင်း ရှည်မြဲရှည်တုန်းပင်။ နှာသီးဖျား၌ အဝင်လေကြောင်းက နှာဝကို ထိတိုက်၍ ဝင်ပြီးနောက် ချက်ချင်း ပြန်ထွက်သည်။

အထွက်လေကြောင်းက ပထမ ပေါ်စအတိုင်း အဝေးသို့ ဆက်သွားတုန်းမို့ အဲဒီလေကြောင်း ဒီဘက်ပြန်လှည့်ပြီး နှာသီးဖျားသို့ ပြန်ရောက်လာအောင် အတော်စောင့်ရပါသည်။

တရားထိုင်စကပင် ယုံကြည်မှု သဒ္ဓါတရား အပြည့်အဝနှင့် ထိုင်တာမို့ ဝင်လေထွက်လေ ရှုမှတ်ရာတွင် လေကြောင်း ဘယ်လိုပုံစံနဲ့ ဝင်ဝင်၊ မည်ကဲ့သို့ပင် ထွက်ထွက် စိတ်မပျက်မိပါ။

သူ့သဘော သူဆောင်ရင်း ကိုယ်ဖြစ်ချင်သော အနေအထားသို့ ရောက်လာအောင် စိတ်ရှည်ရှည်ထားပြီး ဆက်လက်ရှုမှတ်သည်။

ဝီရိယအားကို ပိုတင်၍ တစိုက်မတ် ရှုမှတ်သည်။ နှာသီးဖျား၌ သတိမြဲစွာ ကပ်၍ မဆုတ်မနစ်သော ဇွဲဖြင့် ရှုမှတ်လိုက်ရာ မကြာမီ အထွက်လေကြောင်းလည်း တဖြည်းဖြည်း တိုလာပါသည်။

အဝင်လေကြောင်းနှင့် အထွက်လေကြောင်း အညီအမျှဖြစ်ပြီး ရှုမှတ်မှုလည်း မှန်ကန်လာသည်။ စိတ်တည်ငြိမ်ကြည်လင်ပြီး သမာဓိရလာသည်။ ရှုမှတ်မှုမှန်ကန်သောကြောင့် ရင်ထဲတွင် ပေါ့ပါးပြီး ငြိမ်းအေးရွှင်လန်းမှု ရှိလာသည်။

ထိမှုထင်ရှားရာ နှာဝနှစ်ခုကြားရှိ နှာနုအချိုင့်နေရာကို သတိမလွတ်ဘဲ အာရုံစိုက်ထားသည်။

ဝင်လေက အဲဒီနှာနုအချိုင့်နေရာလေးကို ထိတိုက်ပြီး နှာခေါင်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားတာ ထွက်လေက အဲဒီနှာနုအချိုင့်ကလေးကို ထိတိုက်၍ အပြင်ထွက်သွားတာကို ထင်ထင်ရှားရှားကြီး တွေ့မြင်သည်။

လေကြောင်းဝင်တိုင်း ထိတိုက်၍ နှာဝရှိ အမွေးအမှင်တွေ လှုပ်ရှားတာတွေ့သည်။ လေကြောင်းပြန်ထွက်လျှင်လည်း နှာဝရှိ အမွေးအမှင်တွေ လှုပ်ယမ်းတာတွေ့သည်။ မျက်စိမှိတ်ထားလျက်မှ အထင်းသား မြင်ရသည်။ အလွန် အံ့ဩဖို့ ကောင်းပါသည်။

နှာသီးဖျား၌ အာရုံစူးစိုက်ထားသောကြောင့် နှာခေါင်းတစ်ခုလုံးကို



www.burmeseclassic.com

www.burmeselassic.com

မတွေ့မြင်ဘဲ နှာသီးဖျားတစ်ဝိုက်ကို သာလျှင် ကွက်၍ ရှုမြင်ရသည်။ ကိုယ်တိုင်ပင် လူတစ်ကိုယ်လုံး ပျောက်ဆုံးနေသည် ဟု ထင်သည်။

တစ်ကိုယ်လုံး ပျောက်နေသဖြင့် ငါဟူ၍ မရှိတော့ပါ။ မည်သည့်အရာကိုမှုလည်း မသိတော့ပါ။ အတ္တစိတ်မရှိ၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန ကိလေသာစိတ်တို့ ကင်းပြီး နှာသီးဖျားနဲ့ လေကြောင်းကို ကြည့်နေသော အာရုံသာလျှင် ရှိသည်။

သမာဓိခိုင်မြဲသည့် စိတ်ပျံ့လွင့်မှု လုံးဝမရှိပါ။ ဝင်လေထွက်လေ ရှုမှတ်တိုင်း၊ ရှုမှတ်တိုင်း တရစပ် ဝင်တာ၊ ထွက်တာ၊ ထိတိုက်တာကိုပဲ ကြည့်ပြီး စိတ်အလွန်ချမ်းသာနေသည်။

ရှုစိုက်သမှု၊
ကပ်၍ရှု
ဈာန်ဟု ခေါ်သတတ်၊

လို့ မဟာစည်ဆရာတော်ကြီး လင်္ကာသီကုံးတော်မူခဲ့တာကို အမှတ်ရမိသည်။

◎ စိတ်၊ စေတသိက်တို့ကို အာရုံသို့ ရှေးရှုတင် ပေးတဲ့သဘော "ဝိတက်"
◎ အာရုံကို ရှုစမ်းဆင်ခြင်တဲ့သဘော "ဝိစာရ"
◎ အာရုံကို နှစ်သက်တဲ့သဘော "ပီတိ"
◎ ကိုယ်စိတ်နှစ်ပါး ချမ်းသာတဲ့သဘော "သုခ"
◎ အာရုံတစ်ခုတည်းမှာ စိတ်၊ စေတသိက်တို့ကို စုစည်းထားနိုင်တဲ့ "ဧကဂ္ဂတာ"

အထက်ဖော်ပြပါ ဈာန်အင်္ဂါတို့ကို တွေ့မြင်သော်လည်း ကိုယ့်ဘာသာ တရားအားထုတ်တာ ဈာန်အဆင့်သို့ မတက်နိုင်သောကြောင့် ယခု အာရုံအမြင်ကိုလည်း ဈာန်အာရုံ ဟုတ်မဟုတ် မဝေခွဲနိုင်ပါ။

လေကြောင်း ဝင်တိုင်းထွက်တိုင်း ထိတိုက်သွားသဖြင့် ရင်ထဲ၌ ခံစားရသော ငြိမ်းအေးချမ်းသာမှု၊ ကြည်နူးဝမ်းသာမှုပီတိတို့ကား ဘာနှင့်မျှ နှိုင်းယှဉ် ဥပမာပေး၍ မရနိုင်ပါ။

အချိန်တိုင်း၊ စက္ကန့်တိုင်းတွင် ကုသိုလ်စိတ်တွေဖြစ်နေသဖြင့် တရားထိုင်စဉ်အတွင်း ကိလေသာနီဝရဏ တရားဆိုးတွေ အာရုံထဲသို့ မကပ်ရောက်နိုင်ပါ။

လေကြောင်းက မှန်မှန်ဝင်သည်၊ မှန်မှန်ထွက်သည်။ ကျွန်တော်က အာရုံစူးစိုက်၍ သတိကပ်မိသော နေရာ မှာ လက်ဝဲဘက်နှာသီးဝ ဖြစ်သည်။

နှာသီးဖျား၏ လက်ဝဲဘက် မနီးမဝေးနေရာမှ နှာသီးဖျားကို စိုက်ကြည့်ပြီး ဝင်လေထွက်လေကို ရှုမှတ်သည်။

ဝင်လေက နှာဝနှစ်ခုကြား အလယ် နှာနုအချိုင့်လေးကို ထိတိုက်ပြီး ဒီဘက် လက်ဝဲနှာဝမှ အထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

တစ်ဖန် ထွက်လေက အဲဒီနှာဝမှ ပြန်ထွက်ပြီး အလယ်နှာနုအချိုင့်လေးကို ထိတိုက်သွားတာ တွေ့မြင်သည်။

နှာသီးဖျားရဲ့ဟိုဘက် လက်ယာနှာဝကို မတွေ့မြင်သောကြောင့် ဟိုဘက် လက်ယာနှာဝသို့ လေကြောင်း ဝင်တာ၊ အဲဒီဘက်က လေကြောင်း ပြန်ထွက်တာကို မတွေ့မြင်ပါ။ အဲ… လက်ယာဘက်နှာဝတွင် လေကြောင်း အဝင်အထွက် ရှိ မရှိလည်း မသိပါ။

စိတ်များ အလွန် ဆန်းကြယ်သည်။ မမြင်သော ဟိုဘက်လက်ယာနှာဝကို တွေ့မြင်ချင်သည်။

အဲဒီဘက်နှာဝ၌ လေကြောင်း ဝင်တာထွက်တာကို ကြည့်မြင်… သည်။ ဒီဘက် လက်ဝဲနှာဝမှာ… လေကြောင်း အထင်အရှား… လားဟု စူးစမ်းချင်သည်။

ထို့ကြောင့် နှာသီးဖျားရဲ့ ဟိုဘက် လက်ယာဘေးသို့ ပြောင်းရွှေ့ ကြည့်ဖို့ တွေးတောစဉ်းစားမိသည်… စိတ်ထဲက နှာသီးဖျားရဲ့ ဟိုဘက်… သွားမယ်ဟု ပြောပြီး ဟိုဘက်… အာရုံညွှတ်လိုက်တော့…

ထူးဆန်းအံ့သြဖွယ်ရာပင် … ဘာသာပင် မယုံကြည်နိုင်… ဖြစ် သည်။ နှာသီးဖျားရဲ့ ဟိုဘက်… သွား မယ်ဟု စိတ်ထဲက … အာရုံညွှတ် လိုက်သည်နှင့်… နက်…

* * *

အာရုံညွှတ်လိုက်သည်နှင့်… နက်…

သိမ့်ခနဲ တစ်ချက် တုန်ခါပြီး… သို့ အနည်းငယ် မြောက်… သည်။ ရင်ထဲတွင် အေး… ပြီး နောက်ဘယ်ဘက်သို့ … ရွေ့လျားသွားပါသည်။

နှာသီးဖျားက မလှုပ်… နေရာအတိုင်း တည်…



www.burmeselassic.com

www.burmeselassic.com

သူ့ကို စိုက်ကြည့်သော ကျွန်တော်သာ တရွေ့ရွေ့ ဘေးတိုက် လွင့်မျောနေသည်။ အာရုံက နှာသီးဖျားမှ တစ်ချက်ကလေးမှ မလွတ်ဘဲ ညင်ညင်သာသာ မျောပါနေသည်။

ခြေထောက်ဖြင့် ဘေးတိုက် လျှောက်တာမဟုတ်ဘဲ သူ့အလိုလို လွင့်မျောသည်။ နှာသီးဖျားကို အာရုံမလွတ် သတိမပြတ် ကြည့်ရင်း သူ့သဘောအတိုင်း ဘေးတိုက် ရွေ့လျားသည်။

ခန္ဓာကိုယ်တစ်ခုလုံး ခြေထောက်များ၊ လက်များပါ ပျောက်နေသဖြင့် မတ်တတ်ရပ်လျက် လွင့်မျောနေတာလား၊ ထိုင်ရင်း ရွေ့လျားနေသလား မသိပါ။ လေထဲတွင် လွင့်မျောနေသောကြောင့် တအိအိ တငြိမ့်ငြိမ့်နဲ့ အလွန် ဇိမ်ရှိပါသည်။

နှာသီးဖျား၏ လက်ဝဲဘေး နှစ်တောင်ခန့်အကွာအဝေးမှ ရွေ့လျားနေသည်။ နှာသီးဖျားကို ဗဟိုပြုလျက် စက်ဝိုင်းခြမ်းပုံ လမ်းကြောင်းဖြင့် တရွေ့ရွေ့ဘေးတိုက် လွင့်မျောသည်။

စက်ဝိုင်းခြမ်းပုံလမ်းဖြင့် သွားနေသောကြောင့် နှာသီးဖျားကို မြင်တာ တဖြည်းဖြည်း ပြောင်းလဲနေသည်။ နှာသီးဖျားရဲ့ ရှေ့တည့်တည့်သို့ ရောက်လျှင် နှာခေါင်းထိပ် အချွန်ကြီးက ဖုံးကွယ်လိုက်သဖြင့် နှာဝနှစ်ခုစလုံးကို မမြင်တော့ပါ။

နှာဝများ ကွယ်နေသော်လည်း လက်ဝဲနှာဝမှ လေကြောင်း ဝင်တာထွက်တာကို နှာသီးဖျားအောက်ဘက်၌ တွေ့မြင်မိသည်။



ထိုနေရာမှ ဆက်လက် လွင့်မျောခဲ့ရာ နှာသီးဖျား လက်ယာဘက်သို့ ရောက်ရှိသည်။ နှာသီးဖျား၏ ညာဘက် လက်ယာနှစ်ဝကို စတင်မြင်ရပြီး နောက်မကြာမီ လက်ယာနှာဝ တစ်ခုလုံးကို သဲသဲကွဲကွဲ မြင်လာသည်။

လေထဲတွင် ဆက်လက် လွင့်မျောရင်း နှာသီးဖျား၏ လက်ယာဘေးသို့ လုံးလုံးကြီး ရောက်တော့မှ တုံ့ခနဲ ဖြစ်ပြီး ရွေ့လျားမှု ရပ်တန့်သွားပါသည်။

နှာသီးဖျားရဲ့ ဟိုဘက်လက်ဝဲဘေးမှ စက်ဝိုင်းခြမ်းပုံလမ်းဖြင့် နှာသီးဖျား ရှေ့မှ ပိုက်၍ လွင့်မျောလာခဲ့ရင်း အာရုံမလွတ် သတိကပ်လျက် ဝင်လေထွက်လေကို တောက်လျှောက် ရှုမှတ်ခဲ့သည်။

လွင့်မျောခဲ့ရာ လမ်းကြောင်း တဖြည်းဖြည်း အမြင်တွေ ပြောင်းလဲပြီး ဒီဘက် လက်ယာနှာဝဘေးသို့ ရောက်တော့ အမြင်အာရုံတွေ လုံးဝ ပြောင်းလဲကုန်သည်။

နှာသီးဖျား၏ လက်ယာဘေးဖြစ်သောကြောင့် လက်ယာနှာဝကို ဘေးတိုက် မြင်တွေ့ပြီး ဝင်လေကြောင်း၊ ထွက်လေကြောင်းကို မတွေ့မိပါ။

လက်ဝဲနှာဝကိုမူ တစ်စိတ်တစ်ပိုင်း အနည်းငယ်သာ မြင်ပြီး အဲဒီဘက်မှ ဝင်လေကြောင်း၊ ထွက်လေကြောင်းကို မှုန်တိမှုန်ဝါးသာ မြင်သည်။

ဝင်လေထွက်လေ အားပျော့လွန်းပါသည်။ နှာသီးဖျားကို ကြည့်၍ ရှုမှတ်တာ လုံးဝမကောင်းပါ။

အဲဒီလေကြောင်းကို ကြည့်ပြီး ကျွန်တော် စိတ်ပျက်မိသည်။ နဂိုဟိုဘက်မှ ရှုမှတ်တုန်းက အကောင်းသား ဒီဘက်သို့ ရောက်ခါမှ ရှုမှတ်တာ ပျက်တော့မလိုပင်။

တွေ့မြင်သော အာရုံအပေါ် အားမရသဖြင့် ကိုယ့်ဟာကိုပင် မကျေမနပ် ဖြစ်မိသည်။

နှာသီးဖျားကိုကြည့်တာ မကောင်းသလို အာရုံကိုလည်း အားမရသောကြောင့် နှာသီးဖျားရဲ့ ဟိုဘက်လက်ဝဲဘေးသို့ ပြန်သွားလျှင် ကောင်းမည်လားဟု စဉ်းစားမိသည်။

စောစောတုန်းက ဒီဘက်ကို ကူးပြောင်းဖို့ အာရုံညွှတ်လိုက်ရာ အာရုံညွှတ်တဲ့အတိုင်း ဒီဘက်သို့ လေထဲမှာ လွင့်မျောပြီး ရောက်ရှိလာသည်။

ယခုနှာသီးဖျားရဲ့ ဟိုဘက်လက်ဝဲဘေးသို့ ပြန်သွားလိုသဖြင့်



www.burmeselassic.com

www.burmeselassic.com

စိတ်ထပ် ညွှတ်ရင်ကော ရဦးမည်လား၊ အာရုံညွှတ်တိုင်း သွားလိုတဲ့ဆီကို ရောက်ပါ့မလား...

မယုံတယုံစိတ်ဖြင့် ဟိုဘက်သို့ ပြန်သွားချင်တယ်ဟု ပြောပြီး ဟိုဘက်သို့ အာရုံညွှတ်ကြည့်ပြန်သည်။ မယုံကြည်နိုင်စရာပင်၊ စိတ်တန်ခိုးများတယ်... ဆန်းကြယ်ပါလား ပြောရမလိုပင် မယုံဘူး ကြုံဖူးမှ သိတော့သည်။

* * *

မယုံဘူး၊ ကြုံဖူးမှပင် သိပါသည်။

နှာသီးဖျား၏ ဟိုဘက်သို့ ပြန်သွားလိုစိတ်ဖြစ်ပြီး ဟိုဘက်သို့ အာရုံညွှတ်လိုက်သည့် ခဏ၌...

တစ်ချက် သိမ့်ခနဲ တုန်ခါပြီး အပေါ်သို့ အနည်းငယ် မြောက်တက်သွားသည်။ စောစောကလိုပင် ရင်ထဲ၌ အေးခနဲဖြစ်ပြီး လေထဲတွင် ဘေးတိုက် လွင့်မျောသွားပြန်သည်။

ခုနက ဘယ်ဘက်သို့ လွင့်မျောရွေ့လျားပြီး ယခုအခါ ညာဘက်သို့ လွင့် မျောရွေ့လျားသည်။

ဟာ...စိတ်ညွှတ်တဲ့အတိုင်း ဖြစ်နေတယ်၊ အတော်ဟုတ်နေပါလား ဟု တွေးပြီး ပျော်မိသော်လည်း အာရုံကိုတော့ အလွတ်မပေးပါ။ နှာသီးဖျား၌ တောက်လျှောက် သတိကပ်ရှုမှတ်လျက် တရွေ့ရွေ့ လွင့်မျောနေပါသည်။

လေထဲ၌ လွင့်မျောတုန်း နှာသီးဖျားနဲ့ သူ့ကိုကြည့်သော အာရုံသာ ရှိသဖြင့် ကိုယ့်ဟာကို ရပ်လျက်သွားနေသလား၊ ထိုင်ရင်း ရွေ့လျားနေသလား မဝေခွဲတတ်ပါ။

ဟိုဘက်မှ ဒီဘက်သို့ လွင့်မျောရောက်ရှိခဲ့သော စက်ဝိုင်းခြမ်းပုံလမ်းအတိုင်း နောက်ကြောင်းသို့ ပြန်သွားသည်။

နှာသီးဖျားရှေ့မှ ညင်ညင်သာသာလေးစိုက်၍ ဖြတ်သန်းပြီး ပထမနေရာသို့ ပြန်ရောက်တော့ သိမ့်ခနဲ တစ်ချက် တုန်ခါပြီးနောက် လွင့်မျောရွေ့လျားတာ ရပ်တန့်သွားသည်။

နှာသီးဖျားက လုံးဝ နေရာမရွေ့ပါ။ သူ့နဂိုအတိုင်း တည်တည်ငြိမ်ငြိမ်ရှိသည်။ အာရုံဖြင့် နှာသီးဖျားကို တောက်လျှောက် မလွတ်တမ်း ကြည့်နေခဲ့သည်။

နှာသီးဖျား၏ လက်ဝဲဘေးသို့ ပြန်ရောက်သည်အထိ ဝင်လေထွက်လေကို မပြတ်ရှုမှတ်ခဲ့ရာ လက်ဝဲနာဝဘေးသို့ ရောက်လျှင် ရှုကွက်ပြန်ကောင်းလာသည်။

စောစောပိုင်းကလိုပင် လေကြောင်းကို ထင်ထင်ရှားရှား ပြန်လည် မြင်တွေ့သည်။

အံ့ဩဖွယ်ရာ အလွန်ဆန်းကြယ်ပါသည်။ စိတ်တန်ခိုး၊ စိတ်အင်အားဖြင့် နှာသီးဖျား ဒီဘက်မှ ဟိုဘက်သို့ လွင့်မျောသွားပြီး နောက်တစ်ဖန် ဟိုဘက်မှ ဒီဘက်သို့ စက်ဝိုင်းခြမ်းပုံလမ်းအတိုင်း ပြန်လည်ရွေ့လျား လွင့်မျောလာသည်။ မယုံကြည်စရာဖြစ်သည်။

လေထဲ၌ တရွေ့ရွေ့ လွင့်မျောခဲ့သောအဖြစ်ကို တွေးပြီး ကိုယ့်ဟာကိုယ် ဘဝင်မြင့်မိသည်။

တစ်ဆက်တည်း စိတ်ဆောင်သဖြင့် သုံးဆယ့်တစ်ဘုံအတွင်း ဘဝအမျိုးမျိုးတို့၌ ကျင်လည်ရသည့်အကြောင်း နိဗ္ဗာန်သို့တိုင်အောင် စိတ်ဆောင်လျှင် ရောက်နိုင်ကြောင်း တောင်တန်း နယ်ခြား သာသနာပြုဆရာတော်၏ ဩဝါဒကို ပြန်လည်အောက်မေ့မိပါသည်။

လူ့ပြည်နတ်ပြည်၊ ဗြဟ္မာပြည်
ကျင်လည်စိတ်ကြောင့်သာ...။
အပါယ်လေးပါး၊ ကျည်းသူများ
မှတ်သားစိတ်ကြောင့်သာ...။
ကောင်းဆိုးယုတ်လတ်၊ ဖြစ်လာတတ်
မှတ်ကြ စိတ်ကြောင့်သာ...။
နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်
စိတ်ဆောင် ရောက်သည်သာ...။

ပညာရှိ သူတော်ကောင်းတို့အတွက် အတုယူဖွယ် မှတ်သားဖွယ် အလွန် ကောင်းပါသည်။ အာနာပါနဝိပဿနာ တရားအားထုတ်နေသော ကျွန်တော့်အဖို့ တန်ဖိုးမဖြတ်နိုင်သော ဩဝါဒ ဖြစ်သည်။

စိတ်ညွှတ်၍ နှာသီးဖျား၏ ဟိုဘက်သို့ လည်းကောင်း၊ ဒီမှာဘက်သို့ လည်းကောင်း ကွေ့ဝိုက်ဖြတ်သန်းရောက်ရှိခဲ့သည်။ ခြေထောက်ဖြင့် ဘေးတိုက် လှမ်းပြီး လျှောက်တာမဟုတ်ဘဲ စိတ်ဆောင်သည့်အတိုင်း လေထဲ၌ လွင့်မျောခဲ့သည်။

နှာသီးဖျားကို စက်ဝိုင်းခြမ်းလမ်းဖြင့် အသွားအပြန် ညင်ညင်သာသာလေး ဝိုက်၍ ဘေးတိုက် လွင့်မျောခဲ့တာပင် အလွန်ဆန်းကြယ်သည်။

စိတ်တန်ခိုးထက်မြက်ပုံ၊ စိတ်အင်အားကြီးများပုံကို လက်တွေ့ တရားဘာဝနာအားထုတ်ရင်း ကြုံခဲ့ရာကို တစိမ့်စိမ့် တွေးနေ၊ စဉ်းစားနေမိသဖြင့် ထိုခဏအတွင်း၌ အာရုံ



www.burmeselassic.com

www.burmeseclassic.com

အလိုလိုပျောက်သွားသည်။ အတွေးလွန်ပြီး အာရုံကို သတိမေ့လျော့မိသောကြောင့် သမာဓိပျက်သွားသည်။

* * *

တရားထိုင်တာ ပြီးဆုံးပါပြီ။ နံနက် (၄)နာရီတိတိ စတင် တရားထိုင်ခဲ့ရာ တရားအာရုံ အလိုလို ပျက်သွားသည်။

တရားမထိုင်ခင်ကပင် တစ်နာရီတိတိ တရားထိုင်ဖို့ စိတ်ဖြင့် အဓိဋ္ဌာန်ပြု ထားခဲ့သည့်အတိုင်း ယခု တရားရပ်နားချိန်မှာ တစ်နာရီ အတိအကျ ကွက်တိ ဖြစ်သည်။

တရားထိုင်စဉ်အတွင်း စိတ်ရဲ့ ဆန်းကြယ်မှု၊ ထူးဆန်းအံ့သြဖွယ်ရာ စိတ်တန်ခိုး၊ စိတ်အင်အားတွေကို မျက်ဝါးထင်ထင် သိမြင်သည်။ ကိုယ်တိုင်ကြုံတွေ့သော အာရုံကြောင့် လက်တွေ့တရားထိုင်ခြင်း၏ အကျိုးကို ပို၍ နားလည်မိပါသည်။

အာနာပါန ဝိပဿနာတရားကို အမြဲမပြတ် ပွားများအားထုတ်သဖြင့် ယခင် ကျန်းမာရေးမကောင်းရာမှ ယခု ကျန်းမာရေး ကောင်းလာသည်။ ယခင်က ဘာပဲလုပ်လုပ် အဆင်မပြေခဲ့တာတွေ ယနေ့ အဆင်ပြေနေတာ ကိုယ်တွေ့ဖြစ်သည်။

အာနာပါနဝိပဿနာ တရား အားထုတ်သောကြောင့် အမြဲ စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး စိတ်သွားတိုင်း ကိုယ်ပါသည်။ ဝိပဿနာ တရားထိုင်ခြင်းရဲ့ အကျိုးကျေးဇူးကား အလွန် ကြီးမားလှပါသည်။



အာရုံ၌ ကြုံတွေ့ရသော စိတ်တန်ခိုး ထက်မြက်ပုံ၊ စိတ်အင်အားကြီးမားပုံနှင့် နှာသီးဖျားရဲ့ ဟိုဘက်နဲ့ ဒီဘက် အသွားအပြန် လွင့်မျောခဲ့သော စက်ဝိုင်းခြမ်းပုံလမ်း၏ အဓိပ္ပါယ်ကို တိတိကျကျ နားမလည်သော်လည်း တစ်ဘဝလုံး(သို့မဟုတ်)သံသရာ တစ်လျှောက်လုံးတွင် ကျွန်တော် မျောပါ ကျင်လည်နေခဲ့သော ဘဝတစ်စိတ်တစ်ပိုင်းကို ဖော်ပြသည့်သဘောလား စဉ်းစားစရာဖြစ်သည်။

**စိတ်ကြောင့် စက်ဝိုင်းခြမ်းပုံ လမ်းဖြင့် ဟိုဘက်သို့ ရောက်သွားလိုက်၊ ဒီဘက်သို့ ပြန်လာလိုက်နဲ့ သံသရာ တစ်လျှောက် ဘဝအမျိုးမျိုး၌ ဟိုဘဝ ဖြစ်လိုက်၊ ဒီဘဝ ပြန်ရောက်လိုက်နဲ့ သံဝေဂရို့ သင့်ပြီ။**

ယခုလက်ရှိဘဝ၌ တရားကို မမေ့ဖို့ “အပ္ပမာဒေန၊ သမ္ပာဒေထ” ကျင့်ကြံပွားများ အားထုတ်လျက်ရှိသော တရားဘာဝနာကို မမေ့မလျော့ မပေါ့မဆသော သတိဖြင့် လုံ့လပြု အားထုတ်ဖို့ လိုသည်။

ကျွန်တော်က နေ့စဉ် အချိန်မှန်မှန် အာနာပါနဝိပဿနာတရားကို မပျက် မကွက် အားထုတ်သည်။ တရားမထိုင်ခင်ကပင် နိဗ္ဗာန်သို့ ရည်မှန်း၍ ဆုတောင်းသည်။

နိဗ္ဗာန်ရောက်ကြောင်း တရားထူး ရရှိဖို့ အာရုံပြုခဲ့သည်။ တရားစိတ်၊ တရားအာရုံဖြင့် ဝိပဿနာဉာဏ် စဉ်အဆင့်ဆင့် တက်လှမ်းနိုင်အောင် စိတ်ဆောင် စေညွှန်း၍ ကြိုးစားသည်။

စိတ်ဆောင်၍ မဆုတ်မနစ်သော ဇွဲ၊ မပေါ့မဆသော ဝီရိယသတိဖြင့် အားထုတ်သည့် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတည်းဟူသော တရားဗိုလ်ငါးပါးဖြင့် ဦးစီး ကျင့်ကြံပွားများသောကြောင့် တစ်နေ့နေ့ တစ်ချိန်ချိန်၌ ရည်မှန်း ဦးတည်ရာ စိတ်ဆောင်စေ ညွှန်းရာ ခေမာသောင်ကမ်း မြတ် နိဗ္ဗာန်စခန်းသို့ မုချမသွေ၊ သေချာပေါက်ရောက်မည်ဟု ယုံကြည်သည်။

ထို့ကြောင့် တရားဘာဝနာကို နေ့စဉ် မပျက်မကွက် ပွားများ အားထုတ်သွားမည်ဟု ရေးသားရင်း **“စိတ်ဆောင်တိုင်းလျှင် ရောက်ပါသည်”** တရား အာရုံစာမူကို အဆုံးသတ်ပါသတည်း။

***သုခီဟောန္တု၊ ဒုက္ခာမုစ္စန္တု***

ချမ်းသာ



www.burmeseclassic.com

www.burmeselassic.com

# ဒူးနာဝေဒနာသည်များ

## ဒီနည်းလေး သုံးကြည့်ပါ

ကျွန်တော့် အသက်အရွယ်ဆိုတာက (၇၀)ကျော်တွေပေါ့။ မှတ်မိနေသလောက်ကတော့ အသက် (၆၀) ကျော်က စလို့ ရောဂါတွေ ဝင်လာတော့တာပါ။

ဘာရောဂါတွေလဲဆိုတော့ အစုံပါပဲ။ တစ်ယောက်နဲ့ တစ်ယောက်တော့ မတူကြဘူးပေါ့။ အသက်ပေါ် မှီပြီး ဖျား၊ ပြီးတော့ တွဲလျက်ပါလာတာက ဗျာဓိပေါ့။

ကျွန်တော့် သူငယ်ချင်းတွေနဲ့ဆုံလို့ မေးလိုက်တဲ့အခါတိုင်း ညည်းညူသံကို ကြားရစမြဲပါ။ တစ်ယောက်မှ မလွတ်ပါဘူး။ ရောဂါတွေ ကိုယ်စီနဲ့ချည်းပါပဲ။

သူငယ်ချင်းမ တစ်ယောက်အကြောင်း ပြောချင်တာပါ။ ဒူးနာလို့တဲ့။ သူငယ်ချင်းတွေနဲ့ တွေ့ချင်လွန်းလို့ မနည်းလာခဲ့ရသတဲ့။ လမ်းမလျှောက်နိုင်ဘူး။ လူတွဲနဲ့ပေါ့။

ကျွန်တော်တို့ အသက်အရွယ်မှာ ဒူးနာတယ်ဆိုတာ လူတိုင်းလောက်ပါပဲလေ။ ဒီသူငယ်ချင်းမနဲ့ နောက်နှစ်လလောက်အကြာ ထပ်တွေ့တော့ အမယ်… လမ်းတွေ ကောင်းကောင်း လျှောက်နိုင်နေတယ်။ "ဟဲ့… ဟုတ်လှချည့်လား"လို့ တအံ့တသြ မေးမိတယ်။ **"ရေအကျိုးပေါ့ဟာ"**တဲ့။ ဒါနဲ့ ဘာဆိုလိုတာလဲလို့ မေးမိတယ်။

'ဒီလိုဟ… ငါ အိမ်သာတက်တဲ့ အခါ ဘိုထိုင်အိမ်သာပေါ့၊ အဲဒီမှာ ထိုင်ရင်း **"ရေပန်းနဲ့ ဒူးနှစ်ဖက်ကို ဖျန်းတာ"**တဲ့ဗျာ။

"ဘယ်လောက် ကြာကြာဖျန်းရတာလဲ"ဆိုတော့ (၁၅)မိနစ်လောက်တဲ့။

"ခု လုံးဝပျောက်သွားပြီလား"လို့ မေးတော့ "လုံးဝကြီးတော့ မပျောက်သေးပါဘူး။ ဒါပေမယ့် သွားနိုင်လာနိုင် ရှိတော့ မဆိုးဘူးပေါ့"တဲ့ဗျာ။

တကယ်တော့ သူ့သမီးက အထူး ကုသမားတော် (Physician) တစ်ယောက်ပါ။ သူ့သမီးကိုယ်တိုင် ကုနေတာပါ။ သွေးတွေ၊ ဆီးတွေ လိုအပ်သမျှတွေလုပ်၊ ဆေးတွေ တိုက်ပေါ့၊ မရဘူး။ ခု ရေဖျန်းတော့မှပဲ သက်သာပါသတဲ့။



မည်သို့ဆိုစေပေါ့ဗျာ။ ရောဂါတစ်ခု ဖြစ်လာရင် ခုအရွယ်မှာ သက်သာဖို့က အဓိကပါပဲလို့ ထင်တယ်။ နေနိုင်စားနိုင်၊ သွားနိုင်လာနိုင်ရင်ပဲ တော်လှချည့်ပေါ့။ လုံးဝပျောက်သွားဖို့ဆိုတာကတော့ မလွယ်လှပါဘူး ထင်ပါရဲ့။ ဒီတစ်ခု ပျောက်သွားဦး၊ နောက်တစ်ခုက လာမှာ မုချပါ။ ဇရာ၊ ဗျာဓိမဟုတ်လား။

ဆိုလိုတာကတော့ဗျာ… ဒူးနာရင် ကျွန်တော့်သူငယ်ချင်းမ **"ရေဖျန်းကြည့်ပါ"**လို့ ပြောချင်တာပါပဲ။

***ရွှင်လန်းချမ်းမြေ့ပါစေ။***

**မောင်အေးကြူ (စီးပွားရေး)**

www.burmeselassic.com

# ဘီလူးနှင့်

## စကားပြောခဲ့ရသော ဘုန်းဘုန်း

ကိုကိုဆန့်ချော
(ကသာမြေ)



[ ၁ ]

ကသာမြို့ အမှတ်(၆)ရပ်ကွက်အား ယခင်အခါက ''သက်ပန်းရပ်'' (သက်ပန်းဟု အသံထွက်ကြသည်)ဟု ခေါ်တွင်၏။ ထိုသက်ပန်းရပ်တွင်ရှိသော ဘုန်းကြီးကျောင်းကိုလည်း ''**သက်ပန်းကျောင်း**''ဟု ခေါ်တွင်လေသည်။

သက်ပန်းကျောင်း၌ ကျောင်းထိုင်သော ''**စတုတ္ထမြောက် ဆရာတော်ကြီး**''၏ ဘွဲ့အမည်နာမမှာ ''**ဦးဥက္ကံသ**''ဖြစ်၏။ ဆရာတော်ကြီး၏ ဇာတိဇာတ်မြုပ်မှာ ကသာမြို့နယ်အတွင်းရှိ ''**ကူးကာရွာ**''ဟု သိရပါသည်။

သက်ပန်းကျောင်း အုတ်တံတိုင်းအနီးတွင် ယောက်ျားကြီး(၃)ယောက်ဖက်စာမျှရှိသော သက်တမ်းရင့် ခရေပင်ကြီး တစ်ပင်ရှိ၏။ ***(ယခုစာရေးနေချိန်တွင် ထိုခရေပင်ကြီး မရှိတော့ပါ။)***

ကျောင်း အနောက်ဘက်တွင်မူ ဝါးရုံတောကြီးက ဟည်းထနေသည်။ ဝါးအမျိုးအစားမှာ စုံလှ၏။ မျှင်ဝါး၊ တင်းဝါး၊ ကြသောင်းဝါးနှင့် အဝါရောင်ရှိသော ရွှေဝါးများ ဖြစ်ကြသည်။

ဆရာတော်ကြီးသည် သီလ၊ သမာဓိနှင့် ပြည့်စုံပြီး ကြည်ညိုသူ လွန်စွာများပြားလှသည်။ စာရေးသူသည် ဆရာတော်ကြီး ကျောင်းထိုင်နေစဉ်ကာလအတွင်း တစ်လခန့် ကိုရင်ဝတ်ခဲ့၏။

စာရေးသူ၏ အဘွား''ဒေါ်သင်''မှာ ဥပုသ်နေ့တိုင်း သက်ပန်းကျောင်းသို့ သွားပြီး ဥပုသ်သီလ ဆောက်တည်လေ့ရှိပါသည်။ ဆရာတော်ဦးဥက္ကံသသည် ဆေးဝါးကုသရာ၌လည်း အစွမ်းထက်သည်။

စာရေးသူ၏မိခင်ကြီး ဒေါ်မြကြည် ပါးစပ်မှ အမြှုပ်ထွက်နေသော ခွေးတစ်ကောင် အကိုက်ခံရစဉ်က ဆရာတော်ကြီးထံသို့ ချက်ချင်းအရောက် သွားခဲ့ပါသည်။

ထိုအခါ ဆရာတော်ကြီးက မိခင်ကြီးကို အိမ်မှ ဆန်လက်တစ်ဆုပ်နှင့် ပိုက်ဆံတစ်ကျပ် **(ထိုစဉ်က ခြင်္သေ့ရုပ်ပုံပါ နှစ်ထပ်ကျပ်ပြားဝိုင်း)**ကို ယူခိုင်းပါသည်။

ယူလာပြီးသောအခါ ဆရာတော်ကြီးက ညက်အောင် ဝါး၍ လက်ဝါးထဲထည့်ကာ မန်းမှုတ်ပြီး ခွေးစွယ်ရာနေရာ၌ အုံခိုင်းပါသည်။ အုံပြီးသောအခါ၌ နှစ်ထပ်ကျပ်ပြားဝိုင်းဖြင့် ဖိထားရန် မိန့်တော်မူပါသည်။

ပြီးလျှင် ဆရာတော်ကြီးက စာရေးသူ၏ မိခင်ကြီးအား...

'ကဲ... ဒကာမကြီး စိတ်ချရပါပြီ။ အဲ... ဒါပေမယ့်လို့ ကျောင်းက ပြန်တော့မယ်ဆိုရင်တော့ တပည့်တော်မ ပြန်ပါဦးမယ် ဘုရားလို့ နှုတ်မဆက်ဘဲ တိတ်တိတ်ကလေး ထပြန်သွား'





www.burmeselassic.com

www.burmeselassic.com

ဟု မိန့်တော်မူကြောင်း သိရပါသည်။

ဆရာတော်ကြီးသည် ကျွတ်လွတ်ခါနီး လာ၍ ကန်တော့ နှုတ်ဆက်သွားသော **"ဘီလူးတစ်ကောင်"**နှင့် စကားစမြည် ပြောခဲ့သည်မှာ အဘွား ဒေါ်သင်၏ ကိုယ်တွေ့ဖြစ်ပါသည်။

ထိုအကြောင်းကို စာရေးသူအနေဖြင့် ရေးလျှင် တစ်ဆင့်ခံ ဖြစ်နေသောကြောင့် ထင်သလောက် ရသပေါ်လွင်ခြင်း မရှိမည်ကို စိုးရိမ်မိပါသဖြင့် **"အဘွားဒေါ်သင်"**၏ အပြောပုံစံနှင့်ပင် ရေးသားတင်ပြသွားမည် ဖြစ်ပါကြောင်း...

## [၂]

ကျုပ်နာမည်က **"ဒေါ်သင်"**တဲ့။

ကသာမြို့၊ အမှတ်(၆) ရပ်ကွက် "သက်ပန်းဘုန်းတော်ကြီးကျောင်း"နဲ့ မနီးမဝေးမှာ နေတယ်။

ဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းကို သွားပြီး **"ရှစ်ပါးသီလ"**တည်ဆောက်တယ်။ အဲဒီမှာ ဆရာတော်ကြီး ဘယ်လောက် ဘုန်းတန်ခိုးကြီးတယ်ဆိုတာ သိရတာပါပဲ။

ဘာလို့လဲ ဆိုတော့ကာ...

ဆရာတော်ကြီးက **"ဘီလူး"**နဲ့ တောင်မှ စကားပြောနိုင်တယ်လေ။

ဥပုသ်နေ့ တစ်နေ့မှာပေါ့။ တိတိကျကျ ပြောရရင် ၁၃၂၈ ခုနှစ်၊ ပထမဝါဆိုလကွယ် (၁၇–၇–၁၉၆၆) တနင်္ဂနွေနေ့မှာ ညနေ ဥပုသ်စောင့်သွားတော့ ဆရာတော်ကြီးက ရှစ်ပါးသီလပေးပြီး တရားဟောတော့မယ့်ဆဲဆဲ ကျောင်းလှေကားဆီက "တဒုန်းဒုန်း"အသံကြားရပြီး၊ ကျောင်းပေါ်မှာလဲ "တဒုန်းဒုန်း" အသံတွေ ကြားနေရပြီး အတော်လေးကြာမှ



အသံတိတ်သွားတယ်။ အသံတိတ်သွားတော့မှ ဆရာတော်ကြီးက...

'မင်း...ဘယ်သူလဲ'

'............'

'ဘာဖြစ်လို့ လာတာလဲ'

'............'

'မင်းနေတာက ဘယ်မှာလဲ'

'............'

'ဪ... အစွယ်တွေတောင်မှ အတော်ရှည်နေမှကိုး'

'............'

'ငါ့ ဥပုသ်သည်တွေကိုတော့ မပြပါနဲ့ကွာ၊ တော်ကြာ ကြောက်လန့်ပြီး ဖျားကုန်ကြပါဦးမယ်'

ကျုပ်တို့က ဆရာတော်ကြီးတစ်ပါးတည်းရဲ့ အသံကိုပဲ ကြားနေရတာပါ။ အတော်လေး ကြာတော့ "တဒုန်းဒုန်း" အသံတွေ ပြန်ကြားရတယ်။ အဲဒီ "တဒုန်းဒုန်း"အသံတွေဟာ ကျောင်းလှေကားရင်းဆီရောက်တော့ ပျောက်သွားရော။

အဲဒီတော့မှ ဆရာတော်ကြီးက...

အခုလာသွားတာ "ဘီလူး"ဖြစ်ကြောင်း ရှင်းလင်းမိန့်တော်မူပြီး ဆရာတော်ကြီးနဲ့ဘီလူး စကားပြောခဲ့တာကို အောက်မှာ ပါရှိတဲ့အတိုင်း ပြန်လည်ပြီး မိန့်တော်မူပါတယ်။

## [၃]

'မင်း...ဘယ်သူလဲ'

'တပည့်တော် ဘီလူးပါဘုရား'

'ဘာဖြစ်လို့ လာတာလဲ'

'တပည့်တော် ဘီလူးဘဝက ကျွတ်လွတ်တော့မှာမို့ အရှင်ဘုရားကို လာပြီး ကန်တော့တာပါဘုရား'

'မင်းနေတာက ဘယ်မှာလဲ'

'ကျောင်းဝင်း အုတ်တံတိုင်းနားက ခရေပင်ကြီးမှာ နေတာပါဘုရား... အရှင်ဘုရားကို တပည့်တော် ကိုယ်ထင်ပြပုံပါ့မယ်'

'ဪ... အစွယ်တွေတောင်မှ အတော်ရှည်နေမှကိုး'

'ဥပုသ်သည်တွေကိုရော ပြရမလားဘုရား'

'ငါ့ဥပုသ်သည်တွေကိုတော့ မပြပါနဲ့ကွာ၊ တော်ကြာ ကြောက်လန့်ပြီး ဖျားကုန်ကြပါဦးမယ်'

'တပည့်တော်ဟာ လူ့ဘဝတုန်းက အသား မပါရင် မစားနိုင်လောက်အောင် သား ကြူးပါတယ် ဘုရား... အများစားနေ အမဲသား ဝက်သားအပြင် ကြက်သား ဖားသား မြွေသား ခွေးသား ကြောင်သား အကုန်စားတာဘုရား... ကြက်တို့ဖားတို့ ကိုယ်တိုင် ထွက်ရိုက်တယ်ဘုရား'

'အေး...ဆက်ပြောပါဦးကွာ'

'တပည့်တော် သေသွားတော့ **"တစ္ဆေ"**ဖြစ်တယ်ဘုရား၊ တစ္ဆေ သက်တမ်းရင့်တော့ **"သရဲ"**ဖြစ် တယ်ဘုရား၊ သရဲသက်တမ်းရင့်တော့ **"သဘက်"**ဖြစ်တယ်ဘုရား၊ သဘက် သက်တမ်းရင့်တဲ့ အခါမှာတော့ **"ဘီလူး"**ဘဝကို ပြောင်းခဲ့ရပါတယ်'

အဲဒီအခါမှာ **ဝေဿဝဏ်နတ်မင်းကြီး**က အရှင်ဘုရား ကျောင်းဝင်းထဲက "ခရေပင်ကြီး"မှာ နေရာချထားပေး ပါတယ်။

အခု တပည့်တော်ရဲ့ အကုသိုလ်





www.burmeselassic.com

www.burmeselassic.com

# ဂဏန်းဆယ်ခု သဗ္ဗညု

ဆရာတိကိ
(ရန်မျိုးအောင်)

**ဗေဒင်ပညာတွင်...**

(၁) ဂဏိုတ → အတွက်ပညာ၊
(၂) ဖလိတ → အဟောပညာ၊
(၃) သံဟိတ → ယတြာအစီအရင်, အင်း, အဆောင်

ဟူ၍ ပညာသုံးမျိုး ရှိပါတယ်။


ဗေဒင် ဝါသနာရှင်များကလဲ အထက်ပါ ဗေဒင်ပညာ သုံးခုလုံး တတ်ကျွမ်းပြီး အတွက်,အဟောနဲ့ အဆောင် ယတြာများကို ပြုလုပ်ကြပါတယ်၊ ဒါကြောင့် ဗေဒင်ဝါသနာရှင်များ အတွက် နံပါတ်(၃)ဖြစ်တဲ့ သံဟိတ→ ယတြာအစီအရင်, အင်း, အဆောင် အားလုံးကို ပြုလုပ်ပေးနိုင်ပြီး အစွမ်းထက်တဲ့ "**ဂဏန်းဆယ်ခု သဗ္ဗညု**" "**သံဟိတ**"ပညာတစ်ခုအား ညွှန်ပြလိုက်ပါတယ်။


ဂဏန်း အစဉ်လိုက်အားဖြင့် အောက်ပါအတိုင်း ဖြစ်ပါတယ်။

၈ - ၅ - ၉ - ၇ - ၆ - ၁ - ၂ - ၀ - ၃ - ၄

**ရေးဆွဲပုံမှာ...**

* * *






ဤကဲ့သို့ အထက်ပါ ဂဏန်းများကို အစဉ်လိုက် ရေးဆွဲလိုက်ပါ။

ရေးဆွဲသည့် အခါမှာလည်း သင် ရေးဆွဲသည့် ဂဏန်းများကို နှုတ်မှ အောက်ပါအတိုင်း ရွတ်ဆိုပါ။

၁)ဧကော - ဗုဒ္ဓေါ - တိဋ္ဌတု။
၂)ဒွေ - စန္ဒာသူရိယာ - တိဋ္ဌတု။
၃)တိ - ပိဋကတ္တယံ - တိဋ္ဌတု။
၄)စတ္တာရော - ကုဏ္ဍိပါလာနိ - တိဋ္ဌတု။
(၅)ပဉ္စ - ဗလနိ - တိဋ္ဌတု။
(၆)ဆ - ကာမာဝစရာနိ - တိဋ္ဌတု။
(၇)သတ္တ - ဗောဇ္ဈင်္ဂါနိ - တိဋ္ဌတု။
(၈)အဋ္ဌ - မဂ္ဂင်္ဂါနိ - တိဋ္ဌတု။
(၉)နဝ - လောကုတ္တရာနိ - တိဋ္ဌတု။
(၀)သုညံ - ဓေဝ သဗ္ဗိတ္ထတု။

အထက်ပါအတိုင်း ရွတ်ဆိုရေးဆွဲပြီးပါက အောက်ပါပုံအတိုင်း ဖြစ်ပေါ်လာပါပြီ။

* * *



www.burmeselassic.com


ဂဏန်းဆယ်ခုရဲ့ပုံတော် ဖြစ်ပါတယ်။ ပြီးနောက် အောက်ပါ အက္ခရာများကို အစဉ်လိုက် ကြည့်ပါ။

ဩ-စ-ဓ-ဗ-ဝ-ပု-ဒိ-အာ-အ-ရ-ဟံ

အထက်ပါ အက္ခရာတွေကတော့ ဘုရားရဲ့ ဂုဏ်တော်,ဉာဏ်တော် စမဂါထာအက္ခရာ အတိုကောက်တွေပါပဲ။

ကဲ... အပြည့်အစုံ ထည့်ကြည့်ရအောင်။

* * *




"**ဩ**"သည် သက်နံးရုံထားခြင်း၊ "**စ**"သည် လည်ဆွဲ၊ "**ဓ**"သည် ခြေအောက်၊ "**ဗ**"သည် ပါးစပ်၊ "**ဝ**"လုံးသည် လက်၌ဆွဲရပါမယ်။ "**ပု-ဒိ-အာ**" နဲ့"**အရဟံ**"ကိုလဲ ပုံပါအတိုင်း ဆွဲရပါတယ်။

ဤကဲ့သို့ ပုံဖြစ်သွားရင်တော့ "ဂဏန်းဆယ်ခု သဗ္ဗညု"ဆိုသလို လိုတဲ့နေရာ ဘယ်နေရာမဆို အသုံးပြုနိုင်ပါတယ်။

ဒါပေမယ့်"**အနိစ္စ**"နဲ့"**ကုသ္**" နှစ်ခု၌"**ကုသ္**"ကောင်းတဲ့ နေရာများ၌သာ အသုံးပြုသင့်ပါတယ်။

အဆောင်အားဖြင့်လဲ ကြေးပြား, ငွေပြား, စာရွက်, ထန်း, ပေရွက်တွေပေါ်မှာ ရေး၍ အဆောင်ပေးလို့ ရပါတယ်။

ဥပမာ ယတြာတစ်ခုအား ညွှန်ပြလိုက်ပါမယ်။ နိုင်ငံခြားသို့ အလုပ်သွားလုပ်လိုသူတစ်ဦး မြန်မြန်သွားရောက် လုပ်ကိုင်လိုပါက သဘော်သီးတစ်လုံးအား ကြွေပန်းကန်ထဲ ထည့်ပါ။ ပြီးရင် အလံဖြူတစ်ခုပေါ်တွင် "**ဂဏန်းဆယ်ခု သဗ္ဗညု**" ပုံတော်ဆွဲ၍ သဘော်သီး၌ အလံစိုက်ထား... အိမ်က ဘုရားစင်ပေါ်တွင် လှူ... ထားပါ။ (၉)ရက်အတွင်း အလု... ခေါ်စာ လာပါလိမ့်မည်။

ဤနည်းအတိုင်း လိုအင်... ကောင်းမှု အလုပ်တိုင်း ဤ"**ဂဏန်းဆယ်ခု သဗ္ဗညု**"ပုံတော်အား အသုံး... ပြုပြီး အောင်မြင်နိုင်တတ်ကြောင်း... ဗေဒင်ဝါသနာရှင်များအား ညွှန်ပြလိုက်ရပါတယ်။

**ဆရာတီထိ(ရန်မျိုးအောင်)**

စာမျက်နှာ (၂၇၄)မှ အဆက်

အရှိန်ကုန်လို့ ကျွတ်လွတ်တော့မှာ ဖြစ်တဲ့အတွက် အရှင်ဘုရားကို နှုတ်ဆက်ကန်တော့လာတာပါ'

'ဘယ်တော့ ကျွတ်လွတ်မယ်ဆိုတာကို မသိဘူးလား'

'သိပါတယ်ဘုရား...ဒီနေ့က ပထမဝါဆို လကွယ်နေ့ပါ။ တပည့်တော်က ဒုတိယဝါဆို လပြည့်ည သန်းခေါင်ယံအချိန်မှာ ကျွတ်လွတ်မှာပါဘုရား'

'အေး...သာဓု...သာဓု...သာဓု'

ဆရာတော်ကြီး၏ သာဓု ခေါ်သံအဆုံးတွင် "တဒုန်းဒုန်း" အသံပေး၍ ကျောင်းပေါ်မှ ဆင်းသွားပါတော့သည်။

[၅]

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် (၁၅)ရက်အကြာဖြစ်သော ဒုတိယဝါဆိုလပြည့်နေ့ ညသန်းခေါင်ယံအချိန်တွင် လွန်စွာတောက်ပသော အလင်းတန်းကြီးတစ်တန်းသည် ခရေပင်ထိပ်ဖျားမှ မြောက်စူးစူးအ... ဦးတည်ရွေ့လျား ပျောက်ကွယ်သွားသည်ကို ဆရာတော်... ဦးဥက္ကံသမှတစ်ပါး အခြား မည်သူတစ်ဦးတစ်ယော... မြင်တွေ့လိုက်ရခြင်း မရှိပါပေ။

**ကိုကိုခန့်ချော(ကသာမြေ)**

ကျမ်းကိုး

**၁။ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလထုတ် "ရ... မဂ္ဂဇင်း" အတွဲ(၂၂)၊ အမှတ်(၉)မှ ကိုကိုခန့်... (ကသာမြေ)၏ "ကျွတ်ချိန်ရယ် တန်ပြီမို့"ဆောင်...**

**၂။ အဘွား"ဒေါ်သင်"၏ လက်ရေးမူ မှတ်စု၊**

www.burmeselassic.com

မဟိဒ္ဓိဝိဇ္ဇာဆိုင်ရာ ဘဖြိုးသာပေးတဲ့

# ရှာဝင်ရှာထွက်ဂါထာ နှင့်

အခြားဂါထာတော်များ

ကောင်းမြင့်မြတ်စိုး



**မဟိဒ္ဓိဝိဇ္ဇာဂိုဏ်ရဲ့ ဘဖြိုးသာ** အကြောင်းကို ယခင်က ကျွန်တော်မကြားဘူးခဲ့ပါ။ ဦးကျင်လှိုင်နဲ့တွေ့တော့မှ သိမှတ်သားခဲ့ရပါတယ်။

ဦးကျင်လှိုင်နဲ့ဇနီး ဒေါ်မြအေးတို့ဟာ **အိမ်အမှတ်(၂၄)၊ ဘောလုံး(၁)လမ်း၊ ပဲခူးလမ်းရပ်ကွက်၊ ထောက်ကြံ့မြို့၊ ရန်ကုန်တိုင်းဒေသကြီး** နေထိုင်သူတွေ ဖြစ်ကြပါတယ်။ သူတို့ရဲ့ တစ်ဦးတည်းသောသား ကိုသန်းဇော်ဝင်းဟာ ကျွန်တော်နဲ့အတူ ကျောက်မီးသွေးမိုင်း တစ်ခုမှာ အတူတူ လုပ်ကိုင်ခဲ့ဖူးပါတယ်။

တာချီလိတ်မြို့နယ်၊ ကျောက်လိုဏ်ဂူရွာအနီးက ကျောက်မီးသွေးမိုင်းမှာ လုပ်ခဲ့ကြတာပါ။ ကိုသန်းဇော်ဝင်းက (Junior Geologist)အငယ်တန်း ဘူမိဗေဒပညာရှိပါ။ ကျွန်တော်ကတော့ တာဝန်ခံအင်ဂျင်နီယာ (Mining Engineer) ဖြစ်ပါတယ်။

ကိုသန်းဇော်ဝင်းဟာ အသက်(၃၀)နှစ်မျှသာရှိတဲ့ လူငယ်ဆိုပေမယ့် လိမ္မာယဉ်ကျေးပါတယ်။ ရိုးသားကြိုးစားပါတယ်။ ကျွန်တော့်ကိုလဲ မိဘသဖွယ်လေးစားချစ်ခင်ပါတယ်။ ကျွန်တော်ကလဲ ကိုယ့်သားသမီးနဲ့မခြား ဆုံးမသွန်သင် စောင့်ရှောက်ပါတယ်။

ကိုသန်းဇော်ဝင်းမှာ ဇနီးနဲ့ သမီးငယ်လေးတစ်ယောက်လဲ ရှိပါတယ်။ မိဝေးဖဝေး နယ်စပ်ဒေသ တောထဲတောင်ထဲမှာ သူတို့မိသားစုလေးဟာ ကျွန်တော်နဲ့ မိဘနဲ့ သားသမီးတွေလို အပြန်အလှန် စာနာဖေးမ နေထိုင်ခဲ့ကြပါတယ်။

ကိုသန်းဇော်ဝင်းတို့ မိသားစုလေးဟာ ကျွန်တော့်ကို အလွန်ခင်မင်တာနဲ့အမျှ ကျွန်တော့်ကို ရန်ကုန်ရောက်ရင် သူတို့အိမ်ကို လာလည်ဖို့ အမြဲပြောခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလဆန်းမှာ ကျွန်တော်ဟာ ရန်ကုန်ကို ရောက်ခဲ့ပါတယ်။ သူတို့ထံ ဖုန်းဆက်လိုက်တော့ အလွန်ဝမ်းသာသွားကြပါတယ်။

သူတို့နေထိုင်တဲ့ ထောက်ကြံ့က အိမ်ကို လာလည်ဖို့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်ကလဲ သူတို့နဲ့ အလွန်တွေ့ချင်နေတာမို့ ရန်ကုန်ရောက်ပြီး (၃)ရက်မြောက်နေ့ ညနေမှာ သူတို့အိမ်ကို ရောက်အောင်သွားခဲ့ပါတယ်။

ကျွန်တော် ကြိုက်တတ်တဲ့ဟင်းတွေ သူတို့လင်မယားက သိပြီးသားဆိုတော့ ကျွန်တော်ကြိုက်တဲ့ ဟင်းတွေ၊ အသုပ်တွေ၊ အထောင်းတွေ၊ အကြော်တွေ စုံနေအောင် ချက်ပြုတ်ပြင်ဆင်ထားပြီး ကျွေးမွေးညှဉ့်ခံကြပါတယ်။

ကိုသန်းဇော်ဝင်းဟာ သူ့ရဲ့ မိဘနှစ်ဦးနဲ့လဲ မိတ်ဆက်ပေးပါတယ်။ သူ့အဖေ ဦးကျင်လှိုင်နဲ့ အမေ ဒေါ်မြအေး

www.burmeseclassic.com

ဂ့်ကလဲ အလွန်ဖော်ရွေကြပါတယ်။
ဆွမျိုးတွေနဲ့ ပြန်တွေ့ရသလို ခံစား
ပါတယ်။
ညစာ စားပြီးကြတော့ စကားဝိုင်းဖွဲ့
ကြပါတယ်။ ဦးကျင်လှိုင်ကလဲ ဘာသာ
ရေးသမားဆိုတော့ ကျွန်တော်နဲ့
တ်တူကိုယ်တူ ဖြစ်သွားပါတယ်။
ဘာသာရေးအကြောင်းတွေ ပြောလို့
ဆုံးတော့ပါဘူး။
ပြီးတော့ ဦးကျင်လှိုင်ကလဲ
လာကီဝိဇ္ဇာတွေအကြောင်း၊ ဂမ္ဘီရတွေ
အကြောင်း၊ ဆေးအကြောင်း၊ ဓာတ်
အကြောင်းတွေ တီးမိခေါက်မိရှိသူ
ဖြစ်ပါတယ်။ ဒါကြောင့်လဲ အဲဒီညက
၁၁)နာရီကျော်တဲ့အထိ စကားပြောခဲ့
ကြပါတယ်။
ဦးကျင်လှိုင်က သူ့ကိုယ်တွေ့
"**ရွှာဝင်ရွာထွက်ဂါထာ**" အကြောင်း
ကိုလဲ ပြောပြခဲ့ပါတယ်။ သူဟာ
ယ်ရွယ်စဉ်က အရောင်းအဝယ်
ပမားတစ်ဦး ဖြစ်ပါတယ်။ သူ့ဇာတိ
ချောက်မြို့နယ်က ထွက်တဲ့ ပဲတွေ,
မ်းတွေကို ရန်ကုန်အထိ ကုန်သွယ်
ရောင်းဝယ်ပါတယ်။
ဘယ်မြို့, ဘယ်ရွာ, ဘယ်နယ်
ရောက်ရောက် "**ရွာဝင်ရွာထွက်**
**ါထာ**"ကို ရွတ်ခဲ့ကြောင်း၊ ဘေးမသီ
န်မခတဲ့အပြင် ခင်မင်သူ ပေါများလှ
ကြောင်း ပြောပြပါတယ်။
ဒီနေ့အထိလဲ ရွတ်နေဆဲဖြစ်
ကြောင်း ပြောပြပါတယ်။ ဦးကျင်လှိုင်
ဂါထာကို ရခဲ့ပုံက ပိုလို့ စိတ်ဝင်စား
ရာ ကောင်းနေပါတယ်။ ကျွန်တော်
က မေးပါတယ်။
'အဲဒီရွာဝင်ရွာထွက် ဂါထာကို
ဘယ်အချိန်က ရခဲ့တာလဲဗျ'
'ကျွန်တော် လူပျိုပေါက် အရွယ်က
ခဲ့တာဗျ။ ကျွန်တော်တို့နယ်မှာ

"**မဟိဒ္ဓိဝိဇ္ဇာဓိုရ် ဘဖြိုးသာ**" ဆိုတဲ့ ပုဂ္ဂိုလ်ထူးကြီး ရှိခဲ့ဖူးတယ်ဗျ။ ဘဖြိုးသာက **ရွာမရွာဇာတိပါ။** ချောက်မြို့နယ် ကပဲ။ ကျွန်တော်တို့ရွာက "**နရဲတော ရွာ**"ပေါ့ဗျာ။ အဲ...တတိုင်ရွာနဲ့လဲ နီးတယ်။

ကျွန်တော်တို့ တစ်နယ်လုံးက "ဘဖြိုးသာ"ဆို မသိတဲ့သူ မရှိဘူးဗျ။ ခုနောက်ပေါက် လူငယ်တွေတောင် ဘဖြိုးသာအကြောင်း ကြားဖူးကြပါတယ်။ ကျွန်တော့်မိဘတွေကတော့ ဘဖြိုးသာကို မီလိုက်ကြတယ်။

ဘဖြိုးသာဟာ ဘယ်တော့မှ အဝတ်အစား ကောင်းကောင်း မဝတ်ဘူးတဲ့ဗျ။ နွမ်းနွမ်းဖတ်ဖတ် အဝတ်တွေပဲ ဝတ်သတဲ့။ မသိတဲ့သူတွေကတော့ အထင်သေးကြတာပေါ့။

အဲ...အထင်သေးပြီး သူ့ကို စော်ကားရင်တော့ အစွမ်းပြတတ်သတဲ့။ အဲဒီအကြောင်းတွေကိုတော့ ပြီးမှ ပြောပြမယ်။ အခု ရွာဝင်ရွာထွက် ဂါထာကို ရခဲ့ပုံကို ပြောပြမယ်။

တစ်နေ့တော့ဗျာ... အမေက ကျွန်တော့်ကို ရွာအပြင်က ထန်းတောထဲ လိုက်ခဲ့ဖို့ ခေါ်တယ်ဗျ။ ဘဒွေး ဦးကုလားကြီးလဲပါတယ်။ ပြီးတော့ ကျွန်တော်နဲ့ ရွယ်တူ သူငယ်ချင်းနှစ်ယောက်လဲ ပါသေးတယ်။

ဘကြီးဦးငွေယုံနဲ့ ရွာထဲက ရွာသားနှစ်ဦးလဲ ပါသေးတယ်ဗျာ။ ကျွန်တော်တို့ရွာရဲ့ အပြင်ဘက်မှာ ထန်းတောအုပ်ကြီးနဲ့ တောအုပ်တွေရဲ့ အလယ်မှာ လွင်ပြင်ကျယ်ကြီးတစ်ခု ရှိတယ်။ ဟိုးအရင်တုန်းက ဘဖြိုးသာရဲ့ နေရာထူးလို့ ပြောရမယ်ဗျ။

အဲဒီနေရာကို အမေနဲ့အတူ ကျွန်တော် လိုက်သွားခဲ့ရတာဗျ။ အဲဒီနေရာရောက်တော့ ဘကြီးဦးငွေယုံက လက်ဖက်ပွဲရယ်၊ အမွှေးနံ့သာတွေ၊ အလင်းတိုင်၊ အမွှေးတိုင်တွေရယ်ကို ပြင်ဆင်တယ်။

ပြီးတော့ မဟိဒ္ဓိဝိဇ္ဇာဓိုရ်ဘဖြိုးသာကို တိုင်တည်လှူဒါန်းတယ်။ ဘဖြိုးသာကို ကြွရောက်ချီးမြှင့်ပါလို့လဲ တိုင်တည်တယ်။

ခဏကြာတော့ ဘကြီးဦးငွေယုံဟာ အမူအရာပြောင်းသွားတယ်။ အသံလဲ ပြောင်းသွားတယ်။ ဘဖြိုးသာ ဓာတ်စီးတာလို့ အမေက ပြောတယ်ဗျ။ ကျွန်တော်ကတော့ အရမ်းအံ့ဩနေတာပေါ့ဗျာ။ တစ်ခါမှလဲ မကြုံဖူးဘူးလေ။

ဘကြီးဦးငွေယုံက စာလဲမတတ်ဘူးဗျ။ ဒါပေမယ့် ဓာတ်စီးတဲ့ အချိန်မှာကျတော့ ဂါထာတော်တွေကို ပါဠိမှန်အောင် ရွတ်ပြတယ်ဗျ။ ရုပ်ကလဲ နဂိုရုပ် မဟုတ်တော့ဘဲ ရုပ်ပြောင်းသွားတယ်။ အမေကတော့ ဘဖြိုးသာရုပ်မျိုး ပြောင်းသွားတာလို့ ပြောကြတယ်။

အမေတို့၊ ဘဒွေးဦးကုလားကြီးတို့က သူတို့သိချင်တာတွေ မေးကြတာပေါ့ဗျာ။ ဘာတွေမေးလဲ ဆိုတာတော့ မမှတ်မိတော့ပါဘူး။

ဒါပေမယ့် ကျွန်တော် မှတ်မိတာကတော့ သူ ရွတ်ပြတဲ့ဂါထာ သုံးပုဒ်ပဲဗျ။ ဘဖြိုးသာက သူ့ရဲ့ တပည့်သားမြေးတွေ ဘေးရန်ကင်းပြီး ကျန်းမာချမ်းသာ အောင်မြင်စေဖို့ တစ်သက်လုံး အမြဲ ရွတ်ရမယ်ဆိုပြီး ပေးခဲ့တာဗျာ။ နှုတ်တိုက်ဆိုပြတာကို လိုက်ဆို၊ အလွတ်ရတဲ့ထိ လိုက်ဆိုခဲ့ရတာပါဗျာ'

ထိုအခါ ကျွန်တော်က...

'ဘယ်လိုဂါထာတွေလဲဗျ... ရွတ်ပြပါဦး'

'ပထမဂါထာကတော့ **စိန္တာမဏိ ဂါထာတော်**ဗျာ'



www.burmeseclassic.com

www.burmeseclassic.com

၁။ စိန္တာမဏိ ရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ၊
ကရံ ကရတိ သရဏံ၊ ဒီပ္ပမေဝ သမိဇ္ဈတု။

၂။ စိန္တာမဏိ ရတနာနိ၊ ဓမ္မံ ဓမ္မ ရတနာနံ၊
ကရံ ကရတိ သရဏံ၊ ဒီပ္ပမေဝ သမိဇ္ဈတု။

၃။ စိန္တာမဏိ ရတနာနိ၊ သံဃံ သံဃ ရတနာနံ၊
ကရံ ကရတိ သရဏံ၊ ဒီပ္ပမေဝ သမိဇ္ဈတု။

အနက်

၁။ **စိန္တာမဏိ ရတနာနိ** – ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုကို ပြည့်စေနိုင်သော ရတနာတို့သည်၊ **ဗုဒ္ဓံ** –ဘုရားရတနာတည်း။ **ဗုဒ္ဓ ရတနာနံ** – ဘုရားရတနာတို့ကို၊ **သရဏံ**–ကိုးကွယ်ခြင်းကို၊ **ကရံ**–ပြုထိုက်သည်ဖြစ်၍၊ **ကရတိ**–ကိုးကွယ်ခြင်းသို ပြုသောသူ၌၊ **ဣစ္ဆာ** – ကြံစည်တောင့်တ အလို ဆန္ဒသည်၊ **ဒီပ္ပမေဝ**–လျင်စွာသာ လျှင်၊ **သမိဇ္ဈတု** – ပြည့်စုံပါစေ သတည်း။

၂။ **စိန္တာမဏိ ရတနာနိ** – ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုကို ပြည့်စေနိုင်သော ရတနာတို့သည်၊ **ဓမ္မံ** – တရားတော်ရတနာတည်း။ **ဓမ္မရတနာနံ**–တရားတော် ရတနာတို့ကို၊ **သရဏံ**–ကိုးကွယ်ခြင်းကို၊ **ကရံ**–ပြုထိုက်သည်ဖြစ်၍၊ **ကရတိ** –ကိုးကွယ်ခြင်းကို ပြုသောသူ၌၊ **ဣစ္ဆာ** – ကြံစည်တောင့်တ အလို ဆန္ဒသည်၊ **ဒီပ္ပမေဝ**–လျင်စွာသာ လျှင်၊ **သမိဇ္ဈတု** – ပြည့်စုံပါစေ သတည်း။

၃။ **စိန္တာမဏိ ရတနာနိ** – ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုကို ပြည့်စေနိုင်သော ရတနာတို့သည်၊ **သံဃံ**–သံဃာတော်ရတနာတည်း။ **သံဃရတနာနံ** – သံဃာတော် ရတနာတို့ကို၊ **သရဏံ**–ကိုးကွယ် ခြင်းကို၊ **ကရံ**–ပြုထိုက်သည်ဖြစ်၍၊



**ကရတိ**–ကိုးကွယ်ခြင်းကို ပြုသော သူ၌၊ **ဣစ္ဆာ**–ကြံစည်တောင့်တ အလိုဆန္ဒသည်၊ **ဒီပ္ပမေဝ**–လျင်စွာ သာလျှင်၊ **သမိဇ္ဈတု** – ပြည့်စုံပါစေ သတည်း။

'ဩော်...ဒီဂါထာကို ကျွန်တော်လဲ နေ့တိုင်း ရွတ်တယ်ဗျ။ ဦးကျော်လှိုင်'

'ရွတ်ပါဗျာ။ ဘဖြိုးသာ မိန့်သွားတာ ကတော့ အမြဲရွတ်ရင် လိုတရနိုင် သတဲ့ဗျ။ ကျွန်တော်လဲ နေ့စဉ် နေ့တိုင်း ရွတ်နေတာပဲဗျ။ ပြီးတော့ သရဏံကို တည်တဲ့ဂါထာဗျ။ **သရဏံကိုတည်တဲ့ ဂါထာ**ကတော့...

၁။ သိဒ္ဓိ ဘဂဝါ အရဟံ၊
ဗုဒ္ဓေါ မေ သတ္တုပါကာရံ၊
ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၂။ သိဒ္ဓိ ဘဂဝါ အရဟံ၊
ဗုဒ္ဓေါ မေ သတ္တုပါကာရံ၊
ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ။

၃။ သိဒ္ဓိဘဂဝါ အရဟံ၊
ဗုဒ္ဓေါ မေ သတ္တုပါကာရံ၊
သံဃော မေ သရဏံ အညံ နတ္ထိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

အနက်

၁။ **ဘဂဝါ**–မြတ်စွာဘုရားသည်၊ **သိဒ္ဓိ** –ကိစ္စအသီးသီး ပြီးစီးတော်မူ၍၊ **အရဟံ**–ပူဇော်အထူးကို ခံယူတော် မူထိုက်၏။ **ဗုဒ္ဓေါ**–မြတ်စွာဘုရား သည်၊ **မေ**–အကျွန်ုပ်၏၊ **သတ္တု ပါကာရံ**–ပတ်ကာရံဝိုင်း တံတိုင်း (၇)ထပ် ဖြစ်ပါပေ၏။

**ဗုဒ္ဓေါ**–မြတ်စွာဘုရားသည်၊ **မေ**– အကျွန်ုပ်၏၊ **သရဏံ**–ကိုးကွယ်ရာပါ တည်း၊ **အညံ**–အခြားသော ကိုးကွယ် ရာသည်၊ **နတ္ထိ**–မရှိ၊ **ဗုဒ္ဓံ**–မြတ်စွာ ဘုရားကို၊ **သရဏံ**– ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**–ဆည်းကပ်ပါ၏။

၂။ **ဘဂဝါ**–မြတ်စွာဘုရားသည်၊ **သိဒ္ဓိ** –ကိစ္စအသီးသီး ပြီးစီးတော်မူ၍၊ **အရဟံ**–ပူဇော်အထူးကို ခံယူတော် မူထိုက်၏။ **ဗုဒ္ဓေါ**–မြတ်စွာဘုရား သည်၊ **မေ**–အကျွန်ုပ်၏၊ **သတ္တု ပါကာရံ**–ပတ်ကာရံဝိုင်း တံတိုင်း (၇)ထပ် ဖြစ်ပါပေ၏။

**ဓမ္မော** – တရားတော်မြတ်သည်၊ **မေ**–အကျွန်ုပ်၏၊ **သရဏံ**–ကိုးကွယ် ရာပါတည်း၊ **အညံ**–အခြားသော ကိုးကွယ်ရာသည်၊ **နတ္ထိ**–မရှိ၊ **ဓမ္မံ**– တရားတော်မြတ်ကို၊ **သရဏံ**– ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**–ဆည်းကပ် ပါ၏။

၃။ **ဘဂဝါ**–မြတ်စွာဘုရားသည်၊ **သိဒ္ဓိ** –ကိစ္စအသီးသီး ပြီးစီးတော်မူ၍၊ **အရဟံ**–ပူဇော်အထူးကို ခံယူတော် မူထိုက်၏၊ **ဗုဒ္ဓေါ**–မြတ်စွာဘုရား သည်၊ **မေ**–အကျွန်ုပ်၏၊ **သတ္တု ပါကာရံ**–ပတ်ကာရံဝိုင်း တံတိုင်း (၇)ထပ် ဖြစ်ပါပေ၏။

**သံဃော**–သံဃာတော်သည်၊ **မေ**– အကျွန်ုပ်၏၊ **သရဏံ**–ကိုးကွယ်ရာပါ တည်း၊ **အညံ**–အခြားသော ကိုးကွယ် ရာသည်၊ **နတ္ထိ**–မရှိ၊ **သံဃံ**–သံဃာ တော်မြတ်ကို၊ **သရဏံ**– ကိုးကွယ်ရာ

www.burmeselassic.com

ဟူ၍ ဂစ္ဆာမိ–ဆည်းကပ်ပါ၏။

***[ဤဂါထာများ၏ ပါဠိအနက်ကို နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဏ္ဏိဒ်မြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

'အင်း… ဒီဂါထာတော်ကိုတော့ ကျွန်တော်မသိဘူးဗျ ဦးတင်လှိုင်၊ ကျွန်တော် ရေးမှတ်ထားရဦးမယ်'

'ဒီဂါထာတော်ကိုလဲ နေ့စဉ် ရွတ်ရင် ဘေးကင်းတယ်၊ ကျန်းမာတယ်၊ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်တယ်လို့ ဘဖြိုးသာက မိန့်ခဲ့တယ်။ နောက်ဂါထာတစ်ပုဒ်က ပိုပြီး ထူးဆန်းတယ်။ **"ရွာဝင်ရွာထွက်ဂါထာ"**တဲ့ဗျ။

ကျွန်တော် ရွတ်ပြမယ်။ မနက်ရောက်တော့မှ ကျွန်တော် ရေးပေးမယ်။ ခုတော့ နားထောင်ကြည့်ပါဦး။ ဂါထာနှစ်ပုဒ်ဗျ။ အဲဒီနှစ်ပုဒ်လုံးကို (ဘဖြိုးသာက) ဘယ်မြို့,ဘယ်ရွာ, ဘယ်ဒေသရောက်ရောက် **(၇)ခေါက် ဒါမှမဟုတ် (၉)ခေါက်** ရွတ်ရမယ်တဲ့ဗျ။ အဲဒီမြို့ရွာက ပြန်အထွက်မှာလဲ ရွတ်ရမယ်တဲ့ဗျ'

ဦးကျင်လှိုင်က ဌာန်ကရိုဏ်းကျကျ ရွတ်ပြပါတယ်။ မနက်ရောက်တော့ အောက်ပါအတိုင်း ရေးပေးခဲ့ပါတယ်။

ရွာဝင်ရွာထွက်ဂါထာ

'ဦ ဇမ္ဗူဒိပါ လေးကျွန်းလုံး အုပ်စိုးသည့် နတ်မင်းကြီး…

မင်းကြီးဆရာ ငါလာပြီ၊ ရတနာ ဆင်မြင်း ဗိုလ်ခြေတစ်သိန်းနှင့် တစ်မင်းမကျန် ကျွန်ုပ် နားမှာ စောင့်တော်မူ၊ ကျွန်ုပ်နားမှာ စောင့်၍ ပြောတော်မူ၊ ကျွန်ုပ်နှုတ်ဖျားမှာ စီး၍ ပြောတော်မူ၊

ကျွန်ုပ်ရှေ့က လူလူသွားတော်မူ၊ ဒေဝဒေဝါ



လူသူခေါ်ရာမလိုက်ပါနဲ့ နတ်လှချည်း ဆရာချည်း ကပ်ဆရာကပ်'

'ဦ ဇမ္ဗူဒိပါ ကျွန်းသာယာက လာသည့် နတ်မင်းကြီး…

မင်းကြီးဆရာ ငါလာပြီ၊ ရတနာဆင်မြင်း ဗိုလ်ခြေတစ်သိန်းနှင့် တစ်မင်းမကျန် ကျွန်ုပ် နားမှာ စောင့်တော်မူ၊ ကျွန်ုပ်နားမှာ စောင့်၍ ပြောတော်မူ၊ ကျွန်ုပ်နှုတ်ဖျားမှာစီး၍ ပြောတော်မူ၊ ကျွန်ုပ်ရှေ့က လူလူ သွားတော်မူ၊ ဒေဝဒေဝါ လူသူခေါ်ရာ မလိုက်ပါနဲ့ နတ်လှချည်း ဆရာချည်း ကပ်ဆရာကပ်'

ထိုအခါ ကျွန်တော်က မေးလိုက်ပါတယ်။

'ဒီဂါထာတော်တွေက အတော်စွမ်းလားဗျ။ ပါဠိဂါထာမျိုးတော့ မဟုတ်ဘူးနော်'

'စွမ်းတယ်ဗျ။ ကျွန်တော့်ကိုယ်တွေ့ပဲ။ ဟိုအရင်က ကျွန်တော် အရောင်းအဝယ်သမားဗျ။ ကျွန်တော်တို့ ချောက်မြို့နယ်က ထွက်တဲ့ ပဲတွေ,နှမ်းတွေကို ရန်ကုန်ထိ သယ်ပြီး ရောင်းဝယ်ခဲ့တာဗျ။

တခြားမြို့ရွာတွေ ရောက်ရင်လဲ "ရွာဝင်ရွာထွက်ဂါထာ" ကျွန်တော် ရွတ်တယ်။ မမေ့မလျော့ ရွတ်တယ်ဗျ။ တကယ်ကို ဘေးရန်ကင်းတယ်။ ရောင်းရဝယ်ရတာ အဆင်ပြေတယ်။ ချစ်ခင်သူ ကူညီသူလဲ ပေါတယ်ဗျ'

'ဟုတ်ပါပြီဗျာ… အရောင်းအဝယ်သမားတိုင်း ဆောင်ထားသင့်တဲ့ ဂါထာပဲပေါ့ဗျာ။ ကျွန်တော့်အတွက်လဲ အကျိုးရှိသွားတယ်ဗျာ။ စာမူရေးရတာပေါ့။ စာဖတ်သူတွေကို မျှဝေရမှာပေါ့ဗျာ။ ကျေးဇူးတင်ပါတယ် ဦးကျင်လှိုင်ရယ်'

ဦးကျင်လှိုင်က "မဟိဒ္ဓိဝိဇ္ဇာဓိုရ် ဘဖြိုးသာ"အကြောင်း ထူးဆန်းအံ့ဖွယ်တွေကို ဆက်လက် ပြောပြပါသေးတယ်။ အဲဒီအကြောင်းအရာတွေကိုတော့ သီးသန့်ရေးပါဦးမယ်။ ဒီဆောင်းပါးမှာတော့ စာရှည်သွားလို့ မရေးတော့ပါဘူး။

**နဂ္ဂတ္တရောင်ခြည် စာပေတ်ပရိသတ်ကြီးထံက "ဘဖြိုးသာ"အကြောင်း သိသူ ရှိပါကလဲ ရေးသားပေးပို့ စေလို အလေးအနက် တိုက်တွန်းအပ်ပါ တယ်။**

ခေတ်မီဖွံ့ဖြိုးတိုးတက်မှု မရှိသေးတဲ့ ဟိုးရှေးက မြန်မာနိုင်ငံမှာ တိုင်းရင်းသားတွေဟာ လူမှုရေးဒုက္ခတွေ၊ စစ်ဘေးရန်တွေ၊ ရောဂါဘေးတွေ၊ လူဆိုးလူမိုက်တွေရဲ့ ဘေးတွေကို မျိုးစုံကြုံတွေ့ခဲ့ကြရပါတယ်။ အဲဒီခေတ်က မင်း,အစိုးရကို အားကိုးလို့ မရပါ။ အထူးသဖြင့် သူ့ကျွန်ဘဝ ရောက်တဲ့ ကာလက ပိုပြီး ဒုက္ခများခဲ့ကြရပါတယ်။

အဲဒီကာလတွေမှာ "ကယ်တင်ရှင်" တွေက မဟိဒ္ဓိရှင် သိဒ္ဓိရှင်ကြီးတွေ ဖြစ်ခဲ့ပါတယ်။ အဘဘိုးဘိုးအောင်တို့လို၊ အဘဘိုးမင်းခေါင်တို့လို ပုဂ္ဂိုလ်ထူးကြီးတွေက ဒုက္ခရောက်နေသူတွေကို ကယ်တင်စောင့်ရှောက်ခဲ့ကြပါတယ်။

အဲဒီလို ပုဂ္ဂိုလ်ထူးကြီးတွေရဲ့ ဂုဏ်ကျေးဇူးတွေ၊ စွမ်းအင်တွေကို ကျွန်တော်တို့ မမေ့အပ်ပါ။ ဖော်ထုတ် ဂုဏ်ပြုသင့်ပါတယ်။

**ကောင်းမြင့်မြတ်စိုး**

www.burmeselassic.com

www.burmeseclassic.com



# ဘမှုဝေမှ ငိုရသူ

သွန်းနေနီ

လွန်ခဲ့သည့် နှစ်(၁၀၀)ကျော် ဗြိတိသျှအစိုးရလက်ထက်က တည်ဆောက်ဖွင့်လှစ်ခဲ့သော တိုင်းမြူနီစပယ်ရုံးကြီးသည် မြို့၏ အချက်အချာကျသော နေရာ၌ ယနေ့တိုင် မပျက်မယွင်းဘဲ ထီးထီးမားမားကြီး တည်ရှိနေဆဲဖြစ်သည်။

ရုံးရှေ့ ပန်းခြံ၏ အလယ်မှာတော့ မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းသည့်ကာလ တိုက်ပွဲများတွင် အသက်ပေးခဲ့ကြရသော ဘီအိုင်အေ(ခေါ်) ဗမာ့တပ်မတော်မှ တပ်မှူး,တပ်သားများ အားလုံးကို ရည်စူးလျက် ၁၉၄၂ ခု ဧပြီလ၌ စိုက်ထူဂုဏ်ပြုပေးခဲ့သည့် ဘီအိုင်အေ အာဇာနည် ကျောက်စာတိုင်ကြီးကလည်း နှောင်းခေတ်လူတို့ဂုဏ်ယူ အမှတ်ရစိမ့်သောငှာ ယနေ့တိုင် ထည်ဝါကြံ့ခိုင်စွာ တွေ့မြင်နိုင်ပါသည်။

ထိုမြူနီစပယ်ရုံးကြီးသည် မြို့တွင်းလမ်းမကြီး(၄)ခုတို့ ဆုံရာတွင် တည်ရှိပြီး တိုင်းကောင်စီရုံး (ခေါ်) တိုင်းရုံးကြီးနှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။ လူနှင့် ယဉ်အသွားအလာ များပြားစည်ကားသောနေရာ ဖြစ်သည်နှင့်အညီ ယဉ်မတော်တဆမှုများကိုလည်း မကြာခဏ ဆိုသလို ကြားနေ မြင်နေကြုံနေရပါသည်။

အမြင့်ပေ(၄၀)ခန့်ရှိ ယင်းကွန်ကရစ်နှစ်ထပ် မြူနီစပယ်ရုံးဟောင်းကြီးတွင် လွန်ခဲ့သည့် နှစ် (၂၀)ခန့်က မြို့နယ်အေးချမ်းသာယာရေး အဖွဲ့ရုံးကို အပေါ်ထပ်တွင် လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးနှင့် မြို့မရဲကင်းတို့ကို အောက်ထပ်တွင် လည်းကောင်း စုပေါင်းရုံးပုံစံမျိုး ဖွင့်လှစ်ထားရှိခဲ့ရာ ထိုစဉ်က ကြုံတွေ့ခဲ့ရသော ဖြစ်စဉ်တစ်ခုကို ဖော်ပြလိုပါသည်။

ထိုအချိန်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူရသော မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး ဦးမျိုးခင်(ကွယ်လွန်)နှင့် ကျွန်မ အပါအဝင် ဒုတိယဦးစီးဌာနမှူး (၃)ဦးရှိပြီး... ကျန်(၂)ဦးမှာ ဦးအုန်းငွေနှင့် ဦးကျော်ခိုင်တို့ ဖြစ်ကြသည်။

ထိုစဉ်က မြို့နယ်အေးချမ်းဖြိုးကောင်စီရုံးများတွင် နံနက်တိုင်း စုပေါင်းဝတ်ရွတ်ကြရန် အထက်ဌာနများ၏ ညွှန်ကြားလာချက်အရ ဝန်ထမ်းများ စုစုပေါင်း ဝတ်ရွတ်ကြခြင်းကို စနစ်တကျ ဖြစ်စေရန် ကျွန်မက အနီးကပ် ကြီးကြပ်တာဝန်ယူရသည်။

နံနက်(၀၉း၃၀)နာရီအချိန် ရုံးတက်ရပြီး (၁၀)နာရီ ထိုးသည်နှင့် ဘုရားခန်းတွင် စုရုံးကာ မြို့နယ်ရုံးဝန်ထမ်း





www.burmeseclassic.com

www.burmeselassic.com

များသာမက မြို့ပေါ်ရပ်ကွက်များမှ ရ.ယ.က စာရေး အားလုံးပါ ပါဝင်၍ စုပေါင်းဝတ်ရွတ်ကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် လူစုံအောင် စောင့်ဆိုင်းနေကြစဉ် ရ.ဝ.တ စာရေးမလေး ရီရီထွေးက…

'အစ်မ…ပြီးခဲ့တဲ့ စနေနေ့တုန်းက ကျွန်မတို့ ဂျူတီမှာ ယဉ်တိုက်မှုတစ်ခု ဖြစ်သွားသေးတယ်'

'ဟင်…ဟုတ်လား၊ ဘာတွေများ ဖြစ်သွားသေးလဲ၊ အဲဒီသတင်းကို ခရိုင်ရုံး တင်ပြခဲ့သေးလား'

'ဟုတ်ကဲ့… တင်ပြခဲ့ပါတယ်။ တိုက်မိတဲ့ ဆိုင်ကယ်နှစ်စီးလုံးက လူတွေကို ဆေးရုံပို့လိုက်ကြတယ်။ သူတို့ သေ,မသေတော့ မသိရဘူးအစ်မ၊ ဒါပေမယ့် ဒီရုံးရှေ့ နံရံကို တက်ပြီး ဆေးသုတ်နေတဲ့ အလုပ်သမားကလေးလေး တစ်ယောက်ကတော့ အဲဒီ ဆိုင်ကယ် တိုက်မိတာကို အမှတ်တမဲ့ လှည့်ကြည့်လိုက်မိလို့ လှေကားပေါ်က ပြုတ်ကျပြီး အောက်က ကတ္တရာလမ်းနဲ့ ခေါင်းနဲ့ဆောင့်မိလို့ နေရာမှာပဲ ပွဲချင်းပြီး သေသွားရှာတယ်'

ရီရီထွေး၏ စကားကြောင့် လူကို မမြင်ဘူးသော်လည်း စာနာစိတ်ဖြင့် ကျွန်မတို့အားလုံး စိတ်မကောင်းကြီးစွာ ဖြစ်ကုန်ကြသည်။

'ဟင်…ကျွတ်…ကျွတ်… ဖြစ်မှ ဖြစ်ရလေနော်၊ ဆင်းရဲလွန်းလို့ အလုပ်လာလုပ်ကာမှ သေရတယ်လို့ကွယ်'

ခဏကြာတော့ လူစုံပြီဖြစ်၍ ဘုရားဝတ်တက်ခြင်းကို စတင်လိုက်သည်။ ဘုရားပင့်ခြင်း၊ ဘုရားကန်တော့ခြင်း၊ သီလယူခြင်း၊ ပန်း,ရေချမ်း,ဆီမီး, အမွှေးနံ့သာနှင့် ဆွမ်းများ ဆက်ကပ်ခြင်း၊ နတ်ပင့်ခြင်း၊ ပရိတ်ကြီး(၁၁)သုတ် ရွတ်ဆိုခြင်း၊ မေတ္တာပို့ခြင်း၊ နတ်ပို့ခြင်းနှင့် အမျှအတန်းပေးဝေ



ခြင်းတို့ကို ရွှင်လန်းသော သဒ္ဒါစိတ်ဖြင့် ဆောင်ရွက်ရသည်မှာ ကြည်နူးစရာကောင်းလှသည်။

ယင်းသို့ဖြင့် ရုံးဖွင့်ရက် နံနက်တိုင်း စုပေါင်းဝတ်ရွတ်လာခဲ့သည်မှာ (၁)လကျော်ခန့် ရှိလာပြီ ဖြစ်ပါသည်။ ထိုနေ့ကလည်း ဝတ်ရွတ်အပြီးတွင် ဝေနေယျတို့အား အမျှအတန်းပေးဝေခဲ့ကြသည်။

'ဤသို့ပြုရ မြတ်ပုညကို…………… ပေးမျှဝေသည် များတွေသာရ ခေါ်စေသော် အားလုံး ကြားကြားသမျှ အမျှ…အမျှ… အမျှ…'

ဤနေရာအရောက်တွင် မထင်မှတ်သော ဖြစ်ရပ်တစ်ခုကို ကြုံတွေ့လိုက်ရသည်။

ဖြစ်ရပ်ကတော့ ရပ်ကွက် ရ.ဝ.တ စာရေးမလေး ခင်မာလင်း တစ်ယောက်မှာ အများနည်းတူ အမျှဝေနေရာမှ တစ်ဖက်လှည့်ပြီး ခြေနှစ်ဖက်ကို ရုတ်တရက် ဆန့်တန်းကာ ခြေဆင်း၍ ထိုင်ချလိုက်ခြင်းဖြစ်ရာ အနားက ဝန်ထမ်းများ သတိထားမိသွားကြသဖြင့် ဘုရားရှိခိုး၍အပြီးမှာ သူ့ကို ဝိုင်းဝန်းမေးမြန်းကြသည်။

'ခင်မာလင်း ဘာဖြစ်လို့လဲ… နေမကောင်းလို့လား'

'ခင်မာလင်း ခြေကျဉ်လို့လား နှိပ်ပေးရမလား'

တစ်ယောက်တစ်မျိုး မေးမြန်းနေကြသော်လည်း သူကတော့ ဘာမှ ပြန်မဖြေနိုင်ဘဲ တင်းတင်းစေ့အောင် မှိတ်ထားသော မျက်လုံးအစုံက မျက်ရည်များသာ တသွင်သွင် စီးကျနေပြန်တော့ရာ ဝိုင်းဝန်းဖြေသိမ့်နေသူများမှာ စကားပြန်ပြောဖော် မရသောအဖြစ်ကြောင့် လက်လျှော့ကာ ထိုင်ကြည့်နေရတော့သည်။

ခင်မာလင်းမှာ အသံတိတ် ငိုနေရင်းကနေ တဆတ်ဆတ် တုန်ခိုက်လာရာမှ သတိလစ်သလို ဖြစ်ပြီး ဘေးတစောင်း လဲကျအသွားမှာတော့ ကျွန်မတို့မှာ အလန့်တကြားဖြင့် ဝိုင်းဝန်းပြုစုပေးရတော့သည်။

'ခင်မာလင်း… ခင်မာလင်း… နေကောင်းရဲ့လား၊ မျက်စိဖွင့်ကြည့်ပါဦး'

ဒီလိုပြောလိုက်မှ သူက မျက်စိကို ဖွင့်ကြည့်လိုက်လျှင် စိုးရိမ်တကြီး ဝိုင်းကြည့်နေကြသူတွေကို မြင်လိုက်တော့ ရှက်ကိုးရှက်ကန်းဖြင့် ထထိုင်လိုက်ပြီး…

'ကျွန်မ… ကျွန်မ… ဘာဖြစ်သွားလို့လဲဟင်'

တအံ့တသြ မေးလာသဖြင့်…

'နင်လေ ဘုရားရှိခိုးနေတုန်းက နေမကောင်းသလို ဖြစ်သွားလို့ ခုရော သက်သာသွားပြီလား'

ကျွန်မက မေးလိုက်ပါသည်။

'ဟုတ်ကဲ့ အစ်မ…ကျွန်မ ဘာမှ မဖြစ်ဘူး။ ဒါပေမယ့် အမျှတွေ ဝေ[illegible] ရုတ်တရက် ဇက်လေးပြီး ခေါင်း[illegible] တယ်။ ကိုယ်လက်တွေကလဲ [illegible] လေးလံလာတယ်။ ခြေသလုံး[illegible]





www.burmeseclassic.com

www.burmeselassic.com

အရမ်းတက်လာတော့ ပဆစ်တုပ် မထိုင်နိုင်တော့လို့ ခြေဆင်းလိုက်မိတာ... အဲဒီနောက်တော့ ကျွန်မ ဘာဖြစ်သွားမှန်း မသိတော့ပါဘူး အစ်မရယ်'

'ဒါဆို ဘာမှ မပြောဘဲ တအားငိုနေတာကရော'

သဘော်ဆိပ်ရပ်ကွက် စာရေးကိုသန်းလွင်က ဝင်မေးလိုက်သည်။ ခင်မာလင်းကတော့ ဇဝေဇဝါပုံစံဖြင့်...

'မသိဘူး ကိုသန်းလွင်ရဲ့... အမျှဝေနေရင်းက စိတ်ထဲမှာ အလိုလို ငိုချင်လာမိတာပဲ ကျွန်မ သိတယ်'

ခင်မာလင်းရဲ့ ထိုနေ့အဖြစ်အပျက်ကတော့ ကျွန်မတို့အတွက် ပဟေဠိမေးခွန်းတစ်ပုဒ်လိုပင်။ နောက်ရက်တွေမှာတော့ ဘာမှ မထပ်မဖြစ်တော့ပါ။

ဒီနေ့လည်း လပြည့်နေ့ ဥပုသ်ရက်ဖြစ်ခြင်းကြောင့် ကျွန်မတို့အားလုံး စိတ်အားထက်သန်စွာဖြင့် စုပေါင်းဝတ်ရွတ်ဖြစ်ကြသည်။

ဘုရားရှိခိုး၍ အပြီးသတ် အမျှဝေရန်အတွက် ''အားလုံး ကြားကြားသမျှ အမျှ...အမျှ...အမျှ...''ဟုသာ ဆိုရသေးသည်။ နောက်ဆုံးအတန်းမှာ ထိုင်သော ခင်မာလင်းက ရုတ်တရက် ဘုရားစင်ကို ကျောခိုင်းလိုက်ပြီး ခြေဆင်းထိုင်ချလိုက် ရှိုက်ကြီးတငင် ငိုချလိုက်ပြန်သည်။

'အဟင့်...အဟင့်...အစ်...ဟီး...ဟီး'

ကျွန်မတို့လည်း အမျှဝေခြင်းကို ခပ်သုတ်သုတ်ရွတ်ဆို၍ အပြီးသတ်လိုက်ကာ ခင်မာလင်းအနီးတွင် ဝိုင်းချက် ဘာလုပ်ရမှန်းမသိ ဖြစ်နေကြသည်။ ဒီတစ်ခါတော့ သူတို့ရပ်ကွက်စာရေးတွေထဲက အသက်ကြီးဆုံး စာရေးမကြီး ဒေါ်သန်းစိန်က သူ့အနီးကပ်၍...

'ဘယ်သူလဲ...အခု ဝင်ပူးနေတာ ဘယ်သူလဲ၊ ပြော...ပြောပါ'

'ဗိုက်ဆာတယ်။ ကျွန်တော် ထမင်းဆာလို့ပါ'

ဒီလို ပြန်ဖြေသံကြောင့် ဘေးကလူတွေအားလုံး အံ့သြသွားကြသည်။ ထွက်လာသည့်အသံက မူလ ခင်မာလင်း၏ အသံနှင့် လုံးဝ ကွဲပြားသော ယောက်ျားကလေး တစ်ယောက်၏ အသံလိုလို သြသြစူးစူးလေး ဖြစ်နေခြင်းကြောင့်ပင်။ ဒါကို ရိပ်မိဟန်တူသော ဒေါ်သန်းစိန်က...

'ဒါဖြင့် ပြောပြလေ နင် ဘယ်သူဆိုတာကို'

'ကျွန်တော်...ကျွန်တော်... သက်အောင်ပါ။ ဟိုတစ်လောက ဒီရုံးမှာ ဆေးသုတ်နေရင်း လှေကားပေါ်က ပြုတ်ကျလို့ သေရတဲ့လူပါ။ ကျွန်တော်က...'

ပြောလက်စ မဆုံးခင် တဆတ်ဆတ် တုန်လာပြီး ခင်မာလင်းခမျာလည်း ခဏမျှ သတိလစ်သွားတော့သည်။

သူ သတိပြန်ရလာတော့ လွန်ခဲ့သည့်(၂)လခန့်က ရုံးရှေ့နံရံကို ဆေးသုတ်နေရင်း လမ်းဆုံက ဆိုင်ကယ်မတော်တဆမှုကို အမှတ်တမဲ့ ငေးလိုက်မိရာမှ ပြုတ်ကျသေဆုံးခဲ့ရရှာသူ သက်အောင်ကလေး၏ အကြောင်းကိုသာ စုတ်တသပ်သပ်ဖြင့် ပြောဆိုနေမိကြတော့သည်။



ယင်းအဖြစ်အပျက်များ အပြီး (၁)ပတ်လောက်အကြာ ဘုရားဝတ်တက်အချိန်တွင်တော့ ခင်မာလင်းတစ်ယောက် အရင်ပုံစံအတိုင်း ပြန်ဖြစ်လာသည်။ အကြောင်းသိပြီးဖြစ်၍ တစ်ယောက်က မေးလိုက်သည်။

'သက်အောင်ပဲလား'

ဆိုတော့ ခေါင်းညိတ်ပြသည်။

'အခု ဘာလို့ ဝင်ပူးတာလဲ'

'ဗိုက်အရမ်းဆာလို့ပါ။ ကျွန်တော့်ကို တစ်ခုခု ကျွေးပါနော်'

ဟုဆိုတော့ ခင်မာလင်းကို မေးနေသည့် မဝင်းမြက ကျွန်မကို ခွင့်တောင်းသလို လှည့်ကြည့်လာသဖြင့်...

'ဖြစ်ပါ့မလား မဝင်းမြ၊ သူက တစ္ဆေဆိုတော့...'

'သူ့ခမျာ အရမ်းဆာနေပုံ ပေါက်နေတယ် အစ်မ၊ တစ်ခါလောက် ကျွေးမွေးလိုက်လို့ ဘာမှ မဖြစ်ဘူး ထင်ပါတယ်'

'အေးလေ ဒါဆိုလဲ ဘာစားချင်လဲ ပြောလေ'

သူ့ဘက် လှည့်မေးလိုက်ရာ...

'ကျွန်တော် မုန့်ဟင်းခါး စားချင်တယ်။ ဆေးလိပ်လဲ သောက်ချင်တယ်'

'အေး...ရမယ် ခဏစောင့်'

စာရေးမလေး နှစ်ယောက်အား ရုံးရှေ့ လက်ဖက်ရည်ကို စေလွှတ်၍ ဝယ်ခိုင်းနေတုန်း သူ့ကို တစ်ယောက်တစ်ပေါက် မေးမြန်းကြ၊ စပ်စုခဲ့ကြသည်။ သူကလည်း မျက်လုံးမှိတ်ထားလျက်ဖြင့် မေးသမျှကို ဖြေခဲ့သည်။

'ကျွန်တော် သေတဲ့အချိန်မှာ အသက်(၁၃)နှစ်ရှိပြီ။ ဆင်းရဲလွန်းလို့ (၄)တန်းနှစ်ကတည်းက ကျောင်းထွက် အလုပ် လုပ်ခဲ့ရပါတယ်။ အမေ မုဆိုးမကြီးနဲ့ ညီလေး ညီမလေး(၃)ယောက် ကျန်ခဲ့ပါတယ်'



www.burmeseclassic.com

www.burmeselassic.com

လမ်းဆုံမှာ ဆိုင်ကယ်ချင်းတိုက်တဲ့အသံကြီးကို ကြားလိုက်လို့ လန့်ပြီး ပြတ်ကျသေရတာပါ။ သေပြီးလို့ နေစရာ လိုက်ရှာရင်း ဒုက္ခတွေ အရမ်းရောက်ခဲ့ရတယ်။ နောက်ဆုံး ဒီရုံးကို ပြန်လာမိရင်း ဟိုးအရင်ကတည်းက ရှိနေတဲ့ လူကြီးက ခေါ်ထားလို့ နေလိုက်တာ'

တစ္ဆေလေး သက်အောင်၏ စကားကြောင့် လူအုပ်ထဲကနေ နေ့ဂျူတီကျ စာရေးမလေးတွေ မျက်လုံးမျက်ဆန် ပြူးပြူးပြာပြာ ဖြစ်ကုန်ကြသလို ညဂျူတီကျ ကောင်လေးတွေကတော့ အချင်းချင်း ကြက်သီးထသလို လုပ်ပြကြသည်။

'ဟင်... ဒါဆို ညည လှေကားလက်ရန်းတွေကို လျှောစီးပြီး ဆော့ကစားနေသလို အသံတွေ ကြား,ကြားနေရတာ မင်းပေါ့ ဟုတ်လား'

ညစောင့် တင်အောင်က ဝင်ပြောတော့ စာရေးလေး ခင်မောင်စိုးကပါ...

'ဩော်...ဒါကြောင့် အောက်ထပ်ရဲကင်းက ဆရာကြီးတင်အောင်ရဲ့ ထိပ်ပြောင်ကြီးကို ခဏခဏ လာပုတ်တဲ့ တရားခံက သက်အောင်ကိုး။

ဟိတ်...ငါတို့ကိုတော့ ဒီလို လာမနောက်နဲ့နော်၊ ငါ့အကြောင်း သိမယ်ကြားလား'

မ ကျော်လင်း ဘဲ တစ္ဆေဘဝ ရောက်ခဲ့ရရှာသူ သက်အောင်လေး၏ ဝန်ခံချက်ကြောင့် ကျွန်မတို့ ဝန်ထမ်းတစ်စု ဒီလို ထိတ်ထိတ်ပျာပျာ ဖြစ်နေကြသဖြင့် ကျွန်မက...

'နှင် ဒီမှာနေတာ ဒီက သရဲကြီး လက်ခံထားလို့ ဆိုတော့လဲ ထားလိုက်ပါ။ ဒါပေမယ့် ကောင်းကောင်းတော့ နေရမယ်။ ဘုရားရှိခိုးတာလဲ မနှောင့်ယှက်နဲ့တော့။ ဘယ်သူ့ကိုမှ ဘာအနှောင့်အယှက်မှ မပေးနဲ့ ကြားလား။ ပြီးတော့ ခုလို အစားအစာ



တွေကိုလဲ နောက် ဘယ်တော့မှ တောင်းမစားနဲ့တော့နော်'

ဟု ပြောလိုက်တော့ သူ ခေါင်းညိတ်ပြသည်။

'ဒါနဲ့...နင်က တို့တွေ အမျှဝေချိန်ကျမှ ဝင်,ဝင်ပူးတယ်။ ပြီးတော့ အမြဲလဲငိုတယ်။ အဲဒါ ဘာကြောင့်လဲ'

ဒီလို ဆက်မေးတော့ သူက...

'ကျွန်တော် ဒီလို အမျှဝေသံကြားတိုင်း ငိုခဲ့ရတယ်။ ကျွန်တော် သေပြီး (၇)ရက်စေ့တုန်းက (၁)ကြိမ်သာ အမျှဝေသံ ကြားခဲ့ရပြီး ခုမှ ဒီရုံးမှာ ဘုရားရှိခိုးသံတွေ အမျှဝေသံတွေ ထပ်ကြားရတာပါ။ အမျှဝေရင် သာဓုခေါ်ရမယ်ဆိုတာလဲ မသိခဲ့ရဘူး။

ကျွန်တော့်အတွက် ရှိစုမဲ့စုလေးနဲ့ အမေက ဆွမ်းသွတ်ပေးပြီး အမျှဝေရင်း ငိုပြီး တက်သွားလို့ ကျွန်တော်လဲ အရမ်းလန့်ပြီး အော်ငိုလိုက်မိတာကြောင့် သာဓု မခေါ်ခဲ့ရဘဲ ခုလို သရဲတစ္ဆေဘဝ ရောက်ခဲ့ရတယ်။ ဒါကြောင့် အမျှဝေသံကြားတိုင်း ဒါကိုပဲ ပြန်သတိရပြီး ဝမ်းနည်းလွန်းလို့ ငိုမိတာပါ'

ဟု ပြောရင်း ရှိုက်ငိုလိုက်သော တစ္ဆေလေးသက်အောင်၏ အဖြေစကားက ကြားရသူများအတွက် ရင်နာစရာ ကောင်းလှသည်။

'ဒါဆို ဒီတစ်ခါ အမျှဝေရင် သာဓုလာခေါ်လိုက်နော်၊ ပြီးတော့ ကောင်းရာမွန်ရာကိုသွား၊ ဒီရုံးမှာပဲ စွဲမနေနဲ့ တော့၊ ဟုတ်ပြီလား'

ပြောနေတုန်းမှာ မုန့်ဟင်းခါး သွားဝယ်နေသူများ ပြန်ရောက်လာသဖြင့် လက်ဖက်ရည်နှင့် မုန့်ဟင်းခါးကို ပြင်ဆင်ကျွေးမွေးတော့ သူက အငမ်းမရ စားသောက်နေရှာသည်။

သူ စားသောက်ပြီးတော့ ဆေးလိပ်ကို မီးညှိကာ ဖွာရှိုက်နေသည့်ပုံစံက ခင်မာလင်း၏အသွင် မဟုတ်ဘဲ ပီ ယောက်ျားလေး တစ်ယောက်လိုပင်

ထိုစဉ် ဘုရားခန်းအဝသို့ မြို့နယ် ဦးစီးမှူး ဦးမျိုးခင် ရုတ်တရက် ရောက်လာသည်။

'ဘုရားဝတ်ပြုလို့ ပြီးသွားကြ လား'

ဒီအသံကြောင့် တစ္ဆေကလေး သက်အောင်၏ သောက်လက် ဆေးလိပ်က ဘုတ်ခနဲ ပြုတ်ကျသွား ပြီး ဖျတ်ခနဲ ဝိညာဉ်ခွာသွားတော့ ခင်မာလင်းခမျာ ကြောင်တိကြောင် တောင်ဖြင့် ကျန်ခဲ့ရှာသည်။

အဖြစ်အပျက်တွေကို မြင်လိုက်ပြီး အံ့သြကြီးစွာ ဖြစ်နေသော ဦးမျိုးခင် ကျွန်မက အတိုချုံး ပြန်လည်ရှင်း တင်ပြလိုက်သည်။ ခင်မာလင်း တော့ ရှက်ရွံ့ထိတ်လန့်စွာဖြင့် အပြစ် သူတစ်ယောက်လို ခေါင်းကြီးငုံ့ သည်။ အကြောင်းစုံကို သိလိုက် သောအခါ မြို့နယ်ဦးစီးမှူးက...

'ဒီအတိုင်းတော့ မဖြစ်ဘူး။ အပျ နာခေါင်းသွေးထွက်လိမ့်မယ်။ အ အနေနဲ့လဲ ကလေးတွေကို သိ မလိုက်သင့်ဘူး။ ထားပါတော့လေ တစ်ခါ ဝင်ပူးလာရင်သာ, ကျွန် သတင်းပို့ခိုင်းလိုက်ပါဗျာ'

ပြောပြောဆိုဆို ပြန်ထွက် တော့မှ သက်ပြင်းကိုယ်စီ ချ သည်။

နောက်နေ့တွေမှာတော့ ဝ သည်မှာ စနိုးစနောင့်နှင့်






www.burmeselassic.com

www.burmeselassic.com

ချဉ်းကပ်,

# ဆည်းကပ်ခြင်း အရှုရှု



ဒေါက်တာလှသန်း (မင်းဘူး)

"**ထေရနဝမဇ္ဈိမ**"ဟူ၍ ရဟန်းတော်များအား ဝါကြီး, ဝါလတ်, ဝါငယ် ဟူ၍ ပိုင်းခြား သတ်မှတ်ထားသည်ဟု ကျမ်းလာရှိသည်ကို မှတ်သားထားပါသည်။

ကျွန်တော်သည် တစ်ဆယ့်ကိုးဝါ ပြည့်လွန်၍ ဝါနှစ်ဆယ်ကျော် ရဟန်းတော်များအား အလွန်ကြည်ညိုစွာ ဆည်းကပ်၍ ကျွန်တော် နားမလည်သော ဒေသနာလာ တရားများကို လျှောက်ထားမေးမြန်း နာခံလေ့ ရှိပါသည်။

ကျွန်တော်၏ ဘဝပုံစံတွင် တောရိပ် တောင်ရိပ်နှင့် နှစ်ရှည် သစ်ပင်ကြီးများကို မြင်တွေ့ရလျှင် စိတ်နှလုံး ရွှင်လန်းမိပါသည်။ ထုံးဖြူဖွေးဖွေး စေတီပုထိုးများကို ဖူးမြော်ရလျှင် နှလုံးစိတ်ဝမ်း အေးချမ်းလှပါသည်။

ထို့ပြင် ဝါ ငါးဆယ်ကျော် ထေရ်ကြီး ဝါကြီး ဘုန်းတော်ကြီးများကို ဖူးမြော် ချဉ်းကပ်လျှောက်ထား စကားပြောရလျှင် ရင်ဝယ်ပီတိ လှိုင်းခတ်မိပါသည်။

ကျွန်တော်သည် ထေရ်ကြီးဝါကြီး ရဟန်းတော်များကို ချစ်ကြည်ညို၍ မြတ်နိုးတနာ ရှိတတ်လွန်းပါသည်။

'ဘုန်းတော်ကြီးဘုရား တပည့်တော် ရုံးချုပ်ကတောင်းတဲ့ အရေးကြီးစာရင်းများ ပြီးစီးလို့ တစ်နေ့လောက် အရှင်ဘုရားကျောင်းလာပြီး အနားယူပါမယ်ဘုရား'

ဘုန်းတော်ကြီး ဦးပညိသာရအား ဆောင်းကာလ နေ့တစ်နေ့တွင် ရှေ့ရပ်ဆွမ်းခံကြွလာစဉ် လျှောက်ထားပါသည်။

ကျွန်တော် ကျောင်းရောက်လျှင် ဘုန်းတော်ကြီးမှ ခယဓမ္မာ, ဝယဓမ္မာ အနိစ္စတရားကို ဟောကြားပါသည်။

ကျွန်တော်မှလည်း ဘုန်းတော်ကြီးအား...

'တပည့်တော် တွေ့ကြုံ ဖြတ်သန်းရမယ့် ဇရာဗျာဓိမရဏ ကာလများကို ခယဓမ္မာ, ဝယဓမ္မာ တရားကို အားကိုးရင်ဆိုင်ကျော်လွှားပါတော့မယ် ဘုရား'

ဟု လျှောက်ထားပါသည်။

ထို့နောက် ဘုန်းတော်ကြီး ဦးပညိသာရမှ ဘုန်းပေး၍ ကျန်သော ပိဏ္ဍပါတ်ဆွမ်းကျန်ကို ကျွန်တော့်အား ကျွေးပါသည်။ လက်ဖက်၊ မုန့်ဆီကြော်၊ နှမ်းပျစ် အချိုပွဲ လက်ကျန်များကိုလည်း စွန့်ပါသေးသည်။

'ဒကာကြီး ကျောင်းအောက်က ခုတင်မှာ အနားယူတော့'

ဟု မိန့်တော်မူပြီး ကျောင်းအပေါ်ထပ်ကို ကြွသွားပါသည်။

ကျွန်တော်သည် ကျောင်းအောက်ရှိ ကျယ်ပြန့်သော ကျွန်းခုတင်ကြီးပေါ်တွင် ခြေဆန့်လက်ဆန့် အနားယူပါတော့သည်။

ယခင်ရက်များက ရုံးချုပ်မှ တောင်းခံထားသော အရေးကြီးစာရင်းများကို စိစစ်လက်မှတ်ထိုး၍ အိပ်ပျက်ရက်များသဖြင့် စိတ်လွတ်ကိုယ်လွတ် မွန်းမွန်းတီးတီး အိပ်ပျော်သွားပါသည်။

'အလကားဝက်၊ ဘုန်းကြီးခုတင်မှာ စားပြီး အိပ်တယ်'

ဟူသော အသံကို ကြားရ ဖြူတူတူအရပ်ရှည်ရှည် တစ်ယောက်မှ



www.burmeselassic.com

www.burmeselassic.com

ကျွန်တော့်လည်ပင်းကို ညှစ်ထားပါတော့သည်။။

ပုပုညိုညို တစ်ယောက်မှ ကျွန်တော့် ပခုံးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ဖိနှိပ်ထားပါသည်။ ကျွန်တော့်မှာတော့ ခြေဆင်းလျက်၊ ငုတ်တုတ် ဦးခေါင်းငုံ့လျက် အနေအထား။

ထိုသူတို့နှစ်ဦးသည် ကျောင်းတောင်ဘက် နှစ်ရှည် မန်ကျည်းပင်ကြီးမှ လာပြီး သံဆန်ခါကွက် တံခါးကို ထိုးဖောက်ဝင်လာပြီး ကျွန်တော့် လည်ပင်းကိုညှစ်ခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ယခင် အိပ်ပျက်ရက်များ၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ် ဆောင်းတွင်း နေ့လယ်အိပ်မက်က ကျွန်တော့်ကို ထိတ်လန့်ချောက်ချားစေသဖြင့် ကျွန်တော် ဆောက်တည်ရာမရ စိတ်တုန်ခါသွားပါသည်။

ထို့နောက် ကျွန်တော် ဝုန်းခနဲ ခုတင်ပေါ်မှထ၍ ကျောင်းပေါ်သို့ အပြေးတက်သွားပါသည်။

ဘုရားခန်းရောက်လျှင် ရတနာသုံးပါးနှင့် မိဘဆရာကို ကန်တော့၏။ ကျွန်တော်၏ ဘဝဆက် ဆရာဝိဇ္ဇာဆရာတော်ကြီးကို ကန်တော့၏။

ပြီးလျှင် ဘုရားစင်ရှိ ဖယောင်းတိုင်တစ်တိုင်ကို ယူပြီး မီးထွန်း၍ သဲခွက်တွင် စိုက်ပြီး ကျွန်တော့်ရှေ့ တစ်တောင်ခွာတွင် ထား၏။

ကျွန်ုပ်တော် မီးကသိုဏ်း နိမိတ်ကို ယူ၍ ထိုနှစ်ယောက်အား ဆုံးမပါတော့မည်။

ထိုစဉ်ကာလက ကျွန်တော် အသက်သုံးဆယ့်ခြောက်နှစ်အရွယ်။ တစ်ဖက်ကမား၊ တစ်ဖက်က တရား။ အစွယ်ရှိသော သတ္တဝါသည် အစွယ်ကို အားကိုးသကဲ့သို့။

ထိုအချိန်တွင် ကျွန်တော့်နောက်ဘက်တွင် ဘုန်းတော်ကြီး ဦးပညိသသရသည် ဝါနီခြုံထည်သင်္ကန်းကို ခြုံလျက် ရောက်ရှိလာပြီး…

'အကာကြီးရာ…ကျောင်းဝန်းကျင်က ရက္ခအနွယ်တွေပါ မေတ္တာကိုလာ ခံယူကြတာပါ။ အကာကြီးကို စိမ်းနေလို့ပါ မေတ္တာပို့လိုက်ပါ'

ဟု မိန့်ပါလေသည်။

ယခုအချိန်တွင် ဘုန်းတော်ကြီး ဦးပညိသသရ ဘဝနတ်ထံ ပျံတော်မူပြီးသည်မှာ နှစ်အတန်ညောင်းခဲ့ပါပြီ။ နေပြောက်ကို ကျွန်တော် လက်ရကောက်သလို ဆောင်းအိပ်မက်ကြောင့် ကျွန်တော့်စိတ် တုန်ခါခဲ့ရဖူးသည့် ဖြစ်ရပ်ကို ပြန်လည်တွေးမိရင်း ဆရာတော် ဦးပညိသသရအား သတိတရဖြင့် ဦးညွတ် ကန်တော့လိုက်ပါကြောင်း…။

**အောင်လှသန်း(မင်းဘူး)**

စာမျက်နှာ (၂၈၄)မှ အဆက်

သော်လည်း သက်အောင်ကလေးကတော့ ပျောက်ချက်သားကောင်းနေပြန်သည်။

မေ့ပျောက်စ ပြုနေတော့မှ တစ်နေ့တွင် ထုံးစံအတိုင်း သူဝင်ပူးလာပြန်ရာ ဒီတစ်ခါ တာဝန်ရှိသည့်အတိုင်း ကျွန်မမှာ မြို့နယ်ဦးစီးမှူးထံ ဝန်ထမ်းတစ်ဦးကို ချက်ချင်းစေလွှတ် သတင်းပို့စေခဲ့၍ ဦးမျိုးခင်မှာ ချက်ချင်းဆိုသလို ရောက်ရှိလာပြီး မျက်ရည်လည်၍ ဖြစ်နေရှာသူ ခင်မာလင်းကို သေချာစွာကြည့်ကာ ခပ်ထန်ထန် ပြောလိုက်သည်။

'ကဲ… သက်အောင်ဆိုတဲ့ တစ္ဆေလေး မင်းကို ငါ မြို့နယ်ဦးစီးမှူး အမိန့်ပေးတယ်။ ဒီနေ့ကစပြီး ဒီရုံးမှာ မင်းမနေရတော့ဘူး။ အခု မင်းကို စက်ဘီးနဲ့ ဘုရားကြီးဝင်းထဲ လိုက်ပို့မယ်။ အဲဒီ ဘုရားရိပ်၊ တရားရိပ်မှာ ပဲနေပြီး ကောင်းမှုနဲ့တဲ့ ဘုံဘဝကို သွားဖို့ မင်းကြိုးစားရမယ် ကြားလား။ ဒါ ငါ့အမိန့်ပဲ။ ကဲ…မောင်သန်းထိုက် သက်အောင်ကို ခေါ်သွားတော့'

ထိုအမိန့်ကြောင့် တစ္ဆေလေး သက်အောင်တစ်ဖြစ်လဲ ခင်မာလင်းခမျာ ထိုင်နေရာက တုန်တုန်ယင်ယင်ဖြင့် ထလိုက်ပြီး စာရေးကြီးဦးသန်းထိုက်၏ စက်ဘီး ကယ်ရီယာပေါ် တက်ခွ ထိုင်လိုက်ပါသွားသည်ကို မျက်စိတစ်ဆုံးလိုက်ကြည့်ရင်း ကျွန်မ တို့တစ်သိုက်မှာ အမျိုးအမည်မခွဲနိုင်သော ခံစားချက်ကိုယ်စီဖြင့် လူစုခွဲ လိုက်ရပါတော့သည်။

**သဗ္ဗသတ္တာ အဝေယျာ ဟောတု။**

**မေတ္တာသစ္စာရည်လျက်…**

**သွန်းဓနီ**



www.burmeselassic.com

www.burmeseclassic.com



ယောနသန်
(ဂန့်ဂေါ်)

# အိမ်အထိ လိုက်ပို့ပေးသော

ပရလောကသား

ကျွန်တော်တာဝန်ကျသော ရွာမှ ဘာသာခြားတစ်ဦး၏ ကိုယ်တွေ့ ကြုံရသော အဖြစ်အပျက်ကို ကျွန်တော့်အား ပြောပြခြင်း ဖြစ်ပါသည်။

ကျွန်တော် တာဝန်ကျရာ ချောင်းခွရွာနှင့် ရေရှင်ရွာ အကြားတွင် ရေရှင် သင်္ချိုင်းရှိ၏။ လမ်းတစ်လျှောက်တွင် မိုးရာသီဖြစ်၍ ပွက်များ ဟိုတစ်စု ဒီတစ်စု ရှိနေသည်။

**၁၉၉၅–၉၆ ခုနှစ် ဝန်းကျင်** ကလေး–ဂန့်ဂေါ် ရထားလမ်း ဖောက်ရာတွင် ချောင်းခွရွာမှ ဦးထောင်မင်းသည် ရွာသူ/ရွာသားများအား အုပ်ချုပ်ရန် ကြီးကြပ်ရန် သွားရသည်။ ကျွန်တော့်အား ပြောပြသော သူ၏ ကိုယ်တွေ့ဖာတ်လမ်းမှာ...

'ဆရာကြီး...တစ္ဆေ ရှိတယ်ဆိုတာ ယုံလား'



www.burmeseclassic.com

www.burmeselassic.com

ဟု သူက မေးရာ ကျွန်တော်က…

'ကျွန်တော် ယုံပါတယ်ဗျာ၊ ကျွန်တော်တို့ဗုဒ္ဓဘာသာ ကျမ်းဂန် တွေမှာလဲ အဲဒါတွေရှိကြောင်း အတိအကျ ပါတာပဲ'

ဟု ပြောရာ…

'ကျွန်တော်ကတော့ မယုံဘူး။ ဒါပေမယ့် ကျွန်တော့်ကို အိမ်အထိ လိုက်ပို့တဲ့ တစ္ဆေတော့ရှိတယ်'

ဟု ဦးထောင်မင်းမှ ပြော၏။ ကျွန်တော်မှ…

'ပြောပြစမ်းပါဦး… ဦးထောင်မင်းရဲ့ အတွေ့အကြုံလေး'

ဟု စကား စပေးလိုက်ရာ ဦးထောင်မင်းမှ…

'ကျွန်တော်ဗျာ… ရွာသူရွာသားတွေ လုပ်အားပေးတာနားဖို့ ညနေချိန် ရောက်တော့ ကျွန်တော် ရွာခဏပြန်ဦးမယ်လို့ ပြောပြီး နှမ်းခါးကနေ ပြန်လာတယ်။

ရေရှင်ရွာရောက်တော့ အမောပြေ တောအရက် တစ်ပိုင်း သောက်တယ်ဗျာ။ နောက်… မိုးချုပ်တော့ ပြန်မယ်ဆိုပြီး စက်ဘီးကို အေးဆေးပဲ စီးလာခဲ့တာ ဆရာရေ… ရေရှင်သချိုင်းနားလဲရောက်ရော ကျွန်တော်ဗျာ… နည်းနည်းလဲ မှောင်တော့ ဂရုစိုက်နင်း ရတာပေါ့။

ဒါပေမယ့် ဘာကြောင့်မှန်းမသိဘူး စက်ဘီးနဲ့ လဲရော… သချိုင်းအလွန်လောက်မှာလေ ဆရာကြီး သိမှာပါ'

'ဟုတ်ကဲ့ သိပါတယ်ဗျာ'

ဟု စကားထောက်ပေးလိုက်ရာ…

'အဲဒီနေရာကနေ စက်ဘီးကို ထူပြီး တွန်းလာခဲ့တာ ရွှံ့ဗွက်တွေ ရှောင်ရင်းပေါ့။ ကျွန်တော် တွန်းတဲ့ဘီးက သူ့အလိုလို သွားနေတာဗျို့။

အောင်မယ်… ဗွက်အိုင်ကိုလဲ သူ့အလိုလို ရှောင် လျက်ကြီးဗျာ။ ကျွန်တော်က မဟုတ်သေးပါဘူး။ စက်ဘီး က သူ့အလိုလို သွားနေတာ ဟုတ်ကော ဟုတ်ရဲ့လားလို့ စက်ဘီးလက်ကိုင်ကို မထိစေဘဲ လက်ကိုင်ကို ခွာပြီး ကိုင်တာ၊ အဲဒီအတိုင်း သူ့အလိုလို သွားနေတယ်ဗျာ။



ရွာအဝင်ရောက်တော့ စက်ဘီးကို လှဲပြီး ကျွန်တော်လဲ ကြောက်ကြောက်နဲ့ ကျေးဇူးတင်ပါတယ်ဗျာဆိုပြီး ပြော လိုက်တယ်။

စက်ဘီးကို ပြန်ထောင်ပြီး တွန်းလိုက်တော့လဲအရင် အတိုင်းပဲဗျာ သူ့အလိုလို သွားပြန်ရော၊ အိမ်ပေါက်ဝထိ ဆိုပါတော့ဗျာ။

အိမ်အပေါက်ဝလဲ ရောက်ရော စက်ဘီးကို ဝုန်းဆို တွန်းလှဲခဲ့ပြီး အိမ်ပေါ် အမြန်တက် ကျွန်တော့်ညီမကို ခေါ်ပြီး ဆေးလိပ်ကို ဖွာနေရတော့တယ်။

ကြောက်သလားတော့ မမေးနဲ့ ဒူးရော လက်ရော တုန်နေတာပဲဗျာ။ အဲဒါပါပဲ ဆရာကြီးရေ။ ကျွန်တော့် ကိုယ်တွေ့က ကြောက်စရာလို့ ပြောရမလား… အိမ် အထိ လိုက်ပို့လို့ ဝမ်းသာစရာလို့ ပြောရမလား မသိ တော့ပါဘူး'

ဟု ပြောပြီး အဆုံးသတ်လိုက်ပါတော့သည်။

ယခု စာရှုသူ စာဖတ်နေသည့် အကြောင်းအရာ တွေသည် တကယ့် ကိုယ်တွေ့ဖြစ်ရပ်မှန် ဖြစ်ပါ ကြောင်း…

**ယောနသန် (ဂန့်ဂေါ)**

www.burmeselassic.com

www.burmeseclassic.com

# သင်္ချိုင်းရွှေ့ပွဲ

## ထူးထူးခြားခြား ဇာတ်လောကသားများ

မြလွင်အောင်
(မင်းဘူး)



မင်းဘူးမြို့တွင်
ူသေအလောင်းများ
ေမြှုပ်သင်္ဂြိုဟ်ခြင်း၊
ုတ်ဂူသွင်းခြင်း စနစ်မှ မီးသင်္ဂြိုဟ်
က်ဖြင့် မီးသင်္ဂြိုဟ်သည့်စနစ်သို့
ပြောင်းလဲ ဆောင်ရွက်ရန် မင်းဘူးမြို့
ဟ္မာစိုရ် နာရေးကူညီမှုအသင်းမှ
ူဆောင် ထားရှိပါသည်။

မီးသင်္ဂြိုဟ်စက် ထားရှိရာ နေရာသို့ သင်္ချိုင်းရွှေ့ရန် ကိစ္စကို ပြဟ္မစိုရ်နာရေး ကူညီမှုအသင်းတွင် ပြဟ္မစိုရ်နာရေး ကူညီမှု အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စည်ပင်အမှုဆောင်အရာရှိနှင့် မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ (၃)ကြိမ်တိုင်တိုင် ညှိနှိုင်း အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။

ပထမအကြိမ်နှင့် ဒုတိယတစ်ကြိမ် အစည်းအဝေးများတွင် သင်္ချိုင်းရွှေ့ရန် ကိစ္စကို ဦးဆောင်လုပ်ရဲသူ မရှိ၍ ဆုံးဖြတ်ချက် မချနိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



တတိယအကြိမ် အစည်းအဝေးကို မြို့နယ်သံဃနာယက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဆရာတော်များကိုပါ ပင့်ဖိတ်၍ (၁၉–၂–၂၀၁၇)ရက်နေ့တွင် ပြုလုပ်ခဲ့ရာ ဦးဆောင်လုပ်မည့် သူရဲကောင်း ပေါ်ပေါက်လာ၍ သချိုင်းရွှေ့ရန် ကိစ္စကို အပြီးသတ် ဆုံးဖြတ်ဆောင်ရွက်ခဲ့ပါသည်။

ဦးဆောင်လုပ်မည့် သူရဲကောင်းမှာ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိန်သောင်း ဖြစ်ပါသည်။ လူသေအလောင်းများ မြှုပ်ရာ ကျောက်တံခါး သုသာန်တွင် ဦးစိန်သောင်း၏ ဆွေမျိုးများ အရင်းအချာထဲမှ မြှုပ်နှံဆောင်ရွက်မှု လုံးဝ မရှိသေးပါ။

**(၂၀–၂–၂၀၁၇)** တနင်္လာနေ့ ညနေ(၄)နာရီကတည်းက သချိုင်းမြေ ဧရိယာရှိ ပရလောကသားများအား အသိပေး ဖိတ်ကြားရန် ဦးစိန်သောင်းနှင့်အတူ သချိုင်းပြောင်းရွှေ့ရေး ကော်မတီများ ကျောက်တံခါးသချိုင်း ဇရပ်သို့ ရောက်နေကြသည်။

နေလည်း အတော်စောင်းသွားပြီး ညနေ(၅)နာရီ ထိုးသည်နှင့်...

'ကျောက်တံခါးသင်္ချိုင်းရှိ ပရလောကသား အပေါင်းတို့ မနက်ဖြန်(၂၁–၂–၂၀၁၇)ရက်နေ့ အင်္ဂါနေ့ နေ့လယ်(၂)နာရီတွင် ဆရာတော်,သံဃာတော်များမှ သရဏဂုံသီလ ပေး၍ တရားရေအေး တိုက်ကျွေးမှာ ဖြစ်ပါတယ်။

ပရလောကသားအပေါင်း သရဏဂုံသီလ ခံယူကာ တရားနာနိုင်ကြပါရန် သင်္ချိုင်းဇရပ်တောင်ဘက်ခြမ်းတွင် နေရာသတ်မှတ်ပေးထားပါတယ်။

တရားပွဲပြီးတာနဲ့ လက်ရှိ မှီခိုနေထိုင်ရာ ကျောက်တံခါးသင်္ချိုင်းမြေမှ မီးသဂြိုဟ်စက်ရှိရာ သင်္ချိုင်းမြေသစ်သို့ ကားများဖြင့် သယ်ယူရွှေ့ပြောင်းပေးမှာ ဖြစ်ကြောင်း ပရလောကသားအပေါင်းအား ကြိုတင်အသိပေး အကြောင်းကြားအပ်ပါတယ် ခင်ဗျား'

ဦးစိန်သောင်း၏ အောင်မြင်ခဲ့ညား သောအသံက သချိုင်းမြေအနှံ့ ပျံ့၍ ပဲ့တင်သံ ပျံ့သည်အထိ အကြိမ်ကြိမ် လှည့်ပတ် အသိပေးခဲ့သည်မှာ စေတနာမေတ္တာ ပါလှပါ၏။

သချိုင်းရွှေ့ပြောင်းရေး ကော်မတီ တွေတော့ ဘယ်လိုနေမည်မသိ အတွေ့အကြုံ မရှိသည့် သချိုင်းရွှေ့ ပြောင်းရေးအလုပ်ကို ဦးဆောင်တာဝန် ယူခဲ့သူ ဦးစိန်သောင်းမှာ မူ စိတ်လှုပ်ရှားလျက် ရှိလေသည်။

(၂၁–၂–၂၀၁၇)အင်္ဂါနေ့ နေ့လယ် (၁)နာရီလောက်ကတည်းက မြို့နယ် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးနွဲ့အောင်၊ စည်ပင်အမှုဆောင်အဖွဲ့ ဦးကျော်သူနှင့် ပြပွဲစိုရ်ရုနာရေး အသင်းမှ အဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ စိတ်ပါဝင်စားသည့် လူငယ်များ အလင် ရောက်နေကြပြီ။

ဆရာတော်ကြီးများကို ... ပင့်ဆောင်သည့် ကားနှင့် ...





www.burmeseclassic.com

www.burmeselassic.com



ရွှေ့ပြောင်းရာတွင် ပရလောကသား များအား သယ်ယူပို့ဆောင်သည့် ကားများပါ အသင့် ရောက်နေကြပြီ။

အဖွဲ့အားလုံး စုံသည်နှင့် ဦးစိန်သောင်းက သချိုင်းအတွင်း လှည့်ကာ ယခင်နေ့ကအတိုင်း လက်ကိုင်အသံချဲ့စက်ဖြင့် ဖိတ်ကြားအသိပေးနေလေသည်။ ထိုသို့ ဖိတ်ကြားအသိပေးနေစဉ် ဦးစိန်သောင်း၏ အသံမှာ တိမ်၍ ပျောက်ကွယ်သွားကာ လူမှာ ဒယီးဒယိုင် ဖြစ်နေသည်ကို တွေ့ရှိကြသည့် အနီးအနားမှ လူများက ပြေးကာဖေးမနေစဉ် ဦးစိန်သောင်းမှာ ရှိုက်ကြီးတငင် ငိုနေပါသည်။ အားလုံးမှာလည်း ထိတ်ထိတ်ပျာပျာနှင့် မျက်စိမျက်နှာ ပျက်နေကြပါတော့သည်။

အနီးအနားမှ လူတွေက ဝိုင်းတွဲကာ ပြုစုရင်း **"ဘာဖြစ်သွားတာလဲ"**ဟု ဝိုင်းမေးကြရာ...

'ဘာဖြစ်သွားမှန်း မသိလိုက်ဘူး။ လက်ကိုင်အသံချဲ့စက်ကို လူတစ်ယောက်က လာလုတယ်။ မျက်စိကလဲ ဘာမှ မမြင်ရအောင်ဖြစ်သွားတယ်၊ အသိစိတ်လဲ ပျောက်သွားတယ်'

ဟု ပြန်ပြောကာ သူ့အဖြစ်ကိုသူ အံ့သြနေလေသည်။ အများကတော့ ပရလောကသား ကပ်၍ ဖြစ်သည်ဟု ပြောနေကြပါတော့သည်။

ဇရပ်ပေါ်တွင် မြောက်ဘက်ခြမ်း၌ သက်ရှိလူသားပုဂ္ဂိုလ်များ တရားနာရန် နေရာချပေးပြီး တောင်ဘက်ခြမ်းတွင် ပရလောကသားများ တရားနာရန် နေရာ ချန်လှပ်ထားရှိ ဆောင်ရွက်ခဲ့ပါသည်။ ဇရပ်၏ တောင်ဘက်ခြမ်း သမံတလင်းပေါ်တွင် ပြာပုံရမည်ကို ပြာမရှိသဖြင့် ထုံးများ ဖြူးထားခဲ့ရပါသည်။

တရားနာပြီး ထုံးဖြူးထားသောနေရာများကို ကြည့်လိုက်ရာ ပရလောကသားများ၏ ခြေရာမျိုးစုံကို တွေ့ရှိရပါသည်။ တချို့ လူကြီးခြေရာ၊ ဖိနပ်ခြေရာ၊ ကလေးခြေရာ၊ လက်ထောက်၍ ဇရပ်ပေါ်တက်သွားသည့်ခြေရာ စသဖြင့် ခြေရာမျိုးစုံ တွေ့ရှိရပါသည်။ ဖုန်းများဖြင့် ဓာတ်ပုံရိုက်ထားသော်လည်း ဓာတ်ပုံများမှာ ပုံကူးမရဘဲ ပျက်ကုန်သည်မှာလည်း အံ့သြဖွယ် ဖြစ်ခဲ့ရပါ၏။

တရားနာပြီး၍ ပရလောကသားများ သယ်ယူပို့ဆောင်ရာတွင် စည်ပင်ကား (၂)စီး၊ ပြဟ္မစိုရ်ကား(၃)စီး စုစုပေါင်း (၅)စီးဖြင့် စုစုပေါင်း(၂)ခေါက် ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တရားနာသည့်ဇရပ်နှင့် ပရလောကသားများ သယ်ဆောင်သည့် ကားများအား ပရိတ်ကြိုးများ ပတ်၍ ချည်ထားဆောင်ရွက်ခဲ့ပါသည်။

တရားနာဇရပ်သို့ ပင့်ဆောင်ထားသော သံဃာတော်များမှလည်း ပရလောကသားများ ကုန်မှသာ ဆရာတော်များ သီတင်းသုံးရာ ကျောင်းတော် အသီးသီးသို့ ပြန်ကြွကြပါသည်။

ပရလောကသားများကို ဦးစိန်သောင်းမှ လက်ကိုင်အသံချဲ့စက်ဖြင့် မေတ္တာရပ်ခံ ပြောကြား၍ ကားပေါ်တက်ခိုင်းရပါသည်။ ပရလောကသား ပို့ပြီးပြန်လာသည့် ကားသမားများအား သံဃာတော်များမှ အတွေ့အကြုံ ထူးမထူး မေးမြန်းရာ ထူးခြားကြောင်း၊ ပရလောကသားများ တင်၍ အပို့တွင် ကားမရုန်းသဖြင့် ဂီယာကြီးပြောင်း၍ ဖြည်းဖြည်းချင်း တစ်လှမ်းချင်း မောင်းရကြောင်း၊ ပို့ပြီးအပြန်တွင် ကားများ ပေါ့ပေါ့ပါးပါး မောင်းရကြောင်း ပြောပြကြပါသည်။

ပရလောကသားများအား ပထမ ဦးစိန်သောင်းမှ မေတ္တာရပ်ခံ၍ နေရာရွှေ့ပြောင်းရေး ဆောင်ရွက်ခဲ့စဉ် နောက်ဆုံးတွင် ပေကပ်ကျန်နေသည့် ပရလောကသားများ ရှိနေမှာ စိုးရိမ်သဖြင့် စည်ပင်အမိန့်ပြန်တမ်း ဖတ်ကြား၍ ရွှေ့ပြောင်းခဲ့ရပါသည်။

နေ့လယ်(၂)နာရီမှ စ,ခဲ့သည့် သချိုင်းရွှေ့ အခမ်းအနားမှာ ညနေ (၅)နာရီတွင် ပြီးစီးခဲ့ပါသည်။ ထူးထူးခြားခြား ဖြစ်သွားသည့် ဦးစိန်သောင်း အဖြစ်နှင့် ဇရပ်ပေါ်မှ ခြေရာတွေက **တိပိဋက မင်းကွန်းဆရာတော်ကြီး၏ မေတ္တာပို့မှ မြင်အပ်,မမြင်အပ် သတ္တဝါများ အမှန်တကယ် ရှိသည်ဆိုတာတွေကို သက်သေပြနေသလိုပါပဲ။**

**မြလွင်အောင်(မင်းဘူး)**



www.burmeselassic.com

www.burmeseclassic.com

# တားလို့မြင်မနေရက်ပါ

ဝဇိုး (စက်မှုတက္ကသိုလ်)



[ ၁ ]

"ဥတုသုံးလီ ရာသီစက်ဝန်း"တဲ့။ တစ်ဥတု တစ်ရာသီမက အကြိမ်ကြိမ် အခါခါနဲ့ အသက်တွေ ရှည်ခဲ့ပြီ။

ဒီအတူပါပဲ။ အသက်တစ်ရာ မနေရသေးပေမယ့် အမှုတွေကတော့ များခဲ့ရပါပြီကော။

[ ၂ ]

စလယ်ဝင်အိုးလေး သုံးတဲ့အခန်း မရောက်လိုက်ပါဘူး။

စလယ်ဝင် မမည်းခင်မှာပဲ အဖေနဲ့ အမေ ခွဲကြ ခွာကြပါပြီ။

အမေက မောင်ညီမတွေနဲ့ မင်းလှမှာနေခဲ့ပြီး အဖေက ရန်ကုန် ထွက်လာခဲ့ပြီ။

သမီးကြီးဖြစ်တဲ့ ကျွန်မ [illegible] တော့ဘူး။ ကျန်းမာရေး မ[illegible] အဖေ့နောက် လိုက်ခဲ့ရပါပြီ။

ဘုန်းကြီးကျောင်းမှာ [illegible] ဘဝရပ်တည်နိုင်ဖို့ အ[illegible] တယ်။



www.burmeseclassic.com

www.burmeselassic.com



အနေကြာလို့ အခြေကျလာပြီ ဖြစ်ပေမယ့် အဖေရဲ့ မင်းလှအလွမ်းကတော့ အမြဲတမ်း ဖြစ်နေတယ်။

ဒီလိုကြောင့် အမေ မရှိတော့တဲ့ နောက်ပိုင်း အဖေ့ကို မင်းလှ ပြန်ပို့ခဲ့ရတော့တယ်။

ကျွန်မကတော့ ကိုယ့်အိမ်ကိုယ့်ယာနဲ့ ခိုင်မာလာတဲ့ စီးပွားရေးလေးတွေ အခြေပျက်မှာစိုးလို့ ရန်ကုန်မှာပဲ နေလိုက်တော့တယ်။ အဖေမပါလဲ လုပ်ငန်းတွေ ဆက်လုပ်နေရတယ်။

**[ ၃ ]**

အဖေ နေမကောင်းဘူးတဲ့။

နောက်တော့ ဆေးရုံတင်လိုက်ရတဲ့ သတင်း ကြားလာရလို့ ကျွန်မ ရန်ကုန်ကနေ ပြန်လာခဲ့တယ်။

ညဘက်မှာ ပြန်ရောက်တဲ့ ကျွန်မ ဆေးရုံမသွားသာဘူး။ မနက်စောစော ထပြီးသာ ဆေးရုံထွက်လာလိုက်ရတယ်။

'အဲဒီအခန်းထဲက ထွက်လာတဲ့ ကျွန်မနောက်ကို တိုးဝှေ့ပြီး တစ်စုံတစ်ရာ ထွက်သွားသလိုလို ခံစားလိုက်ရတာက ခပ်ဆန်းဆန်း ဖြစ်နေသလိုပဲ။

ဒါက အနားမှာရှိတဲ့ အပ်ချုပ်စက်ခုံပေါ်က အဝတ်စတွေတောင် လွင့်စဉ်ကျကုန်ရတယ်။

နောက်တော့သာ အဖေက ဆေးရုံမှာ ကွယ်လွန်သွားနှင့်ပြီဆိုတာ သိလိုက်ရတယ်။

**[ ၄ ]**

အဖေ့ကို သင်္ဂြိုဟ်ကြတော့မယ်။ ကိုးကွယ်ရင်းစွဲရှိတဲ့ ဆရာတော်ကြီး တွေ့မှီလို့ သရဏဂုံတင်တဲ့အခါမှာ...

'အဖေက မုန့်ဦးလှူဖို့ ဆန္ဒပြင်းပြနေတာပါဘုရား'

လို့ လျှောက်တင်လိုက်သလို အဖေ့ရုပ်အလောင်းဘက် လှည့်ကြည့်ပြီးလည်း...

'အဖေ...သမီး အဖေ့ဆန္ဒအတိုင်း မုန့်ဦးလှူပေးမယ်နော်'

လို့ ပြောလိုက်မိတယ်။

ပြောတာနဲ့အညီလဲ ရက်လည်ဆွမ်းသွတ်မှာ မုန့်ဦး တည်ဆောက်ဖို့ စတင် ငွေလှူဒါန်းခဲ့တယ်။

အဲဒီမှာ ဝတ္ထုငွေထည့်တဲ့ဗန်းကို ဆရာတော်ကြီးဆီ ကပ်လှူတော့ တစ်စုံတစ်ဦးက ဝင်ကိုင်လာသလိုမျိုး ခံစားလိုက်ရတာ အထင်အရှား ဖြစ်ပြန်ရော့။

**[ ၅ ]**

စားရင်းစုလှူနဲ့ ရန်ကုန်နဲ့ မင်းလှ ငွေပို့နေခဲ့တာက အခုဆို မုန့်ဦး ပြီးသွားခဲ့ပြီ။

ဒီကြားမှာ ကြားလာရတာက အဖေ့ကို ဟိုနား ရိပ်ခနဲ မြင်လိုက်တယ်၊ ဒီနား ယှိခနဲ တွေ့လိုက်တယ်နဲ့ အမျိုးတွေကြား အပြောများလာတယ်။

**အများပြောတာလဲ ဟုတ်မှာပါ။ ကျွန်မ ကိုယ်တိုင်တောင်မှ အဖေ့အရိပ် ကို မြူမြူအရိပ်တစ်ရိပ်နဲ့ တွဲတွဲမြင်နေရတာ မဟုတ်လား။**

ကျွန်မ စဉ်းစားမိရပါပြီ။ မုန့်ဦးရေစက်ချ အမှုမဝေနိုင်လို့များ အဖေ အစွဲအလမ်း ဖြစ်နေလေရော့သလား ပေါ့။

အဖေ့ရုပ်အလောင်းကို မုန့်ဦးတည်ပေးမယ့်အကြောင်း ကျွန်မ ပြောလိုက်မိတာက ရှိနေတယ်လေ။

**[ ၆ ]**

အခုတော့ စိုးရိမ်ပူပန်မှုများထဲက ကျွန်မ နဂို ရည်မှန်းထားတဲ့အတိုင်း နှစ်သစ်နှစ်ကူး သင်္ကြန်ပွဲအပြီးရယ် မဟုတ်တော့ပါဘူး။ အဖေ ခေါ်င်းချရာ မင်းလှမြို့ဆီ ကျွန်မ လာခဲ့လိုက်ပါပြီ။

'အမျှ...အမျှ...အမျှ...'

အဖေ ကောင်းရာသုဂတိ လားပါစေတော့ရယ်လို့ပေါ့။

အနားက ထွက်သွားမှာ မလိုလားပေမယ့် တားလို့သင့်တဲ့အရာ မဟုတ်ဘူးဆိုတာ သိထားပြီးပါပြီလေ။

**[ ၇ ]**

တပေါင်းကုန်စ တန်ခူးလဆိုတော့ "ရွက်ဝါကြွေချိန်ဦး" ပေါ့။

ရွက်ဝါကြွေတာက ရာသီသဘာဝမို့လို့ မဆန်းပေမယ့် ကျန်ရစ်တဲ့ အရွက်မဲ့ အကိုင်းအခက်တွေတော့ အထီးကျန်ဆန်ကုန်ရတယ်။

ဒါက လုပ်ငန်းအခြေကျနေလို့ ရန်ကုန်မှာနေရတဲ့ တစ်ကိုယ်တည်း ကျွန်မဘဝကိုများ ကိုယ်စားပြုနေရော့သလားပါပဲ။

**ဝမ်း(စက်မှုတက္ကသိုလ်)**



www.burmeselassic.com

www.burmeselassic.com



ဒွိ (အမရပူရ)

မိန်းကလေး လေးယောက်၊ အရိုင်ငါးရိုင်၊ သကြန်နှံတစ်ညနှင့်

# အရိုင်တရွေ

ကျွန်မတို့ ရှစ်တန်းကျောင်းသူ အရွယ် မန္တလေးအတာသကြန် သည် ပျော်ရွှင်စရာ ကောင်းလှပါ သည်။ ငွေငန်းသကော်တာရုပ်ပါသည့် မြို့မ တူရိယာအဖွဲ့၏ ဖျော်ဖြေမှု အလှပြယာဉ်သည် အကောင်းဆုံး ဖြစ်ပါသည်။

ဆရာ မြို့မငြိမ်း၏ သကြန်တေး သီချင်းများသည်လည်း ...



www.burmeselassic.com

www.burmeseclassic.com



အောင် စွဲလမ်းစရာ ကောင်းလှပါသည်။

မန်းသင်္ကြန် မြို့မတေးသီချင်းများကို လာရောက်ဖျော်ဖြေသော ရုပ်ရှင်မင်းသားကြီးဝင်းဦးကိုလည်း မန်းပရိသတ်များက ချစ်ခင်နှစ်သက်ကြပါသည်။

နှစ်စဉ် မန္တလေး သင်္ကြန်ညများတွင် ငွေ့ငန်းမြို့မ ဖျော်ဖြေရေး အလှပြယာဉ်နှင့်အတူ မင်းသားကြီးဝင်းဦး ပါဝင်ခဲ့သည်မှာ နှစ်များစွာရှိပြီဖြစ်ပါ သည်။

မန္တလေးမြို့တွင် သီဆိုဖျော်ဖြေပြီးပါက အမရပူရမြို့ရှိ ပိတောက်ပေါက်စသင်္ကြန်မဏ္ဍပ်ကို လာရောက်ကာ ဖျော်ဖြေသီဆိုလေ့ ရှိပါသည်။

ကပြသော အကများကို ကြည့်ရှုရင်း ငွေ့ငန်းမြို့မ ဖျော်ဖြေရေး အလှပြယာဉ်ကို ပရိသတ်များ မျှော်ကြပါသည်။

နှစ်တစ်နှစ်တွင် ကျွန်မတို့ မိဘများက သင်္ကြန်မဏ္ဍပ်ထိ လိုက်မပို့နိုင်ဟု ပြောပါသည်။ သင်္ကြန်ညတွင် မန္တလေးမြို့ဘက်မှ ရောက်လာမည့် မြို့မဖျော်ဖြေရေးအဖွဲ့ကို စစ်ကိုင်း–မန္တလေး လမ်းဘေးမှနေ၍ သွားကြည့်ကြမည်ဟု တိုင်ပင်ထားကြပါသည်။

လေထဲတွင် ပျံ့လွင့်လာမည့် မြို့မသင်္ကြန်တေးသီချင်းများကို နားစွင့်နေကြပါသည်။ ည(၁၀)နာရီကျော်တွင် သင်္ကြန်သီချင်းများ လွင့်ပျံ့လာသဖြင့် နေအိမ်မှ စစ်ကိုင်း–မန္တလေးလမ်းသို့ ကျွန်မတို့ ပြေးသွားကြပါသည်။

စစ်ကိုင်း–မန္တလေးလမ်းသို့ သွားလိုလျှင် ကျွန်မတို့ရပ်ကွက်မှ တခြားရပ်ကွက်ကို ကျော်ရမည် ဖြစ်ပါသည်။ အချိန်ကြာနေလျှင် မမီမှာစိုးသဖြင့် ရပ်ကွက်အတွင်းမှ ဖြတ်မသွားကြဘဲ မြန်မြန်ရောက်ရန် ထိုရပ်ကွက်ဘေးရှိ စစ်ကိုင်း–မန္တလေး မီးရထားသံလမ်းဘေးမှ ပြေးသွားကြပါသည်။

လပြည့်ခါနီး ညသည် မီးရထားသံလမ်းတွင် ထိန်ထိန်သာ နေပါသည်။ မီးရထားသံလမ်းပေါ် ရထားနှစ်စင်း ရှောင်ရန် ပြုလုပ်ထားသောလမ်း တစ်လမ်းပေါ်ရှိ ဇလီဖားတုံးများကို နင်းကာ ရှေ့ဆုံးမှ အစ်မလတ်၊ ကျွန်မ၊ ညီမငယ်နှင့် အိမ်နီးနားချင်း ကောင်မလေးတစ်ယောက်တို့ တန်းစီပြီး ပြေးကြပါသည်။

ပြေးသွားနေသော ကျွန်မတို့မိန်းကလေး လေးယောက် ဖြစ်သော်လည်း လရောင်အောက်မှာ အရိပ်ငါးရိပ် ဖြစ်နေသည်။ ထိုအရိပ်သည် နောက်ဆုံးတွင် ပြေးလိုက်နေသော ကောင်မလေး၏ နောက်မှ ထွက်နေသောအရိပ် ဖြစ်ပါသည်။

ထိုအရိပ်သည် နောက်ဆုံးမှ လာသော အရိပ်ဖြစ်သော်လည်း အရှည်ဆုံးဖြစ်ကာ အစ်မလတ်၏ အရိပ်ထက် ရှည်နေပြီး၊ ရှေ့ရောက်ပြီး ထင်ထင် ရှားရှား မြင်နေရပါသည်။

ယောကျ်ားတစ်ဦး၏ အရိပ်ဖြစ်ကာ ဆံပင်တိုတို ခပ်ပိန်ရှည်ရှည်ဖြစ်ပြီး အရပ်အမောင်းမှာ ပေါ်ပေါ်တော် ရှည်ပါသည်။

ထိုအရိပ်သည် ရှည်မျှော်မျှော်ဖြစ်

www.burmeselassic.com

နေပြီး နောက်မှ ပြေးလိုက်နေပါသည်။ ထိုအရိပ်တစ်ရိပ် ပိုနေမှန်း ကျွန်မတို့ သိနေသော်လည်း မည်သူမျှ နောက်ဘက်သို့ လှည့်မကြည့်ကြပါ။

အရိပ်ရှည်ရှည်ကြီးကို မြင်နေသော်လည်း အရိပ်ကြီးအကြောင်း မပြောကြဘဲ ဗုဒ္ဓဂုဏ်တော်များကို ရွတ်ဆိုပြီး ပြေးနေကြပါသည်။

အစ်မလတ်သည် ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုနေပြီး ကျွန်မသည် သမ္ဗုဒ္ဓေဂါထာတော်ကို အသံထွက်ပြီး ရွတ်ဆိုနေပါသည်။

ညီမငယ်သည် သရဏဂုံသုံးပါးကို ပြေးနေရင်း အသံထွက်ကာ ရွတ်ဆိုနေပါသည်။ ကျွန်မတို့သည် အစ်မလတ်နောက်မှ တန်းစီရင်း မီးရထားသံလမ်းပေါ်တွင် ပြေးနေကြပါသည်။

ထိုသို့ (၁၀)မိနစ်ခန့် မီးရထားသံလမ်းပေါ်တွင် ပြေးသွားနေကြပြီး အရိပ်ရှည်ရှည်ကြီး နောက်ဆုံးမှ လိုက်ပါနေသည်ကိုလည်း သိနေကြပါသည်။ မီးရထားသံလမ်းမှ လူနေရပ်ကွက်ကို ကျော်ပြီး စစ်ကိုင်း–မန္တလေးကားလမ်းသို့ ရောက်ရှိကြပါသည်။

မြို့မ ဖျော်ဖြေရေး အလှပြယာဉ်မှ ရုပ်ရှင်မင်းသားကြီးဝင်းဦး၏ သင်္ကြန်သီချင်းများကို နားဆင်ကြည့်ရှုကြပါသည်။

သင်္ကြန်သီချင်း ဖျော်ဖြေပြီး အလှပြယာဉ်ထွက်သွားမှ အိမ်ပြန်ကြရာ မီးရထားသံလမ်းမှ မပြန်ကြတော့ဘဲ လူနေရပ်ကွက်အတွင်းမှ ပြန်ခဲ့ကြပါသည်။



အိမ်ရောက်သောအခါ သင်္ကြန်သီချင်းများအကြောင်း၊ မင်းသားကြီးအကြောင်းများအကြောင်း ပြောကြရင်း မီးရထားသံလမ်းပေါ်က အရိပ်ရှည်ရှည်ကြီးအကြောင်း ရောက်သွားကြပါသည်။

အစ်မလတ်က အရိပ်ရှည်ကြီး တွေ့ကြောင်း ပြောရာ ကျွန်မကလည်း ထိုအရိပ်ရှည်ရှည်ကို မြင်ကြောင်း ပြောလိုက်ပါသည်။

ညီမငယ်နှင့် ကောင်မလေးတို့ကလည်း အရိပ်ရှည်ရှည်ကို တွေ့ကြကြောင်း ပြောကြပါသည်။ နောက်ဆုံးက ပြေးလိုက်သည့် ကောင်မလေးသည် အရိပ်ရှည်ရှည်ကို မြင်နေသော်လည်း လှည့်မကြည့်ရဲသဖြင့် နောက်သို့ လှည့်မကြည့်ကြောင်း ပြောပြပါသည်။

တစ္ဆေတစ်ကောင် အရိပ်မှန်း အားလုံးက သိနေကြပါသည်။ ထိုအရိပ်ရှည်ရှည် တစ္ဆေအရိပ်ကို ကျွန်မတို့အားလုံး မြင်တွေ့ရသော်လည်း ကြောက်လန့်ခြင်း၊ တုန်လှုပ်ခြင်း မဖြစ်ကြပါ။

ရွတ်ဆိုနေကြသော ဗုဒ္ဓ၏ဂုဏ်တော် တန်ခိုးများကြောင့် အရိပ်ရှည်ရှည် တစ္ဆေသည် နောက်မှ ပြေးပြီးလိုက်သော်လည်း ကျွန်မတို့ ကြောက်ရွံ့သွားအောင် မခြောက်လှန့်နိုင်ပါ။

**ထိုအရိပ်ရှည်ရှည်တစ္ဆေသည်ကျွန်မတို့နောက်သို့ လိုက်ရင်း မည်သည့်နေရာတွင် ကျန်နေရစ်မှန်းလည်း မသိကြပါ။ ထိုမီးရထားသံလမ်းဘေးနားရှိ ကုက္ကိုပင်ကြီးသည် တစ္ဆေခြောက်ကြောင်း လူကြီးများက ပြောကြပါသည်။**

ထိုကုက္ကိုပင်ကြီးသည် နွားရိုင်းသွင်းချိန်တွင်ပင် အခြောက်အလှန့်ကြမ်းကြောင်း၊ သဲများဖြင့် သစ်ပင်ပေါ်မှ ပက်ကြောင်း၊ အထုပ်ကြီးကို ပစ်ချတတ်ကြောင်း လူကြီးများက ပြောကြပါသည်။

ကျွန်မတို့သည် ဗုဒ္ဓဂုဏ်တော်တန်ခိုးများဖြင့် အရိပ်ရှည်ရှည် တစ္ဆေအရိပ်ကို မကြောက်လန့်ကြဘဲ သင်္ကြန်ညကို ဖြတ်သန်းခဲ့ကြပါသည်။

တော်ရုံလူကြီးများပင် ညအချိန် ထိုမီးရထားသံလမ်းကို မဖြတ်ကြပါ။ သင်္ကြန်ညတစ်ညတွင် နောက်မှ ပြေး လိုက်လာသော အရိပ်ရှည်ရှည် တစ္ဆေကို အမှတ်ရနေမိပါတော့သည်။

ချို(အမရပူရ)



www.burmeselassic.com

www.burmeselassic.com



တစ်ပတ်တစ်ခါ ဆုံမိကြ၊ ဝိုင်းဖွဲ့စားသောက်ကြ၊ စကားဝိုင်းကောင်းတတ်ကြသည်။

စပ်မိစပ်ရာ ပြောကြဆိုကြရင်း တစ္ဆေသရဲအကြောင်းများ၊ ဝိညာဉ်ဇာတ်လမ်းများ ပါလာလျှင်ကိုမြင့်စိုးနှင့် တစ်ရန် ဖြစ်ကြတော့သည်။ သူက ဝိညာဉ်တို့၊ ပရလောကသားတို့ တကယ်မရှိဟုတစ်ထစ်ချ ယုံကြည်ထားသူဖြစ်သည်။

သရဲတစ္ဆေကြောင်း ပြောသူများကို အမြဲရှုံ့ချသည်။ အလကား ခေတ်အမြင်မရှိ၊ အတွေးအခေါ်မရှိတဲ့ကောင်တွေဟု အပြတ်နှိပ်ကွပ်သဖြင့် စားဝိုင်း သောက်ဝိုင်း အမြဲဆူညံ၍ ရန်ပွဲဖြင့်သာ ပွဲသိမ်းလေ့ရှိသည်ကို အမှတ်ရနေသေးတော့သည်။

ထိုစဉ်က ကိုမြင့်စိုးနှင့် ပင်တိုင်ငြင်းခုံရန်ဖြစ်သူမှာ ကြို့ပင်ကောက်သား တင်မောင်မြင့်ဆိုသော လူငယ်ဖြစ်သည်။ သူက သရဲ အလွန်ကြောက်တတ်သူဖြစ်သည်။

အောင်ချမ်းကြည်
(ကြို့ပင်ကောက်)

# ကောက်ရတဲ့တစ္ဆေ

အမှုတွဲ

စာရေးသူနေသော ရွှေတောင်မြို့သို့ လာဆောင်တစ်ခု အကြောင်းပြု၍ ငယ်ချင်း ကိုမြင့်စိုးလာမည့် သတင်းသာကြောင့် မျှော်နေမိသည်။

ကိုမြင့်စိုးက တစ်ချိန်က စာရေးသူအတူ အိမ်ငှား၍ ဤမြို့ကလေးတွင် ဌာနတာဝန် ထမ်းဆောင် လုပ်ဖော်ကိုင်ဖက်တစ်ဦး ဖြစ်သည်။

မဆုံဖြစ်ကြသည်မှာ နှစ်(၂၀)ကျော်ခဲ့ပြီ ဖြစ်သည်။ ယခု သူလည်း ပင်စင်ယူလိုက်ပြီဟု သိရသည်။

နှစ်ယောက်အတူ အိမ်ငှားနေခဲ့စဉ်က စာရေးသူတို့ ငှားနေခဲ့သည့် အိမ်ကလေးတွင် စိုက်ပျိုးရေးဝန်ထမ်းများ

* * *

ရွှေတောင်မြို့ စိုက်ပျိုးရေးဦးစီးအရာရှိရုံး ညည့်ခန်းတွင် အခြားမြို့နယ်မှ ရောက်ရှိနေကြသော စိုက်ပျိုးရေး ဝန်ထမ်းတချို့နှင့်အတူ ရုံးဝန်ထမ်း ကလေးတစ်ဦး၏ မင်္ဂလာဆောင်သို့ တစ်ရက်ကြို၍ ရောက်လာသော





www.burmeselassic.com

www.burmeseclassic.com

ကိုမြင့်စိုးကို တွေ့ရသည်။

ရှေးဟောင်းနှောင်းဖြစ်များ ပြောရင်းက တစ်ခါက အလွန်သရဲကြောက်တတ်သော တင်မောင်မြင့်အကြောင်း စကားစမိပြီးနောက် ကိုမြင့်စိုးက ယခုအချိန်တွင် သူကိုယ်တိုင် ပရလောကသားနှင့် ပတ်သက်သည့် ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို အကြောင်းပြု၍ ပရလောကကို ယုံကြည်နေပြီဖြစ်ကြောင်း သူ့ကိုယ်တွေ့ ဖြစ်ရပ်ကို စိတ်ပါလက်ပါ အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။


* * *

ရွှေတောင်မြို့နယ်မှ လက်ပံတန်းမြို့နယ်သို့ ပြောင်းရွှေ့သွားခဲ့ပြီးနောက် ဇီးဖြူကုန်း စပါးအထွက်တိုးစခန်းတွင် စခန်းတာဝန်ခံ တာဝန်ထမ်းဆောင်ခဲ့စဉ် **နှစ်ပေါင်း နှစ်ဆယ်ကျော်ကာလတုန်းက** အဖြစ်အပျက်ဟု သိရသည်။

သာရဝေါ–လက်ပံတန်း ညနေရထားသည် ထိုနေ့က နောက်ကျ၍ ဇီးဖြူကုန်းဘူတာကလေးသို့ ညနေ(၆)နာရီခွဲပြီးမှ ဝင်လာခဲ့သည်။ အလုပ်ကိစ္စဖြင့် သာရဝေါသို့ မနက်က သွားရောက်ခဲ့သော စခန်းတာဝန်ခံ ကိုမြင့်စိုး ထိုရထားတွင် ပါလာခဲ့သည်။

တပည့်ဖြစ်သူ စခန်းစောင့် အေးမောင်က ဘူတာမှာ သူ့ဆရာကို လာ၍ စောင့်ကြိုနေသည်။ ဘူတာရုံအနီးရှိ လက်ဖက်ရည်ဆိုင်တွင် ခဏထိုင်ကြရင်း အေးမောင်က သတင်းထူးအဖြစ် နေ့လယ်က ဘူတာရုံသို့ လက်ပံတန်းဘက်မှ ဝင်လာသော ရထားကြိတ်မိ၍ သေဆုံးကြောင်း...

ထိုရထားကြိတ်ခံရ၍ သေဆုံးသွားသူမှာ ပေါက်တောစုရွာတွင် အညာမှ လာရောက် သူရင်းငှားလုပ်နေသူဖြစ်ကြောင်းနှင့် အသက်သုံးဆယ်ခန့် ဖြစ်ကြောင်းတို့ကို ပြောပြခဲ့သည်။ သရဲကြောက်တတ်သော အေးမောင်က စခန်းသို့ မမှောင်ခင်ပြန်ရန် လောဆော်လိုက်သည်။



'အေးပါကွာ... ပြန်တာပေါ့ မှောင်တော့လဲ ဘာကြောက်စရာရှိလဲ၊ သရဲဆိုတာ တကယ်မရှိဘူးလို့ မင်းကို ငါ ဘယ်နှစ်ခါပြောရမလဲ'

ဆရာတပည့်နှစ်ယောက် မီးရထားလမ်းအတိုင်း လျှောက်၍ စခန်းသို့ ပြန်ခဲ့ကြသည်။ အေးမောင်က ရှေ့မှ ခပ်သုတ်သုတ် လျှောက်နေသည်။ မီးရထား ဇလီဖားတုံးများအနီးမှ ဖြတ်လျှောက်လာရင်း တစ်နေရာအရောက်တွင်...

'ယေ့ကောင် အေးမောင်၊ ဒါတွေက ဘာတွေလဲဟ'

'အဲဒါ...ဟို...ဟို...သွေး...သွေးတွေ၊ အဲဒါ နေ့လယ်က လူတစ်ယောက်ကို ရထားကြိတ်သွားတဲ့နေရာ'

အေးမောင်က နောက်ဘက်လှည့်မကြည့်ဘဲ ပြန်ပြောလိုက်သည်။ သူ့အသံများ တုန်ယင်နေသဖြင့် သရဲကြောက်တတ်သော တပည့်ကြီးကို ကြည့်ရင်း တစ်ယောက်တည်း ကြိတ်ပြုံး၍ ကိုမြင့်စိုး စိတ်ထဲတွင် အေးမောင်ကို စနောက်ရန် အကြံ ဖြစ်လာသည်။

'ဟုတ်ပြီကွ...ဒီ သေသွားတဲ့ကောင်ရဲ့ ဝိညာဉ် မင်းနဲ့ အဖော်ရအောင် စခန်းကို ခေါ်ခဲ့ရ ကောင်းမလားလို့'

ကိုမြင့်စိုးစကားဆုံးလျှင် အေးမောင်က နောက်သို့ ပြန်လှည့်၍ အထစ်ထစ် အငေါ့ငေါ့ လှမ်းပြောသည်။

'ဆ...ဆရာ...ဆရာ၊ မခေါ်ခဲ့နဲ့... မခေါ်နဲ့'

ကိုမြင့်စိုးက အေးမောင်ကြား လောက်အောင် အသံမြှင့် ခြေစုံရပ် လျက် ခပ်တည်တည်ဖြင့် နောက်ပြောင် နေမိသည်။

'ဟေ့ကောင် အညာသားသရဲ မင်း အ... ငါနဲ့လိုက်ခဲ့၊ ငါတို့ အထွက်တိုးစခန်း အ... ခြံပေါက်ဝက ကုက္ကိုပင်ကြီးမှာ နေပေ... အေးမောင်လိုပဲ မင်းလဲ စခန်းကိုစောင့်ရှေ... ပေတော့'

ကိုမြင့်စိုး စကားမဆုံးသေး... အေးမောင် ဖဝါးနှင့်တင်ပါး တစ်သ... တည်းကျ ပြေးထွက်သွားလေ... သည်။ နောက်ပိုင်း ထိုကိစ္စအား မေ့... ပျောက်ပျောက်ဖြင့် နေခဲ့ကြသည်...

* * *

(၃)နှစ်ခန့်ကြာပြီးနောက်...

'မော့ကောင် ချွတ်ပရား... ... လာပါကွ၊ တော်ကြာ အိမ်အပြန် ... နေဦးမယ်'

'အေး...အေး လာပါပြီဟ ... ရ အပြန်မိုးချုပ်နေရင် ဒီ... ကြီးက သရဲနဲ့တိုးမှာစိုးလို့ မတု...'

စခန်းခြံဝင်းအတွင်း ဟင်း... ရွက်စိုက်ခင်းထဲမှ ကိုမြင့်စိုးက ... နှစ်ယောက် အပြန်အလှန် ပြော... ကို ကြားလိုက်သဖြင့်...

'ဟေ့... ဟိုကလေး...





www.burmeseclassic.com

www.burmeseclassic.com



ခဏာနေပါဦးကွ'

ဟု လှမ်းခေါ်လိုက်ရာ မျက်ပြူးဆိုသူကလေးက ခပ်သွက်သွက် ပြန်လျှောက်လာရင်း...

'ဦးလေး စခန်းတာဝန်ခံကြီး ဘာပြောမှာလဲ မြန်မြန်ပြောပါဗျ။ အပြန်မိုးချုပ်မှာစိုးလို့'

'နေပါဦး... မင်းတို့က နေဝင်ခါနီးမှ ဘယ်သွားကြမှာတုံး'

'ဇီးဖြူကုန်းဈေးမှာ ဂျင်သွားဝယ်မလို့ဗျ'

'ဟေ...ကဲ ရော့၊ မင်းတို့ ဂျင်ဝယ်ဖို့ ပိုတဲ့ပိုက်ဆံ မုန့်ဝယ်စားကြကွာ။ မင်းတို့ခုနပြောနေကြတာ ဒီကုက္ကိုပင်ကြီးမှာ သရဲရှိတယ်ဆိုလားလို့ မင်းတို့ ဘယ်သူက ပြောလို့လဲ'

'ဦးလေးကလဲဗျာ...ဒီမှာ အဆန်းလုပ်နေပြန်ပြီ၊ ဒီအပင်ကြီးက သရဲက အချိန်မတော်သွားတဲ့လူတိုင်းကို အမြဲ ခြောက်လှန့်နေတာ တစ်နယ်လုံး သိတယ်ဗျ'

''ဘာ'' ကိုမြင့်စိုး ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်သည်။ ကလေးနှစ်ယောက်က သူပေးသော ငွေနှစ်ဆယ်ကို ယူ၍ ဇီးဖြူကုန်းဘက်သို့ ပြေးထွက်သွားတော့သည်။

'ဒီကုက္ကိုပင်ကြီးက သရဲကို တစ်နယ်လုံးက သိနေတာပဲ'

ချွတ်ပရားဆိုသော ကလေးငယ်ပြောစကားအရ စဉ်းစားစရာ ဖြစ်လာသည်။

အညာသားသရဲ ဟိုရွာသည်ရွာများတွင် မကြာခဏ ဝင်ပူးသည်။ အကြမ်းဆရာများက မေးလျှင် ဇီးဖြူကုန်းအထွက်တိုးစခန်းရှေ့က ကုက္ကိုပင်ကြီးမှာနေသည်ဟု ပူး၍ ပြောကြောင်း ကိုမြင့်စိုး မကြာမကြာ ကြားခဲ့ရသော်လည်း စိတ်မဝင်စားခဲ့ပါ။ ယခု သူ့စိတ်တွင် သံသယဝင်လာမိသည်က အမှန်ပင်။

တစ်ခါက သာရဝေါကအပြန် သူ့တပည့်အေးမောင်ကို နောက်ပြောင်ရင်း သူခေါ်လာခဲ့မိ၊ နေရာပေးထားခဲ့သည်မှာလည်း အမှန်ဖြစ်သည်။ သို့သော် နဂိုက အယုံအကြည်မရှိခဲ့သူဖြစ်၍ ခပ်အေးအေး _ မေ့မေ့ပျောက်ပျောက်ပင် နေလိုက်သည်။

တစ်ညနေ...

ကွင်းထဲမှ ပြန်ရောက်ပြီး ရုံးခန်းထဲက ပက်လက်ကုလားထိုင်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။ မကြာပါ။ နားထဲသို့ ဆူဆူညံညံ စကားပြောသံများ၊ အော်ဝေါက်ကြိမ်းမောင်းသံများ ကျယ်လောင်စွာ ကြားလိုက်ပြီး ဖျတ်ခနဲ နိုးလာခဲ့သည်။

'ဟော့...အေးမောင်၊ ဟိုအနားက အိမ်မှာ ဘာတွေ ဆူဆူညံညံ ဖြစ်နေကြတာလဲကွဟ'

'မဖိသန်း သရဲဝင်ပူးလို့ လူတွေ ဝိုင်းအုံကြည့်နေကြတာပါ ဆရာ'

အေးမောင်က သူ့ဆရာ အယုံအကြည်မရှိမှန်း သိ၍ မဝံ့မရဲ ဖြေသည်။

'လာပြန်ပြီ... ဘယ်က သရဲလဲကွ ဟေ...ရှုပ်ပါ့ကွာ'

'ကျွန်တော်တို့စခန်းရှေ့က ကုက္ကိုပင်ကြီးမှာနေတဲ့ သရဲတဲ့ ဆရာ'

'ဟင်'

ကိုမြင့်စိုး အံ့သြသွားသည်။ သူ့ခေါင်းထဲသို့ အတွေးများစွာ ဝင်လာခဲ့ကာ တပည့်အေးမောင်အား...

'ကဲကွာ... မင်း သွားပြီး သေသေချာချာ နားထောင်ခဲ့ သွား...သွား'

အေးမောင်က ငေးကြောင်၍ သူ့ဆရာမျက်နှာကို စိုက်ကြည့်နေသည်။ ဤကိစ္စမျိုး အယုံအကြည်မရှိသော သူ့ဆရာ သူ့ကို စေ၍ တမင်ရွှဲပြောနေသည်အထင်ဖြင့် ထိုင်မြဲထိုင်နေသည်။

'ဟဲ့...အေးမောင် သေသေချာချာ သွားနားထောင်လာခဲ့ဆိုတာ သွားတော့လေ'

အေးမောင် ကြောင်တက်တက်ဖြင့် မဖိသန်းအိမ်ဘက် သုတ်ခြေတင်ခဲ့သည်။

ခြံပေါက်ဝကတည်းက အထက်လမ်းဆရာနှင့် အညာသားသရဲတို့ အပြန်အလှန် ပြောဆိုနေသံများ ကြားနေရသည်။ ဝိုင်းကြည့်နေကြသော လူအုပ်ထဲမှ တိုးဝှေ့ရင်း ရှေ့ရောက်ကာ



www.burmeseclassic.com

www.burmeselassic.com

အသေအချာ နားထောင်နေမိသည်။ ဆရာဖြစ်သူက…

'ဆရာတို့က အပဲသားငါး သားစိမ်းငါးစိမ်း အစာတွေကျွေးပြုပြီး ကုစားတဲ့ ဆရာတွေ မဟုတ်ဘူးကွ အညာသားသရဲရဲ (၇)ရက်သားသမီး ဒုက္ခမရောက်အောင် မေတ္တာစက် အာဏာစက်နဲ့ ကုသသူတွေသာ ဖြစ်တယ်။ မင်းဟာ ဟိုဘက်တကြောက် ရွာတွေမှာလဲ မကြာခဏ ဝင်ပူးလိုက် ဖမ်းစားလိုက်နဲ့ ဟိုးလေးတကျော်ကျော် ဖြစ်နေတာကြာပေါ့။ အဲဒီတော့ အခုပူးကပ်နေတဲ့ ကာယကံရှင် မမိသန်းထံက ခွာပေတော့'

ဆရာက ဘုရားသောက်တော်ရေ အိုးမှ ရေကိုမန်း၍ တိုက်ရန်ပြင်သည်။

'ဟော့…ငါက အခုဝင်ပူးနေတာ စားချင်သောက်ချင်လို့ ဝင်ပူးတာ မဟုတ်ဘူးကွ။ ငါက ဒီဘဝက ကျွတ်ချင်လွတ်ချင်လို့ ငါ့အတွက် အလှူအတန်းလေးလုပ် အမျှဝေပေးပါလို့ အိပ်မက်တွေ အတန်တန်ပေးပေမယ့် ဂရုမစိုက်လို့ဟော့'

'မင်းက ဘယ်သူ့ကို ဘယ်တုန်းက အိပ်မက်ပေးလို့တုံး'

ဆရာ့စကားအဆုံးတွင် မမိသန်းထံမှ ကြားလိုက်ရသောစကားကြောင့် လူအုပ်ထဲတွင် တိုးဝှေ့ကြည့်နေသော အေးမောင်တစ်ကိုယ်လုံး ကျဉ်စက်ထိမိသလို တုန်ခါသွားခဲ့သည်။

'ဟို…အထွက်တိုးစခန်းက အကြီးဆုံးလူကို (၂)ခါ အိပ်မက်ပေးတယ်လေ၊ သူက ခုထိဘာတစ်ခုမှ လုပ်မပေးဘူး။ အစတုန်းက သူခေါ်ပြီး နေခိုင်းထားလို့ အဲဒီကုက္ကိုပင်ကြီးက ဘယ်မှ မသွားဘဲ စခန်းကို စောင့်ရှောက်နေတဲ့တာ (၃)နှစ်ကျော်ပြီဟဲ့'

ဤတွင် အညာသားသရဲက ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောပြီးနောက် ဆရာဖြစ်သူက နောက်နောင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မနှောင့်ယှက်ရန် သစ္စာရေတိုက်၍ ထွက်ခိုင်းလိုက်သဖြင့် မမိသန်းစိတ် ပြန်ရောက်ကာ ပွဲပြီးခဲ့သည်။

အေးမောင် ခြေလှမ်းသွက်သွက်ဖြင့် ပြန်လာခဲ့ကာ သူ့ဆရာဖြစ်ရှေ့ရောက်လျှင် ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောပြလိုက်တော့သည်။ ကိုမြင့်စိုး အတော်စိတ်မကောင်း ဖြစ်သွားသည်။

သူ့အမိန့်နှင့် စခန်းရှေ့က ကုက္ကိုပင်ကြီးတွင် စောင့်နေကာ မကျွတ်မလွတ် သေးသော အညာသားသရဲ။ သူ့ကို (၂)ကြိမ်တိတိ သေချာစွာ အိပ်မက်ပေးဖူးသည်။ ယခုတော့ သူကျွတ်လွတ်စေဖို့က တကယ်ပင် ကူညီပေးရတော့မည်။

*　　*　　*

အညာသားသရဲ၏ ကျွတ်ပွဲလွတ်ပွဲကား မထင်မှတ်ဘဲ လူစည်ကားခဲ့သည်။ ထိုနေ့သည် အညာသားသရဲ ရထားကြိတ်ခံရ၍ သေခဲ့သော (၃)နှစ်ပြည့်နေ့ ဖြစ်သည်။

သံဃာတော်(၃)ပါး ပင့်ဖိတ်၍ ဆွမ်းလှူဒါန်းခြင်း၊ ရောက်ရှိလာသည့် ရွာသားများနှင့် စခန်းဝန်ထမ်းများအားလုံး အညာသားကောင်းမှု ဆွမ်းကျွေး လှူဒါန်းခြင်း၊ ဆရာတော် သံဃာတော်များက ပရိတ်တရား ချီးမြှင့် ဟောကြားခြင်းနှင့် အညာသားသရဲအား အမျှအတန်းဝေခြင်းကို သေချာစွာ လုပ်ပေးခဲ့သည်။

ဆရာတော်များ တရားချီးမြှင့်ပြီးနောက် ရေစက်ချ အမျှဝေခါနီးတွင် စခန်းဝန်ထမ်းတစ်ဦးက ကုက္ကိုပင်သို့သွား၍ အညာသားသရဲအား တရားနာဖိတ် အမျှဝေ သာဓုခေါ်ရန် အကြောင်းကြားလိုက်တော့သည်။

ပရိတ်တရားချီးမြှင့်သော ဆရာတော်များ၊ ရောက်ရှိနေကြသော ရွာသူရွာသားများနှင့် စခန်းရှိဝန်ထမ်းမိသားစုအားလုံးက လှိုက်လှဲစွာ အမျှအတန်းဝေလိုက်လျှင် ဇီးဖြူကုန်း အထွက်တိုးစခန်းရှေ့ ကုက္ကိုပင်ကြီးထက်ဆီမှ တောကျီးကန်းကြီး၏ အသံနက်ကြီးသုံးကြိမ်ပြု သာဓုခေါ်သံကို ပရိသတ်အားလုံး ကြားလိုက်ရတော့သည်။

ကိုမြင့်စိုးရင်ထဲ တစ်မျိုးခံစားလိုက်ရသည်။ အညာသားသရဲကို အကြောင်းပြု၍ ယခု အလှူကလေးတစ်ခု လုပ်ဖြစ်သွားသည်။ အကယ်၍ ဤကောင်းမှုကြောင့် အမှန်ပင် အညာသားသရဲ ကျွတ်လွတ်သွားသည် ဆိုပါကလည်း ကြီးစွာသော ကုသိုလ်ရဦးမည်ဟု တွေး၍ သူ့ရင်ထဲ အသည်းထဲမှ လာသော မေတ္တာစေတနာဖြင့်…

'ကဲ…အညာသားသရဲရေ မင်းအတွ[…] ရည်စူးကြပြီး မင်းအလှူ မင်းဒါန၊ မင်းကုသို[…] အဖြစ် ရဟန်းရှင်လူတွေကို ငါ လှူ[…] ပေးပြီးပြီ။ မင်း သာဓုခေါ်၍ ဤဘဝမှ ကျွ[…] လွတ်ပါစေ၊ ကောင်းရာမွန်ရာ ရောက်ပါစေ[…]

ဟု ဆုတောင်းရင်း အမျှဝေ[…] အကြိမ်ကြိမ်ပေးမိကာ ပရလော[…] ဝိညာဉ်လောက၊ ရုပ်နုလောက သ[…] တစ္ဆေဆိုသည်များကို သူ လက်ခံ[…] ဖြစ်သွားခဲ့သည်။

ထိုအချိန်ကစ၍ ဇီးဖြူ[…] ပတ်ဝန်းကျင် ရွာများ၌ ကျက်[…] သော တစ္ဆေသရဲ ပူးကပ် ခြောက်[…] ခြင်းများကို မကြားရတော့ပါ။ နော[…] ဆုံးတွင် ကိုမြင့်စိုး ပြောလိုက်သော[…] စကားကို စာရေးသူ သဘော[…] ကြိုက်ပြုံးမိသည်။ သူ့စကားက…


**"ကောက်ရတဲ့တစ္ဆေ အမှ[…]"**

ဟူ၏။

**အောင်ချစ်ကြည်**

(ကြို့ပင်ကောက်)

www.burmeselassic.com



လင်းနီတာ

# ဂမ္ဘီရဆန်လှသည့် ပန်းချီကားလား

[၁]

ဤပန်းချီကားနှင့် ပတ်သက်ခဲ့ရသည်မှာ (၃)နှစ်ခန့်ရှိပါပြီ။ ဤပန်းချီကား၏ ဂယက်ကို သတိပြုမိခဲ့သည်မှာလည်း ပန်းချီကားရောက်ပြီး လပိုင်းအကြာမှာ ဖြစ်သည်။

တိုက်ဆိုင်မှုလား၊ ဖြစ်ရိုးဖြစ်စဉ်လား။ ပန်းချီကားကြောင့်လားဟု ယနေ့တိုင် ဝေခွဲမရနိုင်သေးပါ။ ဂမ္ဘီရဆန်သော ပန်းချီကားလား၊ လျှို့ဝှက်သော, ထူးဆန်းသော ပန်းချီကားလား၊ သာမန်ပန်းချီကား တစ်ကားပင်လား။

[၂]

ဤပန်းချီကား ရောက်ရှိလာပုံမှာလည်း ရိုးစင်းလှပါသည်။ မုံရွာတက္ကသိုလ်၌ စာပေနှင့် အနုပညာအသင်းဟု ရှိပါ၏။ အသင်း၏ အစီအစဉ်ဖြင့် ကျောင်းသားကျောင်းသူများကို အခြေခံ ပန်းချီသင်တန်းပေးခြင်း၊ သင်တန်းအပြီး ပန်းချီပြပွဲများ ပြသခြင်းများ ပြုလုပ်လေ့ရှိပါသည်။

ပန်းချီသင်တန်းကို မုံရွာမြို့ ချင်းတွင်းရေကြည် ပန်းချီဆရာကြီးများက ဦးစီးပို့ချပေးပါသည်။ **ပန်းချီဆရာကြီး ဦးအောင်မောင်းက ဦးဆောင်ဦးရွက်ပြုပြီး ဦးညိုသိန်း၊ ဦးရဲမြင့်၊ ဦးခင်မောင်ညို၊ ဦးဇော်ဝင်းတင်**တို့က ပန်းချီသင်တန်း အမှတ်စဉ်(၁)မှ (၇)အထိ တစိုက်မတ်မတ် ပို့ချပေးခဲ့လေသည်။

ဆရာဦးမောင်မောင်စန်းမှာ နောက်ပိုင်း သင်တန်းများတွင် လာရောက်ပို့ချနိုင်ခြင်း မရှိတော့ချေ။ မုံရွာ ရေဆေးပန်းချီကျော်ဆရာကြီးဦးလူတင်၏ သားဖြစ်သူ ဦးဇော်ဝင်းတင်မှာ သင်တန်းဖြစ်မြောက်ရေး အောက်ခြေသိမ်း ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။

မုံရွာတက္ကသိုလ်တွင် ချင်းတွင်းရေကြည်ဆရာကြီးများ၏ အားတက်သရော ပူးပေါင်းပါဝင်မှု၊ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာဝင်းနိုင်၏ အားပေးပံ့ပိုးမှုများကြောင့် "**ရောင်စဉ်သစ် ပန်းချီပြပွဲ**"ကို ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ်မှစတင်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ်အထိ (၃)ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့ပါသည်။

စာရေးသူမှာ ပန်းချီဆရာကို လည်းကောင်း၊ ပန်းချီကားကို လည်းကောင်း ပန်းချီဆရာ၏ဘဝကို လည်းကောင်း ထဲထဲဝင်ဝင် ရင်းနှီးသူမဟုတ်ပါ။

ရောင်စဉ်သစ် ပန်းချီပြပွဲများကို အသင်းဥက္ကဋ္ဌတစ်ဦးအနေနှင့် စီစဉ်ရတော့မှသာ ယင်းတို့ကို ရင်းနှီးခွင့်ရပါတော့သည်။

ရောင်စဉ်သစ် ပန်းချီပြပွဲ အမှတ်စဉ်(၁)တွင် ဆရာကြီး ဦးအောင်မောင်း၏ ပန်းချီကား တစ်ကားကို မှတ်မှတ်ရရ ဝယ်ယူဖြစ်ခဲ့သည်။

ရေဆေး၊ ဆီဆေးဖြင့် ရေးဆွဲထားသည့် ကားမဟုတ်။ "အရိုင်းလစ်"ဟု ဆိုသည်။ အညာဒေသ မုန်းချောင်းတစ်နေရာကို ရေးဆွဲထားခြင်း ဖြစ်ပါသည်။

ကြည့်၍မရိုးနိုင်သော၊ တွေး၍ကောင်းသော အနီးကြည့်၊ အဝေးကြည့် ဘယ်လိုကြည့်ကြည့် မရိုးနိုင်သော ပန်းချီကားဖြစ်ပါသည်။ မြတ်နိုးမိသောပန်းချီကား ဖြစ်ပါသည်။

ဒီလိုပန်းချီကားကို အများကြည့်ရှုခံစားနိုင်ရန် မုံရွာတက္ကသိုလ် စားသောက်ဆိုင်တန်းတွင် ဆိုင်ဖွင့်ထားသော ညီငယ်အား လက်ဆောင်ပေးလိုက်ပါသည်။

၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ်တွင် ရောင်စဉ်သစ် ပန်းချီပြပွဲ အမှတ်



www.burmeseclassic.com

www.burmeselassic.com

(၂)ကို ကျင်းပဖြစ်ခဲ့ပါသည်။ ချင်းတွင်းရေကြည် ပန်းချီဆရာကြီးများ၏ ပန်းချီကား(၇၀)နှင့် ကျောင်းသားကျောင်းသူများ၏ ပန်းချီကား(၂၀) စုစုပေါင်း(၉၀) ရှိသည့်အနက် စာရေးသူ အနှစ်သက်ဆုံး ပန်းချီကား တစ်ကားဝယ်ဖြစ်ခဲ့သည်။

"ရောဝတီညနေခင်း" အမည်ရှိ ရေဆေးပန်းချီကား ဖြစ်ပါသည်။ ပန်းချီကားအရွယ်မှာ (1'6"×2') ဖြစ်ပါသည်။

"ရောဝတီ ညနေခင်း" ပန်းချီကားကို မြင်ကြည့်စေချင်ပါသည်။ ပန်းချီတစ်ကားလုံးကို မြင်းချေးရောင်တို့ ဖုံးလွှမ်းထားသည်။

ဟိုး...နောက်ခံ ခပ်ရေးရေးတွင် တောင်စဉ်တောင်တန်းတို့သည် အေးဆေး ငြိမ်သက်စွာ လဲလျောင်းနေကြသည်။ တောင်ခြေတွင် မြစ်အလျင်က တသွင်သွင် စီးဆင်းနေပုံ ရေးဆွဲထားသည်။

ထိုမြစ်ကမ်းနဖူး၌ ကျောင်းသခ်မ်းတစ်ဆုကို စုတ်ချက်ပြေပြေလေးဖြင့် ပုံဖော်ထားသည်၊ ကျောင်းပရိဝုဏ်သည် ထန်းပင်ထန်းလက်များနှင့် စိမ်းလဲ့နေသည်။ ဘုန်းကြီးကျောင်းဆီသွားသော လမ်းကလေးကို ဖုံဖုံတွေ့ရသည်။

ဘုန်းကြီးအိုတစ်ပါးသည် အဆိုပါကျောင်းပရိဝုဏ်တွင် တံမြက်လှည်းလျက် တွေ့ရသည်။ ထန်းပင်များကိုမူ အနီးတွင် လည်းကောင်း၊ အဝေးတွင် လည်းကောင်း တွေ့နိုင်သည်။

ထန်းပင်ကို အနီးကပ်အဖြစ်ဖြင့် ရေးဆွဲထားရာ အပင်အပြည့် မပါချေ။ ပန်းချီ၏ အနီးအဝေး သဘောဖြစ်ပေမည်။

ပန်းချီပြပွဲကို မုံရွာတက္ကသိုလ်စာပေနှင့် အနုပညာခန်းမတွင် တစ်ပတ်တိတိပြသခဲ့ရာ စာရေးသူသည် ပန်းချီကား (၉၀)ကျော်ကို တစိမ့်စိမ့်ကြည့်ရင်း ထိုပန်းချီကားလေးကို ရွေးချယ်ဝယ်ဖြစ်ခဲ့လေသည်။

ထိုပန်းချီကားကိုလည်း အများသူငါ ခံစားရှုမြင်စေခြင်းငှာ ညီငယ်၏ စားသောက်ဆိုင်ကိုပင် လက်ဆောင်ပေးလိုက်သည်။

သူ ချိတ်ဆွဲလိုက်သော နေရာမှာ ကောင်တာစားပွဲအထက်တွင် ဖြစ်သည်။ ပြီးတော့ သူတို့မိသားစု အိပ်ခန်းတံခါးပေါက်၏ ထိပ်တည့်တည့်တွင် ဖြစ်သည်။

**[၃]**

ညီငယ်၏ဆိုင်က ကဖေးအအေးနှင့် စားဖွယ်စုံ ရောင်းချသောဆိုင်ဖြစ်သည်။ အဖျော်ဆရာ၊ အကြော်ဆရာ၊ အသုပ်ဆရာစသဖြင့် အလုပ်သမား (၁၀)ဦးခန့်ရှိသည်။ သူ့နေရာနှင့်သူ သင့်တင့်သော အလုပ်သမား ရရှိရေး စီမံရသည်မှာ မလွယ်ကူကြောင်း ကြားသိရသည်။

အဓိက ပြဿနာက အလုပ်သမား မငြိမ်ခြင်းပင်။ ဆိုင်မှာ မမြဲကြ။ စိတ်ကောင်းသော်လည်း အသောက်အစား မက်သဖြင့် အလုပ်ချိန် နောက်ကျခြင်း၊ အလုပ်ပျက်ခြင်းများရှိသည်။

**ပြီးတော့ အလုပ်သမားတော့ ဆိုင်ရှင်ပါ မကြာခဏ များများခြင်း၊ မြေခြတွေ့ခြင်း၊ ခွေးကိုက်ခံရခြင်းများ ကြုံတွေ့လာရသည်။ အလူးသဖြင့် အိမ်ထောင်ဘက်ချင်း စိတ်အခန့်မသင့်မှုများ ဖြစ်လာသည်။ အဆင်မပြေမှုများ စိုးလာသည်ဟုသာ ဆိုကြပါစို့။**

စာရေးသူကား ညီငယ်တို့မိသားစုကို သတိထားမိပါ၏။ ဘုရားတရား ရိုသေကိုင်းရှိုင်းကြပါ၏။ ဘုရားခန်းပန်း အညှိုးမခံပါ။ ပရိတ်ပဋ္ဌာန်းကို အခွေဖြင့်လည်းကောင်း၊ ကိုယ်တိုင်သော် လည်းကောင်း ပူဇော်လေ့ရှိပါ၏။

သူတစ်ပါးအပေါ် မတရားလုပ်လေ့မရှိ၊ ငါးပါးသီလ လုံကြပါ၏။ သို့ပါလျှင် ညီငယ် ကြုံတွေ့နေရပုံများမှာ စဉ်းစားစရာဟု ဆင့်ခြင်လာမိ၏။ စိတ်ကောင်းနှလုံးကောင်းရှိပါလျက် ဤသို့ ကြုံတွေ့ရလေသလားဟု သုံးသပ်မိပြန်၏။

ထိုထိုဤဤ စဉ်းစားရင်း ဖတ်ခဲ့မိသော စာတစ်ပုဒ်ကို သတိတရ ရှိမိပြန်၏။ မည်သူရေးသည်၊ မည်သည့်မဂ္ဂဇင်းတွင် ပါဝင်ခဲ့သည်ကိုတော့ မမှတ်မိတော့ပါ။

**အနှစ်ချုပ်မှာ အကြောင်းလင်မယားနှစ်ဦးသည် ကတောက်ကဆ မဖြစ်တွေ့ဘဲ ရှာတရက်ကြီး ထဲ၌ ရုန်းမြစ်ကြသော အကြောင်းဖြစ်၏။ သူတို့သည် မည်မည်ရရ အကြောင်းမရှိပါဘဲ စိတ်အလိုမကျ ဖြစ်သွားရခြင်းကို အံ့ဩနေမိ၏။**

သူတို့၏ မိတ်ဆွေရောက်လာပြီး ဧည့်ခန်းတွင် ဂရုတစိုက်ကြည့်ရာ **နှင်းဆီနီပန်းအိုးကို အမှတ်မထင်တွေ့ရလေသည်။** မိတ်ဆွေက နှင်းဆီပန်းကို ဖယ်ရှားခိုင်းလိုက်သည်။

အနီရောင်နှင်းဆီတွေက သူတို့နှစ်ဦးကို ဒုက္ခပေးနေခြင်းဖြစ်ကြောင်း တွေးသိလိုက်ပါ၏။ အချိန်အခါကိုက် ဖြစ်သွားခြင်းပင်။ နှင်းဆီနီကို ဧည့်ခန်းမှ ဖယ်လိုက်ပြီး တိမ်စင်လနှယ် ဖြစ်သွားကြောင့်ပင်တည်း။

**[၄]**

"**ရောဝတီညနေခင်း**" ပန်းချီကားကို ပြန်ကြည့်မိသည်။ ပန်းချီကားထဲတွင် ထူးခြားနေသော ပုံရိပ်တစ်ခုကို သတိထားမိသည်။

**ထန်းပင်များကို အနီးကပ်ဆွဲထားခြင်း ဖြစ်သည်။ ထန်းပင်များမှာ တစ်ပိုင်းတစ်စ ဖြစ်နေ၏။ အပေါ်ပိုင်းပြတ်နေသော ထန်းလည်းထင်ရှား ဖြစ်နေသည်။ အပြင်တွေ့ အလှန် အမြင် မတော်တယ်လေ။**

ညီငယ်တို့အဆင်မပြေ ဖြစ်နေသည်

(စာမျက်နှာ (၃၀၄) သို့)



www.burmeselassic.com

www.burmeselassic.com

ဘမြရင် (ပဒုက္ကူ)

# ပယောဂဆိုတာ ရှိပါသည်

## သို့သော် ဖယ်ရှားနိုင်ပါသည်

လွန်ခဲ့သော **အနှစ်(၃၀)က** ကိုယ်တွေ့ ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်။

ကိုးတန်း ကျောင်းသားကျောင်းသူဘဝတွေ ဖြစ်ကြသော စာရေးသူတို့ ဇနီးမောင်နှံသည် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျခဲ့ကြသူများ ဖြစ်လေသည်။

အိမ်ထောင်သည်ဘဝတွင် ယုံကြည်ကိုးကွယ်မှု စသော မမြင်နိုင်သည့် လောကတစ်ရပ်ကို ရှေးလူကြီးသူမများလောက် အလေးအနက် မထားခဲ့ကြသော်လည်း အနည်းအကျဉ်း ယုံကြည်မှုတော့ ရှိပါသည်။

စာရေးသူ၏ ဇနီးသည်မှာ မိန်းကလေးတို့၏ ဗီဇအရ ဗေဒင်မေးခြင်း၊ နတ်မေးခြင်း စသော ကိစ္စများကို အနည်းငယ် ဝါသနာထုံခဲ့ပါသည်။

ငယ်ရွယ်သူဖြစ်၍ ကြီးပွားချမ်းသာလိုသောကြောင့် မေးမြန်းခဲ့သော နတ်ကတော်၊ ဗေဒင်ဆရာ စသောသူတို့၏ ဟောကြားချက်များအရ ယတြာချေခြင်း၊ သာသနာ့ပွဲထိုးခြင်း၊ ဂြိုဟ်ပြေနံ့ပြေဘုရားသို့ ရေသက်စေ့လှူခြင်း စသော ပြုလုပ်မှုများ ရှိခဲ့ပါသည်။

စာရေးသူတို့ ဇနီးမောင်နှံသည် ဣန္ဒြေနှင့် နေတတ်သူများဟုဆိုဆို၊ ရှက်တတ်သူများဟုပြောပြော လိုသလို အဓိပ္ပာယ်ကောက်ယူ၍ ရနိုင်ပါသည်။

အိမ်တွင်းရေး အိမ်ပြင်ရေး ကိစ္စများနှင့် ပတ်သက်၍ ကျယ်လောင်စွာ အော်ဟစ်ပြောဆိုခြင်း၊ ဆဲရေးတိုင်းထွာခြင်းများကို ယနေ့အချိန်ထိ မပြုကျင့်ခဲ့ကြပါ။

အိမ်ထောင်သက် (၅)နှစ်ခန့် ကာလက စာရေးသူတို့ အိမ်ထောင်ရေးသည် တစ်ခုမဟုတ် တစ်ခုဖြင့် ဖြေရှင်း၍ မကုန်နိုင်သော ပြဿနာကြီးငယ်များ ဆက်တိုက်ပေါ် ပေါက်လျက် ရှိနေ၍ အိပ်ရာထက်၌ အသံတိတ် ဖြေရှင်းကြရင်း ခဏခဏ ငိုကြွေးကြရမှုများ ရှိနေခဲ့ပါ သည်။

ထို့ကြောင့်ပင် ဗေဒင်ဝါသနာထုံသော ဇနီးသည်မှာ မေးမြန်းမှုများလည်း ရှိလာတော့သည်။ မေးမြန်းချက်အရ နေထိုင်ရာ အိမ်ဝန်းအတွင်း၌ ပယောဂ အစီအမံ တစ်ခု ရှိနေကြောင်း သိရသဖြင့် ရှာဖွေဖော်ထုတ်ပေးမည့် ပုဂ္ဂိုလ်တစ်ဦးလည်း နောက်တစ်နေ့ အိမ်သို့ ရောက်ရှိလာပါတော့သည်။



လွယ်လွယ်နှင့် မယုံတတ်သော စာရေးသူသည် အိမ်ထောင်ရေး အဆင်မပြေမှု ရှိသည်ကို သိထားသဖြင့် မယုံသော်လည်း မကန့်ကွက်ခဲ့ပေ။

ထို့ကြောင့်ပင် ပယောဂ အစီအမံ ရှာပေးမည့် ပုဂ္ဂိုလ်သည် ဆန်နို့ဆီဘူးဝက်ခန့်နှင့် ရေတစ်ဖန်ခွက် တောင်းယူပြီး ဂါထာမန္တန်များ မန်းမှုတ်၍ ဆန်များကို ခြံဝင်းအနှံ့

www.burmeselassic.com

ကြဲပက်ပြီး ထူးခြားသည့် နေရာအား ရေခွက်တွင် ရှာဖွေ၍ ပေးပါသည်။

**နေအိမ်၏ တံစက်မြိတ်နှင့် မလှမ်းမကမ်း တံခါးမကြီး၏ ရှေ့တည့်တည့် လူအဝင်အထွက်များရာ မာကျောနေသည့် မြေကြီးကို တူးဖိုင်းရာ အနက်(၁)ပေခန့် အောက်တွင် အမြင့် သုံးလက်မခွဲခန့်ရှိသော မိန်းမ ကာဝေရုပ်တစ်ရုပ်ကို တွေ့ရှိရလေသည်။**

ဆံပင်ဖားလျားချလျက် ဘယ်လက်က ပါးစပ်ကို ပိတ်၍ ညာလက်က ဖင်ဝကို ပိတ်ထားပုံဖြင့် ဆောင့်ကြောင့်ထိုင် အနေအထား သစ်သားရုပ် ဖြစ်ပါသည်။

ထိုနေအိမ်ဝန်းအား စာရေးသူတို့ ဝယ်ယူခဲ့သည်မှာ (၂)နှစ်ခန့်သာ ရှိသေးပြီး တခြားသူထံမှ ဝယ်ယူထားခြင်း ဖြစ်သည်။ ဝယ်ယူ၍ အဆောက်အအုံ ဆောက်လုပ်ရာတွင် ရဟန်းသံဃာများ ပင့်၍ မြေသန့်ပရိတ်ရွတ်ခြင်း မပြုခဲ့ပါ။

အဆိုပါ ကဝေရုပ်ကို ရှာဖွေ ဖော်ထုတ်ပြီးသည့်နောက်တွင် ယခင်ကကဲ့သို့ အိမ်ထောင်ရေးပြဿနာများ မပေါ်ပေါက်တော့ပါ။

ယခင် မဝယ်မီ မြေကွက်မှ ပါလာသည်ဖြစ်စေ (သို့မဟုတ်) ဝယ်ယူပြီးမှ မိမိတို့အား မလိုလားသော ပျက်စီးစေလိုသူတို့က ပယောဂအစီအရင်ဖြင့် ပြုလုပ်စေကာမူ မည်သို့မျှ သဘောမထားတော့ပါ။

ထိုသို့သော ပယောဂ အစီအရင် ကဝေ ရုပ်များသည် အမျိုးမျိုးသော ပြဿနာများ ပေါ်ပေါက်စေရုံသာမက အသက်အန္တရာယ်ကိုပင် ပြုနိုင်သော အစွမ်းရှိ သည်ဟု ဘိုးစဉ်ဘောင်ဆက် အတွေ့အကြုံများအရ ကြားခဲ့ရဖူးပါသည်။

အလားတူ အတွေ့အကြုံများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ မိသားစု အသီးသီးတို့သည် တစ်ဦးနှင့်တစ်ဦး ဆွေးနွေး ညှိနှိုင်းတိုင်ပင်ကာ အမြန်ဆုံး ဖြေရှင်းသင့်ပါကြောင်း စေတနာကောင်းဖြင့် ကိုယ်တွေ့ဖြစ်ရပ်မှန်နှင့် ယှဉ်၍ ရေးသားဖော်ပြ လိုက်ရပါတော့သည်။

**အဖြူရင့်(ပုဇွန်တောင်)**

စာမျက်နှာ (၃၀၂)မှ အဆက်

မှာ ထိုပန်းချီကား၏ ဂယက်ပင်လားဟု အတွေးရောက်သွားသည်။

ထန်းပင်ပြတ်ပါသော ပန်းချီကားသည် မိသားစုအိပ်ခန်း ဝင်ပေါက်၏ ထိပ်တည့်တည့် ရောက်နေခြင်းသည် ပို၍ ဂယက်ထစေခြင်းလားဟု တွေးမိသေးသည်။

မှတ်မှတ်ရရ သတိရမိတာ တစ်ခုရှိသေးသည်။ ပန်းချီပြပွဲ(၂)က နွေဦးပေါက်မှာ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ပန်းချီကား ချိတ်ဆွဲသည့်ကာလမှာ နွေခေါင်ခေါင်ဖြစ်သည်။

ထိုကာလက အချိန်အခါမဟုတ် မိုးသက်မုန်တိုင်း ကျခဲ့သည်ကို သတိရမိနေ၏။ ထိုညက မီးပျက်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးကြိုးမြည်ဟိန်းခြင်းတို့ကြောင့် ကြောက်လန့်ခဲ့ရသည်ကို ပြန်သတိရနေမိပါ၏။

စာရေးသူအနေဖြင့် ဤပန်းချီကားကို ဖြုတ်သိမ်းထားကြည့်ပါလားဟု အကြံပြုဖြစ်သည်။

[၅]

စာရေးသူ လက်ဆောင်ပေးခဲ့သော ပန်းချီကားကတော့ ဆိုင်၏ တစ်နေရာတွင် သိမ်းဆည်းထားကြောင်းသိရ၏။ စာရေးသူလည်း ပြန်မယူဖြစ်တော့။ တစ်ယောက်ယောက်ကို လက်ဆောင်ပေးဖို့လည်း စိတ်မကူးရဲတော့ပါ။

ယခုအချိန်ထိ ဤပန်းချီကားနှင့် ပတ်သက်ပြီး စာရေးသူ အတွေးအမှင် မပြတ်နိုင်ပါချေ။ တိုက်ဆိုင်မှုလား၊ ထူးခြားမှုလား၊ ဂမ္ဘီရဆန်သည်လား ယနေ့တိုင် ဝေဝေဝါးဝါး ရှိနေပါတော့သည်။

**လင်းနီတာ**



www.burmeselassic.com


www.burmeselassic.com

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ

# ကျန်းမာရေး အတွက်

အကြံပေးချက်

ဆေးသုတေသီ



ဤလတွင်...

**▲ မိဿရာသီဖွား [မတ်လ(၂၁)ရက် မှ ဧပြီလ(၂၀) ရက်အတွင်းမွေးသူ]တို့သည် အာပေါဓာတ်စာကို အားပြုစားသုံး၍ ပထဝီဓာတ်စာကို လျှော့ပေါ့ သုံးဆောင်ပါ။**

အာပေါဓာတ်စာ

ရေမြွေသား၊ ကျွဲသား၊ ရေကြက်သား၊ ဝက်သုံးထပ်သား၊ လိပ်သား၊ ခရု၊ ကဏန်း၊ ကနုကမာ၊ ဖျိုင်းသား၊ ဘဲသား၊ ငန်းသား၊ ဖားသား၊ ငါးလင်ပန်း၊ ငါးပတ်၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်းအုံ၊ ကကူရံ၊ ကဘီလူး၊ ကသပေါင်း၊ ကသပိုး၊ ငါးသလဲထိုး...

စပျစ်သီး၊ ဆီးချိုသီး၊ လိမ္မော်သီး၊ ရှောက်ချိုသီး၊ သရက်သီး၊ သဘော်သီးနု၊ ဘူးသီး၊ သခွားသီး၊ ကျောက်ဖရုံသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ ငှက်ပျောသီး၊ မင်းကွတ်သီး၊ သပွတ်သီး၊ မန်ကျည်းသီးစိမ်း၊ ရေထိကရုံး၊ ကြက်သွန်နီ...

လယ်ပတူ၊ အောင်မဲညို၊ ရေညို၊ ကျောက်ပွင့်၊ တော်သလင်းဖူး၊ ဂေါ်ဖီထုပ်၊ နံနံ၊ ဆိတ်ဖူး၊ မုန်ညင်းဖြူ၊ ပုံးရည်ကြီး၊ ရေသရက်ကင်း၊ ဖလံတောင်ဝေ့၊ မဲဇလီကြီး၊ ကြံရည်၊ အုန်းရည်။

ပထဝီဓာတ်စာ

ကြက်သား၊ ချိုးသား၊ ခါသား၊ ချေ၊ ဆတ်၊ သမင်၊ ဆိတ်သား၊ ဝက်ပေါင်သား၊ အမဲ(နွားသား)၊ ဖွတ်၊ တောတ်၊ လင်းမြွေသား၊ စပါးကြီးမြွေသား၊ ပုရစ်၊ ပလူ၊ ငါးခူ၊ ငါးကြင်း၊ ငါးစင်ရိုင်း...

ငါးစင်စပ်၊ ငါးသလောက်၊ ငါးပတ်၊ ငါးရှဉ့်၊ ငါးမြွေထိုး၊ ...နို့၊ ဆိတ်နို့၊ ကျွဲနို့၊ နွားနို့၊ ထောပတ်၊ ပိန်းဥ၊ ကိုင်းဥ၊ ...ာက်ဥ၊ ကန်စွန်းဥ၊ တညင်းသီး၊ မာလကာသီး၊ ဒူးရင်းသီး...

မန်ကျည်းမှည့်၊ ပိုးစာရွက်၊ မုန်လာဥ၊ ကောက်ညှင်း၊ ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ စားတော်ပဲ၊ ပဲကြီး၊ အုန်းသီး၊ သစ်ကြားသီး၊ ဒန့်သလွန်...

ငါးပတ်,ငါးသလောက်တို့ကဲ့သို့ **အာပေါ,ပထဝီ ယှဉ်တွဲပါဝင်သော** အစာများကိုမူ ချင့်ချိန်စားသုံးပါ။

**▲ ပြိဿရာသီဖွား [ဧပြီလ(၂၁)ရက် မှ မေလ(၂၀) ရက်အတွင်းမွေးသူ]တို့သည် တေဇောဓာတ်စာကို အားပြုသုံးဆောင်လျက် ဝါယောဓာတ်စာများကို ဆင်ခြင်လျှော့ပေါ့ရန်ဖြစ်သည်။**

အာပေါဓာတ်စာ

မြွေပွေး,မြွေဟောက်သား၊ ငါးပြေမ၊ ငါးဖမ်းမ၊ ငါးတန်၊ ကဘီလူး၊ က,ကတစ်၊ ငါးကြင်း၊ ငါးသလောက်၊ ကြောင်သား၊ ကြွက်သား၊ ရှဉ့်သား၊ တောကြက်သား...


ဒူးရင်းသီး၊ ရဲယိုသီး၊ သဘော်သီးမှည့်၊ ဩဇာသီး၊ စောင်းလျားသီး၊ မရန်းသီး၊ သံပုရာသီး၊ ရှောက်ချဉ်သီး၊ ဆီးသီး(ချဉ်)၊ ကနစိုးသီး၊ လက်လုပ်ချဉ်မျိုးစုံ၊ ပိတ်ချဉ်း၊ ငရုတ်ကောင်း၊ မုန်လာဥ၊ မို၊ မျှစ်၊ ကြက်သွန်ဖြူ





www.burmeselassic.com

www.burmeselassic.com



ချဉ်း၊ ငရုတ်သီး...

ကရဝေး၊ သစ်ကြပိုး၊ လေးညှင်း၊ ပတဲကော၊ တောင်သလဲရွက်၊ ပေါက်ပန်းဖြူ၊ ပေါက်ပန်းနီ၊ ကြိတ်မှန်ရွက်၊ ကင်ပွန်းချဉ်ရွက်၊ ချဉ်ပေါင်၊ ကန့်ချုပ်နီ၊ လဲလူ၊ ငုံ၊ ကြာဟင်း၊ ထန်းရည်၊ ကုက္ကို၊ ဝ,ဥ၊ အင်ဥ၊ ပီလောပီနံဥ။

ဝါယောဓာတ်စာ

ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကဘီလူး၊ က,ကတစ်၊ ကြက်ဥ၊ ဘဲဥ၊ လိပ်ဥ၊ ငှက်ဥ၊ ငုံးဥ...

ကင်ပွန်းရွက်၊ မာလာဖူး၊ ပုတတ်စာ၊ သရက်ကင်း(ဥ)၊ ခွေးတောက်၊ သပွတ်ခါး၊ ကြောင်လျှာ၊ ကန့်ကလာ၊ လက်ဖက်၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မှန်လာရွက်၊ သခွတ်ပွင့်၊ လက်ပံပွင့်၊ ဆူးပုပ်ရွက်...

ကစော့ခါး၊ ကြောင်ပန်းရွက်၊ စပါးလင်၊ မန်ကျည်းမှည့်၊ ဟင်းနုနယ်၊ မုန်ညင်းခါး၊ ထန်းလျက်၊ ကနဖော့။

▲ မေထုန်ရာသီဖွား[မေလ(၂၁)ရက် မှ ဇွန်လ(၂၀) ရက်အတွင်း မွေးသူ]တို့သည် ပထဝီဓာတ်စာကို အားပြုသုံးဆောင်၍ အာပေါဓာတ်စာကို လျှော့ပေါ့စားသုံးပါ။

▲ ကရကဋ်ရာသီဖွား[ဇွန်လ(၂၁)ရက် မှ ဇူလိုင်လ (၂၁)ရက်အတွင်းမွေးသူ]တို့သည် ဝါယောဓာတ်စာကို အဓိက စားသုံး၍ တေဇောဓာတ်စာကို ရှောင်ကြဉ်လျှော့ပေါ့သင့်သည်။

▲ သိဟ်ရာသီဖွား[ဇူလိုင်လ(၂၂)ရက် မှ ဩဂုတ်လ (၂၁)ရက်အတွင်း မွေးသူ]တို့သည် အာပေါဓာတ်စာကို အားပြု၍ ပထဝီဓာတ်စာကို ဆင်ခြင်စားသုံးပါ။

▲ ကန်ရာသီဖွား [ဩဂုတ်လ(၂၂)ရက် မှ စက်တင်ဘာလ(၂၁)ရက်အတွင်းမွေးသူ]တို့သည် တေဇောဓာတ်စာကို အဓိက စားသုံး၍ ဝါယောဓာတ်စာကို လျှော့ပေါ့သုံးဆောင်ပါ။

▲ တူရာသီဖွား[စက်တင်ဘာလ(၂၂)ရက် မှ အောက်တိုဘာလ(၂၂)ရက်အတွင်း မွေးသူ)တို့သည် ပထဝီဓာတ်စာကို ဆင်ခြင်စားသုံးပါ။

▲ ဗြိစ္ဆာရာသီဖွား [အောက်တိုဘာလ(၂၃)ရက် မှ နိုဝင်ဘာလလ(၂၁)ရက်အတွင်း မွေးသူ)တို့သည် ဝါယောဓာတ်စာကို အားပြုစားသုံး၍ တေဇောဓာတ်စာကို လျှော့ပေါ့ဆင်ခြင်ပါ။

▲ ဓနုရာသီဖွား[နိုဝင်ဘာလ(၂၂)ရက် မှ ဒီဇင်ဘာလ (၂၀)ရက်အတွင်းမွေးသူ)တို့သည် အာပေါဓာတ်စာကို အဓိက ရွေးချယ်၍ ပထဝီဓာတ်စာကို ဆင်ခြင်စားသုံးပါ။

▲ မကာရရာသီဖွား[ဒီဇင်ဘာလ(၂၁)ရက်မှ ဇန်နဝါရီ (၁၉)ရက်အတွင်းမွေးသူ)တို့သည် တေဇောဓာတ်စာကို အားပြု၍ ဝါယောဓာတ်စာကို လျှော့ပေါ့သုံးဆောင်ရန်ဖြစ်သည်။

▲ ကုံရာသီဖွား[ဇန်နဝါရီလ(၂၀)ရက် မှ ဖေဖော်ဝါရီလ (၁၈)ရက်အတွင်းမွေးသူ)တို့သည် ပထဝီဓာတ်စာကို အဓိက စားသုံး၍ အာပေါဓာတ်စာကို ဆင်ခြင်စားသုံးသင့်သည်။

▲ မိန်ရာသီဖွား[ဖေဖော်ဝါရီလ(၁၉)ရက် မှ မတ်လ (၂၀)ရက်အတွင်းမွေးသူ)တို့သည် ဝါယောဓာတ်စာကို ပိုမိုသုံးဆောင်၍ တေဇောဓာတ်စာကို လျှော့ပေါ့စားသုံးပါ။

*အာရောဂျဆုလာဘ်နှင့် ပြည့်ဝကြပါစေ။*

ဆေးသုတေသီ





www.burmeselassic.com

www.burmeseclassic.com

# နဝင်းရွှေ ပြာသတ္တု ရသာယနအားဆေး

# ဥသျှာကိုယ်ငွေ့ကောင်းဆေး

**နဝင်း**

နာ၊ ဘင်၊ ဘော်၊ ဂျွတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး၊ ရွှေ ရုပ်ဓာတ်(၉)ပါးကို နဝင်းဟု ဆိုလိုပါသည်။

**ရွှေပြာ**

ရုပ်ဓာတ်(၉)ပါးတွင် နာ၊ ဘင်၊ ဘော်၊ ဂျွတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး ဓာတ်(၈)ပါး ပြာကျမှ ရွှေပြာကျပါသည်။ သို့ဖြစ်၍ ယင်းရွှေပြာသည် ဓာတ်(၉)ပါးလုံး ပြာကျသဖြင့် နဝင်းရွှေပြာဖြစ်သည်။

**သတ္တု**

ထိုရွှေပြာသည် ပါစကတေဇောရောက်ပါက လူသား၏ကျန်းမာရေးကို အကျိုးကျေးဇူးပြုနိုင်သဖြင့် သတ္တုရှိသည်ဟု ဆိုလိုပါသည်။ ပါစကတေဇောမရောက်ပါက ဆိုးကျိုးပေးမည်ဖြစ်သည်။ သံဓာတ်၊ သွပ်ဓာတ်များကို နူးညံ့သိမ်မွေ့စားလို့ရအောင် ပြုပြင်ပြီး အနောက်တိုင်းဆေးများ တိုင်းရင်းဆေးများတွင် ထည့်သွင်းဖော်စပ်ကြသည်။ သို့သော် ထိုဓာတ်များကို ဓာတ်စင်ဖြစ်အောင် နိဗ္ဗာနဓာတ်ဆိုက်အောင် မဆောင်ရွက်နိုင်သဖြင့် ဘေးထွက်ဆိုးကျိုး ဖြစ်လာရပေသည်။

ပါစကတေဇောရောက်သည်ဆိုသည်မှာ ပြာကွမ်းရိုးတစ်တို့ ကြေးတွင်ထောက်ပြီး မီးပေးလိုက်ပါက ငွေ/ရွှေအဖြစ် ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ ကြေးဟူသောအခြေအနေမှ ဘော်ဟူသော ရွှေဟူသော အခြေအနေအဖြစ်သို့ ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပြီး ဓာတ်စင်ဖြစ်သွားသည်ဟု ဆိုရပါမည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပါက အလွန်သန့်သဖြင့် ဘေးထွက်ဆိုးကျိုးမရှိနိုင်ပါ။ ကြေးကို ပါစကတေဇောဖြင့်ချက်ကာ ဓာတ်ကျက်သွားသောအခါ ငွေ/ရွှေဖြစ်သွားသကဲ့သို့ စားသမျှ အစာအာဟာရများကို ပါစကတေဇောဖြင့် ကျက်အောင်ချက်သောအခါ ရသာရည် အသွေးအသားအဆီ အရိုးချဉ်ဆီ သုက်များစသည် ဓာတ်သန့်ဓာတ်ကောင်းများ ဖြစ်လာနိုင်မည်ဖြစ်သည်။ ထိုသို့ ဓာတ်သန့်ဓာတ်ကောင်းများ ရှိနေ၍ မည်သည့်ရောဂါမျှမဝင်နိုင်ပါ။ ကျန်းမာနေမည်ဖြစ်ပါသည်။ (ရောဂါမူလံ အစိဏ္ဏကံ)ရောဂါဟူသည် မကြေကျက်ခြင်းမှ စသည်ဟု အဆိုရှိပါသည်။

**ဥသျှာကိုယ်ငွေ့**

ထိုသို့ ဓာတ်စင်ဓာတ်ကောင်းများ ဖြစ်လာပါက ဓာတ်စင်ဓာတ်ကောင်းများတွင် ကိန်းနေသော ပါစကတေဇော၏အရှိန် ဥသျှာတေဇောရှိနေမည်ဖြစ်သဖြင့် အဆုံးငါးပါးသည် နွေးထွေးနေမည်ဖြစ်သည်။

ဥသျှာအားကောင်းပါက အဆုံးငါးပါး နဖူး လက်နှစ်ဖက် ခြေနှစ်ဖက်သည် နွေးထွေးနေမည်ဖြစ်ပြီး ကျန်းမာနေမည်။ ဥသျှာအားနည်းပါက အဆုံးငါးပါး နွေးထွေးမှုမရှိ ခြေအေး လက်ဖဝါးပူနေမည်ဖြစ်ပြီး ရောဂါဝင်လာနိုင်ပါသည်။ ဥသျှာ ချွတ်ယွင်းပါက ခုခံအား ခံနိုင်ရည်အား ကိုယ်ခံစွမ်းအားကျပြီး ကင်ဆာနှင့် ခုခံစွမ်းအားကျဆင်းမှု(HIV)ရောဂါများ ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်၍ ဥသျှာကောင်းလျှင် ကျန်းမာမည်။ ဥသျှာအားနည်းလျှင် ရောဂါရမည်။ ဥသျှာချွတ်ယွင်းလျှင် ခုခံအားကျမည်။ ဥသျှာ ပျက်လျှင်သေမည် ဖြစ်ပါသည်။

**ဥသျှာ အားနည်းကာ ခြေအေး လက်ဖဝါးပူ/ကြမ်း ကတည်းက ဥသျှာကိုယ်ငွေ့ကောင်းဆေးကို စားသုံးပါ။**

**ဆေးသုံးစွဲရန်**

–နံနက်မျက်နှာသစ်သောအခါ ရေထည့်ထားသောဖလားတွင် ဥသျှာအရည် (၄)စက်ချပါ။ မွှေပြီး မျက်နှာသစ်ပါ။ ပါးစပ်တွင် ငုံထားပါ။ မျက်စိကို ဆေးရည်ဖြင့်စိမ်ထားပါ။

–ရေချိုးသောအခါ ရေချိုးရန် ရေထည့်ထားသောဇလုံတွင် (၄)စက်ချပြီးမှ ရေချိုးပါ။ (ဥသျှာတေဇောအငွေ့ကို ပြင်ပမှ လွှမ်းခြုံထားရန်ဖြစ်သည်။)

–ရေကျက်နွေးနွေး အကြမ်းပန်းကန်တစ်ခွက်တွင် (၄)စက်ချပြီး တစ်နေ့ (၁–၂)ကြိမ် သောက်ပါ။ (ဥသျှာတေဇောအငွေ့ကို အတွင်းရှိ ဝမ်းမီးအား အထောက်အကူပေးပြီး အစာများကို ခြေချက်ရန်ဖြစ်သည်။)

**(ဦးထွန်းလင်း–သိမ်ဖြူဆေးရာဇဝင် အရှင်နာဂသေနာဘိဝံသ၏ တပည့်)**

**သမားတော်ကြီး ရွှေပြာသတ္တု ဦးကျော်မြင့်(တ/ဆ ၂၉၄၂ B.A, C.T.M.P)စေ တိုင်းရင်းဆေးကုဆေးခန်း**

**၅၂၄(ဂ)၊ မေဓာဝီလမ်းဆုံ၊ မြောက်ဥက္ကလာပမြို့ ဖုန်း–၀၉ ၅၁၅၆၁၃၆၊ ၀၉ ၉၆၉၉၇၇၇၉**



www.burmeseclassic.com

www.burmeselassic.com


# ဆရာ ရန်အောင်ဟိန်း*[B.Sc]*

## ခရစ်ယာန်မှုတီးပဒ္ဒတိ ရှေ့ဆောင်နက္ခတ် ဗေဒင်ပညာရှင်

▲ ကေပီစနစ်၊ မူလဇာတာ၊ ဟူးရားဇာတာစနစ်များဖြင့် မေးလိုသော အမေးပြဿနာများကို တိကျပြတ်သားစွာ ဟောကြားပေးနေပါသည်။

▲ မွေးချိန်အတိအကျ မသိသူများအတွက် မွေးချိန်အမှန် ရှာ၍ တိကျသော မွေးဇာတာ ထုတ်ပေးပါသည်။

▲ ကေပီစနစ် သင်တန်းများလည်း ပေးနေပါသည်။ လွယ်ကူရှင်းလင်းသော စနစ်ဖြင့် အမြန်ဆုံး တတ်မြောက်ရန် သင်ကြားပေးနေပါသည်။

▲ ကေပီစနစ် ကွန်ပျူတာ ပရိုဂရမ်များ ရနိုင်ပါသည်။ အသုံးပြု၍ လွယ်ကူစေရပါမည်။

▲ ကလေးနာမည်ပေး၊ လုပ်ငန်းများနာမည်ပေး၊ ဆိုင်းဘုတ်အတွက် အရောင်ရွေးချယ်ခြင်း ဆိုင်းဘုတ် တင်သင့်သည့်အချိန်၊အစီအရင်များ အထူးဆောင်ရွက်ပေးပါသည်။

▲ ဆန်းကျမ်းဗေဒင်ပညာ၊ မဟာဘုတ်ဗေဒင်ပညာ၊ အင်္ဂဝိဇ္ဇာဗေဒင်ပညာများ သင်ကြားလိုက ဆက်သွယ်နိုင်ပါသည်။

**ဟောခန်းလိပ်စာ...**

**ဆရာ ရန်အောင်ဟိန်း*[B.Sc]***

**ခရစ်ယာန်မှုတီးပဒ္ဒတိ ရှေ့ဆောင်နက္ခတ် ဗေဒင်ပညာရှင်**

**အမှတ်(၂၁၃) ပထမထပ်၊ (၃၂)လမ်းအထက်**

**Clover Hotelအနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

**H.P - 09 73119826 09 795420394**

**09 261447766 09 966732993**


www.burmeselassic.com

www.burmeselassic.com



အစီအစဉ်နဲ့ အောင်မြင်တဲ့ အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းဘုရားကြီးမှ

**အဓိဋ္ဌာန်ပါရမီ အကြားအမြင် ဂေါ်သမနေ့ပညာရှင်**

# ဆရာမ နန်းစန္ဒာ

ဘဝအခက်အခဲနှင့် ကြုံတွေ့ကြသူတိုင်း ဆရာမရဲ့ အဓိဋ္ဌာန်ကျင့်စဉ်ပညာစွမ်းနဲ့ ဟောပြောပြုလုပ်ပေးရာမှာ အခက်အခဲမရှိ အောင်မြင်ကြောင်းကို ဆရာမရဲ့ သားတပည့် အပေါင်း သိပြီး ဖြစ်ပါတယ်။ "လာခဲ့ပါ" မိတ်သစ်ပဋ္ဌာန်းဆက်များကို ဖိတ်ခေါ်လိုက်ပါတယ်။ အဓိဋ္ဌာန်ပါရမီအကြားအမြင် ဂေါ်သမနေ့ပညာစွမ်းဖြင့် မရေးမတွက် ရုပ်ဆင်းသဏ္ဍာန်ကို ကြည့်ရုံမျှဖြင့် သင် ယခုကြုံတွေ့ခံစားနေရတဲ့ ကိစ္စမှန်သမျှကို အံ့ဩလောက်အောင် မှန်ရမည်။

အိမ်ထောင်ရေး၊ စီးပွားရေး၊ အချစ်ရေး၊ ခြံ၊ မြေ၊ အိမ်၊ အမွေ၊ နာမည်ခိုက်၊ ဘေးဥပဒ်အန္တရာယ်၊ အမှုအခင်းပြဿနာနဲ့ ကားအရောင်းအဝယ်၊ ပညာရေးအခြေအနေ၊ စာမေးပွဲအောင်/ရှုံးတို့ကို တိကျပြတ်သားစွာ ဟောပြောပြုလုပ်ပေးလို့ စိတ်တိုင်းကျစေရမည်။ သင့်ကံကြမ္မာကို ကျင့်စဉ်၊ ဒေဝယတြာ၊ ဂမ္ဘီရယတြာနည်းတို့ဖြင့် ဇာတာမြှင့်ပေးပါမည်။

ကံဇာတာ စစ်ကြည့်ကြရအောင်၊ ရာထူးအတက်အကျ၊ ထီပေါက်ကိန်းရှိနေရင်တော့ ကျိန်းသေ ထီပေါက်ရမည်။

(နိုင်ငံခြားသွားဖို့ အခက်အခဲရှိနေပြီဆိုရင်တော့ အမြန်ဆုံးသာ လာခဲ့ပါ။)

**သင့်ဘဝ အောင်မြင်ရေးအတွက် ကျိုက်ပိုင်းဘုရားကြီးမှာ**

**ဆရာမ နန်းစန္ဒာ** ရှိတယ်။

မှန်ကန်ရမည်
အောင်မြင်ရမည်
စိတ်ချမ်းသာရ၍
ကျေနပ်စေရမည်။

**ဟောခန်းဖွင့်ချိန်။ ။ နံနက်(၈)နာရီမှ ညနေ(၅)နာရီထိ(လပြည့်၊ လကွယ်နေ့တိုင်း နားမည်။)**

**အခန်းအမှတ်(၁၁)၊ ကျိုက်ပိုင်းဘုရား၊ အနောက်ဘက်မုခ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၇၃၀၃၄၁၂၂**

## နက္ခတ္တရောင်ခြည်စာအုပ်တိုက်မှ

## အောက်ပါ စာအုပ်များ ရရှိနိုင်ပါပြီ

**၁။ ဆေးမြီးတိုရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၃၉)ထိ] **၂။ အဂ္ဂိရတ်ရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၂၁)ထိ] **၃။ တိုင်းရင်းဆေးသမားတော်များ၊ ဆေးဆရာများနှင့် တွေ့ဆုံခြင်း** [အမှတ် (၁)မှ အမှတ်(၁၆)ထိ] **၄။ အံ့ဖွယ်ထူးခြား ဂမုန်းများ** [အမှတ်(၁)မှ အမှတ်(၁၀)ထိ] **၅။ ယတြာရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၈)ထိ] **၆။ ကျင့်စဉ်ရောင်ခြည်**[အမှတ် (၁)မှ အမှတ်(၁၁)ထိ] **၇။ ဂါထာမန္တန်ရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၉)ထိ] **၈။ ပရလောကနှင့်အံ့ဖွယ်ထူးခြားဖြစ်ရပ်ဆန်းများ**[အမှတ် (၁)မှအမှတ်(၁၀)ထိ]

**၉။ ပါရမီဘာသာရေးရာ အဖြေလွှာ** (ဆရာကြီး ဦးစံတင့်-စတုနိကာယ ကောဝိဒ) [အမှတ် (၁)မှ အမှတ်(၄)ထိ]

**၁၀။ တိရစ္ဆာန်ရောဂါကုဆေးနည်းနှင့် ဆေးမြီးတိုများ** [အမှတ် (၁)မှ အမှတ်(၅)ထိ]

**၁၁။ လက်တွေ့သီးပင်ပွင့်ပင် စိုက်ပျိုးနည်းများ** [အမှတ် (၁)မှ အမှတ်(၆)ထိ]

**မှတ်ချက်။ ။ တစ်အုပ်လျှင် စာမျက်နှာ (၁၆၀)စီ ပါပါသည်။ တစ်အုပ်လျှင် (၆၀၀)ကျပ် ဖြစ်ပါသည်။**
**စာတိုက်မှ မှာကြားလိုပါက ပို့ခ (၂၀၀)ကျပ် ကျပါမည်။ ငွေပေးချေယူရပါမည်။**
**အမှန်တကယ် ရယူလိုသူများ အောက်ပါလိပ်စာအတိုင်း မှာကြားနိုင်ပါသည်။**

**ဆယ်သွယ်မှာကြားရန်လိပ်စာ**

## နက္ခတ္တရောင်ခြည်စာအုပ်တိုက်

အမှတ်(၂၀၉-မြေညီ)၊ ၂၉-လမ်း(အထက်)၊ ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-

www.burmeselassic.com